လင်းလွန်းခင် စာပေတိုက် (၉) နှစ်ပြည့်အမှတ်တရ

ဗုဒ္ဓဘာသာမဟာနှင့် နိုင်ငံရေးဝါဒများ

ပါရဂူ

2015.GRAPHIC DESIGN : KYAW MINN MOUNG

လင်းလွန်းခင် စာပေတိုက်
(၉)နှစ်ပြည့်အမှတ်တရ

- ဗုဒ္ဓအတိဝမ္မာ နှင့် မာ့ဂ်စ်အတိဝမ္မာ
- ဘိက္ခု အာနန္ဒာကောသလ္လာယန ၏ ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒ
- ရာဟုလာသံကိစ္စည်း၏ ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့်
- ဗုဒ္ဓဝါဒ နှင့် ဆိုရှယ်လစ်ဝါဒ

လေးဘုပ် တစ်စုတစ်စည်း
ပေါင်းချုပ်ထုတ်ဝေခြင်း

လင်းလွန်းခင်စာပေ

တိုက်(D)၊ ပထမထပ် (လယ်)၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀၈၆၃၊ ၀၉ ၄၂၀ ၁၄၅၂၃၁။

ဝုဒ္ဓအာဘိဝမ္မာ
နှင့်
နိုင်ငံရေးဝါဒများ

ပါရဂူ

မြန်မာပြန်

အမှတ်စဉ် ၂၉၅၁
၇.၃.၁၆

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ်	- ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ	- ၅၀၀
ထုတ်ဝေသူ	- လင်းလွန်းခင်စာပေတိုက် (၀၀၇၅၉) တိုက်-D၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	- ခိုင်ရဝေပုံနှိပ်တိုက် (၀၁၂၇၇) အမှတ်(၁၁)၊ ၅၆ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာပုံးဒီဇိုင်း	- ကျော်မင်းမောင်
CTP	- Eagle
အတွင်းအပြင်အဆင်	- မတိုး (ရွှေနဒီ)
တန်ဖိုး	- ၄၅၀၀ ကျပ်

၈၉၅.၈၄
ပါရဂူ (မြန်မာပြန်)
ဗုဒ္ဓအာဘိဓမ္မာနှင့် နိုင်ငံရေးဝါဒများ/ပါရဂူ (မြန်မာပြန်)။
- ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၅။
စာ-၃၉၇၊ ၂၁ စင်တီ။
(၁) ဗုဒ္ဓအာဘိဓမ္မာနှင့် နိုင်ငံရေးဝါဒများ

မာတိကာ

၀။ ထုတ်ဝေသူ၏ ပန်ကြားလွှာ ၁

၁။ ဗုဒ္ဓအဘိဓမ္မာနှင့် မာ့ဂ်စ်အဘိဓမ္မာ ၃

၂။ ဘိက္ခု အာနန္ဒာကောသလ္လာယနု၏
ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒ ၁၂၅

၃။ ရာဟုလာသံကိစ္စည်း၏
ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့် ၁၅၁

၄။ ဗုဒ္ဓဝါဒ နှင့် ဆိုရှယ်လစ်ဝါဒ ၂၈၅

လင်းလွန်းခင်စာပေ

ပန်ကြားလွှာ

ယခု စာဖတ်သူ၏ လက်ဝယ် ရောက်ရှိနေသော ဤစာအုပ်သည် လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ခန့်တွင် ဆရာကြီးပါရဂူ ဘာသာပြန် ရေးသား ထုတ်ဝေခဲ့သောစာအုပ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရှေးဟောင်းလက်ရာတစ်ရပ်ဟု ပြောနိုင်သည်။ ထိုစဉ်က စာအုပ်ငယ်လေးများအပြင် တစ်အုပ်ချင်း ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ စာဖတ်ပရိသတ်ကြား၌ အတော်လေး လူပ်လူပ်ရွရွ ဖြစ်သွားခဲ့သော စာအုပ်လေးများ ဖြစ်ကြောင်း သက်ကြီးစကား သက်ငယ်ကြား မှတ်သားမိပါသည်။

လူပ်လူပ်ရွရွ ဆိုသည်မှာ ဝိရောဓိများ ပဋိပက္ခ ဖြစ်ပွားကြခြင်းဖြစ်ရာ ကြိုက်သူရှိသကဲ့သို့ မကြိုက်သူလည်း ရှိခဲ့မည်မှာ သေချာပါသည်။ ထို့ကြောင့် ဤစာအုပ် ကလေးများသည် စာပေသရော်ကြီး ခိုင်းခဲ့သော ကာလရှည်ကြီးတစ်လျှောက် လောင်းရိပ်အောက်မှ ပန်းကလေးများ ဖြစ်ခဲ့ရသလို အမှေခံ စာပေလက်ရာဘဝသို့လည်း ရောက်ခဲ့ရပေသည်။

ဤသို့ဖြင့် ခေတ်သစ် ငါးနှစ်ရာသီ မြန်မာပြည်၏ ထွက်ရှိလာသော ရဲရဲတောက် စာအုပ်များကြားဝယ် ဤစာအုပ်ငယ်လေးများ ပေါ်ထွက်လေမလားဟု မျှော်လင့်ရင်ခုန်မိသော်လည်း မတွေ့ရပါ။ ထို့အတွက် အကြောင်းတစ်ခုခု ရှိလိမ့်မည်ဟု အထူးအထွေ စဉ်းစားနေဖွယ် မလိုချေ။ မာန်ပြင်းလှသော စာပေလှိုင်းတံပိုးကြား၌ ဤစာအုပ်ငယ်လေးများကို မျက်စိမှောက်နေဟန် တူသည်။

မထင်မှတ်သောတစ်နေ့တွင် မမျှော်လင့်သောနေရာ၌ ဤစာအုပ်လေးများကို ရှာဖွေစုဆောင်းပြီး ပေါင်းချုပ် ထုတ်ဝေဖြစ်သွားပါပြီ။ အထူးပန်ကြားလိုသည်မှာ ဤစာအုပ်ကို ဖတ်ရှုရာ၌ အဖြူရောင်နှလုံးသားဖြင့် ဖတ်ရှုကြရန် ဖြစ်ပါသည်။ ထုတ်ဝေရာ၌လည်း အဖြူရောင်နှလုံးသားဖြင့် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏ၊ အဖွဲ့အစည်း စသည့် အစွဲ ဥပါဒါန်များမပါမူ၍ စေတနာ သန့်သန့်ဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်း လိပ်ပြာသန့်စွာ ပြောကြားလိုပါသည်။

လင်းလွန်းခင်စာပေ

ဆရာကြီးပါရဂူ၏ ရှေးဟောင်း ငယ်မှုလက်ရာ ဘာသာပြန်ဂျာ်စာအုပ် ကို ဖတ်ရခြင်းအားဖြင့် သန်းခေါင်လကွယ် မိုးမှောင်ကျနေချိန်ဝယ် လျှပ်စီးတစ်ချက် ပြက်လိုက်သကဲ့သို့ ဉာဏ်အလင်းများ တစ်မျှင်တစ်တန်းမျှဖြစ်စေ ဝင်းလက်သွား ပါစေတော့ဟူသော စေတနာမွန်ဖြင့် -။

လင်းလွန်းခင်စာပေ

လင်းလွန်းခင်စာပေ

ဝုဒ္ဓအာဘိဝမ္မာ

နှင့်

မာ့ဂ်စ်အာဘိဝမ္မာ

နိဒါန်း

ဗုဒ္ဓအာဘိဓမ္မာသည် ဝေနေယျသတ္တဝါများအား သံသရာဝဋ္ဋဆင်းရဲမှ ထုတ်ဆယ်ကယ်တင်ခဲ့သော ဗုဒ္ဓ၏ အာဘိဓမ္မာ ဖြစ်သည်။ မာ့ဂ်စ်အာဘိဓမ္မာသည် ဆင်းရဲသားကျောမွဲများ၏ ထွက်ရပ်လမ်းကို ညွှန်ပြသော ကားလ်မာ့ဂ်စ်၏ အာဘိဓမ္မာဖြစ်သည်။ သံသရာဝဋ္ဋဆင်းရဲမှ ကျွတ်လွတ်လိုသူများသည် ဗုဒ္ဓအာဘိဓမ္မာအား လမ်းညွှန်အာဘိဓမ္မာအဖြစ်ဖြင့် သတ်မှတ်ထားသကဲ့သို့ အဖိနှိပ်ခံ နင်းပြားဘဝမှ လွတ်မြောက်လိုသူ ဆင်းရဲသားကျောမွဲများသည် မာ့ဂ်စ်အာဘိဓမ္မာအား လမ်းညွှန် အာဘိဓမ္မာအဖြစ် ယူဆထားကြသည်။

မာ့ဂ်စ်အာဘိဓမ္မာသည် လောကီရေးအာဘိဓမ္မာဖြစ်ပြီး ဗုဒ္ဓအာဘိဓမ္မာက လောကုတ္တရာရေးအာဘိဓမ္မာ ဖြစ်လေသည်။ ယင်းသို့ ခြားနားသော်လည်း အာဘိဓမ္မာနှစ်ရပ်တွင် တူညီသော နှီးနှောမိသော အခြေခံအစိတ်အပိုင်း တစ်ခုမကရှိလေရာ အာဘိဓမ္မာနှစ်ရပ်ကို ဆက်စပ်၍ ယှဉ်၍လေ့လာလျှင် ယင်းသို့လေ့လာရာ၌ တစ်ခုသည် ကျန်တစ်ခုအား ကြီးစွာသော အထောက်အပံ့ပေးသည်ကို တွေ့ရပေလိမ့်မည်။

ဤစာအုပ်၌ အာဘိဓမ္မာနှစ်ရပ်၏ အခြေခံအချက်အလက်များကို တင်ပြပြီး တူညီသော အစိတ်အပိုင်းနှင့် ခြားနားသော အစိတ်အပိုင်းများကို အကျဉ်းချုပ်အားဖြင့် ဆွေးနွေးထားပါသည်။ ဤစာအုပ်ကို လွန်ခဲ့သည့် ခုနှစ်နှစ်ခန့်က ပထမအကြိမ် ထုတ်ဝေခဲ့ဖူးပါသည်။ ယခု ဒုတိယအကြိမ်အဖြစ်ဖြင့် ပြင်ဆင်ဖြည့်စွက်ပြီး ထပ်မံပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

လင်းလွန်းခင်စာပေ

ဤစာအုပ်၌ ပါဝင်သည့် အကြောင်းအရာများမှာ ကျွန်ုပ်၏ ဦးနှောက်ထဲမှ ထွက်ပေါ်လာသည့် အကြောင်းအရာများ မဟုတ်ပါ။ ဤစာအုပ် တစ်နေရာတွင် အကိုးအကား အထောက်အထား ကျမ်းဂန်များ၏ စာရင်းကို ပြထားပါသည်။ ထိုကျမ်းဂန်များထဲမှ ကောက်နုတ်တင်ပြထားသော အကြောင်းအရာများသာလျှင် ဖြစ်ပါသည်။

ပါရဂူ
၂၄-၇-၆၄

•

လင်းလွန်းခင်စာပေ

ကဏ္ဍ ၁

ထာဝရဘုရားကို ငြင်းပယ်ခြင်း

ဘာသာတရားနှင့် ထာဝရဘုရားသည် ဒွန်တွဲ၍နေလေ၏။ ထာဝရဘုရားနှင့် ဒွန်တွဲ၍မနေသော ဘာသာတရားကို မာ့ဂ်စ်ဝါဒက တိုက်ပွဲဆင်သည့် ဘာသာတရား စာရင်းထဲသို့ ကျွန်ုပ်တို့ ထည့်သွင်းမရေတွက်နိုင်။ အကယ်၍ ထည့်သွင်းရေတွက်ရမည်ဆိုလျှင်လည်း ၄င်း၌ အကာသဘောဖြင့် ရောယောင်ပါဝင်နေသည့် ထာဝရဝါဒီ ဘာသာတရားများ၌ ပါလေ့ပါထရှိသော အချို့အစိတ်အပိုင်းများကို သာလျှင် မာ့ဂ်စ်ဝါဒ မြားဦးသို့ ဆွဲပို့ရမည် ဖြစ်လေသည်။

ထာဝရဘုရားဆိုသည်မှာ လူတို့၏ ကလေးဆန်သည့် ခေတ်ကာလလောက် ဆီက ကြောက်ရွံ့ထိတ်လန့်သည့် အတွင်းစိတ်သဘော၌ ပေါ်ပေါက်လာသည့် အရာတစ်ခုသာ ဖြစ်သည်။ လူရိုင်းဘဝဖြင့် နေရသည့်အချိန်က လူတို့၏ အသိဉာဏ်သည် အလွန်ပင် ကလေးဆန်လှပေသည်။ သူတို့သည် အမှောင်ကိုလည်း ကြောက်ကြသည်။ မမြင်ဖူးသည့် နေရာနှင့် မကြုံဖူးသည့် အရာများကိုလည်း လန့်ကြသည်။ လျှပ်စီး၊ မီး စသည့် အင်အားထက်မြက်သည့် အရာဝတ္ထုများသည်ကား သူတို့အဖို့ ပိုမို၍ပင် ကြောက်မက်ဖွယ်ရာ ဖြစ်နေကြပေသည်။ သို့ဖြစ်၍ သူတို့သည် ထိုကြောက်မက်ဖွယ်ရာများကို နတ်များအသွင် ကြံစည်ထင်မှတ်ထားကြလေ၏။ ထိုမှတစ်ဆင့် ထိုခေတ်သမယတွင် သေဆုံးသွားကြသည့် သူရဲကောင်း

ပုဂ္ဂိုလ်များသည်လည်း နတ်စာရင်းတွင် ပါဝင်သွားကြပြန်ပေသည်။ လူမျိုးတိုင်း လူမျိုးတိုင်းတွင် ယင်းသို့သဘောရှိသည့် နတ်ပေါင်းများစွာ ရှိလေ၏။ ထိုနတ်များ၏ တန်ခိုးအရာနှင့်ပတ်သက်၍ လူတို့တွင် အပြိုင်အဆိုင် အငြင်းပွားမှု ရှိခဲ့ကြလေသည်။

ထို့နောက် လူလောကအတွင်းက ပဒေသရာဇ်နှင့် မဟာပဒေသရာဇ်များကို ကြည့်ပြီးလျှင် "ဘယ်သူက ကြီးသလဲ၊ မြတ်သလဲ" ဟူသော ရှာဖွေစုံစမ်းမှုက "လောကကို ဖန်ဆင်းသူ" ထာဝရဘုရားကို ဖန်ဆင်းပေါက်ဖွားလိုက်ပေ၏။ ဤကား ထာဝရဘုရား ဖြစ်ပေါ်လာပုံတည်း။ စင်စစ်သော်ကား ထာဝရဘုရားသည် လူ၏စိတ်တွင်းက ပေါက်ဖွားလာသည့် အရာမျှသာ ဖြစ်၏။ ထာဝရကို ယုံကြည်ကိုးကွယ်သည့် ဘာသာတရားများက "လူသည် ထာဝရဘုရား ဖန်ဆင်းသည့်အရာ ဖြစ်၏" ဟု ပြောဆိုကြ၏။ သို့ရာတွင် ဘာသာတရားသမိုင်းကို သိပ္ပံနည်းကျစွာ သုတေသနပြု၍ ရသည့် အချက်များကမူ "ထာဝရဘုရားသည် လူက ဖန်ဆင်းသည့် အရာ ဖြစ်၏" ဟူ၍ ပြောဆိုလေသည်။

ထာဝရဘုရားသည် စိတ်ကူးယဉ်လောက အတွင်းဌာသာ တည်ရှိနေသည့်အရာပင် ဖြစ်စေကာမူ ရှေးအတိတ်ကာလက ယင်းသို့ ထာဝရအယူရှိသည့် အတွက် လူပေါင်းမြောက်မြားစွာတို့သည် ရောင့်ရဲမှုနှင့် အားထားမှု ရရှိကြလိမ့်မည် ဖြစ်ကြောင်းကိုကား ကျွန်ုပ်တို့ မငြင်းဆန်လိုပေ။ သို့ရာတွင် ထာဝရတည်းဟူသော အကြောင်းကြောင့် လူတို့သည် ဆင်းရဲဒုက္ခကိုလည်း ပြောမပြနိုင်လောက်အောင်ပင် ခံစားခဲ့ကြရလေ၏။

ထာဝရဘုရား တစ်ခုတည်းကိုသာလျှင် ကိုးကွယ်မှုရှိသည့် ဘာသာတရားများ၏ လွန်ခဲ့သော အနှစ်နှစ်ထောင်အတွင်းက ရာဇဝင်ကို ပြန်လှန်ကြည့်လိုက်လျှင် ထိုဘာသာတရားများသည် ယဉ်ကျေးမှု၊ အနုပညာ၊ အတတ်ပညာ၊ လွတ်လပ်စွာတွေးခေါ်မှု စသည်တို့၏ တကယ့်တကယ် အန္တရာယ်ကြီးများ ဖြစ်ကြောင်းကို တွေ့မြင်သိရှိရလိမ့်မည်။ ၄င်းတို့သည် ထောင်ပေါင်းများစွာသော ဝိဋ္ဌကတ်တိုက်ကြီးများနှင့် ကုဋေပေါင်းများစွာသော စာအုပ်ပေစာများကို မီးလောင်တိုက်သွင်းပစ်ခဲ့ကြသည်။ အနုပညာသည်များ၏ ပြောင်မြောက်သော လက်ရာပေါင်း အသခေ်

အနန္တတို့သည်လည်း ဖျက်ဆီးချေမှုန်းခြင်း ခံခဲ့ကြရပြီ။ ထောင်ပေါင်းများစွာသော ပညာရှင်တို့၏ အသက်ကို အဆုံးစီရင်ပြီး လွတ်လပ်စွာ တွေးခေါ်သူများ၏ လည်မျိုကိုလည်း ညှစ်ခဲ့ကြလေပြီ။ အပြစ်ကင်းမဲ့သည့် ကုဋေကုဋာ များစွာသော လူအပေါင်းတို့သည်လည်း ထိုဘာသာတရားကို အကြောင်းပြုပြီး သေကျေပျက်စီး ခဲ့ကြလေပြီ။

ထာဝရကို ယုံကြည်မှုသည် ကျွန်ုပ်တို့၏ လုပ်ငန်းဟူသမျှ၌ ခက်ခဲမှု တွေ့အောင် ဖန်တီးထားပေသည်။ ထာဝရကို ကိုးကွယ်မှုကပင် 'ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ အရှင်မဟုတ်' ဟူသော အတွေးကို ပေါက်စေလေသည်။ ရာစုနှစ်ပေါင်းများစွာအထိ ရှင်ဘုရင်တို့သည် ထာဝရဘုရား၏ ကိုယ်စားအသွင်ဖြင့် လူ့လောကတွင် စိုးမိုးအုပ်ချုပ်လာခဲ့ကြလေသည်။ စဉ်းစားဆင်ခြင်ကြည့်လျှင် ထာဝရဘုရားကို ယုံကြည်ကိုးကွယ်မှုသည် ကျွန်ုပ်တို့၏ တိုးတက်မှုဟူသမျှကို နှောင့်ယှက်ဟန့်တားထားကြောင်း သိရှိရလိမ့်မည်။ ထာဝရဘုရားသည် ဖိနှိပ်အုပ်စိုး သူတို့၏လက်နက် ဖြစ်သည်။ အရင်းရှင်တို့၏အဆောင် ဖြစ်သည်။

ထာဝရဝါဒီများက ပြောကြသည်။ အကျိုးတိုင်းမှာ အကြောင်းရှိရမည် ဖြစ်၍ ကမ္ဘာလောကကြီးမှာလည်း အကြောင်းရှိသည်။ ထိုအကြောင်းကား ထာဝရ ဘုရား ဖြစ်သည်။ ထိုသို့ဆိုသော် ကမ္ဘာတွင် ဖြစ်ပွားနေသော ကောင်းမှု၊ ဆိုးမှု၊ သုခ၊ ဒုက္ခ၊ ကြင်နာမှု၊ ရက်စက်မှု အားလုံးလည်း ထာဝရဘုရားကြောင့်ဖြစ်သည် ဟု ဆိုရမည်။ ထာဝရဝါဒီများကြောင့် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက ဘာသာရေးအတွက် ဆူပွက်မှုများနှင့် သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပွားခဲ့ရလေ သည်။ သို့ဖြစ်ပါလျက် ထာဝရဘုရားသည် အဘယ်ကြောင့် ကျေအေးငြိမ်းချမ်း အောင် ဆောင်ရွက်မပေးခဲ့သနည်း။ အမှန်စင်စစ်သော်ကား ထာဝရဘုရားသည် လူ၏ စိတ်ကူးဖန်ဆင်းချက်မျှသာ ဖြစ်ပေ၏။

လူနှင့် လူ့လောကကို ကမ္ဘာမှ သီးခြားဖြစ်သော သတ္တိတစ်ခု၊ သို့မဟုတ် ထာဝရက ဖန်ဆင်းထားသည့်အရာ ဖြစ်၏ဟု ယူဆသူ ထာဝရဝါဒီတို့၏ အမြင်၌ ဤကမ္ဘာလောက၏ အစဉ်သည် သတ်မှတ်ပိုင်းခြားထားသည့် အရာတစ်ခုဖြစ်သည်။ လူ၏ စွမ်းရည်သတ္တိက ဘုရားသခင်အလိုနှင့် ဆန့်ကျင်ပြီး ပြုပြင်ပြောင်းလဲမှုကို

ကို စွန့်ပစ်ရဲသူအား ချီးကျူးထား၍ ဘာပဲဖြစ်ဖြစ် အဟောင်းကို ဖက်ထားချင်သည့် ပုဂ္ဂိုလ်ကိုမူ ရှုတ်ချထားသည်။ ဗုဒ္ဓ၏အလိုမှာ မည်သည့် အချိန်ကာလ၌မဆို အသစ်အသစ်ကိုတွေ့လျှင် စိစစ်၍ လက်ခံနိုင်စွမ်းရှိရမည်။ အဟောင်းကိုလည်း စွန့်ပစ်ရဲရမည်။

ထာဝရဘုရားကို ယုံကြည်ကိုးကွယ်မှုသည် သိပ္ပံနှင့် တက္ကမှတ်ကျောက်တွင် တင်၍မရသော်လည်း လူကို အကျိုးရှိရာရှိကြောင်း လမ်းမသို့ လျှောက်သွားရန်အတွက် အသုံးဝင်သည့်အရာ ဖြစ်၏ဟု အချို့ပုဂ္ဂိုလ်များက ယူဆကြသည်။ ယင်းသို့သော အယူအဆမျိုးကို ပြင်သစ်တော်လှန်ရေးစာရေးဆရာ ဗော်တေးယားကလည်း ဤသို့ ထုတ်ပြန်ထားသည်။

'အကယ်၍ ထာဝရဘုရားမရှိလျှင် ကျွန်ုပ်တို့ကိုယ်တိုင်ကပင် ထာဝရဘုရားကို ဖန်ဆင်းသင့်လေသည်။ အကြောင်းမူကား ထာဝရကို ထိတ်လန့်ကြောက်ရွံ့သည့် စိတ်ဓာတ်သည် လူကို သင့်လျော်သည့်လမ်းကြောင်းတွင် လျှောက်သွားဖို့ရန် အကူအညီ အထောက်အပံ့ ပေးလေ၏။'

မာ့ဂ်စ်ဝါဒကမူ ယင်းသို့သော စိတ်ကူးထဲက အကြောက်မျိုးဌ အကျိုးထက် အပြစ်ကို ပိုမိုရှု မြင်လေ၏။ မာ့ဂ်စ်ဝါဒ၏ အဆိုမှာ စိတ်ကူးမှာရှိသည့် ဘုရားသခင်ကို ကြောက်လန့်ခြင်းသည် အကယ်၍ လူကို တရားသည့်လမ်းကြောင်းဌ လျှောက်သွားအောင် ပြုလုပ်နိုင်ခဲ့သော် စိတ်ကူးထဲက အကြောက်ကို မူတည်ပြီးလျှင် လူကို 'လူ့လောက၏ ဓနရှင်နှင့် အုပ်စိုးသူ လူတန်းစားများက ဆင်းရဲသားကျောမွဲများကို အုပ်ချုပ်ဖို့ရန်အတွက်လည်းကောင်း၊ ဆင်းရဲသားကျောမွဲများကို ဓနရှင်နှင့် အုပ်စိုးသူလူထု၏ အကျိုးကို သယ်ပိုးဆောင်ရွက်ဖို့ရန်အတွက်လည်းကောင်း ဘုရားသခင်က ဖန်ဆင်းပေးထားသည်။ ဤစည်းမျဉ်းကို ကျော်လွန်လျှင် ဘုရားသခင်၏ အလိုဆန္ဒ အာဏာတော်နှင့် ဆန့်ကျင်သည်၊ မကောင်းမှုဖြစ်သည်' ဟူ၍လည်း နားဝင်အောင် ပြုလုပ်နိုင်ပေသည်။

လူ့လောကဌ အရှင်နှင့် ကျွန်၊ ဘုရင်နှင့် တိုင်းသူပြည်သား ဟူသော အခြေခံဥပဒေသည် ဘုရားသခင်၏ အလိုဆန္ဒနှင့် တရားမျှတမှုအတိုင်း ဖြစ်လာခြင်း ဖြစ်သည်ဟု နာမ်ဝါဒ၊ ထာဝရဝါဒသည် အစဉ်မပြတ် ညွှန်ကြားဆုံးမလာသည့်

အကြောင်းကို ရာဇဝင်က သက်သေခံလျက် ရှိပေသည်။ ကျွန်နှင့် ပြည်သူလူထု သည် သခင်နှင့် ဘုရင်တို့ ခိုင်းစေသမျှကို လုပ်ပေးရမည်။ ၄င်းတို့၏ အမိန့်ကို နာခံရမည်။ ဘုရင်နှင့် သခင်ကို တန်ပြန်တော်လှန်ခြင်းသည် မကောင်းမှုဖြစ်သည်။ ဘုရားသခင်၏ အလိုဆန္ဒနှင့် ဆန့်ကျင်သည်။ ဤသို့လည်း နားသွင်းထားလေသည်။ အကယ်၍သာ လူ့လောကသည် ဘုရားသခင်၏ အမိန့်ကို နာခံပြီးလျှင် မိမိ၏ လက်ရှိအခြေအနေနှင့် ရောင့်ရဲလျက် မိမိအခြေအနေကို ပြုပြင်ပြောင်းလဲဖို့ရန် ကြိုးစားအားထုတ်မှု မပြုလုပ်ဘူးဆိုလျှင် လူ့လောကသည် မည်သည့် အခါမျှ ကိုးတက်ကြီးပွားလိမ့်မည် မဟုတ်ပေ။

မာ့ဂ်စ်ဝါဒသည် လူ့တိုးတက်မှု၏ မည်သည့် ပိုင်းခြားသတ်မှတ်ထားချက်ကိုမျှ လက်မခံပေ။ မည်သည့် ရည်မှန်းချက်ကိုမျှ နောက်ဆုံးပိတ် ရည်မှန်းချက်ဟု မယူဆပေ။ လူနှင့် လူ့လောက၏ တိုးတက်မှုရောက်ရာအဆင့်မှ ရှေ့အနာဂတ် တိုးတက်မှုအတွက် လမ်းသစ်စသည်ဟု မာ့ဂ်စ်ဝါဒက အယူရှိလေသည်။

အတ္တနှင့် ထာဝရဘုရားကို ယုံကြည်မှုသည် လူ၏ ရေးဂွန်ခဲ့သည့် လူ့အဆက်ပေါင်းများစွာက အသိဉာဏ်နှင့် အတွေ့အကြုံမှ မပါက်ဖွားလာခဲ့သည့် အရာ ဖြစ်ကြောင်းကို ရေးပြခဲ့ပြီးလေပြီ။ ယနေ့ လူ့လောကကား ကိုးတက်ကြီးမြင့်သည့် အသိဉာဏ် အတွေ့အကြုံကို ရရှိ၍နေလေပြီ။ ယနေ့ လူ့လောကတွင် လူ့အဆက်ပေါင်းများစွာ အလွန်က အယူအဆနှင့် စနစ်ကို ကည်တုံ့မနေစေခြင်းသည် မာ့ဂ်စ်ဝါဒ၏ အမြင်၌ လူတိုးတက်မှုကို လက်မခံခြင်းနှင့် လူ့လောကကို နောက်ဟက်သို့ ပြန်၍ တုပ်ဆွဲခြင်းမျှသာ ဖြစ်သည်ဟု အယူရှိလေသည်။ စာဖတ်သူသည် မာ့ဂ်စ်ဝါဒက ထာဝရဘုရား ယုံကြည်မှုအပေါ် မည်သို့ သဘောထားသည်တို့ သိသင့်သလောက် သိသွားခဲ့ပြီ။ ရှေ့ဆက်ပြီး ဗုဒ္ဓဝါဒက အာဝရ (ဣသရ) နှင့် စပ်လျဉ်းပြီး မည်သို့ ယူဆသည်ကို ဖတ်ကြည့်စမ်းပါဦး။

ဗုဒ္ဓဘာသာကို ကမ္ဘာပေါ်ရှိ အခြားသော အာဝရဘုရားများထဲမှ သီးခြားခွဲထုတ်ပြီးလျှင် မာ့ဂ်စ်ဝါဒနှင့် အခြေခံသဘာဝ တူညီမှုကိုပြုသည့် အချက်တစ်ချက်ကား ထာဝရဘုရားကို ငြင်းပယ်ခြင်းပင် ဖြစ်ပေတော့၏။ ဗုဒ္ဓအဘိဓမ္မာတွင် အတ္တအတွက် နေရာမရှိသကဲ့သို့ ဣသရ၊ သို့မဟုတ် ဗြဟ္မာ၊ သို့မဟုတ် အာဝရဘုရား

အတွက်လည်း အခန်းမရှိပေ။ ထိုဣသရ သို့မဟုတ် ဗြဟ္မ သို့မဟုတ် ထာဝရ ဘုရားအား ယုံကြည်ကိုးကွယ်မှုကို ဗုဒ္ဓက ဒီဃနိကာယ် ပါထိကဝဂ် ပါဠိတော် ပါထိကသုတ်၌ အောက်ပါအတိုင်း အလွန်သိမ်မွေ့စွာ သရော်ထားလေသည်။

ဘဂဝ၊ ဣသရ သို့မဟုတ် ဗြဟ္မ သို့မဟုတ် ထာဝရဘုရား၏ ဖန်ဆင်းမှုအယူကို မြတ်၏ဟု ပြောဆိုကြသော သမဏ၊ ဗြာဟ္မဏတို့၏ ထံသို့ ချဉ်းကပ်၍ ငါသည် ဤသို့မေး၏။

"သင်တို့သည် ဣသရ၏ ဖန်ဆင်းမှုကို အမြတ်ဟု အမှန်ပင် ပြောဆိုကြသလော"

"ဟုတ်ပါ၏"

ဟု ဖြေဆိုကြ၏။ သူတို့ကို ငါသည် ဤသို့ မေးပြန်၏။

"သင်တို့သည် အဘယ်ပုံ ဣသရ သို့မဟုတ် ဗြဟ္မ၏ ဖန်ဆင်းမှုကို မြတ်၏ဟု ပြောဆိုကြသနည်း"

ငါက ဤသို့ မေးသောအခါ သူတို့က ငါ့ကိုသာ ပြန်မေးကြ၏။ ငါသည် သူတို့ကို ဤသို့ အဖြေပေး၏။

"ကာလရှည်စွာ လွန်ခဲ့ပြီးနောက် ဤလောကကြီးသည် ပျက်စီး၏။ (တစ်ဖန်) လာလရှည်စွာ လွန်လာခဲ့ပြီးနောက် ဤလောက ဖြစ်လာ၏။ ကမ္ဘာပေါ်ပေါက်လာသောအခါ (သတ္တဝါမှ) ဆိတ်သုဉ်းသော ဗြဟ္မာဗိမာန် ပေါ်လာ၏။ ထိုအခါ (အာဘဿရာဘုံမှ) သတ္တဝါတစ်ဦးသည် သက်တမ်း သို့မဟုတ် ကံစွမ်းကုန်သဖြင့် ထိုသုညဗိမာန်တွင် ပေါ်လာ၏။ ထိုသတ္တဝါသည် ထိုဗိမာန်တွင် ကာလရှည်စွာ နေရ၏။ ကာလရှည်စွာ တစ်ဦးတည်းနေရသောကြောင့် သူ၏စိတ်သည် ငြီးငွေ့လာ၏။ ကြောက်ရွံ့လာ၏။ အခြားသတ္တဝါများ ဤဗိမာန်သို့ ရောက်လာသော် ကောင်းလေစွဟု တောင့်တ၏။ အခြားသော သတ္တဝါများသည်လည်း သက်တမ်းကုန်သဖြင့် သုညဗြဟ္မာဗိမာန်၌ ဖြစ်ပေါ်လာကြ၏။ ထိုဗိမာန်တွင် ပထမဦးစွာဖြစ်သော သတ္တဝါ၏စိတ်၌ ဤသို့ အကြံဖြစ်လာ၏။ ငါကား ဗြဟ္မာ၊ မဟာဗြဟ္မာ၊ အောင်နိုင်သူ၊ အကုန်သိသူ၊

အခြံအရံများသူ၊ အစိုးရသူ၊ ပြုသူ၊ ဖန်ဆင်းသူ၊ မြတ်သူ၊ ပိုင်သူ ဖြစ်သည့်အပြင် အတိတ်၊ အနာဂတ် ကာလနှစ်ပါးလုံးရှိ သတ္တဝါတို့၏ ဖခင် ဖြစ်၏။ ငါသည်သာလျှင် ဤသတ္တဝါများကို ဖန်ဆင်းပေး၏။ အကြောင်းသော်ကား ငါ့စိတ်ထဲ၌ပင် 'အခြားသတ္တဝါများ ဤဗိမာန်သို့ ရောက်လာကြသော် ကောင်းလေစွ' ဟု တောင့်တမှု ပထမဆုံးပေါ်ခဲ့၏။ ထို့ကြောင့် ငါ့စိတ်မှပင် ဤသတ္တဝါများ ပေါက်ဖွားရာ ဤနေရာသို့ ရောက်လာကြ၏။ နောက်မှ ပေါ်ပေါက်လာကြသည့် သတ္တဝါများ၏ စိတ်ထဲတွင်လည်း ဤသူသည် ဗြဟ္မာ၊ အစိုးရသူ၊ ပြုသူတည်း။ အကြောင်းသော်ကား ငါတို့သည် သူ့ကို ပထမကပင် ဤနေရာ၌ ထင်ရှားရှိနေသည်ကို တွေ့ရသည်။ ငါတို့ကား နောက်မှပေါ်လာကြကုန်၏ဟု အကြံဖြစ်ပေါ်လာကြ၏။

ဗြဟ္မာကြီးမှတစ်ပါး အခြားသော သတ္တဝါများ ထို(နတ်)ကိုယ်ကိုစွန့်၍ ဤ(လောက)သို့ ရောက်လာကြသောအခါ ၄င်းတို့အနက် တစ်စုံတစ်ယောက်သောသူသည် သမာဓိကို ရရှိပြီးလျှင် ထိုဘဝမှ ရှေးဘဝကို အောက်မေ့နိုင်၏။ ထိုရှေ့ဘဝမှ ရှေ့သို့တိုး၍ မအောက်မေ့နိုင်။ ထိုသူက 'ဤသို့ ပြော၏။ ဣသရ၊ ဖန်ဆင်းသူဖြစ်သော ထိုဗြဟ္မာကြီးသည် နိစ္စဓုဝဖြစ်၏။ သဿတဖြစ်၏။ မပြောင်းလဲ။ အမြဲတမ်း အခြေမပျက် တည်နေ၏။ ထိုဗြဟ္မာကြီးက ဖန်ဆင်းပေးသော ငါတို့သည်ကား အမြဲ ရှေ့လျှား၏။ သက်တမ်းတို၏။ သေလေ့ရှိ၏''

ယင်းသို့လျှင် သင်တို့သည် ဤဣသရ၏ ဖန်ဆင်းမှုသဘောကို ပြောဆိုကြသည် မဟုတ်လော''

သူတို့က ပြောကြသည်။

''အရှင်ဂေါတမ ပြောပြသည့်အတိုင်း ကျွန်ုပ်တို့လည်း ကြားနာရဖူး၏''

ဒီဃနိကာယ် ကေဝဋ္ဋသုတ်၌ ဗုဒ္ဓသည် ဖန်ဆင်းတတ်သူ ဗြဟ္မာ

(ဣသရ)အား ထို့ထက်သိမ်မွေ့စွာပင် သရော်ထားသည်ကို အောက်ပါအတိုင်း တွေ့ရ၏။

ရှေးသရောအခါက ရဟန်းတစ်ပါး၏စိတ်ထဲတွင် ဤသို့သော မေးခွန်းတစ်ရပ် ဖြစ်ပေါ်လာခဲ့၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်တည်းဟူသော မဟာဘုတ်လေးပါးသည် အဘယ်အရပ်သို့ ရောက်လျှင် အကြွင်းမဲ့ ချုပ်သွားလေသနည်း။ ထိုရဟန်းသည် စတုမဟာရာဇိက နတ်တို့၏အထံသို့ ချဉ်းကပ်၍ မေး၏။ စတုမဟာရာဇိက နတ်တို့သည် ထိုရဟန်းအား ပြောပြကြ၏။ ငါတို့လည်း မသိ။ ငါတို့ထက် သာလွန်သော နတ်မင်းကြီးလေးဦး (ဓတရဋ္ဌ၊ ဝိရူဠ္ဍက၊ ဝိရူပက္ခ၊ ဝေဿဝဏ္ဏ) ရှိ၏။ ထိုနတ်မင်းကြီးများသည် သိကောင်း သိကြလိမ့်မည်။

(ဤသို့အားဖြင့်)

ငါတို့ထက်သာသော တာဝတိံသာ၊ ယာမာ၊ သုယာမ၊ တုသိတာ နတ်အပေါင်း၊ သန္တုသိတနတ်သား၊ နိမ္မာနရတိနတ်အပေါင်း၊ သုနိမ္မိတနတ်သား၊ ပရနိမ္မိတ ဝသဝတ္တီ (နတ်အပေါင်း) ဝသဝတ္တီ အမည်ရှိသော နတ်သား၊ ဗြဟ္မကာယိက နတ်တို့ကလည်း ထိုရဟန်းအား ပြောကြ၏။ ကျွန်ုပ်တို့ထက် ပိုမြင့်သာသော မဟာဗြဟ္မာကြီးရှိ၏။ ထိုမဟာဗြဟ္မာကြီးကား အစိုးရသူ ဣသရ၊ ပြုလုပ်သူ ကတ္တား၊ ဖန်ဆင်း သူ နိမ္မာတာဖြစ်၍ အတိတ်၊ အနာဂတ်ကာလများ၌ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သော အရာဝတ္ထုများ၏ဖခင် ဖြစ်၏။ ထိုဗြဟ္မာကြီးသည် သိကောင်းသိပေလိမ့် မည်။ ဗြဟ္မာကြီး ဘယ်မှာရှိသနည်းဟု ရဟန်းက မေးသောအခါ ဗြဟ္မ ကာယိကနတ်များက ပြောကြ၏။ ငါတို့ကား ဗြဟ္မာကြီး (ဣသရ) ဘယ်မှာ နေသည်ကို မသိ။ ထို့နောက် ဆောလျှင်စွာပင် မဟာဗြဟ္မာကြီး (ဣသရကြီး) ပေါ်လာ၏။

ရဟန်းက ဗြဟ္မာကြီးအား မေး၏။ ဤ မဟာဘုတ်လေးပါး ဘယ်နေရာသို့ရောက်လျှင် အကြွင်းမဲ့ ချုပ်ကွယ်ကြသနည်း။ မဟာ ဗြဟ္မာက ပြော၏။ ငါကား ဗြဟ္မာ၊ ဣသရ၊ ဖခင် ဖြစ်၏။

နှစ်ကြိမ်မြောက်လည်း မဟာဗြဟ္မာအား မေးပြန်၏။ ငါသည် သင့်အား ဗြဟ္မာ၊ ဣသရ၊ ဖခင် ဖြစ်၊ မဖြစ် မေးနေသည် မဟုတ်။ ငါသည် သင့်အား ဤမဟာဘုတ်လေးပါး ဘယ်အရပ်သို့ရောက်လျှင် အကြွင်းမဲ့ချုပ်ကြသနည်းဟုသာ မေး၏။ သုံးကြိမ်မြောက်လည်း မေးပြန်၏။ ထိုအခါ မဟာဗြဟ္မာသည် ထိုရဟန်း၏လက်မောင်းကို ကိုင်လျက် (နတ်သဘင်မှ) ထောင့်တစ်ထောင့်သို့သွား၍ ပြော၏။

"အို... ရဟန်း၊ ဤနတ်များက ငါ့အား (ငါ့အတွက်) မသိသောအရာ၊ မမြင်သောအရာ ဘာတစ်ခုမျှ မရှိဟု အသိအမှတ်ပြုထားကြ၏။ ထို့ကြောင့် ငါသည် ထို နတ်များရှေ့တွင် ဖြေဆိုခြင်း မပြုပေ။ ရဟန်း၊ ငါလည်း မသိ။ သင်သည် ဗုဒ္ဓကို ပစ်ပယ်၍ အခြားနေရာတွင် ဤအကြောင်းကို ရှာဖွေနေ၏။ ဤသည်ပင်လျှင် သင်၏အပြစ် ဖြစ်၏။ ဗုဒ္ဓ၏ထံတော်မှောက်သို့ အရောက် သွားပါ။ ဗုဒ္ဓ ဟောပြဖြေဆိုသော အတိုင်းသာ မှတ်သားပါလေ"

အထက်ပါ ဒေသနာတော်နှင့် စပ်လျဉ်း၍ ရာဟုလာသံဃာကိစ္စည်းက သူ၏ ဗုဒ္ဓဒဿန(ဗုဒ္ဓအမြင်) စာအုပ်၌ ဤသို့ ရေးသားထားသည်။

အကယ်၍ အသင်သည် ဤနေရာ၌ ဗြဟ္မာအစား အလ္လာဟ်၊ သို့မဟုတ် ဘုရားသခင် (ဘဂဝါန်)ကိုလည်းကောင်း၊ ဗုဒ္ဓ၏အစား မာ့ဂ်စ်ကိုလည်းကောင်း၊ ရဟန်း၏အစား သာမန် မာ့ဂ်စ်ဝါဒီတစ်ဦးကိုလည်းကောင်း ပြောင်းလဲထည့်သွင်းပြီးလျှင် ဤအကြောင်းကို ထပ်ဖတ်ကြည့်လျှင် ဗုဒ္ဓ၏ ဤပြက်ရယ်ပြုမှု အပြည့်အနှက်ပါဝင်သည့် အကြောင်းအရာ၏ အရသာ ပေါ်လာလိမ့်မည်။ မယုံကြည်အပ် မယုံကြည်ထိုက်သည့် ထောင်ပေါင်းများစွာသော အချက်အလက်တို့၌ ယုံကြည်နေကြသော မိမိခေတ်က အကန်းအယုံသမားများအား "သင်တို့၏ ဣသရသည် နိစ္စဝုဝ စသည်မဟုတ်။ ဖျက်ဆီးသူလည်း မဟုတ်။ သူလည်း အခြားသတ္တဝါများကဲ့သို့ ပဋိသန္ဓေနေခြင်း၊ သေခြင်းသဘော ရှိ၏။ သူသည် မရေတွက်နိုင်သော နတ်များအနက် နတ်တစ်ဦးမျှသာ ဖြစ်၏" ဟု ဗုဒ္ဓက ပြောလိုဟန် ရှိသည်။

မဇ္ဈိမနိကာယ် ဗြဟ္မနိမန္တနိကသုတ်၌ ဗုဒ္ဓက ဣသိရနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဟောပြထားပြန်လေသည်။

တစ်ချိန်တုန်းက ဗကဗြဟ္မာအား ဤသို့သော အယူဆမှား ဖြစ်ပေါ်လာ၏။ ဤဗြဟ္မာလောကသည် နိစ္စ၊ ဓုဝ၊ သဿတ၊ သုဒ္ဓ(စင်ကြယ်)၊ အစ္စုတ(မရွှေ့လျော)၊ အဇတ(ပဋိသန္ဓေမနေ)၊ အဇရ(မအို)၊ အမရ(မသေ) ဖြစ်၏။ ရွှေ့လျောခြင်းမရှိ၊ ပဋိသန္ဓေမနေ။ ထိုအခါ ငါသည် ဗြဟ္မာလောကဌ် ထင်ရှားဖြစ်ပေါ်ခဲ့၏။ ဗကဗြဟ္မာသည် အဝေးကပင် ငါလာသည်ကို မြင်၏။ မြင်သောအခါ ငါ့အား စကားဆို၏။

လာလော့ အချင်း၊ အချင်း သင့်အား ကြိုဆိုပါ၏။ အချင်း မလာသည်မှာ ကြာလှပါပြီကော၊ အချင်း ဤဗြဟ္မာလောကသည် နိစ္စ၊ ဓုဝ၊ သဿတ၊ အဇတ၊ အဇရ၊ အမရ ဖြစ်၏။

ဤသို့ ဆိုလတ်သော် ငါက ပြောဆို၏။ ဗကဗြဟ္မာသည် အဝိဇ္ဇာထဲတွင် ကျရောက်နေပြီ တကား။ အနိစ္စကို နိစ္စဟု ဆိုနေ၏။ အသဿတကို သဿတဟု ဆိုနေ၏။

ဤသို့ ပြောဆိုသောအခါ ဗက ဗြဟ္မာက ဆို၏။ အချင်း၊ ငါသည် နိစ္စကိုသာ နိစ္စဟု ဆို၏။ သဿတ ကိုသာ သဿတဟု ဆို၏။ ငါက ပြော၏။ ဗြဟ္မာ၊ (အခြားလောက မှ) စုတေ၍ သင် ဤဘုံတွင် ဖြစ်လာ၏။

ဗြာဟ္မဏများသည် အကန်းနောက်ကလိုက်သော အကန်းအစဉ်ကဲ့သို့ သိမှု၊ မြင်မှုမရှိဘဲ ဣသိရ(ဗြဟ္မာ)နှင့် ဣသိရလောကအပေါ်၌ ယုံကြည်မှုထားကြ၏။ ဤသဘောကို ထင်ရှားစွာ ပြလိုသည်ဖြစ်၍ ဗုဒ္ဓသည် ဒီဃနိကာယ် သီလက္ခန္ဓဝဂ် ပါဋိတော် တေဝိဇ္ဇသုတ်၌ အောက်ပါအတိုင်း ဟောပြထားလေသည်။

ဝါသေဋ္ဌ ဗြာဟ္မဏသည် ဗုဒ္ဓအား ဤသို့ ပြော၏။

"အို.. ဂေါတမ၊ လမ်းမှန်၊ လမ်းမှားနှင့် စပ်လျဉ်း၍ ဇတရေယဗြာဟ္မဏ၊ ဆန္ဒောဂဗြာဟ္မဏ၊ ဆန္ဒာဝါဗြာဟ္မဏတို့သည် အမျိုးမျိုးသော လမ်းများကို ညွှန်ပြကြ၏။ သို့သော် ဗြာဟ္မဏတို့

ညွှန်အပ်သော လမ်းအသီးသီးပင် ဗြဟ္မာနှင့် လောကတူ အဖြစ်သို့ အရောက်ပို့ဆောင်ကြ၏။ ဥပမာ ရွာ၊ သို့မဟုတ် နိုဂုံး အနီးအပါး လမ်းအမျိုးမျိုး ရှိသော်လည်း ထိုလမ်းအသီးသီးပင် ရွာသို့ချည်း ဆိုက်ရောက်ကြ၏။

"ဝါသေဋ္ဌ၊ တေဝိဇ္ဇ (ဝေဒသုံးကျမ်းကိုဆောင်သော) ဗြာဟ္မဏ များအနက် ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဖူးသော ဗြာဟ္မဏ တစ်ဦး မျှမရှိ၊ ဆရာတစ်ဦး၊ ဆရာ့ဆရာတစ်ဦး၊ ခုနစ်ဆက်မြောက်ဆရာ တစ်ဦး မျှမရှိ။ ဗြာဟ္မဏ သူဟောင်း ဣသိမန္တရားများကို ဟောဆိုသူ အဋ္ဌက၊ ဝါမက၊ ဝါမဒေဝ၊ ဝိဿာမိတ္တ၊ ယမဒဂ္ဂိ၊ အံဂီရာ၊ ဘာရဒ္ဒါ၊ ဝါသိဋ္ဌ၊ ကဿပ၊ ဘဂုတို့တွင် ဗြဟ္မာအား မျက်ဝါးထင်ထင် မြင်ရသူ တစ်ဦး တလေမျှ ရှိပါသလော။ မသိရ မမြင်ရသော ဗြဟ္မာနှင့် လောကတူဖြစ်ရန် လမ်းများကို ညွှန်ကြားနေကြ၏။ ဥပမာသော်ကား အစသူကလည်း မမြင်။ အလယ်သူကလည်း မမြင်။ အဆုံးသူကလည်း မမြင်။ အချင်းချင်း ချိတ်ဆွဲထားသော သူကန်းအစဉ်ကဲ့သို့ပင်တည်း။"

အထက်ပါတို့ကား ဗုဒ္ဓဝါဒက ဣသရ(ထာဝရဘုရား)ကို ငြင်းပယ်မှု၏ အထောက်အထားများ ဖြစ်ကြသည်။ ယင်းသို့လျှင် ထာဝရဘုရားကို ငြင်းပယ်ရာ၌ ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒသည် တူညီမှု ရှိကြလေသည်။

ကဏ္ဍ ၂

သံဃိကဝါဒ

ထာဝရဘုရားကို ပယ်ဖျက်ရာ၌ ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒ နှစ်ဦးက တူညီသောအယူအဆများ ရှိကြပုံကို ရှင်းလင်းရေးပြခဲ့ပြီးလေပြီ။ ယခုတစ်ဖန် ဗုဒ္ဓအာဘိဓမ္မာနှင့် မာ့ဂ်စ်အာဘိဓမ္မာနှစ်ရပ်ကို ဆက်စပ်လေ့လာသောအခါ တွေ့မြင်သိရှိရသည့် တူညီမှု၊ ဆင်တူများအနက် တစ်ခုအပါအဝင်ဖြစ်သော သံဃိကစနစ် (၀၊) သာတူညီမျှစနစ် (၀၊) ဘုံစနစ် (၀၊) ကွန်မြူနှစ်စနစ်အကြောင်းကို ရေးပြလိုပါသည်။

လူ့လောက လူ့အဖွဲ့အစည်းကို အင်ဂေလ်စ်က ခေတ်သုံးခေတ်ဖြင့် ပိုင်းခြားဝေဖန် ပြထားသည်။ ထိုသုံးခေတ်မှာ တောတွင်းခေတ်၊ လူရိုင်းခေတ်၊ လူယဉ်ခေတ်ဖြစ်၏။ တောတွင်းခေတ်က လူများ၌ အသက်မွေးမှုလမ်းကြောင်း အလွန်တရာမှ နည်းလှသည်။ သို့ဖြစ်၍ မိမိတို့၏ အလိုပြည့်ရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းထက် လူ့လောက လူ့အဖွဲ့အစည်း၏ အပေါ်၌ ပိုမို၍ အားထားမှုပြုလုပ်ရလေသည်။ ထို့ကြောင့် သူတို့၏ ရှိသမျှ ပစ္စည်းသည်လည်း ပုဂ္ဂိုလ်တစ်ဦးတည်းပိုင် မဟုတ်ဘဲ အများပိုင်၊ ပြည်သူ့လူထုပိုင်၊ သံဃပိုင် (သံဃိက) ဘုံဆိုင် ပစ္စည်းသာလျှင် ဖြစ်ခဲ့လေ၏။ ပစ္စည်း ပစ္စယလည်း မများပေ။ ရှာဖွေ စုဆောင်းမှုကလည်း နည်းပါးလှ၏။ သစ်သီး သစ်ဥနှင့် သားငါး စသော ရသမျှပစ္စည်းများကို လူအများ စုပေါင်း၍သာလျှင် ပိုင်ဆိုင်ကြလေ၏။

စုပေါင်း၍ အားထုတ်လုပ်ကိုင်မှုဖြင့် ရရှိသော ပစ္စည်း ဖြစ်ခြင်းကြောင့်လည်း အများဆိုင် အများပိုင်ဖြစ်ရခြင်း ဖြစ်လေသည်။ လူ့လောက၏ ထိုခေတ် ထိုအခြေအနေကို ပဒေသာပင်ခေတ်၊ သို့မဟုတ် ကမ္ဘာဦး ကွန်မြူနစ်ခေတ်ဟု ခေါ်ကြလေသည်။

ထို ပဒေသာပင်ခေတ်၊ သို့မဟုတ် ကမ္ဘာဦးကွန်မြူနစ်ခေတ်ကာလ၌ လူ့လောကထဲတွင် ဆူကြုံနိမ့်မြင့်ဟူ၍ အတန်းအစားခွဲခြားမှုလည်း မရှိပေ။ ယုံကြည်ကိုးကွယ်မှု ဘာသာတရားလည်း မပေါ်သေး။ အပေါင်းအဖွဲ့အစည်းမှ သီးခြားကင်းလွတ်ပြီး ပုဂ္ဂိုလ်ဟူ၍ သတ်သတ်ရှိသည်ဟူသော အမှတ်သညာသည်ပင် ရှိသေးဟန်မတူပေ။ ဘာသာဗေဒ ပညာရှိများ၏ သုတေသနပြုချက်အရ သိရသည်မှာ ဘာသာစကား၌ 'ငါ' ဟူသော ဧကဝုစ်စကားလုံးထက် 'ငါတို့' ဟူသော ဗဟုဝုစ်စကားလုံးက ရှေးကျလေသည်။ ထိုခေတ်အခါက အားလုံးစုပေါင်း၍ အချင်းချင်း ကာကွယ်စောင့်ရှောက်ကြသည်။ အတူပူးပေါင်း၍ စားသောက်ဖွယ်များကို ရှာဖွေစုဆောင်းကြသည်။ အတူပူးပေါင်း၍ စားကြ သောက်ကြသည်။ လိုအပ်သည့် ပစ္စည်းဝတ္ထုများကို ထုတ်လုပ်ခြင်းသည် ပုဂ္ဂလိကမဟုတ်ဘဲ သံယိုဂ ဖြစ်ခြင်းကြောင့် (၀ါ) လိုအပ်သည့် ပစ္စည်းဝတ္ထုများကို တစ်ဦးချင်းအနေဖြင့် ရှာဖွေလုပ်ကိုင်ခြင်းမဟုတ်ဘဲ အားလုံးစုပေါင်း၍ ရှာဖွေလုပ်ကိုင်ခြင်း ဖြစ်သောကြောင့် ပစ္စည်းဝတ္ထုသည်လည်း အများပိုင် ဘုံဆိုင် ဖြစ်ရလေ၏။ ထိုခေတ်သည် အမိကြီးစိုးသည့်ခေတ် ဖြစ်လေသည်။

ကမ္ဘာဦးကွန်မြူနစ်၏ နောက်ပိုင်းအဆင့်သည် လူရိုင်းလောက ဖြစ်သည်။ တောတွင်းအခြေအနေမှ နောက်ပိုင်း အခြေအနေကို အင်ဂေလ်စ်က ဇနီ (Gene) ဟုခေါ်ပြီး ရေးပြထားသည်။ ဇနီ(ဂျန်)ဟူသော ပုဒ်သည် ရှေးဟောင်း အင်ဒို ဥရောပစကားလုံး ဖြစ်၏။ လူ၊ သို့မဟုတ် လူမျိုးဇာတ် ဟူ၍ အဓိပ္ပာယ်ရသည်။ အင်ဂေလ်စ်ကမူ ထိုစကားလုံးကို လူတို့၏ မျိုးနွယ်တစ်ခုမှ ဆင်းသက်လာသည့် လူစု (Tribe) ဟူသော အဓိပ္ပာယ်၌ အသုံးပြုထားလေ၏။ လူရိုင်းခေတ် စလာသည်နှင့် တစ်ပြိုင်တည်း လူစု(ဇနီ) ကြီးစိုးမှုလည်း စလာခဲ့လေ၏။

အမဲလိုက်ခြင်းသည် နေ့စဉ်လုပ်ဖို့ရန် မလွယ်ကူသော အသက်မွေးဝမ်း

ကျောင်းနည်းဖြစ်၏။ အထူးအားဖြင့် လူဦးရေ တိုးပွားများပြားလာသည့်အခါတွင် သာ၍ပင် အခက်အခဲ ကြုံတွေ့ရလေသည်။ သစ်သီးဝလံများကလည်း ဆယ့်နှစ်ရာသီမပြတ် ရရှိနေဖို့ရန် မလွယ်ကူပေ။ ထို့ကြောင့် လူသည် အကြံသစ်ဉာဏ်သစ်ထုတ်လာလေ၏။ စားကျက်မလုံလောက်သောကြောင့် သားကောင်များ ထိုနေရာကို စွန့်ခွာသွားကြသည်ဟူသော အချက်ကို သူတို့ ပထမဆုံး ရိပ်စားမိလာခဲ့ကြလေ၏။ သို့ဖြစ်၍ သူတို့သည် စားကျက်အတွက် မြက်ကို စိုက်ပျိုးကြသည်။ အမဲလိုက်ရာဝယ် အသုံးဝင်သည့် ခွေးကို မွေးမြူရာမှ သူတို့လည်း နွား၊ မြင်း စသည်တို့ကို မွေးမြူစပြုလာကြလေ၏။ ထိုအခါ တိရစ္ဆာန်မွေးမြူခြင်းတည်းဟူသော စီးပွားရေးအကျိုးထူးကို သိလာကြပြီးလျှင် လူ၏လက်တွင်း၌ အသက်မွေးဝမ်းကျောင်းနည်းလမ်းသစ်တစ်ခု ရောက်ရှိလာခဲ့လေ၏။ တိရစ္ဆာန်သည် သူတို့၏ပစ္စည်း ဖြစ်လာသည်။ ထိုပစ္စည်းသည်လည်း အိမ်နှင့် စားကျက်တို့ကဲ့သို့ပင် လူစု၏ ဘုံဆိုင်ပစ္စည်းပင် ဖြစ်လေသည်။

စားကျက်အတွက် မြက်စိုက်ပျိုးရာမှစပြီး ဆန်စပါး၏ အသုံးဝင်ပုံကို သိရပြန်သောအခါ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလည်း အစပြုလာခဲ့လေသည်။ တိရစ္ဆာန်မွေးမြူမှုနှင့် လယ်ယာစိုက်ပျိုးမှု ပေါ်ပေါက်လာသည့်အခါ ထိုလုပ်ငန်းများကို ဦးဆောင်ပြုလုပ်သည့် ဖခင်ကြီးစိုးသည့်ခေတ်သို့ ရောက်လာခဲ့လေသည်။

ဤသို့လျှင် တိရစ္ဆာန်မွေးမြူခြင်းအလုပ်သည် ဖခင်ကြီးစိုးမှုကို ပေါ်ပေါက်စေခဲ့ပြီးလျှင် ယောကျ်ားပြဋ္ဌာန်းမှုနှင့်တကွ ပုဂ္ဂလိကပစ္စည်း လမ်းစကိုလည်း ဖွင့်ပေးလိုက်လေ၏။ လယ်ယာလုပ်ငန်းကလည်း လူကို ခြေသလုံးအိမ်တိုင်ဘဝမှ နေရာမြဲအောင် ဖန်တီးပေးလိုက်လေ၏။ ထိုအချိန်အထိ မြေမှာ ပုဂ္ဂလိကပစ္စည်း မဟုတ်ဘဲ သံယိကပစ္စည်း၊ အများပိုင်ပစ္စည်းသာလျှင် ရှိနေသေးသည်။ မြေမှထွက်သည့် အသီးအနှံများကမူ အများပိုင် သံယိကမဟုတ်တော့ဘဲ ပုဂ္ဂလိကပိုင်ပစ္စည်း ဖြစ်သွားလေတော့၏။

မြေယာကို အများပိုင် သံယိကပစ္စည်းအဖြစ် ထားသည့်အလေ့မှာ ဆယ့်ကိုးရာစုနှစ်အထိ အိန္ဒိယနှင့် ရုရှားတို့တွင် ရှိခဲ့သေးသည်။ အာမဒို (ကန်ဆူ၊ တရုတ်)မှ တိဗက်လူမျိုးပေါင်းများစွာတို့၌ ယခုလည်း မြေယာကို အိမ်ထောင်

မိသားစုက မပိုင်ဆိုင်ဘဲ တစ်ရွာလုံးကပိုင်ဆိုင်သည့် အလေ့အထ ရှိနေသည်။ နှစ်နှစ် ထွန်ယက်လုပ်ကိုင်ပြီးလျှင် လယ်ကို တတိယနှစ်၌ တစ်နှစ်မလုပ်ဘဲ အအား ထားရလေသည်။ ထို့နောက် ထွန်ယက်လုပ်ကိုင်ရန် အိမ်ထောင်စုများ ဝေငှယူရ လေ၏။ ဆယ့်ကိုးရာစုနှစ်ရှေ့ပိုင်း ဆိုက်(စ်)လူမျိုးများ စိုးမိုးစဉ်ကာလအထိ အိန္ဒိယပြည် ပန်ဂျာဗ်ရှိ နေရာပေါင်းများစွာမှ မြေယာများကို တစ်ရွာလုံးက ပိုင်ဆိုင်သည့် အလေ့အထ ရှိခဲ့သည်။ အိမ်ထောင်မိသားစု အသီးသီးအတွက် ထွန်ယက် လုပ်ကိုင်ဖို့ရန် မြေ ရရှိသော်လည်း ထိုမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း မပြုလုပ်ရပေ။

ဓာဘုရင်အုပ်ချုပ်ရေး၏ နောက်ဆုံးအချိန် (ခရစ်နှစ် ၁၉၁၇) အထိ ရှရားခ္ဓလည်း နေရာပေါင်းများစွာတို့တွင် မြေကို အများပိုင်သည့် ဤအစဉ်အလာ သည် ဆက်၍တည်နေခဲ့သည်။ အောက်တိုဘာတော်လှန်ရေးခေတ်ရောက်မှ တော်လှန်ရေးက ပြည်သူပိုင်ပစ္စည်းကို ထို့ထက် ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်စီမံပြီး ထိုစနစ် ထိုအစဉ်အလာကို ပယ်ဖျက်လိုက်ခြင်း ဖြစ်ပေ၏။

ပုဂ္ဂလိကပိုင်ပစ္စည်းထားမှု လမ်းစပေါ်လာသည့်အခါ ပုဂ္ဂလိကပစ္စည်းကို လိုလားသည့် လောဘစိတ်လည်း လူတို့၌ ပျံ့နှံ့သွားလေ၏။ ထို့ကြောင့် များစွာ သော လူတို့သည် မြေယာကို တစ်ဦးတည်းပိုင် ပုဂ္ဂလိကပစ္စည်းအဖြစ် သတ်မှတ် ထားရှိကြလေ၏။ မြေယာ၏အပေါ်၌ ပုဂ္ဂလိကပိုင်ဆိုင်မှု ပြုလုပ်လိုက်သည့်အခါ ထိုပုဂ္ဂလိကပိုင်မြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်းတည်းဟူသော ဖလှယ်မှုသဘော လည်း ပေါ်ပေါက်လာလေတော့၏။

ယင်းသို့လျှင် ပုဂ္ဂလိကပစ္စည်းထားမှုသည် အချို့ အိမ်ထောင်စုကို လယ်ယာကျွန်းများ များများပိုင်သူအဖြစ် လည်းကောင်း၊ အချို့ အိမ်ထောင်စုကို လယ်ယာကျွန်းများ နည်းနည်းပိုင်သူအဖြစ် လည်းကောင်း၊ အချို့ကိုမူ လယ်ယာကျွန်းများ အနည်းငယ်မျှ မပိုင်သည့် လုံးဝ လက်မဲ့နေသူအဖြစ် လည်းကောင်း ဖန်တီးပြီးလျှင် လူ့လောကထဲ၌ မညီမျှမှု မမျှတမှုကို တည်ဆောက်ပေးလိုက်လေ၏။

ဗုဒ္ဓခေတ်မှ လွန်ခဲ့သည့် နောက်ပိုင်းကို မျှော်ကြည့်လိုက်လျှင် ထိုကဲ့သို့ သော သံယိုကစနစ်မျိုး အမြစ်ပြုတ်သွားသည်မှာ ခေတ်ပေါင်းများစွာ၊ လူ့အဆက်

ပေါင်းများစွာ ကုန်ဆုံးကျော်လွန်လာခဲ့ပြီ ဖြစ်လေသည်။ ယင်းသို့ သံယိုကစနစ် ကွယ်ပျောက်သွားပြီးနောက် ခေတ်ပေါင်းများစွာ၊ လူ့အဆက်ပေါင်းများစွာ ကုန်ဆုံးရှည်ကြာလာခဲ့ပြီ ဖြစ်သော်လည်း၊ ထို့ပြင် အရင်းရှင်စနစ် မထွန်းကားသေးမီ အရင်းရှင်စနစ်၏ ရက်စက်ဆိုးသွမ်းမှုများကို ယခုလောက် ထိတ်လန့်ဖွယ်ရာ မတွေ့ရှိရသေးသော်လည်း ဗုဒ္ဓသည် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က မိမိ၏ ရဟန်းများ၌ လိုအပ်သည့် ပစ္စည်းများကို မျှမျှတတ ခွဲဝေရသည့် စည်းကမ်း ဥပဒေကိုသာလျှင် ပညတ်ခဲ့သည် မဟုတ်ဘဲ ပုဂ္ဂလိကပစ္စည်း၏ နယ်နိမိတ်ကို အထူးသဖြင့် ချုံးပြီး သံယိုကပစ္စည်း၏ နယ်နိမိတ်ကို အလွန် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်လည်း ဖြန့်ခဲ့လေသည်။ သံယိုကစနစ်ကို သဘောကျပြီး ပုဂ္ဂလိကစနစ်ကို ရှုတ်ချသည့် သူတော်စင်များမှာ ဗုဒ္ဓ တစ်ဦးသာလျှင် မကဘဲ အခြားလည်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့ဖူးလေသည်။

ငါးရာစုနှစ်က အီရန်ဘုရင် မဂျဒက်သည် သံယိုကစနစ်ကို အသက်သွင်းခဲ့ဖူးလေသည်။ ကိုးရာစုနှစ်၌ တိဗက်ဘုရင် မုနေကျင်ပို (ခရစ် ၈၄၆-၄၇)သည်လည်း မည်မျှမှု၊ မမျှတမှုကြောင့် ဖြစ်ပေါ်သော လူပေါင်းများစွာတို့၏ ဆင်းရဲမှုကို ပယ်ဖျောက်ရန်အတွက် မိမိ၏တိုင်းပြည်၌ ပစ္စည်းဥစ္စာကို သုံးကြိမ်တိတိ ညီတူညီမျှ ခွဲဝေပေးခဲ့ဖူးလေသည်။ မုနေကျင်ပို၏ ထိုဆန်းကြယ်သော သာတူညီမျှ မူဝါဒသည် ဗုဒ္ဓ၏ တရားဥပဒေသများမှ လုံ့ဆော်မှု၊ အားပေးမှု ရရှိသည်ကား အမှန်ပင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် စင်စစ်မှာမူ ဗုဒ္ဓသည် ပစ္စည်းဥစ္စာကို ပုဂ္ဂိုလ်အသီးသီးအား ခွဲဝေပေးလိုသည့်အထဲက မဟုတ်ဘဲ ပစ္စည်းဥစ္စာကို အများပိုင် သံယိုက ပြုလုပ်လိုသည့်အထဲက ဖြစ်လေ၏။ ဗုဒ္ဓ၏ သံယိုကဝါဒ သဘောထားနှင့် စပ်လျဉ်း၍ ထိုထိုပဋ္ဌကစာပေ၌ ပါရှိလေရာ ၄င်းတို့အနက် အချို့ကို ထုတ်နုတ်၍ အောက်တွင် ရေးပြလိုက်ပါသည်။

လောကနှင့် လူ့အဖွဲ့အစည်း စဏ်ပေါ်လာပုံကို ပြောပြရင်း ဗုဒ္ဓသည် ဒီဃနိကာယ် သုတ်ပါထေယျ အဂ္ဂညသုတ်၌ အောက်ပါအတိုင်း ဟောပြထားလေသည်။

'လောက ပေါ်ပေါက်လာသည့်အခါ နေရာအားလုံးသည်

ရေအတိသာလျှင် ဖြစ်လေသည်။ တစ်ခဏက် အမိုက်မှောင် ပျံ့နှံ့ဖုံးလွှမ်းနေသည်။ နေနှင့် လကိုလည်း မမြင်ရပေ။ နက္ခတ်ကြယ်တာရာတို့ကိုလည်း မတွေ့ရပေ။ နေ့ ည ဟူ၍လည်း မသိရပေ။ ဥတုနှင့် နှစ်များလည်း မရှိပေ။ မိန်းမ ယောကျ်ား ဟူ၍လည်း မရှိသေးပေ။

ထိုအခါ ကျိုထားသော နို့သည် အေးသွားသောအခါအပေါ်၌ မလိုင်တက်လာသကဲ့သို့ အရသာ ပထဝီ(မြေဆီ) ပေါ်လာလေသည်။ လျှပ်ပေါ်သော သတ္တဝါတစ်ဦးသည် ထိုမြေဆီကို စားဏ်။ ထိုသတ္တဝါ၏ အတုလိုက်၍ အခြားသော သတ္တဝါတို့လည်း မြေဆီကိုစားဏ်။ ထိုအခါ ထိုသတ္တဝါတို့အား တပ်ခြင်းတဏှာ ဖြစ်ဏ်။ ကိုယ်ရောင်ကွယ်သွားကြဏ်။ ထိုအခါ လနှင့် နေတို့ ပေါ်လာကြသည်။ လနှင့် ပက္ခ၊ ဥတုနှင့် နှစ် ဟူ၍ သိလာရသည်။ (တစ်ဖန်) မြေပါးပျဉ်းနှင့် တူသည့် မြေအပေါ်လွှာ ပေါ်လာသည်။ သတ္တဝါတို့သည် ထိုမြေလွှာကို စားကြဏ်။ (တစ်ဖန်) ပဒါလတာခေါ် နွယ်ချို ပေါ်လာသည်။ သတ္တဝါတို့သည် ပဒါလတာခေါ် နွယ်ချိုကို စားကြလေဏ်။

(တစ်ဖန်) မထွန်ရ မစိုက်ရသော သလေးဆန်ကို အချိန်ကာလကြာမြင့်စွာအထိ စားသုံးကြလေသည်။ အချင်းချင်း စူးစိုက်၍ ကြည့်ရှုသောအခါ (မိန်းမ၊ ယောကျ်ား တို့၌) ရာဂ ဖြစ်ပေါ်လာလေသည်။ သူတို့သည် မေထုန်မှီဝဲကြလေသည်။ ထိုအခါ မေထုန်အကျင့်ကို ပြုကျင့်သူတို့ကို တွေ့ရသောအခါ ထိုသူတို့အား အချို့က မြေမှုန့်ဖြင့် ပစ်ကြသည်။ အချို့က ရွံ့ဖြင့် ပေါက်ကြသည်။ အချို့က နွားချေးဖြင့် ပေါက်ကြသည်။

'ထွက်သွားလော့ သူယုတ်၊ ထွက်သွားလော့ သူယုတ်။ သတ္တဝါတစ်ဦးက အခြားသတ္တဝါတစ်ဦးကို အဘယ်ကြောင့် ဤသို့ ပြုလုပ်ရသနည်း'၊ ထိုသို့ပင် ယခုခေတ်တွင်လည်း အချို့သော ဒေသတို့၌ သတို့သမီးကို ယူဆောင်သွားသည့်အခါ၌ လူတို့သည် မြေမှုန့်ဖြင့် ပစ်ကြသည်။ ဤကား ထိုရှေးအကြောင်းကို သတိရပြီး ပြုခြင်းဖြစ်ဏ်။

သို့ရာတွင် ထိုအချက်၏ အဓိပ္ပာယ်ကို မသိရှာကြကုန်။ ထိုအချိန်သမယက အဓမ္မဟု မှတ်ထင်ထားသည့် အရာကို ယခု ဓမ္မဟု မှတ်ထင်ကြသည်။

တစ်ဖန် အိုးအိမ် တည်ထောင်ကြလေသည်။ ထိုအခါ အဟျင်းထူသူ သတ္တဝါတစ်ဦး၏ စိတ်ထဲတွင် ဤသို့ အကြံပေါ်လာလေသည်။ 'မနက်ရော၊ ညရော နှစ်ချိန်စလုံး သလေးဆန်ကို သွားသွားယူရသည့် ဒုက္ခကို ဘာဖြစ်လို့ခံနေမည်နည်း။ မနက်ရော ညရော နှစ်ချိန်စလုံးစာ အတွက် သလေးဆန်ကို တစ်ခါတည်း ယူလာခဲ့ရလျှင် ကောင်းမည်' ထိုသတ္တဝါသည် တစ်ကြိမ်တည်းသာလျှင် ယူလာခဲ့လေသည်။ ထိုအခါ အခြားသတ္တဝါတစ်ဦးက ထိုသတ္တဝါအထံသို့ သွားပြီး ပြောသည်။

'လာ ငါတို့ သလေးဆန် သွားယူကြမည်'

'အို သတ္တဝါ၊ ငါ တစ်ခါတည်း ယူလာခဲ့ပြီ'ဟု ပြောလေ၏။

ထိုအခါ ဤသတ္တဝါကလည်း တစ်ကြိမ်တည်း သလေးဆန်ကို ယူလာခဲ့လေ၏။ တတိယသတ္တဝါလည်း ထိုသူ၏ အတုကိုယူပြီး လေးရက်စာအတွက် တစ်ကြိမ်တည်း ယူလာခဲ့လေ၏။ ရှစ်ရက်စာအတွက် တစ်ကြိမ်တည်း ယူလာ၏။

ထိုအချိန်မှ အစပြု၍ သတ္တဝါသည် (မိမိတို့ အသီးသီး အတွက်) သလေးဆန်ကို တစ်နေရာတွင် သိုမှီး၍ စားကြလေသည်။ (သူတို့၏အပြစ်ကြောင့်) ဆန်၏အပေါ်တွင် ဖွဲဖုံးလာလေ၏။ တစ်ခါ နုတ်ယူလိုက်သည့်အခါ တစ်ဖန် ပြန်ပြီးပေါက်မလာသဖြင့် နေရာသည် လပ်သွားလေ၏။ သလေး (လယ်ခင်းလည်း) အပိုင်းပိုင်း ဖြစ်သွားလေသည်။

ထိုအခါ သတ္တဝါတို့သည် စုဝေးကြပြီး ညည်းတွားကြကုန်သည်။

'ငါတို့ သတ္တဝါများ၌ မကောင်းမှုများ ထင်ရှားဖြစ်ပေါ်လာလေပြီ'

သူတို့သည် သလေး(လယ်ကွင်း)ကို ခွဲဝေယူကြပြီး သလေး(လယ်) ကန်သင်းများ ဖို့လိုက်ကြသည်။

ထိုအခါ လောဘကြီးသော သတ္တဝါတစ်ဦးသည် မိမိ၏ အဖို့အစုကို စောင့်ရှောက်ထားပြီး တခြားသူများ၏ အဖို့အစုကို ခိုးရှိ စားလေ၏။ ထိုသူကို အများက ဖမ်းပြီး ပြောကြသည်။

'အို.. သတ္တဝါ၊ သင်သည် မကောင်းမှုကို ကျူးလွန်သည်။ နောက်တစ်ဖန် ဤကဲ့သို့ မလုပ်နှင့်'

နှစ်ကြိမ်မြောက်လည်း၊ သုံးကြိမ်မြောက်လည်း လူတို့သည် ဖမ်းရှိ ပြောကြသည်။

'အို..သတ္တဝါ၊ သင်သည် မကောင်းမှုကို ကျူးလွန် ပြုလုပ်သည်'

ထို့နောက် အချို့က သူ့ကို လက်နှင့် ရိုက်ကြသည်။ အချို့က ခဲဖြင့် ပေါက်ကြသည်။ အချို့က တုတ်ဖြင့် ရိုက်ကြသည်။ ထိုမှ နောက်တွင် ခိုးခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ မုသားပြောဆိုခြင်း၊ အပြစ်ဒဏ်ပေးခြင်းများ ပေါ်ပေါက်လာလေ၏။

ထိုအခါ ထိုသတ္တဝါတို့သည် စုဝေးပြီးလျှင် ပြောကြသည်။

'သတ္တဝါတို့၌ မကောင်းမှု၊ မတရားမှု ပေါ်ပေါက်လာကုန်ပြီ။ ထို့ကြောင့် လာကြ၊ ငါတို့သည် ငါတို့၏ ကဲ့ရဲ့ရှုတ်ချဖွယ်အလုပ်ကို ကဲ့ရဲ့ရှုတ်ချမည်၊ သင့်လျော်သည့်အလုပ်ကို ညွှန်ပြမည်၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်မည့် သတ္တဝါတစ်ဦးကို ရွေးကောက်တင်မြှောက်ကြစို့။ ငါတို့သည် ထိုသူအား ငါတို့၏ သလေးစပါးမှ အစုခွဲဝေပေးမည်'

ထိုအခါ သတ္တဝါတို့သည် သူတို့အထဲမှ အဆင်းအလှဆုံးဖြစ်သော၊ ရှုချင်စဖွယ်အကောင်းဆုံးဖြစ်သော၊ စွမ်းရည်သတ္တိ အရှိဆုံးဖြစ်သော သူ၏အထံသို့ သွား၍ ပြောကြားသည်။

'အို..သတ္တဝါ၊ သင်သည် တော် မတော်ကို မှန်ကန်စွာ ညွှန်ကြားဆုံးမလော့။ ရှုတ်ချကဲ့ရဲ့ဖွယ် အလုပ်ကို ရှုတ်ချကဲ့ရဲ့လော့။

သင့်လျော်သည့် အလုပ်ကို ပြောကြားလော့။ နှင်ထုတ်ထိုက်သူကို နှင်ထုတ်လော့။ ငါတို့သည် သင့်အား သလေးစပါး အစု ခွဲဝေပေးမည့် ထိုသတ္တဝါက 'ကောင်းပြီ'ဟု ဝန်ခံလိုက်လေ၏။

လူများစု(မဟာဇနေ)က သဘောတူတင်မြှောက်သောကြောင့် 'မဟာသမ္မတ'ဟု ခေါ်သည်။ ဤအမည်သည် သူ၏ ပထမအမည် ဖြစ်သည်။ လယ်မြေတို့၏ အဓိပတိဖြစ်ခြင်းကြောင့် 'ခတ္တိယ'ဟူသော ဒုတိယအမည် တွင်သည်။ တရားသဖြင့် သူတစ်ပါးတို့၏ နှစ်သက်မှုကို ပြုလုပ်သောကြောင့် 'ရာဇာ'ဟူသော တတိယအမည် တွင်လေ၏။

ဗုဒ္ဓ၏ အထက်ပါ ဟောပြချက်အရ ပြတ်ပြတ်သားသား သိရှိရသည်မှာ ဗုဒ္ဓ၏အလိုဌ် သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်း ပြုလုပ်ခြင်းနှင့် မြေယာကို ပုဂ္ဂလိကပိုင် ခွဲဝေယူခြင်းသည် မကောင်းမှု၊ သို့မဟုတ် အပြစ်ဖြစ်သည့်ပြင် နိမ့်ကျ ဆုတ်ယုတ်သွားခြင်း ဖြစ်၏ဟု ယူဆတော်မူလေ၏။

အချိန်ကာလ ရွှေလှားပြောင်းလဲလာသည်ဖြစ်၍ မကောင်းသည့်အချက်ကို အကောင်းဟု ထင်မှတ်နေကြခြင်း ဖြစ်သည်။ ပုဂ္ဂလိကပစ္စည်း သတ်မှတ်ထားရှိခြင်းသည် လူတို့အား မိမိတို့၏အပေါ် ၌ စိုးမိုးအုပ်ချုပ်ရန် ဘုရင် မထားဘဲ နေ၍ မဖြစ်အောင် ပြုမူဖန်တီးလိုက်လေသည်။

ဗုဒ္ဓသည် သံဃ(အဖွဲ့အစည်း)ကို ပုဂ္ဂိုလ်ထက် မြင့်မြတ်သာလွန်သည်ဟု အယူရှိတော်မူသည်။ ဗုဒ္ဓ၏အမြင်၌ သံဃ၏အကျိုးသည် ပုဂ္ဂိုလ်၏အကျိုးထက် အဆင့်အတန်းမြင့်လေသည်။ ယုတ်စွအဆုံး စားသောက်သုံးဆောင်ဖွယ် ပစ္စည်းဝတ္ထုနှင့် စပ်၍ပင် ပုဂ္ဂိုလ်ဆိုင်ရာထက် သံဃဆိုင်ရာက သာလွန်လေသည်။

တစ်ခါတုန်းက ဗုဒ္ဓ၏ မိထွေးတော် ဂေါတမီသည် သင်္ကန်းတစ်စုံကို ပေးလှူရင်း ဤသို့ ပြောသည်။

"ဤသင်္ကန်းအစုံကား အရှင်ဘုရားဖို့ ရည်မှန်းပြီး တပည့်တော် ကိုယ်တိုင်ဖြတ်၊ ကိုယ်တိုင်ချုပ်လုပ်သည့် သင်္ကန်းအစုံ အသစ်ဖြစ်ပါသည်။ ဤသင်္ကန်းကို လက်ခံတော်မူပါ"

ထိုအခါ ဗုဒ္ဓက ဤသို့ ပြန်ပြောသည်။

"ဂေါတမီ၊ သံဃာကို ပေးလှူလော့။ ထိုသို့ ပေးလှူလျှင် ငါ့ကို လည်းကောင်း၊ သံဃာကို လည်းကောင်း ပူဇော်သည် မည်လေတော့၏"

အတင်းထပ်ပြီး တောင်းပန်ပြန်သောအခါ ဗုဒ္ဓက "ငါသည် ပုဂ္ဂလိကဒါနကို သံဃိကဒါနထက် သာလွန်မြင့်မြတ်သည်ဟု မည်သည့်နည်းနှင့်မျှ မယူဆနိုင်" ဟူ၍ မိန့်တော်မူခဲ့သည်။

ထိုမျှသာမက အကျင့်သီလရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းကို လှူခြင်းထက် အကျင့်သီလမဲ့သူအများ(သံဃ)ကို ရည်ရွယ်၍ ပေးလှူခြင်းက အသချေ်ယ အပွမေယျ အကျိုးရှိနိုင်သည်ဟုပင် ဟောတော်မူခဲ့လေသည်။ (အကျယ်သိလိုမူ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ကြည့်ပါ။)

ဤနေရာ၌ ဗုဒ္ဓသည် မိမိကိုယ်မိမိ ပုဂ္ဂိုလ်တစ်ဦးဟု ယူဆပြီး ပုဂ္ဂိုလ်ထက် သံဃက မြင့်မြတ်၏ဟု ပြောပြီးလျှင် သင်္ကန်းကို သံဃာအား အလှူခိုင်းခြင်း ဖြစ်လေသည်။

ဗုဒ္ဓ၏အမြင် ဗုဒ္ဓ၏အယူအဆ၌ သံဃသည် မည်မျှလောက် အရေးကြီးသည်၊ တန်ဖိုးထားသည် ဆိုသည့်အချက်ကို ရဟန်းများအတွက် ပညတ်ထားခဲ့သည့် ဝိနည်းသိက္ခာပုဒ်များက ပြောပြလျက်ရှိပေသည်။ ၄င်းတို့အနက် အချို့ကို အောက်တွင် ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

'အကြင် ရဟန်းတစ်ပါးပါးသည် သံဃာ၏ ခုတင်ညောင်စောင်း၊ ခုံနေရာ၊ အိပ်ရာခင်း၊ ဖုံတို့ကို နေရာလပ်တွင် ခင်းပြီး၊ ခင်းစေပြီးလျှင် ထိုနေရာမှ ထသွားသောအခါ၌ သိမ်းလည်း မသိမ်းပေ၊ အသိမ်းလည်း မခိုင်းပေ၊ သို့မဟုတ် မမေးမမြန်း သွားလေ၏။ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်လေ၏။"

(ဝိနယပိဋကတ်၊ ဘိက္ခုပါတိမောက်)

'အကြင် ရဟန်းတစ်ပါးပါးသည် သိလျက်နှင့် သံဃ၏ လာဘ်လာဘကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လာဘ်လာဘအဖြစ် ပြောင်းလဲလိုက်၏။ ထိုရဟန်းသည် ပါစိတ်အာပတ်သင့်သည်။' (ဝိနယပိဋကတ်၊ ဘိက္ခုပါတိမောက်)

ဗုဒ္ဓသည် သူနှစ်သက်လိုလားတော်မူသည့် စီးပွားရေး သာတူညီမျှမှုဝါဒကို လူထုတစ်ရပ်လုံး၌ ဖြန့်ဖြူးရန် အားထုတ်တော်မမူခဲ့ပေ။ သူ၏ ရဟန်းသံဃာ

များ၌သာလျှင် ကျင့်သုံးလိုက်နာရန် သတ်မှတ်ထားတော်မူခဲ့လေသည်။ ရဟန်းသည် ပစ္စည်းရှစ်မျိုးသာလျှင် ပုဂ္ဂလိကပိုင်ပစ္စည်း အနေမျိုးဖြင့် ထားနိုင်လေသည်။ ထိုပစ္စည်း ရှစ်မျိုးကို ပရိက္ခရာရှစ်ပါးဟု ခေါ်သည်။

ထိုရှစ်မျိုးကား...

သပိတ်	၁
တိစီဝရိတ် (သင်္ကန်းသုံးထည်)	၃
အပ်	၁
သင်တုန်း	၁
ခါးပန်းကြိုး	၁
ရေစစ်	၁

ဤပစ္စည်းရှစ်မျိုး (ပရိက္ခရာရှစ်ပါး) မှတစ်ပါး အားလုံးသော ပစ္စည်းများသည် အများပိုင် သံဃာက ဖြစ်လေသည်။ ပုဂ္ဂိုလ်က ထိုပစ္စည်းများကို အစောင့်အရှောက် အဖြစ်ဖြင့်သာလျှင် သုံးစွဲပိုင်ခွင့် ရှိလေသည်။

ကိဋ္ဌာဂိရိ (ကာသီ)၌ သံဃာ၏ကျောင်းတိုက် ရှိလေသည်။ ထိုကျောင်းတိုက်မှ ရဟန်းများသည် ကျောင်းနှင့် ကျောင်းအသုံးအဆောင် ပစ္စည်းများကို ခွဲဝေယူကြလေ၏။ ထိုအကြောင်းကို ဗုဒ္ဓ ကြားသိရသောအခါ သူတို့အား-

'ဤအချည်းနှီး တန်ဖိုးမရှိသောသူများက သံဃာပစ္စည်း ဖြစ်သည့် ကျောင်းအသုံးအဆောင် ပစ္စည်းများကို ဘာကြောင့် ခွဲဝေယူရမည်နည်း။' (ကထံဟိ နာမ တောဘိက္ခဝေ မောဃပုရိသာ သံဃိကသေနာသနံ ဘာဇေဿန္တိ) [ဝိနယပိဋကတ်၊ စူဠဝါပါဠိတော်]

ဟူ၍ ကြိမ်းမောင်းတော်မူလေ၏။ ထို့နောက် ဤသို့ ဆက်၍ ကြေညာတော်မူလေ၏။

'ဤ ပစ္စည်းငါးမျိုးကို မခွဲဝေအပ်။ ခွဲဝေသော်လည်း ခွဲဝေရာ မမြောက်။ မခွဲဝေသည့်အတိုင်းပင် ဖြစ်၏။ ခွဲဝေသူ ရဟန်းသည် ထုလ္လစ္စည်းအာပတ် သင့်၏။ ထိုပစ္စည်းငါးမျိုးကား -

(၁) အရာမ် (ခြံဥယျာဉ်)နှင့် အရာမ်၏ အဆောက်အအုံ

(၂) ကျောင်းနှင့် ကျောင်းအဆောက်အအုံ
(၃) ခုတင်ညောင်စောင်း၊ ခုံ၊ ခေါင်းအုံး
(၄) သံ(ကြေး)အိုး၊ သံခွက်၊ သံအဖုံး၊ သံဒယ်၊ ပဲခွပ်၊ ပုဆိန်၊ ပေါက်တူး
(၅) မျောဝါး၊ ကျည်၊ မြက်၊ မြေ၊ သစ်သားအိုး၊ မြေအိုး။

ရဟန်း ကွယ်လွန်သွားသောအခါ ထိုရဟန်းပိုင် ပုဂ္ဂလိကပစ္စည်းရှစ်မျိုး အပေါ်၌ ထိုရဟန်း၏ တပည့်တပန်း မပိုင်ဘဲ သံဃာက ပိုင်ဆိုင်လေသည်။ အကယ်၍ မမာမကျန်းဖြစ်နေစဉ် တစ်စုံတစ်ဦးက ကောင်းမွန်စွာ ပြုစုနေခဲ့သည် ရှိသော် ဤသို့သော ဥပဒေစည်းကမ်း ရှိလေသည်။

"သေဆုံးသွားသော ရဟန်း၏ သပိတ်၊ သင်္ကန်း အရှင်သည် သံဃဖြစ်သည်။ အကယ်၍ လူမမာပြုစုသူသည် အလုပ်များစွာလုပ်ခဲ့သော် သံဃာသည် သင်္ကန်းသုံးထည်နှင့် သပိတ်ကို လူမမာပြုစုသူအား ပေးရမည်။

ခွဲဝေပေးပုံ ပေးနည်းကိုလည်း ဤသို့ မိန့်ကြားထားသည်။ ထိုလူမမာ ပြုစုသူသည် ရဟန်းသံဃာ၏ အထံသို့ သွား၍ ဤသို့ ပြောရမည်။

"အရှင်ဘုရား၊ ဤမည်သော အမည်နာမရှိသည့် ရဟန်းသည် သေဆုံးသွားပါပြီ။ ဤသင်္ကန်းသုံးထည်နှင့် သပိတ်သည် ထိုရဟန်း၏ပစ္စည်း ဖြစ်ပါသည်"

ထို့နောက် စွမ်းရည်ရှိသည့် ရဟန်းတစ်ပါးပါးက သံဃာကို ဤသို့ အကြောင်းကြားသည်။

"အလေးပြုအပ်သော သံဃာ၊ ကျွန်ုပ်၏စကားကို နားထောင်လော့။ ဤမည်သော အမည်နာမရှိသည့် ရဟန်းသည် ကွယ်လွန်သွားပြီ။ ဤသင်္ကန်းနှင့် သပိတ်သည် သူ၏ပစ္စည်းဖြစ်သည်။ အကယ်၍ သံဃာက သင့်တော်သည်ဟု ထင်ပါလျှင် သင်္ကန်းသုံးထည်နှင့် သပိတ်ကို ဤလူမမာပြုစုသူအား ပေးရန် ဖြစ်ပါသည်။ ဤကား အကြောင်းကြားခြင်း(ဥ)တို့ ဖြစ်၏"

ထို့နောက် မူလအဆိုကို ထားရလေသည်။

"အလေးအမြတ်ပြုအပ်သော သံဃာ။ ကျွန်ုပ်၏စကားကို နာကြားလော့။ ဤမည်သော အမည်နာမရှိသည့် ရဟန်းသည် သေဆုံးသွားပြီ။ ဤသင်္ကန်းနှင့် သပိတ်ကား သူ့ပစ္စည်းဖြစ်သည်။ သံဃာသည် ဤသင်္ကန်းနှင့် သပိတ်ကို ဤ

လူမမာပြုစုသူအား ပေးလေသည်။ အကြင်သူသည် သဘောတူ၏၊ ထိုသူသည် ဆိတ်ဆိတ်နေပါ။ အကြင်သူသည် သဘောမတူ၊ ထိုသူသည် ပြောပါ''

သံဃာ၏ရှေ့မှောက်၌ ဤသို့လျှင် အဆိုသုံးကြိမ် တင်သွင်းရသည်။ သုံးကြိမ်မြောက်အထိ အကယ်၍ တစ်စုံတစ်ဦးက ကန့်ကွက်လိုခဲ့သော် ကန့်ကွက်နိုင်လေသည်။ သဘောကွဲလွဲမှု ပေါ်ပေါက်လာလျှင် သဘောတူ မတူဟူ၍ ညွှန်ပြသည့် အရောင်နှစ်မျိုးရှိသော သစ်သားမဲပြားဖြင့် မဲဆန္ဒ ယူရလေသည်။ အကယ်၍ သုံးကြိမ်မြောက်အထိ သံဃတစ်ခုလုံးက ဆိတ်ဆိတ်နေလျှင် အဆိုကို သဘောတူပြီဖြစ်ကြောင်း ဤသို့ ကြေညာရလေ၏။

''သံဃာသည် ဤအဆိုကို သဘောတူသည်ဖြစ်၍ ဆိတ်ဆိတ်နေသည်ဟု ကျွန်ုပ် နားလည်ပါသည်''

လူမမာပြုစုသူ ရဟန်းသည် ထိုသင်္ကန်းသုံးထည်နှင့် သပိတ်ကို ရခြင်းကြောင့် ပုဂ္ဂလိကပစ္စည်း တိုးပွားမသွားပေ။ ပစ္စည်းအသစ်ကို လက်ခံလျှင် ထိုလက်ခံသူသည် ရှိရင်းစွဲ ပစ္စည်းအဟောင်းကို သံဃာပိုင်ပစ္စည်း ဘဏ္ဍာအဖြစ် ထားလိုက်ရလေ၏။ (အကျယ်ကို သိလိုမှု ဝိနယပိဋကတ် စူဠဝါပါဠိတော်၌ ကြည့်ပါ)

ဗုဒ္ဓသည် ဤသို့လျှင် စည်းရိုးခြားထားသည့် နယ်ပယ်တစ်ခုဖြစ်သော ရဟန်းသံဃာဘောင်အတွက် သာတူညီမျှမှုဝါဒ (ဝါ) သံဃိကဝါဒကို ချမှတ်တီထွင်ပေးသွားတော်မူခဲ့လေ၏။

သို့ရာတွင် ရာစုတစ်ခုမှ မကုန်ဆုံး မကျော်လွန်ခင်ပင် ရဟန်းတို့၏ အထဲ၌ ပုဂ္ဂလိကပစ္စည်းများ တိုးပွားများပြားလာခဲ့လေသည်။ ယခုခေတ်တွင်မူကား သံဃိကပစ္စည်းစနစ်မှာ ကွယ်သလောက်ပင်ရှိပြီး အမည်နာမမတ္တမျှလောက်သာ ကျန်ရှိတော့၏။ ဤ တူညီမျှတမှုဝါဒ၊ ဤ သံဃိကဝါဒ မအောင်မြင်ခြင်းကို ရာဟုလာသံဂီစွည်းက အကြောင်းနှစ်မျိုးပြပြီး ပြောပြထားလေသည်။

တစ်ကြောင်းမှာ ထုတ်လုပ်မှု တူညီခြင်း မရှိဘဲ ဓေဌမှုသက်သက်သာလျှင် တူညီခြင်းရှိသော ဗုဒ္ဓ၏ တူညီမျှတမှုဝါဒသည် စီးပွားရေးစနစ်က ဖန်တီးပေးသည့် ထိုခေတ် ကျွန်စနစ်နှင့်တကွသော ပဒေသရာဇ်ဝါဒီ လူလောကအခြေအနေနှင့် မဟပ်မိဘဲ ရှိနေခြင်း ဖြစ်လေသည်။

ထို့ပြင် တစ်ကြောင်းမှာလည်း လူ့လောကတစ်ခုလုံးက ပုဂ္ဂလိကဝါဒီ ဖြစ်နေသောကြောင့် ထိုလူ့လောက၏ သေးငယ်သော အစိတ်အပိုင်း တစ်ခု၌ ကွက်ပြီး တီထွင်ထားသော သံယဝါဒမှာ အောင်မြင်ဖို့ရန် ခဲယဉ်းလှလေ၏။

အထက်ပါတို့မှာ သံယိကစနစ်နှင့် စပ်လျဉ်း၍ ဗုဒ္ဓက မည်သို့ သဘော ထားသည်ဆိုသည့်အချက်ကို ရေးသားဖော်ပြခြင်း ဖြစ်လေ၏။ မာ့ဂ်စ်ဝါဒနှင့် ဗုဒ္ဓဝါဒ၌ သဘောတူညီသော အချက်အလက်များ၊ ဆက်စပ်၍ ရကောင်းသည့် အစိတ်အပိုင်း များ များစွာ ရှိလေရာ ၄င်းတို့အနက် တစ်ခု အပါအဝင်ဖြစ်သော သံယိကစနစ် (၀၊) ဘုံစနစ် (၀၊) သာတူညီမျှမှုစနစ် အကြောင်းနှင့် စပ်လျဉ်းပြီးလျှင် ဗုဒ္ဓ၏ ထင်မြင်ယူဆချက်များကို ရေးပြခဲ့ပြီးလေပြီ။ ယခုတစ်ဖန် မာ့ဂ်စ်ဝါဒအရဖြစ်သော သာတူညီမျှမှု အဓိပ္ပာယ်ကို စာဖတ်သူများ ရေရေလည်လည် သိရှိနားလည်စေရန် ရေးပြလိုပေသည်။

ဆိုရှယ်လစ်ဝါဒ၊ သို့မဟုတ် ကွန်မြူနစ်ဝါဒသည် လူသားများအတွက် သာတူညီမျှမှုဟူသော ရည်မှန်းချက်ကို ထားလေသည်။ သာတူညီမျှမှုဟူသော ထိုရည်မှန်းချက်ကို အဓိပ္ပာယ် အမျိုးမျိုးအဖုံဖုံ ကောက်ကြသည်။ ဖောက်လဲဖောက် ပြန်လည်း တင်ပြကြသည်။ ဆိုရှယ်လစ်အုပ်ချုပ်ရေးကို ဆန့်ကျင်လိုသူများက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အရည်အချင်း နည်းသော်လည်း၊ သို့မဟုတ် လုပ်အား နည်းသော်လည်း လိုအပ်သည့်အရာများ ပြည့်စုံစွာရမည်ဆိုလျှင်၊ ထူးခြားသော အကျိုးကို ရဖို့ရန် မျှော်လင့်ချက်မရှိဘူးဆိုလျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူ၏စွမ်းရည်ရှိသမျှ အလုပ်ကို လုပ်ဖို့ရန် လုံ့လထုတ်ပါတော့မည်လော။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် ခက်ခဲသည့်အလုပ်၊ ဘေးမကင်းသည့်အလုပ်ကို ဘယ်မှာ လုပ်တော့မည်နည်း စသည်ဖြင့် အပြစ်တင်ကြပေသည်။

ဆိုရှယ်လစ် စီးပွားရေးစနစ်အရဖြစ်သော သာတူညီမျှမှု အဓိပ္ပာယ်ကို တိကျမှန်ကန်စွာ သိရှိနားလည်ရန်အတွက် လူတိုင်း လူတိုင်း မိမိလုပ်အား၏ ကျပ်ပြည့်အကျိုးကို တူညီစွာ ခံစားခွင့်ရှိရမည် ဟူသော ဆိုရှယ်လစ်ဝါဒ၏ သဘောတရားကို အထူးသဖြင့် သတိချပ်သင့်လေသည်။ ထိုသဘောတရား၏ ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်မှာ အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်

ထူးခြားသော လုပ်အားဖြင့် လည်းကောင်း၊ သို့မဟုတ် ထူးခြားသော လုပ်အားဖြင့် ရရှိအပ်သည့် အရည်အချင်းအားဖြင့် လည်းကောင်း လူ့လောကအတွက် အရေးပါ အရာရောက်သည့် အလုပ်တစ်ခုကို လုပ်ခဲ့သော် ထိုသူသည် သူ၏လုပ်အားနှင့် လျော်သော ကျေးဇူးကျေးကျွန်းကို ရထိုက်လေသည်။ ထိုလူသည် သာမန် အရည်အချင်း၊ သာမန်လုပ်အားဖြင့် လူ့လောကအတွက် အလုပ်လုပ်သူထက် ပို၍ အကျိုးကျေးဇူးကို ရရှိခံစားထိုက်သူ ဖြစ်သင့်သည်ဟု ဆိုလိုသည်။ ဆိုရှယ်လစ်လောကၨ် တူထုသည့်အလုပ်သမားထက် စက်ကိရိယာများကို တီထွင်ပြုလုပ်သည့် ပုဂ္ဂိုလ်က ပိုမို၍ အကျိုးကျေးဇူး၊ သို့မဟုတ် အခကို ရရှိရမည် ဖြစ်လေသည်။

ထိုသို့ဖြစ်မူ စီးပွားရေးသာတူညီမျှမှု ဘယ်လိုဖြစ်မည်နည်းဟု ပြဿနာပေါ်ထွက်လာနိုင်သည်။ အကယ်၍ လူတစ်ယောက်သည် သူ၏ လုပ်အား၏ အကျိုးဖြင့် မော်တော်ကားဝယ်စီးနိုင်ပြီး အခြားတစ်ဦးက ခြေကျင်လျှောက်သွားရသည်ဆိုလျှင် သာတူညီမျှမှု ဟုတ်နိုင်ပါမည်လောဟု စောဒက တက်လာနိုင်စရာ ရှိသည်။

ဆိုရှယ်လစ်ဝါဒအရ သာတူညီမျှမှု ဟူသည်မှာ ထိုပုဂ္ဂိုလ်နှစ်ယောက်သည် သူတို့လုပ်အား၏ ကျေးဇူးကျေးကျွန်းကို ရရှိနေကြလေသည်။ မော်တော်ကားဝယ်စီးသော သူသည် သူ၏ ထူးခြား၍ အသုံးဝင်သော လုပ်အား၏အကျိုးကို ရရှိနေခြင်း ဖြစ်သည်။ အခြား တစ်စုံတစ်ဦး၏ လုပ်အားအစိတ်အပိုင်းကို လုယူပြီး အမြတ်ထုတ်နေခြင်း မဟုတ်ပေ။ တူထုသည့် လူအတွက် ထားရှိအပ်သော သာတူညီမျှမှုနှင့် တရားမျှတမှု ဆိုသည်မှာ သူ့လုပ်အားအရ ကျေးဇူး ကျေးဇူး ရရှိခြင်းနှင့် ပညာရေးအားဖြင့် ကိုယ့်အရည်အချင်းကို တိုးတက်အောင် ပြုလုပ်နိုင်ခွင့် ရရှိခြင်းပင် ဖြစ်လေသည်။

အကယ်၍ ထူးခြားသော အရည်အချင်းဖြင့် လူ့လောကအတွက် အလုပ်လုပ်သည့် လူများနှင့် သာမန် မပြောပလောက်သည့် အရည်အချင်းဖြင့် အလုပ်လုပ်သည့် လူများအား လူ့လောကက တစ်မျိုးတည်း တစ်တန်းစားတည်းသော အကျိုးကို ပေးမည်ဆိုလျှင် လေထဲမှာ တိုက်အိမ်ဆောက်သည့် စိတ်ကူးယဉ်

တူညီမှုမျိုးဟု ဆိုရပေလိမ့်မည်။ ဤတူညီမှုမျိုးမှာ လက်တွေ့ အကောင်အထည် ဖော်၍ရမည့် တူညီမှုမျိုးလည်း မဟုတ်ပေ။ ဆိုရှယ်လစ်ဝါဒသည် လူတို့အား သာတူညီမျှသော အခြေအနေသို့ ရောက်အောင် ကြိုးစားသည်ဆိုခြင်းမှာ တူညီမျှတသော အခွင့်အရေးကို ပေးခြင်း ဖြစ်လေသည်။ လူအားလုံးကို ထုနှက်ပြီး သဘာဝ မကျဘဲ တူညီသွားအောင် ပြုလုပ်ခြင်း မဟုတ်ပေ။

ဆိုရှယ်လစ်ဝါဒအရ ပစ္စည်းဥစ္စာ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအခွင့် မရှိရဟူသော အဓိပ္ပာယ်မှာ မည်သည့်ပုဂ္ဂိုလ်မျှ ပန်းကန်ခွက်ယောက်၊ အိမ်ထောင်ပရိဘောဂ စသည့် ကိုယ်ပိုင်ပစ္စည်း အသုံးအဆောင်များကို မထားရဟု ဆိုလိုခြင်း မဟုတ်ပေ။ လူလောကခွဲ ပစ္စည်းထုတ်လုပ်မှုအတွက် မည်သို့သော ပင်ပန်းအားထုတ်မှုမျိုးကိုမျှ မပြုလုပ်သူတို့သည် တွေ့ရာလူဆီမှ တွေ့သမျှပစ္စည်းကို ခွဲဝေယူရမည်ဟု ဆိုလိုခြင်းလည်း မဟုတ်။ ဆိုရှယ်လစ်စနစ်၏ အခြေခံမှာ လူလောကအတွက် အလွန်လိုအပ်သည့် စည်းကမ်းဥပဒေများပင် ဖြစ်လေ၏။ ပထမဆုံး လူလောကအတွက် လိုအပ်သည့်အချက်မှာ မည်သည့်ပုဂ္ဂိုလ်မျှ ပစ္စည်းထုတ်လုပ်မှု၌ မပါဝင်ဘဲ မနေရပေ။ ဆိုရှယ်လစ်အုပ်ချုပ်ရေးသည် လူတိုင်း လူတိုင်းအား သူ၏ အရည်အချင်းအားလျော်စွာ အလုပ်ကို ပေးလိမ့်မည်။ မည်သူမျှ အလုပ်လက်မဲ့ နေ၍ မရပေ။ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း မိမိ နှစ်သက်ဝါသနာပါသည့် လုပ်ငန်းနှင့် ကိုက်ညီသော အရည်အချင်းရှိသူ ဖြစ်အောင် ပြုလုပ်နိုင်ရန်အတွက် တူညီသည့်အခွင့်အရေး ရှိရမည်။ ထိုသို့ ဖြစ်ရန်အလို့ငှာ အစိုးရက လူအားလုံးအတွက် သင့်လျော်လျောက်ပတ်သော ပညာသင်ကြားရေးကို စီစဉ်ပေးလိမ့်မည်။ အမျိုးမျိုးအပြားပြားသော ပညာသင်ကြားရေး လွယ်ကူမှုများသည် အားလုံးအတွက် တစ်ချိုးတည်း တညီတညာတည်း ဖြစ်လိမ့်မည်။ လုပ်ငန်းတစ်ခုကို လုပ်ကိုင်နေလင့်ကစား အားလပ်သည့် အချိန်သမယများ၌ ထိုလုပ်ငန်းထက် အဆင့်အတန်းသာလွန်သော လုပ်ငန်းအတွက် ပညာ လွယ်ကူစွာရယူနိုင်မှု လူတိုင်းတွင် ရှိပေလိမ့်မည်။

လက်တွေ့ အလုပ်သဘောအားဖြင့် ဆိုရှယ်လစ်ဝါဒ၌ သာတူညီမျှမှု၏ အဓိပ္ပာယ်ဆိုလိုရင်းမှာ အခွင့်အလမ်း တူမျှခြင်းနှင့် မိမိလုပ်အား၏ ကျပ်ပြည့်အကျိုး

ခံစားခွင့် တူမျှခြင်းဖြစ်လေ၏။ အခွင့်အလမ်းတူမျှခြင်း ဆိုရာ၌ အသက်မွေးဝမ်းကျောင်းမှုအတွက် လူတိုင်း လူတိုင်း အလုပ်လုပ်ဖို့ အခွင့်အလမ်းရရှိခြင်း၊ လူတိုင်း လူတိုင်းအတွက် အရည်အချင်းရရှိရေးနှင့် တိုးတက်ရေးအတွက် တူမျှသော အခွင့်အလမ်းရှိခြင်းတို့ ဖြစ်လေ၏။ မိမိ ကြိုးပမ်းအားထုတ်သည့် လုပ်အား၏ ကျေးပြည့်အကျိုးကျေးဇူးကို ရရှိခံစားနိုင်ရန် အခွင့်ကို ဆိုရှယ်လစ်ဝါဒသည် လူတိုင်းအားတူညီမျှတစွာ ပေးလေ၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သူ့လုပ်အား၏ ကျေးပြည့်အကျိုးကျေးဇူး ဆုံးရှုံးလက်လွတ်စေခြင်းကို ဆိုရှယ်လစ်ဝါဒက မတရားဟု ယူဆထားသည်။

လူ့လောကစ်ပ်ပေါ်တွင် အခြေအနေခ်ိ ်ားလုံးသော သူတို့သည် တစ်မျိုးတည်းသော အားထုတ်မှု၊ တစ်ခုတည်းသော အလုပ်မျိုးကို မလုပ်ကြပေ။ လုပ်လည်း မလုပ်နိုင်ပေ။ သို့ဖြစ်၍ လူတိုင်း လူတိုင်းသည် မိမိ ကြိုးပမ်းမှု၏ ကျေးပြည့် အကျိုးကျေးဇူးကို ရသင့်သည်ဟု ဆိုရာ၌ သူတို့ကြိုးပမ်းမှု၏ အကျိုးမတူညီစေကာမူ အားလုံး တူညီသောအကျိုးကို ရရှိမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ချက် မထားသင့်ပေ။

ကျွန်ုပ်တို့ တောင့်တရမည့်အချက်မှာ လူတိုင်း လူတိုင်းသည် သူနှင့် လျောက်ပတ်သည့် အလုပ်ကို လုပ်ခွင့်ရဖို့နှင့် သူလုပ်သည့် အလုပ်၏ ကျေးပြည့်အကျိုးကို ရရှိဖို့ပင် ဖြစ်လေ၏။ လူတိုင်း လူတိုင်း မိမိကြိုးပမ်းမှု၏ ကျေးပြည့်အကျိုးကျေးဇူး ရရှိခြင်းတည်းဟူသော တူမျှသော အခွင့်အလမ်း ရှိခြင်းသည်ပင်လျှင် တရားမျှတမှုဟု ခေါ်ဆိုအပ်သည့် သာတူညီမျှမှု ဖြစ်လေ၏။

သို့ဖြစ်၍ မာ့က်စ်ဝါဒ၏ အလိုအရ သာတူညီမျှမှု၏ အဓိပ္ပာယ်မှာ ' လူတိုင်း လူတိုင်းအတွက် တူညီသော တိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်း ရှိခြင်းနှင့် လူတိုင်း လူတိုင်း ကိုယ့်ကြိုးပမ်းမှု ကိုယ့်လုပ်အား၏ အကျိုးအပေါ်၌ မျှတသော သဘောအားဖြင့် ပိုင်ဆိုင်ခွင့်ရှိခြင်း ' ပင် ဖြစ်လေ၏။

ဤကဲ့သို့သော စနစ်၊ ဤကဲ့သို့သော အခြေအနေမျိုးသည် ကုန်ပစ္စည်းထုတ်လုပ်သည့် ကိရိယာပစ္စည်းများ လူ့လောကရှိ လူအားလုံးပိုင် ဘုံဆိုင်ဘဝသို့ ရောက်သည့် အချိန်ကျမှသာလျှင် ဖြစ်နိုင်လေသည်။ ထိုအခြေအနေမျိုး၌ မိမိ

အသက်မွေးဝမ်းကျောင်းမှ အခွင့်အလမ်းကို ရရှိရန်အတွက် ပုဂ္ဂိုလ်တစ်ဦးသည် အခြား ပုဂ္ဂိုလ်များ၏ အပေါ်၌ မှီခိုမနေရပေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြား ပုဂ္ဂိုလ်များအား အလုပ်လုပ်ခိုင်းပြီး ၄င်းတို့၏ အစိတ်အပိုင်းကို မိမိ၏ အမြတ်အကျိုးအတွက် သိမ်းပိုက်ယူငင်ခွင့် မရှိရပေ။ လူ့လောက၌ ကုန်ပစ္စည်းကို အမြတ်အစွန်းဟူသော ရည်ရွယ်မှုနှင့်ထားချက်အားဖြင့် မထုတ်လုပ်ဘဲ လူ့လောက၏ လိုအပ်သည့်အရာကို ဖြည့်တင်းရန်ဟူသော သဘောထားဖြင့် ထုတ်လုပ်ရလေသည်။ ကုန်ထုတ်လုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှ ပစ္စည်းကိရိယာများ၏ အပေါ်၌ ပိုင်ဆိုင်မှု မရှိလျှင် ဘယ်သို့သော သာတူညီမျှမျိုးမျှ မဖြစ်နိုင်ပေ။

'လူအားလုံး မိမိတို့ကြိုးပမ်းမှု လုပ်အား၏ ကျေးဇူးအကျိုးကို ရရှိသော်လည်း မတူညီ မမျှတမှုသည် ရှိမြဲ ရှိနေပေလိမ့်မည်။ အကြောင်းသော်ကား အားလုံးသော လူတို့သည် တူမျှသော သဘောအားဖြင့် အလုပ်လုပ်ခြင်းငှာ မစွမ်းနိုင်' ဟု မာ့က်စ်ဝါဒ ဆန့်ကျင်ရေးသမားများက အပြစ်တင်ချင်ကြသည်။

ဆိုရှယ်လစ်အုပ်ချုပ်ရေး၌ ကိုယ့်လုပ်အား၏ အကျိုးတရားကို ကျေးဇူး ရရှိသော်လည်း မည်သို့ မည်ပုံ မတူညီ မမျှတမှုမျိုးဖြစ်မည် ဟူသည့်အချက်ကို ပြတ်သားသွားစေရန်အတွက် မာ့က်စ်ဝါဒသည် ၄င်းတို့အား လက်ရှိ လူ့လောက၌ ထင်ရှားရှိနေသော မတူညီ မမျှတမှုများ၏ အကြောင်းရင်းများဆီသို့ အာရုံစူးစိုက်စေလေ၏။

ပထမအချက်မှာ ဆိုရှယ်လစ်ဝါဒ၌ အလုပ် ကြိုးပမ်းလုပ်ကိုင်သူများ ကိုယ်တိုင်သည် ကုန်ပစ္စည်းထုတ်လုပ်သော ပစ္စည်းကိရိယာများ၏ပိုင်ရှင် ဖြစ်လေသည်။ သူတို့ ထုတ်လုပ်သမျှ ပစ္စည်းတို့မှာ သူတို့၏ အသုံးအတွက်သာလျှင် ဖြစ်ရမည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သူတို့တစ်တွေ ထမင်းငတ်မှာ၊ အဝတ်မဝတ်ရမှာ မပူရသည့်ပြင် ဤလယ်သမားနှင့် အလုပ်သမားတို့၏ လုပ်အားအစိတ်အပိုင်းကို လုယူပြီး အရင်းရှင်များ စုဆောင်းသိမ်းထားသည့် မရေတွက်နိုင်သော စည်းစိမ်ဥစ္စာများသည်လည်း ထို အလုပ်ကြိုးပမ်းလုပ်သူများ၏ အသုံးအတွက် ဖြစ်လာရလိမ့်မည်။

အလုပ်သမားများ၊ လယ်သမားများသည် သူတို့အတွက် လိုအပ်သော

အရာကို ဖြည့်တင်းရန် ဤမျှများပြားသော ကြေးငွေနေကို ရမည်ဆိုလျှင် သူတို့၏ အဝယ်အင်အားသည် တိုးတက်လာမည့်ပြင် အားလုံးသော လုပ်ငန်းများ၌ အလုပ် လုပ်နေကြသူတို့သည် ပစ္စည်းဝယ်ယူများကို ထုတ်လုပ်သူများနှင့် ပစ္စည်းချင်းဖလှယ်၍ မိမိတို့ အသုံးပြုရန်အတွက် များစွာသော ပစ္စည်းဝယ်ယူကို ရနိုင်ပေလိမ့်မည်။ အရင်းရှင်များဆီသို့ ရောက်ရောက်သွားရသော အလုပ်သမားနှင့် လယ်သမားတို့ ကြိုးပမ်းမှု အစိတ်အပိုင်းကြီးများသည် အရင်းရှင်များဆီသို့ ရောက်မသွားတော့ဘဲ အလုပ်သမားနှင့် လယ်သမားတို့၏ အခြေအနေသည် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ကောင်းမွန်လာပေလိမ့်မည်။

ဥပမာအားဖြင့် ပြောရလျှင် ရုရှားပြည် ဆိုရှယ်လစ်အုပ်ချုပ်ရေး၌ သာမန်လူတန်းစားတို့၏ စီးပွားရေး တိုးတက်နေမှုကို ဆိုရှယ်လစ်စနစ်အရဖြစ်သော ကျုပ်ပြည့်တိုးတက်မှုဟု ယခု မဆိုနိုင်သေးသော်လည်း ဆိုရှယ်လစ်အုပ်ချုပ်ရေး စခန်းကနှင့်စာလျှင်၊ သို့မဟုတ် ဂဘုရင် အုပ်စိုးစဉ်ကနှင့်စာလျှင် ရုရှားအလုပ်သမားများ၏ အခြေအနေသည် အဆများစွာ တိုးတက် ကောင်းမွန်လာလေပြီ။ လယ်သမားများ၏ အခြေအနေမှာမူ ထို့ထက်ပင် သာလွန် ကောင်းမွန်လာခဲ့လေ၏။

ထို့ထက် အရေးကြီးသော အချက်မှာ အမေရိကန်၊ အင်္ဂလန် စသော အရင်းရှင်နိုင်ငံများ၌ အလုပ်သမားများ၏ ဘဝအခြေအနေသည် တဖြည်းဖြည်း လျှောကျနိမ့်ဆင်းလျက် ဆိုရှယ်လစ်နိုင်ငံများ၌မူ တစ်စ တစ်စ တိုးတက်ပြောင်းလဲ၍ နေလေသည်။ ဆိုရှယ်လစ်နိုင်ငံများ၌ အလုပ်သမားများ၏ အခွင့်အရေးမြင့်လာခြင်း၊ အလုပ်သမားများ၏ စီးပွားရေးအခြေအနေ တိုးတက်လာခြင်းနှင့် အရင်းရှင်နိုင်ငံများ၌ အလုပ်သမားများ၏ အခွင့်အရေး နိမ့်ကျလာခြင်း၊ အလုပ်သမားများ၏ စီးပွားရေးအခြေအနေ ဆုတ်ယုတ်လာခြင်းတို့သည် လူ့လောက ကောင်းစားရေးအတွက် ဝါဒနှစ်ရပ်၏ သဘောထားတို့ကို ထင်ရှားပြတ်သားစွာ ဖော်ပြလျက် ရှိပေသည်။

လူ့လောက၌ များစွာသော အလုပ်တို့မှာ အလုပ်ကြမ်းလည်းဖြစ်သည်။ နှစ်သက်လိုလားဖွယ်လည်း မဟုတ်ပေ။ အချို့ အလုပ်မှာမူ လွယ်ကူသက်သာပြီး နှစ်သက်လိုလားဖွယ်လည်း ဖြစ်ပေ၏။ အရင်းရှင်စနစ်၌ ဆန်းကြယ်သည့်အချက်

မှာ လိုလားနှစ်သက်ဖွယ် မဟုတ်သည့် အလုပ်ကြမ်းကို လုပ်သူများမှာ လုပ်အား၏ အကျိုး (လုပ်ခ) နည်းနည်းရပြီး သက်သာလွယ်ကူပြီး နှစ်သက်လိုလားဖွယ် အလုပ်တို့ကို လုပ်သူများက လုပ်အား၏အကျိုး (လုပ်ခ) များများရလေသည်။ အရင်းရှင်လူလောကၦ လုပ်ငန်းတစ်ခုတွင် အလုပ်သမား မည်မျှလိုသည်၊ ထိုအလုပ်ကို လုပ်နိုင်သူ အလုပ်သမားဦးရေ မည်မျှရှိသည်ဆိုသည့် အချက်ကို ကြည့်ပြီး လုပ်ခကို ဆုံးဖြတ်လေသည်။ အကယ်၍ အလုပ်လုပ်နိုင်သူဦးရေ လိုသည်ထက် နည်းနေမည်ဆိုလျှင် လုပ်ခ၊ သို့မဟုတ် လခ များများ ရရှိပေလိမ့်မည်။

အကယ်၍ လုပ်ခ အလိုရှိသူတို့၏ ဦးရေ များနေမည်ဆိုလျှင် သူတို့သည် လုပ်ခ အရနည်းပေလိမ့်မည်။ ကျွန်ုပ်တို့ အရင်းရှင်လူလောကၦ အထက်တန်းကျသည့် အလုပ်အတွက် အရည်အချင်းနှင့် ပညာရှိဖို့ အခွင့်အလမ်းသည် အနည်းငယ်မျှသော လူတို့လက်တွင်းၦသာလျှင် ရှိလေသည်။

သို့ဖြစ်၍ ထိုကဲ့သို့သော အထက်တန်းကျသည့် အလုပ်အတွက် အရည်အချင်းရှိနေသူ ဦးရေ နည်းပါးနေခြင်းကြောင့် ၄င်းတို့သည် လုပ်ခကို ဖောဖောသီသီ ရရှိနေကြခြင်း ဖြစ်လေ၏။

အလုပ်သမား လူတန်းစားတို့၏ ဦးရေပေါင်းများစွာသည် ပညာနှင့် အရည်အချင်းကို ရရှိနိုင်ရန် အခွင့်အလမ်း မရှိသောကြောင့် လခအရနည်းသည့် အလုပ်ကြမ်းကို မလုပ်ချင်ဘဲ လုပ်ကြရလေသည်။ အကြောင်းမူကား ၄င်းတို့အတွက် ဤကဲ့သို့သော အလုပ်မျိုးမှတစ်ပါး အခြားလုပ်စရာ မရှိတော့ပေ။ ဆိုရှယ်လစ် အုပ်ချုပ်ရေးစနစ်ၦ လူတိုင်း လူတိုင်းသည် အကယ်၍ အလိုရှိပါမူ အထက်တန်းပညာနှင့် အရည်အချင်းကို ရယူနိုင်ခွင့် ရှိလေသည်။ အလုပ်သမားများ အတွက် အထက်တန်းကျသည့် အလုပ်ကို သင်ကြားနိုင်ဖို့နှင့် ပြုလုပ်နိုင်ဖို့ အခွင့်အလမ်း ရှိ၏။ အထက်တန်းကျသည့် အလုပ်ကို လုပ်နိုင်သည့် အရည်အချင်းရှိပါလျှက် အောက်တန်းကျသည့် အလုပ်ကို မလုပ်ချင် လုပ်ချင်နှင့် လုပ်ရသည့် အဖြစ်မျိုးလည်း မရှိပေ။

ယခုခေတ် အရင်းရှင်လူလောကၦ အရင်းရှင်သည် ဤမည်သော အလုပ်သည် စက်ကိရိယာဖြင့် ပေါပေါလုပ်၍ ရမည့် အလုပ်လော၊ သို့မဟုတ် အလုပ်

သမားတို့ဖြင့် ပေါပေါလုပ်၍ ရမည့်အလုပ်လော ဆိုသည့်အချက်ကို ကြည့်လေသည်။ ဥပမာအားဖြင့် လမ်းဖို့ရန်အတွက် အလုပ်သမားပေါပေါရသည့် နေရာတွင် အလုပ်သမားများက လမ်းဖို့သည့်အလုပ်ကို လုပ်သည်။ လုပ်ခ များများပေးရသည့် နေရာ၌မူ အင်ဂျင်စက်က လမ်းကို ဖို့လေသည်။

ဆိုရှယ်လစ် အုပ်ချုပ်ရေးစနစ်၌မူ လူလောကရှိ လူများ၏ အကျိုးအမြတ်သည် မည်သို့ မည်ပုံ ဖြစ်ထွန်းနိုင်သည်ဆိုသည့် အချက်ကိုသာ ကြည့်လေသည်။ အလုပ်သမားဦးရေ တိုးပွားများပြားလာခြင်းကြောင့် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သွားမည့် ပြဿနာမှာ ဆိုရှယ်လစ်ဝါဒ၌ ပေါ်မလာနိုင်ပေ။

မာ့က်စ်ဝါဒအရ ဆိုရှယ်လစ်ဝါဒ၌ရှိသော သာတူညီမျှမှု၏ ရည်မှန်းချက်မှာ လူတိုင်း လူတိုင်းသည် တိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများကို ရရှိရေးအတွက် တူညီသော အခွင့်အလမ်း ရှိရမည်။ လူတိုင်း လူတိုင်းသည် မိမိလုပ်အား၏ အကျိုးကို ကျေပ်ပြည့်ရရှိနိုင်ရန်လည်း တူညီသော အခွင့်အလမ်း ရှိရမည်။ ထို့ပြင် လူလောက၏ အုပ်ချုပ်ရေး၌ ပါဝင်ပြီး ကိုယ့်ကိုယ်ကိုယ် ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်လည်း ညီမျှစွာ ရှိရမည်။

ဗုဒ္ဓအာဘိဓမ္မာနှင့် မာ့က်စ်အာဘိဓမ္မာနှစ်ရပ်ကို ဆက်စပ်လေ့လာသောအခါ တွေ့မြင်သိရှိရသည့် တူညီမှု ဆင်တူမှုများအနက် တစ်ခု အပါအဝင်ဖြစ်သော သံယိုဇနစနစ် (၀၊) သာတူညီမျှမှုစနစ် (၀၊) ဘုံစနစ်အကြောင်းကို ရေးသားရင်းက စကားအလျှဉ်းသင့်၍ ဆိုရှယ်လစ်စနစ်၌ရှိသော သာတူညီမျှမှုကို အကျဉ်းချုပ်ရှင်းလင်းဖော်ပြခဲ့ပြီးလေပြီ။ ယခုတစ်ဖန် ကွန်မြူနစ်စနစ်၌ ရှိသော သာတူညီမျှမှုကို ရေးပြလိုပါသည်။

ပုဂ္ဂိုလ်အသီးသီးတို့၏ ဘဝတွင် တွေ့မြင်ရသော မတူမျှမှု၏ အမြစ်အရင်း၌ ပတ်ဝန်းကျင်အခြေအနေနှင့် အခွင့်အလမ်းတို့ကြောင့် ဖြစ်ပေါ်လာသည့် အင်အား၊ စွမ်းရည်၊ အရည်အချင်း မညီမျှမှုများ၊ မမျှတမှုများသည် အခြေခံနေကြပေသည်။ နာမ်ဝါဒီနှင့် အရင်းရှင်ဝါဒီတို့၏ အယူအဆ၌ ဤမညီမျှမှုများ၊ မမျှတမှုများကို ပယ်ရှားဖျောက်ဖျက်ပစ်၍ မရဟု ထင်မှတ်ထားကြလေသည်။ ဤမညီမျှမှု၊ မမျှတမှုများကို ၄င်းတို့က ဘုရားသခင်၏ ဆုံးဖြတ်သတ်မှတ်ချက်ဟု အယူ

ရှိကြလေသည်။ သို့ရာတွင် မာ့ဂ်စ်ဝါဒကမူ ဤမည်မျှမူများကို ပေါက်ဖွားဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင်အခြေအနေကို တွန်းလှန်ဖြိုဖျက်ပြီးလျှင် ဤမည်မျှမူများကို တစ်ဆင့်ထက်တစ်ဆင့် ပယ်ဖျောက်သွားရန် ရည်ရွယ်ချက်ထားလေ၏။ ဤမည်မျှမူများ၊ မမျှတမှုများ ရှင်းလင်းပျောက်ပျက်သွားမည့် အခြေအနေ၊ သို့မဟုတ် အဆင့်ကို မာ့ဂ်စ်ဝါဒက ကွန်မြူနစ်စနစ်ဟု ခေါ်လေသည်။

ကွန်မြူနစ်ဝါဒ၌ ပတ်ဝန်းကျင် အခြေအနေတို့ကြောင့် ဖြစ်ပေါ်လာသည့် ပုဂ္ဂလိက မည်မျှမူ၊ မမျှတမှုများကို စွမ်းနိုင်သမျှ ဖယ်ရှားဖျောက်ဖျက်ပြီးနောက် 'လူတိုင်း လူတိုင်း မိမိတို့၏ စွမ်းအားရှိသလောက် အလုပ်လုပ်ကိုင်၍ လူတိုင်း လူတိုင်း မိမိတို့ လိုအပ်သလောက် ပစ္စည်းဝတ္ထုများကို ရရှိမည်' ဟူသော ဝါဒအရ လူလောကကို ဖွဲ့စည်းတည်ဆောက်ပေလိမ့်မည်။ ယင်းသို့ တည်ဆောက်ဖို့ရန်အတွက် ပထမ လိုအပ်သည်မှာ တိုးတက်ကြီးပွားလာသော စက်မှုလက်မှုဖြင့် လူလောက၏ ကုန်ပစ္စည်းထုတ်လုပ်မှု စွမ်းအားကို ဖြစ်နိုင်သမျှ လူလောကအတွင်းရှိ လူတိုင်း လူတိုင်းအား လိုအပ်သောအရာများကို ဖြည့်တင်းပေးနိုင်လောက်အောင် ပြုလုပ်ဖန်တီးပေးရပေလိမ့်မည်။ ထိုအခြေအနေမျိုးသို့ ရောက်သောအခါ တိုးတက်ကြီးပွားလာသော ပစ္စည်းကိရိယာများနှင့် အခွင့်အလမ်းများကို ညီတူညီမျှ ရရှိကြသည် ဖြစ်၍ ပုဂ္ဂိုလ်အသီးသီးတို့၌ ရှိနေသော ပုဂ္ဂလိက အရည်အချင်းနှင့် စွမ်းအားတို့၏ အဆက်ဆက်က ဆင်းသက်လာခဲ့သည့် မည်မျှမူများသည် အဝေးသို့ လွင့်ရှားပျောက်ကွယ်သွားပေလိမ့်မည်။

လူတို့၌ရှိသော ကိုယ်ကာယဆိုင်ရာ အင်အား၊ အသိဉာဏ်တို့၏ မည်မျှမူများကို ပယ်ရှား ဖျောက်ဖျက်ပစ်သည့် နည်းလမ်းဥပါယ်တို့ကို မဆင်ခြင် မစဉ်းစားမီ ယင်းသို့ မည်မျှမူများ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို ဆင်ခြင်စဉ်းစားသင့်လေသည်။ ယင်းသို့သော မည်မျှမူများသည် ရှေးအတိတ်ကံကြောင့် ဖြစ်ပေါ်လာရသည်ဟု ထင်မှတ်ကြသူများအတွက် မာ့ဂ်စ်ဝါဒ၏ အဖြေမှာ 'ကံကို ပြုလုပ်ဖို့ရန် အခွင့်အလမ်းမှာလည်း ပတ်ဝန်းကျင်အခြေအနေ အားလျော်စွာသာလျှင် ရရှိလေ၏။ သို့ဖြစ်၍ ပတ်ဝန်းကျင် အခြေအနေသာလျှင် ပဓာနဖြစ်လေ၏' ဟူ၍ ဖြစ်၏။

ဆိုရှယ်လစ်ဝါဒသည် လူသားအားလုံးတို့အား ပညာအသိဉာဏ် ကျွန်းမာရေး တိုးတက်ဖွံ့ထွားမှု အခွင့်အလမ်းများကို မြှင့်တင်၍ တိုးတက်အောင် ကြိုးစားအားထုတ်လေသည်။ ကျွန်းမာသန်စွမ်းမှု နည်းသည် များသည်၊ ဉာဏ်ကောင်းသည် မကောင်းဘူး ဆိုသည်မှာ မွေးကတည်းက ပါလာသည့်အရာ ဖြစ်သည်ဟု ပြောနိုင်ပေသည်။ သို့ရာတွင် ယေဘုယျအားဖြင့် ဆင်းရဲသား သားသမီးများသည်သာလျှင် ကျွန်းမာသန်စွမ်းမှုနှင့် အသိဉာဏ်ချို့တဲ့ပြီး ပစ္စည်းရှိသည့် သားသမီးများ ကျွန်းမာသန်စွမ်းမှုနှင့် အသိဉာဏ်၌ သာလွန်နေသည်ကို တွေ့ရတတ်ပေ၏။ မာ့ဂ်စ်ဝါဒ၌ အားလုံးတူမျှသော အခွင့်အရေးကို ရရှိသောကြောင့် အသစ် မွေးဖွားပေါ်ပေါက်လာမည့် လူအဆက်များ၌ မွေးကတည်းက တွေ့လာရမည့် မညီမျှမှုများမှာ အလွန်နည်းပါးသွားပေလိမ့်မည်။ ထို့ပြင် လူအဆက် အနည်းငယ်အတွင်း၌ ညီမျှသော ပတ်ဝန်းကျင်အခြေအနေ၌ လူများ မွေးဖွားလာရမည်ဖြစ်သောကြောင့် ကျွန်ပ်တို့သည် လူများကို များသောအားဖြင့် အသိဉာဏ်နှင့် ကျွန်းမာသန်စွမ်းမှု ညီတူညီမျှ ရှိနေကြသည့်အဖြစ်ကို တွေ့ရပေလိမ့်မည်။

အကယ်၍ လူသည် တိရစ္ဆာန်တို့၏ အမျိုး၌ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်နိုင်စွမ်းလျှင် လူ၏အမျိုး၌လည်း တိုးတက်ကောင်းမွန်လာအောင် မပြုလုပ်နိုင်စရာ ရှိမည်မဟုတ်ပေ။ အားလုံးအတွက် ညီမျှသော အခွင့်အရေး ရရှိလျှင် အကန်း၊ အဆွံ့၊ သို့မဟုတ် ရှေ့နောရှိက်ကုန်းကလေးများ လုံးဝ မွေးဖွားလာတော့မည် မဟုတ်ဟု မာ့ဂ်စ်ဝါဒက မဆိုပေ။ တစ်ထောင် တစ်ယောက်ဆိုသလို ထိုကဲ့သို့ ကလေးများလည်း မွေးဖွားလာနိုင်သည်။ သို့ရာတွင် လူ့လောက၏ ထုံးတမ်း စည်းကမ်းသည် ထိုကဲ့သို့သော ကျပ်မပြည့်သူများ၏အပေါ်၌ အခြေတည်နေသည် မဟုတ်။ လူများစု၏ အခြေအနေကို စဉ်းစားဆင်ခြင်၍သာလျှင် ပြုလုပ်ဖန်တီးထားခြင်း ဖြစ်လေသည်။

အရင်းရှင်ဝါဒ၌ တိုးတက်ရာတိုးတက်ကြောင်း ဖြစ်သော သိပ္ပံပညာဆိုင်ရာ ပစ္စည်းကိရိယာများကို ရွေးချယ်သတ်မှတ်ထားသည့် ပုဂ္ဂိုလ်တစ်စုအတွက်သာလျှင် အသုံးပြုလေ၏။ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ဝါဒ၌မူ ဤပစ္စည်းကိရိယာများသည် လူအားလုံးအတွက် အသုံးပြုဖို့ ဖြစ်ရပေလိမ့်မည်။

'လူတိုင်း လူတိုင်း ကိုယ့်စွမ်းအားရှိသလောက် အလုပ်လုပ်ခြင်းအားဖြင့်

ကွန်မြူနစ်ဝါဒ၌ လိုအပ်သလောက် ပစ္စည်းဝတ္ထုများ ရရှိလိမ့်မည် ဟူသော မာ့ဂ်စ်ဝါဒ၏ ဝန်ခံချက်သည် လေထဲကတိုက်အိမ်ဖြစ်သည်။ ပစ္စည်းဝတ္ထုများကို ထုတ်လုပ်ခြင်း၌ အပိုင်းအခြား ဟူ၍ ရှိသည်။ ကုန်ပစ္စည်း ထုတ်လုပ်ခြင်းများကို ဘယ်အထိ တိုးချဲ့၍ ရမည်နည်း ဟု အရင်းရှင်များက ပြောဆိုကြလေသည်။

မာ့ဂ်စ်ဝါဒ၏ အဖြေကား ဤသို့ ဖြစ်သည်။ သိပ္ပံပညာနှင့် စက်များ၏ စွမ်းရည်သတ္တိ အပိုင်းအခြားသည် အလွန်ကျယ်ဝန်းလှလေသည်။ ကွန်မြူနစ်စနစ်ကို မတည်ထောင်မီ အတတ်ပညာနှင့် စက်ကိရိယာတို့၏ တိုးတက်မှုကို အစွမ်းကုန် ပြုလုပ်ရပေလိမ့်မည်။ ဘယ်အခြေအနေထိ ပြုလုပ်ရမည်နည်းဆိုလျှင် လုပ်အားအနည်းငယ်မျှဖြင့် ကုန်ပစ္စည်းအမြောက်အများ ထွက်လာနိုင်သည်အထိ တိုးတက်အောင် ပြုလုပ်ရပေမည်။

အရင်းရှင်ဝါဒ၌ ကုန်ပစ္စည်းထုတ်လုပ်မှုအတွက် သိပ္ပံပညာနှင့် စက်ကိရိယာကို ကုန်ပစ္စည်းများ ရောင်းချပြီး အမြတ်ထွက်ပေါ်လာသည် အထိသာလျှင် အသုံးပြုလေ၏။ ကွန်မြူနစ်ဝါဒ၌ ရောင်းဝယ်ဖောက်ကားမှု၊ အမြတ်အစွန်းရမှု ဟူသော ပြဿနာ မရှိရပေ။ ကုန်ပစ္စည်းများကို သုံးဖို့အတွက်သက်သက် ထုတ်လုပ်ခြင်းသာလျှင် ရည်ရွယ်ချက် ဖြစ်လေ၏။ အတတ်ပညာများ တိုးတက်ထွန်းကားလာမှုကြောင့် မည်သို့မည်ပုံ လူတိုင်း လူတိုင်း၏ လိုအပ်သောအရာများ ပြည့်စုံနိုင်သည်ဆိုသည့်အချက်၏ ပြယုဂ်ပုံစံကို သာမန်နေထိုင်မှု လူတို့၏ဘဝ၌ တွေ့မြင်သိရှိနိုင်လေသည်။

လျှပ်စစ်ဓာတ်မီးတီထွင်မှု မပေါ်ပေါက်ခင်က လူတိုင်း လူတိုင်းအတွက် မိမိတို့အိမ်၌ ညဉ့်အခါသမယတွင် ဓာတ်မီးကို ထွန်းဖို့ရန်မှာ မဖြစ်နိုင်ပေ။ ယခုခေတ် အခါ၌မူ ကျွန်ုပ်တို့သည် လမ်းကြီး လမ်းမငယ်များ၌ပင် ဓာတ်မီးအလင်းရောင်များကို တွေ့ရှိနိုင်ပေသည်။ ထိုလျှပ်စစ်ဓာတ်မီးကို ယခုထက်ပို၍လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နိုင်သေးသည်။ အထည်အလိပ် ပြဿနာကိုလည်း သိပ္ပံပညာက ဖြေရှင်းပေးလိုက်လေသည်။ ပထမတွင် ဝါဂွမ်းဖြင့်ပြုလုပ်သည့် အထည်အလိပ်များကို အပိုင်းအခြားမရှိ တိုးချဲ့ပေးနိုင်ခဲ့သည်။ ထို့ပြင် သိပ္ပံပညာသည် ဝါဂွမ်းနှင့် သိုးမွေးတို့ကဲ့သို့ပင် အထည်ရက်လုပ်နိုင်သည့် ပစ္စည်းမျိုးပေါင်း များစွာကိုလည်း ပြုလုပ်နိုင်ခဲ့လေ၏။

လင်းလွန်းခင်စာပေ

အရင်းရှင်ခေတ်၌ ဤကုန်လုပ်ကိရိယာ အားလုံးကို အသုံးမချကြပေ။ အကြောင်းမူကား အသင့်ပြုလုပ်ပြီးဖြစ်သည့် ကုန်ပစ္စည်းများကို ဝယ်ယူမည့်သူ ရှိမည်မဟုတ်သောကြောင့်တည်း။ အရင်းရှင်လူလောကၨ၌ ကုန်ပစ္စည်း ထုတ်လုပ်နိုင်သည့် စွမ်းရည်ပေါင်းများစွာကို ဖျက်ဆီးပစ်လေသည်။ အရင်းရှင်တို့သည် သူတို့၏ စက်ကိရိယာဟောင်းများကို လဲလှယ်လိုက်လျှင် စီးပွားရေး အမြတ်မထွက်မှာ စိုးသောကြောင့် သိပ္ပံပညာရှင်ပေါင်းများစွာတို့၏ အသစ်တီထွင် ပြုလုပ်ချက်များကို အသုံးမပြုပေ။ အရင်းရှင်တို့သည် အသစ် တီထွင်ပြုလုပ်သည့် သိပ္ပံပညာရှင်များ ထံမှ အသစ်တီထွင် ပြုလုပ်ချက်များကို ဝယ်ယူကြလေ၏။ အကြောင်းမူကား အခြားအရင်းရှင်များ ထိုအသစ်တီထွင်ချက်များကို အသုံးပြုပြီး စျေးၨ၌ ရှေ့သို့ တိုးတက်သွားမှာ စိုးရိမ်ကြသောကြောင့် ဖြစ်သည်။ ကုန်ပစ္စည်း ထုတ်လုပ်နိုင်သည့် စွမ်းရည်သတ္တိများသည် အရင်းရှင်လောကၨ၌ မည်သို့မည်ပုံ ပျက်စီးသွားသည် ဆိုသည့် အချက်ကို နယ်ချဲ့စနစ်ကလည်း သက်သေပြလျက် ရှိလေ၏။ အဏုမြူအင်အားကို ကြည့်ပါ။ အရင်းရှင်လူ့လောကၨ၌ အဏုမြူအင်အားကို အသုံးပြုနေခြင်းသည် အသစ်တီထွင်ချက်များကို မတရား အသုံးပြုခြင်း၊ ဖျက်ဆီးပစ်ခြင်း၏ ကြီးမားသော သက်သေ သာဓက ဖြစ်လေ၏။ အရင်းရှင်နိုင်ငံတို့သည် အဏုမြူအင်အားကို အဖျက် အတွက် လက်နက်ကိရိယာ သဘောမျိုးဖြင့် လျှို့ဝှက်ထားကြလေ၏။ ဆိုရှယ်လစ်နိုင်ငံများကမူ အဏုမြူအင်အားကို စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေး အတွက် အသုံးချရန် တောင်းဆိုနေကြလေသည်။ အဏုမြူအင်အားကို စက်မှုလက်မှု တိုးတက် ဖွံ့ဖြိုးရေးအတွက် အသုံးပြုလျှင် စက်မှုလက်မှုဘက်တွင် နောက်ကျပြီး မတိုးတက်သည့်နိုင်ငံများသည် အဏုမြူအင်အား၏ အစွမ်းဖြင့် ထူးထူးခြားခြား အကျိုးဖြစ်ထွန်းလာနိုင်ဖို့ ရှိလေ၏။

အချုပ်အားဖြင့် ပြောရလျှင် သိပ္ပံပညာနှင့် သိပ္ပံပညာရှင်တို့ အသစ်တီထွင် ပြုလုပ်ချက်များကို ဆိုရှယ်လစ်စနစ်အတိုင်း အသုံးပြုလျှင် သာတူညီမျှမှုဟူသော သဘောမှာ အကောင်အထည် ပေါ်မလာနိုင်စရာ အကြောင်း မရှိပေ။

□

လင်းလွန်းခင်စာပေ

ကဏ္ဍ ၃

လက်တွေ့နှင့် သဘောတရား

ဗုဒ္ဓအာဘိဓမ္မာနှင့် မာ့ဂ်စ်အာဘိဓမ္မာ နှစ်ရပ်ကို ဆက်စပ်လေ့လာသောအခါ တွေ့မြင်သိရှိရသည့် တူညီမှု ဆင်တူမှုများအနက် ထာဝရဘုရားကို ငြင်းပယ်မှုနှင့် သံယိုဇနစနစ်အကြောင်းကို ရေးသားပြဆိုခဲ့လေပြီ။ ယခုတစ်ဖန် အာဘိဓမ္မာနှစ်ရပ်လုံးက စာတွေ့သက်သက်ကို ငြင်းပယ်ပုံ၊ လက်တွေ့နှင့်ကင်းသည့် သဘောတရားကို ဦးစားမပေးပုံတို့ကို ရေးသားပြလိုပါသည်။

အခြားသော အာဘိဓမ္မာများနှင့် သိပ္ပံနည်းကျ ရုပ်ဝါဒ၏ အကြီးဆုံးသော ထူးခြားချက်မှာ သိပ္ပံနည်းကျ ရုပ်ဝါဒက တစ်ခုတည်းသော လက်တွေ့စမ်းသပ်မှုကိုသာလျှင် သစ္စာ၊ သို့မဟုတ် အမှန်တရား၏ မှတ်ကျောက်ဟု ထင်မှတ်ယူဆခြင်းဖြစ်လေ၏။ ဗုဒ္ဓဝါဒ အစစ်အမှန်ကလည်း တစ်စုံတစ်ခုသော သစ္စာ၊ သို့မဟုတ် အမှန်တရားကို အခြေမခိုင်သည့် ယုံကြည်စွဲလမ်းမှု အောက်ခြေပေါ်၌ တည်စိုက်မထားလိုပေ။ စူးစမ်းဆင်ခြင်မှု၊ လက်တွေ့စမ်းသပ်မှု မှတ်ကျောက်ပေါ်၌သာလျှင် သစ္စာ ဟုတ်၊ မဟုတ်ကို တင်ကြည့်ရန် လိုလားလေသည်။

မာ့ဂ်စ်ဝါဒသည် မည်သည့် အသိဉာဏ်၊ မည်သည့် ဝါဒ၊ မည်သည့် သဘောတရားကိုမျှ လက်တွေ့စမ်းသပ်မှု မှတ်ကျောက်တွင် တင်ကြည့်ပြီး အဖြေမပေါ်သေးသမျှ ကာလပတ်လုံး သစ္စာ၊ သို့မဟုတ် အမှန်ဟု မယူဆပေ။ ထို့ကြောင့်

စတာလင်က 'လက်တွေ့နှင့်ကင်းသော သဘောတရားသည် အမြဲဖြစ်၏' ဟု ပြောဆိုခြင်း ဖြစ်လေသည်။ သိပ္ပံနည်းကျ ရုပ်ဝါဒကို စည်ပင်ဖွံ့ထွားအောင် မာ့ဂ်စ် ပြုလုပ်သည့် အခြေအနေများကို ထောက်ရှုလျှင် မာ့ဂ်စ်သည် လက်တွေ့စမ်းသပ်မှုကို မည်မျှ အသားပေးသည်ဆိုသည့် အကြောင်း တွေ့မြင်သိရှိရပေလိမ့်မည်။

အချို့သောသူများက မာ့ဂ်စ်သည် စာအုပ်များထဲမှာသာ နစ်မြှုပ်နေသောကြောင့် သူ၏ အယူအဆများသည် စာအုပ်ပိုးသဖွယ်ပင် ဖြစ်၏ဟု ယူဆကြလေသည်။ မာ့ဂ်စ်သည် လန်ဒန်မြို့ရှိ ဗြိတိသျှမျူဇီယန် စာကြည့်ပြတိုက်၌ အချိန်များစွာ ကုန်ခဲ့သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပေ။ ထိုအချိန် မတိုင်မီ ကလည်း ပဲရစ်ရှိ ဗစ်ဗလီယိသစ် နေရှင်နယ် စာကြည့်ပြတိုက်နှင့် ဘာလင်၊ ဟိုက်ဒေလီဗာဂ်၊ ဂျေနာ၊ ဗုန်ယူနီဗာစီတီ စာကြည့်ပြတိုက်များတွင် မာ့ဂ်စ်သည် စာအုပ်များထဲတွင် မွေ့လျော်၍ နေခဲ့လေသည်။ သို့ရာတွင် မာ့ဂ်စ်သည် စာအုပ်သက်သက်ကိုသာ ဖတ်ပြီး (၀၊) စာတွေ့သက်သက်ဖြင့် သူ၏ တော်လှန်ရေးသဘောတရား အဆင့်ဆင့်သို့ ရောက်သွားခြင်းဖြစ်၏ဟု ယူဆလျှင်ကား ပါစင်အောင် လွဲမှားသွားလိမ့်မည် ဖြစ်၏။

မာ့ဂ်စ်ဝါဒ မွေးဖွားပေါ်ပေါက်လာခြင်းမှာ ၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေးနှင့်အတူ မွေးဖွားပေါ်ပေါက်လာခြင်းလည်း မဟုတ်။ ၁၈၆၇ ခုနှစ် 'ကက်ပီတယ်' ရေးသားပြီးသည့်နောက်မှ ပေါ်ပေါက်လာခြင်းလည်း မဟုတ်။ ၁၈၄၈ ခုနှစ် မတိုင်မီကပင် မာ့ဂ်စ်ဝါဒသည် မွေဖွားပေါ်ပေါက်လာခဲ့လေသည်။ မာ့ဂ်စ်ဝါဒသည် 'ကက်ပီတယ်'၏ အဖြစ်ဖြင့် မွေးဖွားပေါ်ပေါက်လာခြင်း မဟုတ်။ နယ်ချဲ့ဖွံ့ထွားချိန် ရောက်လာခြင်းသာ ဖြစ်လေသည်။

မာ့ဂ်စ်ဝါဒခေါ် သိပ္ပံနည်းကျ ရုပ်ဝါဒ မွေးဖွားပေါ်ပေါက်လာခြင်းမှာ မာ့ဂ်စ်နှင့် အင်ဂေလ်တို့ ကိုယ်ထိလက်ရောက် ပါဝင်ဆင်နွှဲသည့် တိုက်ပွဲများ အတွင်းက ဖြစ်လေ၏။ ၁၈၄၈ ခုနှစ် ပြင်သစ်တော်လှန်ရေး၌ မာ့ဂ်စ်နှင့် အင်ဂေလ်တို့သည် ပါဝင်ကူညီကြလေသည်။ အင်ဂေလ်သည် ဂျာမနီအလုပ်သမားများ၏ လက်နက်ကိုင်တော်လှန်ရေး၌ လက်နက်ကိုင် တော်လှန်ရေးစစ်သားအဖြစ် ပါဝင်ဆင်နွှဲခဲ့လေသည်။ မာ့ဂ်စ်ကမူ ထိုတော်လှန်ရေး၏ ခံတပ်စခန်းဖြစ်သည့် ကိုလှန်

၌နေပြီး တိုက်ပွဲကို ဦးစီးဦးဆောင်ပြုလုပ်မှု၌ ပါဝင်ကူညီခဲ့လေ၏။ သို့ဖြစ်၍ အစိုးရက သူ့ကို ပုန်ကန်မှုဖြင့် ကြိုးဒဏ်ပေးဖို့ နှစ်ကြိမ်တိတိ တရားစွဲဆိုခဲ့လေ၏။

ဥရောပတစ်တိုက်လုံး ပျံ့နှံ့သွားသည့် အလုပ်သမားတော်လှန်ရေး၏ အစကို မာ့က်စ်နှင့် အင်ဂေလ်တို့သည် သူတို့၏ 'ကွန်မြူနစ် ကြေညာစာတမ်း' (၁၈၄၇)ဖြင့် ဖန်တီးခဲ့လေသည်။ ထို တော်လှန်ရေးတည်းဟူသော ဒီရေလှိုင်းသည် မာ့က်စ် တည်းဖြတ်သည့် ဂျာမန်နေ့စဉ်သတင်းစာ 'နီယေရိုင်းနီရှဝှိုင်းတုဒ်' ၏ အပြီးသတ်စာစောင်နှင့် အတူတကွ ၁၈၄၀ ပြည့်နှစ်တွင် အဆုံးသတ်သွားခဲ့လေ၏။ ဗြိတိသျှမျိုးဇီယန်ရှိ စာကြည့်ပိုင်ရှင်ကတ်တိုက်အတွင်း စာအုပ်များကို မာ့က်စ် တကုပ်ကုပ် ကြည့်ရှုနေသည်မှာ ၁၈၅၀-၆၄ ခုနှစ်အတွင်းက ဖြစ်လေ၏။

ထိုနှစ်အတောအတွင်းရှိ များစွာသော အချိန်သမယတို့၌ မာ့က်စ်သည် စာအုပ်ဖတ်ရင်း အချိန်ဖြုန်းခဲ့လေသည်။ ထိုအချိန်ကား ဥရောပတွင် မည်သည့် နေရာမှာမျှ တော်လှန်ရေးတိုက်ပွဲကို အထင်အရှား ဆင်နွှဲ၍မဖြစ်သည့် အချိန်သမယ ဖြစ်နေလေ၏။ မာ့က်စ်အတွက် ခြေချစရာ နေရာကိုပင် မရအောင် ဖြစ်နေလေသည်။ ထိုဆယ့်လေးနှစ်တာ အတောအတွင်း၌သော်မှ မာ့က်စ်သည် စာအုပ်ဖတ်ရင်းနှင့်သာ အချိန်ကုန်မနေခဲ့ဘဲ တော်လှန်ရေးအင်အားကို ခိုင်မြဲသည်ထက် ခိုင်မြဲပျံ့နှံ့သွားအောင် တစ်ဖက်တစ်လမ်းက ကလောင်ဖြင့် ကြိုးပမ်းခဲ့လေသည်။ အမေရိကန် နေ့စဉ်သတင်းစာ 'နယူးရောက်ထရီဗျွန်'၌ အိန္ဒိယပြည်၏ နိုင်ငံရေး၊ လူမှုရေး အခြေအနေနှင့် တော်လှန်ရေးအရိပ်အယောင်ကို မာ့က်စ် ရေးသားခြင်းမှာ ထိုအချိန် (၁၈၅၂-၅၃)က ဖြစ်လေ၏။

၁၈၆၄ ခုနှစ်နောက်တွင် တော်လှန်ရေးနယ်မြေ၌ မာ့က်စ်ကို ကျွန်ုပ်တို့ တစ်ဖန် တွေ့မြင်လာရပြန်လေသည်။ ထိုအချိန်ကစပြီး ၁၈၇၂ ခုနှစ်အထိ မာ့က်စ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားတော်လှန်ရေးကို ခေါင်းဆောင်ခဲ့လေ၏။ ထို့နောက်တွင် မိမိဘဝ၏ အဆုံးသတ်ချိန် ၁၈၈၃ အထိ မာ့က်စ်သည် ကလောင်နှင့် အမှုထမ်းခဲ့ပြန်လေသည်။ သို့ရာတွင် သူ၏အာရုံသည် ထိုခေတ် ထိုအချိန်က အလုပ်သမားတော်လှန်ရေးနှင့် ကင်းကွာမသွားဘဲ အနာဂတ် အလုပ်သမားတော်

လှန်ရေးနှင့် အလုပ်သမား အုပ်ချုပ်ရေး၏ အခြေခိုင်သော အုတ်မြစ်ချရေးမှာ သူ၏ တစ်ခုတည်းသော လုပ်ငန်း ဖြစ်နေခဲ့လေ၏။

အထက်ပါ အကြောင်းအရာများကို ထောက်ကြည့်လျှင် မာ့က်စ်၏ တော်လှန်ရေးသဘောတရားသည် စာအုပ်ထဲမှ ပေါ်ပေါက်လာခြင်းဖြစ်၏ဟူသော အယူအဆ တက်တက်စင်လွဲမှားကြောင်း သိရှိပေလိမ့်မည်။

သိပ္ပံနည်းကျ ရုပ်ဝါဒသည် ဝါဒ (Thesis) နှင့် ပတိဝါဒ (Anti thesis) ၏ သံဝါဒ (Synthesis) ဖြစ်သည်ဟူသော အချက်ကို စဉ်းစားဆင်ခြင်ကြည့်လိုက်လျှင် လက်တွေ့နှင့် သဘောတရား၏ ပေါင်းစပ်မှုကို အာဘယ်ကြောင့် သိပ္ပံနည်းကျ ရုပ်ဝါဒက လိုလားသည်ဟူသော သဘောအဓိပ္ပာယ်ကို သိရှိပေလိမ့်မည်။

သိပ္ပံနည်းကျ ရုပ်ဝါဒ၌ ကဏ္ဍနှစ်ခု ရှိလေသည်။ တစ်ခုမှာ ဒွန္ဒဝါဒ ဖြစ်၍ နောက်တစ်ခုက ရုပ်ဝါဒဖြစ်လေသည်။ ဒွန္ဒဝါဒသည် ဟေဂေလ်၏ နာမ်ဝါဒ၌ရှိ၍ ရုပ်ဝါဒက ဆယ့်ခုနှစ်၊ ဆယ့်ရှစ်ရာစုနှစ် ယန္တရားရုပ်ဝါဒ၌ ရှိလေ၏။ ယန္တရားရုပ်ဝါဒသည် ရုပ်ဝါဒ၏ ရုပ်သဘော (ဝါ) သရုပ်မှန်သဘောကို လက်ခံသဘောတူလေသည်။ သို့ရာတွင် ယန္တရားရုပ်ဝါဒ၌ မည်သည့်အရည်အချင်း ပြောင်းလဲမှုမျိုးမျှ မရှိပေ။ သို့ဖြစ်၍ ထိုယန္တရားရုပ်ဝါဒသည် ကမ္ဘာလောက၏ အဓိပ္ပာယ်ကိုလည်း တိကျစွာ ဖွင့်မပြနိုင်ပေ။ အဆက်မပြတ် ပြောင်းလဲမှုဖြစ်သော တော်လှန်ရေးအတွက်လည်း ကျွမ်းကျင်လိမ္မာသည့် လမ်းညွှန် လမ်းပြ မဖြစ်နိုင်ပေ။

ထိုရုပ်ဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော ဝါဒကား ဟေဂေလ်၏ ဒွန္ဒနာမ်ဝါဒဖြစ်၏။ ဟေဂေလ်သည် နာမ်ဝါဒီဖြစ်သော်လည်း နာမ်သည် အမြဲမတည်၊ ခဏိကဖြစ်၏၊ ပြောင်းလဲခြင်းသဘောရှိ၏ဟု ယူဆလေ၏။ သို့ရာတွင် တစ်ဖက်၌ ကမ္ဘာလောက၏ ရုပ်သဘော၊ သရုပ်မှန် အဖြစ်မှန်သဘောကို ငြင်းပယ်သည်ဖြစ်သောကြောင့် ဟေဂေလ်သည် နာမ်ဝါဒီဖြစ်သွားလေ၏။ ထိုကဲ့သို့သော ဝါဒမျိုးသည် ဘဝ၌ ဘာမျှအသုံးမဝင်နိုင်ပေ။ မာ့က်စ်နှင့် အင်ဂေလ်စ်တို့သည် ရှေးဟောင်းရုပ်ဝါဒမှ ရုပ်သဘောကိုလည်းကောင်း၊ ဟေဂေလ်၏ ဒွန္ဒ နာမ်ဝါဒမှ ဒွန္ဒသဘောကိုလည်းကောင်း ယူပြီးလျှင် သိပ္ပံနည်းကျ ရုပ်ဝါဒကို ဖွံ့ထွားစည်ပင်အောင် ပြုလုပ်ဖန်တီးခဲ့ကြလေသည်။ ယန္တရားရုပ်ဝါဒသည် ဝါဒ (Thesis) ဖြစ်သည်။ ဟေဂေလ်၏

နာမ်ဝါဒသည် ပတိဝါဒ(Anti thesis) ဖြစ်သည်။ သိပ္ပံနည်းကျ ရုပ်ဝါဒမှာကား သံဝါဒ(Synthesis) ဖြစ်လေ၏။

သိပ္ပံနည်းကျ ရုပ်ဝါဒ၏ အလိုအရ သစ္စာကို ဦးနှောက်သက်သက်ဖြင့် (ဝါ) အသိသက်သက်ဖြင့် (ဝါ) စိတ်သက်သက်ဖြင့် ပိုင်းခြားသတ်မှတ်၍ ရသည်ဟူသော နာမ်ဝါဒီတို့၏ အယူသည် လမ်းမှား၍နေလေသည်။ အကယ်၍ ရုပ်ဝါဒီပင် ဖြစ်စေကာမူ သစ္စာကို ဦးနှောက်၏ အကူအညီဖြင့် ရရှိနိုင်သည်ဟု မယူဆလျှင်လည်း ထိုရုပ်ဝါဒီသည် လမ်းမှား၍နေသူပင် ဖြစ်လေ၏။

အဓိပ္ပာယ်ကား သဘောတရားနှင့် လက်တွေ့သည် ပေါင်းစပ်နေရမည်ဟု ဆိုလိုသည်။ ဦးနှောက်၊ သို့မဟုတ် စိတ်သည် ကျွန်ုပ်တို့အား သဘောတရားအထိ ပို့ဆောင်လေသည်။ ရုပ်သဘောက ကျွန်ုပ်တို့အား လက်တွေ့ကို မျက်ခြည်မပြတ်ဘဲ မနေနိုင်အောင် ပြုလုပ်ဖန်တီးလေသည်။ ရုပ်သဘောသည် ဦးနှောက်၏ မွေးဖွားပေါ်ပေါက်ရာ ဖြစ်သကဲ့သို့ သဘောတရား၏ မွေးဖွားပေါ်ပေါက်ရာကလည်း လက်တွေ့ပင် ဖြစ်လေသည်။ သဘောတရားသည် လက်တွေ့၏ အနှစ်သာရ အစုဟုလည်း ဆိုနိုင်လေသည်။

အမှန်စင်စစ်မှာမူ သဘောတရားဟူသည်မှာလည်း လူပေါင်းများစွာ၊ လူအဆက်ပေါင်းများစွာတို့၏ သိန်းသန်းမကသော လက်တွေ့ ကိုယ်တွေ့များ၏ အကျိုးအာနိသင်ပင် ဖြစ်လေ၏။ မြန်မာ့ နိုင်ငံရေးစကားလုံး ဝေါဟာရ၌ 'သဘောတရား' ဟူ၍ သိရှိနေကြသော သီအိုရီဟူသော စကားလုံး၏ ပါဠိစကားလုံး၊ သက္ကတစကားလုံး စစ်စစ်မှာ သိဒ္ဓန္တ ဖြစ်လေ၏။

(သိဒ္ဓ- အောင်မြင်ပြီးစီးမှု၊ အန္တ-အဆုံး၊ သို့မဟုတ် အကျိုးထူး)

သို့ဖြစ်၍ သဘောတရားသည် မိမိ၏ အသက်သခင်ဖြစ်သော လက်တွေ့နှင့် မဆန့်ကျင်သင့်ပေ။ တစ်လမ်းသွား မပြုလုပ်သင့်ပေ။ လက်တွေ့နှင့် ဆန့်ကျင်သည့် သဘောတရားသည် သိဒ္ဓန္တ (အောင်မြင်ပြီးစီးခြင်း အကျိုးထူး) မဖြစ်နိုင်ပေ။

သဘောတရား၏ မှတ်ကျောက်သည် လက်တွေ့ဖြစ်၏ ဟူသော အချက်ကို သိပ္ပံပညာတစ်ရပ်လုံးက ထောက်ခံလေသည်။ သိပ္ပံပညာသည် မိမိ၏ သဘော

တရားကို လက်တွေ့မှတ်ကျောက်ပေါ်၌ တင်ကြည့်ဖို့ရန် မည်သည့်အခါမျှ မမေ့ပေ။ သဘောတရားနှင့် လက်တွေ့ ပေါင်းစပ်မှုမရှိဘဲနှင့် မည်သည့် သိပ္ပံပညာ ဆိုင်ရာ တီထွင်ချက်မျိုးမျှ မဖြစ်ပေါ်နိုင်ပေ။

ဗုဒ္ဓဝါဒ အစစ်အမှန်ကလည်း တစ်စုံတစ်ခုသော သစ္စာ၊ သို့မဟုတ် အမှန်တရားကို အခြေမခိုင်သည့် ယုံကြည်စွဲလမ်းမှု အောက်ခြေပေါ်၌ တည်စိုက်မထားလိုပေ။ စူးစမ်းဆင်ခြင်မှု၊ လက်တွေ့စမ်းသပ်မှု မှတ်ကျောက်ပေါ်၌သာလျှင် သစ္စာ ဟုတ်၊ မဟုတ် တင်ကြည့်ဖို့ရန် လိုလားလေသည်။

ဗုဒ္ဓခေတ်မတိုင်မီ နှစ်ပေါင်းများစွာကပင် သဒ္ဒပမာဏဝါဒ ကြီးစိုး လွှမ်းမိုး လာခဲ့လေသည်။ သဒ္ဒပမာဏဝါဒ ဆိုသည်မှာ ဘုရားဟောဖြစ်သည်ဟု ယူဆထား သည့် သမ္မာကျမ်း၊ ကုအာရ်ကျမ်း၊ ဝေဒ၊ ဥပနိသျှဒ်၊ ပုရာဏ်ကျမ်းစာ များကဲ့သို့ သော ကျမ်းပါစကားတို့ကို ဘာပဲဖြစ်ဖြစ် မျက်စိမှိတ်ပြီး လိုက်နာယုံကြည်သည့် ဝါဒ ဖြစ်သည်။ ထို သဒ္ဒပမာဏဝါဒ၏ ဆန့်ကျင်ဘက်မှာ ဗုဒ္ဓိဝါဒ ဖြစ်သည်။

ဗုဒ္ဓိဝါဒ ဆိုသည်မှာကား သူတစ်ပါး ပြောတိုင်း၊ သူတစ်ပါး ရေးတိုင်း ယုံကြည်လိုက်နာခြင်း မရှိဘဲ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းတိုင်းထွာပြီး လိုက်နာ ယုံကြည်သင့်မှ လိုက်နာယုံကြည်သည့် ဝါဒ ဖြစ်သည်။

ဗုဒ္ဓခေတ်အခါက အိန္ဒိယပြည်ပတ်ဝန်းကျင်တွင် ထိုသဒ္ဒပမာဏဝါဒ ကြီးစိုးလွှမ်းမိုး၍ နေခဲ့သည်။ ဥပနိသျှဒ်နှင့် ဝေဒကို လွဲမှားဖောက်ပြန်ခြင်းမရှိသော အမှန်ကန်ဆုံး သစ္စာတရားဟု မျက်စိမှိတ် ယူဆထားကြသည်။ ထာဝရဘုရား၏ မုက္ခပါဠ်တော်မှ ထွက်ပေါ်လာသည့် 'ဘုရားစကား' ဟု စွဲမှတ်ထားကြသည်။ ထို ပတ်ဝန်းကျင်အခြေအနေကို ဗုဒ္ဓက တော်လှန်ပြောင်းလဲပစ်လိုက်လေ၏။

ဗုဒ္ဓရှင်တော်မြတ်၏ ထူးခြားချက်များကို လေ့လာကြည့်လျှင် ဗုဒ္ဓသည် စူးစမ်းဆင်ခြင်တုံတရား လက်ကိုင်ထားသူ ဗုဒ္ဓိဝါဒီ လုံးလုံးဖြစ်ကြောင်း သိရှိရပေ လိမ့်မည်။ ဗုဒ္ဓသည် အကန်းယုံကြည်ချက်ကို ပယ်ရှားပြီးလျှင် စူးစမ်းတိုင်းထွာ မှု၊ ကျိုးကြောင်းဆင်ခြင်မှုကိုသာလျှင် မိမိတရားသစ်၏မှတ်ကျောက် ပြုလုပ်ထား လေသည်။ ကျိုးကြောင်းဆင်ခြင်မှု၊ စမ်းသပ်မှုဖြင့် အဖြေထွက်ပေါ်လာသည့် သဘောတရားသာလျှင် ဗုဒ္ဓအဆုံးအမ၏ အနှစ်သာရ ဖြစ်လေသည်။ ဗုဒ္ဓသည်

မည်သည့် အမှန်တရား သစ္စာတရားကိုမျှ ယုံကြည်စွဲမြဲချက်တည်းဟူသော အခြေမခိုင် ယိမ်းယိုင်နေသည့် အောက်ခြေပေါ်၌ တည်စိုက်မထားလိုပေ။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆင်ခြင်တိုင်းထွာမှု မှတ်ကျောက်ပေါ်၌ အမှန်တရား၊ သို့မဟုတ် သစ္စာဟူသမျှကို တင်ကြည့်ခြင်းသာလျှင် ဗုဒ္ဓတရားတော်မြတ်၏ ရည်ရွယ်ချက် ဖြစ်လေသည်။

ဗုဒ္ဓသည် ကာလာမတို့ကို တရားဝမ္မ ဟောပြစဉ်အခါက ဤအချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားစွာ ဟောပြခဲ့လေသည်။

တစ်ရံရောအခါ ဗုဒ္ဓဘုရားရှင်သည် ဒေသစာရီ လှည့်လည်တော်မူရင်း ကာလာမ အမည်ရှိသော ဗြာဟ္မဏတို့၏ရွာသို့ ရောက်ရှိလွှားလေ၏။ ထိုရွာရှိ လူများက ဘုရားသခင်ကို ရှိခိုးပူဇော်ပြီး ဤသို့ မေးလျှောက်ကြလေ၏။

"အရှင်ဘုရား၊ ရဟန်းပုဏ္ဏားအချို့သည် တပည့်တော်တို့၏ ရွာသို့လာပြီး တစ်ယောက်တစ်မျိုး နည်းလမ်းများကို ညွှန်ပြကြလေသည်။ အခြား တစ်ဦးက ထိုနည်းလမ်းကို ချိုးဖျက်ပစ်လေသည်။ မည်သူ၏ အယူသည် မှန်သည်၊ မည်သူ၏ အယူသည် မှားသည်၊ မည်သူက လမ်းမှန်သည်၊ မည်သူက လမ်းမှားသည်ဟု တပည့်တော်တို့ မှတ်ယူရမည်နည်း"

"အို ကာလာမတို့၊ သစ္စာတရားကို ရှာဖွေရာ၌ ယုံမှားသံသယ ဖြစ်ပေါ်ရခြင်းသည် ဝမ္မတာ သဘောတရားပင် ဖြစ်လေ၏။ အမှန်တရား တစ်ခုခုကို ဘိုးစဉ်ဘောင်ဆက်က ယုံကြည်လက်ခံလာခဲ့သည် ဖြစ်သောကြောင့်လည်းကောင်း၊ သို့မဟုတ် ရှေးယခင်ကာလက ဟောကြားထားခဲ့သောကြောင့်လည်းကောင်း၊ သို့မဟုတ် ဝမ္မကျမ်းဂန်များ၌ ရေးသားပါရှိသည်ဖြစ်သောကြောင့် လည်းကောင်း၊ သို့မဟုတ် ဟောပြောသူက ဆရာသမားဖြစ်သောကြောင့် လည်းကောင်း၊ ဤသို့ စသည့်အကြောင်းတို့ကြောင့် လက်ခံနာယူရသည့် အဖြစ်သို့ မရောက်ပါစေလင့်။ ဤတရားများသည် ကောင်းကျိုးပြုသည့် တရားဖြစ်သည်၊ အပြစ်ကင်းစင်

သည့် တရားဖြစ်သည်။ ဤတရားများကို လက်ခံနာယူလျှင် ကောင်းကျိုးဖြစ်ထွန်းနိုင်သည် စသည်ဖြင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ အမှန်တရားတစ်ခုခုကို လက်ခံနာယူကြလော့'' (အင်္ဂုတ္တရနိကာယ်) ဗုဒ္ဓသည် မိမိ၏ တပည့်သားများအား ဤသို့ ညွှန်ကြားဆုံးမထားခဲ့လေသည်။

''လိမ္မာသော ရွေးနှိုးထိမ်သည်သည် ရွှေကို မှတ်ကျောက်ပေါ်တွင် တင်ကြည့်ပြီး မှတ်ကျောက်အတင်ခံ၍ရမှ အစစ်ဟု ယူဆသကဲ့သို့ သင်တို့သည်လည်း ဤတရားသည် ငါဘုရားဟောကြားသည့် တရားများဖြစ်၍ လိုက်နာအပ်၏ဟု အမှတ်မထားကြဘဲ သင်တို့ကိုယ်တိုင် ငါဘုရား၏ စကားတိုင်း စကားတိုင်းကို သင်တို့၏ အတွေ့အကြုံ မှတ်ကျောက်ပေါ်၌ တင်ကြည့်ကြလော့။ အဖြေထွက်လာမှ လက်ခံနာယူ ကျင့်ကြံကြလော့''

ကမ္ဘာ့ရာဇဝင်သမိုင်းကို လှန်လှောကြည့်စမ်းပါ။ ယင်းကဲ့သို့ မိမိ၏ အယူအဆ၊ မိမိ၏ ဝါဒ၊ မိမိ၏ ဟောပြောချက်များနှင့် စပ်လျဉ်း၍ ရဲရဲတောက် မိန့်မြွက်ကြေညာရဲသည့် ဘာသာတရားခေါင်းဆောင်မျိုး ဖြစ်ထွန်းပေါ်ပေါက်ခဲ့ဖူးပါသလော။ ဗုဒ္ဓ၏ ဟောပြောချက်များသည် ခေတ်အဆက်ဆက် အသက်ဝင်လျက်ရှိပြီး ''စာထဲမှာ ဒီလိုပါတယ်'' ဆိုပြီး မျက်စိမှိတ်၍ အကန်းယုံကြည်ချင်သူများနှင့် အသိဉာဏ်လွတ်လပ်ခွင့်၊ စူးစမ်းဆင်ခြင်ခွင့် မပေးလိုသူများအား အလင်းရောင်ထွန်းပြလျက် ရှိပေသည်။

အရှိယဒေဝ စီစဉ်ရေးသားသည့် 'ဉာဏသာရသမုစ္စယ' အမည်ရှိ ကျမ်းဂန်တစ်ခု ရှိသည်။ ထိုကျမ်းဂန်သည် မူလ သင်္ကေတဘာသာအားဖြင့် ရေးသားထားသော်လည်း ယခုအခါတွင် သင်္ကေတမူရင်း မရှိတော့ဘဲ တိဗက်ဘာသာဖြင့် ဘာသာပြန်ထားသည့် ဘာသာပြန်သာလျှင် တွေ့ရှိရတော့၏။ သို့ရာတွင် တိဗက်နှင့် အိန္ဒိယအမျိုးသား ပညာရှင်နှစ်ဦးပေါင်းပြီး ထိုကျမ်းဂန်ကို တိဗက်ဘာသာမှ တစ်ဖန် သင်္ကေတဘာသာသို့ ပြန်ယူထားသည်ဟု သိရလေသည်။ ထိုကျမ်းဂန်၌ ဤသို့ ရေးသားထားပေသည်။

"ဗုဒ္ဓသည် အမှန်တရား၊ သို့မဟုတ် သစ္စာကို ရှာမှီးခြင်းနှင့် စပ်လျဉ်း၍ မိမိ၏ အယူဝါဒကို ပြတ်ပြတ်သားသား မိန့်မြွက်ထားခဲ့လေသည်။ ယုတ္တိရှိ၊ မရှိ စူးစမ်းဆင်ခြင်မှု၏ အကူအညီဖြင့်သာလျှင် အမှန်တရားကို ဆုံးဖြတ်ချက်ချသင့်လေသည်။ မထေရ်တစ်ဦးဦးက ဆုံးဖြတ်ထားသည် ဖြစ်သောကြောင့် လည်းကောင်း၊ ဘုရားသခင်က ဆုံးဖြတ်ထားသည် ဖြစ်သောကြောင့် လည်းကောင်း၊ သံဃာက ဆုံးဖြတ်ထားသည် ဖြစ်သောကြောင့် လည်းကောင်း ဤသို့ စသည်ဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကူအညီဖြင့် အမှန်တရားတစ်ခုခုကို ဆုံးဖြတ်ချက်မချသင့်ပေ"

ဗုဒ္ဓဝါဒနှင့် မာ့ဂ်စ်ဝါဒ နှစ်ရပ်လုံးက သဒ္ဒပမာဏကို လက်မခံပေ။ သဒ္ဒပမာဏဆိုသည်မှာ ပြဆိုခဲ့ပြီးသည့်အတိုင်း ဘုရားသခင်၏ မုဏ္ဍပါဠိထွက်စကား အထောက်အထားကို အမှန်ကန်ဆုံးသော တရား၊ အမှန်ကန်ဆုံးသော အထောက်အထားဟု စွဲမှတ်ခြင်းဖြစ်လေ၏။ ထိုဝါဒနှစ်ရပ်လုံးက ထာဝရတည်ရှိမှုကို ငြင်းပယ်သည်ဖြစ်သောကြောင့် ထိုဝါဒနှစ်ခုအတွက် သဒ္ဒပမာဏဆိုသည်မှာ ဘာအဓိပ္ပာယ်မျှ မရှိနိုင်တော့ပေ။

မာ့ဂ်စ်ဝါဒသည် သဒ္ဒပမာဏကို ပစ်ပယ်ပြီး ပစ္စက္ခပမာဏကိုသာလျှင် (၀၊) မျက်မှောက် ထိတွေ့သိရှိနိုင်သည့် ပမာဏ၊ သို့မဟုတ် အထောက်အထားကိုသာလျှင် (၀၊) ကိုယ်တွေ့သဘောကိုသာလျှင် ပမာဏဟု မှတ်ထင်လေသည်။ အနုမာနသဘော (၀၊) ဆင်ခြင်တွေးဆခြင်းသဘောကိုလည်း ပစ်ပယ်မထားပေ။ ဗုဒ္ဓအာဘိဓမ္မာကလည်း သဒ္ဒပမာဏကို ပစ်ပယ်၍ ပစ္စက္ခပမာဏနှင့် အနုမာနကို လက်ခံသဘောတူလေ၏။ လက်တွေ့သဘော၊ ဆင်ခြင်တိုင်းထွာမှုသဘောများ ပါဝင်နေသည့် ဗုဒ္ဓဝါဒနှင့် ဘာပဲဖြစ်ဖြစ် ဘုရားဟောဟု လျှောက်ဆားထစ် တရားသေ စွဲမှတ်ယူဆသည့် သဒ္ဒပမာဏ ဝါဒနှစ်ရပ်မှာ ပေါင်းစည်းညှိနှိုင်း၍ ဖြစ်နိုင်ဖို့ နည်းလမ်းမရှိပေ။

ဗုဒ္ဓသည် ဆင်ခြင်စူးစမ်းမှုဝါဒရှိသူ ဗုဒ္ဓဝါဒီဖြစ်သည့်ပြင် လက်တွေ့သဘောကိုလည်း အရေးထားသူ ဖြစ်လေ၏။ စူးစမ်းဆင်ခြင်မှုအားဖြင့် ခက်ခဲ

နက်နဲသည့် တရားများကို ရှင်းလင်းဟောပြနေရုံသက်သက်သည် ဗုဒ္ဓ၏ရည်ရွယ်ချက် မဟုတ်ပေ။ ဆေးဆရာသည် ရောဂါသည်၌ လိုနေသည့် နည်းလမ်းနှင့် ဆေးကို ညွှန်ပြသကဲ့သို့ ဗုဒ္ဓသည်လည်း ဘဝရောဂါ ဖိစီးနှိပ်စက်ခြင်း ခံနေရသူ ရောဂါသည်များအတွက် လိုအပ်သောအရာများကိုသာ ညွှန်ကြားပြသလေသည်။ မလိုအပ်သော အရာများနှင့် စပ်လျဉ်းလာလျှင်မူ မကြာခဏ မေးမြန်းလျှောက်ထားခြင်း ခံရသော်လည်း နှုတ်ပိတ်၍သာ နေတော်မူခဲ့လေ၏။

"ကမ္ဘာလောကသည် အဆုံးရှိသလော၊ မရှိဘူးလော။ ကိုယ်နှင့် အသက်သည် တစ်ခုတည်းလော၊ တကွဲတပြားစီလော"

ဤသို့ စသည့် မေးခွန်းများ ပေါ်ပေါက်လာသည့် အခါတွင်မူ ဆွေးနွေးပြောကြားနေစရာ အကြောင်း မဟုတ်ဟု ဆိုပြီးလျှင် နှုတ်ပိတ်၍သာ နေတော်မူခဲ့လေ၏။

❑

လင်းလွန်းခင်စာပေ

ကဏ္ဍ ၄

ဒုန္ဓ၀ါဒ

ဗုဒ္ဓအာဘိဓမ္မာနှင့် မာ့က်စ်အာဘိဓမ္မာ နှစ်ရပ်ကို ဆက်စပ်လေ့လာသောအခါ တွေ့မြင်သိရှိရသည့် တူညီမှု ဆင်တူမှုများအနက် ထာ၀ရဘုရားကို ငြင်းပယ်မှုနှင့် သံယိုဇနစနစ်အကြောင်းကို ရေးသားပြဆိုခဲ့ပြီးပြီ။ ယခုတစ်ဖန် အနိစ္စသဘောတရားကို ဦးတိုက်ရာ၌ အာဘိဓမ္မာနှစ်ရပ်လုံးက တူညီနေပုံကို ဖော်ပြပါမည်။

အာဘိဓမ္မာနှစ်ရပ်လုံးသည် ရွှေ့လျားပြောင်းလဲနေခြင်း သဘောတရားကို အယူရှိရုံသာလျှင် မဂ္ဂဘဲ ထိုရွှေ့လျားပြောင်းလဲနေခြင်း သဘောတရားကို အမှန်သစ္စာတရားဟုလည်း ယုံကြည်ထားလေသည်။ ဒိုင်ယာလက်တီကယ်မတီးရီးရဲလစ်ဇင်း (Dialectical Materialism)၌ ဒိုင်ယာလက်တီကယ်ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို တစ်မျိုးကောက်ကြည့်လိုက်လျှင် 'အနိစ္စ' ဟူ၍ပင် ရလေသည်။ ဒိုင်ယာလက်တီကယ်မတီးရီးရဲလစ်ဇင်းက အရေအတွက် ပြောင်းလဲမှုဖြစ်ရင်းက အရည်အချင်း ပြောင်းလဲမှုဖြစ်ပေါ်ခြင်းကို ပြောပြ၍ ဗုဒ္ဓအာဘိဓမ္မာက ပဋ္ဌိစ္စသမုပ္ပာဒ် သဘောတရားကို ညွှန်ပြခြင်းသာလျှင် ထူးခြားချက်ရှိလေသည်။ သို့ဖြစ်၍ ဤအာဘိဓမ္မာနှစ်ရပ်သည် လုံး၀ တူညီသည်ဟု မဆိုရသော်လည်း တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်ဖြစ်၏ ဟူ၍ကား မဆိုထိုက်ပေ။

အာဘိဓမ္မာနှစ်ရပ်ကို နှိုင်းချိန်လေ့လာနိုင်ရန်အတွက် မာ့က်စ်အာဘိဓမ္မာ၏ ဒိုင်ယာလက်တစ်သဘောကို ရေးသားပြဆိုပါမည်။ ဒိုင်ယာလက်တစ်ဟူသော စကား

လုံး၏ အဓိပ္ပာယ်ကို မြန်မာ့နိုင်ငံရေးလောကၦ ''အနုပဋ္ဌိလောမ'' ဟူသော ဝေါဟာရ စကားလုံးဖြင့် အသိများနေကြသည်။ ပါဠိဘာသာၦ အနုပဋ္ဌိလောမဟူသော စကားလုံး အသုံးမရှိပေ။ အနုပဋ္ဌိလောမသည် ဒိုင်ယာလက်တစ်၏ အဓိပ္ပာယ်လည်း မဟုတ်ပေ။ ပါဠိစကားလုံးမှန်မှန်ဖြင့် သုံးလိုလျှင်မူ ဒုန္ဒ ဟူသော စကားလုံးဖြင့် အသုံးပြုသင့်လေသည်။ ပါဠိဘာသာ ထွန်းကားသော သီဟိုဠ်၊ အိန္ဒိယတို့ၦ ဒိုင်ယာလက်တစ်ကို ဒုန္ဒ ဟူ၍ ဘာသာပြန်ယူ အသုံးပြုကြလေသည်။ ဒိုင်ယာလက်တစ် ဟူသော စကားလုံးမှာ ဂရိဘာသာ ''ဒီယောလော့ဂ်'' ဟူသော စကားလုံးမှ ဆင်းသက်လာသည့် စကားလုံးဖြစ်လေသည်။ ပုဂ္ဂိုလ်နှစ်ဦး၏ အမေးအဖြေ၊ သို့မဟုတ် အချေအတင် (ဒွိသံဝါဒ)ဟူ၍ အဓိပ္ပာယ်ရလေသည်။

သုတ္တန် ဝိဋကၦ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားခဲ့သည့် သုတ်ပေါင်းများစွာကို အမေးအဖြေ သဘောမျိုးအားဖြင့်သာလျှင် တွေ့ရှိရလေသည်။ သို့ဖြစ်၍ ထိုသုတ္တန်များကို ဗုဒ္ဓ၏ ဒိုင်ယာလော့ဂ် (Dialogues of the Buddha)ဟူ၍ပင် ပြောဆိုကြလေသည်။ ဂရိအာဗိဓမ္မာဆရာ ဆိုကရက် (Socrates)(၄၆၉-၃၉၉ ဘီစီ)သည်လည်း သူ၏ အဆုံးအမ ဥပဒေသများကို ပြောပြရန်အတွက် ထိုနည်းလမ်းကိုသာလျှင် အသုံးပြုလေသည်။ ပြဿနာရှင်၏ အမေးပြဿနာအတွက် သူဖြေလိုသည့် အဖြေများကို ပြဿနာရှင်အားသာလျှင် အမေးအဖြေပြုလုပ်၍ ပြောဆိုခိုင်းလေသည်။ ထိုနည်းလမ်းသည် ဆိုကရက်နောက် မည်မျှလူကြိုက်များလာသနည်းဆိုလျှင် ဆိုကရက်၏တပည့် ပလေတို (၄၂၇- ၃၄၇ ဘီစီ) ကမူ ထိုနည်းလမ်းကို ''ပရမတ္ထသစ္စာ'' (Absolute Truth) သို့အထိ ပို့ဆောင်သည့် နည်းလမ်း ဟူ၍ပင် ပြောလေသည်။

ဒိုင်ယာလက်တစ်ဟူသော စကားသည် ပုဂ္ဂိုလ်နှစ်ဦး၏ အမေးအဖြေ သို့မဟုတ် အချေအတင်ဟူ၍ အဓိပ္ပာယ်ရသော်လည်း ထိုစကားလုံးကို အာဗိဓမ္မာတွင် အသုံးပြုကြရာၦမူ ''ဒိုင်ယာလော့ဂ်'' ဟူသော အဓိပ္ပာယ်က အဓိက မဟုတ်တော့ဘဲ ''ဝါဒေ ဝါဒေ ဇာယတေ တတ္တ ဗောဓော'' (အချေအတင် ငြင်းခုံရင်း အမှန်သိမြင်မှု ဖြစ်ပေါ်လာသည်) ဟူသော အဓိပ္ပာယ်ကသာလျှင် များများ ပါဝင်၍ နေလေသည်။

လင်းလွန်းခင်စာပေ

သင်က အကြောင်းအရာတစ်ခုကို ပြောပြသည်။ ကျွန်ုပ်က သင် ပြောပြသည့် အကြောင်းကို ငြင်းဆန်ကန့်ကွက်လေသည်။ ထို့နောက် ကျွန်ုပ်နှင့် သင်၏ အချင်းချင်း အပြန်အလှန် ဆန့်ကျင်မှုအားဖြင့် တတိယအကြောင်းတစ်ခု ဆုံးဖြတ်ချက် ကျသွားလေသည်။ ယင်းသို့လျှင် အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်မှု၊ ပဋိပက္ခပြုမှုကြောင့် တတိယအမှန်သဘော ဖြစ်ပေါ်လာခြင်းကို 'ဒိုင်ယာလက်တစ်' ဟူ၍ ပြောနိုင်လေသည်။ ၄င်းကို ပါဠိစကားလုံးဖြင့် အသုံးပြုလိုလျှင် 'ဒွန္ဒဝါဒ' ဟု အသုံးပြုသင့်လေသည်။

ဟေရာကလိတု(Heraclitus) နှင့် ဟေဂေလ်(Hegel) တို့သည် ဂတိဝါဒ၊ အနိစ္စဝါဒ၊ ခဏိကဝါဒ၏ ဆရာ့ဆရာများ ဖြစ်ကြလေသည်။ အဘိဓမ္မာသဘောသရုပ်ကို ထုတ်ပြရာ၌ ထိုပုဂ္ဂိုလ်များသည် ဒွန္ဒဝါဒသို့ ချဉ်းကပ်ရောက်ရှိကြလေကုန်၏။ ဟေရာကလိတုက 'ပဋိပက္ခသဘော၊ ဒွန္ဒသဘောသည် သုခမှန်သမျှ၏ မိခင်ဖြစ်သည်' ဟု ပြောလေသည်။ ဟေဂေလ်ကလည်း 'ဆန့်ကျင်မှုသည် အရာဝတ္ထုများကို လှုပ်ရှားပြောင်းလဲစေတတ်သည့် စွမ်းရည်သတ္တိဖြစ်၏' ဟူ၍ ပြောဆိုလေသည်။ ဆန့်ကျင်မှုဟူသည်မှာ ပထမရှိရင်းစွဲ အခြေအနေ၌ ဖရိ ဖရဲ ဖောက်လဲဖောက်ပြန် ဖြစ်သွားအောင် ပြုလုပ်ခြင်းဖြစ်လေ၏။ အရာဝတ္ထု၌ ဖြစ်စေ၊ လူမှုစနစ်၌ဖြစ်စေ အချင်းချင်း ပဋိပက္ခသဘော၊ ဒွန္ဒသဘောသည် ပြောင်းလဲမှု၏အကြောင်း ဖြစ်လေသည်။

ဟေဂေလ်သည် ဒွန္ဒဝါဒကို အတွေးအခေါ် အယူအဆ နယ်ပယ်အထိသာ သတ်မှတ်ဘောင်ခတ်ထားလေသည်။ မာ့က်စ်ကမူ ဒွန္ဒဝါဒကို လူ့ဘောင်လူ့အဖွဲ့စည်း လူမှုစနစ်နှင့်တကွ အခြားသော နေရာဌာနတို့တွင်လည်း တည်ကြည်တည်း အသုံးပြုလေသည်။ စကားပြောဆိုမှု၌ ဒွန္ဒဝါဒနည်းလမ်းသည် အချင်းချင်း ဆန့်ကျင်ဘက် အယူအဆနှစ်ခု၊ ဝါဒနှစ်ခု ငြင်းခုံတိုက်ခိုက်ပြီးသည့်နောက် အမှန်တရား၊ သစ္စာတရားသို့အထိ ရောက်ရှိလာနိုင်သည့် နည်းလမ်း ဖြစ်လေသည်။

သဘာဝ၌ ဒွန္ဒဝါဒ၏ အဓိပ္ပာယ်မှာ မိမိ၏ အတွင်းဆန့်ကျင်ဘက် ပဋိပက္ခသဘော၊ ဒွန္ဒသဘောကြောင့် သဘာဝ၏ တတိယ အသွင်အပြင်တစ်ခု မွေးဖွားလာခြင်း ဖြစ်လေသည်။

ဟိုက်ဒရိုဂျင်၏ အသက်ကို ဖျက်ဆီးတတ်သည့် ဓာတ်သဘောနှင့် အောက်ဆီဂျင်၏ အသက်ကို ပေးတတ်သည့် ဓာတ်သဘောနှစ်ခုတို့ကြောင့် တတိယ ဓာတ်သဘောဖြစ်သော ရေသည် ပေါ်ပေါက်လာရလေသည်။ အယူအဆ အတွေး အခေါ် နယ်ပယ်၌မူ ဒွန္ဒဝါဒနည်းလမ်း၏ အဓိပ္ပာယ်မှ အချင်းချင်း ပဋိပက္ခဖြစ်သည့် အယူအဆနှစ်ခု၊ ဝါဒနှစ်ခု၏ ပဋိပက္ခသဘော၊ ဒွန္ဒသဘောအားဖြင့် တတိယ အယူအဆသစ်တစ်ခုသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဒွန္ဒဝါဒနည်းလမ်းအရ အကျိုးတရား၊ သို့မဟုတ် အမှန်တရားသို့ အရောက် တက်လှမ်းသည့် အစဉ်၌ အဆင့်အားဖြင့် သုံးဆင့် ပိုင်းခြားသတ်မှတ်နိုင်လေသည်။ ထိုအဆင့် သုံးဆင့်မှာ (၁) ဝါဒ၊ (၂) ပတိဝါဒ၊ (၃) သံဝါဒ ဖြစ်၏။ 'ဝါဒ' ဆိုသည်မှာ ပထမရှိရင်းစွဲ အယူအဆ၊ သို့မဟုတ် အခြေအနေ ဖြစ်လေသည်။ ၄င်းကို အင်္ဂလိပ်ဘာသာဖြင့် Thesis ဟုခေါ်လေသည်။ ပတိဝါဒက ပထမရှိရင်းစွဲ အယူအဆ၊ သို့မဟုတ် အခြေအနေကို ဆန့်ကျင်သည့် ဒုတိယ အယူအဆ၊ သို့မဟုတ် အခြေအနေ ဖြစ်လေသည်။ ၄င်းကို အင်္ဂလိပ်ဘာသာဖြင့် Anti-thesis ဟုခေါ်လေသည်။ သံဝါဒဆိုသည်မှာကား ထို ဝါဒနှင့် ပတိဝါဒ နှစ်ဦး ပဋိပက္ခဖြစ်ပြီးနောက် ညီညွတ်ရောနှောပြီး ပေါ်ပေါက်လာသည့် တတိယ အယူအဆသစ်၊ သို့မဟုတ် အခြေအနေသစ်ပင် ဖြစ်လေသည်။ ၄င်းကို အင်္ဂလိပ်ဘာသာဖြင့် Synthesis ဟု ခေါ်လေသည်။ ဥပမာအားဖြင့်-

(၁) ဝါဒ — သတ္တဝါသည် ရုပ်ဖြစ်၏။

(၂) ပတိဝါဒ — သတ္တဝါသည် ရုပ်မဟုတ်၊ သီးခြား နာမ်ဓာတ် သဘောတစ်ခုသာလျှင် ဖြစ်၏။

(၃) သံဝါဒ — သတ္တဝါသည် ရုပ်လည်းမဟုတ်၊ သီးခြား နာမ်ဓာတ် သဘောလည်း မဟုတ်။ အမှန်စင်စစ် သတ္တဝါဟူသည်မှာ ရုပ်၏ အရည်အချင်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဓာတ်သဘောအသစ်တစ်ခုသာလျှင် ဖြစ်လေသည်။

(၁) ဝါဒ (ယန္တရားရုပ်ဝါဒ) ကမ္ဘာလောကသည် ရုပ်ဓာတ်သဘော အတိသာလျှင် ဖြစ်သည်။ အကြောင်းမူကား ထိုရုပ်ဓာတ်သဘောကိုသာလျှင် စက္ခုစသော ဣန္ဒြေတို့ဖြင့် တွေ့ထိ သိရှိရလေသည်။

(၂) ပတိဝါဒ (ဂေဟေလ်၏ နာမ်ဝါဒ) ကမ္ဘာလောကသည် နာမ် (ဝိညာဉ်) အတိသာလျှင် ဖြစ်သည်။ အကြောင်းမူကား ရုပ်မှ သီးခြားဖြစ်သော စိတ် ဓာတ်သဘောသည် နာမ် (ဝိညာဉ်) ကို ယုံကြည်မှုရှိမှသာလျှင် ဖြစ်နိုင်လေသည်။

(၃) သံဝါဒ (သိပ္ပံနည်းကျ ရုပ်ဝါဒ) ကမ္ဘာလောကသည် ဒွန္ဒနည်းအရဖြစ်သော ရုပ်ဓာတ်သဘော အတိသာလျှင် ဖြစ်၏။ ရုပ်သဘောဖြစ်ခြင်းကြောင့် ဝါဒ (Thesis) ၏ သဘော ပါဝင်လာသည်။ ဒွန္ဒနည်းလမ်းအရ ဖြစ်ခြင်းကြောင့် ရုပ်၌ရှိသော အရည်အချင်းသစ်ကို ဖြစ်ပေါ်စေတတ်သည့် စွမ်းရည်သတ္တိကြောင့် အရည်အချင်း ပြောင်းလဲမှုအားဖြင့် နာမ်(စိတ်) ဓာတ်သဘော ပေါ်လာမှုမှာ လုံးဝ ဖြစ်နိုင်လေသည်။

မာ့က်စ်ဝါဒသည် လူ့လောက ရာဇဝင်သမိုင်းကိုလည်း ဤ ဒွန္ဒသဘောဖြင့် ကြည့်လေသည်။ မာ့က်စ်ဝါဒသည် ရာဇဝင်သမိုင်းကို ဝါဒ၊ ပတိဝါဒ၊ သံဝါဒတည်းဟူသော အဆင့်သုံးဆင့်ဖြင့် ကြည့်လေသည်။ အခြေအနေတစ်ခု စတင်ဖြစ်ပေါ်လာပြီး တိုးပွားလာခြင်း၊ ၄င်း၌ ပဋိပက္ခသဘောဖြစ်ပြီး အခြေအနေသစ်တစ်ခု ပေါက်ဖွားလာရခြင်းဟူသော အစဉ်အတိုင်းသာလျှင် မာ့က်စ်ဝါဒက ရာဇဝင်ကို သုံးသပ်လေသည်။ လူ့လောက၌ အရင်းရှင်စနစ် ဖွံ့ထွားတိုးတက်မှုတည်းဟူသော ဝါဒ (အခြေအနေ)သည် ပစ္စည်းမဲ့ အလုပ်သမားလူတန်းစားအဖြစ်ဖြင့် မိမိ၏ ပတိသံဝါဒ (ဆန့်ကျင်ဘက်အခြေအနေ) ကို ဖြစ်ပေါ် ပေါက်ဖွားစေခဲ့လေသည်။ ထို

အခြေအနေနှစ်ရပ် ပဋိပက္ခဖြစ်ပြီးနောက် သမသွားပြီး သံဝါဒအဖြစ်ဖြင့် ဆိုရှယ်လစ်ဝါဒ၊ သို့မဟုတ် ဆိုရှယ်လစ်စနစ်သည် အလုပ်သမား လူတန်းစား၏ လက်ဝယ်သို့ ရောက်ရှိလာပေလိမ့်မည်။

(၁) ဝါဒ - အရင်းရှင်စနစ်

(၂) ပတိဝါဒ - ပစ္စည်းမဲ့ အလုပ်သမားလူတန်းစား

(၃) သံဝါဒ - ဆိုရှယ်လစ်ဝါဒ၊ သို့မဟုတ် ဆိုရှယ်လစ်စနစ်

ဒုန္ဒဝါဒ၏ ဤအဆင့်သုံးဆင့်ကို သက်ရှိသတ္တဝါတို့၏ တိုးတက်လာမှုနှင့်လည်း တွေ့မြင်နိုင်လေသည်။ လန်ကာရှိင်းယားနှင့် အစပထမက ပိုးကောင်အဖြူများ ရှိလေသည်။ ထိုနေရာနှင့် စက်ရုံများ၏ ခေါင်းတိုင်များမှ မီးခိုးများကြောင့် မြေကြီး၊ သစ်ပင်၊ အိမ်မှစ၍ အားလုံး အမည်းရောင် ဖြစ်သွားကြလေ၏။

မြေကြီးအမည်းပေါ်၌ ရှိသော ပိုးကောင်အဖြူများကို အဝေးကပင် မြင်ရသောကြောင့် ၄က်များနှင့် အခြား ပိုးကောင်စားသတ္တဝါများက အလွယ်တကူဖြင့် ပင် စားပစ်ကြလေသည်။ ထိုအချိန်၌ မီးခိုးများ၏ ဓာတုဗေဒသဘောတစ်မျိုးလွှမ်းမိုးမှုခံရသောကြောင့် ပိုးကောင်အဖြူများ၌ အမျိုးဇာတ်ပြောင်းလဲမှု ဖြစ်လာပြီးလျှင် အရည်တည်တံ့နိုင်မည့် မျိုးဆက်အတွက် ပိုးကောင်မည်းများ ပေါက်ဖွားလာလေသည်။ တဖြည်းဖြည်း တစ်စစနှင့် ၄င်းတို့ သားသမီး အဆက်အနွယ်များ တိုးပွား များပြားလာသည်။ ထိုအချိန်အတောအတွင်း ဖြူနေသော ပိုးကောင်များက ပိုးကောင်စားသတ္တဝါများ၏ ဝမ်းဗိုက်ထဲသို့ ခပ်သွက်သွက် ရောက်သွားကြလေသည်။

ဆယ်နှစ်လောက် လွန်မြောက်သွားသောအခါ လူအများသည် 'အရင်ကဒီမှာ ပိုးကောင်ဖြူတွေ အများကြီးရှိတယ်။ အခု ဘယ်ရောက်သွားကြပြီ မသိဘူး။ ဒီ ပိုးကောင်မည်းတွေကလည်း ဘယ်က ရောက်လာကြတယ် မသိဘူး' ဟု ပြဿနာလုပ်ကြလေတော့သည်။

ဤ၌လည်း ဒုန္ဒသဘောကို တွေ့မြင်နိုင်လေသည်။

(၁) ပိုးကောင်ဖြူ ရှိခဲ့လေသည်။

(၂) ထို့နောက် အားလုံးသော အရာဝတ္ထုများ မည်းသွားခြင်းတည်း

ဟူသော ဆန့်ကျင်ဘက် ပတ်ဝန်းကျင် အခြေအနေများ ဖြစ်ပေါ်လာပြီး ထိုပတ်ဝန်းကျင်အခြေအနေနှင့် ပိုးကောင်ဖြူများသည် ပဋ္ဌိပက္ခ ဖြစ်ကြလေသည်။ တိုက်ခိုက်ကြလေသည်။

(၃) နောက်ဆုံး၌ အမျိုးဇာတ် ပြောင်းလဲမှုအားဖြင့် ပိုးကောင်မည်းများ ပေါက်ဖွားလာခဲ့လေသည်။

ထိုပိုးကောင်မည်းများ၏ အရောင်သည် မည်း၍နေသော ပတ်ဝန်းကျင် အခြေအနေတွင် ရောနှောဖုံးကွယ်သွားသည် ဖြစ်သောကြောင့် ပိုးကောင်စားသတ္တဝါတို့သည် ၄င်းတို့ကို ရှာဖွေစားသောက်ရာ၌ မလွယ်ကူတော့ပေ။ သို့ဖြစ်၍ ပိုးကောင်များသည် အသက်ရှင်လျက် နေကြရကုန်၏။

ပထမ အခြေအနေမှာ ဝါဒ ဖြစ်လေသည်။ ဒုတိယ ပဋ္ဌိပက္ခအခြေအနေက ပတိဝါဒ ဖြစ်လေသည်။ ၄င်းတို့နှစ်ဦး၏ ပဋ္ဌိပက္ခသဘော၊ ဒွန္ဒသဘောကြောင့် တတိယအသစ် ဖြစ်ပေါ်လာသည့် အရာကိုမူ သံဝါဒဟု ခေါ်နိုင်လေသည်။

သံဝါဒ၏ အခြေအနေ၌ ကျွန်ပ်တို့၏ မျက်မှောက်သို့ ရောက်လာသော ပိုးကောင်မည်းများသည် ယခင်က ပိုးကောင်ဖြူများ မဟုတ်ပေ။ အရာဝတ္ထုသစ်၊ အမျိုးဇာတ်သစ်သာလျှင် ဖြစ်လေသည်။

ထိုပြောင်းလဲမှုသည် အပေါ်ယံ အရေပါ: ပြောင်းလဲခြင်းမျိုး မဟုတ်ဘဲ အတွင်းကစပြီး ပြောင်းလဲသည့် ပြောင်းလဲခြင်းမျိုး ဖြစ်လေ၏။ ထို ပြောင်းလဲခြင်းကို 'ဒွန္ဒနည်းအရ ပြောင်းလဲခြင်း' (Dialectical Change) ဟု ခေါ်လေသည်။

အထက်ပါ ပိုးကောင်၏ ဥပမာ၌ ပိုးကောင်နှင့် ပတ်ဝန်းကျင်အခြေအနေတည်းဟူသော ဆန့်ကျင်ဘက်အရာနှစ်ခုသည် ဒွန္ဒသဘောအားဖြင့် ပေါင်းဆုံညီညွတ်သွားကြလေသည်။ ၄င်းကို 'ဆန့်ကျင်ဘက်များ ပေါင်းဆုံမှု' (Unity of Opposites) ဟု ခေါ်လေသည်။ ပါဠိစကားလုံးဖြင့် ခေါ်လိုလျှင်မူ 'ဝိရောဓိ သမာဂမ' ဟု ခေါ်နိုင်လေသည်။ ယင်းသို့လျှင် ဒွန္ဒဝါဒသည် ကျွန်ပ်တို့အား ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံညီညွတ်မှုသို့ ပို့ဆောင်လေသည်။ ဝါဒနှင့် ပတိဝါဒ၏ ရန်ပွဲသည် သံဝါဒ၌ ငြိမ်းအေးသွားလေသည်။ ၄င်းကိုပင် 'ဒွန္ဒနည်းအရ ပြောင်းလဲခြင်း' ဟု ခေါ်လေသည်။

ထိုပြောင်းလဲမှုသည် မူလဘူတ ပြောင်းလဲခြင်းမျိုး ဖြစ်၏။ အတွင်းကျကျ ပြောင်းလဲခြင်းမျိုး ဖြစ်၏။ ထိုပြောင်းလဲမှုမျိုးဌ အရာဝတ္ထုသည် အပေါ်ယံ အပယိက ပြောင်းလဲခြင်းမျိုးမျှသာ မဟုတ်ဘဲ အရည်အချင်းဌလည်း ပြောင်းလဲသွားလေသည်။ လန်ကာရှိုင်းယားက ပိုးကောင်များသည် အနာဂတ် အဆက်အနွယ်များသို့အထိ ပြောင်းလဲသွားသကဲ့သို့ ဖြစ်၏။ ၄င်းကို 'အရည်အချင်း ပြောင်းလဲမှု' (Qualitative Change) ဟု ခေါ်လေသည်။

ပတိဝါဒက ဝါဒကို ဖယ်ရှားလိုသည်။ တစ်ဖန် သံဝါဒက ပတိဝါဒကို တန်ပြန်လေသည်။ ဤသို့လျှင် ပတိဝါဒကြောင့် ဝါဒမရှိ ဖြစ်သွားရသည်။ သံဝါဒကြောင့် ပတိဝါဒမရှိ ဖြစ်သွားရသည်။ အဓိပ္ပာယ် ဆိုလိုရင်းမှာ သံဝါဒသည် မရှိမှု၏ မရှိမှု (ဝါ) 'ပတိသေဓ၏ ပတိသေဓ' (Negation of Negation) ဖြစ်လေသည်။ အယူအဆ အတွေးအခေါ် တိုးတက်မှုဌဖြစ်စေ၊ သတ္တဝါတို့၏ တိုးတက်လာမှုဌဖြစ်စေ နေရာတကာဌ ဤ ပတိသေဓ၏ ပတိသေဓ သဘောကို တွေ့မြင်နိုင်လေသည်။

ဆန့်ကျင်ဘက်အရာနှစ်ခု၏ ပေါင်းစပ်မှု (Unity of Opposites) သဘောကို ကမ္ဘာလောကဌ တွေ့ရတတ်လေသည်။ ကမ္ဘာလောကတစ်ခုလုံးတွင် ပြောင်းလဲရွှေ့လျားမှုဟု ဆိုအပ်သော ဂတိသဘောတရား ထင်ရှားရှိလေသည်။ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သည့် သတ္တိ (အရာဝတ္ထု၊ အဖြစ်အပျက်အစဉ်) နှစ်ခုတို့၏ ပေါင်းဆုံခြင်းသည်သာလျှင် ရွှေ့လျားပြောင်းလဲမှုဟု ဆိုအပ်သော ဂတိသဘောတရား ဖြစ်ပွားစေရန်အတွက် လုံလောက်သောအကြောင်း ဖြစ်လေ၏။ ရွှေ့လျားပြောင်းလဲခြင်းဟု ဆိုအပ်သော ဂတိ၏ အမည်သည် 'တိုးတက်လာခြင်း' ဖြစ်လေသည်။ လီနင်၏ စကားအရဆိုလျှင် 'တိုးတက်မှုသည် ဆန့်ကျင်ဘက်တို့ အချင်းချင်း တိုက်ခိုက်မှု၏ အမည်နာမဖြစ်သည်'ဟု ဆိုရပေမည်။ (Materialism and Emperio Criticism)

ဆန့်ကျင်ဘက်တရားများ တွေ့ဆုံလျှင် တိုက်ခိုက်မှု ဖြစ်ပွားမည်မှာ အမှန်ဖြစ်သည်။ တိုက်ခိုက်မှုသည် ပုံစံသစ်၊ ရွှေ့လျားပြောင်းလဲမှုအသစ်၊ အခြေအနေသစ်၊ လိုရင်းကိုပြောရလျှင် တိုးတက်မှုကို ဖြစ်ထွန်းပေါ်ပေါက်စေလေသည်။ ဤကား ထင်ရှားပြတ်သားသော အကြောင်း ဖြစ်၏။

လင်းလွန်းခင်စာပေ

ဘိလိယက်ကစားခန်း၌ ဘိလိယက် ကစားနေကြသည်။ စားပွဲပေါ်၌ ဆန့်ကျင်ဘက် မျက်နှာနှစ်ခုဆီသို့ ဘောလုံးကလေးများ ရွှေ့လျားနေကြသည်။ အကယ်၍ ထိုဘောလုံးကလေးများ၏ ရွှေ့လျားရာသည် အချင်းချင်း ဆန့်ကျင်ဘက် မဟုတ်လျှင် ထိုဘောလုံးကလေးများ၏ တွေ့ဆုံမှုသည် မဖြစ်နိုင်ပေ။

အကယ်၍ ရွှေ့လျားရာသည် ဆန့်ကျင်ဘက်ဖြစ်နေလျှင် ဘောလုံးတစ်လုံးက တစ်ဖက်ကလာပြီး အခြား ဘောလုံးတစ်လုံးက တခြားဘက်က လာသည်ဖြစ်လျှင် ဆန့်ကျင်ဘက် နှစ်ခုတို့၏ ပေါင်းဆုံမှု ဖြစ်နိုင်လေသည်။ ဤကား ဆန့်ကျင်ဘက်အရာများ ပေါင်းဆုံမှု၏ ပြယုဂ်ပုံစံ ဖြစ်လေ၏။

သို့သော်လည်း ဤနေရာ၌ပင် ကိစ္စရပ်မသွားပေ။ ဆန့်ကျင်ဘက် ဘော်လုံးနှစ်ခု ပေါင်းဆုံသွားသည့်အခါ၌ ၄င်းတို့၏ အရည်အချင်း၌လည်း ပြောင်းလဲသွားလေသည်။

ဘောလုံးတစ်ခုက အရှေ့ကို သွားလေသည်။ နောက် ဘောလုံးတစ်ခုက မြောက်ဘက်ကို သွားသည်။ ထိုဘောလုံးနှစ်ခု တွေ့ဆုံသွားသည့်အခါ၌၊ ထိခိုက်သွားသည့်အခါ၌ ၄င်းတို့၏ အဟုန်၊ သို့မဟုတ် ရွှေ့လျားရာ မျက်နှာသည် အရှေ့၊ သို့မဟုတ် မြောက်သို့ မဟုတ်တော့ဘဲ မျက်နှာသစ်သို့ ပြောင်းလဲသွားလေ၏။ ဤကား အဟုန်၏ အရည်အချင်း ပြောင်းလဲမှု၊ အရပ်မျက်နှာပြောင်းလဲမှု ဖြစ်လေ၏။

ဆန့်ကျင်ဘက်အရာများ၏ ပေါင်းဆုံမှုကို ဆန့်ကျင်ဘက်များ၏ တူညီမှု ဟူ၍လည်း ဆိုနိုင်လေသည်။ အဓိပ္ပာယ်မှာ ကွဲပြားခြင်းမရှိသော တစ်ခုတည်းသော သဘော၏ နှစ်မျိုးနှစ်စားသော အစွန်းဟု ဆိုလိုသည်။ ထို ဆန့်ကျင်ဘက်နှစ်စွန်းကို အဘိဓမ္မာဆရာများသည် ပရမတ္ထ (Absolute Truth) တည်းဟူသော ချိန်ခွင်နှင့် စက်ကြည့်လာခဲ့ကြရာ အချင်းချင်း ကွဲပြားခြားနားသည့် သဘောဟူ၍ မတွေ့ခဲ့ရ။ အမှန်မှာ အရာဝတ္ထု သဘောအားဖြင့် တူညီပြီး တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ မကွဲမပြားဘဲ တည်ရှိနေခြင်း ဖြစ်သည်။

"အကြင်အရာသည် ကြွေးချေးငှားစားသူအတွက် အနုတ် (ပေးရမည့်ငွေ) ဖြစ်၏။ ထိုအရာသည်ပင် ကြွေးရှင်အတွက် အပေါင်း (ရမည့်ငွေ) ဖြစ်လေသည်။ ကျွန်ုပ်တို့အတွက် အရှေ့ဘက်လမ်းသည် အခြားသူများအတွက် အနောက်

ဘက်လမ်းလည်း ဖြစ်နိုင်လေသည်။ လျှပ်စစ်၌ အပေါင်းနှင့် အနုတ် အစွန်းသည် တသီးတခြား လွတ်လွတ်လပ်လပ် ကွဲပြားနေသည့်အရာ မဟုတ်ပေ" (Logic by Hegel)

ဆန့်ကျင်မှုကို လီနင်က ဒွန္ဒဝါဒ၏ အနှစ်သာရ ဟူ၍ ဆိုလေသည်။ ထိုပြင် အရာဝတ္ထုတစ်ခုခုကို ခွဲခြားခြင်းနှင့် ထိုအရာဝတ္ထု၏ ဆန့်ကျင်မှုကို သိမြင်ခြင်းသည် ဒွန္ဒဝါဒ၏ အနှစ်သာရဖြစ်သည် ဟူ၍လည်း လီနင်က ပြောဆိုလေသည်။ (On Dialectics)

ဆန့်ကျင်ဘက်များ၏ တူညီမှုဆိုသည်မှာ တစ်ခဏတာ ဧည့်သည်များသာ ဖြစ်သည်။ ဥပမာအားဖြင့် ပြေးသွားလျက်ရှိသော မော်တော်ကားဘီးစွန်းသည် မြေကြီးနှင့် တစ်ခဏမျှသာ ထိလေသည်။ ထိုထိမှုသည် ထိုထိမှုကြောင့် အင်အားရရှိသွားပြီး ပြေးသွားလျက်ရှိသော ဘီး၏ ရွှေ့လျားပြောင်းလဲမှုလောက် တန်ဖိုးမရှိပေ။ ဤနည်းအတူပင် တစ်ခုတည်းသော အရာဝတ္ထု (အဖြစ်အပျက်အစဉ်)၌ ကျွန်ပ်တို့သည် ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံမှုကိုလည်း တွေ့ရလေသည်။ ထို ဆန့်ကျင်ဘက်များ ပေါင်းဆုံမှု၏ အကျိုးမှာ ဆန့်ကျင်ဘက်များ၏ တိုက်ခိုက်မှု ဖြစ်သည်။ ၄င်းအကျိုးမှာ ပေါင်းဆုံမှု (တူညီမှု) ကျိုးပျက်သွားခြင်းနှင့် အသစ်သဘောတစ်ခု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အရာဝတ္ထုဟူသမျှသည် အမြစ်ကနေပြီး ပြောင်းလဲသည်။ အသစ် အသစ် ဖြစ်ပေါ်နေသည်။ အရာဝတ္ထုအားလုံးသည် အလျှဉ်၊ အစဉ် ဆက်လျက်ရှိသော မီးညွှန့်မီးလျှံနှင့် တူသည်။ ဤကား ကမ္ဘာလောက၏ နိယာမ အမှန်တရား ဖြစ်၏။ လူ့လောကသည်လည်း ဤကမ္ဘာလောကအတွင်းက အစိတ်အပိုင်းတစ်ခု သာ ဖြစ်သည်။ သို့ဖြစ်၍ လူ့လောကသည် ကမ္ဘာလောက၏ နိယာမ ထုံးတမ်းစည်းကမ်းကို မည်သည့်နည်းနှင့်မျှ ကျော်လွန်မသွားနိုင်ပေ။ လူ့လောကသည်လည်း အမြစ်အရင်းကစပြီး ပြောင်းလဲမှုရှိလေသည်။ အကြောင်းမူကား လူ့လောကအတွင်းနှင့် လူ့လောကပတ်ဝန်းကျင်၌ ဆန့်ကျင်ဘက်၏ ပေါင်းဆုံမှုသဘောသည် ထင်ရှားရှိလေသည်။ ဤကား ဒွန္ဒဝါဒ၏ သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်သော ဆန့်ကျင်ဘက်၏ ပေါင်းဆုံမှုသဘော ဖြစ်လေ၏။ ၄င်းကို ပါဠိအခေါ်ဖြင့် ခေါ်လိုမူ 'ဝိရောဓိ သမာဂမ' ဟု ခေါ်နိုင်လေသည်။

လင်းလွန်းခင်စာပေ

'အရေအတွက် ပြောင်းလဲမှုသည်ပင် ထူးခြားသည့် သတ်မှတ်ပိုင်းခြားချက်တစ်ခုကို ကျော်လွန်သွားလျှင် အရည်အချင်းအားဖြင့် တစ်မူကွဲပြားပြီး ပြောင်းလဲသွားလေသည်။' (Capital By Marx) ကာဗွန်နစ်အက်စစ် (ကာဗွန်ဒိုင်အောက်ဆိုက်)သည် အဆိပ်ဓာတ်ငွေ့တစ်ခုဖြစ်သည်။ ထိုဓာတ်ငွေ့ကို ရှူရှိုက်လျှင် လူသည် သေသွားနိုင်လေသည်။ သို့ရာတွင် လူ၏ အသက်ရှင်နေနိုင်ရေးအတွက်လည်း ထိုဓာတ်ငွေ့သည် လိုအပ်သော အရာတစ်ခု ဖြစ်လေ၏။ လူ၏သွေးခဲ့ ကာဗွန်နစ်အက်စစ်ဓာတ် ၀ါးရာခိုင်နှုန်း လိုအပ်၏။ ထိုဓာတ်မပါလျှင် လူ၏ ကျန်းမာရေးနှင့် အသက်ရှင်ရေးသည် မဖြစ်နိုင်ပေ။ ဤနေရာ၌ အတိုင်းအရှည်ပမာဏ ကွဲပြားရုံမျှနှင့် အရည်အချင်း (အသက်ရှင်ရေး၊ အသက်သေရေး)၌ ကွဲပြား ခြားနားသွားလေသည်။

ကလိုရင်းသည် အဆိပ်ဓာတ်တစ်မျိုး ဖြစ်လေသည်။ ဆိုဒီယမ် (ဆိုဒါ)သည် ဆူစေတတ်သော ဓာတ်တစ်မျိုးဖြစ်သည်။ ၄င်းကို ရေပေါ်၌ ချလိုက်လျှင် မီးထတောက်လေသည်။ ၄င်းနှစ်မျိုး၏ အဏုမြူများကို အတိုင်းအရှည် ပမာဏ အားလျော်စွာ ရောစပ်လိုက်လျှင် ကျွန်ုပ်တို့ စားသုံးနေသည့်ဆား ဖြစ်လာလေ၏။ ၄င်း၌ ကလိုရင်းကဲ့သို့သော အသက်ကို သေစေတတ်သည့်ဓာတ်မျိုးတည်း ဟူသော အရည်အချင်းလည်း မရှိပေ။ ဆိုဒီယမ်ကဲ့သို့သော မီးလောင်စေတတ်သည့် အရည်အချင်းလည်း မရှိပေ။ အရည်အချင်းသစ်တစ်ခုသာ ဖြစ်ပေါ်လာလေ၏။ ၄င်းကား ကျွန်ုပ်တို့ စားသုံးနေသည့်ဆား ဖြစ်လေ၏။

ဤကား အတိုင်းအရှည် အရေအတွက် ပမာဏ ပြောင်းလဲခြင်းကြောင့် အရည်အချင်း၌ ပြောင်းလဲသွားပုံ ပုံစံများ ဖြစ်လေသည်။

မဟာဘုတ်ဟု ဆိုအပ်သော ဘူတတရား ရုပ်တရား၌ တစ်စတစ်စ တိုးတက်ပြောင်းလဲမှု ရှိလေသည်။ မြေကြီးက ကြဲဖြစ်၏။ ကြဲက ကြဲသကာ၊ သကြား၊ သကြားခဲအထိ ပြောင်းလဲတိုးတက်သွားအောင် ကျွန်ုပ်တို့ကိုယ်တိုင် လက်ဖြင့် ပြုလုပ်ကြလေသည်။ သဘာ၀သည် ဤတိုးတက်ပြောင်းလဲမှုကို အစဉ်တစိုက် သဘောမျိုးအားဖြင့်လည်းကောင်း၊ ရုတ်တရက် ရှောင်တခင် သဘောမျိုးအားဖြင့်လည်းကောင်း နှစ်နည်းနှစ်မျိုးအားဖြင့် ပြုလုပ်ဖန်တီးလေသည်။ အလျား

သို့မဟုတ် အမြင့်ခုန်သည့် ကစားသမားကဲ့သို့ အစပထမတွင် အစဉ်တစိုက် ပြေးလာပြီးနောက်မှ ဟားခုန် ခုန်လိုက်လေသည်။ ထိုအခါမျိုးဌ အရည်အချင်းသစ်၊ အရာဝတ္ထုသစ်၊ အကြောင်းအရာသစ် ဖြစ်ထွန်း ပေါ်ပေါက်လာလေသည်။

ဟေဂယ်က ရေခဲသည့်ဥပမာနှင့် ပေးရှု ပြောပြထားလေသည်။

'ရေသည် ခဲဖို့ရန်အတွက် အေးသွားသောအခါ၌ ကော်ခဲသော နည်းမျိုးကဲ့သို့ နည်းနည်းစီ နည်းနည်းစီ ခဲခြင်း၊ မာခြင်း မဟုတ်။ ရုတ်တရက် ရှောင်တခင် ခဲသွားခြင်း၊ မာသွားခြင်း ဖြစ်လေသည်။'

(Science of Logic)

ရေခဲသောအခါ၌ ရေသည် တဖြည်းဖြည်း ခဲနေခြင်းမဟုတ်ပေ။ သာမိုမီတာ ပြဒါးတိုင်ကို ကြည့်လျှင် တဖြည်းဖြည်း အောက်သို့ကျဆင်းလာရာ ရေခဲသည့်အမှတ် (၃၂ ဒီဂရီဖာရင်ဟိုက်၊ သုညဒီဂရီ စင်တီဂရိတ်)သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ရှောင်တခင် ရေခဲသွားခြင်း ဖြစ်လေသည်။ ထိုအခါ၌ ရေ၏ အာပေါဓာတ်သဘောသည် ကွယ်ပျောက်သွားလေသည်။ မှန်ကဲ့သို့ မာကျောသွားပြီးလျှင် အပေါ်တွင် လော်ရီကား၊ သံချပ်ကာကားများပင် ဖြတ်သွားနိုင်လောက်အောင် ဖြစ်သွားလေသည်။

စင်ကြယ်သန့်ပြန့်သည့် ကရားဖြင့် မြူမှုန်ကင်းစင်သည့် ရေစစ်စစ်ကို မီးပေါ်မှာတင်ပြီး ကျိုလျှင် ရေသည် တဖြည်းဖြည်း ပူလာလိမ့်မည်။ သာမိုမီတာ ပြဒါးတိုင်နှင့် အပူဒီဂရီကို တိုင်းကြည့်ပါ။ ၈၀° ၊ ၉၀° အထိ ရေအေးတုန်းပင် ရှိသည်ကို တွေ့ရပေလိမ့်မည်။ ၉၆° ၊ ၉၇° ၌ မပူမအေး ဖြစ်လာသည်ကို တွေ့ရပေလိမ့်မည်။ အပူ ဒီဂရီအမှတ်ပေါ်သို့ တက်သွားလေလေ ရေ၏အပူလည်း များလာလေလေ ဖြစ်သည်။ ရေပူလာသည်နှင့်အမျှပင် အပူဒီဂရီအမှတ်လည်း အပေါ်သို့ တက်လာမည် ဖြစ်လေသည်။ ၁၅၀° တွင် သင့်လက်ဖြင့် စမ်းကြည့်ချင်တော့မည် မဟုတ်ပေ။ ၂၀၀° ၌မူ သာ၍ မခံမရပ်နိုင်သည့် အပူကို တွေ့ရှိရပေလိမ့်မည်။ ရေနွေး ဘာကြောင့် မဆူမပွက်သနည်းဟု သင် အံ့သြပေလိမ့်မည်။ ရေကို သန့်ပြန့်စင်ကြယ်အောင် စစ်ထားလျှင် ဆူပွက်လာလိမ့်မည် မဟုတ်ကြောင်းကို

သတိပြုထားရမည်။ ဆူပွက်လာဖို့ရန်အတွက် မြူမှုန် လိုအပ်လေသည်။ မြူမှုန် ရှိမှ လေ ဝင်လာနိုင်သည်။ အပူဒီဂရီ ၂၁၀° ဖာရင်ဟိုက်သို့ ရောက်လာပြီ။ သတိသာ ထားပေတော့။ အခုလည်း ထိုအတိုင်းပင် ရှိသည်ဟု ပြောမလား။ ၂၁၂° ဖာရင်ဟိုက် (၁၀၀° စင်တီဂရိတ်)မှာ ကြည့်ပါ။ ရေအကုန်လုံး မဆူမပွက်ဘဲနှင့် ရေနွေးငွေ့ဖြစ်လာသည်ကို တွေ့ရလိမ့်မည်။

ယင်းသို့လျှင် အပူ၏ အရေအတွက် ပြောင်းလဲမှုသည် ထူးခြားသည့် သတ်မှတ်ပိုင်းခြားချက်ကို ကျော်လွန်သွားသည်နှင် တစ်ပြိုင်နက် အရည်အချင်း ပြောင်းလဲမှုကို ပေါက်ဖွား ဖန်တီးပစ်လိုက်လေ၏။ အာပေါဓာတ် (ရေ)ကို အခဲ၊ သို့မဟုတ် အခိုးအငွေ့ လုပ်ပစ်လိုက်လေ၏။

နောက်ထပ် ချိန်ခွင်ဥပမာကို ဖတ်ကြည့်ပါဦး။ ပိဿာလေးတစ်ခုကို တစ်ဖက်မှာ တင်ထားပြီး ချိန်ခွင်ကောင်းကောင်းနှင့် အာလူး၊ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ချိန်ကြည့်ပါ။ အဝက်သား၊ အစိတ်သား၊ ငါးဆယ်သား စသည်ဖြင့် အာလူးကို ချိန်ခွင်တစ်ဖက်တွင် တင်ကြည့်ပါ။ တစ်ပိဿာစေ့မည့် နောက်ဆုံး အာလူးလုံးကို မတင်မချင်း ချိန်ခွင်ညွှာသည် တန်းနေမည် မဟုတ်ပေ။ နောက်ဆုံး အာလူးကို တင်လိုက်သည်နှင် တစ်ပြိုင်နက် ချိန်ခွင်ညွှာ တည့်သွားမည် ဖြစ်ပေ၏။ သို့ရာတွင် နောက်ထပ်ပြီး အာလူးတစ်လုံး တိုးလိုက်သည်နှင့် ချိန်ခွင်ညွှာ ဇောက်ထိုးဖြစ်သွားသည်ကို တွေ့ရမည် ဖြစ်လေသည်။

နောက်ထပ် ဥပမာများကို ပြရဦးမည်ဆိုလျှင်လည်း အားကောင်း မောင်းသန် လူကြီးလေးယောက် ကျောက်တုံးတစ်ခုကို ချီမကြလေသည်။ ရှိသမျှ အားကို ထုတ်၍ ချီမကြပါသော်လည်း ကျောက်တုံးသည် ရွှေ့ပါမလာပေ။ ထိုအခိုက် ကလေးတစ်ယောက်က အနီးသို့ ဖြတ်လာပြီး ဝိုင်း၍ ကူညီချီမလိုက်လေ၏။ ထိုအခါ ကျောက်တုံးသည် ကြွသွားလေသည်။ ဓာတ်မီးဖိုကို လေထိုးကြည့်ပါ။ ဓာတ်မီးဖို၏ အပ်ကို အန္တရာယ်ဖြစ်စေသည့် အနီဝိုင်းသို့ရောက်က ရပ်ထားရမည်။ နောက်ထပ် ထိုးလိုက်သည်နှင့် တစ်ပြိုင်နက် ပေါက်ကွဲပြီး မီးဟုန်းဟုန်း တောက်သွားပေလိမ့်မည်။

လူ၏ ကိုယ်ကာယ၌ အနွေးဓာတ်ရှိလေသည်။ အကယ်၍ ထိုအနွေးဓာတ်သည် ဒီဂရီ တစ်ဆင့်ပြီးတစ်ဆင့် တက်လာပြီး ၉၉ ဒီဂရီ၏ နယ်နိမိတ်သတ်မှတ်ချက်ကို ကျော်လွန်သွားလျှင် ကျန်းမာသည့် ပကတိလူကောင်းကို လူမမာဟူ၍ သမုတ်ကြလေသည်။ အကယ်၍ ထိုအနွေးဓာတ်သည် ဆုတ်ယုတ်လာပြီး လူ၏ ကိုယ်ခန္ဓာ အေးစက်သွားလျှင် ထိုလူကို သေပြီဟု ယူဆကြလေသည်။ ကမ္ဘာလောကရှိ မည်သည့် အရာဝတ္ထုမျိုး၌မဆို ဤ အရေအတွက် ပြောင်းလဲခြင်းနှင့် အရည်အချင်း ပြောင်းလဲခြင်းတည်း ဟူသော ဥပဒေနိယာမ ရှိလေ၏။

ဒုန္ဒနည်းကျ ရုပ်ဝါဒအရဆိုလျှင် တစ်ချိန်တစ်ခါတုန်းက ရုပ်တစ်ခုတည်းသာလျှင် တည်ရှိခဲ့လေသည်။ ထိုရုပ်အရေအတွက် ပြောင်းလဲမှု ဖြစ်ရင်း ဖြစ်ရင်းက အရည်အချင်းပြောင်းလဲမှု ဖြစ်ပေါ်လာပြီးလျှင် နာမ်၊ သို့မဟုတ် စိတ် ဖြစ်ပေါ်လာခြင်း ဖြစ်လေ၏ဟု အယူရှိလေသည်။ ဗုဒ္ဓအဘိဓမ္မာကမူ ရုပ်တစ်ခုတည်း တည်ရှိနေသည့် အချိန်တစ်ချိန်ကို အယူမရှိပေ။ ဤနေရာ၌ အဘိဓမ္မာနှစ်ရပ်သည် သိသိသာသာကြီး ကွဲပြားခြားနားသွားလေသည်။

ဒုန္ဒနည်းကျ ရုပ်ဝါဒီတို့သည် သဘာဝထဲ၌ မည်သည့် နေရာ၌မဆို အရည်အချင်း ပြောင်းလဲမှုကို တွေ့ရှိလေသည်။ ယုံလည်း ယုံကြည်လေသည်။ ရုပ်ဝါဒီတို့၏ အပေါ်၌ အချို့သောသူများ၏ အပြစ်တင်ချက်တစ်ခုမှာ ရုပ်ဝါဒီတို့သည် နာမ်(စိတ်)ကို ရုပ်အဖြစ် သွတ်သွင်းမှတ်ယူကြသည် ဟူသော အချက်ဖြစ်သည်။ အမှန်မှာ ရုပ်ဝါဒီတို့သည် နာမ်(စိတ်)ကို မည်သည့် အခါမျှ ရုပ်ဟု မယူဆကြပေ။

သကြားခဲသည် မြေကြီးမှ အဆင့်ဆင့် ဖြစ်ပေါ်လာခြင်း ဖြစ်သော်လည်း သကြားခဲကို မြေကြီးဟု ယူဆလျှင် တက်တက်စင်လွဲပေလိမ့်မည်။ မြေကြီး၌ သကြားခဲတွင်ရှိသော အရည်အချင်းမျိုး မည်သည့်အခါမျှ မရှိနိုင်ပေ။

နာမ်(စိတ်)၏ ဖြစ်ပေါ်လာရာမှာမူ ရုပ်ပင် အမှန် ဖြစ်ပေသည်။ သို့ရာတွင် နာမ်(စိတ်)သည် ရုပ် မည်သည့်နည်းနှင့်မျှ မဟုတ်နိုင်ပေ။ ၎င်းသည် အရည်အချင်းပြောင်းလဲမှုအားဖြင့် ဖြစ်ပေါ်လာသောအရာသာ ဖြစ်လေ၏။

လောကဓာတ်နည်းအရ ရာဖွေစမ်းသပ် တွေ့ရှိရသော လူ့သမိုင်းကလည်း ရှေးနှစ်ပေါင်း ကုဋေကုဋာ လွန်ခဲ့သည့်အခါက နှစ်ပေါင်းများစွာ အချိန်ကာလ အထိ အသက်(စိတ်) ကင်းမဲ့သည့် ရုပ် တည်ရှိနေခဲ့သည်ဟု အထင်အရှား သက်သေပြထားလေသည်။

ဤအရည်အချင်း ပြောင်းလဲမှုကြောင့် မနုဿလူသားဟူ၍ ဖြစ်ပေါ်လာသည်အထိ တစ်စတစ်စ တိုးတက်ပြောင်းလဲလာပုံကို သိရှိနားလည်ရန်အတွက် ပါဏဗေဒပညာရှင်တို့၏ ရာဖွေတွေ့ရှိမှုများအနက် အရေးပါအရာရောက်သည့် သဘောတရားတစ်ခုဖြစ်သည့် မျိုးဇာတ်ပြောင်းလဲမှု (Mutation) ဟူသော သဘောတရားကို သိထားသင့်လေသည်။

မျိုးနွယ်စဉ်ဆက်၌ အစဉ်မပြတ် ပြောင်းလဲ၍ နေလေသည်။ တစ်ခါတစ်ရံ တွင်မူ လူဝံမှ လူအဆင့်သို့ ခုန်ကျော်၍ ပြောင်းလဲသည့် နည်းမျိုးဖြင့် ပြောင်းလဲလေသည်။ ၄င်းကို မျိုးဇာတ်ပြောင်းလဲမှု (ဇာတိပရိဝတ္တန)ဟူ၍ ခေါ်လေသည်။ လူတို့၏ သန္ဓာန်၌ အရည်အချင်းသစ်၊ အသွင်သစ် ဖြစ်ပေါ်လာမှု၌ နှစ်မျိုးနှစ်စားသော နည်းလမ်းအားဖြင့် ဖြစ်ပေါ်လာလေသည်။ တစ်မျိုးကား အလေ့အကျင့် သို့မဟုတ် အပြင်အပ အကြောင်းကြောင့် ပြောင်းလဲသွားသည်။

ဥပမာအားဖြင့် ပညာမတတ်သောသူသည် ပညာသင်ကြားခြင်းအားဖြင့်လည်းကောင်း၊ အလေ့အကျင့်အားဖြင့်လည်းကောင်း ပညာတတ် ဖြစ်သွားရသည်။ မတော်တဆ ထိခိုက်မှုကြောင့် လူသည် အကျိုးအကန်း ဖြစ်သွားရလေသည်။ ဤပြောင်းလဲမှုမျိုးသည် ကိုယ်ခန္ဓာတစ်ခု (၀ါ) မျိုးဆက် တစ်ဆက်အထိသာလျှင် သတ်မှတ်မှုရှိလေသည်။ ဆရာ၀နမ်၏သားသည် ဆရာ၀နမ်၏သား ဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဆရာ၀နမ် မဖြစ်နိုင်ပေ။ အဓိပ္ပာယ်မှာ အလေ့အကျင့်နှင့် ကြိုးပမ်းမှုကြောင့် ရရှိသည့် အရည်အချင်းသည် မျိုးဆက်ပါလာသည့် အရည်အချင်း မဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။ နောက်တစ်မျိုးက ထာ၀ရပြောင်းလဲမှုမျိုး ဖြစ်၏။ ထိုပြောင်းလဲမှုမျိုးကို မျိုးဇာတ်ပြောင်းလဲမှု (ဇာတိပရိဝတ္တန)ဟု ခေါ်သည်။ ထိုပြောင်းလဲမှုမျိုးသည် အပေါ်ယံပြောင်းလဲမှုမျိုး မဟုတ်။ သတ္တ၀၏ အမျိုးတို့ကမျိုးစေ့ (ဇနကဇီ၀ Genus)၌ ပြောင်းလဲခြင်းမျိုး ဖြစ်လေသည်။

လူ့လောကခ္ခ်ာလည်း အရည်အချင်းပြောင်းလဲမှု ဖြစ်ပေါ်လေသည်။ ထိုပြောင်းလဲမှုကို 'လူ့မှုတော်လှန်ရေး'ဟု ခေါ်လေ၏။ ထိုပြောင်းလဲမှုမျိုးသည် ကမ္ဘာပေါ်ခ္ခ် လူဟူ၍ စတင်ဖြစ်ပေါ်လာကတည်းက တစ်ဖြစ်တည်း ဖြစ်ပေါ်လာခဲ့လေ၏။ လူ့လောက၏ တောတွင်းသား၊ လူရိုင်း၊ လူယဉ် (၄င်းခ္ခ်လည်း ပဒေသရာဇ်၊ အရင်းရှင်၊ ဆိုရှယ်လစ်) အခြေအနေများကို လေ့လာကြည့်ရှုလျှင် ဤအခြေအနေများကို ဖြတ်ကျော်သွားသည့် အချိန်များခ္ခ် အရည်အချင်း ပြောင်းလဲမှုဟု ဆိုအပ်သော အစဉ်အလာပြောင်းလဲမှုများ မည်သို့ မည်ပုံ ဖြစ်ပေါ်ခဲ့သည်ဆိုသည့် အကြောင်းကို သိရှိပေလိမ့်မည်။

ဤအရည်အချင်း ပြောင်းလဲမှုသည် ဒွန္ဒဝါဒ၏ သုံးချောင်းထောက်အနက် ခြေထောက်တစ်ချောင်းဖြစ်သည်ဟု ဆိုနိုင်ပါ၏။ ၄င်းကို ပါဠိဘာသာ အခေါ်အဝေါ်အားဖြင့် ခေါ်လိုမူ 'ဂုဏာပရိဝတ္တန'ဟု ခေါ်ဆိုနိုင်ပေသည်။

ဒွန္ဒဝါဒ၏ အဖျက် အပြုလုပ်ငန်း၏ တတိယအဆင့်မှာ ပတိသေဓ၏ ပတိသေဓ ဖြစ်သည်။ ပျက်စီးပျောက်ကွယ်သွားသည့် အရာဝတ္ထု (အဖြစ်အပျက်အစဉ်)၏ နောက်ထပ် ဆက်ခံသည့်အရာ (ဝါ) အစားပေါ်လာသည့် အရာကို ပတိသေဓ၊ သို့မဟုတ် နိသေဓ (Negation)ဟု ခေါ်လေသည်။

ပတိသေဓ၊ သို့မဟုတ် နိသေဓဟူသော ပါဠိစကားလုံး၏ အဓိပ္ပာယ်မှာ တားမြစ်ခြင်း၊ ပယ်ဖျက်ခြင်း ဖြစ်လေသည်။ ပတိသေဓဟူသော စကားလုံးမှာ နားဝင်ချိုသည့်စကားလုံး မဟုတ်ဟု ထင်ရသော်လည်း ထိုစကားလုံး၏ တန်ဖိုးကား မသေးလှပေ။ ကမ္ဘာလောကရှိ မည်သည့် တိုးတက်ပြောင်းလဲမှုမျိုးခ္ခ်မဆို ပတိသေဓသဘော ပါရစမြဲ ဖြစ်လေသည်။ လူ့အဆက် တစ်ဆက်သည် ပထမ လူ့အဆက်ကို ပယ်ဖျက်လေသည်။ ပတိသေဓကို ပြုလုပ်လေသည်။ တစ်ဖန် ထိုအသစ်ဖြစ်သော လူ့အဆက် (ပတိသေဓ)ကို အခြား လူ့အဆက်တစ်ခုက ပတိသေဓ ပြုလုပ်ပြန်လေသည်။ သိပ္ပံနည်းကျ ရုပ်ဝါဒကို ကြည့်ပါ။

ရှေးဟောင်း ရုပ်ဝါဒ
ယန္တရား ရုပ်ဝါဒ
သိပ္ပံနည်းကျ ရုပ်ဝါဒ

ရေးဟောင်းရုပ်ဝါဒကို ဆယ့်ခုနှစ်၊ ဆယ့်ရှစ်ရာစုနှစ်တွင် ယန္တရားရုပ်ဝါဒက ပတိသေဓ ပြုလုပ်လေသည်။ တစ်ဖန် ယန္တရားရုပ်ဝါဒကို သိပ္ပံနည်းကျ ရုပ်ဝါဒက ပတိသေဓ ပြုလုပ်လေသည်။ ပယ်ဖျက်လေသည်။ ထို့ကြောင့် သိပ္ပံနည်းကျ ရုပ်ဝါဒသည် ပတိသေဓ၏ ပတိသေဓ ဖြစ်လေသည်။

တသီးတခြား ပုဂ္ဂလိကပိုင်ပစ္စည်း-

အရင်းရှင်ဝါဒီ ပုဂ္ဂလိကပိုင်ပစ္စည်း

ဆိုရှယ်လစ်ဝါဒီ အစုပိုင်ပစ္စည်း

အရင်းရှင်ဝါဒသည် တသီးတခြားဖြစ်သည့် လက်မှုစက်မှု လုပ်ငန်းငယ်များကို ပယ်ဖျက်ပြီးလျှင် ကုန်ပစ္စည်းထုတ်လုပ်သည့် ကိရိယာနှင့် လုပ်ငန်းကို အရင်းရှင်ဝါဒီ အစုအရုံး၏ လက်ထဲ၌ ထည့်လိုက်လေသည်။ ဆိုရှယ်လစ်ဝါဒက ၄င်းကို ပယ်ဖျက်ပြီးလျှင်၊ ပတိသေဓ ပြုလုပ်ပြီးလျှင် ပတိသေဓ၏ ပတိသေဓ ဖြစ်လာလေသည်။ မာ့ဂ်စ်သည် ဤနိယာမသဘောတရားကို ညွှန်ပြရင်း အောက်ပါအတိုင်း 'ကက်ပီတယ်လ်' (Capital) တွင် ပြောပြထားလေသည်။

'အရင်းရှင်တစ်ဦးသည် အရင်းရှင်ပေါင်းများစွာကို သတ်လေသည်။ အရင်းရှင်အနည်းငယ်က ဤကဲ့သို့ အရင်းရှင်ပေါင်းများစွာကို မျိုချခြင်း၊ သို့မဟုတ် တစ်စုတည်းလုပ်ခြင်းသည် ရှေ့သို့ တစ်ဆက်တည်း တိုးတက်ပြင်းထန်လာလေသည်။ လုပ်အားကို အစုအဝေး သဘောမျိုးဖြင့် အသုံးချခြင်း၊ သိပ္ပံပညာ၏ စက်ယန္တရား အတတ်ပညာကို ကိုယ့်လိုဘအတွက် အသုံးချခြင်း၊ မြေကို သေချာစွာထွန်ယက်ခြင်း၊ လုပ်အား ကိရိယာများကို အစုအဝေးသဘောအားဖြင့်သာလျှင် အသုံးချနိုင်အောင် ပြုလုပ်ခြင်း၊ စုပေါင်းဖွဲ့စည်းထားသည့် လုပ်အား၏ ကုန်လုပ်ကိရိယာများကို အသုံးချခြင်းအားဖြင့် အားလုံးသော ကုန်လုပ်ကိရိယာတို့၌ ချွေတာမှုကို အသုံးပြုခြင်းများ တိုးတက်ဖြစ်ပေါ်လာလေသည်။ ကုန်လုပ်ကိရိယာများကို တစ်စုတည်းပြုခြင်း၊ (အနည်းငယ်သော သူတို့၏ အထံ၌ စုပေါင်းထားခြင်း)နှင့် လုပ်အားကို ပေါင်းစုဖွဲ့စည်းခြင်း (ပုဂ္ဂလိကသဘောမျိုး မဟုတ်ဘဲ အဖွဲ့အစည်းသဘောမျိုးအားဖြင့် အသုံးပြုခြင်း) များသည် နောက်ဆုံး၌ မိမိ၏ အရင်းရှင်ဝါဒီအခွံနှင့် ဆန့်ကျင်သည့်

နေရာသို့ ရောက်ရှိလာခဲ့လေသည်။ ထိုအခွံသည် ပေါက်ကွဲထွားလေသည်။ အရင်းရှင်ဝါဒီ ပုဂ္ဂလိကပစ္စည်း၏ သေချိန်၊ သေနာရီ ထိုးလာပြီးလျှင် ပျောက်ကွယ်သွားရလေသည်။

ပဒေသရာဇ်ခေတ်က ပုဂ္ဂလိကပိုင်ပစ္စည်းကို အရင်းရှင်ဝါဒက မျိုပစ်လေသည်။ ပယ်ဖျက်ပစ်လေသည်။ ပတိသေဓ လုပ်ပစ်လေသည်။ အရင်းရှင်ဝါဒသည် အရင်း (အမြတ်)ကို ပုဂ္ဂလိကပိုင်လုပ်ပြီး လုပ်အားကို အဖွဲ့အပေါင်းအစု အဖွဲ့အစည်းသဘောမျိုးအားဖြင့် အသုံးပြုလေသည်။ တစ်နေရာတည်း၌ ဆန့်ကျင်ဘက် အခြေအနေနှစ်ခု ပေါင်းဆုံလာလေသည်။ ထိုနှစ်ခု၌ တိုက်ခိုက်မှု ဖြစ်ပေါ်လေသည်။ အရည်အချင်း ပြောင်းလဲမှုကြောင့် ဆိုရှယ်လစ်ဝါဒီ လူ့လောက (ဝါ) ဖိနှိပ်သူနှင့် အဖိနှိပ်ခံဟူ၍ မရှိသည့် လူ့လောက ဖြစ်ပေါ်လာလေသည်။ ၄င်းသည် ပထမ ပတိသေဓ (အရင်းရှင်ဝါဒ)ကို ပတိသေဓ ပြုလုပ်လေသည်။ ပယ်ဖျက်ပစ်လေသည်။

ဆန့်ကျင်ဘက်နှစ်ခု ဆုံမှု (ဝိရောဓိသမာဂမ) ဖြစ်မှသာလျှင် တိုက်ခိုက်မှုအားဖြင့် အရည်အချင်းပြောင်းလဲမှု ဖြစ်ပေါ်ရလေသည်။ ထိုအရည်အချင်းပြောင်းလဲမှု၏ အကျိုးသည်ပင် ပတိသေဓ၏ ပတိသေဓ (Negation of Negation) ဖြစ်လေသည်။ ပြဿနာတစ်ခု ပေါ်လာနိုင်သည်မှာ ဆိုရှယ်လစ်ဝါဒသည် အရင်းရှင်ဝါဒကို ပတိသေဓ ပြုလုပ်ဘိသကဲ့သို့ ဤပတိသေဓ (ဆိုရှယ်လစ်ဝါဒ)ကိုလည်း တစ်စုံတစ်ခုက တစ်ဖန် ပတိသေဓ မပြုလုပ်ဘူးလော။ ဤနေရာ၌ ပတိသေဓ၏ ပတိသေဓဟူသော နိယာမသဘောတရား မရှိတော့ဘူးလော။ ဤသို့ ပြဿနာ ဖြစ်ပေါ်လာနိုင်သည်။ သို့ရာတွင် ထိုပြဿနာမှာ မှားပြီး ထွက်လာသော ပြဿနာ မျိုး ဖြစ်သည်။ ပတိသေဓ၏ ပတိသေဓ ဟူသော ပြဿနာကို ကျွန်ုပ်တို့သည် အလယ်က ကြားဖြတ်ပြီးလုပ်၍ မရပေ။ ထိုပြဿနာကို ဆန့်ကျင်ဘက်နှစ်ခု၏ ဆုံမှု (ဝိရောဓိသမာဂမ) အရင်က စပြီးလုပ်ရမည် ဖြစ်သည်။

ပြဿနာဖြစ်နိုင်သည်မှာ ဆိုရှယ်လစ်ဝါဒီ၊ သို့မဟုတ် ၄င်းထက် ရှေးကျသည့် ကွန်မြူနှစ်ဝါဒီ လူ့လောကၦ ဆန့်ကျင်ဘက်၏ ပေါင်းဆုံမှု (ဝိရောဓိသမာဂမ) ဖြစ်မည်လော။ ဖိနှိပ်သူနှင့် အဖိနှိပ်ခံလူတန်းစားဟူ၍ မရှိသည့် လူ့လောကၦ

လူတန်းစားတိုက်ခိုက်မှုဟူ၍ ရှိမည်မဟုတ်ပေ။ သို့ဖြစ်၍ ထိုလူ့လောကဌ် ဤကဲ့သို့သော ဆန့်ကျင်ဘက်၏ ပေါင်းဆုံမှုမျိုး မဖြစ်ပေါ်နိုင်ပေ။ ထို လောကဌ် ဖြစ်ပေါ်မည့် ဆန့်ကျင်ဘက်၏ ပေါင်းဆုံမှုမျိုးမှာ ထိုအချိန်ရှိ သိပ္ပံစက်ယန္တရား အတတ်ပညာ၊ သဘာဝစွမ်းရည်သတ္တိ တို့နှင့်သာလျှင် ဖြစ်ပေလိမ့်မည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ဖြစ်ပေါ်မည့် အကျိုးထူးမှာကား လူ၏ စွမ်းရည်သတ္တိ ဆတက်ထမ်းပိုးတိုးတက်ဖွံ့ဖြိုးလာခြင်းသာလျှင် ဖြစ်ပေလိမ့်မည်။

မာ့ဂ်စ်အဘိဓမ္မာဌ် ဒွန္ဒဝါဒသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်၍ ထပ်မံ ရှင်းလင်းပြောပြပါဦးမည်။ ဒွန္ဒဝါဒနည်းအရ ပြောင်းလဲရာဌ် ဝါဒ၊ ပတိဝါဒ၊ သံဝါဒဟု အဆင့်သုံးခုရှိသည့်အနက် သံဝါဒသည် အခြေအနေသစ်တစ်ခု ဖြစ်သည်။ သို့ရာတွင် ယင်းအခြေအနေသစ်သည် ထာဝစဉ် တည်တံ့မနေပေ။ အကြောင်းမူကား တိုးတက်မှုအစဉ်ဌ် အချိန်ကာလ မကြာခင်မှာပင် ယင်းသံဝါဒ ကိုယ်တိုင်သည် ယခင်က ပြောပြခဲ့သည့်နည်းအတိုင်း တစ်ဖန် ဝါဒဘာဝသို့ ရောက်သွားရပြီး တစ်ဖန် ထိုဝါဒ၏ ပတိဝါဒ မွေးဖွားပေါ်ပေါက်လာပြီးလျှင် ၄င်းတို့နှစ်ဦး၏ ပဋိပက္ခ အစပြုလာရလေသည်။ ယင်းပဋိပက္ခ၏ အကျိုးတရားအဖြစ် အခြားသံဝါဒတစ်ခု ဖြစ်ပေါ်လာရလေသည်။ ယင်းသံဝါဒသည် ယခင်သံဝါဒထက် အဆင့်အတန်းမြင့်လေသည်။

ယင်းအဓိပ္ပာယ်ကို အခြားနည်းတစ်နည်းအားဖြင့်လည်း ပြောပြ၍ရသည်။ အစဦးစွာ စွမ်းအားတစ်ခုသည် မိမိ၏ လုပ်ငန်းစဉ်တစ်ခု ချမှတ်ထားလေသည်။ ကမ္ဘာလောကတည်းဟူသော စက်သည် ထိုလုပ်ငန်းစဉ်အရ လည်လေသည်။ ယင်းစွမ်းအားကို 'ဝါဒ' ဟု ခေါ်လေသည်။ သို့ရာတွင် ထိုစွမ်းအား၏ လုပ်ငန်းစဉ်သည် လူတိုင်းနှင့် လျော်ကန်သင့်မြတ်ရန်မှာ ခဲယဉ်းလှပေသည်။ ယင်းအခြေအနေဌ် အချိန်ကြာမြင့်သွားသောအခါ ယင်းစွမ်းအား၏ ဆန့်ကျင်ဘက်ဦးရေသည် များပြားလာလေသည်။ တဖြည်းဖြည်း ထိုဆန့်ကျင်ဘက်အင်အားစုသည် စုပေါင်းစည်းရုံးမိသွားလေသည်။ စုပေါင်းစည်းရုံးမိသွားသောအခါ ၄င်းတို့သည် ယခင်လုပ်ငန်းစဉ်ကို ပဋိပက္ခပြုကြပြီးလျှင် လုပ်ငန်းစဉ်အသစ်တစ်ခုကို ပြုစုပျိုးထောင်လေသည်။

ယင်းလုပ်ငန်းစဉ်အသစ်ကို ပတိဝါဒဟု ခေါ်လေသည်။ အချိန်ကာလ အတန်ကြာ အထိ ၄င်းတို့နှစ်ဦးသည် ပဋိပက္ခဖြစ်ကြလေသည်။ ဆန့်ကျင်ကြလေသည်။ ထို့နောက် ၄င်းတို့နှစ်ဦး၏ ထူးခြားချက်များ ရောနှော သမသွားကြပြီးလျှင် အားသစ်အင်သစ် ပါ ပူးပေါင်းရရှိပြီး အဖွဲ့အစည်းအသစ်တစ်ခု ပေါ်ပေါက်လာလေ၏။ ယင်းအဖွဲ့အစည်းသစ်သည် လုပ်ငန်းစဉ်သစ်တစ်ခုကို တီထွင်ချမှတ်လေသည်။ ၄င်းကို သံဝါဒဟု ခေါ်လေသည်။ ထို့နောက် အချိန်ကြာလာသောအခါ ယင်းသံဝါဒတွင်လည်း ပဋိပက္ခအင်အားစုများ ပေါ်ပေါက်လာလေ၏။ ထိုအခါ ထိုသံဝါဒသည်ပင်လျှင် တစ်ဖန် ဝါဒအဖြစ် ပြောင်းလဲသွားပြီး ပတိဝါဒအသစ်တစ်ခုနှင့် ဆန့်ကျင်မှု အစပြုရလေ၏။ ယင်းဆန့်ကျင်မှု၊ ပဋိပက္ခပြုမှု၏ အကျိုးကျေးဇူးကြောင့် သံဝါဒတစ်ခု ဖြစ်ပွားပေါ်ပေါက်လာပြန်လေ၏။ ထိုသံဝါဒသည် ယခင် သံဝါဒထက် အဆင့်အတန်းမြင့်လေသည်။ ယင်းအစဉ်သည် အစဉ်မပြတ် ဖြစ်လာခဲ့လေသည်။ ထိုအကြောင်းကြောင့်ပင် လူသားတို့၏ တိုးတက်မှုအစဉ်လည်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေခြင်း ဖြစ်လေသည်။

ဟေဂယ် အရင်က ထင်ရှားရှိနေခဲ့သော ရုပ်လွန်ဝါဒီ၊ သို့မဟုတ် အတိဘူတဝါဒီ (Metaphysical) တွေးနည်းခေါ်နည်းသည် ကမ္ဘာလောကအား တစ်ခုနှင့်တစ်ခု လုံးဝ သီးခြားဖြစ်သော၊ မပြောင်းလဲသော၊ အမြဲတည်တံ့သော အရာဝတ္ထုများနှင့် အဖြစ်အပျက်အလျှဉ်တို့၏ ရှောင်တခင် ပေါင်းစည်းစုရုံးထားခြင်း ဖြစ်၏ဟု ထင်မှတ်ယူဆလေသည်။ သို့ဖြစ်၍ အတိဘူတဝါဒနှင့်စာလျှင် ဟေဂယ်၏ ဒွန္ဒနည်းက တိုးတက်၍နေ၏။ သို့ရာတွင် ဟေဂယ်၏ အဘိဓမ္မာအမြင်၊ အဘိဓမ္မာအယူသည် အတ္တဝါဒီ ဖြစ်သည်။ နာမ်ဝါဒီ ဖြစ်သည်။ သဘာဝနှင့် လူ့လောကလူ့အဖွဲ့အစည်း၏ တိုးတက်မှုသည် တစ်ခုနှင့်တစ်ခု မငဲ့ ဟူသော အယူအဆ (Absolute Idea) ဖြင့်သာလျှင် ကွပ်ကဲချုပ်ကိုင်ထားအပ်သည်ဟု ဟေဂယ်က ယုံကြည်လေသည်။ ဟေဂယ်သည် အရာဝတ္ထုဟူသမျှကို ပြောင်းပြန်လုပ်ပစ်သည်။ ရုပ်တရားကိုလည်းကောင်း၊ ရုပ်ဝတ္ထုတို့၏ ဒွန္ဒဝါဒနေရာ၌ နာမ်တရား၏ တိုးတက်မှုကိုလည်းကောင်း နေရာပေးလေသည်။ မာ့ဂ်စ်ကမူ ယင်းချို့ယွင်းချက်များကို ဖယ်ရှားပစ်လေသည်။

လင်းလွန်းခင်စာပေ

မာ့ဂ်စ်၏ ဒွန္ဒနည်းကျ ရုပ်ဝါဒ၌ ဟေဂယ်၏ ဒွန္ဒဝါဒအရိပ်အယောင် တွေ့ရသည်ဟု ဆိုခြင်းမှာ မာ့ဂ်စ်သည် ဟေဂယ်၏ ဒွန္ဒနည်းကျ တိုးတက်မှု ဝါဒကိုမူ လက်ခံလေသည်။ သို့ရာတွင် ယင်းဝါဒ၏ အခြေခံအကြောင်းဖြစ်သော နာမ်သဘောတရား တစ်ခုနှင့်တစ်ခု မင်္ဂဟူသော အယူအဆ စသည့် သဘောတရား တို့ကိုမူ ငြင်းပယ်လေသည်။ ယင်းသို့ ငြင်းပယ်ခြင်း၏ အဓိကအကြောင်းမှာ ဟေဂယ်သည် မိမိ၏ ဒွန္ဒဝါဒ၌ မှန်ကန်သော အချက်အလက်၊ သို့မဟုတ် လက်တွေ့ဖြင့်သိရသော အချက်အလက်တို့ကို လုံးဝ ဥပေက္ခာပြုထားသည်ဟု မာ့ဂ်စ်က ယုံကြည်ထားခြင်းပင် ဖြစ်လေသည်။ မာ့ဂ်စ်က ပြောပြသည်မှာ ဟေဂယ်သည် သူကိုယ်တိုင်နေသော၊ အလုပ်လုပ်သော၊ သူ့ကို ကျွေးမွေးထားသော၊ အသက်မွေးဝမ်းကျောင်းမှု အခြားကိစ္စယာမျှားကိုရသော၊ သူ့အား အာဘိဓမ္မာအယူ အဆများကို ဖော်ပြနိုင်စွမ်းသည့် ဦးနှောက်နှင့် အတူတကွ သူ၏ကိုယ်ကာယကို တည်ရှိစေသော ဗဟိဒ္ဓရုပ်လောကကို တစ်ဖက်တွင် ဥပေက္ခာပြုထားပြီး အခြား တစ်ဖက်တွင်မူ သူ မိမိ၏ အတွေးအခေါ် အယူအဆနှင့် ထိုအတွေးအခေါ် အယူ အဆနှင့် စပ်လျဉ်းသော ဥပဒေနိယာမတို့၏ အတွင်းသားတို့ကို ရရှိသော ကမ္ဘာ လောကကိုလည်း မေ့ထားလေသည်။ ဟေဂယ်၏ အာဘိဓမ္မာကို ဖြစ်ပေါ်စေသော ကမ္ဘာလောကမှာ အစစ်အမှန်ကမ္ဘာလောက ဖြစ်သည်။ သို့ရာတွင် ဟေဂယ်သည် သူ၏ အာဘိဓမ္မာကြောင့်သာလျှင် ကမ္ဘာလောကကြီးဖြစ်သည်ဟု အမှတ်မှားခဲ့လေ သည်။ (The Marxian View)

အကျဉ်းချုပ်အားဖြင့် ပြောရလျှင် ဟေဂယ်၏ အယူအဆအရ ဒွန္ဒဝါဒီ နည်းစနစ်ဖြင့် လူ့လောက၏ တိုးတက်မှုသည် အစဉ်မပြတ် ဖြစ်နေသည်။ ယင်း တိုးတက်မှု၌ 'နာမ်တရား'သည် အဓိကဖြစ်သည်။ ဟေဂယ်၏ အယူအဆအရ ဗဟိဒ္ဓလောကသည် အတွင်းသန္တာန်မှ အတွေးအသိတို့၏ ထင်ဟပ်ခြင်း၊ အရိပ် ပေါ်နေခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် မာ့ဂ်စ်သည် ရုပ်လောကကိုသာလျှင် အကြောင်းဟု ယူဆပြီး ရုပ်လောက ကသာလျှင် အဖျတ္တိက အတွေးအသိတို့ကို ဖြစ်ပေါ်စေ၏ဟု မိန့်ဆိုလေ၏။ သို့ဖြစ်၍ မာ့ဂ်စ်၏ ဒွန္ဒဝါဒသည် ဟေဂယ်၏ ဒွန္ဒဝါဒနှင့် ပြောင်းပြန်ဖြစ်နေလေသည်။

လင်းလွန်းခင်စာပေ

မာ့ဂ်စ်ကိုယ်တိုင်က ပြောပြထားသည်မှာ-

"ကျွန်ုပ်၏ ဒဿနည်းသည် ဟေဂယ်၏ ဒဿနည်းနှင့် ကွဲပြားခြားနားရုံသာ လျှင် မဟုတ်၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်လည်း ဖြစ်သည်။ ဟေဂယ်အတွက် သူ "နာမ်တရား" ဟူ၍ အမည်နာမတပ်ပြီး လွတ်လပ်သော ကတ္တားအဖြစ် အသွင် ပြောင်းထားသည့် တွေးခေါ်စဉ်းစားခြင်း အစဉ်သည် အစစ်အမှန်လောကကို ပြုသူ အပြုသမား ဖြစ်နေသည်။ အစစ်အမှန်လောကကမူ "နာမ်တရား"၏ အပေါ်ယံ အသွင်အပြင်သာလျှင် ဖြစ်နေလေ၏။ ကျွန်ုပ်အတွက်မူ ထိုသို့မဟုတ်ဘဲ စိတ်ကူး သည် လူ၏စိတ်မှ အရိပ်ထင်ဟပ်သော အတွေးအခေါ်၏ ပုံသဏ္ဌာန်များအဖြစ် အသွင်ပြောင်းလဲထားသော ရုပ်လောကမှတစ်ပါး အခြား မည်သည့် အရာမျှ မဟုတ်ပေ။" (Capital by Karl Marx)

မာ့ဂ်စ်ဝါဒီ ဒဿနည်းစနစ်၏ အခြေခံ ထူးခြားချက်များမှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

(၁) အတိဘူတဝါဒ (မက်တာဖိစစ်)ကဲ့သို့ မဟုတ်ဘဲ မာ့ဂ်စ်ဝါဒီ ဒဿဝါဒသည် သဘာဝအား တစ်ခုနှင့်တစ်ခု တသီးတခြားဖြစ်နေသော၊ ဆက်စပ် ခြင်းမရှိသော၊ လွတ်လွတ်လပ်လပ် တည်ရှိသော အရာဝတ္ထုနှင့် အဖြစ်အပျက်အလျှင် တို့၏ ရှောင်တခင် ပေါင်းစုမိသော အပေါင်းအစုဟု မည်သည့်အခါမျှ မယူဆပေ။ သဘာဝအား ပေါင်းစုဖွဲ့စည်းထားသော အရာ အဖြစ်ဖြင့်သာလျှင် မာ့ဂ်စ်ဝါဒက မြင်လေသည်။ ယင်း အပေါင်းအစု အဖွဲ့အစည်း၌ အသီးသီးသော အရာဝတ္ထုနှင့် အဖြစ်ပျက်တို့သည် အင်္ဂါအစိတ်အပိုင်းတစ်ခုစီ အနေဖြင့် တစ်ခုနှင့်တစ်ခု ဆက်စပ် နေသည်။ တစ်ခုနှင့်တစ်ခု မှီနေသည်။ တစ်ခုကို အခြားတစ်ခုက သတ်မှတ်သည်။

ယင်း ဒဿနည်းစနစ်အရ သဘာဝ၏ မည်သည့် အရာဝတ္ထု၊ သို့မဟုတ် အဖြစ်အပျက်ကိုမဆို အခြားသော အရာဝတ္ထု၊ သို့မဟုတ် အဖြစ်အပျက်နှင့် သီးခြား ကင်းလွတ်နေသော၊ တစ်ခုနှင့်တစ်ခု မဆက်စပ်သော၊ လွတ်လွတ်လပ်လပ် တည်ရှိ နေသော အရာဟု မယူဆနိုင်ပေ။ အဖြစ်အပျက်တိုင်းတွင် အခြားသော အဖြစ်အပျက် ပေါင်းများစွာ ရုံ့ရှိနေသည်။ ထိုအဖြစ်အပျက်အားလုံး၏ ဩဇာသည် အဖြစ်အပျက်

တစ်ခုစီပေါ်တွင် လွှမ်းမိုးနေပြီး တစ်ခုစီ၏ ဩဇာသည် အားလုံးအပေါ်တွင် လွှမ်းမိုးနေလေသည်။ ထိုအချက်မျိုး ကင်းသည့် မည်သည့် အဖြစ်အပျက်မျိုးမဆို အဓိပ္ပာယ်ကင်းမဲ့နေပြီး ထိုအချက်မျိုးကို လက်မခံဘဲနှင့်လည်း အဖြစ်အပျက်များ အကြောင်းကို သိရှိနားလည်ဖို့ရန်မှာ မဖြစ်နိုင်ပေ။

(၂) အတိဘူတဝါဒ (မက်တာဖိစစ်)ကဲ့သို့ မဟုတ်ဘဲ မာ့ဂ်စ်ဝါဒီ ဒွန္ဒဝါဒသည် သဘာဝအား တည်တံ့နေသော၊ မရွှေ့လျားသော၊ မပြောင်းလဲသော၊ ကြာမြင့်စွာတည်မြဲသော အခြေအနေဟူ၍ မယူဆပေ။ သဘာဝသည် အစဉ်မပြတ် ရွှေ့လျားနေသော၊ ပြောင်းလဲနေသော၊ အသစ်အသစ်ဖြစ်နေသော၊ တိုးပွားနေသော အခြေအနေ ဖြစ်လေသည်။ ထိုအခြေအနေ၌ အချို့အရာများမှာ အခါခပ်သိမ်း ဖြစ်ပေါ်တိုးတက်နေပြီး အချို့အရာများမှာမူ ဆုတ်ယုတ်ပျက်စီးနေလေသည်။

ထိုဒွန္ဒနည်းသည် အဖြစ်အပျက်များကို ခွဲခြမ်းစိတ်ဖြာရာ၌ အဖြစ်အပျက်များ၏ အတွင်းသားအချင်းချင်း ဆက်စပ်မှု၊ အချင်းချင်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မှုကိုသာလျှင် အာရုံမပြုဘဲ အဖြစ်အပျက်များ၏ ရွှေ့လျားခြင်း၊ ပြောင်းလဲခြင်း၊ တိုးတက်ခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း တို့ကိုလည်း အာရုံပြုရမည် ဖြစ်လေသည်။ ဒွန္ဒဝါဒသည် အချိန်အတန်ကြာမျှ တည်မြဲနေသော အဖြစ်အပျက်၊ သို့မဟုတ် အရာဝတ္ထုတို့နှင့်သာလျှင် နီးစပ်မှုရှိသည်မဟုတ်ဘဲ မတည်မြဲသည့် အနိစ္စဖြစ်သည့် အရာအားလုံးနှင့်လည်း နီးစပ်မှုရှိလေသည်။ အမှန်စင်စစ်အားဖြင့် ကမ္ဘာလောက၌ မည်သည့် အရာဝတ္ထု၊ သို့မဟုတ် အဖြစ်အပျက်မျှ နိစ္စ မဟုတ်ပေ။ တည်မြဲ မနေပေ။ အကျဉ်းချုပ်အားဖြင့် ကမ္ဘာလောကနှင့် သဘာဝထဲ၌ ရှိသော အရာဝတ္ထု ဟူသမျှသည် အမြဲတည်မနေပေ။ ရွှေ့လျားနေသည်။ ပြောင်းလဲနေသည်။

(၃) အတိဘူတဝါဒနှင့် မတူဘဲ မာ့ဂ်စ်ဝါဒီ ဒွန္ဒဝါဒသည် တိုးတက်မှုနည်းလမ်းအား အရေအတွက်ပြောင်းလဲမှုမှ အရည်အချင်းပြောင်းလဲမှုမျိုး မဖြစ်သော လွယ်ကူပြေပြစ်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု မယုံကြည်ပေ။ မာ့ဂ်စ်ဝါဒီ ဒွန္ဒဝါဒအရ အလွန်တရာသေးငယ်သော အရေအတွက် ပြောင်းလဲခြင်းမှ အလွန်တရာ ကြီးကျယ်သော အရည်အချင်း ပြောင်းလဲခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

သို့ရာတွင် ယင်းတိုးတက်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းများသည် တဖြည်းဖြည်း သို့မဟုတ် လွယ်ကူပြေပြစ်သောနည်းအားဖြင့် ဖြစ်ခြင်းမဟုတ်ပေ။ အရှိန်အဟုန်ဖြင့် ဗြုန်းခနဲ ဖြစ်ခြင်းမျိုး ဖြစ်လေသည်။ အခြေအနေတစ်ခုမှ အခြား အခြေအနေတစ်ခု သို့ ခုန်တက်ခြင်းမျိုးဖြစ်သည်ဟု ဆိုလိုသည်။ ထို့ပြင် ယင်းတိုးတက်ခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်းများသည် မတော်တဆ ဖြစ်ခြင်းမျိုး မဟုတ်ပေ။ စင်စစ်သော်ကား အရေအတွက်ပြောင်းလဲမှုများ ပေါင်းစုလာခြင်း၏ သဘာဝအရ အရည်အချင်း ပြောင်းလဲလာခြင်းမျိုး ဖြစ်လေသည်။

ယင်းသို့အားဖြင့် ဒွန္ဒနည်းသည် တိုးတက်မှုနည်းလမ်းအား စက်ရဟတ် အသွင်မျိုး မမှတ်သင့်ဟု ပြောပြလေသည်။ အဓိပ္ပာယ်မှာ တိုးတက်မှုနည်းလမ်းသည် ယခင်က ဖြစ်ခဲ့ပြီးသည်ကို ထပ်ဖြစ်သည့် အဖြစ်မျိုးသက်သက် မဟုတ်ဟု ဆိုလိုရင်းဖြစ်လေသည်။ ဒွန္ဒဝါဒ၏ အလိုအရ တိုးတက်မှုအစဉ်သည် အစဉ်မပြတ် ရှေ့သို့ တိုးတက်နေသည်။ အမြင့်သို့တက်သွားသည့် မျဉ်းကြောင်းနှင့် တူလေသည်။ အမှန်စင်စစ်အားဖြင့် ယင်းတိုးတက်မှုနည်းလမ်းသည် အရည်အချင်း အဟောင်းမှ အရည်အချင်းသစ်အဖြစ် ပြောင်းလဲခြင်းဖြစ်လေသည်။ နိမ့်သောအဆင့်မှ မြင့်သော အဆင့်သို့ တိုးသွားခြင်း ဖြစ်လေသည်။ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းလဲပုံ ပြောင်းလဲနည်းကို ဥပမာများထုတ်၍ ပြောပြခဲ့ပြီးလေပြီ။

(၄) အတိဘူတဝါဒ (မက်တာဖိစစ်)နှင့် မတူဘဲ ဒွန္ဒဝါဒ၏ အလိုအရ မှ အားလုံးသော အရာဝတ္ထုနှင့် သဘာဝ၏ အဖြစ်အပျက်တို့၌ အတွင်းပဋိပက္ခ သည် ကိန်းအောင်းနေသည်။ အကြောင်းမူကား ယင်းအရာအားလုံး၌ ပတိလောမ (ဝါ) ပတိသေဓ (Negative) နှင့် အနုလောမ (Positive)၊ ဝါဒနှင့် ပတိဝါဒ၊ အတိတ်နှင့် အနာဂတ်၊ ကျဆုံးမှုနှင့် တိုးတက်မှုဟူသော ပဋိပက္ခနစ်ခု၊ ဆန့်ကျင်ဘက် နှစ်ခုတို့ ရှိကြကုန်သည်။ ယင်းဆန့်ကျင်ဘက်နှစ်ခုတို့၏ အကြား၌ ဖြစ်ပွားသော တိုက်ခိုက်မှု၊ ပဋိပက္ခဖြစ်မှုသည် (အဟောင်းနှင့် အသစ်၏အကြား၌ ဖြစ်သော၊ သေဆုံးသွားသောအရာနှင့် အသစ်မွေးဖွားလာသည့် အရာ၏အကြား၌ ဖြစ်သော၊ ကွယ်ပျောက်သွားဆဲအရာနှင့် တိုးတက်လာမည့်အရာ၏ အကြား၌ဖြစ်သော တိုက်

ခိုက်မှု၊ ပဋိပက္ခဖြစ်မှု) တိုးတက်မှုနည်းလမ်း၏ အတွင်း၌ ၎င်းနေသော အတွင်းသား ဖြစ်လေသည်။ အကျဉ်းချုပ်အားဖြင့် ဒွန္ဒဝါဒ၏ အလိုအရ တိုးတက်မှုသည် အတွင်း ပဋိပက္ခ၊ သို့မဟုတ် အတွင်းတိုက်ခိုက်မှုအားဖြင့်သာလျှင် ဖြစ်လေသည်။ စင်စစ်မှာ ဒွန္ဒဝါဒသည် လီနင်ပြောသကဲ့သို့ အရာဝတ္ထုများ၌ ရှိနေသော အတွင်းပဋိပက္ခကို လေ့လာစူးစမ်းခြင်း ဖြစ်လေသည်။

ယင်းသို့အားဖြင့် ဒွန္ဒဝါဒ၏ အလိုအရ တိုးတက်မှုဟူသမျှ၌ ဝါဒ၊ ပတိဝါဒ၊ သံဝါဒ တည်းဟူသော အဆင့်သုံးဆင့်၊ အခြေအနေ သုံးခု ရှိလေသည်။ အဆင့်တိုင်း အခြေအနေတိုင်းသည် မိမိ ယခင်အဆင့် ယခင်အခြေအနေ၏ ပတိသေဓ (Negation) ဖြစ်လေသည်။ ဤကား မာ့ဂ်စ်ဝါဒီ ဒွန္ဒနည်း၏ အဓိက ထူးခြားချက်များ ဖြစ်ကြလေသည်။

□

လင်းလွန်းခင်စာပေ

ကဏ္ဍ ၅

ခဏိက ဝါဒ

ဒုန္ဓဝါဒ သဘောကို စိစစ်ကြည့်လိုက်လျှင် ဒုန္ဓဝါဒသည် ကမ္ဘာလောက နှင့် ကမ္ဘာလောက၏ အရာဝတ္ထု (အဖြစ်အပျက်)များကို ပြောင်းလဲလေ့ရှိသည့် အလျှဉ်၊ ရွှေ့လျားလေ့ရှိသည့် အလျှဉ် ဟူ၍ ထင်မြင်ယူဆလေသည်။

ထို ပြောင်းလဲလေ့ရှိသည့် သဘော၊ ရွှေ့လျားလေ့ရှိသည့် သဘောကိုပင် ခဏိကဟု ခေါ်လေသည်။ ခဏိက၏ အဓိပ္ပာယ်မှာ တစ်ခဏသာ တည်မြဲသည်၊ အစဉ်ထာဝရ မတည်မြဲဟု ဆိုလိုသည်။ အနိစ္စသဘောကိုပင် ဆိုလိုသည်။

ဗုဒ္ဓ၏ အဘိဓမ္မာ၊ ဟေရာကလိတု၏ အဘိဓမ္မာ၊ မာ့ဂ်စ်၏ အဘိဓမ္မာ သုံးခုလုံးပင် ခဏိကဝါဒီ အဘိဓမ္မာများ ဖြစ်ကြလေသည်။ ပြောင်းလဲရွှေ့လျားခြင်း (ခဏိက) ဝါဒကို ဖွဲ့ထွားတိုးတက်အောင် ပြုလုပ်ပြီး သိပ္ပံပညာအသွင် ဆင်ယင်ပေးသူမှာ ကားလ်မာ့ဂ်စ်ဟု ဆိုရမည်ဖြစ်သော်လည်း ထိုဝါဒမှာ ယခုခေတ်မှပေါ်သည့် ရွှေကြာပင် မဟုတ်၊ ရှေးဟောင်းအလွန်ကျသည့် ဝါဒသာလျှင် ဖြစ်လေသည်။

ဗုဒ္ဓ (၅၆၃-၄၈၃ ဘီစီ) နှင့် ဗုဒ္ဓနှင့်ခေတ်ပြိုင် ဂရိစ်အဘိဓမ္မာဆရာ ဟေရာကလိတု (၅၃၅-၅၂၅ ဘီစီ) နှစ်ဦးလုံးပင် ခဏိကဝါဒ (အနိစ္စဝါဒ)ကို တွင်တွင်ဖြန့်သူ ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အမြဲတမ်း ကြွေးကြော်သံတစ်ခုမှာ ''ရှိသည့်အရာသည် ခဏိကသာဖြစ်၏'' ဟူ၍ ဖြစ်၏။ ခဏိက မဟုတ်သည့် အရာသည် မရှိပေ။

ဟေရာကလိတု၏ ခေတ်သည် ဗုဒ္ဓ၏ ခေတ်လောက်က ဖြစ်သည်။

၅၃၅-၄၇၅ ဘီစီခုနှစ် ခေတ်ကာလလောက်ဆီက ဖြစ်သည်။ ဟောရာကလိတုသည်လည်း ပရိဝတ္တန (ပြောင်းလဲခြင်း) ဝါဒ၊ ဂတိ (ရွှေ့လျားခြင်း) ဝါဒ၊ ခဏိကဝါဒ၊ အနိစ္စဝါဒကို ယုံကြည်လက်ခံသူပုဂ္ဂိုလ် ဖြစ်လေသည်။ ဟောရာကလိတု၏ အယူအဆအရ ဆိုလျှင် ကမ္ဘာလောကကြီး၏ အပြုခေတ်၊ အပျက်ခေတ်ဟူ၍ ရှိလေသည်။ ကမ္ဘာကြီး ပေါ်ပေါက်လာပြီးလျှင် နောက်ဆုံးပိတ်ဌ မီးလောင်ပြီး ပျက်စီးသွားရသည်။

မဇ္ဈိမဒေသ အိန္ဒိယ ရှေးဟောင်းအစဉ်အလာ စာပေကျမ်းဂန်များ၌လည်း ကမ္ဘာဖျက်မိုးနှင့် ကမ္ဘာဖျက်မီးများအကြောင်းကို ရေးသားထားလေသည်။ သို့ရာတွင် ဥပနိသျှဒ် အရင်က စာပေကျမ်းဂန်များ၌ကား ထိုအကြောင်းနှင့် စပ်လျဉ်း၍ အရိပ်အမြွက် မတွေ့ရပေ။

ဗုဒ္ဓ၏ ဟောပြောချက်များ၌လည်း ကမ္ဘာဖျက်မိုးနှင့် ကမ္ဘာဖျက်မီးများ အကြောင်း ပါရှိသည်ကို တွေ့ရသည်။ သံဝဋ္ဋကပ်နှင့် ဝိဝဋ္ဋကပ်များအကြောင်း ဖော်ပြရာ၌ ကမ္ဘာဖျက်၊ ကမ္ဘာပြု မီး၊ ရေ များအကြောင်း ပါရှိလေသည်။ နောက်ပိုင်းတွင် ဝသုဗန္ဓုစသည့် ပုဂ္ဂိုလ်များကမူ အဂ္ဂိသံဝဋ္ဋနီ (ကမ္ဘာဖျက်မီး)အကြောင်းကို အဘိဓမ္မာထဲတွင် တခမ်းတနား ရေးပြထားသည်။

ယင်းသို့လျှင် ဟောရာကလိတုသည် အပြီးသတ် ဓာတ်သဘာဝဖြစ်သော မီးကို ဖော်ပြထားသော်လည်း သူ စိတ်အညွှတ်ဆုံးမှာကား ပြောင်းလဲရွှေ့လျားခြင်း ဖြစ်သော ပရိဝတ္တနဝါဒ၊ ခဏိကဝါဒ ဖြစ်လေသည်။

ကမ္ဘာလောကသည် အမြဲတစေ ပြောင်းလဲ၍နေသည်။ အရာဝတ္ထု ဟူသမျှသည် မီးညွှန့်မီးလျှံကဲ့သို့ အစဉ်မပြတ် ပျက်စီး၍နေသည်၊ ဖြစ်ပေါ်၍နေသည်။ အရာဝတ္ထုများ၌ ဘယ်လိုမှန်ကန်သည့် တည်မြဲမှုမျိုးမျှ မရှိ။ ဘယ်လို နိစ္စသဘောမျိုးမျှ မရှိ၊ တည်မြဲမှုဆိုသည်မှာ တွေဝေ အမှတ်မှားခြင်း မောဟမျှသာ ဖြစ်သည်။ ထိုမောဟသည် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်းဆိုလျှင် ပြောင်းလဲခြင်းကလျင်မြန်နေသောကြောင့်လည်းကောင်း၊ အလျင်အမြန် ပြောင်းလဲနေသောကြောင့်လည်းကောင်း၊ အသစ်ဖြစ်လာသည့် အရာဝတ္ထုက ယခင်အရာဝတ္ထုနှင့် ဆင်တူနေသောကြောင့်လည်းကောင်း၊ ထိုအကြောင်းများကြောင့် မောဟ ဖြစ်ပေါ်လာခြင်း

ဖြစ်သည်ဟု ဆိုရပေမည်။ ထိုအကြောင်းများကြောင့် တည်မြဲနေသည်ဟု အမှတ်မှားနေခြင်း၊ မောဟ ပိတ်ဖုံးနေခြင်းသာ ဖြစ်သည်။ ပြောင်းလဲမှုသည် ကမ္ဘာလောက၏အသက် ဖြစ်သည်။ ဤကား ဟေရာကလိတု၏ အယူအဆများ ဖြစ်လေသည်။

ဟေရာကလိတုသည် အေဖေစု (Ephesus)၌ ရှိသော မှူးမတ်မျိုးနွယ် အိမ်ထောင်စုတစ်စု၌ ဖွားမြင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ထိုအချိန်မှာ ထိုဒေသတွင် ရှေးဟောင်း မှူးမတ်မျိုးနွယ်များ၏ အာဏာတန်ခိုးကို ဖျက်သိမ်းပြီး ဂရိကုန်သည်ပိုင်းက လူများ ကြီးစိုးအုပ်ချုပ်နေသည့် အချိန်သမယ ဖြစ်လေသည်။ သူသည် စိတ်အတွင်း၌ "ငါတို့ခေတ် ကုန်ဆုံးသွားပြီ" ဟူသောမီး တင်ပွေ့ပွေ့လောင်ပြီး မိမိ၏ မျက်မှောက်အခြေအနေကို မကျေမချမ်း ဖြစ်ခဲ့လေသည်။ ယင်းသို့ အချိန်ကာလ၏ ပြောင်းလဲခြင်းကပင် ဟေရာကလိတုကို ပြောင်းလဲခြင်းဝါဒ၊ အမြဲမတည်သော ဝါဒ လက်ကိုင်ထားရှိသော အဘိဓမ္မာဆရာတစ်ဦးအဖြစ် ဖန်တီးပေးလိုက်လေ၏။

အကယ်၍ သူ၏ မိဘအဆက်အနွယ်ဖြစ်သည့် မှူးမတ်ပိုင်းကလူများ အာဏာတန်ခိုး ဆက်လက်တည်မြဲနေသည် ဆိုပါလျှင် ဟေရာကလိတုသည် ပြောင်းလဲခြင်း၊ အမြဲမတည်ခြင်းတည်းဟူသော သစ္စာတရားကို သိမြင်သဘောပေါက်ခဲ့လိမ့်မည် မဟုတ်တန်ရာ။ ဟေရာကလိတုသည် တော်လှန်ရေးအဘိဓမ္မာတစ်ရပ်ကို တီထွင်ဖန်တီးခဲ့လေ၏။ သို့ရာတွင် သူ၏ တော်လှန်ရေးသည် လက်တွေ့အလုပ်သဘောနှင့် ပတ်သက်လာသောအခါ ကုန်သည်များ၏ အုပ်ချုပ်ရေးကို ပြောင်းလဲပစ်လိုခြင်းမျှသာ ဖြစ်လေ၏။

ဟေရာကလိတုသည် တစ်သက်ပတ်လုံး မှူးမတ်အဆောင်အယောင်ဖြင့် နေလာခဲ့သူဖြစ်၍ ဒီမိုကရေစီစနစ်ကို အလွန် အော့နှလုံးနာသူ ဖြစ်လေသည်။ သို့ရာတွင် ယင်းဒီမိုကရေစီစနစ်သည်ပင် အဆုံးကျတော့ သူ၏လူတန်းစားများအားရာဇပလွှင်ပေါ်က ဆွဲချပြီး အရှိန်အစော်မဲ့အောင် လုပ်ပစ်လိုက်လေ၏။

ဟေရာကလိတု၏ ရေးသားချက်၊ ဟောပြောချက်များကို အနည်းအကျဉ်းသာ တွေ့ရှိရလေ၏။ ကမ္ဘာလောက အမြဲမပြတ် ပြောင်းလဲနေပုံနှင့် စပ်လျဉ်းပြီး ဟေရာကလိတုသည် ဤသို့ ဥပမာပေး၍ ပြောပြထားသည်။

လင်းလွန်းခင်စာပေ

"သင်သည် ထိုမြစ်ထဲသို့ နှစ်ကြိမ် မဆင်းပေ၊ အကြောင်းမူကား တသီးတခြားဖြစ်သော ရေ၊ နောက် တသီးတခြားဖြစ်သော ရေသည် ထိုနေရာမှ အမြဲတစေ စီးဆင်းရှိနေသည်။ ကမ္ဘာလောက၏ အပြုသည် ကမ္ဘာလောက၏ အပျက်ဖြစ်သည်။ ကမ္ဘာလောက၏ အပျက်သည် ကမ္ဘာလောက၏ အပြုဖြစ်သည်။ အရှည်တည်မြဲမှု ဂုဏ်အရည်အချင်းရှိသော မည်သည့်အရာဝတ္ထုမျှ မရှိ။ တူရိယာ၏ ပေါင်းဆုံနီးနှောမှုသည် အထက်သံနှင့် အောက်သံ ပေါင်းဆုံမှု (ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံမှု Unity of Opposites) ဖြစ်လေ၏။"

အနိစ္စသဘော၊ ပြောင်းလဲခြင်းသဘော၏ ဖောက်ပြန်မှုမရှိသော နိယာမသဘောတရားကို ဟေရာကလိတုက ဤသို့ ပြောထားသည်။

"ဤနိယာမသဘောတရားသည် နတ်က ပြုလုပ်ဖန်တီးထားသည့် သဘောတရားလည်း မဟုတ်ပေ။ လူက ပြုလုပ်ဖန်တီးထားသည့် သဘောတရားလည်း မဟုတ်ပေ။ ထိုနိယာမသဘောတရားသည် အစဉ်ထာဝရ ရှိနေခဲ့သည်။ နောင်လည်း ရှိနေလိမ့်မည်"

ဟေရာကလိတုသည် ကမ္ဘာလောက၏ တော်လှန်ရေးအာဘိဓမ္မာ ဖြစ်သော ဒွန္ဒ(ခဏိက) ရုပ်ဝါဒ (မာ့ဂ်စ်ဝါဒ) အာဘိဓမ္မာကို မွေးဖွားခဲ့သူ ဖြစ်မှန်း မသိ ဖြစ်နေလေသည်။ ဟေဂေလ်သည် ဟေရာကလိတု၏ ဝါဒကို သူ့ အာဘိဓမ္မာ၏ အရင်းခံပြုလုပ်ပြီး နက်နဲ၍ ခေတ်မီသော အာဘိဓမ္မာတစ်ရပ်ကို တီထွင် ဖန်တီးလိုက်လေ၏။

ဟေရာကလိတု၏ အလိုအရဆိုလျှင် နာမ်နှင့် ရုပ် နှစ်မျိုးအနက် မည်သည့်အမျိုးအစားကိုမျှ အသားပေးဖို့၊ အလေးပေးဖို့ မလိုပေ။ ဟေဂေလ်ကမူ နာမ်ကို အသားပေးလေသည်။ ရုပ်သည် မှန်ကန်သည့် သဘောတရား မဟုတ်။ နာမ်သို့မဟုတ် စိတ်ကသာလျှင် ပြောင်းလဲသော်လည်း မှန်ကန်သည့် သဘောတရား ဖြစ်သည်။ ယင်းသို့လျှင် ဟေဂေလ်သည် ကမ္ဘာလောကမှ နာမ်ဆီသို့ မသွားဘဲ နာမ်မှ ကမ္ဘာလောကဆီသို့ တိုးသွားပြီးလျှင် ဒွန္ဒဝါဒကို လက်ခံလျက်နှင့် နာမ်ဝါဒကို ဦးစားပေးထားလေသည်။

လင်းလွန်းခင်စာပေ

မာ့ဂ်စ်၏ အလိုအရမူ ရုပ်သဘောသည် နာမ်၊ သို့မဟုတ် စိတ်၏ တိုးတက်လာခြင်း မဟုတ်ဘဲ နာမ်ကသာလျှင် ရုပ်တရားများ၏ အမြင့်ဆုံး တိုးတက်လာသည့် အခြေအနေ ဖြစ်သည်။ အပေါ်မှ အောက်သို့ လာဖို့ရန် မလို။ အောက်မှ အပေါ်သို့ သွားခြင်းသာလျှင် ပို၍ လျှော်ကန်သင့်မြတ်လေသည်။

ဗုဒ္ဓသည် သဘာဝတရားများကို (၁) ခန္ဓာ၊ (၂) အာယတန၊ (၃) ဓာတ် တည်းဟူသော အမျိုးသုံးမျိုးဖြင့် ခွဲခြမ်းစိတ်ဖြာ ပြထားလေသည်။

ခန္ဓာသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်အားဖြင့် ငါးမျိုးပြား၏။ ရုပ်၌ ပထဝီအစရှိသော မဟာဘုတ်လေးပါး ပါဝင်၏။ သုခ၊ ဒုက္ခ စသော ခံစားမှုသဘောကို ဝေဒနာဟု ခေါ်သည်။ မှတ်မိခြင်း၊ သို့မဟုတ် သတိရခြင်းကို သညာဟု ခေါ်သည်။ ကျန်နာမ်တရားများကို သင်္ခါရဟု ခေါ်သည်။ ဝိညာဉ်ဟူသည် အသိ၊ သို့မဟုတ် စိတ် ဖြစ်သည်။

ဤသို့လျှင် ဝေဒနာ၊ သညာ၊ သင်္ခါရတို့ ရုပ်နှင့် တွေ့ဆုံပေါင်းစပ်သဖြင့် ဝိညာဉ် (စိတ်)၏ အမျိုးမျိုးသော အခြေအနေများ ပေါ်ပေါက်လာ၏။ ဗုဒ္ဓသည် ယင်း ခန္ဓာငါးပါးကို အနိစ္စ၊ သင်္ခတ၊ ပဋိစ္စသမုပ္ပန္န၊ ခယဓမ္မ၊ ဝယဓမ္မ၊ နိရောဓဓမ္မဟု ဟောတော်မူခဲ့လေ၏။ (မဇ္ဈိမနိကာယ် မဟာဝေဒလ္လသုတ်၊ ဒီဃနိကာယ် မဟာသုဒဿနသုတ်)

အာယတနသည် ဆယ့်နှစ်မျိုး ရှိသည်။ စက္ခု၊ သောတ၊ ঘာန၊ ဇိဝှာ၊ ကာယ၊ မန တည်းဟူသော ဣန္ဒြေခြောက်ပါး၊ ထို့ပြင် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ (ဝေဒနာ၊ သညာ၊ သင်္ခါရ) တည်းဟူသော ဣန္ဒြေခြောက်ပါး၏ အာရုံများ၊ ပေါင်း ဆယ့်နှစ်ပါးသည် အာယတန ဖြစ်လေသည်။

ဓာတ်က ဆယ့်ရှစ်မျိုး ပြားသည်။ အထက်ပါ ဣန္ဒြေခြောက်ပါးနှင့် ၄င်းတို့၏ အာရုံခြောက်ပါးအပြင် ဣန္ဒြေများနှင့် အာရုံများ ပေါင်းစပ်သဖြင့် ဖြစ်ပေါ်လာသော ဝိညာဉ် ခြောက်ပါး (စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ঘာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်)၊ ယင်းဆယ့်ရှစ်မျိုးကို ဓာတ်ဟုခေါ်သည်။

ကမ္ဘာပေါ်ရှိ အရာဝတ္ထုအားလုံးကို ခန္ဓာ၊ အာယတန၊ ဓာတ် သုံးမျိုး အနက် တစ်မျိုးမျိုးသောနည်းဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်လေ၏။ ထိုအရာဝတ္ထုအားလုံး

ကိုပင် နာမ်နှင့် ရုပ်အားဖြင့်လည်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။ နာမ်နှင့် ရုပ်အနက် နာမ်သည် ဝိညာဉ်၏ ပရိယာယ်စကားလုံး ဖြစ်သည်။ ထိုအရာဝတ္ထုအားလုံးသည် အနိစ္စမျိုး ဖြစ်ကြလေကုန်သည်။ (အဂုံတ္တရနိကာယ်)

'ဤသဘောကား မဖောက်ပြန်သော နိယာမသဘောတရား ဖြစ်၏။ ရုပ် (မဟာဘူတ်)၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဤသင်္ခါရ (ပြုပြင်အပ်သော အရာဝတ္ထုများ) တရားသည် အနိစ္စတရားများ ဖြစ်ကြကုန်၏။'

'ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် (ခန္ဓာငါးပါး)သည် နိစ္စ၊ ဓုဝ၊ သဿတ မဟုတ်ကုန်၊ မပျက်စီးသော တရားများ မဟုတ်ကုန်၊ ဤသဘောသည် လောကဌ် ပညာရှိများ လက်ခံလိုက်နာသည့် အချက် ဖြစ်၏။ ငါလည်း ထိုကဲ့သို့ပင် ဆို၏။ ထိုကဲ့သို့ ဆိုပါ သိပါစေသော်လည်း မသိ မမြင်သော သူမိုက်သူကန်း မျက်မမြင် ပညာမဲ့အတွက် ငါသည် ဘယ်သို့ ပြုနိုင်အံ့နည်း။' (သံယုတ္တနိကာယ်)

ရုပ် (ဝတ္ထု)၏ ခဏိကသဘောကိုကား အလွယ်တကူ သိနိုင်၏။ ဝိညာဉ် (မန) သည်ကား ရုပ်ထက်ပင်ပို၍ ခဏမလပ် ပျက်စီးတတ်သောသဘော ရှိ၏။ ထိုအကြောင်းကို ဖော်ပြလျက် ဗုဒ္ဓက ဤသို့ ဟောတော်မူခဲ့လေသည်။

'ရဟန်းတို့၊ ပညာမဲ့သောသူသည် ဤမဟာဘူတ်လေးပါးတို့ ပေါင်းစပ်ထားသော ကိုယ်ကာယကိုသာ အတ္တ (နိစ္စသဘောတရား)ဟု ယူသော် ယူကောင်းပါသေး၏။ သို့သော် စိတ်ကို ထိုကဲ့သို့ နိစ္စသဘောတရားဟု ယူဆခြင်းကား မသင့်တော်ပေ။ အကြောင်းသော်ကား မဟာဘူတ်လေးပါး ပေါင်းစပ်ထားသော ဤကိုယ်ကာယကား ၁-၂-၃-၄-၅-၆-၇ ရက်အထိမျှ အထင်အရှား မြင်တွေ့နေရ၏။ သို့သော် စိတ္တ၊ မန၊ သို့မဟုတ် ဝိညာဉ်ခေါ်သော တရားကား ညနှင့် နေ့မှာပင် မတူဘဲ တစ်မျိုးပြီး တစ်မျိုး ဖြစ်လျက်နေ၏။' (သံယုတ္တနိကာယ်)

ဗုဒ္ဓအဘိဓမ္မာ၌ ရှိသော အနိစ္စသဘောတရားသည် တစ်စုံတစ်ရာ ခြွင်းချက်မရှိသော စည်းကမ်းချက်ဖြစ်လေ၏။ ဗုဒ္ဓ၏ အနိစ္စဝါဒ၊ ခဏိကဝါဒသည်လည်း

မူလ သဘာဝတရား၏ အပြင်အပ ပြောင်းလဲခြင်းမျိုးမျှသာ မဟုတ်ဘဲ တစ်ခုလုံး ချုပ်ပြီးနောက် အခြားအသစ်တစ်ခု လုံးလုံး ဖြစ်ပေါ်ခြင်း ဖြစ်၏။ ဗုဒ္ဓသည် အကြောင်းအကျိုး၏ အခြားမဲ့သော၊ သို့မဟုတ် မပြတ်သားသော အစဉ်ကို လက်မခံပေ။

ဗုဒ္ဓအာဘိဓမ္မာ၌ 'သဗ္ဗေအနိစ္စာ' (အရာဝတ္ထုဟူသမျှ အနိစ္စဖြစ်၏) ဟူသော သဘောတရားကို အလွန် အဓိကထားလေ၏။ ယင်းအနိစ္စဝါဒကိုပင် နောင်း ဗုဒ္ဓအာဘိဓမ္မာဆရာများသည် ခဏိကဝါဒ ခေါ်ဆိုပြီး ချဲ့ထွင် ဖွင့်ဆိုခဲ့ကြလေ သည်။ ဓမ္မကိတ္တိသည် ဤခဏိကသဘောကို အထူးပြုကာ 'အရှိသဘော မှန်သမျှတွင် ပျက်မှုကို တွေ့ရ၏' ဟု ပြောဆိုခဲ့လေသည်။ ထိုသဘောကိုပင် နောင်းခေတ် ဉာဏသိရိ (ခရစ် ၇၀၀)က 'ထင်ရှားရှိသော အရာဝတ္ထုမှန်သမျှ ခဏိကဖြစ်၏' ဟု ပြောဆို ခဲ့လေသည်။

'အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စ ဖြစ်ကုန်၏' ဟူသော ဗုဒ္ဓ၏ မိန့်ခွန်းတော်ကို ရည်ရွယ်၍ ဓမ္မကိတ္တိကပင် 'ဖြစ်သောသဘောရှိသည့် အရာဝတ္ထုမှန်သမျှ ပျက်တတ်သော သဘောရှိ၏' ဟု ပြောဆိုခဲ့လေသည်။

ထို့ပြင် 'အကြင် အရာဝတ္ထုသည် ပထမ ဖြစ်ပြီး နောက် မရှိတော့။ ထိုအရာဝတ္ထုသည် အနိစ္စ ဖြစ်၏' ဟု အနိစ္စဟူသည် မည်သည့်အရာ ဖြစ်ကြောင်း ကိုလည်း ပြဆိုခဲ့လေသည်။

ယင်းသို့လျှင် တစ်စုံတစ်ရာ ခြွင်းချက်မရှိသော ခဏိကသဘောတရား သည် အရာဝတ္ထု ဟူသမျှတွင် တည်ရှိနေပေ၏။

❑

ကဏ္ဍ ၆

ဟေတုဝါဒ

အရာဝတ္ထုတိုင်းသည် အခြား အရာဝတ္ထုတစ်ခုပေါ်၌ မှီ၍ နေ၏။ အရာဝတ္ထု ဟူသမျှသည် အကြောင်းတစ်ခုခု၏ အကျိုး ဖြစ်သည်။ အရာဝတ္ထုဟူသမျှသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍နေသည်။ အရာဝတ္ထုတစ်ခုသည် အခြား အရာဝတ္ထုတစ်ခုမှ ပေါက်ဖွားလာလေသည်။ ထိုအကြောင်း (ဟေတု) အကျိုးသဘောတရားကို ပြောပြရန်အလို့ငှာ ဗုဒ္ဓသည် ပဋ္ဌိစ္စသမุปบาท (ပဋ္ဌိစ္စသမุปบาท် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်မှု) တည်းဟူသော အဘိဓမ္မာသဘောတရားကို ဟောပြခြင်း ဖြစ်လေသည်။ ပြီးဆုံးသွားခါစ အရာသည် အကြောင်း ဖြစ်ပြီး၊ အကြောင်း၏ နောက်၌ ဖြစ်ပေါ်သောအရာသည် အကျိုး ဖြစ်သည်။ အကြောင်းတည်ရှိနေသော အချိန်၌ အကျိုးသည် လုံးဝ မရှိသေးပေ။ အကျိုး ဖြစ်ပေါ်လာသော အခါ၌မူ အကြောင်းသည် အကြွင်းမဲ့ ပျောက်ပျက်သွားလေပြီ။

ပဋ္ဌိစ္စသมุปบาท်ကို ထပ်၍ဖြည့်သော ဝါဒသဘောတရားမှာ အနိစ္စဝါဒ၊ ခဏိကဝါဒ ဖြစ်လေသည်။ အကြောင်းနှင့် အကျိုးသည် အချင်းချင်း ဆက်စပ်၍နေသည်။ အကြင်အရာဝတ္ထုသည် ခဏတည်ရှိပြီးနောက် အမြစ်အရင်းနှင့်တကွ ပျောက်ပျက်သွား၏။ ထိုအရာဝတ္ထုသည် အကြောင်း ဖြစ်သည်။ ထိုအကြောင်း နောက် ဒုတိယခဏ၌ အကြင်အရာဝတ္ထုသည် ချုပ်ပျက်သွားသည့် အရာဝတ္ထု၏

နေရာကို ယူ၏။ ထိုအရာဝတ္ထုသည် အကျိုး ဖြစ်သည်။ ဤသို့အားဖြင့် အကြောင်းနှင့် အကျိုး ဆက်စပ်မှုရှိသည်။

အကြောင်းသည် နိစ္စမဟုတ်၊ အနိစ္စဖြစ်သည်၊ ခဏိကဖြစ်သည်။ အကယ်၍ အကြောင်းသည် နိစ္စဖြစ်ပါမူ အကျိုးဟုခေါ်သည့် အရာဝတ္ထုတစ်ခုခုကို ဖြစ်ပေါ်စေနိုင်မည် မဟုတ်။ သို့ဖြစ်၍ အကြောင်းသည် ခဏိကဖြစ်သည်၊ အနိစ္စဖြစ်သည်။ မိနစ်တိုင်း မိနစ်တိုင်း ကျွန်ုပ်တို့သည် အကြောင်းနှင့် အကျိုးပေါင်း ထောင်သောင်းများစွာကို မြင်ရသည်။ အကျိုးသည် သူကိုယ်တိုင် အကြောင်းအဖြစ်သို့ ပြောင်းသွားပြီးနောက် အကျိုးတစ်ခုကို ဖြစ်ပါ်စေလေသည်။ အကြောင်း၏ အကျိုးအဖြစ် ပြောင်းလဲခြင်း၊ အကျိုး၏ အကြောင်းအဖြစ် ပြောင်းလဲခြင်းသည် အဆုံးမရှိသည့် အစဉ် (၇တီ) ဖြစ်၏။

အကြောင်း ချုပ်ပျောက်ကွယ်လွန်သွားပြီးနောက် အကျိုး ပေါက်ဖွားလာလေသည်။ သို့ရာတွင် အကျိုး၌ အကြောင်းတစ်ခုတည်း မရှိပေ။ ထိုအကျိုးဖြစ်ပေါ်မှု၌ အကြောင်းပေါင်းစုံနေလေသည်။ ဗုဒ္ဓအဘိဓမ္မာ၏ အလိုမှာ မည်သည့် အရာဝတ္ထု (သို့မဟုတ် ဗုဒ္ဓအဘိဓမ္မာ ဝေါဟာရစကားလုံးနှင့် ဆိုရလျှင်) မည်သည့် ဓမ္မမျှ အရာဝတ္ထု တစ်ခုတည်းမှ ဖြစ်ပေါ်မလာပေ။ မည်သည့် အရာဝတ္ထုမျှ အကြောင်းတစ်ခုတည်း ရှိသည်ဟူ၍ မရှိပေ။ အကြောင်းမျိုးစုံ ပေါင်းစုပြီးမှသာလျှင် အကျိုးတစ်ခုကို မွေးဖွားလေသည်။ ဤသဘောတရားကို ဟေတုသာမဂ္ဂိဝါဒ (အကြောင်းပေါင်းစုံဝါဒ)ဟု ခေါ်လေသည်။

အဘိဓမ္မာဆရာကြီး ဓမ္မကိတ္တိက 'နစေကံ ဇကံ ဇကသ္မာ သာမဂ္ဂယာ သဗ္ဗသမ္ဘဝေါ' (တစ်ခု တစ်ခုသော အရာဝတ္ထုသည် အပေါင်းအစုမှ၊ အကြောင်းပေါင်းစုံမှ မွေးဖွားလာခြင်း ဖြစ်သည်)ဟု မိန့်ဆိုထားလေသည်။ အကြောင်း (ဟေတု) ပေါင်းများစွာ စုပေါင်းသွားသည့်အခါတွင် ထိုအကြောင်းပေါင်းစုံမှ အကျိုးတစ်ခု ဖြစ်ပေါ်လာလေသည်။

မာ့ဂ်စ်အဘိဓမ္မာကဲ့သို့ ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံမှု (Unity of Opposites) သဘောတရားကိုကား ဗုဒ္ဓအဘိဓမ္မာ၌ ပြောပြထားချက် မရှိပေ။ သို့ရာတွင် အကျိုးတစ်ခုသည် အကြောင်းပေါင်းများစွာ စုပေါင်းမှုမှ ဖြစ်ပေါ်လာ

သည်။ အကယ်၍ ယင်းအကြောင်းများအနက်မှ အသေးငယ်ဆုံး အကြောင်းအရာ ကလေးဖြစ်စေ ချို့တဲ့နေမည်ဆိုပါလျှင် အကျိုးသည် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ဟူ၍ကား ရှင်းလင်းပြတ်သားစွာ ပြောပြထားချက် ရှိလေသည်။ သရက်စေ့၌ သရက်သီး ဖြစ်ပေါ်စေနိုင်သည့် သတ္တိ အပြည့်မရှိပေ။ ထိုသရက်စေ့၌ ရေ၊ မြေ ညြစာ၊ အပူ စသော အကြောင်းများစွာ ပေါင်းစုမှ သရက်သီး ဖြစ်ပေါ်လာနိုင်ပေသည်။

ဗုဒ္ဓအာဘိဓမ္မာ၌ ဖော်ပြသော ဟေတုသာမဂ္ဂိဝါဒ (အကြောင်းပေါင်းစုံဝါဒ) သည် မာ့ဂ်စ်အာဘိဓမ္မာ၌ ဖော်ပြပါရှိသော အရေအတွက် (အပေါင်း)၏ အရည်အချင်းအဖြစ် ပြောင်းလဲလာခြင်းမျိုး ဖြစ်သည်။ အာဘိဓမ္မာနှစ်ရပ်လုံးက လက်ခံလိုက်နာသည့် အကြောင်းနှင့် အကျိုး အညမည ဆက်သွယ်မှုအရဆိုလျှင် အကျိုးသည် မိမိ၏ အကြောင်းများနှင့် လုံးဝ ကွဲပြားခြားနားလေသည်။

ဗုဒ္ဓအာဘိဓမ္မာ၏ အလိုအားဖြင့် အကြောင်းသည် အကျိုးနှင့် လုံးဝ ကွဲပြားခြားနားသည့်အရာ ဖြစ်သည်။ အဓိပ္ပာယ်မှာ အကျိုးဖြစ်ပေါ်လာခြင်းသည် အရည်အချင်း ပြောင်းလဲလာခြင်း ဖြစ်လေသည်။ အကြောင်းမှ အရည်အချင်းပြောင်းလဲပြီး အကျိုးဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထိုပြင် ဤအရည်အချင်း ပြောင်းလဲမှု (အကြွင်းမဲ့ ခြားနားသော အကျိုးသစ်) သည် အားလုံးသောအကြောင်းများ လိုအပ်သည့် အတိုင်းအရည်ပမာဏ (အရေအတွက်) အရ ပေါင်းစုမှု မရှိလျှင် မဖြစ်နိုင်ပေ။ ဤအကြောင်းနှင့် အကျိုးဝါဒ၌ အရည်အချင်း ပြောင်းလဲမှု (အကျိုး)နှင့် အကြောင်းများ၏ အရေအတွက် သဘောသည် အကျုံးဝင်လျက် ရှိလေသည်။

❑

လင်းလွန်းခင်စာပေ

ကဏ္ဍ ၇

ရုပ်ဝါဒ

ဒွန္ဝါဒအကြောင်းကို ရေးပြပြီးသည့်နောက်တွင် မာ့က်စ်၏အလိုကျ (ဝါ) မာ့က်စ်ဝါဒီ ရုပ်ဝါဒအကြောင်းကိုလည်း အနည်းအကျဉ်း ရေးပြဖို့ရန် လိုအပ်ပေလိမ့်မည်။ ယခင်က ပြောပြလာခဲ့သည့်အတိုင်း မာ့က်စ်ဝါဒီ ရုပ်ဝါဒသည် နာမ်ဝါဒီ အာဘိဓမ္မာနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်လေ၏။ ထို့ကြောင့် ယင်းရုပ်ဝါဒသည် နာမ်ဝါဒကဲ့သို့ ကမ္ဘာလောကအား တစ်ခုနှင့်တစ်ခု မငဲ့သော၊ တစ်ခုနှင့်တစ်ခု အမှီသဟဲ မပြုသော နာမ်တရား (Absolute Idea) ဖြစ်၏ ဟူ၍လည်းကောင်း၊ စကြဝဠာ အတွာ (Universal Spirit)၏ ပုံပန်းသဏ္ဌာန်ဖြစ်၏ ဟူ၍လည်းကောင်း မယူဆပေ။ မာ့က်စ်ဝါဒီ ရုပ်ဝါဒ၏အလိုအရ ကမ္ဘာလောကသည် မိမိ၏ သဘာဝအရ ရုပ်တရားဖြစ်သည်။ ကမ္ဘာလောက၏ မရေတွက်နိုင်သော အဖြစ်အပျက်များ (Phenomena)၏ အခြေခံသည် မိမိ၏ အမျိုးတို့က သဘာဝအားဖြင့် တိုးတက်ပြီး အမျိုးမျိုးသော အသွင်သဏ္ဌာန်များ အဖြစ်ဖြင့် ပေါ်ပေါက်လာသည့် ရွှေ့လျားပြောင်းလဲလေ့ရှိသော အရာဝတ္ထု၊ သို့မဟုတ် ရုပ်တရားသာလျှင် ဖြစ်လေသည်။ ယင်းရုပ်တရား၏ တိုးတက်မှုကို ရုပ်တရားအတွင်း၌ ရှိနေသော အတွင်းပဋိပက္ခက ဖြစ်ပေါ်စေလေသည်။ အဖြစ်အပျက်များ၏ တစ်ခုနှင့်တစ်ခု ဆက်စပ်မှု၊ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုမှုသည် ရွှေ့လျားပြောင်းလဲလေ့ရှိသော ရုပ်တရားများ၏ တိုးတက်မှုအတွက် ဥပဒေနိယာမ ဖြစ်လေသည်။ ယင်းရွှေ့လျားပြောင်းလဲခြင်းတည်းဟူသော ဥပဒေနိယာမကို အခြေခံ၍သာလျှင် ကမ္ဘာ

လောကသည် တိုးတက်လာခြင်း ဖြစ်လေသည်။ ကမ္ဘာလောက၏ တိုးတက်မှု အတွက် 'စကြဝဠာအတွင်' မလိုပေ။ အင်ဂေလ်စ်က 'သဘာဝနှင့် စပ်လျဉ်းသော ရုပ်ဝါဒအမြင်မှာ သဘာဝအား အပြင်အပ ဗဟိဒ္ဓရောနှောမှုမပါဘဲ အမှန်တကယ် ရှိသော ပုံသဏ္ဌာန်အတိုင်း ရှုမြင်ခြင်း ဖြစ်၏'ဟု ရေးသားထားလေသည်။

နာမ်ဝါဒ၏အလိုအရ ကျွန်ုပ်တို့၏ အသိ၊ အတွေး၊ အကြံ၊ အမြင်၊ အတွေ့ ၌သာလျှင် ရုပ်လောက၊ သဘာဝ၊ အသက်ဇီဝိန်တို့၏ တည်ရှိမှု ရှိလေသည်။ မာ့ဂ်စ်ဝါဒီ ရုပ်ဝါဒအရမူ ရုပ်တရား၊ သဘာဝ၊ အသက်ဇီဝိန်တို့၏ တည်ရှိမှုသည် ကျွန်ုပ်တို့၏ အသိ၊ အတွေး စသည်မှအပ ဖြစ်လေသည်။ ရုပ်သည် အဓိက၊ သို့မဟုတ် မူလ ဖြစ်လေသည်။ အကြောင်းမူကား ၄င်းသည် အတွေး၊ အကြံ၊ အသိတို့၏ ပင်မ ဖြစ်သောကြောင့်တည်း။ စိတ်၊ သို့မဟုတ် အသိသည် တစ်ဆင့်ခံ ဖြစ်လေသည်။ အကြောင်းမူကား ၄င်းသည် ရုပ်၏ ရောင်ပြန်ဟပ်ခြင်း သို့မဟုတ် အရိပ်ထင်ခြင်းမျှသာ ဖြစ်သောကြောင့်တည်း။

မာ့ဂ်စ်က ဤသို့ ပြောပြထားသည်။

> 'ရုပ်သည် စိတ်၏ အသီးအပွင့်မဟုတ်။ စိတ်ကိုယ်တိုင်က သာလျှင် ရုပ်၏ အမြင့်ဆုံးသော အသီးအပွင့် ဖြစ်လေသည်။ ... အတွေးကို ဆင်ခြင်စဉ်းစားသော ရုပ်မှ တသီးတခြား ခွဲထုတ်၍ မဖြစ်နိုင်ပေ။ ရုပ်သည် အမျိုးမျိုး အပြားပြားအားဖြင့် ပြောင်းလဲတတ်သော အရာ ဖြစ်သည်။'
>
> Karl Marx, Selected Works.

အတွေး၊ သို့မဟုတ် အသိ၊ သို့မဟုတ် စိတ်သည် ရုပ်ကို အာဘယ်မှာလျှင် ဖြစ်ပေါ်စေနိုင်မည်နည်း။ အကြောင်းမူကား အတွေးဖြစ်ပေါ်ခြင်းသည် ရုပ်ဝတ္ထု တစ်ခုဖြစ်သော ဦးနှောက်ကြောင့် ဖြစ်လေသည်။ သို့ဖြစ်၍ လီနင်က ဤသို့ ရေးသားထားသည်။

> 'ရုပ်ဝတ္ထုသည် အကြင် ပုံစံမျိုးဖြင့် ရွှေ့လျားပြောင်းလဲ၏။ အကြင်ပုံစံမျိုးဖြင့် ဆင်ခြင်စဉ်းစား၏။ ထိုပုံစံမျိုး၏ ရုပ်ပုံလွှာသည် ကမ္ဘာလောက၏ ရုပ်ပုံလွှာဖြစ်သည်။ ... ဦးနှောက်သာလျှင် အတွေးကို ဖြစ်ပေါ်စေသည့် ကိုယ်ကာယအစိတ်အပိုင်း ဖြစ်လေသည်။'

သို့ဖြစ်သောကြောင့် နာမ်ဝါဒကဲ့သို့ မာ့ဂ်စ်ဝါဒီ ရုပ်ဝါဒသည် ကမ္ဘာလောကနှင့် ကမ္ဘာလောက၏ ဥပဒေနိယာမများအား မသိအပ်သည့်အရာများ ဖြစ်၏ဟု မယုံကြည် မယူဆပေ။ တခြား စကားလုံးဖြင့် ပြောရလျှင် ရုပ်ဝါဒ၏အလိုအရ ကမ္ဘာလောကနှင့် ကမ္ဘာလောက၏ ဥပဒေနိယာမများအား စမ်းသပ်မှုနှင့် လက်တွေ့အားဖြင့်လည်းကောင်း၊ သိပ္ပံပညာ ကြိုးပမ်းမှုများ၏ အကူအညီအားဖြင့်လည်းကောင်း သိရှိနိုင်ပေသည်။

အထက်ပါ ပြောပြချက်များကို ဖတ်ရှုရလျှင် မာ့ဂ်စ် အဘိဓမ္မာ၏ အခြေခံဖြစ်သော ဒွန္ဒ ရုပ်ဝါဒအကြောင်းကို သိသင့်သလောက် သိရှိရုပ်မိကြလိမ့်မည် ဖြစ်ပေ၏။ အကျဉ်းချုပ်အားဖြင့် ပြောရလျှင် ဒွန္ဒရုပ်ဝါဒ၏ အခြေခံယူဆချက်မှာ ကမ္ဘာလောက၏ အခြေခံသည် မိမိ၏ အဖျတ္တိက သဘာဝအားဖြင့် တိုးတက်ပြီး ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်အမျိုးမျိုးအဖြစ် ဖြစ်ပေါ်လာသည့် ရုပ်တရားသာလျှင် ဖြစ်လေ၏။ ယင်းတိုးတက်မှုကို ရုပ်တရားအတွင်း၌ သဘာဝအားဖြင့် ရှိနေသော အတွင်းပဋိပက္ခက ဖြစ်ပေါ်စေလေသည်။ ယင်းသို့ ဖြစ်ပေါ်စေရာ၌ ဝါဒ၊ ပတိဝါဒ၊ သံဝါဒ ဟူသော အဆင့်သုံးဆင့် ရှိလေသည်။ ယင်းတိုးတက်မှုလမ်းစဉ်သည် စကြဝဠာ ကမ္ဘာတစ်ခုလုံးနှင့် ဆိုင်ပြီး အစဉ်မပြတ် ဖြစ်ပေါ်နေလေသည်။

ထို့ပြင် ယင်းတိုးတက်မှုလမ်းစဉ်သည် လွယ်ကူသောလမ်းစဉ် မဟုတ်ပေ။ ချောညက်သောလမ်းစဉ် မဟုတ်ပေ။ ဗိန္ဓုတစ်ခုသို့ ရောက်ရှိလာသောအခါ၌ ရုတ်တရက် ရှောင်တခင် အရှိန်ဖြင့် ပေါက်ကွဲသကဲ့သို့ပင် ဖြစ်တတ်လေသည်။ လူမှုရေးပြောင်းလဲမှု၌ ဖြစ်ပေါ်သော တော်လှန်ရေးသည် ယင်းသဘောပင် ဖြစ်လေသည်။ တော်လှန်ရေးသည် လွဲပြောင်း၍ မရသော၊ လွဲပြောင်း၍ မဖြစ်နိုင်သော လူမှုရေး အဖြစ်အပျက်တစ်ခု ဖြစ်သည်။ တော်လှန်ရေးဟူသမျှ၏ နောက်ပိုင်း၌ လူမှုရေး အခြေအနေသစ်တစ်ခု ပေါက်ဖွားဖြစ်ပေါ်လာရပေသည်။

ရုပ်တရားဟူသမျှသည် မိမိ၏ အဖျတ္တိက သဘာဝအားဖြင့်သာလျှင် မိမိ၏ ပတိဝါဒကို ဖွေးဖွားဖြစ်ပေါ်စေလေသည်။ ယင်းသို့ ဖြစ်စေသည့်အတွက် ပေါ်ပေါက်လာသော ဝါဒနှင့် ပတိဝါဒအကြား၌ တိုက်ခိုက်မှု၊ ပဋိပက္ခဖြစ်မှု၌သာလျှင် ပြောင်းလဲမှုအမျိုးမျိုး၏၊ သို့မဟုတ် တိုးတက်ခြင်း၏ လှိုင်ဝုက်ချက်ဟူသမျှ

ဖုံးကွယ်၍ နေပေသည်။ ယင်းအချက်ကို ထောက်ရှုလျှင် ဒွန္ဒရုပ်ဝါဒ၏ တော်လှန်ရေးအသွင်သည် ထင်ရှားပြတ်သားသွားပေလိမ့်မည်။ အကြောင်းမူကား ဒွန္ဒဝါဒ၌ ပြောင်းလဲမှုဟူသမျှ၊ တိုးတက်မှုဟူသမျှသည် အတွင်းပဋိပက္ခအားဖြင့်သာလျှင် ဖြစ်၏ဟူသော အချက်ကို အဓိကထားသောကြောင့်တည်း။ ယင်းသဘောမှ သဘာဝဆိုင်ရာ ပြောင်းလဲမှု၊ သို့မဟုတ် တိုးတက်မှု၌ဖြစ်စေ၊ လူမှုရေးဆိုင်ရာ ပြောင်းလဲမှု၊ သို့မဟုတ် တိုးတက်မှု၌ဖြစ်စေ မလွဲမရှောင်သာသော ဥပဒေနိယာမဖြစ်လေသည်။ ကျွန်ုပ်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ယင်းဥပဒေနိယာမသည် ဖြစ်လာခဲ့လေသည်။ ဖြစ်နေလေသည်။ ရှေ့တွင်လည်း ဖြစ်လိမ့်ဦးမည်။ အကြောင်းမူကား ယင်းသဘောမှာ သဘာဝ၏ ဥပဒေနိယာမ ဖြစ်သောကြောင့်တည်း။ မိခင်အနေဖြင့် မီးဖွားခါနီး ဝေဒနာကို မခံစားရဘဲနှင့် ကလေးသည် ဖွားမြင်လာလိမ့်မည် မဟုတ်ပေ။ တော်လှန်ရေးသည် ပြောင်းလဲမှုသားငယ်ကို မွေးဖွားသော လူ့လောက လူ့ဘောင်မိခင်၏ မီးဖွားခါနီး ခံစားရသောဝေဒနာပင် ဖြစ်လေသည်။

ယင်းသို့လျှင် လူ့လောကဟူသမျှ၊ လူ့ဘောင်ဟူသမျှ၌ လည်းကောင်း၊ အချိန်ကာလဟူသမျှ၌လည်းကောင်း ဆန့်ကျင်ဘက် အင်အားစု နှစ်ခုဖြစ်သော 'ဝါဒ'နှင့် 'ပတိဝါဒ' တို့သည် တည်ရှိနေကြပေ၏။ ၄င်းတို့သည် တတိယအဆင့် တတိယအခြေအနေဖြစ်သော 'သံဝါဒ' ဖြစ်ပေါ်ပေါက်ဖွားမလာမချင်း တစ်ခုနှင့် တစ်ခု ပဋိပက္ခပြုနေကြသည်။ မာ့ဂ်စ်၏ အလိုအရ လူ့ဘောင် လူ့အဖွဲ့အစည်း၌ ယင်း ပဋိပက္ခအင်အားစု နှစ်ခုမှာ လူတန်းစားနှစ်မျိုးပင် ဖြစ်လေသည်။ ကုန်ထုတ်လုပ်သည့် ပစ္စည်းကိရိယာများ၌ ပြောင်းလဲမှု ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လူတန်းစားအသစ်တစ်ရပ် ဖြစ်ပေါ်ပေါက်ဖွားလာလေသည်။ လူတန်းစားအသစ်နှင့် လူတန်းစားအဟောင်းတို့၏ အကြား၌ စတင် ပဋိပက္ခဖြစ်ကြသည်။ တိုက်ခိုက်ကြသည်။ ယင်းအချက်ကို သမိုင်းက သက်သေပြလျက်ရှိသည်။ ရှေးခေတ်၌ ကျေးကျွန်နှင့် သခင်တို့၏၊ အလယ်ပိုင်းခေတ်၌ ပဒေသရာဇ်နှင့် ကျွန်တစ်ပိုင်းဖြစ်သော လယ်သမားများ၏၊ ယခုခေတ်၌ အရင်းရှင်နှင့် အလုပ်သမား လူတန်းစား၏ ပဋိပက္ခများကို အထင်းသား အရှင်းသား တွေ့မြင်သိရှိရလေသည်။

ကျေးကျွန်စနစ်သည် အမြစ်ပြုတ်သွားခဲ့လေပြီ။ ပဒေသရာဇ်ဝါဒလည်း လွင့်ပါးပျောက်ကွယ်သွားလေပြီ။ ယခုခေတ် လူမှုရေးပြောင်းလဲမှု အခြေအနေအရ လည်းကောင်း၊ လူသားတို့၏ ကြိုးပမ်းချက်အရလည်းကောင်း အရင်းရှင်ဝါဒလည်း တစ်နေ့တွင် ဧဝန်ချုပ်ပြီး အလုပ်သမားများအတွက် အလုပ်သမားကိုယ်တိုင် တည်ဆောက်သည့် လူတန်းစားမဲ့ လူလောက ဖြစ်ပေါ်ပေါက်ဖွားလာပေလိမ့်မည်။ အနာဂတ် လူမှုရေးစနစ်သည် ဆိုရှယ်လစ်စနစ် ဖြစ်လိမ့်မည်။ ယင်းစနစ်သည် မြေကြီးလက်ခတ်မလွဲ ရောက်လာလိမ့်မည်ဟု မာ့က်စ်က စွဲမြဲစွာ ယုံကြည်ယူဆလေသည်။

မာ့က်စ်သည် သူ၏ ဒွန္ဒရုပ်ဝါဒ ဥပဒေနိယာမ၊ သို့မဟုတ် နည်းစနစ်ကို လူမှုရေးရည်ရွယ်ချက်များ ပြည့်ဝရေးအတွက် တီထွင်ကြံဆခြင်း ဖြစ်လေသည်။ ယင်း လူမှုရေးရည်ရွယ်ချက်များအနက် အဓိကဖြစ်သော ရည်ရွယ်ချက်မှာ မာ့က်စ်သည် ဒွန္ဒနည်းကျ တိုးတက်မှုဝါဒအပေါ်၌ အခြေခံပြီးလျှင် အရင်းရှင်လူလောက၏ ကျဆုံးပြိုပျက်ရေးမှာ မလွဲမရှောင်သာသောအရာ ဖြစ်၏ဟု ထုတ်ဖော်ညွှန်ပြလိုသည့် ဆန္ဒရှိခြင်း ဖြစ်ပေသည်။ ဒွန္ဒနည်းကျ တိုးတက်မှုဝါဒအရ အကယ်၍ လူလောက၏ ရှိရှိသမျှသည် ရွှေ့လျားပြောင်းလဲလေ့ရှိသည်ဆိုလျှင်၊ တိုးတက်လေ့ရှိသည်ဆိုလျှင် အရင်းရှင်စနစ်၊ ပုဂ္ဂလိက ပစ္စည်းဥစ္စာနှင့် သွေးစုပ်ခြယ်လှယ်မှု၊ မြေရှင်များ၏ လက်အောက်၌ လယ်သမားများ အဖိနှိပ်ခံရမှု၊ အရင်းရှင်တို့၏ လက်အောက်၌ အလုပ်သမားများ အဖိနှိပ်ခံရမှုများသည်လည်း ထာဝစဉ် တည်မြဲမနေနိုင်ပေ။ သို့ဖြစ်၍ အရင်းရှင်စနစ်၏ နေရာကို တစ်နေ့တွင် ဆိုရှယ်လစ်စနစ်က ယူပေလိမ့်မည်။ တစ်ချိန်တုန်းက ပဒေသရာဇ်စနစ်၏ နေရာကို အရင်းရှင်စနစ်က ယူသကဲ့သို့တည်း။ ဒွန္ဒနည်းစနစ်ကို အခြေခံ၍ မာ့က်စ်သည် ဆိုရှယ်လစ်တော်လှန်ရေး လိုအပ်ကြောင်းကို သဘောတရားရေးအရ ပိုမိုပြီး ထင်ရှားပြတ်သားသွားအောင် ညွှန်ပြခဲ့လေသည်။

ဒွန္ဒရုပ်ဝါဒသည် ကျွန်ုပ်တို့အား ပြောင်းလဲခြင်း၊ သို့မဟုတ် တိုးတက်ခြင်း နည်းလမ်း၏ အထူးထူး အပြားပြားသော အဆင့်အလွှာများနှင့် ၄င်းတို့၏ အညမည ဆက်စပ်မှုကိုသာလျှင် မကဘဲ ယင်းပြောင်းလဲမှုများ၏ အကြောင်းတရားများကို

လည်း ပြောပြလေသည်။ ကမ္ဘာလောကဌ် မည်သည့်အဖြစ်အပျက်မျှ သီးခြားကင်းလွတ်ပြီး တည်ရှိမနေနိုင်ဟူသော အချက်ကို ဒွန္ဒရုပ်ဝါဒက ကျွန်ပ်တို့အား သတိပြုစေခဲ့လေသည်။ အဖြစ်အပျက်ဟူသမျှဌ် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိလေသည်။ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုမှု ရှိလေသည်။ ထိုအကြောင်းကြောင့် ရာဇဝင်သမိုင်း သို့မဟုတ် လူမှုရေးစနစ်ကို လေ့လာရာဌ် ရာဇဝင်သမိုင်း၊ သို့မဟုတ် လူမှုရေးစနစ်နှင့် ဆက်စပ်နေသော အဖြစ်အပျက်များကို တစ်ခုနှင့်တစ်ခု ဆက်သွယ်၍ လည်းကောင်း၊ ၄င်းတို့၏ အညမည ဆက်စပ်နေမှုနှင့် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီနေမှု နောက်ခံအရ လည်းကောင်း လေ့လာသင့်ပေသည်။ ကမ္ဘာလောကရှိ အရာဝတ္ထုဟူသမျှသည် အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေလေ့ ရှိသည်။

သို့ဖြစ်၍ မည်သည့် အရာဝတ္ထု၊ မည်သည့်အဖြစ်အပျက်၊ သို့မဟုတ် မည်သည့် ဥပဒေနိယာမကိုမဆို နောက်ဆုံးပိတ် အပြီးသတ်အရာ ဖြစ်သည် ဟူ၍ လည်းကောင်း၊ တစ်ခုနှင့်တစ်ခု မင်္ဂဲဘဲ သီးခြားတည်ရှိနေသည် ဟူ၍ လည်းကောင်း၊ နိစ္စထာဝရ ဖြစ်သည် ဟူ၍ လည်းကောင်း ထင်မှတ်ယူဆခြင်းသည် ကြီးကျယ်သော လွဲမှားချက် ဖြစ်လေသည်။

ထိုမှတစ်ပါး မာ့က်စ်သည် သူ၏ရုပ်ဝါဒ အဘိဓမ္မာကို အခြေခံပြီးလျှင် ပြည်သူလူထု၏ အလိုအပ်ဆုံးသော အရာများနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးတည်ချက် မထားသမျှ မည်သည့်သဘောတရားမျှ ပြည်သူလူထု၏ စိတ်နှလုံးထဲတွင် ဝင်ရောက်ခိုအောင်းမနေနိုင်ဟူသော အချက်ကိုလည်း ထုတ်ဖော်ညွှန်ပြခဲ့လေသည်။ တကယ်တမ်း လိုအပ်သည့် အရာများနှင့် စစ်မှန်သော အကျိုးစီးပွား ပြည့်ဝရေးမှာ 'တစ်ခုနှင့်တစ်ခု မင်္ဂဲဟူသော အတွေး' 'အတွေ'၊ သို့မဟုတ် 'စကြဝဠာအတွေ' တို့ကို ဆုပ်ကိုင်ထားရုံဖြင့် မဖြစ်နိုင်ပေ။ နာမ်တရားတို့ကို ကိုးစားနေ၍ မဖြစ်နိုင်ဟု ဆိုလိုခြင်းဖြစ်လေသည်။ တကယ်တမ်း လိုအပ်သည့် အရာများနှင့် စစ်မှန်သော အကျိုးစီးပွား ပြည့်ဝရေးမှာမူ 'ပထဝီမြေကြီး' အားဖြင့်သာလျှင် သို့မဟုတ် ရုပ်ဝတ္ထုအားဖြင့်သာလျှင် ဖြစ်နိုင်လေသည်။

❐

လင်းလွန်းခင်စာပေ

ကဏ္ဍ ၈

သမိုင်းဆိုင်ရာ ရုပ်ဝါဒ

"သမိုင်းဆိုင်ရာ ရုပ်ဝါဒ" (Historical Materialism)၏ အခြေခံသည် စိတ်ကူးယဉ်မဟုတ်ပေ။ အမှန်စင်စစ်အားဖြင့် သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ အခြေခံသည် လူ့သမိုင်း၏ လုပ်ရှားမှုကို သတ်မှတ်ပိုင်းခြားသော နိယာမသဘောတရားကို ဖွင့်ပြခြင်းသာလျှင် ဖြစ်ပေသည်။ ယင်း သမိုင်းဆိုင်ရာ ရုပ်ဝါဒအားဖြင့် မာ့က်စ်သည် ဟေဂေလ် တင်ပြသော ရာဇဝင်သမိုင်း၏ နာမ်ဆိုင်ရာ ဖွင့်ဆိုချက်၏ နေရာ၌ မိမိ၏ ရုပ်ဝါဒီဖွင့်ဆိုချက်ကို တင်ပြလေသည်။

သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ အခြေခံ အမြစ်အရင်းဖြစ်သော အဓိက အကြောင်းအရာများ၏ အကြမ်းဖျင်းပုံကြမ်းကို မာ့က်စ်သည် သူ၏ နာမည်ကျော်လက်ရာဖြစ်သည့် "ဂျာမန်အတွေးအခေါ်" ၌ တင်ပြထားလေသည်။ မာ့က်စ်၏ သမိုင်းဆိုင်ရာ ရုပ်ဝါဒကို စူးစမ်းတွေ့ရှိမှု သုတေသနပြုမှုသည် ကမ္ဘာ့ရာဇဝင်သမိုင်းနှင့် ပတ်သက်သော အမြင်များ၌ တော်လှန်မှုကို ပြုလုပ်ဖန်တီးလိုက်လေ၏။ ကမ္ဘာ့ရာဇဝင်သမိုင်းနှင့် ပတ်သက်သောအမြင်ကို ရုတ်တရက် လမ်းလွဲပေးလိုက်လေ၏။ ယင်း စူးစမ်းမှု၊ သုတေသနပြုမှုသည် ရာဇဝင်သမိုင်းအား သိပ္ပံပညာအဖြစ် ဖန်တီးလိုက်လေ၏။ မာ့က်စ်သည် ယင်း မူလဘူတဖြစ်သော ရာဇဝင်သမိုင်းဆိုင်ရာ အစဉ်ကို ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးကို ထုတ်လုပ်မှု၌၊ သို့မဟုတ် လူ့လောက၏ ရုပ်ပိုင်းဆိုင်ရာဘဝ၏ အခြေအနေများ၌ တွေ့မြင်သိရှိလေသည်။ လူမှုရေးဆိုင်ရာ

စီးပွားရေးအဆောက်အအုံ၏ ပြောင်းလဲမှုသည် ရုပ်ဝတ္ထုဆိုင်ရာ ဥပဒေနိယာမများ အားဖြင့်သာလျှင် ဖြစ်လေသည်။ ရုပ်ဝတ္ထုဆိုင်ရာ ဥပဒေနိယာမ အရသာလျှင် လူမှုရေးဆိုင်ရာ စီးပွားရေး အဆောက်အအုံတစ်ခုသည် အခြား လူမှုရေးဆိုင်ရာ စီးပွားရေး အဆောက်အအုံတစ်ခု၏ နေရာကိုယူခြင်း ဖြစ်လေသည်။ ယင်းအချက်ကို ထင်ရှားစေရန်အတွက် မာ့ဂ်စ်သည် ရာဇဝင်သမိုင်းတစ်လျှောက်၌ မည်သို့မည်ပုံ အစဦးခေတ်၊ ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၏ စီးပွားရေး ဆက်ဆံမှုများ တစ်ခုနေရာတွင် တစ်ခု ရောက်လာပုံတို့ကို ပြောပြထားလေသည်။ မာ့ဂ်စ် တင်ပြသော ရာဇဝင်သမိုင်း၏ ယင်းဖြစ်စဉ်ကို သိရှိနားလည်ရန်အတွက် 'သမိုင်းဆိုင်ရာ ရုပ်ဝါဒ' ကို သိပ္ပံအသိမျိုးဖြင့် သိဖို့ လိုအပ်ပေ၏။

ရာဇဝင်သမိုင်း၏ အဖြစ်အပျက်များကို မည်သည့် ရုပ်ပိုင်းဆိုင်ရာ သြဇာ တန်ခိုးက လွှမ်းမိုးချုပ်ကိုင်သနည်း၊ စီစဉ်ဖန်တီးသနည်းဟူသော အမေးကို သမိုင်း ဆိုင်ရာ ရုပ်ဝါဒက အဖြေပေးထားလေသည်။ မာ့ဂ်စ်၏ အလိုအရ 'လူ့လောက၏ ရုပ်ပိုင်းဆိုင်ရာ ဘဝ၏ အခြေအနေများ'သည် နောက်ဆုံးပိတ် အသွင်အားဖြင့် လူ့လောကဖွဲ့စည်းမှုကိုလည်းကောင်း၊ နိုင်ငံရေးအဖွဲ့အစည်း စသည်ကိုလည်းကောင်း သတ်မှတ် ပိုင်းခြားလေသည်။ ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အချိုးအစား၊ သို့မဟုတ် လူဦးရေ စသည်ကို သတ်မှတ်ပိုင်းခြားသည့် သြဇာတန်ခိုးတစ်ခုခု ရှိနိုင်သည် ဟူသော အယူအဆကို မာ့ဂ်စ်က လက်မခံပေ။

'လူ့လောက၏ ရုပ်ပိုင်းဆိုင်ရာ ဘဝ၏ အခြေအနေများ'ဟူသော အယူ အဆ၏ အတွင်း၌ ပထမဦးစွာ သဘာဝ၊ သို့မဟုတ် ပထဝီဆိုင်ရာ ပတ်ဝန်းကျင် သည် အကျိုးဝင်လာရသည်မှာ မှန်ပါသည်။ ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အချိုး အစားသည် လူမှုရေးဆိုင်ရာဘဝနှင့် ၄င်း၏ တိုးတက်မှုအပေါ်၌ သြဇာတန်ခိုး အတော်အတန် လွှမ်းမိုးမှုရှိသည် ဆိုသည်မှာလည်း မှန်ပါသည်။ သို့ရာတွင် ယင်း ပထဝီဆိုင်ရာ ပတ်ဝန်းကျင်၏ သြဇာတန်ခိုးသည် အဓိကဖြစ်သည်။ အဓိကအား ဖြင့် ယင်း ပထဝီဆိုင်ရာ ပတ်ဝန်းကျင်၏ သြဇာတန်ခိုးကသာလျှင် လူ့လောက ဖွဲ့စည်းမှု၊ လူမှုရေးစနစ်၏ သဘောသဘာဝ၊ စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပြောင်းလဲခြင်း စသည်ကို သတ်မှတ်ပိုင်းခြားသည်ဟူသော အချက်ကိုမူ သမိုင်း ဆိုင်ရာ ရုပ်ဝါဒက လက်မခံပေ။ အခြားစကားလုံးများဖြင့် ပြောရလျှင် ပထဝီ

ဆိုင်ရာ ပတ်ဝန်းကျင်အချိုးအစားသည် လူမှုရေးဆိုင်ရာဘဝအား သတ်မှတ်ပိုင်းခြား သည့် သြဇာတန်ခိုး မဟုတ်ပေ။ အကြောင်းမူကား ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အချိုးအစား၏ ပြောင်းလဲမှု၊ သို့မဟုတ် တိုးတက်မှုထက် အရှိန်မျှားစွာပိုပြီး လူမှုရေးပြောင်းလဲမှု၊ သို့မဟုတ် တိုးတက်မှုများက ဖြစ်ပေါ်နေသောကြောင့်တည်း။ ဥပမာအားဖြင့် ပြောရလျှင် ဥရောပ၏ ပထဝီဆိုင်ရာ ပတ်ဝန်းကျင်အချိုးအစားသည် ရာစုနှစ်ပေါင်းများစွာက စပြီး မပြောင်းလဲသလိုလိုပင် ဖြစ်လာခဲ့လေသည်။

သို့ရာတွင် ထိုဥရောပ၌ပင် လွန်ခဲ့သည့် နှစ်ပေါင်း သုံးလေးထောင်ခန့် အတွင်း၌ လူမှုရေး၊ စီးပွားရေး စနစ်များသည် တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာခဲ့ကြသည်။ တိုးတက်လာခဲ့ကြသည်။ ကျဆုံး ပျောက်ကွယ်သွားခဲ့ကြလေသည်။ ယင်းစနစ်များကား ကမ္ဘာဦး ကွန်မြူနစ်စနစ် (ပဒေသာပင်ခေတ်)၊ ကျေးကျွန်စနစ်၊ ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်တို့ ဖြစ်ကြလေ၏။

ယင်းအချက်ကို ထောက်ခြင်းအားဖြင့် ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အချိုးအစားသည် လူမှုရေးတိုးတက်မှု၏ အဓိကအကြောင်း၊ သို့မဟုတ် အဆုံးအဖြတ်ပေးသည့် အကြောင်း မဟုတ်ကြောင်းမှာ ထင်ရှားသိသာလှပေသည်။

အကြောင်းမူကား ရာစုနှစ်ပေါင်းများစွာ ပြောင်းလဲမှု မရှိသလောက်ပင် ဖြစ်လာခဲ့သော ပထဝီဆိုင်ရာ ပတ်ဝန်းကျင် အချိုးအစားသည် ရာစုနှစ် တစ်ခု၊ နှစ်ခုအတွင်း၌ပင် တော်လှန်ရေးအသွင်အားဖြင့် ပြောင်းလဲခြင်းသဘော ရှိသော စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မှု၏ အကြောင်း မဖြစ်နိုင်သောကြောင့်တည်း။

'လူလောက၏ ရုပ်ပိုင်းဆိုင်ရာ ဘဝ၏ အခြေအနေများ' ဟူသော အယူအဆအတွင်း၌ လူဦးရေ တိုးပွားလာခြင်းလည်း အကျုံးဝင်လာသည်မှာ မှန်ပါသည်။ အကြောင်းမူကား လူ၊ သို့မဟုတ် လူဦးရေသည် လူလောက၏ ရုပ်ပိုင်းဆိုင်ရာ ဘဝအခြေအနေ၏ လိုအပ်သော အချက်တစ်ရပ် ဖြစ်သောကြောင့်တည်း။

အနည်းဆုံးဖြစ်သော လူဦးရေ အရေအတွက်တစ်ရပ် မရှိဘဲနှင့် လူလောက၏ ရုပ်ပိုင်းဆိုင်ရာ ဘဝသည် မဖြစ်နိုင်ပါလျှင် လူ၏ လူမှုရေးစနစ်ကို သတ်မှတ်ပိုင်းခြားရာ၌ လူဦးရေ တိုးပွားမှုသည်သာလျှင် အဓိက စွမ်းအား ဖြစ်သည် မဟုတ်လော။ ထို မေးခွန်းကို သမိုင်းဆိုင်ရာ ရုပ်ဝါဒက ''မဟုတ်ဘူး'' ဟူ၍ အဖြေပေးလေသည်။ လူမှုရေးတိုးတက်မှု၌ လူဦးရေတိုးပွားမှုသည် အဆုံးအဖြတ်

ပေးသည့် သြဇာတန်ခိုး မဖြစ်နိုင်ပေ။ အကယ်၍ လူဦးရေ တိုးပွားမှုသာလျှင် လူမှုရေးတိုးတက်မှု၏ အဆုံးအဖြတ်ပေးသော အကြောင်းဖြစ်လျှင် လူဦးရေ ပိုပြီး ရှိသော လူ့လောကရှိ လူမှုရေးစနစ်လည်း အဆင့်အတန်း မြင့်သင့်လေသည်။ သို့ရာတွင် မျက်မြင်ကိုယ်တွေ့ကား ထိုကဲ့သို့ မဟုတ်ပေ။

အကယ်၍ ပထဝီဆိုင်ရာ အခြေအနေများနှင့် လူဦးရေတိုးပွားမှုသည် လူမှုရေးဆိုင်ရာ ဘဝ၏ အမျိုးမျိုး အပြားပြားသော မျက်နှာ၊ သို့မဟုတ် နယ်ပယ်တို့ကို အဆုံးအဖြတ်ပေးသူ မဟုတ်လျှင် မည်သည့်စွမ်းအားက ရာဇဝင်သမိုင်း၏ အဖြစ်အပျက်များကို (ယဉ်ကျေးမှုဆိုင်ရာစနစ်၊ လူ၏ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးအယူအဆနှင့် အဖွဲ့အစည်းတို့ကို) သတ်မှတ်ပိုင်းခြားသနည်း။ လွှမ်းမိုး အုပ်ချုပ်သနည်း။ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ အလိုအရ ယင်းစွမ်းအားသည် လူ၏ တည်ရှိမှုအတွက် လိုအပ်သော ဘဝ၏ ပစ္စည်းကိရိယာများကို ရယူသည့်စနစ် (အစား၊ အဝတ်၊ အိမ်၊ ကုန်လုပ်ပစ္စည်းကိရိယာ စသော ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်သည့်စနစ်)၌ ရှိလေသည်။

အကျဉ်းချုပ်အားဖြင့် ပြောရလျှင် ရာဇဝင်သမိုင်း၏ အဖြစ်အပျက်များကို အဓိကအနေအထားဖြင့် သတ်မှတ်ပိုင်းခြားသူ၊ အဆုံးအဖြတ်ပေးသူမှာ ယင်းကုန်ထုတ်လုပ်မှုစနစ်၏ သြဇာတန်ခိုးသာလျှင် ဖြစ်လေသည်။

သို့ဖြစ်၍ ယင်းသဘောတရားကို ရာဇဝင်သမိုင်းအား မာ့ဂ်စ်၏ ရုပ်ပိုင်းအရ အဓိပ္ပာယ်ပြန်ယူချက် ဟူ၍ လည်းကောင်း၊ သို့မဟုတ် ရာဇဝင်သမိုင်းအား ကုန်ပစ္စည်းထုတ်လုပ်မှု စနစ်အားဖြင့် အဓိပ္ပာယ်ပြန်ယူချက် ဟူ၍ လည်းကောင်း ပြောဆိုကြလေသည်။

မာ့ဂ်စ်၏ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၏ အဓိကဖြစ်သော အချက်မှာ စီးပွားရေးဆိုင်ရာ ပိုင်းခြားသတ်မှတ်ချက်ဝါဒ ဖြစ်လေသည်။ ၄င်း၏ အဓိပ္ပာယ်မှာ လူတို့ ပြုလုပ်ဆောင်ရွက်သမျှကို စီးပွားရေး၊ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကျိုး စီးပွား၏ လှုံ့ဆော်ချက်အားဖြင့်သာလျှင် သတ်မှတ်ပိုင်းခြားသည်ဟု ဆိုလိုရင်း မဟုတ်ပေ။ မာ့ဂ်စ်၏ အလိုအရမူ ရာဇဝင်သမိုင်းကို တည်ဆောက်ဖန်တီးရန် အတွက် ပထမဆုံးသော လိုအပ်ချက်မှာ လူတို့ အသက်ရှင်နေနိုင်ရေး ဖြစ်လေသည်။ လူတို့ အသက်ရှင်နေနိုင်ရေးအတွက် အဝတ်၊ အစား၊ အိမ် စသော ရုပ်ပိုင်းဆိုင်ရာ

တန်ဖိုးများ လိုအပ်ပေသည်။ ယင်းလိုအပ်ချက်များ ပြည့်ဝရေးအတွက် လူတို့သည် ကုန်ပစ္စည်းများကို ထုတ်လုပ်ကြလေသည်။ ကုန်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် လူတို့သည် ကုန်ပစ္စည်းထုတ်လုပ်သည့် ပစ္စည်းကိရိယာများ လိုပေသည်။

ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်ရာထုတ်လုပ်ကြောင်း ဖြစ်သည့် ကုန်လုပ်ပစ္စည်းကိရိယာများ၊ ကုန်လုပ်ပစ္စည်းကိရိယာများကို အသုံးပြုပြီး ကုန်လုပ်ပစ္စည်းကိရိယာများဖြင့် ရုပ်ပိုင်းဆိုင်ရာတန်ဖိုးများကို ထုတ်လုပ်သောလူ၊ ထို့ပြင် ကုန်ထုတ်လုပ်ရေးဆိုင်ရာ အတွေ့အကြုံ၊ အလုပ်ကျွမ်းကျင်မှု ယင်းအချက်အလက် အားလုံး အတူတကွပေါင်းစုပြီး လူ့လောက၏ ကုန်လုပ်စွမ်းအားကို ပြုလုပ်ဖန်တီးလေသည်။ သို့ရာတွင် ကုန်လုပ်စွမ်းအားသည် ကုန်ထုတ်လုပ်မှုစနစ်၏ ဘက်တစ်ဖက် အပိုင်းတစ်ပိုင်းသာလျှင် ဖြစ်လေသည်။ အခြား ဘက်တစ်ဖက်၊ သို့မဟုတ် အပိုင်းတစ်ပိုင်းမှာမူ ကုန်ထုတ်လုပ်မှု ဆက်ဆံရေး ဖြစ်လေ၏။

လူသည် သဘာဝအားဖြင့် တိုက်ခိုက်ပြီး ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်ရာ၌ ယင်းသဘာဝကို အသုံးချလေသည်။ သို့ရာတွင် ယင်းအလုပ်အားလုံးကို လူသည် တစ်ဦးတစ်ယောက်တည်း၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးစီအနေဖြင့် မဟုတ်ဘဲ အားလုံးစုပေါင်း၍ အပေါင်းအစုအနေအားဖြင့်၊ လူ့လောက လူ့အဖွဲ့အစည်း၏ အနေအားဖြင့် ပြုလုပ်ကြခြင်း ဖြစ်လေသည်။

သို့အတွက်ကြောင့် ကုန်ပစ္စည်းထုတ်လုပ်မှုသည် အချိန်ကာလ ဟူသမျှ၌၊ အခြေအနေ ဟူသမျှ၌ လူ့လောကနှင့်ဆိုင်သည့် ကုန်ထုတ်လုပ်မှု ဖြစ်ခဲ့လေသည်။ လူ့လောကဆိုင်ရာ ကုန်ထုတ်လုပ်မှုအစဉ်၌ ပုဂ္ဂိုလ်တိုင်းသည် အခြားပုဂ္ဂိုလ်များနှင့် တစ်နည်းနည်းအားဖြင့် ဆက်သွယ်မှုကို ပြုလုပ်ရသည်သာလျှင် ဖြစ်၏။

မာ့က်စ်က ပြောပြသည်မှာ ကုန်ပစ္စည်း ထုတ်လုပ်ရာ၌ လူတို့သည် သဘာဝအပေါ်၌သာလျှင် မဟုတ်ဘဲ လူလူချင်းအပေါ်၌လည်း လုပ်ရှားမှု ရှိရလေသည်။ တစ်နည်းနည်းအားဖြင့် ရိုင်းပင်းကူညီရင်း၊ ထို့ပြင် လုပ်ငန်းများကို အပေးအယူ အလဲအလှယ်ပြုလုပ်ရင်း လူတို့သည် ကုန်ပစ္စည်းများကို ထုတ်လုပ်ကြလေသည်။ ကုန်ပစ္စည်း ထုတ်လုပ်ရန်အတွက် လူတို့သည် အချင်းချင်း ပေါင်းဆုံခြင်း၊ တစ်ဦးနှင့်တစ်ဦး ရေရာသော ဆက်သွယ်ခြင်းများကို ပြုလုပ်ရလေသည်။ ယင်း

လူ့လောကဆိုင်ရာ ပေါင်းဆုံခြင်း၊ ဆက်သွယ်ခြင်းအရသာ လျှင် ကုန်ပစ္စည်း ထုတ်လုပ်မှုသည် ဖြစ်ရလေသည်။ (Karl Marx, Selected Works)

ကုန်ထုတ်လုပ်မှုစနစ်၏ အရေးအကြီးဆုံး ထူးခြားချက်မှာ ယင်း ကုန်ထုတ်လုပ်မှုစနစ်သည် ကြာရှည်လေးမြင့်စွာ အခြေအနေတစ်ရပ်၌ တည်မြဲမနေခြင်းပင် ဖြစ်လေသည်။ ကုန်ထုတ်လုပ်မှုစနစ်၌ အမြဲမပြတ် ပြောင်းလဲမှု၊ သို့မဟုတ် တိုးတက်မှု ဖြစ်နေလေသည်။ ကုန်ထုတ်လုပ်မှုစနစ်၌ ပြောင်းလဲမှုရှိသောကြောင့် လူမှုရေးစနစ်၊ အတွေးအခေါ်၊ နိုင်ငံရေးအယူအဆ၊ နိုင်ငံရေးအဖွဲ့အစည်းများ၌ လည်း ပြောင်းလဲမှုရှိရမည်မှာ ဓမ္မတာ သဘောတရားပင် ဖြစ်လေသည်။

အဓိပ္ပာယ်ကား ကုန်ထုတ်လုပ်မှုစနစ်၌ ပြောင်းလဲမှု ရှိသောကြောင့် လူမှုရေးစနစ်နှင့် နိုင်ငံရေးစနစ်တစ်ခုလုံး၏ ပြန်လည် တည်ဆောက်ရေးမှာလည်း မလွဲမရှောင်သာ ဖြစ်ရမည့်အရာ ဖြစ်လေသည်။ တိုးတက်မှု၏ အမျိုးမျိုး အပြားပြားသော အဆင့်၌ လူတို့သည် ကုန်ထုတ်လုပ်မှုစနစ် တစ်မျိုးစီ တစ်မျိုးစီကို တီထွင်ဖန်တီးကြလေသည်။

ကမ္ဘာဦး ကွန်မြူနစ်ခေတ်၌ ကုန်ထုတ်လုပ်မှုစနစ်တစ်မျိုး ရှိခဲ့သည်။ ကျေးပိုင် ကျွန်ပိုင်ခေတ်၌ အခြား ကုန်ထုတ်လုပ်မှုစနစ်တစ်မျိုး ရှိခဲ့သည်။ ပဒေသရာဇ်ခေတ်၌ အခြား ကုန်ထုတ်လုပ်မှုစနစ်တစ်မျိုး ရှိခဲ့သည်။ အရင်းရှင်ခေတ်၌ နောက်ကုန်ထုတ်လုပ်မှုစနစ်တစ်မျိုး ရှိလေသည်။ ယင်းပြောင်းလဲမှုများနှင့်အတူ လူတို့၏ လူမှုရေးစနစ်၊ နိုင်ငံရေးအဖွဲ့အစည်း၊ အတွေးအခေါ် စသည်တို့သည်လည်း ပြောင်းလဲ၍ နေလေသည်။

အဓိပ္ပာယ်ဆိုလိုရင်းမှာ လူ့လောက တိုးတက်မှု၏ ရာဇဝင်သမိုင်းသည် အမှန်စင်စစ်အားဖြင့် ကုန်ထုတ်လုပ်မှုစနစ် တိုးတက်မှု၏ ရာဇဝင်သမိုင်း ဖြစ်လေသည်။ ကုန်လုပ်စွမ်းအားနှင့် လူတို့၏ ကုန်ထုတ်လုပ်မှု ဆက်ဆံရေး၏ ရာဇဝင်သမိုင်းသာလျှင် ဖြစ်သည်ဟု ဆိုလိုသည်။ ထို့ပြင် လူမှုရေးတိုးတက်မှု၏ ရာဇဝင်သမိုင်းသည် အမှန်စင်စစ်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်ကြသည့် ပုဂ္ဂိုလ်များ၏ ရာဇဝင်သမိုင်း ဖြစ်လေသည်။ တခြားစကားလုံးဖြင့် ပြောရလျှင် လူမှုရေးတိုးတက်မှု၏ ရာဇဝင်သမိုင်းသည် ကုန်ထုတ်လုပ်မှုအစဉ်၌ အဓိကစွမ်းအားဖြစ်သော လူ့လောက တည်တံ့ရေးအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ

တန်ဖိုးများကို ထုတ်လုပ်သည့် လုပ်သားပြည်သူတို့၏ ရာဇဝင်သမိုင်း ဖြစ်လေသည်။

ထို့ကြောင့် အကယ်၍ ရာဇဝင်သမိုင်းအား အမှန်စင်စစ်အားဖြင့် သိပ္ပံပညာအဖြစ် ပြုလုပ်ဖန်တီးမည်ဆိုလျှင် ရာဇဝင်သမိုင်းသည် ဘုရင်များ၊ စစ်သေနာပတိများ၊ စစ်နိုင်ပုဂ္ဂိုလ်များ၊ အုပ်ချုပ်သူအစိုးရများ၏ ရာဇဝင်သမိုင်း မဟုတ်တော့ဘဲ ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်သူများ၏ ရာဇဝင်သမိုင်း ဖြစ်လာပေလိမ့်မည်။ အလုပ်သမားတို့၏ ရာဇဝင်သမိုင်း ဖြစ်လာပေလိမ့်မည်။ ပြည်သူလူထု၏ ရာဇဝင်သမိုင်း ဖြစ်လာပေလိမ့်မည်။

သို့ဖြစ်သောကြောင့် လူ့လောက ရာဇဝင်သမိုင်း၏ ဥပဒေနိယာမတို့ကို လေ့လာရန်အတွက် နည်းလမ်း စည်းကမ်းများကို လူတို့၏ ဦးနှောက်၊ သို့မဟုတ် လူ့လောက၏ အတွေးအမြင်၌ မရှာဖွေဘဲ ရာဇဝင် ခေတ်တစ်ခေတ်တွင် ကျင့်သုံးခဲ့သည့် ကုန်ထုတ်လုပ်မှုစနစ်၌ (လူ့လောက၏ စီးပွားရေးဘဝ၌) ရှာဖွေစူးစမ်းသင့်ပေသည်။ ထို့ကြောင့် ရာဇဝင်သမိုင်းဆိုင်ရာ သိပ္ပံပညာ၏ အရေးအကြီးဆုံးဖြစ်သော အလုပ်မှာ ကုန်ထုတ်လုပ်မှု ဥပဒေနိယာမများကိုလည်းကောင်း၊ ကုန်လုပ်စွမ်းအား တိုးတက်မှုနှင့် ကုန်ထုတ်လုပ်မှုဆက်ဆံရေး တိုးတက်မှုတို့၏ ဥပဒေနိယာမများကို လည်းကောင်း၊ လူ့လောက၏ စီးပွားရေးတိုးတက်မှု၏ ဥပဒေ နိယာမများကို လည်းကောင်း ရှင်းလင်းဖော်ပြရန် ဖြစ်လေ၏။

ဤကား မာ့က်စ်ဝါဒီ၊ သို့မဟုတ် မာ့က်စ်အလိုကျ ရာဇဝင်သမိုင်းအား အဓိပ္ပာယ်ကောက်ယူချက် ဖြစ်လေသည်။ ယင်း အဓိပ္ပာယ်ကောက်ယူချက်၏ အကျဉ်းသခေါ်ပဖြစ်သော အနှစ်သာရမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အသက်ရှင်နေနိုင်ရေးအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာဝတ္ထု သို့မဟုတ် တန်ဖိုးများကို ထုတ်လုပ်မှုအပေါ်၌ ရာဇဝင်သမိုင်းဆိုင်ရာ တိုးတက်မှုသည် အခြေတည်နေသည်။

အဓိပ္ပာယ်ကား ရာဇဝင်သမိုင်းတစ်ခုလုံး၊ သို့မဟုတ် လူ့လောကတစ်ခုလုံး၏ မူလအခြေအနေ၌ အချက်နှစ်ခု ရှိလေသည်။

ထိုအချက်နှစ်ခုကား-

(က) အသက်ရှင်နေနိုင်ရေးအတွက်ဖြစ်သော ပစ္စည်းကိရိယာများ (အဝတ်၊ အစား၊ အိမ် စသည်)ကို ထုတ်လုပ်ခြင်းနှင့်

(ခ) ကလေးများကို ထုတ်လုပ်ခြင်း (၀၊) မွေးဖွားခြင်းတို့ ဖြစ်ကြလေ၏။

ကလေးများကို မွေးဖွားမှု လိုအပ်ခြင်းမှာ သေကျေပျက်စီးသည့်၊ သို့မဟုတ် မစွမ်းမသန်ဖြစ်နေသည့် လူတို့၏အစားကို ဖြည့်တင်းပြီး လူ့လောက အဆက်ပြတ် မသွားစေရန် ဖြစ်လေသည်။

(၂) လူ တည်ရှိနေနိုင်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်မှာ လူများ အသက်ရှင်နေနိုင်ရေး ဖြစ်သည်။ သို့မှသာ လူသည် ရာဇဝင်သမိုင်းကို တည်ဆောက်ဖန်တီးနိုင်ပေလိမ့်မည်။ အသက်ရှင်နေနိုင်ရေးအတွက် အဝတ်၊ အစား၊ အိမ် စသည့်လိုအပ်ချက်မှာ အရေးအကြီးဆုံးဖြစ်သော လိုအပ်ချက် ဖြစ်လေ၏။

(၃) ထို့ကြောင့် အရေးအကြီးဆုံးဖြစ်သော ရာဇဝင်သမိုင်းဆိုင်ရာ အလုပ်မှာ အဝတ်၊ အစား၊ အိမ် စသော လိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်သည့် ပစ္စည်းကိရိယာများကို ထုတ်လုပ်ခြင်း ဖြစ်လေ၏။

အဓိပ္ပာယ်ကား ရုပ်ပိုင်းဆိုင်ရာဘဝကို ထုတ်လုပ်မှုသည်သာလျှင် အရေးအကြီးဆုံးဖြစ်သည့် ရာဇဝင်သမိုင်းဆိုင်ရာ အလုပ် ဖြစ်လေ၏။ အမှန်စင်စစ်အားဖြင့် ယင်းအလုပ်သည်သာလျှင် နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာ အလွန်ကကဲ့သို့ ယနေ့လည်း လူ့ဘဝကို တည်ရှိနေစေရန်အတွက် တကယ့် တကယ် လိုအပ်သော ရာဇဝင်သမိုင်းဆိုင်ရာ အလုပ် ဖြစ်လေ၏။ (The German Ideology)။ လူ အတွက် ပထမဆုံး လိုအပ်သော အရာမှာ အစား၊ အဝတ်၊ နေရာထိုင်ခင်း ဖြစ်လေ၏။ ထို့နောက်မှသာလျှင် လူသည် နိုင်ငံရေး၊ ဘာသာရေး၊ အနုပညာ စသည်များနှင့် ပတ်သက်ပြီး စဉ်းစားစိတ်ကူးလေသည်။ အုမတောင့်မှ သီလစောင့်သည် ဟူသော အဓိပ္ပာယ် ဖြစ်လေသည်။

(၄) ထိုအကြောင်းကြောင့် အချိန်ကာလတစ်ခုခု အသက်ရှင်နေနိုင်ရေး အတွက် ကျွန်ုပ်တို့ရရှိသော ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းကိရိယာ၏ အပိုင်းအခြားသည်သာလျှင် အစိုးရ၊ ဥပဒေ၊ အနုပညာ၊ ဘာသာတရား အစရှိသည်တို့ အခြေတည်သည့် တည်ရာမှီရာ ဖြစ်လေ၏။ တခြားစကားလုံးဖြင့် ပြောရလျှင် ကုန်ထုတ်လုပ်မှုစနစ်သည်သာလျှင် လူ့လောက၏ တည်ဆောက်မှုကို၊ လူ့လောက၏ အထူးထူး အပြားပြားသော အဖွဲ့အစည်းကို၊ သို့မဟုတ် အချုပ်ပြောရလျှင် ရာဇဝင်သမိုင်းဆိုင်ရာ အဖြစ်အပျက်များကို သတ်မှတ်ပိုင်းခြားလေသည်။

လင်းလွန်းခင်စာပေ

(၅) ရာဇဝင်သမိုင်း၏ အဓိကပြောင်းလဲခြင်းဟူသမျှသည် ကုန်ထုတ်လုပ်မှုစနစ်၌ ပြောင်းလဲမှုရှိသည့် အတွက်ကြောင့်သာလျှင် ဖြစ်လေသည်။ အမျိုးမျိုး အပြားပြားသော လူ့လောကဆိုင်ရာ လူတန်းစားများ၏ သဘာဝနှင့် အဆင့်အတန်း၊ လူတို့၏ ဘာသာရေးအယူအဆ၊ ကျင့်ဝတ်တရား၊ အနုပညာ၊ စာပေ၊ လူမှုရေးနှင့် နိုင်ငံရေးအဖွဲ့အစည်း စသည်များသည်လည်း ကုန်ထုတ်လုပ်မှုစနစ်၌ ပြောင်းလဲမှု ဖြစ်ပေါ်ခြင်းနှင့် အတူတကွသာလျှင် ပြောင်းလဲလေ့ ရှိကြသည်။

(၆) ထို့ကြောင့် ရာဇဝင်သမိုင်း၏ တိုးတက်မှုသည် အတွေး၊ စိတ်သို့မဟုတ် အတွေးပေါ်၌ အခြေတည်မနေကြောင်းမှာ ထင်ရှားပြတ်သားလှပေသည်။ ရာဇဝင်သမိုင်း တိုးတက်မှု၏ စစ်မှန်သော အခြေခံမှာမူ လူ့လောက၏ စီးပွားရေး ဘဝ ကုန်လုပ်စွမ်းအားနှင့် ကုန်လုပ်ဆက်ဆံရေးသာလျှင် ဖြစ်လေ၏။

(၇) ယင်းသို့အားဖြင့် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်ခြင်း အပြုအမူသည် အခြေခံအကျဆုံး ဖြစ်သော၊ အရေးပါအရာရောက်ဆုံး ဖြစ်သော၊ အလိုအပ်ဆုံးဖြစ်သော ရာဇဝင်သမိုင်းဆိုင်ရာ အဖြစ်အပျက် ဖြစ်လေ၏။

ထို့ကြောင့် ရာဇဝင်သမိုင်းကို တည်ဆောက်ဖန်တီးခြင်းသည် လက်တစ်ဆုပ်စာမျှရှိသော ပုဂ္ဂိုလ်တို့၏ အလုပ် မဟုတ်ဘဲ ရိုးရိုးသားသား ပြည်သူတို့၏ အလုပ်သာလျှင် ဖြစ်လေသည်။ တခြားစကားလုံးဖြင့် ပြောရလျှင် ရာဇဝင်သမိုင်းကို ဖန်တီးတည်ဆောက်သူမှာ ထူးခြားသည့်ပုဂ္ဂိုလ် တစ်ဦးစ နှစ်ဦးစ မဟုတ်ဘဲ မရေမတွက်နိုင်သော သာမန် ရိုးရိုးလူများသာလျှင် ဖြစ်လေ၏။

မာ့ဂ်စ်သည် အင်ဂေလ်စ်နှင့် အတူတကွ ရေးပြုသော သူ၏ Holy Family ၌ ဟေဂေလ်ဝါဒီ နာမ်အယူအဆ နာမ်အဘိဓမ္မာကို ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားထားလေသည်။ နာမ်ဝါဒီများက လက်ရွေးစင် ပုဂ္ဂိုလ်များသာလျှင် ရာဇဝင်ကို တည်ဆောက်ဖန်တီးနိုင်သည့် အရည်အချင်းရှိသည်ဟု ယုံကြည်ကြလေသည်။ မာ့ဂ်စ်က ၄င်းတို့၏ နာမ်ဝါဒီ အဘိဓမ္မာ၊ နာမ်ဝါဒီအမြင်ကို ဝေဖန်ရင်း ရာဇဝင်သမိုင်းကို တကယ်အစစ်အမှန် တည်ဆောက်ဖန်တီးသူမှာ "သူရဲကောင်း" များ မဟုတ်ဘဲ သာမန် ပြည်သူလူထုသည်သာလျှင် ဖြစ်၏ဟု တင်ပြလေသည်။ မာ့ဂ်စ်သည် ဟေဂေလ်၏ ရာဇဝင်သမိုင်းနှင့် ပတ်သက်သော နာမ်ဝါဒီအယူအဆကို လက်မခံပေ။

လင်းလွန်းခင်စာပေ

ထို့ကြောင့် မာ့ဂ်စ်၏အလိုအရ ရာဇဝင်သမိုင်းကို လေ့လာဆည်းပူးရာ၌ ယင်း အမှန်သဘောတရားများကို နှလုံးပိုက်ပြီး လေ့လာဆည်းပူးသင့်လေသည်။ သက္ကရာဇ်၊ ရက်စွဲ၊ နေရာဌာနတို့၏ အမည်နာမ၊ ဘုရင်များ၊ ဧကရာဇ်များ၊ မိဖုရားများ၊ သေနာပတိများ၏ အကြောင်းကို လေ့လာရုံမျှဖြင့် ရာဇဝင်သမိုင်းသည် မည်သည့် အခါမျှ သိပ္ပံနည်းကျ ဖြစ်လိမ့်မည် မဟုတ်ပေ။ ကုန်ထုတ်လုပ်မှုစနစ်၊ ထို ကုန်ထုတ်လုပ်မှုစနစ်နှင့် ဆက်သွယ်သော လူမှုရေး၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ အနုပညာ၊ ဘာသာတရား၊ အကျင့်စာရိတ္တ၊ အဘိဓမ္မာ၊ စာပေ စသည်တို့နှင့်တကွ ရှပ်ပိုင်းဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်ကြသည့် လုပ်သားပြည်သူတို့အား လေ့လာခြင်း၊ စူးစမ်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများကို ပြုလုပ်မှသာလျှင် ရာဇဝင်သမိုင်းသည် သိပ္ပံနည်းကျ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ မာ့ဂ်စ်သည် သူ၏ ရာဇဝင်သမိုင်းကို အဓိပ္ပာယ်ကောက်ယူချက်၌ ကုန်ထုတ်လုပ်မှုစနစ်ကို အများဆုံး ဦးစားပေးထားလေသည်။ အကြောင်းမူကား ယခင်က ပြဆိုခဲ့ပြီးသည့်အတိုင်း မာ့ဂ်စ်၏ အလိုအရ အရေးအကြီးဆုံးဖြစ်သော ရာဇဝင်သမိုင်းဆိုင်ရာ အလုပ်မှာ မိမိ အသက်ရှင်နေနိုင်ရေးအတွက် လိုအပ်သော တန်ဖိုး၊ သို့မဟုတ် ပစ္စည်းဝတ္ထုများကို ထုတ်လုပ်ခြင်းနှင့် ပတ်သက်ဆက်သွယ်၍ နေသောကြောင့်တည်း။ ရာဇဝင်သမိုင်းကို တည်ဆောက်ဖန်တီးခြင်းမှာ နောက်မှ ပြုလုပ်ရသည့်အလုပ် ဖြစ်လေသည်။ လူအတွက် ပထမဦးဆုံး လိုအပ်သောအရာမှာ အစား၊ အဝတ်၊ နေရာ ဖြစ်လေသည်။ ယင်းလိုအပ်ချက် ပြည့်ဝရေးအတွက် ကြိုးပမ်းမှုကို လူသည် ပထမဦးစွာ ပြုလုပ်လေသည်။ ယင်းအလုပ်သည် လူ့ရာဇဝင်သမိုင်း၏ အစ၊ သို့မဟုတ် ပထမဦးဆုံးအလုပ်၊ သို့မဟုတ် အရင်းခံ အခြေခံ အဖြစ်အပျက် ဖြစ်လေသည်။ ယင်းအလုပ်သည် ရာဇဝင်သမိုင်းကို မဖန်တီး၊ မတည်ဆောက်ခင် ရှေးပဝေသဏီကပင် အစပြုခဲ့လေသည်။ ထို့ပြင် ပထဝီမြေပေါ်၌ လူတည်ရှိနေသမျှ ကာလပတ်လုံး ယင်းအလုပ်သည် ဆက်လက်ဖြစ်ပေါ်နေပေလိမ့်မည်။

မာ့ဂ်စ်၏ အလိုအရ ယခင်က ပြောခဲ့သည့်အတိုင်း ကုန်ထုတ်လုပ်မှုစနစ်၏ ပြောင်းလဲမှုဟူသမျှနှင့် အတူတကွ လူတို့၏ စီးပွားရေးဆက်သွယ်မှု၊ လူမှုရေးစနစ် စသည်များ၌လည်း ပြောင်းလဲမှု ဖြစ်ပေါ်လာလေသည်။ ယင်းအမြင်

ယင်းအယူအဆအားဖြင့် လူသမိုင်းကို ခေတ်ကြီးငါးခေတ်ဖြင့် ပိုင်းခြားနိုင်လေသည်။ ယင်းခေတ်ကြီးငါးခေတ်အနက် ခေတ်ကြီးသုံးခေတ်မှာ ကျော်လွန် ကုန်ဆုံးသွားခဲ့လေပြီ။ စတုတ္ထခေတ်မှာမူ ကုန်လုဆဲဆဲ ဖြစ်နေ၏။ ပဉ္စမ၊ သို့မဟုတ် နောက်ဆုံးပိတ် ခေတ်မှာမူ အနေးနှင့်အမြန် ရောက်ရှိလာပေတော့မည်။

ယင်းခေတ်ကြီးငါးခေတ်ကား-

(၁) ကမ္ဘာဦး ကွန်မြူနစ်ခေတ် (ပဒေသာပင်ခေတ်ဟုလည်း ခေါ်ကြ၏)၊

(၂) ကျေးပိုင်ကျွန်ပိုင်ခေတ်၊

(၃) ပဒေသရာဇ်ခေတ်၊

(၄) အရင်းရှင်ခေတ်၊

(၅) ဆိုရှယ်လစ်ခေတ်တို့ ဖြစ်ကြလေ၏။

(၁) ကမ္ဘာဦးကွန်မြူနစ်ခေတ်သည် ရာဇဝင်သမိုင်း၏ အစပိုင်းခေတ် ဖြစ်လေသည်။ ထိုခေတ်၌ ကုန်လုပ်ကိရိယာများသည် ပုဂ္ဂိုလ်တစ်ဦးဦးပိုင် မဟုတ်ဘဲ လူစုတစ်ခုလုံးက ပိုင်ဆိုင်သည့်အရာများ ဖြစ်လေ၏။ ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဝေမှုသည် သာတူညီမျှစနစ်အရ ဖြစ်လေသည်။

အစပထမတွင် ကျောက်လက်နက်များဖြင့် လည်းကောင်း၊ ထို့နောက်တွင် လေးမြားဖြင့် လည်းကောင်း လူတို့သည် သစ်သီး သစ်ဥများကို စုဆောင်းရှာမှီးခြင်း၊ သားငါးများကို ရှာဖွေပစ်ခတ်ခြင်းများ ပြုလုပ်ကြလေသည်။ တောများမှ သစ်သီး သစ်ဥများကို စုဆောင်းရှာမှီးခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ နေထိုင်ရန် အတွက် တစ်မျိုးမျိုးသော ''အိမ်''ကို ဆောက်လုပ်ခြင်းနှင့် ထိုကဲ့သို့သော အခြားအလုပ်များကို ပြုလုပ်ရာ၌ လူအားလုံးစုပေါင်းပြီး မလုပ်၍ မဖြစ်သည့် အခြေသို့ ရောက်ရှိလာလေ၏။

အကြောင်းမူကား အခြေအနေများက တစ်ဦးတစ်ယောက်တည်း လုပ်၍ မဖြစ်နိုင်သည့် အခြေအနေမျိုး ဖြစ်သောကြောင့်တည်း။ တူညီသော လုပ်အား၊ ညီညွတ်သော လုပ်အားတို့ကြောင့်သာလျှင် ကုန်လုပ်ကိရိယာများ အပေါ်၌ အားလုံး၏ ပိုင်ဆိုင်မှုရှိခြင်း ဖြစ်လေသည်။ ထိုအချိန်သမယ၌ ကုန်လုပ်ကိရိယာများအပေါ်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှု ဟူသော အသိ အတွေး မပေါ်သေးပေ။ ထို့ကြောင့် လူတန်းစား စနစ်လည်း မရှိသေးပေ။ ဘယ်လို ဖိနှိပ်ခြယ်လှယ်မှုမျိုးမှလည်း မရှိသေးပေ။

(၂) ထို့နောက် ကျေးပိုင်ကျွန်ပိုင်ခေတ် ရောက်လာ၏။ ကျေးပိုင်ကျွန်ပိုင် စနစ်အရ ကုန်လုပ်ကိရိယာများကို ကျေးပိုင်ကျွန်ပိုင် အရှင်သခင်များက ပိုင်ဆိုင်လေသည်။ ထို့ပြင် ကုန်ထုတ်လုပ်သည့် အလုပ်ကို ပြုလုပ်ကြသည့် အလုပ်သမား သို့မဟုတ် ကျေးကျွန်များကိုလည်း အရှင်သခင်ဖြစ်သူများက ပိုင်ဆိုင်လေသည်။ ထိုကျေးကျွန်တို့ကို သခင်များက ကျွေးမွေးတိရစ္ဆာန်ကဲ့သို့ ရောင်းချနိုင်၏။ ဝယ်ယူနိုင်၏။ သတ်ဖြတ်နိုင်၏။ ထိုခေတ်၌ လယ်ယာနှင့် ကျွေးမွေးမြူရေးများကို တီထွင်ပြုလုပ်ကြလေသည်။ ထို့ပြင် ဓာတ်သတ္တုလက်နက်များကိုလည်း အသုံးပြုကြလေသည်။ ထိုခေတ်တွင် ပုဂ္ဂလိကပိုင်ပစ္စည်းဥစ္စာ ဟူသော အတွေးအသိသည် ထွန်းကား ပေါ်ပေါက်လာလေသည်။ ပစ္စည်းဥစ္စာသည် ပုဂ္ဂိုလ်အချို့၏ လက်ထဲတွင် အများအပြား စုဆောင်းသိမ်းမိသွားကြပြီးလျှင် ယင်းလူနည်းစုက လူများစုအား ကျေးကျွန်အဖြစ် ပြုလုပ်ထားကြလေ၏။ ယခင်ကကဲ့သို့ လူတို့သည် စုပေါင်းပြီး အလုပ်မလုပ်ကြတော့ဘဲ လူနည်းစုက လူများစုအား ကျေးကျွန်ပြုလုပ်ပြီး အတင်းအဓမ္မ အလုပ်လုပ်ခိုင်းကြလေသည်။ ယင်းသို့အားဖြင့် လူ့လောကသည် ကျေးကျွန်နှင့် သခင် ဟူ၍ လူတန်းစားနှစ်မျိုးအဖြစ် ကွဲပြားခြားနားသွားလေ၏။ ယင်းဖိနှိပ်သူနှင့် အဖိနှိပ်ခံ လူတန်းစားတို့အကြား၌ ပဋိပက္ခဖြစ်မှု၊ တိုက်ခိုက်မှုဖြစ်ပွားလာသည်မှာလည်း ဓမ္မတာ သဘာဝပင် ဖြစ်လေသည်။

(၃) တတိယခေတ်မှာ ပဒေသရာဇ်ခေတ် ဖြစ်လေသည်။ ထိုခေတ်၌ မြေရှင်များသည် ကုန်လုပ်ကိရိယာ၊ အထူးအားဖြင့် မြေယာများ၏ပိုင်ရှင် သခင်များ ဖြစ်ကြလေသည်။ ကျောမွဲ ကျွန်တစ်ပိုင်းဖြစ်သော လယ်သမားများ (Serfs) သည် ထိုမြေရှင်ပဒေသရာဇ်တို့၏ လက်အောက်ခံ ဖြစ်ကြလေသည်။ ကုန်ပစ္စည်းထုတ်လုပ်သည့် အလုပ်ကို ထိုမြေယာမဲ့ လယ်သမားများအား လုပ်ခိုင်းကြလေသည်။ လယ်သမားများသည် ကျေးကျွန်မူကား မဟုတ်ပေ။ သို့ရာတွင် ၄င်းတို့အပေါ်၌ ချုပ်ချယ်မှုအမျိုးမျိုး၊ အနှောင်အဖွဲ့အမျိုးမျိုး ရှိလေသည်။ သူတို့သည် မြေရှင်များ၏ မြေယာကို ထွန်ယက်စိုက်ပျိုးပေးရသည့်အပြင် စစ်ဖြစ်သည့်အခါ၌ စစ်သားအဖြစ်ဖြင့်လည်း တိုက်ကြခိုက်ကြရသေးသည်။ ယင်းသို့ ပြုလုပ်သည့်အတွက် သူတို့သည် မြေရှင်များထံမှ အသက်မွေးဝမ်းကျောင်းမှုအတွက် မြေယာကို ရရှိကြလေ၏။ ပုဂ္ဂလိက ပစ္စည်းဥစ္စာဟူသော အသိသည် ထိုခေတ်၌ တိုးတက်အားကောင်း

လာလေသည်။ မြေရှင်ပဒေသရာဇ်များက လယ်သမားများအား ဖိနှိပ်ခြယ်လှယ်မှု သည်လည်း ကျေးပိုင်ကျွန်ပိုင်ခေတ်ကအတိုင်းပင် ဖြစ်လေသည်။ ယင်းလူတန်းစား နှစ်မျိုး၏ အကြားဌ ဖြစ်ပွားသော ပဋိပက္ခမှာ သာ၍ထင်ရှားပြတ်သားလာလေ၏။

(၄) စတုတ္ထခေတ်ကား အရင်းရှင်ခေတ် ဖြစ်လေသည်။ ယင်းခေတ် ဖြစ်ပေါ်လာခြင်းမှာ စက်ကိရိယာ တီထွင်ပြုလုပ်ခြင်းနှင့် စက်မှုလုပ်ငန်းကြီးများ ထွန်းကားလာသောကြောင့် ဖြစ်လေသည်။ ထိုခေတ်ဌ ကုန်လုပ်ကိရိယာများကို အရင်းရှင်များက ပိုင်ဆိုင်လေသည်။ ကုန်ထုတ်လုပ်မှုကို ပြုလုပ်ကြသည့် လူတန်းစားတစ်မျိုးဖြစ်သော လုပ်ခစား အလုပ်သမားများသည် ပုဂ္ဂလိကအနေအားဖြင့် လွတ်လပ်မှု ရှိကြလေသည်။ ထို့ကြောင့် ကျေးကျွန်ကဲ့သို့ သူတို့အား အရင်းရှင်များက ရောင်းချခြင်း၊ သတ်ဖြတ်ပစ်ခြင်းများကိုမူ မပြုလုပ်နိုင်ကြပေ။ သို့ရာတွင် ကုန်လုပ်ကိရိယာများအပေါ်ဌ မည်ကဲ့သို့သော ပိုင်ဆိုင်မှုမျိုးမျှ မရှိသည်ဖြစ်၍ မိမိနှင့် မိမိတို့အိမ်ထောင်စု ဝတ်မသေအောင် သူတို့သည် မိမိတို့၏ လုပ်အားကို အရင်းရှင်တို့၏ အထံတွင် ရောင်းချကြရလေသည်။ အရင်းရှင်တို့က သူတို့အား အမည်ခံမတ္တမျှလောက်သာ လုပ်ခပေးကြလေ၏။ အရင်းရှင်တို့၏ ထိုကဲ့သို့သော တစ်စထက်တစ်စ တိုးတက်ဆိုးဝါးလာသည့် ဖိနှိပ်ခြယ်လှယ်မှုများကြောင့် အလုပ်သမားများ၏ အခြေအနေသည် တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာပြီးလျှင် နောက်ဆုံးဌ အလုပ်သမားလူတန်းစားတို့အနေဖြင့် တော်လှန်ရေးအားဖြင့် အရင်းရှင်များအား အမြစ်ဖြုတ်မပစ်၍ မဖြစ်သည့်အခြေသို့ ရောက်လာရသည် ဖြစ်ပေ၏။ ယင်းသို့အားဖြင့် အရင်းရှင်တို့အား ဖယ်ရှားပြီးလျှင် အလုပ်သမားအစိုးရ တည်ထောင်ဖွဲ့စည်းမှုသည် ဖြစ်ပေါ်လာရပေလိမ့်မည်။ ထိုအစိုးရမျိုးဌ အရင်းနှင့် အုပ်ချုပ်ရေးတာဝန်များမှာ အလုပ်သမားများ၏ လက်ထဲတွင် ရောက်ရှိလာပေလိမ့်မည်။ ယင်းခေတ်သည် အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ်အကြားရှိ စပ်ကူးမပ်ကူး ကြားကာလ ဖြစ်လာရပေလိမ့်မည်။

(၅) ပဉ္စမ၊ သို့မဟုတ် အပြီးသတ်ခေတ်ကား ဆိုရှယ်လစ်၊ သို့မဟုတ် ကွန်မြူနစ်ခေတ် ဖြစ်လေ၏။ ထိုခေတ်သည် အကြွင်းမဲ့အားဖြင့် လူတန်းစားကင်းမဲ့သည့်၊ အစိုးရကင်းမဲ့သည့်၊ ဖိနှိပ်ခြယ်လှယ်မှုကင်းမဲ့သည့်ခေတ် ဖြစ်လာရလိမ့်မည်။ ကုန်လုပ်ကိရိယာများကို လူလောကက ပိုင်ဆိုင်လိမ့်မည်။ ကုန်စည်

ဖြန့်ဝေမှုသည်လည်း လူတို့၏ လုပ်အား၊ သို့မဟုတ် အရည်အချင်းအားလျော်စွာ သာလျှင် ဖြစ်လိမ့်မည်ဖြစ်ပြီး လူတို့၏ လိုအပ်ချက်အရသာလျှင် ဖြစ်လိမ့်မည်။

ယင်းသို့အားဖြင့် မာ့ဂ်စ်၏ အလိုအရ ထိုအမျိုးမျိုးအပြားပြားသော ခေတ်ပြောင်းလဲမှုများနှင့် တခြားပြောင်းလဲမှု ဟူသမျှသည် ရုပ်ပိုင်းဆိုင်ရာ သြဇာတန်ခိုး (ကုန်ထုတ်လုပ်မှုစနစ်၏ ပြောင်းလဲမှု) ကြောင့်သာလျှင် ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။ ရှေ့ကိုလည်း ဆက်လက် ဖြစ်ပေါ်နေလိမ့်မည်။ ဤကား မာ့ဂ်စ်၏ အလိုကျ ရာဇဝင်သမိုင်းအား အဓိပ္ပာယ်ကောက်ယူချက်၊ သို့မဟုတ် ရာဇဝင်သမိုင်းဆိုင်ရာ ရုပ်ဝါဒ ဖြစ်လေ၏။

အချို့ လူတော်တော်များများက မာ့ဂ်စ်၏ ယင်းအယူအဆကို ဝေဖန်ကြလေသည်။ ယင်းအယူအဆ၌ ရုပ်ပိုင်းသြဇာတန်ခိုးကိုသာလျှင် တစ်ခုတည်းသော အကြောင်းတရားဟု အမှတ်ထားပြီး ရာဇဝင်သမိုင်း၏ အခြားသြဇာတန်ခိုးများကို ဥပေက္ခာပြုထားလေသည်ဟု ပြစ်တင်ကြသည်။ အမှန်ကား ထိုသို့ မဟုတ်။

မာ့ဂ်စ်သည် ရာဇဝင်သမိုင်းဆိုင်ရာ အဖြစ်အပျက်များ၏ အဓိပ္ပာယ်ကို ကောက်ယူရာ၌ တခြား အကြောင်းတရားများ၊ သို့မဟုတ် သြဇာတန်ခိုးများကို မည်သည့် အခါမျှ လျစ်လျူရှုမထားပေ။ ရုပ်ပိုင်းဆိုင်ရာအကြောင်း၊ သို့မဟုတ် စီးပွားရေးအကြောင်း (ဘဝတည်ရှိမှုအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာတန်ဖိုးကို ထုတ်လုပ်သည့် စနစ်)ကို အရေးအကြီးဆုံးနေရာ ပေးခြင်းမျှသာလျှင် ဖြစ်လေသည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် တခြား အကြောင်းတရားများကို လျစ်လျူရှုသည်ဟု မဆိုနိုင်ပေ။

❐

လင်းလွန်းခင်စာပေ

ကဏ္ဍ ၉

ဗုဒ္ဓအဘိဓမ္မာ၏ အခြေခံသဘောတရားများ

ဗုဒ္ဓဝါဒ၏ အခြေခံသဘောတရားများကို စိစစ်ကြည့်လိုက်လျှင် အချက်ကြီး လေးချက်ကို တွေ့ရှိရပေလိမ့်မည်။

ထိုအချက်ကြီးလေးချက်မှာ-

(၁)ဣဿရ (ထာဝရဘုရား)ကို လက်မခံခြင်း၊

(၂) အတ္တကို အခြားနာမ်ဝါဒီများကဲ့သို့ မြဲသော တရားဟု လက်မခံခြင်း၊

(၃) ကျမ်းဂန် တစ်ခုခုအား ဘုရားသခင်၏ မုခပါဌ်တော်မှ ထုတ်ဖော်ပြောပြသည့် ဘုရားဟော အခိုင်အမာစကားဟု လက်မခံခြင်း

(၄) ဘဝဖြစ်စဉ်၊ သို့မဟုတ် ဘဝအလျှဉ်ကို ဤပစ္စုပ္ပန်ကိုယ်ကာယတစ်ခုတည်းဌ်သာလျှင် သတ်မှတ်ပိုင်းခြားပြီး လက်မခံခြင်းများ ဖြစ်ကြ၏။

ယင်းအချက်ကြီးလေးမျိုး အနက် (၁)နံပါတ်ဖြစ်သော ဣဿရ (ထာဝရဘုရား)ကို လက်မခံပုံကို 'ထာဝရဘုရားကို ငြင်းပယ်ခြင်း' အခန်းဌ် လည်းကောင်း၊ (၃)နံပါတ်ဖြစ်သော ကျမ်းဂန် တစ်ခုခုအား ဘုရားသခင်၏ မုခပါဌ်တော်မှ ထုတ်ဖော်ညွှန်ပြသည့် ဘုရားဟော အခိုင်အမာစကားအဖြစ် လက်မခံပုံကို 'လက်တွေ့နှင့် သဘောတရား' အခန်းဌ် လည်းကောင်း ပြောပြပြီးခဲ့လေပြီ။

ယခု ကျန်ရှိနေသည့် အချက်နှစ်ချက်နှင့် ပတ်သက်ပြီး ဆွေးနွေးပါမည်။

လင်းလွန်းခင်စာပေ

ကျန်ရှိနေသည့် အချက်နှစ်ချက်အနက် အတ္တကို အခြား နာမ်ဝါဒီများကဲ့သို့ နိစ္စရူပဖြစ်သည်ဟု မယူဆပုံကို ပထမဦးစွာ စဉ်းစား ကြည့်ကြစို့။

ဗုဒ္ဓ၏ လက်ထက်တော်အခါက ဗြာဟ္မဏများ၊ ပရိုဗိုဇ်များနှင့် အခြား ဘာသာတရားခေါင်းဆောင် ပုဂ္ဂိုလ်များ၏ အယူမှာ ကိုယ်ကာယ၏အတွင်း၌ ကိုယ်ကာယနှင့် တသီးတခြားဖြစ်သော မြဲသော နာမ်သတ္တိတစ်မျိုး ရှိသည်။ ယင်းသတ္တိဝင်လာလျှင် ကိုယ်ကာယ၌ ပူမှုနှင့် အသိဉာဏ်ရှေ့သွားရှိသော လုပ်ရှားမှု ပေါ်လာသည်။ ယင်းသတ္တိသည် ကိုယ်ကာယကို စွန့်ခွာပြီး ကံအားလျော်စွာ တခြားကိုယ်ကာယတစ်ခုသို့ ရောက်သွားလျှင် ယခင်ကိုယ်ကာယသည် အေးသွားပြီး လုပ်ရှားမှု ကင်းမဲ့သွားလေသည်။ ယင်းမြဲသောနာမ်သတ္တိကို ၄င်းတို့က အတ္တဟု ခေါ်ကြလေ၏။ ဗုဒ္ဓလက်ထက်တော်ရှိ အချို့သော ဆရာကြီးများကမူ ကိုယ်ကာယမှ သီးခြားဖြစ်သော အတ္တဟူ၍ တစ်စုံတစ်ရာမရှိ။ ကိုယ်ကာယ၌ အမျိုးမျိုးသော အတိုင်းအရှည် ပမာဏအားဖြင့် ပေါင်းစပ်ရောနှောကြသော ဓာတ်သဘောများ၏ အကြောင်းကြောင့် ပူမှုနှင့် လုပ်ရှားမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဓာတ်သဘောများ၏ အတိုင်းအရှည်ပမာဏတွင် အပိုအလိုရှိသွားလျှင် ယင်းပူမှုနှင့် လုပ်ရှားမှုများသည် ပျောက်ကွယ်သွားတော့သည် ဟု အယူရှိကြလေသည်။ ၄င်းတို့၏ အယူအရမူ အတ္တသည် ကိုယ်ကာယမှ သီးခြားဖြစ်သော အရာဝတ္ထု မဟုတ်ပေ။

ဗုဒ္ဓ၏ အလိုမှာမူ ယင်းနှစ်မျိုးအနက် တစ်မျိုးမျှ မဟုတ်ပေ။ ဗုဒ္ဓသည် အတ္တအား မြဲသောတရားဟု ယူဆသည့် တစ်ဖက်စွန်းသို့ လည်းကောင်း၊ ကိုယ်ကာယနှင့် အတူတကွ အတ္တလည်း ချုပ်ပျောက်ကွယ်လွန်သွားရသည်ဟူသော အခြား တစ်ဖက်စွန်းသို့ လည်းကောင်း မသွားဘဲ အလယ်အလတ်လမ်းဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို လိုက်လေသည်။

ဗုဒ္ဓက ဤသို့ ဟောကြားတော်မူသည်။

"အတ္တ ဟူသည်မှာ မြဲသော အရာဝတ္ထုတစ်ခု မဟုတ်ပေ။ စင်စစ်သော်ကား အကြောင်းထူးများကြောင့် ခန္ဓာ (ရုပ်နှင့်နာမ်) တို့၏ ပေါင်းစပ်မှုကြောင့်သာလျှင် ဖြစ်ပေါ်လာသည့် စွမ်းရည်သတ္တိတစ်ခုသာ ဖြစ်၏။"

ယင်း သတ္တိသည်လည်း အခြားသော ဗဟိဒ္ဓ ရုပ်ဝတ္ထုများကဲ့သို့ ခဏမလပ်

ဖြစ်ပေါ်နေပြီး ခဏမလပ် ပျက်စီးနေ၏။ စိတ်သည် ခဏမလပ် ဖြစ်ပေါ်နေပြီး ခဏမလပ် ချုပ်ငြိမ်းပျက်စီးနေသော်လည်း စိတ်၏အစဉ်သည် ဤကိုယ်ကာယ၌ ဆက်လက်ဖြစ်နေသမျှ ကာလပတ်လုံး ကိုယ်ကာယကို အသက်ရှင်နေသည်ဟု ခေါ်ရလေ၏။

ကျွန်ုပ်တို့၏ ကိုယ်ကာယသည် ခဏမပြတ် ပြောင်းလဲနေ၏။ အသက်လေးဆယ်အရွယ် ဤကိုယ်ကာယသည် ဆယ့်ငါးနှစ်အရွယ်၊ အနှစ်နှစ်ဆယ်အရွယ် တုန်းက ကိုယ်ကာယ မဟုတ်တော့ပေ။ အသက်ခြောက်ဆယ် အရွယ်တွင်မူ ဤကိုယ်ကာယလည်း ရှိတော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့ ကိုယ်ကာယအား ပြုလုပ်ဖန်တီးထားသော အဏုမြူတစ်ခုစီ တစ်ခုစီသည် မိမိတို့၏ နေရာများကို အသစ်ဖြစ်ပေါ်မှုအတွက် ဖယ်ပေးနေကြလေသည်။ ယင်းသို့ဖြစ်သော်လည်း ကိုယ်ကာယကို ပြုလုပ်ဖန်တီးသော အဏုမြူအဟောင်းများနှင့် နောက်ဆက်ခံသည့် အဏုမြူအသစ်တို့သည် အချက်အလက်များစွာ၌ တူညီလေ၏။

ယင်းသို့အားဖြင့် ကျွန်ုပ်တို့၏ ပထမနှစ်က ကိုယ်ကာယသည် ဆယ်နှစ်မြောက်တွင် မရှိတော့ဘဲ အနှစ် နှစ်ဆယ်မြောက်၌ ဆယ်နှစ်မြောက်က ကိုယ်ကာယ ကုန်ဆုံးသွားသည်ဖြစ်သော်လည်း တူညီသော ပြောင်းလဲမှုကြောင့် ကိုယ်ကာယကို အကြမ်းဖျင်းအားဖြင့် တစ်ခုတည်းဟု ခေါ်ခြင်း ဖြစ်လေသည်။

ထိုနည်းတူစွာ အတွေ့သည်လည်း ခဏမပြတ် ပြောင်းလဲ၍ နေလေသည်။ သို့ရာတွင် တူညီသော ပြောင်းလဲမှုဖြစ်ခြင်းကြောင့် ထိုအတွေ့ကို တစ်ခုတည်းဖြစ်၏ဟု ပြောကြခြင်း ဖြစ်လေသည်။

အကယ်၍ အသင်သည် မိမိ၏ စိတ်နေသဘောထားနှင့် ဝါသနာစရိုက်ကို ရေးမှတ်ထားသည့် အလေ့အထရှိပါလျှင် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က မိမိ၏ ဒိုင်ယာရီကို ကောက်ပြီး ဖတ်ကြည့်စမ်းပါ။ ဆယ်နှစ်အလွန်က သင် ကိုယ့်အယူအဆဟု ပြောခဲ့သော်လည်း ယနေ့ တစ်ယောက်ယောက်က သင်၏ ရေးကအယူအဆများကို သင့်ရှေ့မှောက်တွင် ပြောပြလျှင် ''ဒီဟာ ငါ့အယူအဆ မဟုတ်ဘူး။ ငါ ဒီလို ဘယ်တုန်းကမှ မယူဆခဲ့ဖူးဘူး''ဟု ငြင်းဆန်မည့် အယူအဆမျိုးကို အမြောက်အမြား တွေ့ရပေလိမ့်မည်။

သင် ယင်းသို့ ပြောဆိုခြင်းမှာ မှန်ကန်သင့်မြတ်ပါသည်။ အကြောင်းမူကား သင်၏ လွန်ခဲ့သည့် ဆယ်နှစ်အတွင်း အတွေ့အကြုံသည် သင့်ကို ပြောင်းလဲလိုက်ပြီ ဖြစ်သောကြောင့်တည်း။

စိတ်(မန)သည် ပြောင်းလဲ၏။ အတ္တကမူ အနည်းငယ်သာ ပြောင်းလဲသည်။ ဤသို့ပြောမည်ဆိုက ပြောနိုင်သည်။ စိတ်မှတစ်ပါးသော အတ္တဟူသည့် မည့်သည့်အရာဝတ္ထုမျှ မရှိ။ စိတ်၊ ဝိညာဉ်၊ အတ္တသည် တစ်ခုတည်းသော အရာဝတ္ထု ဖြစ်၏။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဣန္ဒြေများကို မျက်မြင်တွေ့ရသကဲ့သို့ မနကိုမူ မတွေ့ရပေ။ ကျွန်ုပ်တို့သည် မန ရှိကြောင်း အဘယ်ကြောင့် လက်ခံရသနည်း။ မျက်လုံးများဖြင့် မန်ကျည်းသီးကို မြင်ရ၏။ လျှာမှ သွားရည်ကျလာ၏။ နှာခေါင်းက မကောင်းသော အနံ့ကို နံ၏။ လက် နှာခေါင်းသို့ ရောက်သွား၏။ မျက်စိနှင့် လျှာသည် တစ်ခုတည်းမဟုတ်။ တစ်ခုနှင့်တစ်ခု ဆက်စပ်လည်း မနေ။ သို့ဖြစ်၍ ယင်းနှစ်ခုကို ဆက်စပ်ရန်အတွက် တတိယ ဣန္ဒြေတစ်ခု လိုအပ်သည်။ ထိုဣန္ဒြေကား မန(စိတ်) ဖြစ်လေသည်။ ဣန္ဒြေငါးမျိုးသည် မိမိ မိမိတို့၏ အသိဉာဏ်ကို အကြင်နေရာဌာနသို့ ပို့၏။ အကြင်နေရာဌာနမှ ကိုယ်ကာယ၏ အင်္ဂါအစိတ်အပိုင်း အသီးသီးသည် လှုပ်ရှားမှုအတွက် အမိန့်ကို နာခံရ၏။ ထိုနေရာဌာနသည် မန ဖြစ်လေသည်။ မနသာလျှင် ခံယူမှု၊ တွေးကြံမှု၊ ဆုံးဖြတ်မှုကို ပြုလေ၏။ ထိုမနသည် ခံယူမှု စသည်ကို အဘယ်ကဲ့သို့ ပြုလုပ်သနည်း။

ဥပမာအားဖြင့် ပြွန်ငါးခုတွင် အနီ၊ အဝါ၊ အစိမ်း၊ အညို၊ အနက်ရောင် ဆေးမှုန်များ ထည့်ထားပြီးလျှင် အောက်ဘက်တွင် ပြွန်ငါးလုံးနှင့် တစ်ဆက်တည်း လုပ်ထားသည့် ဖန်ပြွန်ချောင်းတစ်ခုမှ ရေများစီးဆင်းနေသည် ဆိုကြားအံ့၊ ပြွန်ဝကိုလည်း တစ်လှည့်စီ ဖွင့်ပေးနေမည်ဆိုလျှင် ရေပေါ်တွင် ကျဆင်းသည့် အရောင်အလိုက် ရေလည်း အရောင်ထွက်လာပေလိမ့်မည်။ ထိုနည်းတူစွာ မျက်စိသည် မည်းနက်သော မြွေရှိရာဘက်သို့ ရောက်သွားလျှင် မည်းနက်သောမြွေကို မြင်ရပေလိမ့်မည်။ ထို့နောက် အသိဉာဏ်သည် လျင်မြန်စွာ စိတ်သို့ ရောက်ရှိလာလေသည်။ မိမိ၏ အကြောင်းဖြစ်သော ရှေးရှေးစိတ်များ၏ အတွေ့အကြုံ ဗီဇရှိနေသော ထိုခဏာ

၌ ဖြစ်ပေါ်လာသည့် စိတ်သည် ယင်းအသိသစ်တည်းဟူသော ဆေးမှုန့်ကျခြင်း ကြောင့် ထို အသိအလိုက်ဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်ခြင်းအရောင် ပေါ်လေသည်။ ခဏတစ်ခု၌သာလျှင် မြွေကိုမြင်ပြီး ရပ်တန့်သွားရမည်ဖြစ်သော်လည်း လိမ့်လွတ်လိုက်သော ဘီးကဲ့သို့ ခဏများစွာအထိ တစ်ခုပြီးတစ်ခု ဆက်ဖြစ်သွားလေ့ရှိသော စိတ်၌ ထိုကြောက်ခြင်း အရောင်သာလျှင် ထင်နေပေလိမ့်မည်။ သို့ရာတွင် ဒုတိယ ခဏစိတ်သို့ရောက်တိုင်း စိတ်အပေါ်၌ ယင်းအရောင်၏ အရိုန်အဟုန် လျော့နည်းသွားပေလိမ့်မည်။ အကယ်၍ မြွေကို ခဏများစွာ မြင်နေရပြီး သင့်ဘက်သို့လည်း မြွေက လာသည်ဆိုပါလျှင် ခဏမလပ် ဖြစ်ပေါ်နေသော စိတ်တွင် ကြောက်လန့်မှုအမည်သည် ပိုလာပေလိမ့်မည်။ ကြောက်လန့်ဖွယ် အကြောင်းအရာများနည်းတူ နှစ်သက်ဖွယ်နှင့် အခြားအကြောင်းအရာများ ဆိုင်ရာတွင်လည်း သိအပ်ပေ၏။

အထက်ပါ အကြောင်းများကြောင့် စက္ခုစသော ဣန္ဒြေများအပြင် ထို ဣန္ဒြေများကို ဆက်စပ်ပေးတတ်သော အတွင်း ဣန္ဒြေတစ်ခုကို လက်ခံဖို့ရန် လိုအပ်လာပေ၏။ ယင်းလိုအပ်သော ဣန္ဒြေကို မနဟု ခေါ်လေသည်။ မနမှအပ အတ္တကို ဘယ်မှာလိုတော့မည်နည်း။ မနသည် ခဏိက ဖြစ်ခြင်းကြောင့် (သို့သော်လည်း မနသည် ခဏိကဖြစ်၏ဟု အတ္တဝါဒီတို့က မဆို။ ၄င်းတို့၏ အလိုအရ မနသည် ခဏိကမဟုတ်) ရှေးရှေးအတွေ့အကြုံများကို အမှတ်တရအဖြစ်ဖြင့် ထားရန်အတွက် အတ္တလိုအပ်၏ဟု ပြောင်ကြားခဲ့၊ မနသည် ခဏိကဖြစ်သော်လည်း မိမိ၏နောက်ဘက်၌ ဖြစ်သော မန၏ အကြောင်းလည်း ဖြစ်သည်ဟု ပြောရပေလိမ့်မည်။ ဆွေစဉ်မျိုးဆက် ထုံးတမ်းစဉ်လာအရ အမိအဖ၏ မြှောက်မြှားစွာသော အကြောင်းအရာများသည် သားမြေးမြစ်တို့တွင် ပေါ်လာသကဲ့သို့ ထိုနည်းတူစွာ ရှေးရှေး မနသည် မိမိတို့၏ အတွေ့အကြုံ မျိုးစေ့ကို နောက်နောက် မနအတွက် အမွေဆက်အနေဖြင့် ပေးစွန့်သွားလေ၏။ ယင်းသို့ ပေးစွန့်သွားခြင်းသည်ပင်လျှင် အမှတ်တရဖြစ်မှု၏အကြောင်း ဖြစ်နိုင်လေသည်။

နိစ္စဖြစ်သော အတ္တဟူ၍ တစ်စုံတစ်ရာမရှိဟု ဆိုလျှင် မန ကလည်း ခဏိကသာလျှင် ဖြစ်သောကြောင့် ကိုယ်ကာယ ဗျက်စီးပျောက်ကွယ်သွားလျှင် ကောင်းမှု၊ မကောင်းမှုများ၏ ဝိပါက် (အကျိုး)သည် အဘယ်ကဲ့သို့ ဖြစ်မည်နည်း

ဟု ပြောလာကြားခဲ့။ ထိုပြဿနာနှင့်ပတ်သက်ပြီး ဗုဒ္ဓဝါဒီများက ဝိပါက်ကို မည်ကဲ့သို့ ယူဆသည်ဆိုသည့် အချက်ကို ပထမ ဦးစွာ သိရှိထားရပေလိမ့်မည်။

ကျွန်ုပ်တို့ ပြုလုပ်သမျှ ကောင်းမှု၊ မကောင်းမှုကို ရေးမှတ်ထားရန် ထာဝရဘုရားသခင်က ကျွန်ုပ်တို့နောက်တွင် စာရေးတစ်ယောက် ခန့်ထားသည်ဟု ဗုဒ္ဓဝါဒီများက အယူ မရှိပေ။ အကောင်းဖြစ်ဖြစ်၊ အဆိုးဖြစ်ဖြစ် ကျွန်ုပ်တို့ပြုသမျှ ကာယကံ၊ ဝစီကံ၏ အရင်းခံမှာ မန ဖြစ်လေသည်။

ထို့ကြောင့် ဒေါသနှင့်ယှဉ်သော အလုပ်ကို လုပ်ရန်အတွက် မနသည် ဒေါသနှင့် ယှဉ်ရ၏။ ရာဂနှင့်ယှဉ်သော အလုပ်ကို လုပ်ရန်အတွက် မနသည် ရာဂနှင့် ယှဉ်ရ၏။ မန၏ ထိုပုံသဏ္ဌာန်၏၊ ထိုအသံ၏ ပဲ့တင်မြည်နေမှုသည် ဆန့်ကျင်ဘက် အသံတစ်ခုက လာရောက်ဖျက်ဆီးသည့်အတွက် ပျောက်ပျက်မသွားမချင်း ဆက်လက် ဖြစ်ပွားနေပေလိမ့်မည်။

လူသည် တစ်နေ့တည်းနှင့် ခက်ထန်ကြမ်းကြုတ်သူ ဖြစ်လာသည် မဟုတ်ပေ။ ခွဲစိတ်ကုသသော ဆရာဝန်သည်ပင်လျှင် မိမိစိတ်ကို တဖြည်းဖြည်း ကြမ်းလာအောင် လုပ်ယူရလေသည်။ သူသတ်သမားများအတွက်မူ အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။

အဖော်မဲ့ အပြစ်မဲ့ မိန်းကလေးတစ်ဦး အနိုပ်စက်ခံနေရသည်ကို မြင်လျှင် ကြည့်ရသူများအနေဖြင့် စိတ်မထိခိုက်ဘဲ မနေနိုင်ပေ။ ကိုယ်တိုင် သတ်ဖြတ်နေသူ၏ စိတ်ကား မကြမ်းကြုတ်ဘဲ ဘယ်မှာ ရှိမည်နည်း။

သို့ဖြစ်၍ ကျွန်ုပ်တို့ ပြုလုပ်သမျှ အလုပ်၏ အရိုန်အဟုန်သည် ထိုအခိုက် ဖြစ်ပေါ်သော မန အပေါ်၌ ကျရောက်ရလေသည်။ မန ကြမ်းကြုတ်သည်နှင့်အမျှ ထိုသူတွင် သိမ်မွေ့နူးညံ့သော အတွေးအခေါ်များ လျော့ပါးသွားပေလိမ့်မည်။

ကောင်းသော၊ ဆိုးသော စိတ်နေစိတ်ထားမှာ လက်ငင်းနှင့် အကြွေးကဲ့သို့ ဖြစ်လေသည်။ အကယ်၍ လက်ငင်းအပုံအစုက များပြီး အကြွေးက နည်းနေလျှင် လက်ငင်းချိန်ခွင်ခွက်သည် လေးနေပေလိမ့်မည်။

ယင်းစာရင်းသည် စိတ်၏ ခဏတိုင်း ဖြစ်ပေါ်နေသော အဖြစ်များတွင် ပါဝင်နေပေ၏။ ဤစိတ်စာရင်း၏ အပေါင်းသည် လ၊ သီတင်း၊ နေ့ရက်ပေါင်း

များးစွာအကြောမှ ပေါ်ထွက်လာသည် မဟုတ်။ ချက်ချင်း လက်ငင်း ဖြစ်ပေါ်နေ၏။

လူ ဟူသည်မှာ အဘယ်နည်း။ မိမိ၏ ရေးရေးက ကောင်းသော၊ ဆိုးသော အတွေ့အကြုံတို့၏ အပြည့်အဝပေါင်းကိန်း ဖြစ်သည်။ ဒုတိယခဏ၌ ဖြစ်ပေါ်နေသော စိတ်သည် မိမိအား ဖြစ်စေသော ပထမစိတ်မှ အကြောင်းအချက် အမျိုးမျိုးကို အမွေအနှစ်အဖြစ်ဖြင့် ရရှိလေ၏။ ယင်း အမွေအနှစ် အစဉ်အဆက်သည် ငယ်စဉ်ကစပြီး အိုမင်းသည်အထိ ရှိနေ၏။ ယင်းအချက်ကို သိဖို့ရန် အခက်အခဲရှိမည် မဟုတ်ပေ။

သို့ရာတွင် ဗုဒ္ဓ၏ ဒေသနာတော်အရမူ ယင်းအစဉ်အဆက်သည် ပဋ္ဌိသန္ဓေ မနေမီကလည်း ရှိခဲ့သည်။ စုတေပြီးသည့် နောက်၌လည်း ရှိနေလိမ့်မည်။

သေခါနီးကာလ မိမိ၏ ရေးအတွေ့အကြုံများဖြင့် ဖန်တီးထားသော စိတ်ကို ပုံသွင်းခွက်သို့ ရောက်သွားသောအခါ ရပ်သွားမည့် ပိုက်ပြွန်ချောင်းမှ စီးဆင်းလာသည့် လောလောပူသော သံရည်ဖြင့် ခိုင်းနှိုင်းအပ်ပေသည်။ ထိုပုံသွင်းခွက်၏ အခြားတစ်ဖက်၌ တခြားပိုက်ပြွန်တစ်ချောင်း ရှိ၏။ ထိုပိုက်ပြွန်၏ အစနား၌ သံလိုက်ဓာတ်ခဲ အလုံအလောက်ရှိသည် ဆိုလျှင် ထိုသံလိုက်ဓာတ်ခဲသည် သံရည်ကို ပြွန်ချောင်းအတွင်းသို့ သွင်းရန် နေရာအနံ့တွင် ပျံ့နှံ့ရှိနေပေလိမ့်မည်။ ထိုနည်းအတူ စုတေခါနီး၌ စိတ်အစဉ်သည် မိမိ၏ သခ်ါရအစုနှင့်တကွ ဤဘဝ၏ အစွန်း၌ တည်ရှိနေ၏။ ထိုစိတ်အစဉ်သည် သခ်ါရအစုတည်းဟူသော သံလိုက်ဓာတ်နှင့် တူသောသဘောရှိသည့် အနီးဆုံး ကိုယ်ကာယကို ဆွဲငင်ပြီး တစ်ဖန် စိတ်အစဉ်၏ ရေးဟောင်းလုပ်ငန်းစဉ်ကိုပင် စတင် လုပ်ဆောင်စေပြန်သည်။ ယင်းအစဉ်သည် တဏှာကုန်ဆုံးပြီး ဖြစ်နေကျအစဉ် မပြတ်မချင်း၊ နိဗ္ဗာန်ကို မရမချင်း ဆက်လက်ဖြစ်နေလေသည်။ ယင်းသို့အားဖြင့် ကံ၊ ကံ၏အကျိုး၊ ဘဝတစ်ပါးဟူ၍ ဖြစ်လေသည်။

မနုနှင့် အတ္တသည် တစ်ခုတည်းဖြစ်၍ အတ္တသည် ခဏိကဖြစ်လျှင် တစ်ခုတည်းမဟုတ်သော အရာ၌ 'ငါ ရေးကဖြစ်ခဲ့ပြီ၊ ငါ အခုဖြစ်ဆဲ' ဟု တစ်ခုတည်းသော အရိပ်အယောင် အဘယ်ကြောင့် ပေါ်ရသနည်းဟု ပြဿနာ ပေါ်လာနိုင်သည်။ အပေါင်းတွင် တစ်ခုတည်းဟူသော အသိသည် ကမ္ဘာလောက၏ အရာ

အားလုံးနှင့် ဆိုင်သည့် ဥပဒေနိယာမဖြစ်၏ ဟူ၍ အဖြေပေးနိုင်လေသည်။ ကမ္ဘာလောက၏ မည်သည့်အရာဝတ္ထုကို ကြည့်ကြည့် အလယ်တွင် အကြားရှိသော အဏုမြူပေါင်း ထောင်သောင်းများစွာဖြင့် ပြုလုပ်ထားသည်ကို တွေ့ရပေလိမ့်မည်။ ယင်းအချက်သည် သံ၊ ပလက်တီနမ်၊ စိန် စသော မာကျောသော အရာဝတ္ထုအားလုံးနှင့် သက်ဆိုင်သည်။ အကယ်၍ ကျွန်ုပ်တို့၏ အမြင်သည် သိမ်မွေ့နူးညံ့သည်ဖြစ်ပါလျှင် ကျွန်ုပ်တို့သည် တောအနီး ကပ်ရောက်သွားသောအခါတွင် တော၏ သစ်ပင်များကို ခွဲခွဲခြားခြား မြင်ရသကဲ့သို့ပင် ထိုအရာဝတ္ထုများကိုလည်း အဏုမြူ အထိ ကွဲကွဲပြားပြားပင် မြင်ရပေလိမ့်မည်။ ဤသို့အားဖြင့် ကမ္ဘာပေါ်ရှိ မြင်သမျှ အရာဝတ္ထုများ၏ မူလသည် တစ်ခုတည်းမဟုတ်သော်လည်း တစ်ခုတည်းအဖြစ် သုံးနှုန်းထားလေ၏။ မရေတွက်နိုင်သော အစိတ်အပိုင်းများဖြင့် ပြုလုပ်ဖန်တီးထားသည့် ကိုယ်ကာယကို ကျွန်ုပ်တို့သည် 'တစ်ကိုယ် တစ်ကာယ' ဟု ခေါ်လေသည်။ သစ်ပင်ပေါင်းများစွာရှိသော တောကို 'တစ်တော' ဟု ခေါ်ကြသည်။ ကြယ်တာရာပေါင်းများစွာ၏ အစုအပေါင်းကို 'ကြယ်တစ်လုံး' ဟု ခေါ်ကြသည်။ ထူးခြားချက် တစ်ခုတော့ ရှိသည်။ ကိုယ်ကာယ၊ တော၊ ကြယ်တာရာတို့တွင် အပေါင်းနှင့် အစိတ်သည် တစ်ချိန်တည်း တစ်နေရာတည်းတွင် ရှိနေပြီး မန(စိတ်) သည်ကား ခဏမလပ် တစ်ခုပြီး တစ်ခု ဖြစ်ပွားနေလေ၏။

ထိုအကြောင်းအရာအတွက် မီးစက်ဝန်း၊ သွားနေသော လေယာဉ်ပျံ၏ ပန်ကာ၊ သို့မဟုတ် လည်နေသော လျှပ်စစ်ပန်ကာများနှင့် ဥပမာပေးနိုင်လေသည်။

မီးစက်ဝန်း၏အရောင်၊ သို့မဟုတ် ပန်ကာ၏ အတောင်အလက်တို့သည် ကျွန်ုပ်တို့ မမှတ်နိုင်လောက်အောင် သိမ်မွေ့သော ကာလအတွင်း၌ အလွန်လျင်မြန်စွာ တစ်နေရာမှ အခြားတစ်နေရာသို့ ရောက်သွားလေသည်။

ထိုနည်းအတိုင်း စိတ်သည်လည်း အကြား အကြားကို ကျွန်ုပ်တို့ မမှတ်ယူနိုင်လောက်အောင် အလွန် လျင်မြန်စွာ မိမိ၏နေရာ၌ အခြားစိတ်ကို ဖြစ်ပေါ်စေလေသည်။ ထိုစိတ်ကို ကျွန်ုပ်တို့သည် စက်ဝန်း၏ တစ်ခုတည်းဖြစ်သွားပုံကဲ့သို့ မှတ်ယူရလေသည်။

မြစ်ရေအလျှဉ်ကိုလည်း တစ်ကြောတည်း တစ်ခုတည်းဟု ပြောကြလေ

သည်။ သို့ရာတွင် ထိုရေလျှဉ်ကိုလည်း ထောင်ပေါင်းများစွာသော ရေပေါက်ရေစက်များဖြင့် စုပေါင်းပြုလုပ်ထားသည် မဟုတ်လော။ ထို့ပြင် ရေပေါက် ရေစက်တစ်ခုကိုလည်း မရေမတွက်နိုင်သော အုတ်ရုဇင်၊ အောက်ဆီဂျင်၊ အဏုမြူများဖြင့် ပြုလုပ်ထားသည် မဟုတ်ပါလော။ အဏုမြူတစ်ခုကိုလည်း များစွာသော ဓာတ်ဖို၊ ဓာတ်မ လျှပ်စစ်မှုန်များနှင့် အလွန်သိမ်မွေ့သော နျူကလိယများဖြင့် ပြုလုပ်ထားသည် မဟုတ်လော။

အမှန်စင်စစ်အားဖြင့် ကမ္ဘာပေါ်၌ မည်သည့်နေရာ၌မဆို အပေါင်းကို သာလျှင် တစ်ခုအဖြစ် ခေါ်နေကြခြင်း ဖြစ်လေသည်။ ယင်း အချက်မှာ ကျွန်ုပ်တို့ ဘာသာစကား၏ ကမ္ဘာ့လက်သုံး ထုံးဥပဒေကြီးတစ်ရပ် ဖြစ်နေရကား ခဏိက ဖြစ်သော စိတ်၏အစဉ်ကို သာမန်အမြင်အားဖြင့် ကြည့်ပြီး တစ်ခုတည်း ပြုလုပ်ခေါ်ဝေါ်ခဲ့သော် အဘယ်မှာလျှင် အံ့သြဖွယ် ရှိပါတော့မည်နည်း။

အံ့သြဖွယ်ကောင်းသည်ကား တစ်ကမ္ဘာလုံးမှာပင် တစ်ခုတည်းဟု ခေါ်ဆိုပညတ်ထားသော အရာဝတ္ထုများအား ပေါင်းစုနေသည်ကို မြင်ပါလျက် ပေါင်းစုနေရိုးမှန်လျှင် အတ္တကို အဘယ်ကြောင့် တစ်ခုတည်းကဲ့သို့ ထင်မှတ်ရသနည်းဟု မေးကြလေ၏။ အတ္တသည် ခဏိကဖြစ်ပြီး ဒုတိယခဏ၌ ရှိကို မရှိတော့လျှင် ယင်းအတ္တ၏ ပြည့်စုံမှု၊ စင်ကြယ်မှု အဘယ်ကဲ့သို့ ဖြစ်နိုင်မည်နည်း ဟုလည်း အမေးထွက်လာနိုင်သည်။

အဖြေကား ကျွန်ုပ်တို့သည် မနကို ခဏိကဟု အသိအမှတ်ပြုသော်လည်း မန၏ စိတ်အစဉ်ကိုမူ ခဏိကဟု အမှတ်မပြုပေ။ ဂင်္ဂါမြစ်ရေ၊ ရေ၏တည်ရာ၊ ကမ်းနှစ်ဖက်နှင့် သဲများ အားလုံး အမြဲတမ်း ပြောင်းလဲနေသော်လည်း အားလုံး၏ အစဉ်အဆက်ကား ဖြစ်ပွားလျက်ရှိ၏။ ၄င်းကို ကျွန်ုပ်တို့ တစ်ခုတည်း အသိအမှတ်ပြုပြီး ဂင်္ဂါဟု ခေါ်လေသည်။

ယင်း စိတ်အစဉ်၏ စင်ကြယ်မှု၊ ပြည့်စုံမှုကို ပြုလုပ်ရလေသည်။ စိတ်အစဉ်သည် ရာဂ၊ ဒေါသ၊ မောဟ အညစ်အကြေးများမှ လွတ်မြောက်ကင်းစင်သည်နှင့်အမျှ ထိုပုဂ္ဂိုလ်၏ ကာယကံ၊ ဝစီကံ၊ မနောကံများ စင်ကြယ်သန့်ရှင်းသွားလေသည်။ ထိုအကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် မိမိနှင့် သူတစ်ပါး၏

အကျိုးစီးပွားကို ပြုလုပ်ဆောင်ရွက်နိုင်လေတော့သည်။ စိတ်အစဉ်တွင် ရာဂ၊ ဒေါသ အနုံ့အသက်များ မရှိတော့လျှင် ပုဂ္ဂလိက အကျိုးကိုသာလျှင် ဗဟိုချက်မ ထား တတ်သော တဏှာသည် တဖြည်းဖြည်း အိမ်ထောင်၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်၊ မြေပြင်တစ်ဝန်း၊ သတ္တဝါမှန်သမျှ၏ အကျိုးကို မိမိ အကျိုးကဲ့သို့ ပြုပြီး မိမိ၏ နယ်ပယ်အပိုင်းအခြားကို အဆုံးမရှိသောအရပ်သို့အထိ ချဲ့ထွင်လေသည်။ ထိုအချိန်၌ အဆုံးမရှိသော နယ်ပယ်အကျယ်အဝန်းရှိသည့် ထို တဏှာသည် အနှောင်အဖွဲ့ ကင်းမဲ့သွားပြီး တဏှာဇာတ်ပျက်သွားလေတော့သည်။

ထိုကဲ့သို့ တဏှာပြယ်သွားသော ပုဂ္ဂိုလ်အတွက် နိဗ္ဗာန်လမ်းသည် ဟင်းလင်းပွင့်သွားပြီးလျှင် ထိုပုဂ္ဂိုလ်သည် ဒုက္ခနှောင်တွင်းမှ လွတ်ကင်းသွားလေ တော့သည်။ လွတ်မြောက်ငြိမ်းချမ်းမှုအထိ ဆိုက်ရောက်စေရန်အတွက် လူသည် မိမိ၏ ပုဂ္ဂလိက အကျိုးတည်းဟူသော နယ်စပ်ကို ဖြတ်ကျော်ပြီး လူ့လောက အကျိုးအတွက် ဘာမဆို စွန့်လွှတ်ရလေ၏။ [ဇာတ်နိပါတ်များရှိ ဝတ္ထုကြောင်းများ၌ ပြည့်ဝမှု (ပါရမီ)အတွက် ဘုရားအလောင်းသည် မည်မျှလောက် စွန့်လွှတ်ခဲ့ရသည်ကို တွေ့ရပေလိမ့်မည်။]

တဏှာကို စွန့်ပယ်ခြင်းသည် ဒုက္ခ၏ လမ်းကြောင်းကို ပိတ်ဆို့ခြင်း ဖြစ်လေ၏။ အကြောင်းမူကား ကမ္ဘာလောက၌ များစွာသော ဒုက္ခတို့မှာ တဏှာနှင့် ကိုယ်ကျိုး ကိုယ်စီးပွားကြောင့်သာလျှင် ဖြစ်သောကြောင့်တည်း။

ယင်းသို့အားဖြင့် မန(စိတ်)သည် ခဏိကဖြစ်သော်လည်း စိတ်အစဉ်က ခဏိက မဟုတ်သည့်အတွက် စိတ်၏ ပြည့်ဝမှု၊ စင်ကြယ်မှုကို ပြုလုပ်ရမည်သာ ဖြစ်ပေ၏။ အမှန်စင်စစ်အားဖြင့် အတ္တအား မြဲသောတရားဖြစ်၏ဟု မယူဆဘဲ ၄င်း၏အစား ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်နေသော စိတ်၏အစဉ်ဟု အသိအမှတ် ပြုပါလျှင် အတ္တဟူသော စကားလုံးအနေအထားတွင် ကန့်ကွက်စရာ အကြောင်း မရှိပေ။ သို့ရာတွင် အတ္တဟူသော စကားလုံးကို မြဲသော နိစ္စဖြစ်သော နာမ်တရား အတွက် သုံးစွဲနေကြ၏။ သို့ဖြစ်၍ ဗုဒ္ဓက ''အနတ္တ'' ဟူသော စကားကို အသုံး ပြုရခြင်း ဖြစ်လေသည်။

ဗုဒ္ဓအဘိဓမ္မာ၏ အခြေခံထူးခြားချက် လေးချက်ရှိသည့်အနက် နံပါတ်(၄)

ဖြစ်သော ထူးခြားချက်မှာ ဘဝအလျှဉ် ဘဝအယဉ်ကို ဤကိုယ်ကာယ၏ ရှေ့နောက်၊ သို့မဟုတ် အတိတ်၊ အနာဂတ် ကာလနှစ်ခုလုံးမှာပင် လက်ခံခြင်း ဖြစ်လေ သည်။ ရှေ့ဘဝ နောက်ဘဝအား လက်ခံခြင်းကို ဆိုလိုသည်။

ကလေးငယ်၏ ပဋိသန္ဓေနှင့်အတူ သူ၏ဘဝသည် အစပြုလေတော့သည်။ ကလေးငယ်ဟူသည်မှာ အဘယ်အရာနည်း။ ကိုယ်နှင့် စိတ်၏အပေါင်း ဖြစ်လေ၏။ ကိုယ်သည်လည်း တစ်ခုတည်းသက်သက် မဟုတ်။ အချိန်ကာလတစ်ခုတည်း၌ မရေတွက်နိုင်သော အဏုမြူတို့၏ အပေါင်း ဖြစ်လေသည်။ ယင်းအဏုမြူများသည် ခဏတိုင်း ပြောင်းလဲနေသည်။ ပျောက်ကွယ်သွားသော အဏုမြူများ၏ နေရာ၌ ၄င်းတို့နှင့်တူသော တခြား အဏုမြူများ ဖြစ်ပေါ်လာလေသည်။ ဤသို့အားဖြင့် ခဏတိုင်း ခဏတိုင်း၌ ကိုယ်ကာယတွင် ပြောင်းလဲ၍ နေ၏။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်အခါ အမှန်အားဖြင့် ယခင် ကိုယ်ကာယဟောင်း မဟုတ်တော့ပေ။ စင်စစ်မှာ ပြောင်းလဲမှုသည် တူသော အဏုမြူများအားဖြင့် ဖြစ်လေသည်။ ထို့ကြောင့် ''ဤကိုယ်ကာယသည် ထိုကိုယ်ကာယပင် ဖြစ်၏'' ဟု ကျွန်ပ်တို့ ပြောဆိုကြခြင်း ဖြစ်သည်။ ကိုယ်ကာယနှင့် ပတ်သက်သော ဤအချက်သည် မန(စိတ်)နှင့်လည်း ဆိုင်၏။ ခြားနားချက်မှာ မနသည် သိမ်မွေ့၏။ ၄င်း၏ ပြောင်းလဲချက်သည် သိမ်မွေ့၏။ ရှေ့နှင့်နောက် အသွင်တို့၏ ခြားနားချက်လည်း သိမ်မွေ့၏။ သို့ဖြစ်၍ ထိုခြားနားချက်ကို သိရှိနားလည်ရန် ခဲယဉ်းပေသည်။ အတ္တနှင့် မနသည် အတူတူပင် ဖြစ်သည်။ အတ္တသည် ခဏတိုင်းတွင် ပြောင်းလဲနေသည်။

ကိုယ်ကာယနှင့် မန(အတ္တ)နှစ်မျိုးလုံး ပြောင်းလဲနေသည်။ ခဏတစ်ခု အခိုက်အတန့်တွင် တည်ရှိနေသော ကလေးငယ်၏ဘဝကို ကြည့်ကြပါစို့။ ထို ကလေးငယ်၏ဘဝသည် မိမိ၏ရှေးဘဝ အစိတ်အပိုင်း၏ လွှမ်းမိုးမှုကို ခံရပေလိမ့်မည်။ ကကြီး ခခွေး သင်ချိန်မှစ၍ အလယ်တန်းများတွင် သင်ကြားပြီးနောက် စိတ်အခြေအနေသည် ရှေးရှေး စိတ်အခြေအနေ၏အကျိုး ဖြစ်လေသည်။ ထိုသူငယ်၏ ဘဝဖြစ်စဉ်၌ အလယ်က ကွင်းဆက်တစ်ခုကို ဖြုတ်ပစ်၍ မဖြစ်နိုင်ပေ။ မက်ထရစ်ကို မဖြတ်ကျော်ခဲ့ဘဲနှင့် အဘယ်မှာလျှင် ဘီအေသို့ ရောက်နိုင်မည်နည်း။

ယင်းသို့အားဖြင့် အကြောင်းအကျိုး ကွင်းဆက်သည် ပဋ္ဌိသန္ဓေနေသည်မှစပြီး စုတေသည်အထိ မကျိုးမပြတ်ဘဲ ရှိနေသည်ဟု ထင်ရလေသည်။ ဘဝသည် ဤမျှ ရှည်လျားစွာသော ကာလအထိ အကြောင်းအကျိုး ဆက်သွယ်မှုပေါ်၌ ရှိနေသည်ဟု ထင်ရလေသည်။ ဘဝသည် ဤမျှ ရှည်လျားစွာသော ကာလအထိ အကြောင်းအကျိုး ဆက်သွယ်မှုပေါ်၌ မှီနေသည်ဟု ထင်ရပြီး ထိုဘဝတစ်လျှောက်၌ မည်သည့် အခြေအနေမျှ ရှောင်တခင် ပေါ်ပေါက်လာသည်ကို မတွေ့ရလျှင် ဘဝ၏ အစ၌ ဖြစ်စဉ်တွင် ကြောင်းကျိုး ဥပဒေနိယာမကို လက်မခံဘဲ ရှောင်တခင် ဖြစ်ပေါ်လာသည့် အရာတစ်ခုအနေဖြင့် လက်ခံရမည် မဟုတ်ပါလောဟု မေးစရာ ရှိ၏။ ရှောင်တခင် ဖြစ်ပေါ်မှုသည် သဘောတရားတစ်ခု မဟုတ်ပေ။ အကြောင်းမူကား ရှောင်တခင် ဖြစ်ပေါ်မှု၌ ကြောင်းကျိုးဥပဒေနိယာမ သဘောကို ငြင်းဆန်ထားသောကြောင့်တည်း။ အကြောင်းအကျိုး ဥပဒေနိယာမနှင့် ကင်း၍ မည်သည့်အရာမျှ အပြည့်အဝ ဖြစ်မလာနိုင်ပေ။

မီဘ၏ ကိုယ်ကာယသည် မိမိနှင့်တူသော သားသမီး၏ ကိုယ်ကာယကို မွေးဖွားပေးသကဲ့သို့ မိဘ၏စိတ်သည် ထိုစိတ်နှင့်တူသော သားသမီး၏ စိတ်ကို မွေးဖွားပေးသည်ဟု ဆိုခဲ့သော် တစ်စိတ်တစ်ဒေသအားဖြင့် မှန်သော်လည်း အပြည့်အဝ မမှန်ပေ။ အကယ်၍ ထိုအတိုင်း ဖြစ်ရိုးမှန်လျှင် အသိဉာဏ်နဲ့သော သားသမီးများကို မမွေးဖွားပေရာ။ ပညာရှိ၏ သားသမီးသည် များသောအားဖြင့် မိုက်မဲနေတတ်သည်ကို တွေ့ရလေ၏။ အကယ်၍ ဘဝအလျဉ်ကို ဤကိုယ်ကာယ၏ ရှေးဘဝမှစ၍ အသိအမှတ်ပြုပါလျှင် ယင်းအရွယ်အထွေးများသည် ပျောက်သွားနိုင်စရာ ရှိလေသည်။

ရှေးရှေး ဘဝတိုင်းသည် နောက်နောင် ဘဝကို ဖန်တီး၏ဟုလည်း ဆိုနိုင်သေးသည်။ ဥပမာအားဖြင့် တွင်းမှ ထုတ်ယူသော သံ၊ အရည်ကျိုထားသော သံစိမ်း၊ အကြိမ်များစွာ အေးချည်ပူချည် ပြုလုပ်ထားသော သံမဏိ၊ ယင်းသုံးမျိုးလုံးပင် သံချည်း ဖြစ်ကြသော်လည်း ထိုသံများတွင် ပြုပြင်မှုအတိုင်းအရှည် အနည်းအများလိုက်၍ ထိုသံများကို အနည်းအများ ပြုပြင်ထားအပ်သည်ကို တွေ့ရလေသည်။ ဉာဏ်ကောင်းသော ကလေး၏ အသိဉာဏ်သည် သံမဏိကဲ့သို့ ရှေး

ရှည်လျားကြာမြင့်သော အလေ့အကျင့်အားဖြင့် ကောင်းစွာ ပြုပြင်ထားအပ်သော အသိဉာဏ်ဖြစ်လေသည်။ စိတ်ဓာတ်အလေ့အကျင့် ပြုလုပ်မှုသည် အခါခပ်သိမ်း တည်မြဲနေဖို့ အလွန်အကြူး မလိုအပ်သော်လည်း ထို အလေ့အကျင့် အားလျော်စွာ အနည်းနှင့်အများ ပြုပြင်ထားအပ်သည်ဟူသော အချက်မှာကား လိုအပ်သော အချက် ဖြစ်လေ၏။

ယခုဘဝ၌လည်း ကောလိပ်မှ ထွက်ခွာပြီးနောက် နှစ်အနည်းငယ်အတွင်း မှာပင် သင်ခန်းစာ စာအုပ်များထဲမှ သင်အံ့လေ့ကျက်လာခဲ့သော နည်းနာများ၊ ဥပဒေဆောင်ပုဒ်များ အမြောက်အမြားပင် မေ့ပျောက်သွားလေသည်။ သို့ရာတွင် လေ့ကျက်သင်ကြား ကြိုးပမ်းအားထုတ်ခဲ့ခြင်း ဟူသမျှ အားလုံး အကျိုးမရှိ အချည်းနှီး ဖြစ်သွားသည်ဟူသော အဓိပ္ပာယ်ကား မဟုတ်ပေ။ မေ့သွားသော်လည်း သင်ကြားမှုအထုံသည် စိတ်၏အတွင်း၌ စွဲဝင်နေလေသည်။ ယင်းအထုံသည်ပင် သင်ကြားဆည်းပူးမှု၏ အကျိုးအာနိသင် ဖြစ်လေသည်။

ကောလိပ်မှထွက်ပြီး နှစ်ပေါင်းများစွာ ကြာချင်ကြာပါစေ၊ သင်ကြား လေ့လာခဲ့သော အကြောင်းအရာများ မေ့ပျောက်သွားချင် သွားပါစေ၊ ထိုသူ၏ စိတ်ဓာတ်တွင် ရင့်ကျက်လာမှုသည် သူ၏ ရှေးတစ်ချိန်က ပညာသင်ကြားခဲ့ခြင်းကို သက်သေခံနေပေသည်။ ထိုနည်းအတူ ငယ်စဉ်က ထက်နေသော ဉာဏ်ပဋိဘာန်ကို ရှေးဘဝက အလေ့အကျင့်၏ အကျိုးအာနိသင် ဖြစ်၏ဟု အဘယ်ကြောင့် မမှတ်ယူရမည်နည်း။ အမှန်အားဖြင့် ဆွေစဉ်မျိုးဆက် လိုက်မှုနှင့် ပတ်ဝန်းကျင် အခြေအနေတည်းဟူသော စိတ်ဓာတ်စွမ်းရည်၏ အကြောင်းမဖြစ်နိုင်သော အစိတ်အပိုင်း အမြောက်အမြား ရှိလေသည်။ (ဉာဏ်ထက်မှု၊ ဉာဏ်ထိုင်းမှု၊ ယဉ်ကျေးမှု၊ ရိုင်းပျမှု စသော မိဘအမွေအနှစ် မဟုတ်သည့် အရည်အချင်းများ လူသားတို့တွင် အမြောက်အမြား တွေ့ရှိရသည်။) ၄င်းတို့၏အကြောင်းကို ဤဘဝမှ ရှေးဖြစ်သော ဘဝအလျှဉ်၌ ရှာဖွေရပေလိမ့်မည်။ လူငယ်တစ်ဦးသည် ပြင်းပြင်းထန်ထန် သင်ကြားလေ့လာပြီး အမ်အေကို ပထမတန်းဖြင့် အောင်သွားသောအခါ သူ့ကြိုးပမ်းမှု၏ ဆုလာဘ်ကို မရရှိဘဲ ကွယ်လွန်သွားခဲ့လျှင် သူ၏ ကြိုးပမ်းမှုကို ကိုယ်ကာယနှင့်အတူ ပျက်စီး ပျောက်ကွယ်သွားသည်ဟု အသိအမှတ် ပြုခြင်းထက် ဉာဏ်

ထက်သော ကလေးတစ်ဦးနှင့် ဆက်စပ်ပေးရလျှင် မကောင်းပေဘူးလော။ ပညာမရှိသော မိဘများ၏ ထူးထူးခြားခြား ဂဏန်းသင်္ချာ တတ်ကျွမ်းသော သားသမီးများ၊ တူရိယာဂီတ တတ်ကျွမ်းသော သားသမီးများကို တွေ့မြင်ရတတ်လေသည်။ ဤကဲ့သို့သော အစဉ်အားဖြင့် စဉ်းစားဆင်ခြင်ကြည့်လျှင် ကျွန်ုပ်တို့၏ ဤ ကိုယ်ကာယ ဘဝအစဉ်သည် ကြာမြင့်စွာလှသော ဘဝအလျှဉ်တစ်ခု၏ သေးငယ်သော အလယ်ပိုင်းက အစိတ်အပိုင်းတစ်ခု ဖြစ်၏ဟု သိရလေ၏။ ယင်း အစိတ်အပိုင်း၏ ရှေးကာလအလျှဉ်သည် ကြာမြင့်စွာသောကာလမှ လာခဲ့ပြီး နောက်ကာလအလျှဉ်သည်လည်း ကြာမြင့်စွာသော ကာလတိုင်အောင် ဆက်လက်သွားပေလိမ့်မည်။ ဤသို့အားဖြင့် ဘဝအလျှဉ်သည် ဤကိုယ်ကာယ၏ ရှေးဖြစ်သောကာလမှ လာခဲ့ပြီး နောက်ကာလသို့ တိုင်အောင်လည်း ဆက်လက်သွားပေလိမ့်မည်။ သို့ရာတွင် အစမရှိ (အနာဒိ)၊ အဆုံးမရှိ (အနန္တ) မဟုတ်ပေ။ ဘဝအလျှဉ်၏ အစသည် တဏှာမှ စတင်ခဲ့ပြီး တဏှာကုန်သည်နှင့် တစ်ပြိုင်နက် ဘဝအလျှဉ်လည်း ပြတ်လေတော့သည်။

ပြဆိုခဲ့ပြီးသော ဗုဒ္ဓအာဘိဓမ္မာ၏ ထူးခြားချက် လေးချက်ရှိသည့်အနက် နံပါတ် ၁-၂-၃ ဖြစ်သော ထူးခြားချက်များသည် ဗုဒ္ဓဘာသာအား အခြားဘာသာ တရားများမှ ခွဲထုတ်ပြီး ရပ်ဝါဒနှင့် အခြေခံချင်း တူညီစေခဲ့လေသည်။ သို့ရာတွင် နံပါတ် ၄ ဖြစ်သော ဘဝအလျှဉ်ကို ဤတစ်ဘဝတာမျှသာ မသတ်မှတ်ခြင်းဟူသော သဘောတရားကား ဗုဒ္ဓဘာသာအား ရပ်ဝါဒမှ သီးခြား ခွဲထုတ်လိုက်လေသည်။

❑

လင်းလွန်းခင်စာပေ

ဘိုကျွ၊ အာနန္ဒာကောသလ္လာယန

၏

ဗုဒ္ဓဘာသာ နှင့် မာ့က်စ်ဝါဒ

နိဒါန်း

ဤ ''ဗုဒ္ဓဘာသာနှင့် မာ့က်စ်ဝါဒ'' ကို ရေးသူ ဘိက္ခု အာနန္ဒာကောသလ္လာယနနှင့် စာဖတ်သူများအား မိတ်ဆက်ပေးဖို့ရန် ဘာသာပြန်သူအပေါ်၌ တာဝန်ကျရောက်သည့် အားလျော်စွာ မိတ်ဆက်ပေးရမည်ဆိုလျှင်

လွန်ခဲ့သော ခြောက်နှစ်၊ ခုနစ်နှစ်ခန့်က အိန္ဒိယပြည် ဗာရာဏသီ ယူနီဗာစီတီတွင် နေထိုင်စဉ် တစ်နေ့သ၌ အမရိတဗဇား ပတ္တရိကာ သတင်းစာတွင် ရဟန်းတော်တစ်ပါး၏ပုံ မပါစဖူး ပါလာသည်ကို တွေ့ရသဖြင့် သေချာစွာ ကြည့်ရှုလိုက်သောအခါ ဘိက္ခု အာနန္ဒာကောသလ္လာယန၏ပုံ ဖြစ်နေကြောင်း တွေ့ရှိရလေသည်။ ထိုအချိန်ကား ဘုံဘေတွင်လား၊ အေလဟာဘတ်တွင်လား ဟူ၍ သေချာစွာ မမှတ်မိတော့သော မြို့တစ်မြို့၌ အိန္ဒိယပြည်လုံးဆိုင်ရာ ဟိန္ဒီစာပေ အသင်းကြီး၏ နှစ်ပတ်လည်ကွန်ဖရင့် ကျင်းပနေခိုက် ဖြစ်သည်။ ထိုကွန်ဖရင့် ကျင်းပနေစဉ် အတောအတွင်း ဟိန္ဒီစာပေကြီးပွားမှု လုပ်ငန်းကို ရှေ့တန်းမှ ဆောင်ရွက်နေသူ ထိုအရှင်၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ဂုဏ်ထူးဝိသေသတို့ကို သတင်းစာများက ရေးသားဖော်ပြထားခြင်းဖြစ်ရာ ဗုဒ္ဓဝါဒီဆို၍ လက်ချီးရေတွက်ရလောက်အောင် နည်းပါးလှသည့် အိန္ဒိယအမျိုးသားများ၏ အကြား၌ ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ဦးက ထိုသို့ စာပေလုပ်ငန်းကို ရှေ့တန်းမှ ဦးဆောင်နေသည်ကို တွေ့ရသောအခါ ဗုဒ္ဓဘာသာသွေးဖြင့် စပ်ပြီးလျှင် ကျွန်ုပ်သည် ထိုအရှင်အား လေးစားသည့်စိတ် ဖြစ်ပေါ်လာမိခဲ့လေ၏။

လင်းလွန်းခင်စာပေ

သို့ဖြစ်၍ ကျွန်ုပ်သည် ထိုအချိန်က ချက်ချင်းပင် အာနန္ဒာ ကောသလ္လယနနှင့် ရာဟုလာ၏ အကြောင်းကို ဆောင်းပါးရေးပြီး ဂျာနယ်ကျော်သို့ ပို့လိုက်လေသည်။

ထိုအချိန် မတိုင်မီကဆိုလျှင် ကျွန်ုပ်သည် အာနန္ဒာကောသလ္လာယနု၏ အကြောင်းကို သာမန်လောက်ပင် သိထားခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်များ၏ အကြောင်းကို လေ့လာရကောင်းစေဟု အောက်မေ့တတ်သည့် အရွယ်ကလည်း မဟုတ်သဖြင့် ဓနုဖြူ ဦးအေးမောင် စသည့်ပုဂ္ဂိုလ်တို့က ရာဟုလာနှင့် အာနန္ဒာ၏အကြောင်းကို မြန်မာစာဖတ်ပရိသတ်အား ဖောက်သည်ချလင့်ကစား ကျွန်ုပ်သည် ထိုအခွင့်အရေးကို လက်လွှမ်းမယူတတ်သည့် အထဲကပင် ဖြစ်ခဲ့လေ၏။

ထို့နောက် အိန္ဒိယသို့ရောက်မှ အာနန္ဒာကောသလ္လာယန၏အကြောင်းကို တစ်စတစ်စ သိလာခဲ့ရသည်။ ကျွန်ုပ်တို့ အိန္ဒိယသို့ သွားရောက်နေချိန်ကဆိုလျှင် အာနန္ဒာကောသလ္လာယနသည် ဝရဓာမြို့ (စီ.ပီ)၌ အမျိုးဘာသာ ပြန့်ပွားရေးအသင်းကြီး၏ အတွင်းရေးမှူးချုပ်အဖြစ်ဖြင့် ဆောင်ရွက်ရင်း ထိုမြို့၌ပင် သီတင်းသုံးနေထိုင်ချိန်ဖြစ်သဖြင့် သူ၏ ဘဝဖြစ်စဉ်၌မူ အရေးပါအရာရောက်သည့် ကဏ္ဍပေါင်းမြောက်မြားစွာတို့သည် ကုန်ဆုံး ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။

ထို ကုန်ဆုံး ကျော်လွန်လာခဲ့သည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ကျွန်ုပ် သိရသလောက်မူ အာနန္ဒာကောသလ္လာယနသည် လာဟိုယူနီဗာစီတီတွင် ဘီ-အေ ဒီဂရီ ရရှိပြီးနောက် အမျိုးသားရေး၊ နိုင်ငံရေးတွင် နှစ်ပေါင်းများစွာ ပါဝင်ဆောင်ရွက်ခဲ့လေ၏။ ထို့နောက် ၁၉၂၈ ခုနှစ်တွင် သီဟိုဠ်သို့ သွားရောက်ပြီးလျှင် ပါဠိ ပိဋကတ်စာပေများကို သင်ကြားလျက် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ရဟန်းအဖြစ်ကို ခံယူလိုက်လေ၏။

အာနန္ဒာကောသလ္လာယနလို ပုဂ္ဂိုလ်မျိုး ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာခြင်းမှာ သာမန် မိရိုးဖလာ သဘောမျိုးအားဖြင့် သက်ဝင်ယုံကြည်ခြင်းမျိုး မဟုတ်ဘဲ လွတ်လပ်သော တွေးခေါ် ယူဆချက်ဖြင့် တစ်ဘာသာမှ တစ်ဘာသာသို့ ကူးပြောင်းပြီး တကယ်တမ်း နှစ်နှစ်ကာကာနှင့် သက်ဝင်ယုံကြည်ခြင်းမျိုး ဖြစ်သည်။ အာနန္ဒာကောသလ္လာယန၏ မိရိုးဖလာဘာသာဟု ဆိုရသော ဘာသာမှာ ဟိန္ဒူဘာသာဖြစ်သည်။ ဟိန္ဒူဘာသာတွင်လည်း သူသည် သာမန်ဘာသာဝင်တစ်ဦး

၏ အခြေအနေမျှမကဘဲ ဟိန္ဒူ ဘာသာကျမ်းစာများကို တတ်ကျွမ်းသူ တစ်ဦးထဲက ဖြစ်၏။ အာနန္ဒာကောသလ္လာယန ရန်ကုန်မြို့သို့ ရောက်လာစဉ်က အိန္ဒိယအမျိုးသား တစ်ဦးက အာနန္ဒာကောသလ္လာယနအား ဗုဒ္ဓဘာသာသို့ ကူးပြောင်း ယုံကြည်ပုံ အကြောင်းကို မေးလျှောက်သည်တွင် သူက သျှတ္တရနှင့် ပုရာဏ်ကျမ်းထွက် 'သဒ္ဒပမာဏ' (စာစကား စာအထောက်အထား- Revelation) များသည် သူ့အား ရောင့်ရဲမှုကို မပြုနိုင်ကြောင်း၊ ဗုဒ္ဓဘာသာ ကျမ်းဂန်များက နှိုးဆော်သည့် 'ပစ္စက္ခ ပမာဏနှင့် အနုမာန' (မျက်မှောက်အထောက်အထားနှင့် တွေးခေါ်ဆင်ခြင်မှု- Direct perception and Inference) ကို သဘောကျပြီး သူသည် ဗုဒ္ဓ ဘာသာကို ကူးပြောင်းသက်ဝင်ခြင်းဖြစ်ကြောင်းများကို ပြောပြလေသည်။

အာနန္ဒာ ကောသလ္လာယနသည် ကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာ တွေးခေါ်မှုကို အထူးဂရုပြုသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ထိုကိုယ်ပိုင်ဉာဏ်ဖြင့် လွတ်လပ်စွာ တွေးခေါ်မှုသည်ပင် အာနန္ဒာကောသလ္လာယနအား ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာထဲသို့ ဦးဆောင် ခေါ်ယူသွားသည်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။

အာနန္ဒာကောသလ္လာယန၏ ဘဝဖြစ်စဉ်၌ တွဲဖော်တွဲဖက် ရဲဘော်ရဲဘက် အဖြစ်နှင့် အမြဲ ယှဉ်တွဲနေသူတစ်ဦး ရှိသည်။ ထိုပုဂ္ဂိုလ်ကား ကမ္ဘာကျော် ရာဟုလာ သံကိစ္စည်းပင် ဖြစ်၏။ သို့ဖြစ်၍ အာနန္ဒာကောသလ္လာယန၏အကြောင်းကို ရေးလျှင် ရာဟုလာနှင့် ကင်း၍ မဖြစ်နိုင်ပေ။ အာနန္ဒာကောသလ္လာယနသည် ရာဟုလာ သံကိစ္စည်းနှင့် သီဟိုဠ်တွင် ပါဠိပိဋကတ်စာပေကို ဆည်းပူးရာ၌ လည်းကောင်း၊ အိန္ဒိယ ပြည်တွင် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓစာပေမျိုးစေ့ကို ပြည်လည် စိုက်ပျိုးရာ၌ လည်းကောင်း၊ ဥရောပတွင် သာသနာပြုရာ၌ လည်းကောင်း၊ ဟိန္ဒီစာပေ ပြန်ပွားရေးကို ကြိုးပမ်းရာ၌ လည်းကောင်း အမြဲတမ်းပင် ပခုံးချင်းယှဉ်ခဲ့လေသည်။ ထို့ကြောင့်ပင် အာနန္ဒာနှင့် ရာဟုလာသည် အိန္ဒိယဗုဒ္ဓဘာသာဝင်များ၏ ပါးစပ်ဖျား တွင် တွဲ၍နေသလောက် ဟိန္ဒီစာပေချစ် ပုဂ္ဂိုလ်များ၏ အမြင်တွင်လည်း ယှဉ်၍ နေသည်။

ထိုပုဂ္ဂိုလ်များနှင့် ကျွန်ုပ်တို့ တွေ့ဆုံရ၊ သိကျွမ်းရသည့် အချိန်သို့ ရောက်သည့်အခါ၌ပင်လျှင် ထို ပုဂ္ဂိုလ်နှစ်ဦးသည် ညီအစ်ကိုရင်းတမျှ ချစ်ခင်ရင်းနှီးကြ

သည်ကို တွေ့ရသည့်ပြင် အစစ အရာရာတွင် သဘောချင်း နီးနှောညီညွတ်လေ့ရှိသည့် အကြောင်းကိုလည်း သိရှိရလေ၏။ တစ်ဦးက ဖန်ရည်စွန်းသည့် သင်္ကန်းကို ဝတ်ရုံထားခြင်းနှင့် တစ်ဦးက လူဝတ်ကြောင် ဖြစ်နေခြင်းသာလျှင် ထိုပုဂ္ဂိုလ်နှစ်ဦး၌ ထူးခြားချက်ကို ရှာလို့ တွေ့ရသည်။

ဘဝခရီးစဉ်၌ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ခွဲမရသည့် အဖော်သဟဲဖြစ်ပုံကို ရာဟုလာသံကိစ္စည်း၏ "ဗိရ္ဓကီ ရူပလေခါ" (ကမ္ဘာလောက၏ အခြေခံ)ဟူသော စာအုပ်၏ ရည်ညွှန်းချက်၌ ရာဟုလာကိုယ်တိုင် ရေးထားသည့် "ကျွန်ပ်၏ဘဝ တိုးတက်မှု၏ ခွဲမရသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော အာနန္ဒာကောသလ္လာယန၏ လက်တည်းဟူသော ကြာပွင့်များသို့ ရည်ညွှန်းပါသည်" ဟူသော ရည်ညွှန်းချက်က သက်သေပြလျက် ရှိပေသည်။

အာနန္ဒာကောသလ္လာယနသည် သီဟိုဠ်ကျွန်း၌ ရာဟုလာသံကိစ္စည်းနှင့် အတူတကွ ပါဠိပိဋကစာပေများကို သင်ကြားတတ်မြောက်ပြီးနောက် အိန္ဒိယသို့ ပြန်လာခဲ့လေ၏။ ထိုအချိန်ကား အနာဂါရိကဓမ္မပါလ ကြီးမှူးသည့် မဟာဗောဓိအသင်းသည် အိန္ဒိယပြည်တွင် ပျောက်ကွယ်တိမ်မြုပ်သွားသည့် ဗုဒ္ဓဘာသာကို ပြန်လည်ထွန်းကားစေရန် ကြိုးပမ်းအားစိုက်နေခိုက် ဖြစ်သည်။ သို့ဖြစ်၍ ရာဟုလာသံကိစ္စည်းနှင့် အာနန္ဒာကောသလ္လာယနသည် မဟာဗောဓိအသင်းနှင့် တွဲဖက်ပြီး အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးအတွက် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြလေတော့၏။ ဤသို့လျှင် ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားသည့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာမျိုးစေ့ကို ပြန်ချသူ အိန္ဒိယအမျိုးသား ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင်များ၏ စာရင်းတွင် အာနန္ဒာကောသလ္လာယနသည် တစ်ဦးအပါအဝင် ဖြစ်ခဲ့လေသည်။

ဗုဒ္ဓဘာသာ ညှိုးမှိန်သွားသည်နှင့် တစ်ပြိုင်နက် ဗုဒ္ဓစာပေ ပိဋကသည်လည်း မူလ အိန္ဒိယတွင် တိမ်မြုပ်သွားလေ၏။ ယင်းသို့ အိန္ဒိယစာပေနယ်ထဲတွင် ဗုဒ္ဓစာပေ၏ နေရာသည် အချိန်ကာလကြာမြင့်စွာ ဆိတ်သုဉ်းနေခဲ့ရာမှ တစ်ဖန် ဗုဒ္ဓစာပေကို ပြန်၍ မိတ်ဆက်ပေးကြသူများ၏ အထဲတွင်လည်း အာနန္ဒာကောသလ္လာယနသည် ခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ခဲ့လေ၏။

အာနန္ဒာကောသလ္လာယနသည် ရာဟုလာသံကိစ္စည်းနှင့် တွဲဖက်၍ ဒီဃ

နိကာယ်၊ မ၎ျိမနိကာယ်တို့ကို ဟိန္ဒီဘာသာသို့ ပြန်ဆိုလေသည်။ အိန္ဒိယပြည် ဟိန္ဒီစာပေအသင်းကြီးမှ ပုံနှိပ်ထုတ်ဝေသည့် ဇာတ်အဋ္ဌကထာ ဟိန္ဒီဘာသာပြန်များကား အာနန္ဒာကောသလ္လာယနု၏ အောင်မြင်သည့် လက်ရာထူးများ ဖြစ်ပေ၏။ မဟာဗောဓိအသင်း၏ ခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့် သာသနာပြုလုပ်ငန်းကို ပြုလုပ်ဆောင်ရွက်နေရင်း အာနန္ဒာကောသလ္လာယနသည် အသင်းမှ ထုတ်ဝေသည့် 'ဓမ္မဒူတ' အမည်ရှိ ဟိန္ဒီဘာသာ မဂ္ဂဇင်းတွင်လည်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့လေသည်။

၁၉၃၉ ခုလောက်တွင် အာနန္ဒာကောသလ္လာယနသည် ရာဟုလာသံကိစ္စည်းနှင့် အတူတကွ ဥရောပတိုက်တွင် နှစ်နှစ်မျှနေ၍ သာသနာပြုခဲ့ရာ အတော်ပင် အောင်မြင်ထမြောက်ကြောင်း သိရှိရလေသည်။

ကျွန်ုပ်တို့နှင့် တွေ့ဆုံသည့် အချိန်လောက်တွင်ကား အာနန္ဒာကောသလ္လာယနသည် ဗုဒ္ဓဘာသာ သာသနာ ပြုစုရေးလုပ်ငန်းအပြင် ဟိန္ဒီစာပေ ကြီးပွားရေးတာဝန်ကိုလည်း ဦးထိပ်၌ရွက်ထားချိန် ဖြစ်လေ၏။ အာနန္ဒာကောသလ္လာယနသည် ခေတ်သစ် ဟိန္ဒီစာပေ ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ဆိုကလည်း မှားနိုင်မည် မဟုတ်ပေ။ အိန္ဒိယပြည်လုံးဆိုင်ရာ ဟိန္ဒီစာပေအသင်းကြီး၏ ခေါင်းဆောင်တစ်ဦးဖြစ်သည့်ပြင် အမျိုးသားဘာသာ ပြန်ပွားရေးအသင်းကြီး၏ အတွင်းရေးမှူးချုပ်အဖြစ်ဖြင့်လည်း ဆယ်တစ်နှစ်တိုင်တိုင် ဟိန္ဒီစာပေ ကြီးပွားရေးကို ဦးစီးဆောင်ရွက်ခဲ့လေသည်။

အိန္ဒိယပြည်နယ်နိမိတ် အပြင်ဘက်၌ အာနန္ဒာကောသလ္လာယနကို သိသူဦးရေ များလှမည်မဟုတ်သော်လည်း အိန္ဒိယပြည်နယ်နိမိတ် အတွင်း၌မူကား အာနန္ဒာကောသလ္လာယနသည် စကားပြောကောင်း တရားဟောကောင်း တစ်ဦးအဖြစ်ဖြင့် လည်းကောင်း၊ နာမည်ကျော် ဗုဒ္ဓဘာသာ ရဟန်းတစ်ဦးအဖြစ် လည်းကောင်း ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ပါး ဖြစ်၏။

အာနန္ဒာကောသလ္လာယနသည် စွယ်စုံသူတစ်ဦး ဖြစ်သည်။ အပြောတွင်လည်းကောင်း၊ အရေးတွင် လည်းကောင်း တစ်ဖက်သားကို ဆွဲဆောင်နိုင်သည့် စွမ်းရည်သတ္တိထူး ရှိသည်။ တရားပွဲများ၌ သူ၏ ဟောပြောချက်များကို ပရိသတ်

အကြိုက်များသည့်နည်းတူပင် စာအုပ်ဆိုင်များ၌လည်း သူ ရေးသည့် စာအုပ်များ မှာ အရောင်းရ အတော်ပင် တွင်ကျယ်လေ၏။

သီဟိုဠ်မှ ပါဠိပိဋကကို သင်ယူလာခဲ့ပြီး ပါဠိပိဋကကို ဟိန္ဒီဘာသာသို့ ပြန်ဆို၍ အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားအောင် ဦးဆောင်ပြုလုပ်သူ သုံးဦးရှိသည်။ ၄င်းတို့ကား ဘိက္ခု ကဿပ၊ ဘိက္ခု အာနန္ဒာကောသလ္လာယန၊ ရာဟုလာသံကိစ္စည်းတို့ ဖြစ်ကြ၏။ ထိုသုံးဦးအနက် ဘိက္ခုကဿပ၏ နယ်ပယ်သည် ပါဠိနှင့် ဗုဒ္ဓဘာသာဆိုင်ရာ စာပေ ကျမ်းဂန်များလောက်သာ အပြုများသည် ဖြစ်၍ ပါဠိနှင့် ဗုဒ္ဓဘာသာ ပရိသတ်လောက်ကသာလျှင် သူ့ကို အသိများသည်။ ရာဟုလာသံကိစ္စည်းနှင့် အာနန္ဒာကောသလ္လာယနတို့၏ နယ်ပယ်ကား ပါဠိနှင့် ဗုဒ္ဓဘာသာဆိုင်ရာ နယ်နိမိတ်အပြင်ဘက်ကို ကျော်ထွက်၍သွားသည်။ ရာဟုလာသံကိစ္စည်းသည် ပါဠိနှင့် ဗုဒ္ဓစာပေ ကျမ်းဂန်များအပြင် ဘာသာရပ်အမျိုးမျိုးနှင့် စပ်လျဉ်းသည့် စာအုပ်ပေါင်းများစွာကိုလည်း ရေးသားလေ၏။ ၄င်းအား ကမ္ဘာက အဘိဓမ္မာဆရာကြီးတစ်ဦး အဖြစ်ဖြင့်လည်း အသိအမှတ်ပြုထားလေသည်။

အာနန္ဒာကောသလ္လာယန၏ လက်ရာများတွင်လည်း ပါဠိနှင့် ဗုဒ္ဓစာပေ ဆိုင်ရာ ကျမ်းဂန်များသာမက ပြည်သူလူထုအတွက် အကျိုးသက်ရောက်မည့် အခြား နိုင်ငံရေးရာနှင့် လောကရေးရာ စာအုပ်များလည်း များစွာပါရှိလေသည်။ နေ့စဉ် မြင်ရ၊ တွေ့ရ၊ ကြုံရတတ်သည့် အကြောင်းအရာကို မူတည်ပြီးလျှင် အာနန္ဒာ ကောသလ္လာယနသည် ကလောင်ဖြင့် ဓမ္မဝတ်ရည်ကိုသော်လည်း တိုက်ကျွေးသွား တတ်သည်။ လောကကိုသော်လည်း ပဲ့ပြင်သွားတတ်သည်။ အစိုးရကိုသော်လည်း ဝေဖန်သွားတတ်သည်။ အရင်းရှင်ကိုသော်လည်း 'တွက်'သွားတတ်သည်။ မူမမှန် သူများကိုသော်လည်း သရော်သွားတတ်သည်။

သတ်မှတ်ထားသည့် နေရာတစ်ခုခု၌ ကြာရှည်လေးမြင့်စွာ နေထိုင်လေ့ မရှိခြင်းသည် အာနန္ဒာကောသလ္လာယန၏ ထူးခြားချက်တစ်ရပ် ဖြစ်၏။ ဤအချက် တွင်လည်း အာနန္ဒာကောသလ္လာယနသည် ရာဟုလာသံကိစ္စည်းနှင့် သဘောချင်း ကိုက်ညီလေသည်။ ရာဟုလာသံကိစ္စည်းကို အများက အသိအမှတ်ပြုထားသည့် ဂုဏ်ပုဒ်များအနက် 'ကမ္ဘာလှည့်သူ' ဟူသော ဂုဏ်ပုဒ်တစ်ခုလည်း ပါဝင်သည်။

ရာဟုလာသံကိစ္စည်း၏ ကမ္ဘာလှည့်ပုံကိုမူ ကျမ်းတစ်စောင်တစ်ဖွဲ့ရေးမှ လုံ့လောက်ပေမည်။ မကြာမီက ရာဟုလာသံကိစ္စည်းသည် 'ယူမဂ္ဂရသ္ဝတ္ထရ' (ကမ္ဘာလှည့် ကျမ်း)ဟူသော အမည်ဖြင့် ထူးခြားသည့် စာအုပ်တစ်အုပ်ကို ရေးသားခဲ့လေ၏။ ထိုစာအုပ်၌ 'လှည့်လည်ခြင်းသည် လူတည်စက စလာသည့် လူ့ကျင့်ဝတ်၊ လူ့လမ်းစဉ်ဖြစ်၍ လူတိုင်း လိုက်နာသင့်ကြောင်း' ကို အကြောင်းစုံလင်စွာပြ၍ ရေးသားထားသည်။

အာနန္ဒာကောသလ္လာယနသည်လည်း 'ဒေသစာရီ လှည့်လည်ခြင်းသည် ရဟန်းကျင့်ဝတ်' ဟု ယူဆထားသည်ဖြစ်ရကား နေရာတစ်နေရာတွင် စွဲမြဲစွာ နေလေ့မရှိဘဲ အမြဲတမ်းပင် ခရီးလှည့်လည်၍ နေလေ၏။ ကျွန်ုပ်တို့ သိရသမျှမှာလည်း အာနန္ဒာကောသလ္လာယနသည် သာသနာရေးကိစ္စဖြင့်သော်လည်းကောင်း၊ စာပေရေးရာကိစ္စဖြင့်သော်လည်းကောင်း တစ်နေရာမှ တစ်နေရာသို့ သပိတ်တစ်လုံးနှင့် ကူးသန်းသွားလာနေသည်ကိုသာလျှင် အတွေ့များလေသည်။

ယမန်နှစ် ရန်ကုန်သို့ ရောက်လာစဉ်က အိန္ဒိယအမျိုးသားတစ်ဦးက ''အရှင်ဘုရား၊ ဘယ်မှာ အမြဲ နေသလဲ'' ဟု မေးသောအခါ အာနန္ဒာကောသလ္လာယနက ''အနေများတာကတော့ ရထားပေါ်မှာ'' ဟု ရယ်စရာ ပြန်ဖြေလိုက်လေသည်။

သူ့အဖြေမှာ ရယ်ရွှင်ဖွယ်သကော သက်ဝင်နေသော်လည်း အမှန်ကလည်း ထိုအတိုင်းပင် ဖြစ်သည်။ ယခု ဤစာကို ရေးနေသည့် အချိန်၌ပင် ထိုအရှင်သည် ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ဂျာဝါ၊ မာလာယု စသည့် နေရာများတွင် လှည့်လည်၍ နေသည်ဟု သိရသည်။

ထိုမှတစ်ပါး အာနန္ဒာကောသလ္လာယနသည် ကျွန်ုပ်တို့ မြန်မာများနှင့် အဆက်မဝေးသည့် အကြောင်းတစ်ခုမှာလည်း သူသည် မြန်မာလူမျိုးတိုင်း မမေ့အပ်သည့် နိုင်ငံရေးမီးရှူးတန်ဆောင်ကို စောစီးစွာ ထွန်းပြသွားသူ အရှင်ဦးဥတ္တမနှင့် အလွန်ရင်းနှီးခဲ့သူ ဖြစ်လေ၏။ 'ရေလ်ကာတိကက်' မည်သော စာအုပ်၏ ကဏ္ဍတစ်ခုတွင် သူသည် ဦးဥတ္တမ၏အကြောင်းကို ရေးသားထားလေသည်။

'..... မြန်မာပြည်၏ အကြောင်းကို ကြားရသည့်အခါတိုင်း ကျွန်ုပ်

သည် အားလုံးက မေ့လျော့နေပြီဟု ထင်ရသည့် သူ့ကို သတိရရလာမိလေသည်။ ၁၉၂၇ ခုနှစ်၊ မဒရပ်ကွန်ဂရက်တွင်မှ ကျွန်ုပ်သည် သူ့ကို စဉ်တွေ့လေသည်။ ထိုအချိန်က အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက်အသင်းကြီး၏ အလုပ်အမှုဆောင်ဖြစ်သူ ဦးဥတ္တမနှင့် တွေ့ဆုံရလျှင် ကောင်းမည်ဟု အကြံဖြစ်ပေါ်လာသည်....။

'နှစ်နှစ် သုံးနှစ် သီဟိုဠ်တွင်နေပြီး အိန္ဒိယ 'သစ္စာဂြဟ' တိုက်ပွဲတွင် ဝင်နွဲ့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၃၀ ပြည့်နှစ်တွင် ဘုံဘေသို့ ကျွန်ုပ် ပြန်ပြေးလာသည့်အခါတွင် ကျွန်ုပ်သည် ဘုံဘေတွင် သူနှင့် တွေ့ပြန်သည်။

ထိုနေ့တွင် ကျွန်ုပ်သည် အလင်းရောင်ကို အလိုရှိလျှင် မီးကို မကြောက်ရဘူး ဟူသော အချက်ကို ပထမဆုံး နားလည် သိရှိခဲ့ရလေ၏။

ဦးဥတ္တမသည် အမှန်အားဖြင့် သူ့အနီးတွင် မည်သူမျှ အလွယ်တကူနှင့် မကပ်နိုင်လောက်အောင်၊ မနေနိုင်လောက်အောင် ခက်ထန်လှသည်၊ ပူပြင်းလှသည်။ သို့ရာတွင် အချိန်တန်လျှင်မူကား သူသည် အခြားသူများအား 'ဟော်' အောင်လုပ်မည့် အစား ကိုယ်တိုင် 'ပျော်' သွားတတ်သည့် မီးမျိုး ဖြစ်ပေ၏။

'ကြိုးကြား ကြိုးကြားတွင်လည်း မကြာခဏ တွေ့ရသည်။ သို့ရာတွင် ကာန်ပူ ဟိန္ဒူမဟာဆဘာအသင်း အစည်းအဝေးနောက်တွင်မှ သူသည် ကျွန်ုပ်အား နောက်လိုက်တပည့်တစ်ဦးအဖြစ် အသိအမှတ် ပြုလိုက်လေသည်။ ကျွန်ုပ်ထက် အတန်ပင် ကြီးသည်ဖြစ်၍ သူသည် ကျွန်ုပ်အပေါ်၌ အစ်ကိုကြီးက ညီငယ်အပေါ်တွင် ပိုင်စိုးမှုထားသကဲ့သို့ပင် ထားလေသည်.....

ဤသို့ စသည်ဖြင့် လေးလေးစားစား ရေးထားခြင်းကို ထောက်ရှု၍ သူတို့နှစ်ဦး၏ ဆက်ဆံမှုကို သိရှိနိုင်ပေသည်။

◆

ယမန်နှစ်က ဂျပန်ဗုဒ္ဓဘာသာ ကွန်ဖရင့်မှ အိန္ဒိယသို့ ပြန်အလာ အာနန္ဒာကောသလ္လာယနသည် ရန်ကုန်တွင် ခေတ္တဝင်ရောက်လေ၏။ ရန်ကုန်တွင် နေစဉ် ကာလအတောအတွင်း အိန္ဒိယအမျိုးသား အသင်းအပင်း အဖွဲ့အစည်းများမှ လျှောက်ထားတောင်းပန်သဖြင့် အာနန္ဒာကောသလ္လာယနသည် အကြိမ်များစွာပင်

တရားဓမ္မကို ဟောပြခဲ့လေ၏။ ထိုစဉ်က သူဟောပြောသည့် တရားများအနက် 'ဂုဏ္ဍရာတီမဇ္ဈာလ်'၌ ဟောပြသော 'ဗုဒ္ဓဘာသာနှင့် မာ့က်စ်ဝါဒ'ဟူသော အကြောင်းမှာ ထူးခြားသည့် အကြောင်းအရာ ဖြစ်လေသည်။

ထိုအကြောင်းကို သူကိုယ်တိုင်က ရွေးချယ်၍ ဟောပြောခြင်းမဟုတ်ဘဲ အသင်းဝင်လူကြီးများ၏ ညွှန်ကြားချက်အရ ဟောပြောရခြင်း ဖြစ်ခဲ့သည်။ သို့ပင် ဖြစ်စေကာမူ သူသည် ထိုအကြောင်းကို စိတ်ပါဝင်စားစွာနှင့် ဟောပြခဲ့လေ၏။ သူသည် ထိုအကြောင်းကို ဗုဒ္ဓဝါဒီလည်း မဟုတ်၊ မာ့က်စ်ဝါဒီလည်း မဟုတ်သူ အိန္ဒိယအမျိုးသားများအား ဟောပြခြင်းထက် မြန်မာလူမျိုးတို့အား ပိုမိုရှု ဟောပြလိုသည့် စိတ်ဆန္ဒ ရှိခဲ့သည်။

သူ့စိတ်ဆန္ဒအားလျော်စွာ ကျွန်ုပ်တို့သည် တက္ကသိုလ် သမဂ္ဂ၌ ဖြစ်စေ၊ သို့မဟုတ် မြို့တော်ခန်းမကြီး၌ ဖြစ်စေ တရားပွဲကျင်းပပေးဖို့ရန် ကြိုးစားကြသေးသည်။ သို့ရာတွင် ထိုကြိုးစားချက်သည် အောင်မြင်ထမြောက်ခြင်း မရှိခဲ့။

ထို့နောက် သူ အိန္ဒိယသို့ ပြန်သွားပြီး အတန်ကြာစွာ မေ့မေ့လျော့လျော့နှင့် နေခဲ့ကြရာမှ ကျွန်ုပ်သည် 'ဗုဒ္ဓဘာသာနှင့် မာ့က်စ်ဝါဒ' အကြောင်း ရေးထားပြီးရှိလျှင် ပေးလိုက်ပါဟု သူ့ဆီကို မှာလိုက်ရာ သူသည် ကျွန်ုပ်ထံသို့ ထိုအကြောင်းပါသည့် မဟာဗောဓိမဂ္ဂဇင်း တစ်စောင်ကို ပေးပို့လိုက်လေ၏။

ယခု ဤစာကား 'ရေလ်ကာတိကက်' အမည်ရှိစာအုပ်တွင် ဟိန္ဒီဘာသာဖြင့်လည်းကောင်း၊ မဟာဗောဓိမဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အာနန္ဒာကောသလ္လာယန ရေးထားသည့် 'ဗုဒ္ဓဘာသာနှင့် မာ့က်စ်ဝါဒ'ဟူသော စာတမ်းငယ်ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်လေ၏။ 'ဗုဒ္ဓဘာသာနှင့် မာ့က်စ်ဝါဒ'ဟူသော အမည်မှာ ပေါ်လွင်အောင် ကျွန်ုပ် ပြင်၍ပေးထားသည့် အမည်ဖြစ်၏။ သူ့ဆောင်းပါး၏ အမည်ရင်းကား 'ဗုဒ္ဓဝါဒနှင့် ဝိညာဏိကဘူတိကဝါဒ' (ဗုဒ္ဓဝါဒနှင့် အနုပဋ္ဌိလောမရုပ်ဝါဒ - Buddhism and Dialectical materialism) ဟူ၍ ဖြစ်သည်။

ဤစာတမ်းသည် ဝါဒနှစ်ခု၊ အထူးအားဖြင့် အဘိဓမ္မာနှစ်ခု၏ နှိုင်းယှဉ်ချက်ကို အမြွက်အားဖြင့် ရေးထားသည့်စာ ဖြစ်သည်။ ဤဝါဒနှစ်ခု၊ ဤအဘိဓမ္မာ

နှစ်ခုကို နှိုင်းယှဉ်ဖော်ပြထားသည့် စာပေါင်းများစွာကို ကျွန်ုပ် ဖတ်ဖူးသကဲ့သို့ပင် စာဖတ်ပရိသတ်များလည်း ဖတ်ဖူးပေလိမ့်မည်။ အကယ်၍ စာဖတ်သူသည် သမာသမတ်မျှတသည့် စိတ်ဓာတ် ရှိသူဖြစ်ခဲ့လျှင် ဤစာတမ်းကို ဖတ်ပြီးသည့်ခဏ၌ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ရေးသားသည့် စာများအနက် ဤစာသည် သမာသမတ်မျှတစွာ၊ တရားမှန်ကန်စွာ ဝေဖန်ရေးထားသည့် စာတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသွားလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါ၏။

သပိတ်တစ်လုံးသာလျှင် ကိုယ်ပိုင်ပစ္စည်းဟူ၍ သတ်သတ်မှတ်မှတ်ထားသည့် အာနန္ဒာကောသလ္လာယနကဲ့သို့သော ပုဂ္ဂိုလ်မျိုး၏ လွတ်လွတ်လပ်လပ် ရေးပြထားသည့် ဤနှိုင်းယှဉ်ချက်စာသည် အမှောင်ပယောဂတစ်ခုခု ပူးကပ်ခြင်း ခံနေရသူ တစ်ဦးတစ်ယောက်၏ ကယောင်ကတမ်း မြည်တမ်းခြင်းထက်လည်းကောင်း၊ နှစ်ဖက်ဝါဒနှင့် စပ်လျဉ်း၍ အသိဉာဏ်မပြည့်စုံသူ တစ်ဦးတစ်ယောက်၏ ဝေဖန်နှိုင်းယှဉ်ခြင်းထက်လည်းကောင်း သမာသမတ် မျှတမည်၊ တိကျမည်မှာ သဘာဝပင် ဖြစ်နိုင်ပါ၏။

အကယ်၍ ဤစာ၌ စာဖတ်သူ နားလည်လွယ်မည်မဟုတ်သည့် စာပိုဒ်များ ပါရှိနေပါလျှင် စာရေးသူ၏ ချို့ယွင်းချက်မဟုတ်ဘဲ ဘာသာပြန်သူ၏ ချို့ယွင်းချက်သာလျှင် ဖြစ်ကြောင်းကို ဝန်ခံလိုက်ပါသည်။

ဤစာကို မြန်မာပြန်ဆိုရာ၌ ကျွန်ုပ်သည် နေရာများစွာတွင် ပါဠိစကားလုံးများကို သုံးထားသည်။ ဤသို့သုံးခြင်းမှာ ဝေါဟာရထူးများကို ပါဠိစကားလုံးများဖြင့် သုံးသူများအား တိကျမှန်ကန်သည့် စကားလုံးများ ရရှိစေရန်နှင့် အနက်အဓိပ္ပာယ်ကို ထိထိမိမိ သိရှိသွားစေရန် ရည်သန်၍ သုံးထားခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါရှိသည့် ဝေါဟာရစကားထူးများ၏ အဘိဓာန်ကို စာအုပ်၏ နောက်ပိုင်းတွင် အကွာရာစဉ်နှင့် ဖော်ပြထားပါသည်။ ၄င်းပြင် စာဖတ်သူများ အလွယ်တကူ သိရှိနားလည်စေရန်အတွက် စာမျက်နှာအောက်ခြေ၌လည်း မှတ်ချက်များကို ပြုထားပါသည်။

ပါရဏ

၁၉၅၄ ခု ဖေဖော်ဝါရီလ ၉ ရက်

လင်းလွန်းခင်စာပေ

ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒ

ဒဿနပညာ(Philosophy - အဘိဓမ္မာ) ၏ ရှိရိုသမျှသော အဓိပ္ပာယ်ဖွင့် ထူးတို့သည် ဒဿနပညာထူး တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်(Difinition - ပရိဘာသာ) များသာလျှင် ဖြစ်ကြကုန်၏။ သို့ရာတွင် ဒဿနပညာ၏ အလွယ်ဆုံးအဓိပ္ပာယ်ဖွင့် သာမညကို ပြောရလျှင်မူ ´နက်နက်နဲနဲ တွေးခေါ်ခြင်း´ပင် ဖြစ်လေ၏။ မည်သည့် ဝတ္ထု၊ သို့မဟုတ် ကြိယာ (အပြုအမူ)နှင့် စပ်လျဉ်း၍ပဲဖြစ်ဖြစ် အပေါ်ယံ အကြမ်းဖျင်း အားဖြင့် စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ အတွင်းနှိုက်၍ နက်နက်နဲနဲ စဉ်းစားဆင်ခြင်ခြင်းကို ဆိုလိုသည်။

ဥပမာအားဖြင့် စားပွဲကို ဝိုင်းရံ၍ လူလေးယောက် ထိုင်နေကြသည်။ ၄င်းတို့၏ ရှေ့၌ စာအုပ်တစ်အုပ် ချထားသည်။ ထိုလေးယောက်စလုံးပင် ထိုနေရာ၌ စာအုပ်ရှိသည်ဟု ဝန်ခံကြ၏။ ဤကား သာမန် အကြမ်းဖျင်းအားဖြင့် ယူဆချက် စဉ်းစားချက် ဖြစ်၏။

တစ်ဖန် ဥပမာအားဖြင့် ဆိုကြပါစို့၊ လေးယောက်အနက် တစ်ယောက် ကသာလျှင် မျက်မှန်တပ်မထားဘဲ ကျန်သုံးယောက်မှာ မျက်မှန်ကိုယ်စီ တပ်ထား ကြသည်။ မျက်မှန်တပ်မထားသည့် မျက်စိသည် မျက်မှန်တပ်ထားသည် မျက်စိ များ မြင်တွေ့ရသည့် စာအုပ်၊ သို့မဟုတ် စာအုပ်၏ အသွင်အတိုင်း တစ်သဝေမတိမ်း

မြင်တွေ့ရသလော၊ အတိအကျ မပြောနိုင်ပေ။ ဤတွင် ပြဿနာပေါ်လာသည်။ ဘယ်စာအုပ်သည် စာအုပ်စစ် စာအုပ်မှန် ဖြစ်သနည်း။ မျက်မှန်တပ်မထားသည့် မျက်စိ မြင်ရသည့် စာအုပ်လော၊ မျက်မှန်တပ်ထားသည့် မျက်စိများ မြင်ရသည့် စာအုပ်လော။

တစ်ဖန် ပြဿနာပေါ်လာပြန်သည်။ မျက်မှန်တပ်ထားသည့် မျက်လုံးများ ကလည်း တစ်ဦးနှင့်တစ်ဦး ပါဝါတူ မဟုတ်ကြပေ။ မျက်မှန်ပါဝါ တစ်မျိုးစီနှင့် ထိုသုံးယောက် တွေ့မြင်ရသည့် စာအုပ်သုံးမျိုး၊ သို့မဟုတ် စာအုပ်အသွင်သုံးမျိုး အနက် ဘယ်စာအုပ်၊ ဘယ်စာအုပ်၏အသွင်သည် အစစ်အမှန်ဖြစ်သနည်း။ စာအုပ်စစ် စာအုပ်မှန်ကို မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့မမြင်ရ၊ ဤသို့လည်း မဖြစ်နိုင်သလော။ အကြောင်းမူကား လေးယောက်လုံး၏ မျက်လုံး၌ အနည်းနှင့်အများ ချိုယွင်းချက် ရှိချင်ရှိနေနိုင်သည်။ မျက်မှန်တပ်မထားသည့် လူ၏ မျက်စိကိုလည်း ချိုယွင်းချက် လုံးဝ ကင်းစင်သည်ဟု မဆိုနိုင်ပေ။ ပုဂ္ဂိုလ်လေးယောက်၏ မျက်လုံး ရှစ်လုံးစလုံး ချိုယွင်းချက်မကင်းဘူးဆိုလျှင် ချိုယွင်းချက် လုံးဝ ကင်းစင်သည့် ပကတိမျက်စိဖြင့် မြင်တွေ့ရသော စာအုပ်၊ သို့မဟုတ် စာအုပ်၏အသွင်ကို လေးယောက်အနက် ဘယ်သူ ဘယ်လိုလုပ်ပြီး မြင်တွေ့နိုင်မည်နည်း။ ဤသို့ စာအုပ် အစစ်အမှန်၊ သို့မဟုတ် စာအုပ်၏ အသွင်အပြင် အစစ်အမှန်ကို မည်သူမျှ မတွေ့မမြင်ဘူးဆိုလျှင်၊ မြင်တွေ့ရသည့်အရာသည် စာအုပ် အစစ်အမှန် အသွင်အပြင် အစစ်အမှန် မဟုတ်ဘူးဆိုလျှင် ဤမြင်တွေ့နေရသည့် စာအုပ်လေးမျိုး သို့မဟုတ် စာအုပ်အသွင်လေးမျိုးမှတစ်ပါး စာအုပ်စစ် စာအုပ်မှန်တစ်ခု ရှိသေးသည်ဟူ၍ ကျွန်ုပ်တို့၌ အထောက်အထား ရှိပါသလော။ စားပွဲပေါ်၌ စာအုပ်ဟူ၍ လုံးဝ မရှိ၊ ဤမြင်တွေ့နေရသည့် အသွင်အပြင် အမျိုးမျိုးပေါ်၌ အခြေတည်ပြီး၍ သာလျှင် ကျွန်ုပ်တို့သည် စာအုပ်တည်ရှိမှုကို ကြံဆခြင်း ဖြစ်လေသည်။ ဤသို့လည်း မဖြစ်နိုင်ဘူးလော။

တစ်ဖန် ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် ပြဿနာများထက် ပိုမို၍ ရှုပ်ထွေးသည့် ပြဿနာပေါ်လာပြန်သည်။ စာအုပ်ဟူ၍ ရှိသည်၊ သို့ရာတွင် ထိုစာအုပ်၏ အသွင်အပြင် အစစ်အမှန်ကို မမြင်ရ ဟူသော အချက်သည် မှန်ကန်သလော၊

သို့မဟုတ် စာအုပ်ဟူ၍ အမှန်အားဖြင့် မရှိ၊ သို့ရာတွင် ဣန္ဒြေ (Sense) ဖြင့် တွေ့ကြုံရသည့် အတွေ့အကြုံ၏ အပေါ်ခ္ခံသာလျှင် မူတည်၍ ကျွန်ုပ်တို့သည် စာအုပ်တည်ရှိမှုကို ကြံဆခြင်းဖြစ်သည် ဟူသော အချက်သည် မှန်ကန်သလော။

ဒဿန(Philosophy - အာဘိဓမ္မာ) လမ်းကျဉ်းထဲသို့ ဝင်သွားသည်နှင့် တစ်ပြိုင်နက် ပကတိမျက်စိဖြင့် မြင်တွေ့နေရသည့် စာအုပ်သည်ပင် မျက်စိမှ ကွယ်ပျောက်သွားသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

ဤစကြဝဠာလောက (သံသရာ)နှင့် စပ်လျဉ်း၍ ရှိရှိသမျှသော ဒဿနိုက အမြင် (Philosophical view - အာဘိဓမ္မာအမြင်ဖြင့်)၊ ဒဿနိုက အယူအဆ တို့သည် အနည်းနှင့်အများ အချို့မှာ တစ်ဖက်သို့ ညွှတ်ယိမ်း၍ အချို့က အခြား တစ်ဖက်သို့ ညွှတ်ယိမ်းလျက် ရှိကြသည်။ အချို့မှာ အတ္တဝါဒ (Idealism) နှင့် ဗြဟ္မဝါဒ (Egoism) ဘက်သို့ ညွှတ်ယိမ်း၍ အချို့က ယထာတ္ထဝါဒ (Objectism) နှင့် ဘူတိကဝါဒ (Materialism - ရုပ်ဝါဒ) ဘက်သို့ ညွှတ်ယိမ်း ကြသည်။

ဒဿနိုက အယူအဆ တစ်ခုသည် အကြင်မျှလောက် အတ္တဝါဒနှင့် ဗြဟ္မဝါဒဘက်သို့ ညွှတ်ယိမ်း၏။ ထိုမျှလောက်ပင် ထိုဒဿနိုကအယူအဆသည် ဗဟိဒ္ဓလောက၏ တည်ရှိမှုကို ငြင်းပယ်လေသည်။ ထိုဒဿနိုကအယူအဆ၏ အလိုအရဆိုလျှင် ဗြဟ္မ၊ သို့မဟုတ် အတ္တသည်သာလျှင် အမှန်ဖြစ်၍ ကမ္ဘာလောက သည် အမှားဖြစ်သည်။ ဗြဟ္မ၊ သို့မဟုတ် အတ္တသည် ရှိ၏။ ကမ္ဘာလောကသည်ကား ရှိကို မရှိပေ။ ဗြဟ္မသည် သူ့အလိုလိုပင် ထင်ရှား၍နေသည်။ ကမ္ဘာလောက၏ တည်ရှိမှုကား ဘယ်အထောက်အထားနှင့်မျှ မထင်ရှားပေ။

ဒဿနိုက အယူအဆတစ်ခုသည် အကြင်မျှလောက် ယထာတ္ထဝါဒ၊ သို့မဟုတ် ဘူတိကဝါဒဘက်သို့ ညွှတ်ယိမ်း၏။ ထိုမျှလောက်ပင် ထိုဒဿနက အယူအဆသည် အတ္တ၊ ပရမတ္ထ၊ သို့မဟုတ် ဗြဟ္မ၏ တည်ရှိမှုကို ငြင်းဆန်လေ သည်။ ဣန္ဒြေအမျိုးမျိုးဖြင့် မျက်မှောက်ကြုံတွေ့ သိရှိရသည့် ကမ္ဘာလောကသည် သာလျှင် အမှန်ဖြစ်သည်။ ကမ္ဘာလောက၏ တည်ရှိမှုသည် တွေ့ကြုံသိရှိနိုင်သည်။ အတ္တ၊ ပရမတ္ထ၊ သို့မဟုတ် ဗြဟ္မတို့သည်ကား လူတို့၏ မောဟသာလျှင် ဖြစ်လေ၏။

လင်းလွန်းခင်စာပေ

ဝိညာဏိက ဘူတိကဝါဒ (Dialectical Materialism - အနုပဋိ လောမရုပ်ဝါဒ)သည် ဝေါဟာရစကားနှစ်လုံး ပေါင်းစပ်ထားသည့် အနက်ထူး ဖြစ်လေ၏။ 'ဝိညာဏိက' ဟူသော ပုဒ်သည် သာမန်စာဖတ်သူအတွက် ဆိုင်ယင့် တစ်ဖစ် (Scientific သိပ္ပံနည်းကျ)ဟူသော အင်္ဂလိပ်စကားလုံး၏ အနက် ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌မူ 'ဝိညာဏိက'ဟူသော ပုဒ်သည် ဒိုင်ယာ လက်တီကယ် (Dialectical) ဟူသော အင်္ဂလိပ်စကားလုံး၏ အနက်၌ အသုံးပြု ထား၏။ ဗုဒ္ဓအဘိဓမ္မာ၌ 'ဝိညာဏ' (ဝိညာဉ်)သည် အမြဲမပြတ် ပြောင်းလဲလေ့ ရှိသည့် သဘောတရား ဖြစ်သည်။ ဟိန္ဒီဘာသာ၌ 'ဝိညာဏိက' ဟူသော ဝေါဟာရ ကို ဤအနက်အဓိပ္ပာယ်တွင် အသုံးပြုသည့်အလေ့မှာ ရာဟုလာသံကိစ္စည်းက အစပြုခဲ့သည်ဟု ကျွန်ုပ် အမှတ်ပြုမိသည်။

ဝိညာဏိက၏ အဓိပ္ပာယ်မှာ မပြတ် ပြောင်းလဲလေ့ရှိသောဟု ဆိုလို သည်။ ဤကမ္ဘာလောက၌ မည်သည့်အရာဝတ္ထုမျှ တစ်သဘောတည်း၊ တစ်ချိုး တည်း တည်တံ့မနေပေ။ ရှေ့နှင့်နောက် ဆက်စပ်လျက် ရှိသည့် ခဏနှစ်ခု၌ပင် တစ်ခဏနှင့် တစ်ခဏ မတူကြ။

ကျွန်ုပ်တို့သည် နေ့စဉ် နေ့တိုင်း တစ်ခုတည်း၊ တစ်သဘောတည်းသော ဂင်္ဂါမြစ်၌ ရေချိုးကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် တစ်ခုတည်း၊ တစ်သဘော တည်းသော ဂင်္ဂါမြစ်၌ မည်သည့်အခါမျှ ရေမချိုးရပေ။ ကျွန်ုပ်တို့ ပထမဆုံး စ၍ နှစ်လိုက်သည့်၊ ချိုးလိုက်သည့်ရေသည် မရှေးမနှောင်းပင် ပျောက်ကွယ်သွားလေ သည်။ ဤကား ကမ္ဘာလောက၏ နိယာမ သဘာဝတရား ဖြစ်၏။

[ဟိန္ဒီဘာသာ၌ ဝိညာဏိကဟူသောပုဒ်၏ သာမန်အနက်ကား ဆိုင်ယင့် တစ်ဖစ် (သိပ္ပံနည်းကျ) ဟု၍ဖြစ်သည်။ သို့ရာတွင် ဤ၌ ဗုဒ္ဓအဘိဓမ္မာမှ ဝိညာဏ ဟူသောပုဒ်ကို အဓိကပစ္စည်းနှင့်တွဲ၍ ဝိညာဏိကဟု ဒိုင်ယာလက်တီကယ် (အနု ပဋိလောမ) အဓိပ္ပာယ်၌ အသုံးပြုထားသည်။ ထိုသို့ သုံးခြင်းကို အာနန္ဒာက ရှင်းပြထားခြင်း ဖြစ်သည်။ ဟိန္ဒီဘာသာ၌ ဝိညာဏိကအပြင် ဒွန္ဒစသည်ဖြင့်လည်း အသုံးပြုသေးသည်။]

ဒုတိယစကားလုံးကား 'ဘူတိကဝါဒ'(Materialism - ရုပ်ဝါဒီ)

ဖြစ်သည်။ ဘူတိကဝါဒဟူသော စကားလုံးသည် ဒဿနပညာအတွက် စကားလုံး အသစ်အဆန်း မဟုတ်ပေ။ အိန္ဒိယ ရှေးဟောင်း ဒဿနိကဆရာများ (Philosopher) အတွက်ပင်လျှင် ဤစကားလုံးသည် အသစ်အဆန်း မဟုတ်ပေ။ ယခုမျက်မှောက်ခေတ်၌ မတီးရီးယဲလစ်ဇင်း(Materialism) ကို များစွာသော အိန္ဒိယဘာသာတို့ဖြင့် ဘူတိကဝါဒ ဟူ၍ လည်းကောင်း၊ ဇဒဝါဒ ဟူ၍ လည်းကောင်း ပြန်ဆိုကြသည်။

ဗုဒ္ဓဘာသာ၏ အလိုအားဖြင့် မြေ(ပထဝီ)၊ ရေ (အာပေါ)၊ မီး (တေဇော)၊ လေ (ဝါယော) လေးမျိုးသည် လည်းကောင်း၊ ဗုဒ္ဓဘာသာ မဟုတ်သော သူတို့၏ အလိုအားဖြင့် ကောင်းကင် (အာကာသ)နှင့် တကွသော ငါးမျိုးသည် လည်းကောင်း ဘူတ(Matter) မည်လေ၏။ ဤဘူတသည်ပင် စကြဝဠာ ကမ္ဘာလောကတစ်ခုလုံး ဖြစ်သည်။ ဤဘူတ ပေါင်းစပ်တည်နေခြင်းသာ ဖြစ်သည်။ ဤကမ္ဘာလောကအားလုံးသည် ပကတိဖြစ်သည်၊ အစေတနာ ဖြစ်သည်။ စေတနာ (Conscious Existence)အဖြစ်နှင့် ဘဝိရှိနေကြသည့် အရာမှာလည်း ဤပကတိ၊ ဤဘူတ လေးမျိုး၊ သို့မဟုတ် ငါးမျိုးမှသာလျှင် ပေါက်ဖွားဖြစ်ပေါ်လာသည်။ ဤကား ဘူတိကဝါဒ၏ အဓိပ္ပာယ်အကျဉ်းချုပ် ဖြစ်၏။

'ဘူတ'ဟူသည်ကား အဘယ်အရာနည်း၊ ဤသို့ ပြဿနာ ပေါ်လာလေသည်။ ဣန္ဒြေ(Sense - မျက်စိ စသည့် ဣန္ဒြေ) တစ်ခုခုဖြင့် သိနိုင်သည့်၊ သိရသည့် အရာသည် ဘူတမည်လေသည်။ သာမန် ပကတိမျက်စိဖြင့် မမြင်မတွေ့ရသော်လည်း မှန်ဘီလူး၏ အကူအညီဖြင့် မြင်တွေ့ရသော အရာဝတ္ထုသည်လည်း 'ဘူတ'၌ အကျုံးဝင်လေသည်။

ဤသို့အားဖြင့် ဝိညာဏိက ဘူတိကဝါဒသည် နိစ္စသဘောတရားကို ငြင်းပယ်သလို အဘူတိက (Non Material Existence) သဘောတရားကို လည်း ကန့်ကွက်လေသည်။ တစ်ဖက်တွင် နိစ္စသဘောတရားကို သဘောတူညီ၍ တစ်ဖက်တွင် ဘူတိက သဘောကို လေးလေးနက်နက် ထောက်ခံသည်ဟုလည်း ဆိုနိုင်လေသည်။ 'ဘူတ' အမှန်ပင် ဖြစ်၏။ သို့ရာတွင် ထိုဘူတသည် ရပ်တည်၍

မနေ၊ ၄င်းသည် စေတနာ မဟုတ်ပေ၊ သို့ရာတွင် ရွှေလျှားရှိနေ၏။ ရွှေလျှားခြင်းမှ ကင်းသော စေတနာသည်လည်း ဘာအသုံးကျမည်နည်း။

ဘူတိကအရာများ၏ ဤရွှေလျှားခြင်း၊ ပြောင်းလဲခြင်းသည် ဥပဒေနိယာမနှင့် မကင်းပေ။ ဤဘူတတွေ၊ သို့မဟုတ် စိမ်ခန့်ခွဲသူ၊ ဥပဒေစီရင်သူ မရှိလျှင် ဘူတ ကိုယ်တိုင်ပင် ဥပဒေနှင့် စပ်နေသည်၊ ဥပဒေနှင့် မှီနေသည်မှာ အမှန်ပင် ဖြစ်သည်။ ဘူတ၏ ရွှေလျှားခြင်း၊ ပြောင်းလဲခြင်းနှင့် ဆက်စပ်လျက်ရှိသော ဥပဒေနိယာမကား အဘယ်ကဲ့သို့သော ဥပဒေနိယာမမျိုးနည်း၊ ထိုဥပဒေနိယာမကား အရေအတွက်ပြောင်းလဲမှု (Quantitative change - ပရိမာဏ ပရိဝတ္တန) ဖြစ်ရင်း ဖြစ်ရင်း အရည်အချင်းပြောင်းလဲမှု(Qualitative Change - ဂုဏပရိဝတ္တန၊ Quantity- ပရိမာဏ၊ Quality- ဂုဏ) ဖြစ်ပေါ်လာခြင်း ဖြစ်၏။

လူ၏ ကိုယ်ကာယ၌ အနွေးဓာတ် ရှိလေသည်။ အကယ်၍ ထိုအနွေးဓာတ်သည် ဒီဂရီတက်လာပြီး ၉၉ ၏ နယ်နိမိတ်ကို ကျော်လွန်သွားလျှင် ကျွန်ုပ်တို့သည် ကျန်းမာသည့်လူကို လူမမာဟု သမုတ်ကြလေသည်။ အကယ်၍ ထိုအနွေးဓာတ်သည် ဆုတ်ယုတ်လာပြီး လူ၏ ကိုယ်ကာယသည် အေးစက်သွားလျှင် ကျွန်ုပ်တို့သည် ထိုလူကို သေပြီဟု ယူဆကြသည်။ ဤကမ္ဘာလောကရှိ မည်သည့် အရာဝတ္ထုနှစ်မျိုးမဆို ဤအရေအတွက်ပြောင်းလဲခြင်းနှင့် အရည်အချင်းပြောင်းလဲခြင်းတည်း ဟူသော ဥပဒေနိယာမဖြင့်သာလျှင် အချင်းချင်း ဆက်နွယ်၍ နေလေသည်။

ဗုဒ္ဓအဘိဓမ္မာသည် ထိုညာဏိက ဘူတိကဝါဒနှင့် အဘယ်မျှလောက်ဝေးသနည်း၊ သို့မဟုတ် အဘယ်မျှလောက် နီးသနည်း။ ထိုဒဿနနှစ်မျိုး၊ ထိုဝါဒနှစ်မျိုးသည် တစ်မျိုးနှင့်တစ်မျိုး၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဟု ဆိုရလောက်အောင်လည်း မဝေးပေ၊ ထိုဒဿနနှစ်မျိုး၊ ဝါဒနှစ်မျိုးသည် တစ်ထပ်တည်း၊ တစ်သဘောတည်းဖြစ်၏ဟု ယူဆရလောက်အောင်လည်း မနီးပေ။

ဗုဒ္ဓအဘိဓမ္မာ၏ အလိုအရ စကြဝဠာ ကမ္ဘာလောကကြီး (သံသာရ၊ သံသရာ)ကို တည်ထောင်ထားသည့် မူလတရား(Elements) အားလုံးသည် သခ်ါရ (Compound)ဖြစ်လေ၏။ သခ်ါရတရားတို့ဖြင့် တည်ထောင်ထားသည်

ဖြစ်သောကြောင့်သာလျှင် ကျွန်ုပ်တို့သည် ကမ္ဘာလောကကို သံသာရ(သံသရာ)ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် သံသရာကို ဓာတ်ခွဲရင်း ဓာတ်ခွဲ (Analysing) ရင်း ရှေ့သို့ထပ်၍ ဓာတ်ခွဲခြင်းငှာ မဖြစ်နိုင်သည်ဖြစ်၍ ရပ်တန့်လိုက်ရသည့် အဆင့်သို့ ရောက်ရှိသွားလျှင် ထို ရှေ့သို့ ထပ်၍ ဓာတ်ခွဲခြင်းငှာ မဖြစ်နိုင်သည်ဖြစ်၍ ရပ်တန့်လိုက်ရသည့် အဆင့်၌ ကျွန်ုပ်တို့ ရင်ဆိုင်ရသည့် မူလတရားတို့မှာလည်း 'သင်္ခါရမမ' (သင်္ခါရတရား)များသာလျှင် ဖြစ်ကုန်၏။ ဗုဒ္ဓဘာသာသည် ဤမူလတရားများ (Uncomsciousmess - ဘူတရုပ်) ကို ဇဒဟူ၍ လည်းကောင်း၊ စေတနာ(Consiousness - နာမ်) ဟူ၍ လည်းကောင်း ခွဲခြား မပြပေ။ ဗုဒ္ဓဘာသာ၏ 'သင်္ခါရတရား' များ၌ ဇဒနှင့် စေတနာ နှစ်မျိုးလုံး ပါဝင်နိုင်သည်။

ဤသင်္ခါရတရားတို့ကို အမြင်အမျိုးမျိုးအားဖြင့် နည်းပေါင်းများစွာ ခွဲခြမ်းစိတ်ဖြာ၍ ထားသည်။ ထင်ရှားသည့် ခွဲခြမ်းစိတ်ဖြာခြင်း တစ်ခုကား (၁)ရုပ် (Form- ရူပ)၊ (၂) ဝေဒနာ (Semsation)၊ (၃) သညာ(Perception)၊ (၄) သင်္ခါရ(Mental co-efficients)၊ (၅) ဝိညာဉ် (consciousmess) ဟူသော ပဋ္ဌာန်းနာ (ခန္ဓာငါးပါး) ဖြစ်လေ၏။

ဤခန္ဓာငါးပါး အစုအဝေးဖြစ်သော သံသရာကို နာမရူပသံသရာဟု ခေါ်ဆိုပြီးလျှင် နာမ်(Mind) နှင့် ရုပ်(Matter) ဟူ၍ အလွယ်အားဖြင့်လည်း ခွဲခြမ်းစိတ်ဖြာနိုင်သည်။

'နာမ်' ကြောင့် 'ရုပ်' ဖြစ်သလော၊ သို့မဟုတ် 'ရုပ်' ကြောင့် 'နာမ်' ဖြစ်သလော ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ ဒဿနိကဆရာများသည် အယူအဆ ကွဲလွဲလာခဲ့ကြသည်ဆိုသည့် အကြောင်းကို ကျွန်ုပ်တို့ ပြဆိုခဲ့ပြီးလေပြီ။ ဒဿနိကဆရာ အားလုံးသည် အနည်းနှင့်အများ တစ်ဖက်သို့ လည်းကောင်း၊ သို့မဟုတ် အခြားတစ်ဖက်သို့ လည်းကောင်း ညွှတ်ယိမ်းလျက် ရှိကြသည်။ အဗုဒ္ဓ ဒဿနိကဆရာများ (Non Buddhist philosopher - အခြားအာဘိဓမ္မာဆရာ) သာလျှင် မဟုတ်၊ ဗုဒ္ဓဒဿနိကဆရာများ (Buddhist philosopher -

ဗုဒ္ဓအာဘိဓမ္မာဆရာ) သည်ပင်လျှင် ဤနည်းအတိုင်း ဖြစ်၏။ သို့ရာတွင် ပါဠိ၊ သို့မဟုတ် ဗုဒ္ဓ၏ စကားတော်၌ မှတ်တမ်း တင်ထားသည့် ဗုဒ္ဓအာဘိဓမ္မာ၏ အနည်ကျကျ ယူဆချက်ကမူ နာမ်ကြောင့် ရုပ် ဖြစ်ပေါ်မှုကိုလည်း သဘောမတူပေ၊ ရုပ်ကြောင့် နာမ် ဖြစ်ပေါ်မှုကိုလည်း လက်မခံပေ။

ဘူတိကဝါဒ၏ အလိုအရဆိုလျှင် တစ်ချိန်တုန်းက ဘူတတစ်ခု တည်းသာလျှင် တည်ရှိခဲ့သည်။ ထိုဘူတ၌ အရေအတွက်ပြောင်းလဲမှုဖြစ်ရင်း ဖြစ်ရင်း အရည်အချင်းပြောင်းလဲမှု ဖြစ်ပေါ်လာပြီးလျှင် ထိုအကြောင်းကြောင့်ပင် နာမ်၊ သို့မဟုတ် စိတ်သည်လည်း ဖြစ်ပေါ်လာခြင်း ဖြစ်လေ၏။ ဗုဒ္ဓဘာသာကမူ 'ဘူတ' တစ်ခုတည်းသာလျှင် တည်ရှိ၍နေသည့် အချိန်တစ်ချိန်ကို အယူမရှိပေ။ အတိတ်ကို သိရသမျှ၊ သိလာခဲ့ရသမျှမှာလည်း လောက(သံသရာ)သည် နာမရူပ (နာမ်ရုပ်) လောကအဖြစ်ဖြင့်သာလျှင် တည်ရှိလာခဲ့သည်။

အကယ်၍ ဗုဒ္ဓအာဘိဓမ္မာ၏ အနည်ကျကျ ယူဆချက်သည် နာမ်ကြောင့် ရုပ်ဖြစ်သည် ဟူသော သဘောတရားကိုဖြစ်စေ၊ သို့မဟုတ် ရုပ်ကြောင့် နာမ် ဖြစ်သည် ဟူသော သဘောတရားကို ဖြစ်စေ လက်ခံလိုက်ပါမူ တစ်ဖက်ဖက်သို့ ညွှတ်ယိမ်းသွားလိမ့်မည်။ ဗုဒ္ဓဘာသာသည် မိမိ၏ မဇ္ဈိမပဋိပဒါ (အလယ်အလတ် လမ်းစဉ်) ကို စွန့်လွှတ်မထားပေ။ ဗုဒ္ဓဘာသာသည် အခြေအနေ အားလုံး၌ပင် လောက (သံသရာ)ကို နာမရူပလောက၏ အဖြစ်ဖြင့်သာလျှင် ကြံဆလေသည်။

ထိုမှတစ်ပါး အကယ်၍ ရှေးအစွန်ဆုံး အကြောင်းနှင့် စပ်လျှဉ်း၍ ပြဿနာ ပေါ်လာလျှင်လည်း ဗုဒ္ဓအာဘိဓမ္မာသည် ထိုအရေး၌ 'အညေယျဝါဒီ' (Beyond comprehensiom - မသိအပ်ဟု အယူအဆရှိခြင်း) ဖြစ်လေသည်။ အကြောင်းမူကား- 'ရဟန်းတို့၊ ဤသံသရာလောကသည် အစမရှိ၊ ရှေ့အစွန်းကို မမြင်ရပေ' ဟူ၍ ဗုဒ္ဓဘုရားသည် ဟောပြထားလေသည်။

ဤနေရာအထိမှ ကျွန်ုပ်တို့သည် ကမ္ဘာလောက (သံသရာ)သည် ဘူတိက (Materialist) ဟုတ်၊ မဟုတ် ဟူသော ပြဿနာနှင့် စပ်လျှဉ်း၍သာလျှင် ဆွေးနွေးလာခဲ့ကြသည်။ ယခုတစ်ဖန် ဝိသေသနပုဒ်ဖြစ်သော 'ဝိညာဏိက' (ဒိုင်ယာလက်တီကယ်လ်)ဟူသော စကားလုံးကို စဉ်းစားကြစို့။ ဝိညာဏိကသည်

'အနိစ္စ' နှင့် အနက်တူ ပရိယာယ် စကားလုံး ဖြစ်သည်။ ဤဒဿနိက အနက်အဓိပ္ပာယ်အားဖြင့် ဝိညာဏိက ဟူသော စကားကို ဗုဒ္ဓအာဘိဓမ္မာမှသာလျှင် ယူ၍သုံးထားခြင်း ဖြစ်သည်။ သို့အတွက် အကယ်၍ ကျယ်ဝန်းသော အနက်အဓိပ္ပာယ်အားဖြင့် ဤအချက်နှင့် စပ်လျဉ်း၍ ဗုဒ္ဓအာဘိဓမ္မာနှင့် ဝိညာဏိက ဘူတိကဝါဒ၌ ထူးခြားသည့် ကွဲပြားခြားနားချက် မရှိဘူးဆိုလျှင် မမှန်သည့်စကား ဟုတ်မည် မထင်ပေ။

ဒဿနနှစ်ခုလုံးသည် 'ဂတိ' (Motion or change - ရွှေ့လျားခြင်း၊ သို့မဟုတ် ပြောင်းလဲခြင်း)၏ အစဉ်မပြတ် ဖြစ်ပေါ်မှုကိုသာလျှင် အယူရှိသည် မဟုတ်၊ ထို'ဂတိ'၏ အစဉ်မပြတ် ဖြစ်ပေါ်မှုကို အမှန်သစ္စာတရား၏ အဖြစ်ဖြင့်လည်း ဒဿနနှစ်ခုလုံးကပင် စွဲမြဲ ယုံကြည်ထားကြသည်။ ဝိညာဏိက ဘူတိကဝါဒက အရေအတွက်ပြောင်းလဲမှုဖြစ်ရင်း ဖြစ်ရင်းက အရည်အချင်း ပြောင်းလဲမှုဖြစ်ပေါ်ခြင်းကို ပြောပြ၍ ဗုဒ္ဓအာဘိဓမ္မာက ပဋ္ဌိစ္စသမုပ္ပာဒ(ပဋ္ဌိစ္စသမုပ္ပာဒ် - The law of origination - အကြောင်းစွဲ၍ အကျိုးဖြစ်မှု) တရားကို ညွှန်ပြခြင်းသာလျှင် ထူးခြားချက် ရှိသည်။ ဤဒဿနနှစ်မျိုး၊ ဝါဒနှစ်မျိုးသည် လုံးဝ တူညီသည်ဟု မဆိုရသော်လည်း တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ဘက် မဟုတ်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။

'တစ်ခု ဖြစ်ပေါ်မှုကြောင့် အခြားတစ်ခု ဖြစ်ပေါ်ခြင်း' နှင့် 'တစ်ခု မဖြစ်ပေါ်မှုကြောင့် အခြားတစ်ခု မဖြစ်ပေါ်ခြင်း' ၌ ခွဲခြားမှတ်မရသည့် ဆက်စပ်ခြင်းသဘောတရား၏ အမည်သည် ပဋ္ဌိစ္စသမုပ္ပာဒ မည်လေ၏။ နဋ္ဌ ဖြစ်ပေါ်ခြင်းကြောင့် ဒိန်ခဲဖြစ်ပေါ်သည်၊ နဋ္ဌ မဖြစ်ပေါ်ခြင်းကြောင့် ဒိန်ခဲ မဖြစ်ပေါ်ပေ။ ဒိန်ခဲ၏ ဖြစ်ပေါ်မှုသည် နဋ္ဌ၏ ဖြစ်ပေါ်မှု၌ အခြေတည်လေသည်။ ဗုဒ္ဓအာဘိဓမ္မာ၏ အလိုအားဖြင့် ဖြစ်ပေါ်မှု မှန်သမျှသည် မှီ၍-စွဲ၍ ဖြစ်ပေါ်ခြင်း (ပဋ္ဌိစ္စသမုပ္ပာဒ်)သာလျှင် ဖြစ်ကုန်၏။ ဥပမာကား-

အဝိဇ္ဇာ (Ignorance) ဖြစ်ခြင်းကြောင့် သင်္ခါရ (Mental Co-efficients)၊ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဉ် (Consiousness)၊ ဝိညာဉ်ဖြစ်ခြင်းကြောင့် နာမ်ရုပ် (Mind-matter)၊ နာမ်ရုပ်ဖြစ်ခြင်းကြောင့် ဠာယတန

(Sense - organs - အာယတန) ခြောက်ပါး၊ ဣန္ဒြေခြောက်ပါး ဖြစ်ခြင်းကြောင့် ဖဿ (Contact - တွေ့ထိမှု)၊ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ (Feeling - ခံစားမှု၊ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ (Thirst)၊ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် (Grasping - ဥပါဒါန)၊ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ (Existence)၊ ဘဝ ဖြစ်ခြင်းကြောင့် ဇာတိ (Birth)၊ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာ(Old age)၊ မရဏ (Death)၊ သောက (Regret)၊ ပရိဒေဝ(Lamentation) စသည့် ဒုက္ခဟူသမျှ-

ရှေ့နှင့်နောက် ဆက်စပ်လျက်ရှိသော ခဏနှစ်ခု၌ ဖြစ်ပေါ်မှု(Existence) နှစ်မျိုး၏ တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းကို 'တူလည်း မတူ၊ လုံးဝလည်း မခြားနား' ဟူ၍ ရှင်းလင်း ပြောပြနိုင်လေသည်။

အကယ်၍ နို့နှင့် ဒိန်ခဲ၌ ဘာထူးခြားချက်မျှ မရှိဘူးဆိုလျှင် 'နိစ္စ' (Permanency)သဘောသည် တိုးဝင်လာလိမ့်မည်။ ၄င်းပြင် နို့နှင့် ဒိန်ခဲသည် တစ်ခုနှင့်တစ်ခု လုံးဝ ကွဲပြားခြားနားသည်ဟုဆိုလျှင် 'ဥစ္ဆေဒ'(Annihilation) သဘောသည် တွဲဖက်လာလိမ့်မည်။

ဗုဒ္ဓအဘိဓမ္မာသည် 'နိစ္စ'သဘောကိုလည်း သဘောမကျပေ၊ 'ဥစ္ဆေဒ' သဘောကိုလည်း လက်မခံပေ။ ဤအချက်၌လည်း ဗုဒ္ဓဘာသာသည် မဇ္ဈိမပဋိပဒါ (အလယ်အလတ်လမ်းစဉ်) ဝါဒကို လက်မလွှတ်ပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ ဒဿနိက သဘောတရား(Philosophical theory)ကား ပဋိစ္စသမုပ္ပာဒ (ပဋိစ္စ သမုပ္ပာဒ်) ဖြစ်လေ၏။

အထက်တွင် ပြဆိုခဲ့သည့်အားလျှော်စွာ ဒဿနနှစ်ခု၊ ဝါဒနှစ်ခု သဘောတူညီသည့်အချက် နှစ်ချက်အနက် တစ်ချက်မှာ အတ္တ (Soul) နှင့် ပရမတ္တ (God- ထာဝရ)၏ တည်ရှိမှုကို မယုံကြည်ခြင်းဖြစ်၍ အခြားတစ်ချက်က သဒ္ဒ-ပမာဏ (Revelation or the autority of the word - စာအထောက်အထား၊ စကားအထောက်အထား၊ စာတွေ့)ကို လက်မခံခြင်းပင် ဖြစ်သည်။ အမှန်စင်စစ် မူကား ပရမတ္တ၊ သို့မဟုတ် ဗြဟ္မ၏ တည်ရှိမှုကို အယူမရှိလျှင် သဒ္ဒပမာဏလည်း အဓိပ္ပာယ်မရှိတော့ပေ။

လင်းလွန်းခင်စာပေ

ဝိညာဏိက ဘူတိကဝါဒသည် ပစ္စက္ခပမာဏ (Direct perceptin -မျက်မှောက်အထောက်အထား ငါတွေ့)ကိုသာလျှင် ပမာဏ ဟူ၍ မှတ်ယူလေသည်။ အနုမာန (Inference- တွေးဆခြင်း) ကိုလည်း ပစ်ပယ်မထားပေ။ ဗုဒ္ဓအာဘိဓမ္မာသည်လည်း ပစ္စက္ခပမာဏနှင့် အနုမာနကို လက်ခံသဘောတူလေသည်။ ဝါဒနှစ်ခုလုံးက သဒ္ဒပမာဏ (စာတွေ့)ကို ငြင်းပယ်သည်မှာ ထင်ရှားပေ၏။ ဗုဒ္ဓဝါဒ (Rationalism - ဆင်ခြင်တုံဝါဒ) နှင့် သဒ္ဒပမာဏဝါဒကို ပေါင်းစပ်ညှိနှိုင်းဖို့ရန်မှာ မဖြစ်နိုင်သည့်အရာ ဖြစ် သည်။

မာ့ဂ်စ်ဝါဒီ ဒဿနိကဆရာ (Marxist Philosopher - မာ့ဂ်စ်ဝါဒီ အာဘိဓမ္မာဆရာ) တို့က ''ရှေးအတိတ်က ဒဿနိကဆရာတို့သည် ကမ္ဘာလောက (သံသရာ)ကိုသာလျှင် ရှင်းလင်း ပြောပြကြသည်။ သူတို့၏ အလုပ်မှာကား ကမ္ဘာလောကကို ပြောင်းလဲရန် ဖြစ်သည်'' ဟု ပြောဆိုကြသည်။ မာ့ဂ်စ်ဝါဒီဒဿနသည် ယခုခေတ် ကမ္ဘာလောကကို ပြောင်းလဲရာ၊ တည်ဆောက်ရာ၌ တော်လှန်မှုကို အကူအညီယူနေသည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ သို့ရာတွင် မည်သည့်ဒဿနမဆို၊ အထူးအားဖြင့် မည်သည့် အိန္ဒိယဒဿနမဆို လက်တွေ့ ကျင့်သုံးမှု မရှိဘဲ သဘောတရားအဖြစ်နှင့်သာလျှင် တည်ရှိနေလျှင် ဒဿနဟူသော အမည်ကို မခံယူထိုက်ပေ။ ဒဿနဟူသမျှသည် မိမိသဘောတရားကို လက်တွေ့ ကျင့်သုံးရန် ခွင့်ပြုရလေသည်။

ဗုဒ္ဓဒဿန (အာဘိဓမ္မာ)သည် တစ်ဖက်က ကမ္ဘာလောက(သံသရာ) ၏ ဒုက္ခအကြောင်းကို ရှင်းလင်းပြောပြသလို တစ်ဖက်ကလည်း ထိုဒုက္ခ၏ ချုပ်ငြိမ်းကြောင်း နည်းဥပါယ်ကို ညွှန်ပြလေသည်။

ဝိညာဏိက ဘူတိကဝါဒ၏ လက်တွေ့ ကျင့်သုံးမှုအရဆိုလျှင် ပုဂ္ဂလိကပိုင် ပစ္စည်းကို ပယ်ဖျောက်မှုနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းထားခြင်း သဘောတရားကို အားပေးထောက်ခံသူများကို ပယ်ဖျောက်မှုသည် လူသားကောင်းစားရေးအတွက် မလွဲမရှောင်သာသည့် စည်းကမ်းချက်ကဲ့သို့ ဖြစ်နေပေသည်။ ယခုခေတ်တွင် အားလုံးသော ပစ္စည်းဝတ္ထုကို အမြတ်တည်းဟူသော မူလအခြေခံ ရည်ရွယ်ချက်ဖြင့်သာလျှင် ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းပြုလုပ်နေကြသည်။ ပစ္စည်းဝတ္ထုကို ထုတ်လုပ်ခြင်း၊

ဖြန့်ဝေခြင်း၏ မူလအခြေခံ အမြတ်ဟူသော ရည်ရွယ်ရင်း ရှိနေသမျှ ကာလပတ်လုံး လူသားကောင်းစားရေးသည် ဖြစ်နိုင်မည် မဟုတ်ပေ။ ယခုခေတ် ကုန်ပစ္စည်း ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၏ မူလအခြေခံ ''လာဘ'' တစ်ခုတည်း သာလျှင် မူတည်ထားသည်။ ထို''လာဘ''၏ အခြေခံ ဘာရှိသနည်း၊ ဤသို့ ပြဿနာ ပေါ်လာသည်။ အဖြေကား ''လောဘ''ဖြစ်သည်။ အကယ်၍ ဒဿန(အဘိဓမ္မာ) တစ်မျိုးသည် ''လာဘ''ကို တိုက်ပွဲဆင်၍ အခြားဒဿန (အဘိဓမ္မာ) တစ်မျိုးက ''လောဘ''ကို တိုက်ပွဲဆင်နေသည်ဖြစ်လျှင် ထိုဒဿနနှစ်မျိုး၊ ဝါဒနှစ်မျိုးကို တစ်မျိုးနှင့် တစ်မျိုး၊ တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက်ဟု အဘယ်ကဲ့သို့ မှတ်ယူ ရမည်နည်း။

ဝိညာဏိက ဘူတိကဝါဒကို လက်တွေ့ကျင့်သုံးသော အစုအရုံးကား ဆိုရှယ်လစ်ဝါဒီများ၏ သံဃ(ကွန်မြူနှိ)ဖြစ်၏။ ထို သံဃ (ကွန်မြူနှိ)၌ ပုဂ္ဂလိကပိုင်ပစ္စည်းအတွက် နေရာမရှိရပေ။ ဗုဒ္ဓအဘိဓမ္မာ၊ ဗုဒ္ဓဝါဒကို လက်တွေ့ကျင့်သုံးသော အစုအရုံးကား ရဟန်းများ၏ သံဃ ဖြစ်၏။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဟု ထင်နေရသော ဒဿနနှစ်မျိုး၊ ဝါဒနှစ်မျိုး၏ လက်တွေ့ကျင့်သုံးမှု၌ ဤတူညီချက်သည် သေးငယ်သည့် တူညီချက် ဟုတ်နိုင်ပါမည်လော။

သို့ရာတွင် ဤဒဿနနှစ်မျိုး၊ ဝါဒနှစ်မျိုး၌ ကြီးမားသည့် ထူးခြားချက် တစ်ခုလည်း ရှိသည်။ ဆိုရှယ်လစ်ဝါဒီတို့၏ သံဃ(ကွန်မြူနှိ)၌ မနသိကအလုပ်၊ ကာယိကအလုပ် နှစ်မျိုးလုံးကို လုပ်သည့် လူအမျိုးမျိုး နေနိုင်သည်။ ဘိက္ခုသံဃ၌မူကား မနသိကအလုပ်ကို လုပ်သည့် ပုဂ္ဂိုလ်များသာလျှင် နေရသည်။ ဆိုရှယ်လစ်ဝါဒီတို့၏ သံဃ(ကွန်မြူနှိ)၌ မနသိက၊ ကာယိက လုပ်အားဖြင့် ပြုလုပ်ရရှိသည့် သုံးဆောင်ခံစားဖွယ် ပစ္စည်းများကို လိုအပ်သည့်အားလျော်စွာလည်းကောင်း၊ သို့မဟုတ် အလုပ်အားလျော်စွာလည်းကောင်း ညီတူမျှတူ ခွဲဝေစားသုံးရခြင်းတည်း ဟူသော ရည်မှန်းချက် ထားရှိသည်။ ဘိက္ခုသံဃ၌မူကား အခြားပုဂ္ဂိုလ်များဆီက အလှူဒါနအဖြစ်ဖြင့် ခံယူရရှိသည့် ပစ္စည်းကိုသာလျှင် ညီတူညီမျှခွဲဝေ၍ စားသုံးရ လေသည်။

အကယ်၍ ပဋ္ဌလက်နည်းအရ ဖြစ်စေ၊ သို့မဟုတ် လူမှုတော်လှန်ရေး

အရ ဖြစ်စေ ယခုခေတ် လူ့လောက၊ လူ့အဖွဲ့အစည်းတစ်ခုလုံးသည် ပုဂ္ဂလိကပိုင် ပစ္စည်းထားခြင်းကင်းသည့် သံယတစ်ခုအဖြစ် ပြောင်းလဲသွားပါလျှင် ဤ မနသိကလုပ်အားနှင့် ကာယိကလုပ်အား ကွဲပြားခြားနားမှုသည်လည်း ပစ္စည်းထုတ်လုပ်သူနှင့် အလျှဒါနခံယူသူ၏ ကွဲပြားခြားနားမှုနှင့် အတူတကွ ပျောက်ကွယ်သွားနိုင်သည်ဟု ကျွန်ုပ် ထင်မြင်သဘောရရှိသည်။

ဤထူးခြားချက်များကား အရေးအတကြီး ပြဋ္ဌာန်းသည့်အချက်များ မဟုတ်ပေ။ ယနေ့အထိ ပညာသင်ကြားပေးခြင်း၏အစား အလျှဒါနကို ခံယူခြင်းဖြင့် ရောင့်ရဲနေကြသည့် ဗုဒ္ဓဘာသာရဟန်းများသည် ထိုပြောင်းလဲသွားသည့် ခေတ်၌ ၄င်းတို့ စွမ်းဆောင်နိုင်သည့် လူမှုတာဝန်ကို ထမ်းရွက်ခြင်း လုပ်အားအစားလုပ်ခကို လက်ခံဖို့ရန် နှောင့်နှေးနေလိမ့်မည် မဟုတ်ပေ။ အကယ်၍ ဤမပြောပလောက်သည့် စည်းစနစ် ပြုပြင်ပြောင်းလဲမှုကို လက်ခံလိုက်ရုံမျှဖြင့် ကမ္ဘာလောက၏ သံယကြီးတစ်ခုအဖြစ် ဖြစ်မြောက်ရေး၌ အကူအညီ အထောက်အပံ့ ဖြစ်မည်ဆိုပါလျှင် ရဟန်းများသည် ဤကိစ္စအတွက် ဦးလေးမနေသင့်ပေ။ ရှေ့တန်းသို့ ထွက်လာသင့်ပေသည်။

ဤ "သံယံ သရဏံ ဂစ္ဆामိ" သည် အဘယ်ကဲ့သို့ ဖြစ်ပေါ်လာခဲ့သနည်း။ လူသားကောင်းစားရေး စိတ်ဓာတ်ဖြင့် လှုံ့ဆော်အပ်သည့် ကိုယ်ကျိုးစွန့်လွှတ်မှု (Self-Sacrifice) အားဖြင့်လော၊ သို့တည်းမဟုတ် မလွဲမရှောင်သာသည့်အရာဟု ဆိုအပ်သော လူတန်းစားတိုက်ခိုက်မှု (Class Struggle) အားဖြင့်လော၊ အကယ်၍ ကျွန်ုပ်တို့သည် ပထမအချက်ကို လက်ခံဖို့ရန် အသင့်မရှိလျှင်လည်း ဒုတိယအချက်ကမူ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်၌ ရှိနေပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းငါးထောင် အတွေ့အကြုံကို မိမိ၏ ကျောပေါ်၌ ပိုးလျက် ရာဇဝင်အာဘိုးကြီးသည် ကျွန်ုပ်တို့အား "အသင် ဘယ်လမ်းကို လိုက်မလို့လဲ" ဟူသော မေးခွန်းကို မေး၍ နေလေသည်။

❑

လင်းလွန်းခင်စာပေ

ရာဟုလာသံကိစ္စည်း

၅၊

ကွန်မြူနစ်ဝါဒသာလျှင်

အဘယ်ကြောင့်

နိဒါန်း

ခရစ်နှစ် ၁၉၁၈ ခုနှစ်၌ ကျွန်ုပ်သည် ကွန်မြူနစ်လူလောက ရုပ်ပုံကားချပ်တစ်ခုကို ရေးဆွဲရန် အကြံဖြစ်ပေါ်ခဲ့လေသည်။ ထိုပုံ၏ ပုံကြမ်းကိုလည်း ကျွန်ုပ်သည် ထိုစဉ်ကပင် စထားလိုက်လေသည်။ သို့ရာတွင် ၁၉၂၁ ခုနှစ် အထိ ရှေ့သို့ တိုးခွင့် မရခဲ့။ ၁၉၂၁ ခုနှစ်က ကြိုးပမ်းချက်မှာလည်း မစုံမလင် တစ်ပိုင်းတစ်ပျက်နှင့် ကျေနပ်ဖွယ် မရှိပြန်ရကား တစ်ဖန် ၁၉၂၃ ခုနှစ်တွင်မှ ကျွန်ုပ်သည် ၄င်းကို အပြီးသတ်လိုက်ရပါသည်။ ထိုရုပ်ပုံကားချပ်သည် 'နှစ်ဆယ့်နှစ်ရာစု' ဟူသော အမည်ဖြင့် ၁၉၃၁ ခုနှစ်၌ စာဖတ်သူများ၏ ရှေ့မျှောက်တွင် ရောက်လာခဲ့ပြီးလေပြီ။ ထိုအချိန်က ကျွန်ုပ်သည် ဤစာအုပ်ငယ်ကလေးကို ရေးဖို့ ရည်ရွယ်ချက်မရှိခဲ့။ သို့ရာတွင် ဟိန္ဒီဘာသာ၌ ဤကဲ့သို့ ကွန်မြူနစ်ဝါဒနှင့် စပ်လျဉ်းပြီး ရေးသားထားသည့် စာအုပ်မျိုး တစ်အုပ်တလေမျှ မရှိခြင်းမှာ မသင့်လျော်ဟု ယူဆမိလေ၏။ ၁၉၃၃ ခု ဥရောပခရီးမှ ပြန်လာစဉ် သင်္ဘောပေါ်၌ပင် ကျွန်ုပ်သည် ဤစာအုပ်၏ အကြမ်းကို တို့ထားလိုက်သည်။ ၁၉၃၃ ခု၌ပင် ရေးမည်ဟု ရည်မှန်းထားလေသည်။ သို့ရာတွင် ၁၉၃၃ ခုနှစ် နွေရာသီအတွက် ကျွန်ုပ်လုပ်သည့် အလုပ်များမှာ အချိန်ကာလ အတိုင်းအထွာဖြင့် ကြည့်လျှင် အဆမတန် များ၍ နေ၏။ သို့ဖြစ်၍ ဤစာအုပ်ကို မရေးဖြစ်ခဲ့ပေ။ ယခု လာဆာ၌ နေထိုင်သည့်အခါမှ ဤစာအုပ်ကို ရေးဖြစ်အောင်ရေးမည်ဟု ပထမကပင် ဆုံးဖြတ်ချက် ချလိုက်လေ၏။ ယနေ့ကား ထိုဆုံးဖြတ်ချက် ပြည့်စုံအောင်မြင်တော့မည်။

လင်းလွန်းခင်စာပေ

ဤစာအုပ်သည် အင်္ဂလိပ်ဘာသာအားဖြင့် လည်းကောင်း၊ သို့မဟုတ် အခြားသော ဘာသာအားဖြင့်လည်းကောင်း ရေးသားထားသော ကွန်မြူနစ်ဝါဒနှင့် စပ်လျဉ်းသည့် စာကောင်းပေမွန်တို့ကို မဖတ်နိုင်သည့် ပုဂ္ဂိုလ်များအတွက် ရေးသားထားသည့်စာအုပ် ဖြစ်သည်။ 'နှစ်ဆယ့်နှစ်ရာစု'ကို ရေးသားသည့် အချိန်ကာလ အထိ စာရေးသူသည် ဓနဗေဒနှင့် ကွန်မြူနစ်ဝါဒ အသိဉာဏ်ဗဟုသုတ လုံးဝ မရှိသေးပေ။ ဤစာအုပ်ကို ရေးစဉ်ကာလ၌ ကွန်မြူနစ်ဝါဒ အသိဉာဏ်ဗဟုသုတနှင့် စပ်လျဉ်း၍ ထိုကဲ့သို့ မဆိုနိုင်သော်လည်း စာရေးသူ၌ ရှိနေသော ကွန်မြူနစ်ဝါဒ အသိဉာဏ် ဗဟုသုတမှာ မပြောပလောက်သေးပေ။ ဤကျမ်းမှာ အထူးအားဖြင့် မိမိ၏နှလုံး၌ လှုပ်ရှားထကြွနေမှုကို ငြိမ်းအေးသွားစေရန် ရေးသားခြင်းဖြစ်လေ၏။ ယခုခေတ် ယဉ်ကျေးမှုနှင့် လည်းကောင်း၊ ယခုခေတ် ယဉ်ကျေးမှု၏ ပစ္စည်းဝတ္ထုများနှင့် လည်းကောင်း အလှမ်းကွာဝေးလှသော လာဆာမြို့၌ ရေးရခြင်းဖြစ်သောကြောင့် စာရေးသူသည် လိုအပ်သည့် စာအုပ်များမှ အကူအညီ အနည်းငယ်မျှ မရရှိခဲ့ပေ။ ဤစာအုပ်ကို ကလောင်၊ စက္ကူ၊ မင်၊ ဦးနှောက်၏ အကူအညီဖြင့်သာ လျှင် ရေးလိုက်ရခြင်းဖြစ်၏။ သို့ဖြစ်၍ ဤကဲ့သို့သော အလုပ်မျိုး၌ ချို့ယွင်းချက် မရှိဘူးဆိုလျှင် အလွန်အံ့ဩဖွယ်ရာ ဖြစ်နေပေလိမ့်မည်။

လာဆာ(တိမက်) ရာဟုလသံဃာယန

၂၈၊ ၈၊ ၃၄။

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်းမှ

'ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့်' သည် ၁၉၃၄ ခုနှစ်၌ ရေးသားသည့်စာအုပ် ဖြစ်၏။ ထိုစဉ်က ဟိန္ဒီဘာသာတွင် ဤကဲ့သို့သော စာအုပ်မျိုး လုံးဝမရှိသေးပေ။ ဤစာအုပ်ငယ်ကို လူများ နှစ်သက်ကြကြောင်း တွေ့ရှိရ၍ စာရေးသူသည် မိမိ၏ အောင်မြင်မှုအတွက် ကျေနပ်ခြင်း ဖြစ်ရပေသည်။ ယခုအကြိမ် ထုတ်ဝေခြင်း၌ ကျွန်ုပ်သည် အချို့နေရာများတွင် ပြင်ပေးလိုက်လေသည်။ စာဖတ်သူသည် စာသားကို ပြန်မချို့ဘဲနှင့် နောက်ထပ် တိုးဖို့ရာသာ လိုလားပေလိမ့်မည်။ ကျွန်ုပ်ကလည်း ထိုသို့ ပြုလုပ်ဖို့ရာပင် ဖြစ်သည်။ သို့ရာတွင် ယခုအချိန်၌ ထိုသို့လုပ်ဖို့ရာ မလိုတော့။ အကြောင်းမူကား ကွန်မြူနစ်ဝါဒနှင့် စပ်လျဉ်းပြီး ကျယ်ကျယ်ဝန်းဝန်း သိလိုသူများအတွက် ကျွန်ုပ်သည် သီးခြားစာအုပ်များကို ရေးသားပြီးလေပြီ။ ယခုခေတ် ဝိဇ္ဇာ(သိပ္ပံ)ပညာသည် မည်သို့မည်ပုံ ကွန်မြူနစ်အမြင်ကို ထောက်ခံသည်ဆိုသည့် အကြောင်းအရာအတွက် 'ကမ္ဘာလောက၏ အခြေခံ' စာအုပ်ကို ဖတ်ကြည့်ပါ။ လူ့လောကသည် တစ်စ တစ်စနှင့် ပြောင်းလဲတိုးတက်လာရင်း တစ်ခုသောအဆင့်သို့ ရောက်လာသည့်အခါ အဘယ်ကြောင့် ကွန်မြူနစ်ဝါဒ ပေါက်ဖွားလာရသည်ဆိုသည့် အကြောင်းအရာအတွက် 'လူ့လောက' ဟူသော စာအုပ်က အဆင်သင့် ရှိနေပေသည်။ ကွန်မြူနစ် အာဘိဓမ္မာအတွက် ဝိဇ္ဇာနည်းကျ ဘူတိကဝါဒကို လည်းကောင်း၊ အရှေ့တိုင်းနှင့် အနောက်တိုင်း အာဘိဓမ္မာများကို ကွန်မြူနစ်အမြင်အားဖြင့် သုတေသနပြုလုပ်ရန်အတွက် 'အာဘိ

ခမ္ဘာစံပြ' ကိုလည်းကောင်း ရေးသားပြီးလေပြီ။ ရာဇဝင်သမိုင်းသည် လျှောက်သွားရင်း လျှောက်သွားရင်း ကွန်မြူနစ်ဝါဒ တံခါးဝသို့ မည်သို့မည်ပုံ ရောက်သွားရသည် ဆိုသည်ကို ဝတ္ထုများဖြင့် ဖတ်လိုမူ 'ဗော်လဂါမှ ဂင်္ဂါသို့' က အသင့်ရှိနေသည်။

ထိုမှတစ်ပါး ကွန်မြူနစ်ဝါဒ၏ ဆရာဆရာကြီးများဖြစ်ကြသော မာ့ဂ်စ်၊ အင်ဂေလ်စ်၊ လီနင်၊ စတာလင် တို့၏ ကျမ်းစာပေါင်းများစွာကိုလည်း ကျွန်ုပ်သည် ဟိန္ဒီဘာသာဖြင့် ဘာသာပြန်ဆိုခဲ့ပြီးလေပြီ။ ထိုအကြောင်းများကြောင့် ကျွန်ုပ်သည် ဤစာအုပ်ကို စာအုပ်ငယ်အဖြစ်ဖြင့်သာလျှင် ဆက်လက်ထားလိုက်သည်။ နှစ်နှာရီသုံးနာရီအတွင်း ကွန်မြူနစ်ဝါဒအကြောင်းကို သိလိုသူများအတွက် ဤစာအုပ်သည် အဝင်တံခါးဝပင် ဖြစ်ပါ၏။ အချိန်များများ ပေးလိုသူများအတွက်မူ အခြားသော ကျမ်းများက အဆင်သင့် ရှိနေပေသည်။

ကိတာမ်-မဟာလ်

ပရဟာဘာ်

၃၀၊ ၇၊ ၁၉၃၄။

ရာဟုလသံကိစ္စာယန

လင်းလွန်းခင်စာပေ

လူစတင်ဖြစ်ပေါ်လာမှုနှင့် တစ်စ တစ်စ တိုးတက်လာမှု

ကွန်မြူနစ်ဝါဒသည် လူ၏ တစ်စ တစ်စ တိုးတက်ပြောင်းလဲလာမှု၏ အဆင့်တစ်ဆင့်မှ အသီးအပွင့် ဖြစ်သည်။ သို့ဖြစ်၍ ဝါဒ၏ သဘောသရုပ်ကို ရေရေလည်လည် နားလည် သဘောပေါက်ဖို့ရန်အတွက် ကျွန်ုပ်တို့သည် လူ မည်ကဲ့သို့ စတင်ဖြစ်ပါလာသည်၊ ထို့ပြင် မည်ကဲ့သို့ တစ်စတစ်စ တိုးတက် ပြောင်းလဲလာသည်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ ဝိဇ္ဇာ(လောကဓာတ်) ပညာရှိများ၏ အယူအဆကို သိထားဖို့ရန် အထူးလိုအပ်ပေသည်။ ဤစာအုပ်သည် အိန္ဒိယပြည်၏ အခြေအနေကို အထူးအားဖြင့် ရည်ရွယ်၍ ရေးသားသည့်စာအုပ်ဖြစ်ခြင်းကြောင့် လူ၏ တစ်စတစ်စ တိုးတက်လာပုံကို ရေးရာ၌ အိန္ဒိယပြည်ကိုသာလျှင် အထူးသဖြင့် အဓိကထား၍ ရေးသားအပ်ပေသည်။

ဝိဇ္ဇာ(သိပ္ပံ) ပညာရှိ နက္ခတ္တဗေဒဆရာများ၏ အလိုမှာ နှစ်ပရိစ္ဆေဒအားဖြင့် သန်းပေါင်းများစွာအလွန်က နေသည် သူ၏ ဂြိုဟ်ကြီး၊ ဂြိုဟ်ငယ်များနှင့် အတူတကွ အလုံးကြီးတစ်ခုသာလျှင် ဖြစ်ခဲ့လေသည်။ ထိုအချိန်က နေသည် အထူးပင် ပူပြင်းလှပေသည်။ ပထဝီမြေကြီးနှင့် အင်္ဂါဂြိုဟ် စသောဂြိုဟ်များဖြစ်မည့် အရာများမှာလည်း အခိုးအငွေ့အဖြစ်ဖြင့် တည်ရှိနေ၍ နေလုံးသည် ထိုအချိန်က အလွန်ခရီးဝေးဝေးသို့အထိ ပြန့်၍နေလေသည်။ ထိုအချိန်က နေသည် ယခုအခါထက် အဆများစွာ ပို၍ကြီးမားသော်လည်း ကောင်းကင်တစ်ပြင်လုံးကို မဝှမ်းပေ။ ညဉ့်အခါသမယ၌ မြင်တွေ့ရသော ဂဏန်းမှန်းဆ၍မရသည့် ကြယ်တာရာတို့

တွင်လည်း ကြယ်တာရာပေါင်း ကုဋေကုဋာတို့သည် ထိုအချိန်က နေလောက်ပင် ကြီးမားကြလေသည်။ သို့ရာတွင် ထိုကြယ်တာရာများဖြင့် ကောင်းကင်တစ်ပြင်လုံး ငုံမိသွားသလော။ ထိုကြယ်တာရာတို့မှာ ကောင်းကင်ပြင်၌ အပြောကျယ်သည့် သမုဒ္ဒရာတွင် တစ်စင်းထီးတည်း ကူးနေသည့် သင်္ဘောနှင့် ပမာတူလှပေသည်။ (နေ၏ အနီးအနားတစ်ဝိုက်ရှိ အစိတ်အပိုင်းမှလွဲ၍ ကျန်ကောင်းကင်ပြင် တစ်ခုလုံး မှာမူ ထိုစဉ်ကလည်း ယခုကဲ့သို့ပင် အလွန်အေးလေသည်။) အချိန်တစ်ချိန်တွင် ကောင်းကင်ပြင်ရှိ ဝေးကွာသော နေရာတစ်ခုဆီမှ ကြီးမားသည့် ကြယ်ကြီးတစ်ခု သည် နေရှိရာဘက်သို့ ရွှေ့လာသည်။ ထိုကြယ်သည် နေ၏အနီးသို့ ကပ်လာလေ လေ နေ၏ အင္ဂေ့သမုဒ္ဒရာထဲ၌ ဒီရေထလာလေလေ ဖြစ်လေ၏။ အနီးကပ်ဆုံးသော နေရာသို့ ရောက်လာသောအခါတွင်ကား ဤဒီရေသည် နေ၏ မိုင်ပေါင်းကုဋေကုဋာ ရှည်လျားသော ဆေးလိပ်နှင့်သဏ္ဌာန်တူသည့် အမြီးဖြစ်သွားလေ၏။ ထိုကြယ်သည် နေမှ အဝေးသို့ ရောက်သွားသည့်အခါတွင်ကား ဒီရေ၏အဟုန်ကြောင့် ရေမြှုပ်ပေါင်း များစွာတို့သည် ပင်လယ်သမုဒ္ဒရာ၏ အပြင်ဘက်သို့ လွင့်စဉ်သွားသည့်နည်းတူပင် အင္ဂေ့ထုဖြစ်သည့် နေ၏ ဤအစိတ်အပိုင်းသည် ပမာနဖြစ်သည့် ကိုယ်ထည်မှ တခြားသို့ လွင့်စဉ်သွားလေ၏။ ယင်းသို့ လွင့်စဉ်သွားသည့် အစိတ်အပိုင်းသည် အစိတ်အပိုင်း အစအနပေါင်းများစွာ ဖြာထွက်ပြီးလျှင် နေလုံး၏ လေးဖက်လေး ရပ်၌ လှည့်လည်၍ နေလေ၏။ ၄င်းတို့သည်ပင်လျှင် နေနှင့်ဆက်နွယ်သည့် ဂြိုဟ်များ (သူရလောက Solar system) ဖြစ်လာလေသည်။ နှစ်ပေါင်း သန်းနှစ်ထောင် အလွန်က အထက်ပါနည်းအတိုင်းပင် ပထဝီမြေကြီးသည် နေလုံးမှ သီးခြားကွဲထွက် လာခဲ့လေသည်။ ထိုနည်းအတိုင်းပင် ကောင်းကင်မှ ကြယ်တစ်စု၏ အကြောင်း ကြောင့် ပထဝီမြေကြီး၏ အစိတ်အပိုင်းတစ်ခုသည် ကွဲထွက်သွားပြီးလျှင် လ၏ အသွင်အဖြစ်ဖြင့် ပြောင်းလဲသွားခဲ့လေ၏။

ပထဝီမြေထဲမှ အနွေးဓာတ်များ ထွက်လာပြီးလျှင် လေးဖက်လေးရပ်ရှိ အေးသောကောင်းကင်ပြင်၌ ပျံ့နှံ့သွားသည်။ ထို့နောက် အပေါ်ပိုင်း၌ ဒုတက် လာလေသည်။ ထိုတက်လာသည့် ဒု၏ လေးဖက်လေးရပ်တွင် အနွေးဓာတ်ကြောင့် ဖြစ်ပေါ်လာသည့် လေပြင်နှင့် တိမ်ပြင်သည် ဆိုင်းလာလေသည်။ ရံဖန်ရံခါ မိုးလည်း

ရှာလေသည်။ သို့ရာတွင် ထို ပူနေသည့်ဒုပေါ်သို့ ကျသည်နှင့်တစ်ပြိုင်နက် ထိုမိုးလည်း ပျောက်သွားလေ၏။ ရံဖန်ရံခါတွင် ပထဝီမြေကြီးသည် လှုပ်လေသည်။ သို့ဖြစ်၍ ဒုသည် ကွဲအက်ပြီးလျှင် ကုန်းမြေ၊ ချိုင့်ဝှမ်းမြေ၊ ကျင်းများ ဖြစ်ပေါ်လာလေသည်။ ပထဝီမြေကြီး၏ အပူ အနည်းငယ်လျော့သွားသည့်အခါ၌ မိုးရေသည် ထိုကျင်းများ၊ ချိုင့်များထဲတွင် တင်လေတော့သည်။ ဤသည်ပင်လျှင် ကမ္ဘာဦးသမုဒ္ဒရာ ဖြစ်လေ၏။ ထိုသမုဒ္ဒရာသည် ဆားငန်ရေ မဟုတ်ပေ။ ဤဒုတက်နေသည့် ကျောက်များသည်ပင်လျှင် ယခုခေတ် တိုးလျှိုပေါက်မြင်ရသည့် အထပ်အလွှာမရှိသော ကျောက်ဆောင်များ ဖြစ်လေသည်။ ထို့နောက် (သို့ရာတွင် ဇီဝကပ်မတိုင်မီကပင်) အနီးအနားတစ်ဝိုက်ရှိ တောင်ကတုံးများမှ ရေပျော်ပြီး တစ်လွှာစီ တစ်လွှာစီ စုနေသည့် နုန်းမြေများမှာ ယခုခေတ်ကာလရှိ သက်မဲ့ အထပ်အလွှာရှိသော ကျောက်တုံးများ ဖြစ်လေသည်။ ပထမဦးဆုံး သမုဒ္ဒရာရေသည် အလွန်ပင်ပူလေသည်။ သိန်းပေါင်းများစွာသော နှစ်ကာလပရိစ္ဆေဒ လွန်လာပြီးသည့်နောက် မြေကြီး၏အပေါ်ပိုင်း အနည်းငယ်အေးလာသည့်အခါမှ သမုဒ္ဒရာ၏ အပူပိုင်းသည်လည်း လျော့သွားလေသည်။ ထိုအခါ၌ သမုဒ္ဒရာထဲတွင် ပထမဦးဆုံး တီကောင်ကဲ့သို့ အရိုးမရှိသည့် သတ္တဝါ ပေါက်ဖွားလာခဲ့လေသည်။

ဘူဂဗ္ဘဗေဒ ပညာရှိများက ပထဝီမြေ အပြင်ပေါ်၌ သတ္တဝါ ဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်း ကုဋေသုံးဆယ်ရှိပြီဟု အယူရှိကြသည်။ ထိုကုဋေသုံးဆယ်သော အချိန်ကာလကို ဇီဝကပ် (သက်ရှိသတ္တဝါခေတ်)ဟု ခေါ်လေသည်။ ဇီဝကပ်မတိုင်မီက အချိန်ကာလကို အဇီဝကပ် (သက်မဲ့ခေတ် Azoic)ဟု ခေါ်လေသည်။ တစ်စတစ်စနှင့် အပူသည်လည်း လျော့ပါး၍လာလေ၏။ သေဆုံးသွားသည့် သတ္တဝါများနှင့် ပျော်ကျလာသည့် ရွှံ့မြေများ၏ ပေါင်းစပ်မှုကြောင့် ထိုအခါ၌ ပို၍ တိုးတက်လာသည့် သတ္တဝါများ၏ အစာအာဟာရ ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် ပုစွန်လုံးစသည်နှင့် သဏ္ဌာန်တူသည့် သတ္တဝါများနှင့် အနိမ့်မျိုးထဲက သစ်ပင်များ ပေါ်ပေါက်လာလေ၏။ ကျွန်ုပ်တို့သည် နှစ်ပေါင်း ကုဋေသုံးဆယ်အလွန်က စခဲ့သည့် ရှေးဟောင်းဇီဝကပ်မှ နှစ်ပေါင်း ကုဋေနှစ်ဆယ်မတိုင်မီက စခဲ့သော အလယ်ဇီဝကပ်သို့ ရောက်လာသည့်အခါတွင် ပထဝီမြေပြင်ပေါ်၌ ပုတ်သင်နှင့် မိကျောင်းအမျိုးစာတ်ဖြစ်သော

ကြောက်မက်ဖွယ်သဏ္ဌာန်ရှိသည့် တွားသွားသော သတ္တဝါများကို တွေ့မြင်လာရပေ၏။ ပထဝီမြေကြီး၏ အတွင်းမှ ပေတစ်ရာမျှ ရှည်လျားသော ထိုသတ္တဝါများ၏ ကျောက်ဖြစ်နေသည့် အရိုးများကို ရရှိလေသည်။ ထိုအချိန်က ပထဝီမြေပြင်ရှိ နုန်းမြေများတွင် ဆူးပင်ကဲ့သို့ အရွက်မရှိသည့် သစ်ပင်ကြီးများ ပေါ်ပေါက်လာလေသည်။ ထိုသစ်ပင်ကြီးများကိုပင် ယခုအခါတွင် ကျွန်ုပ်တို့သည် ကျောက်မီးသွေး၏ အဖြစ်ဖြင့် ရရှိကြလေသည်။

(Geology ကို ရန်ကုန်တက္ကသိုလ်က ဘူမိဗေဒဟု ပြန်ထားသည်။ ဘူမိဗေဒဟူသော စကားလုံးထက် ဘူဂဗ္ဘဗေဒ) ဟူသော စကားလုံးက သာ၍ သင့်လျော်မည်။ ဘာသာပြန်သူ)

တွားသွားသော သတ္တဝါများ၏ခေတ် အပြီးသတ်၌ ပထဝီမြေကြီး၏ ရာသီဥတုသည် ကြောက်ရွံ့ဖွယ်ရာ ဖောက်ပြန်ပြောင်းလဲလာလေသည်။ သို့ဖြစ်၍ ထိုတွားသွားသော သတ္တဝါများ မျိုးရိုးပေါင်းများစွာတို့သည် ပျောက်ပျက်တိမ်ကောသွားကြလေသည်။ သို့ရာတွင် ထိုအချိန်၌ သစ်ပင်များသည် သမုဒ္ဒရာအနီးရှိ ခြောက်သွေ့သော နေရာများ၌လည်း ပေါက်လာကြလေသည်။ ရေနှင့်ကုန်း နှစ်မျိုးလုံး၌ နေထိုင်ကြသည့် သတ္တဝါများမှ အမွေးရှိသည့် သတ္တဝါ၊ နို့ရှိသည့် သတ္တဝါနှင့် ငှက်များ ဖြစ်ပေါ်လာကြလေသည်။

သစ်ပင်များ၌ တဖြည်းဖြည်း တိုးတက်မှုရှိလာပြီးလျှင် မြေအောက်မှရေကို ရ၍ စိမ်းလန်းစိုပြည်လာသော သစ်ပင်များသည် ရေ၏ကမ်းပါးမှ အလှမ်းကွာဝေးသော နေရာများသို့အထိ ပျံ့နှံ့သွားလေ၏။ သတ္တဝါများ၏ ကိုယ်ကာယအပေါ်၌ အအေးနှင့် အပူကို ခံနိုင်ရည်ရှိရန်အတွက် အမွေးအတောင် စသည်များ ပေါက်လာလေ၏။ ထိုအခါ၌ ငလျင်လှုပ်သဖြင့် သမုဒ္ဒရာအတွင်းရှိ မြေမျက်နှာပြင်သည် အပေါ်သို့တက်လာသဖြင့် ရွှံ့စေးဖြင့် ပေါင်းပြီးလျှင် မြေပေါ်၌ ရေဖြင့် အဝေးသို့ ပျံ့နှံ့၍ သွားလေသည်။

ဝိဇာ(သိပ္ပံ) ပညာရှိများ၏ အဆိုမှာ ဤအမွေးနှင့် နို့ရှိသည့် သတ္တဝါများ ထဲမှ အချို့သည် မိမိတို့၏ ရန်သူများဘေးရန်မှ လွတ်မြောက်စေရန်အလို့ငှာ သစ်ပင်

ပေါ်သို့ တက်ဖို့ ကြိုးစားအားထုတ်ကြသည်။ လူ့အဆက် ရာပေါင်းများစွာတိုင်အောင် အစဉ်မပြတ် ဖြစ်ပေါ်လာသည့် အလိုဆန္ဒနှင့် အလေ့အကျင့်တို့ကြောင့် ထိုသတ္တဝါများ၏ လက်ခြေတို့သည် သစ်ပင်ပေါ်သို့ တက်ဖို့ရန် အသုံးဝင်လာလေ၏။ ဤသို့အားဖြင့် သစ်ပင်တက်ရာ၌ ကျွမ်းကျင်သည့် မျောက်သတ္တဝါများ ဖြစ်ပေါ်၍လာပေ၏။

ထိုအချိန်၌ ကျွန်ုပ်တို့သည် တွားသွားသတ္တဝါများ၏ ခေတ်မှ ဇီဝကပ်သစ်သို့ ဝင်ရောက်လာခဲ့ပြီးလျှင် သက်ရှိသတ္တဝါများ၏ အရုဏ်ဦး(Eocene) ခေတ်သစ်ထဲသို့ ဝင်လာခဲ့ပြီးလေပြီ။

သက်ရှိသတ္တဝါများ၏ အရုဏ်ဦးခေတ်သစ် အစလောက်ဆီက အိန္ဒိယတွင် ဝိန်ဃယာစလတောင်မှနေ၍ တောင်ပိုင်းလောက်သာလျှင် သမုဒ္ဒရာအပြင်ဘက်တွင် တည်ရှိခဲ့သည်။ ဟိမဝန္တာ၊ တိဗက်နှင့် အိန္ဒိယပြည်တစ်ခုလုံးသည် သမုဒ္ဒရာ၏ အထဲတွင် မြုပ်နစ်၍နေသည်။ သက်ရှိသတ္တဝါများ၏ အရုဏ်ဦးခေတ်သစ် အလယ်(Miocene) လောက်ဆီ၌ ကြီးမားပြင်းထန်သည့် မြေငလျင်ကြီးသည် ဆက်ကာဆက်ကာ လှုပ်သည်ဖြစ်၍ ဟိမဝန္တာသည် ပထဝီမြေကြီး၏ အတွင်းဘက်မှ အထက်သို့ တိုးတက်လာလေ၏။ သမုဒ္ဒရာ၏ အတွင်းမှ ထွက်လာသည်ဖြစ်သောကြောင့် ဟိမဝန္တာ၏ မြင့်မားသော တောင်ထွတ်များပေါ်၌ ယခုအခါတွင် ပင်လယ်သတ္တဝါများ၏ ကျောက်ဖြစ်နေသော အရိုးများကို တွေ့ရခြင်းဖြစ်လေသည်။

မြေငလျင်သည် မြေကြီးကို အောက်မှ အပေါ်သို့ တိုက်ရိုက်တန်းပြီး ထိုးတင်လိုက်ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ အဇီဝကပ်(သက်မဲ့ခေတ်)က သမုဒ္ဒရာ၏ အတွင်းတွင် တစ်ထပ်စီစုနေသည့် မြေကြီးများသည် တစ်ထပ်ပေါ်တစ်ထပ် စီ၍ ထပ်မနေတော့ဘဲ ကမောက်ကမ ဖြစ်သွားလေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် တောင်များ၏အပေါ်၌ ကျောက်များ၏ အထပ်အလွှာများ ဖရိုဖရဲဖြစ်နေသည်ကို တွေ့မြင်ရခြင်းဖြစ်သည်။ ဟိမဝန္တာတောင်မှ မိုးရေများသည် ထိုအချိန်၌ သမုဒ္ဒရာဘက်သို့ စီးဆင်းလေသည်။ ထိုရေလမ်း၊ သို့မဟုတ် မြစ်များသည် အဆုံးအပိုင်းအခြားမရှိသည့် မြေကြီးများကို ယူဆောင်သွားပြီးလျှင် သမုဒ္ဒရာထဲတွင် ဖို့လေသည်။

လင်းလွန်းခင်စာပေ

ဟိုနေရာ သည်နေရာတွင် လူပ်သည့် မြေငလျင်ကလည်း သမုဒ္ဒရာ၏ အခြေအနေကို ပြောင်းလဲပစ်လေသည်။ ယင်းသို့လျှင် ဂင်္ဂါစသည့် မြစ်များသည် နှစ်ပရိဏ္ဍေဒပေါင်း သိန်းပေါင်းများစွာတိုင်အောင် ကြိုးပမ်းအားထုတ်လာခဲ့ပြီးသည့်နောက်မှ အိန္ဒိယ မြောက်ပိုင်းလွင်ပြင်ကို သမုဒ္ဒရာ ပင်လယ်ရေထဲမှ အပြင်ဘက်သို့ ထုတ်ပစ်လိုက်လေ၏။

အိန္ဒိယ မြောက်ပိုင်းလွင်ပြင် ဖြစ်လာသည့်အချိန်၌ ဟိမဝန္တာ၏ အနိမ့်ပိုင်း ဆိုဝါလိတွင် သတ္တဝါအမျိုးမျိုးသည် တိုးတက် ပေါက်ဖွားလာကြလေသည်။ ထိုသတ္တဝါများအနက် ဂိုရီလာ(အာဖရိကတိုက်လူဝံ) အစရှိသော ယခုခေတ်ကာလတွင် ထိုနေရာ၌ ရှာမတွေ့သည့် သတ္တဝါများလည်း အများအပြားရှိလေသည်။ ထိုသတ္တဝါများ၏ ကျောက်ဖြစ်နေသည့် အရိုးများ(Fossil)ကို ယခုအခါတွင် ထိုနေရာ၌ ရရှိလေသည်။ သက်ရှိသတ္တဝါများ၏ အရာဏာဦးခေတ်သစ်၏ ထိုအချိန်အတောအတွင်းကို သတ္တဝါများ များပြားလာသည့်အတွက်ကြောင့် သတ္တဝါပေါင်းစုံ၏ အရာဏာဦးခေတ်သစ်ဟု ခေါ်လေသည်။ ထိုခေတ်သည် နှစ်ပေါင်း သိန်းသုံးဆယ် အလွန်လောက်က စခဲ့လေသည်။ ထိုခေတ်၏ နောက်ဆုံးပိုင်း၊ သို့မဟုတ် ယနေ့မှ စ၍ လွန်ခဲ့သည့် နှစ်ပေါင်းငါးသိန်းမတိုင်မီက ဆိုဝါလိ၌ လူဝံတစ်မျိုး ပေါ်ပေါက်လာလေသည်။ ထိုလူဝံတို့၏ အရိုးကို ထောက်ရှုခြင်းအားဖြင့် ထိုလူဝံတို့သည် လူဘက်ကို နီးကပ်လာပြီဖြစ်ကြောင်း ထင်ရှားပေသည်။ နှစ်ပေါင်း သုံးလေးသိန်းမတိုင်မီက သတ္တဝါတို့၏ အရာဏာဦး ခေတ်သစ်ထူး၌ ဟိမဝန္တာ၏ အနိမ့်ပိုင်းသည် ချိုင့်ဝှမ်းဒေသ ဖြစ်လာသည်။ ထိုဒေသ၌ ရရှိသည့် ကျောက်ဖြစ်နေသော အရိုးများကို ကြည့်ခြင်းအားဖြင့် ထိုနေရာ၌ မြင်း၊ နွား၊ ကြံ့၊ ပင်လယ်မြင်း စသည်တို့ နေခဲ့ကြကြောင်း သိသာပေသည်။ ထိုသတ္တဝါများ၏ မျိုးရိုးဇာတ်များမှာ ယခုအခါတွင် ဆိုဝါလိတွင် လူနှင့် လူဝံ၏ စပ်ကြားအခြေအနေ အချိုးအစားမျိုးရှိသော သတ္တဝါများ နေထိုင်ကြလေသည်။ ထိုအချိန်ကား ဂျာဝါးမှ လူမျောက် (Pithecan Thropus Erectus) ပေါ်ပေါက်လာသည့်အချိန် ဖြစ်လေသည်။

အနှစ်လေးသောင်း မတိုင်မီအခါက ပထဝီမြေကြီးပေါ်၌ တုန်လှုပ်ကြောက်မက်ဖွယ်ကောင်းသော နှင်းဘေးကြီး ဆိုက်ရောက်ရခြင်း၏ အကြောင်းကို ဝိဇ္ဇာ

(သိပ္ပံ) ပညာရှိများသည် အမျိုးမျိုး တွေးဆကြလေသည်။ တချို့ကပြောသည်မှာ ထိုအချိန်၌ နေအဝန်းနှင့် နေဆိုင်ရာဂြိုဟ်များ(သူရလောက - Solar system)၏ အပြင်အပက ကြယ်တစ်ခုခုသည် ပထဝီမြေကြီး၏အနီးမှ ဖြတ်သန်းသွားခဲ့လေသည်။ ထို့ကြောင့် ပထဝီမြေကြီး၏ ဝင်ရိုးကြောင်းသည် ကွေ့ကောက်သွားလေ၏။ သို့ဖြစ်၍ ရာသီဥတုတွင် ပြောင်းလဲသွားခြင်း ဖြစ်၏။ (သို့မဟုတ် နေဝန်းနှင့် နေဆိုင်ရာ ဂြိုဟ်များသည်ပင် လှည့်လည်ရင်း ကောင်းကင်ပြင်ရှိ အလွန်အေးသည့် နေရာတစ်ခု သို့ ရောက်သွားခြင်းဖြစ်၏) ရေ၌ ထူးခြားချက်ရှိသည်မှာ အခြားသော အရာဝတ္ထု များသည် အအေးလွန်ကဲခြင်းကြောင့် ကျုံ့သွားသော်လည်း ရေကမူ အအေးလွန်ကဲ သည့်အတွက် ခဲတော့ အမှန်ခဲသွားပေသည်။ သို့ရာတွင် ထိုသို့ ခဲသည့်အတွက် ကျုံ့သွားမည့်အစား ပြန့်၍သွားလေ၏။ အကယ်၍ ယနေ့ ပထဝီမြေပြင်ပေါ်ရှိ သမုဒ္ဒရာတစ်ခုလုံး ခဲသွားလျှင် သမုဒ္ဒရာရေသည် ရေခဲဖြစ်ပြီး ကြည်းကုန်းထက်၌ လည်း နေရာအနှံ့ပြားတွင် အတောင်ပေါင်း ရာပေါင်းများစွာ ကြီးမားသည့် ရေခဲတုံး ကြီးများ ဖြစ်ပြီးလျှင် ပျံ့နှံ့၍သွားပေလိမ့်မည်။ ထိုအချိန်အခါက ပထဝီမြေကြီး၏ ဝင်ရိုးကြောင်း ကွေ့ကောက်သွားသည့်အတွက် အအေး ပိုမိုလွန်ကဲလာလေ၏။ သို့ဖြစ်၍ ကမ္ဘာလုံးမြောက်ဘက်ခြမ်း၌ မြောက်ဂုဝ်စွန်းမှ ပွားလာသည့် ရေခဲများကြောင့် ဥရောပမြောက်ပိုင်း တစ်ပိုင်းလုံးနှင့် မြောက်အမေရိကတွင် နယူးယောက်အထိ နေရာများသည် လပေါင်းများစွာ ရေခဲလွှမ်းမိုးနေခဲ့သည်။ ကမ္ဘာလုံး တောင်ဘက်ခြမ်း ၌ တဆမာနီယား၊ နယူးဇီလန် စသည်တို့သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်ခဲ့ လေသည်။ အိန္ဒိယ၌ ယခုအချိန်တွင် ပေပေါင်းတစ်ထောင်အောက်ဘက်၌ ဘယ်နေရာ မှာမှ မရှိသည့် ဟိမဝန္တာတောင်၏ ရေခဲပြင်ကြီး (ဂလေးစီးယား)များသည် ထိုစဉ် က ဝိုထဝရှိ(ကသ္မီရ)၌ ပေပေါင်းရှစ်ထောင် (သမုဒ္ဒရာမျက်နှာပြင်၏အထက်) သို့အထိ အရောက်လာခဲ့လေသည်။ ထိုအချိန်က ကာလကတ္တားတွင် လန်ဒန်မှာကဲ့သို့ပင် အေးခဲ့လေသည်။ အကြောင်းမည်သို့ပင်ဖြစ်ဖြစ် ဤနှင်းခေတ်ကြီးသည် ကမ္ဘာမြေပြင် တစ်ခုလုံးပေါ်၌ မရွှေ့လျားသည့် အမှတ်အသားကို ထားပစ်ခဲ့လေ၏။

ပထမနှင်းခေတ်သည် နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာ ရှည်ကြာခဲ့၏။ တစ်ဖန် ဒုတိယနှင်းခေတ် ရောက်လာသည်။ နှစ်ပေါင်းတစ်သိန်း မတိုင်မီတွင်

တတိယနှင်းခေတ် ပေါ်လာပြန်၍ တစ်ဖန် နှစ်ပေါင်းငါးသောင်းအလွန်တွင် စတုတ္ထနှင်းခေတ် ရောက်လာပြန်သည်။ ဤနှင်းခေတ်များသည် သတ္တဝါလောကကို ဖရိုဖရဲ ဖောက်လဲဖောက်ပြန် လုပ်ပစ်လိုက်ကြလေသည်။ များစွာသော သတ္တဝါတို့၏ ဇာတိမျိုးရိုးတို့မှာ မြေအပြင်မှ ထာဝစဉ် ပျောက်ကွယ်သွားကြလေ၏။ ထိုသတ္တဝါများ အနက် မိမိကိုယ်မိမိ ကာကွယ်ဖို့ရန် ကိုယ်နှင့်နလုံးကို အစွမ်းကုန် အသုံးချပစ်လိုက်ကြသူများသည် ခံနိုင်ရည်ရှိသွားကြပြီးလျှင် မိမိတို့၏ တည်တံ့ခိုင်မြဲမှုအတွက် အောင်မြင်သွားကြလေကုန်၏။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်သိန်းခန့်က နောက်ဆုံးနှင်းခေတ်မတိုင်မီ ရှေးနှစ်ပေါင်းများစွာ အလွန်လောက်တွင် ဥရောပ၌ လူ၏ မျိုးရိုးဇာတိတစ်ခုကို တွေ့ရလေသည်။ ထိုလူမျိုးကို ဟိုက်ဒေလ်ဗာဂါယလူမျိုး ဟုခေါ်သည်။

ဂိုရီလာနှင့် ဗဗုန်တို့သည် တုတ်၊ သို့မဟုတ် ကျောက်ခဲဖြင့် ပစ်၍ သတ်ဖြတ်လေ့ ရှိကြသည်ကို တွေ့ရပေ၏။

ဟိုက်ဒေလ်ဗာဂါယ လူမျိုးတို့ကမူ ဖြတ်တောက် ခုတ်ထစ်၍ ချွန်ထက်အောင် ပြုလုပ်ထားသော ကျောက်ကြမ်းများကိုပင် လက်နက်အဖြစ်ဖြင့် အသုံးပြုလာကြလေသည်။ လွန်ခဲ့သော နှစ်ပေါင်းငါးသောင်းခန့်က စတုတ္ထနှင်းခေတ် အချိန်ကာလလောက်တွင် ဥရောပ၌ နေအန်ဒါသလ်လူမျိုး ရှိကြောင်း သိရှိရလေသည်။ အအေးလွန်ကဲသည်ဖြစ်၍ ထိုလူမျိုးသည် တောင်များရှိ သဘာဝလိုဏ်ဂူများထဲတွင် ခိုအောင်းနေကြရလေသည်။ ထိုလူမျိုးသည် ကျောက်နှင့် သစ်သားလက်နက်များကို ကိုင်ဆောင်အသုံးပြုကြလေသည်။ အအေးကို ခုခံကာကွယ်ဖို့ရန်အတွက် သူတို့သည် မီးကို အသုံးပြုရမှန်း သိလာကြသည့်အပြင် တိရစ္ဆာန် အသေကောင်များ၏ သားရေများဖြင့်လည်း ကိုယ်ကာယကို ဖုံးရမှန်း သိလာကြပေ၏။

သူတို့၏ ကိုယ်ကာယအနေအထား အချိုးအစားကို ကြည့်ခြင်းအားဖြင့် သူတို့သည် ထိုအချိန်က စကား လုံးဝမပြောတတ်သေးကြောင်း၊သို့မဟုတ် မဆိုစလောက်သာလျှင် ပြောတတ်သေးကြောင်း သိသာထင်ရှားပေ၏။ ထိုအချိန်၌ သူတို့၏ စိတ်နလုံးတွင် ဘာသာ၊ နတ် စသော ကြံဆမှုများ မပေါ်သေးပေ။

ဥရောပ၌ နေအန်ဒါသလ် လူမျိုးများ ဂူထဲတွင် နေထိုင်သည့် အချိန်

လောက်တွင် အိန္ဒိယတောင်ပိုင်းရှိ ကရပါဂုံတာ၊ ကာနလ် အစရှိသည့် ဂူများထဲတွင်လည်း လူတို့ နေထိုင်ကြလေ၏။ ထိုဒေသနှစ်ခု၏ အခြေအနေ ထူးခြားချက်မှာ စတုတ္ထနှင်းခေတ်ကြောင့် ဥရောပတွင် မခံမရပ်နိုင်လောက်အောင် အေးနေသည့် အချိန်တွင် အိန္ဒိယ၏ အအေးမှာကား ဥရောပလောက် မဆိုးဘဲ ခံနိုင်သည့် အခြေရှိခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းလေးသောင်း မတိုင်မီကစ၍ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်သောင်းငါးထောင် မတိုင်မီကာလအထိ ဥရောပမှ ပြင်းထန်သည့် နှင်းဘေးကြီးသည် တစ်စတစ်စ ပျောက်သွားလေ၏။ အိန္ဒိယ၏ ပြောင်းလဲမှုသည်လည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်သောင်းငါးထောင်ခန့်က ဥရောပရှိ စပိန်စသည့် ဒေသများတွင် လူမျိုးတစ်မျိုး နေထိုင်သည်။ ထိုလူမျိုးကို ကရိမေဂနန် (Cromagnon)ဟု ခေါ်လေသည်။ နေအန်ဒါသလ်လူမျိုးသည် ထိုအချိန်၌လည်း ရှိနေပေသေးသည်။ သို့ရာတွင် လူမျိုးနှစ်မျိုးတို့ သွေးရောစပ်ခြင်း မပြုသည်မှာ နေအန်ဒါသလ်လူမျိုး၏ အရုပ်ဆိုးခြင်း၊ ထိတ်လန့်ဖွယ်ကောင်းခြင်းတို့ကြောင့် ဖြစ်ဟန်တူလေသည်။ ကရိမေဂနန်သည် အမဲလိုက်လူမျိုး ဖြစ်သည်။ သေးငယ်သော မြင်းတစ်မျိုးမှာ ၄င်းတို့၏ အဓိကအစာအာဟာရ ဖြစ်သည်။ ထိုမြင်းများ၏ သိန်းပေါင်းများစွာသော အရိုးအိမ်တို့ကို ဆောလုတရ စသည့်နေရာများတွင် တွေ့ရှိရလေသည်။ စပိန်ရှိ ဂူများထဲတွင် ၄င်းတို့ ရေးဆွဲသည့် အရုပ်ပေါင်းများစွာ ရှိလေသည်။ ထိုအရုပ်များသည် အလွန်မှောင်မိုက်သည့် နေရာများတွင် ရှိကြလေသည်။ ၄င်းကိုထောက်၍ သူတို့သည် မီးခွက်ကို အသုံးပြုရမှန်း သိလာကြပြီဖြစ်ကြောင်း ထင်ရှားပေ၏။ သူတို့သည် လူသေကောင်များကို မြှုပ်ပစ်ကြလေ၏။ မြေကြီးနှင့် ပြုလုပ်သည့် ကစားစရာများကို တီထွင် ပြုလုပ်ကြလေသည်။ သို့ရာတွင် သူတို့သည် အိုးလုပ်သည့် အသိဉာဏ် မရှိကြသေးပေ။ ၄င်းကို ထောက်ရှုခြင်းအားဖြင့် သူတို့သည် ထိုအချိန်က သားငါးစသည်ကို ချက်ပြုတ်၍ စားရမှန်း မသိသေးကြောင်း ထင်ရှားပေ၏။ ကရိမေဂနန်လူမျိုး ဥရောပအနောက်တောင်ပိုင်းတွင် နေသည့် အချိန်လောက်က ရာယပူဒိစတြိတ်ရှိ ဆိန်ဂန်ပူနှင့် အခြားဒေသများ၌လည်း လူများ နေထိုင်ကြလေ၏။ ၄င်းတို့သည်လည်း သူတို့၏ ဂူများထဲတွင် အရုပ်များနှင့် ကျောက်

အကာလက်နက်များကို ထားပစ်ခဲ့ကြလေသည်။ ထိုလူမျိုးနှစ်မျိုး၏ အရပ်များတွင် တောရဲတိရစ္ဆာန်အရပ်များနှင့် အမဲလိုက်ခန်း ရုပ်ပုံသွင်ပြင်များကိုသာလျှင် တွေ့မြင်ရလေသည်။ ဤအချက်ကို ထောက်လျက် ထိုအချိန်က သူတို့သည် နတ်များနှင့် ဘာသာတရားကို ကြံစည်စိတ်ကူးခြင်း မရှိသေးကြောင်း သိရပေ၏။ ထိုအချိန်၌ သူတို့သည် စကားပြောဆိုမှုကိုလည်း တိုးတက်လာအောင် လုပ်နိုင်ကြသေးဟန် မတူပေ။ ဘာသာစကားမရှိဘဲ ရှေးထုံးစဉ်လာနှင့် ရှေးဟောင်း ဒဏ္ဍာရီများ လူအဆက်တစ်ဆက်မှ အခြား လူအဆက်တစ်ဆက်သို့ အာဘယ်ကဲ့သို့ ပို့ဆောင်နိုင်မည်နည်း။ ရှေးထုံးစဉ်လာနှင့် ရှေးဟောင်း ဒဏ္ဍာရီများသည်ပင်လျှင် နတ်များ၊ ဘာသာတရားများကို ဖန်ဆင်းခြင်း ဖြစ်လေ၏။

လွန်ခဲ့သည့် နှစ်ပေါင်း တစ်သောင်းနှစ်ထောင်မတိုင်မီ အချိန်လောက်က လူတို့တွင် တိုးတက်မှုအသစ်တစ်မျိုး ပေါ်ပေါက်လာသည်ကို တွေ့ရပေ၏။ ထိုအချိန်၌ လူတို့သည် ကျောက်အကာ လက်နက်များအစား ပွတ်တိုက်၍ ချောမွတ်နေသည့် ကျောက်လက်နက်များကို အသုံးပြုလာကြပေသည်။ ထို့ကြောင့် ဤခေတ်ကို ကျောက်ခေတ်သစ်(Neolithic Age)ဟု ခေါ်ကြသည်။ ဤကျောက်ခေတ်နှင့် တစ်ပြိုင်နက် ညီမြီင်းသောအရောင်ရှိသည့် အိဗေရိယန်လူမျိုး (ဒရဗိဍ်လူမျိုးသည် ဤအိဗေရိယန်လူမျိုး၏ အပွားဖြစ်သည်ဟု ဆိုကြ၏) သည် ပေါ်ပေါက်လာလေ၏။ ထိုလူမျိုး၏ မူလနေရာကား မြေထဲပင်လယ်နှင့် ကပ်လျက်ရှိသည့်နေရာ ဖြစ်၏။ စတုဋ္ဌနှင်းခေတ် မတိုင်မီက ထိုနေရာသည် အလွန် စိမ်းလန်းစိုပြည်သည့် နေရာ ဖြစ်သည်။ မြေထဲပင်လယ်သား အညိုရောင်လူမျိုးတို့သည် ထိုအချိန်၌ သူတို့၏ ဘာသာစကားကို အတော်အတန် တိုးတက်အောင် ပြုလုပ်ထားပြီးကြလေပြီ။ ထို့နောက်တွင်ကား သူတို့၏ အဆက်အနွယ်များသည် မြောက်ဘက်၊ တောင်ဘက်၊ အရှေ့ဘက်သို့ ပျံ့နှံ့သွားကြလေ၏။ ထိုလူမျိုးသည် ဥရောပသို့ သွားပြီးလျှင် ကရိမေဂနန်တို့၏ နေရာကို ဆက်ခံကြလေသည်။ ဆုမေရိယန်၊ သိန္ဓုမြစ်ဝှမ်း (မိုဟန်ဂျိုဒရို)၌ နေထိုင်ကြသူ ရှေးဟောင်း အီဂျစ်တို့သည်လည်း ထိုလူမျိုး၏ အဆက်အနွယ်များပင် ဖြစ်ဖို့ရှိလေ၏။

ချောမွတ်သည့် ကျောက်လက်နက်များအပြင် ထိုသူတို့သည် လေးနှင့်

မြားကိုလည်း တီထွင်လိုက်ကြလေ၏။ ပထမ (ခရစ်မပေါ်မီ နှစ်ပါင်းလေးထောင်မတိုင်မီ) ဓာတ်သတ္တုကို ရှာဖွေမတွေ့ရှိသေးသည့် အချိန်က မီးခတ်ကျောက်တစ်မျိုးကို ထက်အောင်သွေးပြီးလျှင် မြားသွား၏ နေရာ၌ တပ်ကြလေ၏။ အမဲလိုက်ရာတွင် အသုံးကျသည့် ခွေးများကို သူတို့သည် ပထမဦးဆုံး စ၍ မွေးမြူကြလေသည်။ ထို့နောက် နွား၊ သိုး စသည်တို့ကိုလည်း မွေးမြူလာကြသည်။ တိရစ္ဆာန်များ၏ အစာအတွက် မြက်များကို ရိတ်ရသောအခါ မြေသြဇာကောင်းလျှင် ရှည်လျားသန်မာသည့် မြက်များ ပေါက်သည့်အဖြစ်ကို သူတို့ တွေ့မြင်သိရှိကြလေ၏။

ဤသို့လျှင် အစပထမတွင် တိရစ္ဆာန်များကို ကျောင်းရန်သက်သက်သာလျှင် စိုက်ပျိုးခြင်းအလုပ်ကို စခဲ့ခြင်းဖြစ်၏။ ထို့နောက် ကောက်ပဲသီးနှံ အသုံးဝင်ပုံ သိမြင်လာသည့်အခါတွင်ကား သူတို့သည် လယ်ယာလုပ်ငန်းကိုလည်း အစပျိုးကြလေသည်။ လယ်ယာလုပ်ငန်းတည်းဟူသော အနှောင်အဖွဲ့၌ ဖမ်းမိသွားသည်နှင့် တစ်ပြိုင်နက် လူသည် တောတကာ့တောတွင် လှည့်လည်နေထိုင်သည့် လွတ်လပ်သည့် သတ္တဝါ မဟုတ်တော့ဘဲ တိုင်ငတ်၌ ချည်နှောင်ထားခြင်းခံရသည့် တိရစ္ဆာန်ပမာ တစ်နေရာတည်းမှာ စွဲနေရတော့သည်။ ထိုအချိန်၌ ကျွဲ၊ နွား စသည်ကို မွေးမြူခြင်းသည် တောင်သူလယ်သမားဘဝ၏ အင်္ဂါတစ်ခု ဖြစ်လာလေ၏။ မိမိတို့၏ ရန်သူများ (တောင်သူလယ်သမားနှင့် ကျွဲနွားမွေးမြူသူ နှစ်ဦးလုံး)မှ အကာအကွယ် ရရှိရန်အတွက် သူတို့သည် ရွာ(အစု)တည်၍ နေကြလေသည်။ ရန်သူ၏ အရေအတွက် တိုးလာသောအခါ မိမိဘက်က အရေအတွက်ကိုလည်း တိုးချဲ့လျက် မြို့တည်ပြန်လေ၏။ ထိုအချိန်၌ အချင်းချင်း ခိုက်ရန်ဖြစ်မှုများတွင် ရဲရင့်သူ၊ အမြော်အမြင်ရှိသူ ခေါင်းဆောင်များ၏ သြဇာတန်ခိုးသည် တိုး၍တိုး၍ ပေါ်လာပြီးလျှင် ဘုရင်ဟူသော ရာထူးကြီးလည်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေ၏။ ဆူဆာ(အီရန်)မှ တူးဖော်ရရှိသည့် ရေးဟောင်း အပျက်အစီးများ၏ ရေးအကျဆုံး အထပ်အလွှာ၌ ဤ အမဲလိုက်သောဘဝ၊ တောင်သူလယ်သမားဘဝတို့၏ အမှတ်အသားများကို တွေ့ရလေ၏။ ယခုအထိ တူးဖော်ရရှိသည့် ရေးဟောင်းအပျက်အစီးများကို ထောက်ရှု၍ ပညာရှိများက ပထမဦးဆုံးတည်သော ရွာမှာ မေဆိုပိုတာမီယား၌ ဖြစ်သည်ဟု ဆိုကြလေသည်။ ထိုအချိန် ထိုနေရာ၌ပင် လယ်ယာလုပ်ငန်းလည်း အစပြုခဲ့

လေသည်။ ထိုအချိန်ကား ခရစ်မပေါ်မီ အနှစ်ငါးထောင် အလွန်လောက်က ဖြစ်ပေလိမ့်မည်။

အိန္ဒိယမြောက်ပိုင်းနှင့် ဟိမဝန္တာ သမုဒ္ဒရာထဲတွင် ရှိနေသေးစဉ် လွန်ခဲ့သည့် နှစ်ပေါင်းများစွာတုန်းက အိန္ဒိယတောင်ပိုင်းရှိ အာဖရိကနှင့် သီဟိုဠ်၏ အရှေ့ဘက်သို့အထိ ပျံ့၍ ကျွန်းကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့လေသည်။ ဤအချက်၏ အထောက်အထားများကို ထိုနေရာများက ကျောက်များနှင့် ရေးဟောင်းသတ္တဝါများ၏ ကျောက်ဖြစ်နေသည့် အရိုးများမှ ရလေသည်။ စတုတ္ထနှင်းခေတ်၏နောက် ကျွန်ပ်တို့ တွေ့မြင်သိရှိရသော အိန္ဒိယ၌ နေထိုင်ကြသည့် လူမျိုးများ အနက် ရေးအကျဆုံး လူနှစ်မျိုးရှိလေသည်။ ၄င်းတို့ကား နိဂရိလူရိုင်း(Nigroid) ကဲ့သို့သော လူမျိုးနှင့် ဒရဗိရ်လူမျိုးထက် စောသောလူမျိုး (ဝစ်ဒါမုဏ္ဍာစသည်) ဖြစ်လေသည်။ အာဒီကျန်နလုရ် (မဒရပ်)၌ ရရှိသော ဦးခေါင်းခွံရိုး(Cephalic indices)များသည် ဝစ်ဒါလူမျိုးနှင့် သဏ္ဌာန်တူလေသည်။ အရပ်များနှင့် တူညီပုံကို ကြည့်ရခြင်းအားဖြင့် ဆိန်ဂန်ပူ (ရာယပူဒီစတြိတ်)မှ ပုံဆွဲဆရာများသည် မုဏ္ဍာစသည့် လူမျိုးများနှင့် ဆက်သွယ်မှုရှိသည်ဟု သိရပေသည်။ ကျောက်ခေတ်သစ် (ခရစ်မပေါ်မီ အနှစ်ငါးထောင်မတိုင်မီ) အချိန်၌ ဤလူမျိုးနှစ်မျိုးသာလျှင် အိန္ဒိယ၌နေကြောင်း သိရလေ၏။ ကျောက်ခေတ်သစ်အချိန်၌ မြေထဲပင်လယ်၌ နေကြသော အညိုရောင်လူမျိုးတို့သည် စပိန်၊ အီဂျစ်၊ မေဆိုပိုတာမိယား၊ အီရန်၊ အိန္ဒိယ၊ တရုတ်အထိ ပျံ့သွားပုံရလေသည်။ ဤလူမျိုးကြောင့် ချောမွတ်သည့် ကျောက်လက်နက်များအပြင် နေနှင့် နဂါးကို ပူဇော်ခြင်းနှင့် စကြာအမှတ်အသားများသည်လည်း အရပ်တစ်ခွင်တွင် ပျံ့နှံ့၍သွားလေ၏။ နှစ်ပေါင်းငါးထောင် မတိုင်မီက ဤလူမျိုးသည်ပင် သိန္ဓုမြစ်ဝှမ်းရှိ မိုဟန်ဂျိုဒရိနှင့် ဟရပ်ပါ ကဲ့သို့သော မြို့များတွင် နေထိုင်လေ့ရှိကြပေ၏။ ခရစ်မပေါ်မီ နှစ်ပေါင်းသုံးထောင် အလွန်က အိန္ဒိယတွင် ဝင်ရောက်ကျူးကျော်ကြသည့် အရိယ(အာရယန်) လူမျိုးတို့နှင့် စစ်ဖြစ်ကြသော အသုရာလူမျိုးမှာ ထိုလူမျိုးပင်ဖြစ်၏ဟု ပညာရှိများက ဆိုကြလေသည်။ ထို့ပြင် ယခုခေတ် ဒရဗိရ်လူမျိုးနှင့် အိန္ဒိယမြောက်ပိုင်း ဘရ်လူမျိုးတို့သည် ထိုလူမျိုး၏ အဆက်အနွယ်များပင် ဖြစ်ကြ၏ဟု အဆိုရှိလေသည်။

မြေထဲပင်လယ်ရပ်သား အညိုရောင်လူမျိုးတို့သည် အိန္ဒိယသို့ မြောက်မြားစွာ လာကြဟန်မတူပေ။ သို့အတွက် သူတို့၏အပေါ်၌ အလျင်အမြန် မုဏ္ဍာနှင့် လူရိုင်းတို့၏ အရောင်က လွှမ်းမိုးသွားခြင်း ဖြစ်ပေ၏။ ထို့ကြောင့်ပင်လျှင် အသုရာလူမျိုးကို အလွန်ပါးနပ်ကျွမ်းကျင်သည့် နိုင်ငံသားအဖြစ် အသိအမှတ်ပြုကြပါလျက်လည်း ဧည့်သည် အာဂန္တုဖြစ်သည့် အရိယလူမျိုးတို့က ၄င်းတို့ကို 'နာခေါင်းပုတို' ဟူ၍လည်းကောင်း၊ 'အနက်ထည်' ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြခြင်း ဖြစ်လေသည်။ ထိုလူမျိုးသည် ယဉ်ကျေးသည့်လူမျိုးဖြစ်၏ဟု သိရသည့် အကြောင်းတစ်ခုမှာ သူတို့သည် နာဂပူနယ်မှ ဒရဗိဏ်လူမျိုးထက် စောသည့် အိုရာဝါလူမျိုးတို့ကို ၄င်းတို့၏ ဘာသာစကားအစား သူတို့၏ ဘာသာစကားကို ပြောဆိုရန် အတင်းအကျပ် ပြုလုပ်ကြလေသည်။ နောင်သောအခါ ဒရဗိဏ်လူမျိုးထက် စောသည့် ဘီလ်နှင့် ဒရဗိဏ်ဘရ် လူမျိုးတို့ကို အရိယလူမျိုးတို့က အရိယစကားသုံး လုပ်ပစ်လိုက်သည့် နည်းအတိုင်း ဖြစ်သည်။ နှစ်ပေါင်းငါးထောင် မတိုင်မီ အချိန်က ဒရဗိဏ်ယဉ်ကျေးမှုသည် ဘယ်အခြေအထိ တိုးတက်ခဲ့သည်ဆိုသည့် အကြောင်းကို တူးဖော်ရရှိသည့် မိုဟန်ဂျိုဒရိုနှင့် ဟရပ္ပာတို့၏ ရှေးဟောင်းအပျက်အစီးများအရ သိရှိရလေသည်။ ဥရောပတောင်ပိုင်းတွင် ဗာစက်လူမျိုးတို့၏ ရှေးဟောင်းဘိုးဘေးဘီဘင်များသည် လည်းကောင်း၊ သိန္ဓုမြစ်ဝှမ်းတွင် အသုရာလူမျိုးတို့သည် လည်းကောင်း၊ ဂရိတ်တွင် ထိုနေရာမှ ယဉ်ကျေးသည့် လူမျိုးများသည် လည်းကောင်း၊ အီဂျစ်တွင် ရှေးဟောင်း အီဂျစ်လူမျိုးတို့သည်လည်းကောင်း၊ မေဆိုပိုတာမိယားတွင် ဆုမေရိယ လူမျိုးတို့သည် လည်းကောင်း နေထိုင်လျက်ရှိစဉ် အခါက ထိုလူမျိုးများအနက် ပထမလူမျိုးမှတစ်ပါး ကျန် နောက်ပိုင်းလူမျိုးလေးဦးသည် ကမ္ဘာပေါ်၌ ယဉ်ကျေးမှုအရှိဆုံး လူမျိုးများ ဖြစ်ကြလေသည်။ ထိုအချိန်တွင် အာရှအလယ်ပိုင်းမှ ပင်လယ်နက်၏ မြောက်ဘက်ကမ်းခြေအထိတွင် အမဲလိုက်ခြင်းနှင့် ကျွဲ၊ နွား တိရစ္ဆာန် မွေးမြူခြင်း အလုပ်များကို ပြုလုပ်သည့် လူမျိုးတစ်မျိုး နေထိုင်လေ၏။ ထိုလူမျိုးကို ရာဇဝင်ဆရာများက အင်ဒိုယူရိုပီယန်းဟူသော အမည်နာမဖြင့် မှည့်ခေါ်သမှတ်ကြလေသည်။ ဥရောပတိုက်သားများ ဖြစ်ကြသည့် အမေရိက၊ အာဖရိက၊ ဩစတြေးလျ စသော လူဖြူမျိုးများနှင့် အီရန်၊ အာဖဂန်၊ အိန္ဒိယ

မြောက်ပိုင်းသားတို့သည် ထိုလူမျိုး၏ အဆက်အနွယ်များ ဖြစ်ကြကုန်၏။ ထိုလူမျိုး၏ မူလစတင်ဖြစ်ပေါ်ပုံနှင့် စပ်လျှဉ်း၍ကား ဝါဒအမျိုးမျိုး အယူအဆအသွယ်သွယ် ရှိပေသည်။ ဘာသာရေးသမားများ၏ ယူဆချက်မှာ ရှေးဟောင်း လူဖြူမျိုး၊ လူညိုမျိုး (ဆုမေရိယ-ဒရဗိဏ် စသည်)၊ လူဝါမျိုး (မောင်းဂွတ်)၊ လူနက်မျိုး (နီဂရိုးလူရိုင်း)၊ တောင်ဘက်ပိုင်းသား (ဝစ်ဒါ၊ မုံဒါ စသည်)မှစ၍ လူမျိုးအားလုံးသည် လူစုံတွဲတစ်ခုတည်း၏ အဆက်အနွယ်များ ဖြစ်ကြလေ၏။ သိန်းပေါင်းများစွာသော နှစ်ကာလပတ်လုံး မည်မည္ဆတ် ကွဲပြားခြားနားသည့် ရာသီဥတုနှင့် ပတ်ဝန်းကျင်တို့၌ နေထိုင်လာရသည်ဖြစ်သောကြောင့် ထိုလူမျိုးတို့တွင် ဤမျှခြားနားမှု၊ ကွဲပြားမှု ရှိလာခဲ့ခြင်း ဖြစ်ပေ၏။ ၄င်းတို့ အယူအဆအရဆိုလျှင် လူစတင်ဖြစ်ပေါ်ခြင်းသည် ကမ္ဘာမြေပြင်၏ တစ်ခုတည်းသော ဌာနဌသာလျှင် ဖြစ်ပေ၏။ သို့ရာတွင် ယခုခေတ် သုတေသန ပုဂ္ဂိုလ်များကမူ လူပေါင်းများစွာတို့၏ မူလကနဦး လူများကို တစ်ဦးစီ တစ်ဦးစီပင် ခွဲခြား ယူဆကြလေသည်။

နှစ်ပေါင်းငါးထောင် မတိုင်မီက ထိုလူမျိုးသည် မည်သည့် အခြေအနေတွင် ရှိခဲ့သည်ဆိုသည့် အကြောင်းကို ကျွန်ုပ်တို့သည် အိန္ဒိယ အရိယလူမျိုးတို့၏ ရှေးဟောင်းကျမ်းဂန်ဖြစ်သည့် ဝေဒကျမ်းဂန်များ၌လည်းကောင်း၊ အီရန် အရိယလူမျိုးတို့၏ ရှေးဟောင်းကျမ်းဂန်ဖြစ်သည့် အဝတ်အဆတာ ကျမ်းဂန်များ၌လည်းကောင်း၊ အားလုံးသော အင်ဒို-ယူရိုပီယန် လူမျိုးတို့၏ တစ်ထပ်တည်းကျသည့် ပုံပြင်ဝတ္ထုတို့တွင်လည်းကောင်း တွေ့မြင်သိရှိရပေ၏။ နွားများ၊ သိုးများအပြင် ထိုလူမျိုးသည် မြင်းများကိုလည်း မွေးမြူကြလေသည်။ သူတို့သည် မြင်းများကို အစပထမတွင် စီးဖို့ရန်အတွက် မဟုတ်ဘဲ စားဖို့ရန်အတွက်၊ ထို့နောက် နို့၊ ဒိန်အတွက် မွေးမြူကြခြင်း ဖြစ်လေသည်။ ရုရှားအရှေ့တောင်ပိုင်းမှ လူများသည် ယခုခေတ်တွင်ပင် မြင်းများကို များသောအားဖြင့် ထိုကိစ္စအတွက် မွေးမြူကြလေသည်။ ရာစုနှစ် ထောင်ပေါင်းများစွာ ကျွဲ၊ နွား၊ တိရစ္ဆာန်မွေးမြူသည့် ဘဝနှင့် ကုန်ဆုံးကျော်လွန်လာခဲ့ပြီးနောက် ခရစ်မပေါ်မီ နှစ်ပေါင်း နှစ်ထောင့်ငါးရာ အလွန်တွင် ထိုလူမျိုး၏ အုပ်စုတစ်စုသည် ပါရမိရ်၏ အနီးအနားတစ်ဝိုက် ဒေသသို့ ရောက်လာကြလေ၏။ အခြားအုပ်စုတစ်စုက တချို့တစ်ဝက်သည် ပါမိရ်၏

အနောက်မြောက်ပိုင်းဒေသများ (ထိုနေရာ၌ ရှေးဟောင်းတုခါရ်အရိယ လူမျိုးတို့ နေထိုင်ကြသည်) သို့လည်းကောင်း၊ အချို့သည် ရှရှားအနောက်ဘက်သို့ လည်းကောင်း ရောက်သွားကြလေသည်။ လူဦးရေ တိုးပွား များပြားလာသည်နှင့်အမျှ ၄င်းတို့သည် စားကျက်အသစ်ကို ရှာဖွေရန် ရှေ့သို့ ဆက်၍ဆက်၍ တိုးသွားရပေသည်။ ပါမိရ်၏ အနီးအနားတစ်ဝိုက်၌ နေထိုင်ကြသည့် အရိယလူမျိုးတို့တွင် စိတ်ဝမ်းကွဲပြားသွားကြပြီးလျှင် အုပ်စုနှစ်စု ကွဲသွားကြဟန်တူပေသည်။ အုပ်စုတစ်စု၏ အဆက်အနွယ်မှာ အီရန်အရိယ ဖြစ်လေသည်။ ခရစ်မပေါ်မီ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က အိန္ဒိယအရိယ လူမျိုးတို့၏ အုပ်စုတစ်စုသည် မေဆိုပိုတာမိယားသို့ ရောက်သွားပြီးလျှင် ထိုနေရာမှ ယဉ်ကျေးနေသည့် ဆုမေရိယလူမျိုးကို တိုက်ခိုက်နှိမ်နင်း၍ သိမ်းပိုက် လွှမ်းမိုးလိုက်ကြလေသည်။ ယဉ်ကျေးသည့် လောကထဲ၌ အစဦးဆုံး မြင်းကို သွင်းသည့် ဤ မိတန်နီ(အရိယ) လူမျိုးတို့၏ နတ်သည် အင်ဒိုအရိယတို့နှင့် တူလေသည်။ ဤ မိတန်နီ(Mittanni) ဘုရင်မတ်တိဉအဂျာနှင့် ဆာမိယလူမျိုးတို့၏ ဟစ်တိုက်(Hittite) ဘုရင် ဆုန်ဗီလုလိဉမာ၏ ဗိုဂတ်ဧကုအီ (Boghaz Kul မေဆိုတာမိယား)မှ ရရှိသည့် မှတ်တမ်းများ၌ အီရန်အရိယတို့၏ အယူအဆမဟုတ်သည့် ဣန္ဒ (သိကြား)စသည့် ဝေဒဆိုင်ရာ နတ်တို့၏ အမည်နာမများ အမြတ်တနိုး ပါဝင်နေသည်ကို သိရှိပေ၏။

အိန္ဒိယအရိယများ သုဝဏ္ဏ (ဆွာတ်အာဖဂါနိစတန်)မြစ်ဝှမ်းသို့ ရောက်လာသည့် အချိန်မှစ၍ သိန္ဓုမြစ်ဝှမ်းရှိ ယဉ်ကျေးသည့်လူမျိုးနှင့် စ၍ စစ်ခင်းကြလေ၏။ ထိုလူမျိုးနှစ်မျိုး၏ စစ်ပွဲကို ဝေဒနှင့် ပုရာဏ်စာပေများတွင် 'ဒေဝါသုရ သင်္ဂါမ' (ဒေဝနှင့် အသုရာ တိုက်ပွဲ)ဟူသော အမည်ဖြင့် အထင်အရှား ရှိနေပေသည်။ အသုရာလူမျိုးတို့သည် ကျွမ်းကျင်မှု၊ ယဉ်ကျေးမှု ရှိကြသော်လည်း နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာ နိုင်ငံသား၊ ပြည်သားဘဝဖြင့် နေထိုင်လာခဲ့ရသည် ဖြစ်သောကြောင့် ပေါ်ကြော့ ဖြစ်လာကြပြီးလျှင် စစ်တိုက်ခိုက်မှုသဘာဝ ယုတ်လျော့ဆိတ်သုဉ်းလာခဲ့ကြပေ၏။ ထိုအကြောင်းကြောင့်ပင် သူတို့သည် ခံတပ် ရာပေါင်းများစွာဖြင့် ပိတ်ဆို့ကာဆီးထားသည့် မြို့ပြကြီးများနှင့် သင်တန်းတက်ပြီး စစ်သားများ ရှိလင့်ကစား သင်တန်းတက်ခြင်း မရှိသော်လည်း ရဲရင့်သည့် အရိယတို့ကို

အရှုံးပေးလိုက်ရခြင်း ဖြစ်လေသည်။ ရာဇဝင်၌ ခြေသလုံးအိမ်တိုင် လှည့်လည်နေ ကြသူ လူမျိုးအရိုင်းတို့သည် မကြာခဏ အနိုင်ရရှိသည်ကို တွေ့ရလေသည်။

တိုက်ပွဲတွင် အနိုင်ရရှိသွားသောအခါ အရိယလူမျိုးတို့သည် စစ်ရှုံး ဒရဗိဏ် လူမျိုးတို့နှင့် ရင်းနှီးဆက်သွယ်လာကြသည်ဖြစ်၍ တဖြည်းဖြည်း ယဉ်ကျေးသည့် လူမျိုး ဖြစ်လာကြလေ၏။ ထို့ပြင် မိမိတို့၏ ရိုးရိုးသားသား နေထိုင်တတ်သည့် ဘဝနှင့် အပင်ပန်းခံ၍ အလုပ်လုပ်လေ့ရှိသည့် ဘဝကို စွန့်လွှတ်ပြီးလျှင် ဒရဗိဏ် လူမျိုးတို့၏ စည်းစိမ်ရှင်ဘဝမျိုးကို အတုယူလိုက်ကြလေကုန်၏။ စစ်ပွဲ ပြီးဆုံး သွားသည့်နောက် လူမျိုးနှစ်မျိုးလုံး သိန္ဓမြစ်ဝှမ်း၌ နေထိုင်ကြသည့်အခါတွင် စစ်နိုင် နှင့် စစ်ရှုံး နှစ်ဦးလုံး၏ တိုက်ပွဲသည် အသွင်တစ်မျိုးကို ဖန်တီးလိုက်လေ၏။ အရိယလူမျိုးတို့သည် လူမည်းမျိုး၊ နှာခေါင်းပု၊ လူညှက် စသည်ဖြင့် ခေါ်ဝေါ်ပြီးလျှင် စစ်ရှုံးလူမျိုးကို ပြက်ရယ်ပြုလာကြလေ၏။ ယခုခေတ် အမေရိကရှိ လူဖြူမျိုးနှင့် နီဂရိုးလူမျိုးတို့ကဲ့သို့ ၄င်းတို့သည် အရောင်ကို ပြဿနာလုပ်ကြပြီးလျှင် အရိယ မဟုတ်သူတို့နှင့် လက်ထပ်ထိမ်းမြားခြင်းကို ကျပ်တည်းစွာ တားမြစ်ပိတ်ပင်ကြ ကုန်၏။ သို့ရာတွင် အရိယတို့သည် သူတို့၏သွေး စင်ကြယ်စွာ မထားနိုင်ခဲ့ကြပေ။ သူတို့၏ အိမ်များတွင် အရိယမဟုတ်သူ အနရိယ ကျွန်များ တံခါးမရှိ ဓားမရှိ အဝင်အထွက် ရှိနေခြင်းနှင့် သူတို့၏ အနီးအနားတစ်ဝိုက်၌ အနရိယ (အရိယ မဟုတ်သူ) တို့၏ နေရာအိမ်ခြေများ အမြောက်အမြား ရှိနေခြင်းတို့ကြောင့် အရိယ တို့သည် သူတို့၏သွေး စင်ကြယ်အောင် မထားနိုင်ခဲ့ကြပေ။

မိုဟန်ဂျိုဒရိမှ တူးဖော်ရရှိသည့် ရေးဟောင်းပစ္စည်း အပျက်အစီးများထဲ၌ သံထည်ကို ရှာမတွေ့ရပေ။ အရိယလူမျိုးတို့၏ ရေးဟောင်းစာပေများတွင်လည်း 'လောက်ဟ'နှင့် 'အယသ' စာလုံးများကို ကြေးနှင့်သံ နှစ်မျိုးလုံးအတွက် သုံး ထားသည်ကို တွေ့ရသည်။ သို့အတွက် သံတစ်ခုတည်းအတွက် သက်သက် 'ကရိရှနအယသ'ဟူသော စကားလုံးကိုလည်းကောင်း၊ ကြေးတစ်ခုတည်းအတွက် သက်သက် 'တာမရလောက်ဟ'ဟူသော စကားလုံးကိုလည်းကောင်း ထွင်ရခြင်း ဖြစ်လေ၏။ သံကို တီထွင်မှုသည် ခရစ်မပေါ်မီ နှစ်ပေါင်း နှစ်ထောင့်လေးရာ အလွန်က စခဲ့လေသည်။ ထို့ထက် ရှေးကျသည့် အချိန်ကာလတွင်ကား ကြေးနီ၊

ကြေးဝါဖြင့် ပြုလုပ်ထားသည့် လက်နက်များကိုသာလျှင် သိန္ဓ၊ မေဆိုပိုတာမိယား၊ အီဂျစ်၊ ကရစ်တ်မှစ၍ နေရာအနှံ့အပြားတွင် အသုံးပြုကြပေ၏။ အရိယလူမျိုးတို့ ရောက်မလာခင်ကပင် သိန္ဓမြစ်ဝှမ်းရှိ လူတို့သည် အရုပ်အကွာရာတစ်မျိုးကို အသုံးပြုကြလေသည်။ ထိုနောက် အကွာရာတစ်ခုခုဖြင့် (ထိုအကွာရာသည် မကြာမီက ဆမ်းဘလ်ပုဒီစတြိတ်ရှိ ဂ်ဂါပူမှ ရရှိသည့် ကျောက်စာအကွာရာနှင့် တူပုံရလေသည်) အရိယတို့သည် သူတို့၏ ဗြဟ္မဋိလိပိကို ပြုလုပ်ဖန်တီးကြခြင်း ဖြစ်လေသည်။ အိန္ဒိယသို့ ရောက်မလာခင် ရှေးဦးကပင် ကြောက်ခြင်းနှင့် သူရဲကောင်း ပူဇော်ခြင်းသည် အရိယလူမျိုးတို့အတွက် နတ်ပေါင်းများစွာကို ဖန်တီးပေးထားခဲ့လေ၏။ သိန္ဓမြစ်ဝှမ်းနှင့် နီးကပ်ဆက်သွယ်မှုသည် ထိုနတ်များအထဲ၌ အနရိယ (အရိယမဟုတ်သူ) နတ်ပေါင်းများစွာကို တိုးပွားပေးလိုက်ပြန်လေ၏။

အလွန်ရှေးကျသည့် ခေတ်ကာလတုန်းက အိန္ဒိယတွင် လူရိုင်းမျိုးနှင့် တောင်ဘက်ပိုင်း ဒရဗိဏ် အရင်းကျသည့် မုံဒါ (အစဦးလူ) လူမျိုးတို့ နေထိုင်ကြသည်ဆိုသည့် အကြောင်းကို ကျွန်ုပ်တို့ ပထမကပင် ပြဆိုခဲ့ပြီးလေပြီ။ ထိုနောက်တွင် နှစ်ပေါင်း ခုနှစ်ထောင်၊ ရှစ်ထောင် မတိုင်မီလောက်တွင် လူဦးရေ နည်းပါးသော်လည်း ကောင်းစွာယဉ်ကျေးသည့် အညိုရောင် ဒရဗိဏ်လူမျိုးတို့ ရောက်လာကြပေ၏။ တစ်ဖန် အရိယလူမျိုးတို့ ရောက်လာပြန်သော အခါတွင်ကား စတုတ္ထလူမျိုးတစ်မျိုးနှင့် ပေါင်းစပ်မိသွားကြလေသည်။ ထိုလူမျိုးများအနက် အရိယလူမျိုးသည် အသားဖြူသည်၊ အရပ်အမောင်း ရှည်သည်၊ နှာခေါင်း ရှည်သည်၊ မျက်လုံးညိုပြာသည်၊ ဆံပင် ညိုမွဲသည်။ ကြွင်းကျန်သည့် လူမျိုးသုံးမျိုးကား အချင်းချင်း အချိုးအစား အတော်အတန် တူညီခြင်း ရှိကြလေ၏။ ကိုယ်ကာယ မည်းနက်၏၊ နှာခေါင်း ပု၏၊ ကိုယ်လုံးကိုယ်ထည် ညှက်၏။ ထို့ပြင် ထိုလူမျိုးတို့၌ အချို့အချို့တွင် ဆံပင်ကောက်ခြင်း၊ နှုတ်ခမ်းထူခြင်း၊ ပါးစပ်ငေါခြင်းတည်းဟူသော နီဂရိုးလူရိုင်းတို့၏ ကိုယ်ကာယ အမှတ်လက္ခဏာများကိုလည်း တွေ့ရလေသည်။ သို့သော်လည်း လူရိုင်းတို့၏သွေး ပျံ့နှံ့ခြင်း မရှိလှသဖြင့် ယင်းအမှတ်လက္ခဏာများကို များများစားစား မတွေ့မြင်ရပေ။

မနုဿဗေဒ ပညာရှိများသည် လူမျိုးအသီးသီးတို့၏ ကိုယ်ကာယ အချိုး

အစားကို စူးစမ်းလေ့လာကြသည့်အခါ ၄င်းတို့၌ များစွာသော ထူးခြားကွဲပြားသည့် အမှတ်လက္ခဏာ၊ သို့မဟုတ် အညွှန်း (Index) များကို တွေ့ရှိရပေ၏။ ထိုအညွှန်းကိန်းများအနက် တည်တံ့မြဲမြံသည့် အညွှန်းကိန်းများကို တိကျသည့် အညွှန်းကိန်းဟု ခေါ်ဆိုရ၍ မတည်တံ့ မမြဲမြံသည့် အညွှန်းကိန်းများကို မတိကျသည့် အညွှန်းဟု ခေါ်ဆိုလေသည်။ (၁) အရပ်၊ (၂) ဦးထိပ်အနေအထား၊ (၃) နှာခေါင်းအနေအထား၊ ဤသုံးမျိုးကို တိကျသည့်အညွှန်းဟု ခေါ်လေသည်။ ၄င်းတို့တွင် လည်း ပထမမျိုးထက် ဒုတိယမျိုးကလည်းကောင်း၊ ဒုတိယမျိုးထက် တတိယမျိုးကလည်းကောင်း ပိုမို၍ တိကျသည့် အထောက်အထား ဖြစ်လေသည်။ မတိကျသည့် အညွှန်းတို့ကား ကိုယ်ကာယ၊ မျက်လုံး၊ ဆံပင်တို့၏ အရောင်နှင့် မျက်လုံး၊ ဆံပင်တို့၏ အချိုးအစား စသည်တို့ ဖြစ်ကြပေ၏။ အရိယနှင့် အနရိယ (အရိယမဟုတ်သူ)တို့၏ မတိကျသည့် အညွှန်းများအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ပထမတွင် ပြဆိုခဲ့ပြီးလေပြီ။ ယခု ဤနေရာ၌ သူတို့၏ တိကျသည့် အညွှန်းများအကြောင်းကို အသင့်အတန် ရေးဖို့ရန် လိုပေ၏။ ဦးထိပ်အနေအထားဟူသည်မှာ ဦးထိပ်၏ အလျားကို တစ်ရာပမာဏထားလျှင် ထိုအတိုင်းအရည်၏ အနုံပမာဏကို အချိုးကျ တွက်ကြည့်ရမည်ဖြစ်သည်။ နှာခေါင်းအနေအထား၌လည်း နှာတံ၏ အရည်ကို တစ်ရာပမာဏထားလျှင် နှာခေါင်းပေါက်ကို နှာတံ၏ အရည်အတိုင်း အချိုးကျ တွက်ချက်ကြည့်ရမည် ဖြစ်သည်။ (အလျားကိုတိုင်းသည့် ခဏာ၌ မျက်ခုံး၏အောက် နှာတံထိနေသည့် နေရာမှစ၍ နှာခေါင်းပေါက်အထိ တိုင်းသင့်လေသည်) တိကျသည့် အတိုင်းအရည် ပမာဏကို ရရှိဖို့ရန်အတွက် လူမျိုးတစ်မျိုးမှ သွေးစပ်သူများ တစ်ရာ၊ တစ်ရာ့ငါးဆယ်လောက်ကို တစ်ဦးစီ စစ်ရွေးထုတ်ခြင်း မပြုရဘဲ အားလုံးကို ခြုံခေါ်ယူပြီးလျှင် စမ်းသပ်ကြည့်ဖို့ရန် လိုပေသည်။

စမ်းသပ်တိုင်းထွာခြင်းအရ သိရှိရသည်မှာ ကမ္ဘာမြေပြင်ရှိ လူဖြူမျိုးတို့၏ အရပ်မှာ များသောအားဖြင့် မီလီမီတာ (၂၅ မီလီမီတာလျှင် တစ်လက်မရှိသည်) ၁၆၁၀ (၅ပေ ၄.၄ လက်မ)ထက် အောက်မနိမ့်ပေ။ ဦးထိပ်၏ အနေအထားမှာ ၇၁.၃ ထက်လည်းကောင်း၊ နှာခေါင်း၏ အနေအထားမှာ ၇၅ ထက်လည်းကောင်း

မပိုပေ။ အခြားလူမျိုးတို့၏ အရပ်မှာ ၁၅.၄၀ မီလီမီတာ (၅ ပေ ၁.၆ လက်မ) အထိ ရှိ၏။ ဦးထိပ်အနေအထားနှင့် နှာခေါင်း၏ အနေအထားမှာ အစဉ်အတိုင်း ၇၅.၉ ထက်လည်းကောင်း၊ ၇၀ ထက်လည်းကောင်း မယုတ်ပေ။ လူဖြူမျိုးတို့၏ ထိပ်အနေအထား၌ ဦးခေါင်းလုံးခြင်းကိုလည်း မတွေ့ရှိရပေ။ အိန္ဒိယ၌ ဂုဂျရာတီနှင့် မရာထီတို့၏ ဦးခေါင်းကဲ့သို့လည်းကောင်း၊ ဥရောပ၌ ဂျာမန်စသည့် လူမျိုးအချို့တို့၏ ဦးခေါင်းများကဲ့သို့လည်းကောင်း ဖြစ်ပေသည်။ သို့အတွက် ကြွင်းကျန်သည့် အချက်နှစ်ချက်ကိုလည်း သတိပြုသင့်ပေသည်။

ဒေသအသီးသီး၌ ရှိကြသော လူဖြူမျိုးတို့၏ ကိုယ်ခန္ဓာအချိုးအစားကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

	အရပ်အမောင်း (မီလီမီတာ)	ဦးထိပ်	နှာခေါင်း
သိန္ဓု-အာဖဂန်	၁၆၄၂ မှ ၁၆၁၃ အထိ	၈၀ မှ ၈၂.၈	၆၇.၈ မှ ၄.၃
သိန္ဓု-အီရန်	၁၆၄၂ - ၁၆၈၃	၈၀ - ၈၂.၈	၆၇.၈ - ၇၃.၃
အီရန်မြေထဲပင်လယ်သား	၁၆၃၃ - ၃၇၄၅	၇၆.၂-၇၉.၈	၅၉.၆-၇၃.၃
အာမေနီယန် - ပါမီရ်	၁၆၆၀ - ၁၇၀၈	၈၄.၁-၈၉.၅	၆၂.၆-၇၂
ဂျာဂျီယန်	၁၆၄၆ - ၁၆၅၀	၀၂.၅-၀၄.၂	၅၇.၆-၆၄.၅

အိန္ဒိယမြောက်ပိုင်းရှိ အာရိယလူမျိုးတို့၏ ကိုယ်ကာယအချိုးအစားအချို့ကို ကြည့်ပါ။

	အရပ်အမောင်း	ဦးထိပ်	နှာခေါင်း
ရာဇပုတ် (ရာဇပူတာနာ)	၁၇၄၈	၇၂.၄	၇၂.၆
ပံဂျာပီ	၁၆၈၄	၇၄.၂	၇၀.၂
ဆိက်ခ်	၁၇၀၉	၇၂.၇	၆၈.၈

၄င်းတို့ကို အိန္ဒိယအရိယလူမျိုးကွဲအချို့တို့နှင့် နှိုင်းယှဉ်ပါ။

	အရပ်အမောင်း	ဦးထိပ်	နှာခေါင်း
ဝစ်ဒါ (သီဟိုဠ်)	၁၅၇၁	၇၅.၁	၈၄.၁၈

လင်းလွန်းခင်စာပေ

မုံဒါ	၁၅၈၉	၇၄.၅	၈၉.၉
တာမီလ်	၁၆၃၆	၇၅.၆၆	၇၆.၇၇
ဒရဗိရ်-ဟိန္ဒူ	၁၆၂၃	၇၅.၂	၈၂.၃၇

အိန္ဒိယ-ဗင်္ဂါလာသံရှိ အိန္ဒိယအမျိုးသားများ၌ မောင်းဝတ်သွေး အတော်ပင်ရှိသည်၊ မောင်းဝတ်လူမျိုးတို့၏ အညွှန်းအချို့ကို ကြည့်ပါဦး၊

	အရပ်အမောင်း	ဦးထိပ်	နှာခေါင်း
ပုရယတ်(ဆိုက်ဗေရိယာ)	၁၆၃၁	၈၄.၅	၇၂.၅၀
လဒတ် (ကသ္မီရ)	၁၆၃၄	၇၆.၇၆	၇၅.၅၄
လိပ်ကျာ (ဒါဂျီလင်)	၁၅၇၀	၇၉.၉	၆၇.၂
ဂျပန်	၁၅၈၅	၇.၆၅	၇၂.၉၄

ကနဦး အရိယတို့၏ နောက်ခံလည်း ဆိကန္ဒရ (အလက်ဇန္ဒား)ခေတ်တွင် ဂရိစ်၊ ဆိထိယန် (မဂ်-ရှက်) ဂျတ်၊ ဂူဂျာ၊ အာဘီရ စသော အရိယလူမျိုး ထောင်ပေါင်းများစွာသည် အိန္ဒိယသို့ ရောက်လာကြပြီးလျှင် အိန္ဒိယမြောက်ပိုင်း အရိယလူမျိုးတို့နှင့် ပေါင်းဆုံမိကြလေသည်။ ဒရဗိရ်နှင့် အနရိယ (အရိယမဟုတ်သူ) လူမျိုးတို့သည် စစ်နိုင်ပုဂ္ဂိုလ်များ၏ အမိန့်ညြှာခံ ဖြစ်သူကဖြစ်၊ အလယ်ပိုင်းဒေသရှိ တောင်ကုန်းများနှင့် တောင်ဘက်ပိုင်းသို့ ရွှေ့သွားသူက သွားကြလေသည်။ ဤလူမျိုးတို့ ရောနှောပေါင်းဆုံမှုကြောင့် သွေးရောစပ်မှုမှာ မလွဲသာသည့် အကြောင်းဖြစ်လာပေ၏။ ပံ့ဂျာဗီနှင့် ရာဇပုတ်မှ ကျွန်ုပ်တို့သည် အရှေ့ဘက်သို့ တိုးသွားလေလေ အရိယသွေး ယုတ်လျော့နည်းပါးသွားသည်ကိုလည်းကောင်း၊ ဒရဗိရ်သွေးများပြားလာသည်ကိုလည်းကောင်း မြင်ရလေလေ ဖြစ်ပေ၏။ ဗီဟာရိ၏ နယ်နိမိတ်ကို ကျော်လွန်ပြီး ဗင်္ဂါနှင့် အာသံတို့၌ တစ်ဖန် မြောက်ဘက်မှလာသော မောင်းဝတ်လူမျိုးနှင့် သွေးချင်း ရောစပ်သွားလေသည်။ ဤသွေးရောစပ်မှုသည် လူမျိုးအားလုံးတို့၌ တညီတညာတည်း မဟုတ်ပေ။ ဥဒါဟရဏ် ထုတ်ပြရသော် ယူပီအရှေ့ပိုင်းနှင့် ဗီဟာရ်မှ အဟိရ်လူမျိုးကို ကြည့်ပါ။ ၄င်းတို့၌ အခြားလူမျိုးတို့ထက် ပို၍

အရောင်အသွေးဖြူခြင်းနှင့် ဆံပင်ညိုခြင်းကို တွေ့ရပေလိမ့်မည်။ မြဲမြံတိကျသည့် အညွှန်း (အရပ်အမောင်း၊ ဦးထိပ်၊ နှာခေါင်းတို့၏ အတိုင်းအရှည်)များကို ကြည့်လျှင် ထိုဒေသတို့၌ အရိယသွေး အများဆုံးရှိသူမှာ ထိုလူမျိုးတစ်မျိုးပင် ဖြစ်၏ဟု သိရှိရပေလိမ့်မည်။

ဝိဇ္ဇာပညာရှိများ လူ၏ စတင်ဖြစ်ပေါ်လာမှုနှင့် တစ်စစ ပြောင်းလဲတိုးတက်လာမှုကို ငါး၊ ဖား၊ တွားသွားသတ္တဝါ၊ ငှက်၊ နို့ရှိသည့် သတ္တဝါ စသည့် အစဉ်အားဖြင့် ယူဆကြခြင်းမှာ အထူးအားဖြင့် အကြောင်းနှစ်ရပ်ပေါ်တွင် အခြေခံလေသည်။ ဧဝကပ်မှ ကျောက်များ၏ အထပ်အလွှာများတွင် ကျွန်ုပ်တို့သည် ထိုအစဉ်အားဖြင့်သာလျှင် လူ၏ စတင်ဖြစ်ပေါ်မှုနှင့် တစ်စတစ်စ ပြောင်းလဲတိုးတက်လာမှုကို သိရပေသည်။ ဤကျောက်များသည် ခေတ်ပြိုင် အဖြစ်အပျက်များ၏ ရာဇဝင်ကျမ်းဂန်များ ဖြစ်ကြသည်။ ကျောက်များ၏ တစ်ခုတစ်ခုသော အထပ်အလွှာသည် ထိုရာဇဝင်ကျမ်းဂန်၏ စာရွက်များ ဖြစ်ကြသည်။ ကြိုးကြားကြိုးကြားတွင် ဖြစ်ပေါ်လာသည့် ပြင်းထန်သည့် မြေငလျင် ထောင်ပေါင်းများစွာတို့က ဤရာဇဝင်ကျမ်းဂန်၏ စာရွက်များကို ဆုတ်ဖြဲထားခြင်းမျှသာလျှင် ထူးခြားချက်ရှိပေ၏။ အမေရိကား၏ အနောက်ပိုင်း နယ်ပယ်များရှိ နေရာအချို့ကဲ့သို့ ပထဝီမြေပြင်ပေါ်တွင် အချို့အချို့ နေရာများ၌ နှစ်ပေါင်းကုဋေကုဋာက ကျောက်အထပ်အလွှာများကို မကျိုးမပျက် တွေ့ရှိရလေသည်။ ထိုနေရာများရှိ ကုလားအုတ်၊ မြင်း စသည်တို့၏ ခေတ်ကာလ အသီးသီးမှ ကျောက်ဖြစ်နေသည့် အရိုးတို့သည် ဤတစ်စတစ်စ တိုးတက်ပြောင်းလဲလာခြင်းဟူသော ဝါဒကို ခိုင်မာအောင် ပြုလုပ်ကြသည်။ ကျောက်ဖြစ်နေသည့် အရိုးများမှတစ်ပါး အခြား အထောက်အထားတစ်ခုမှာ သတ္တဝါများ၏ ဝမ်းဗိုက်အတွင်း၌ ပဋိသန္ဓေ တည်နေခိုက် စသော ဘဝဦးအချိန်ကာလ ဖြစ်လေ၏။ ဖား သည် ငါးမှ တိုးတက်လာခြင်းဖြစ်၍ ဖား၏အသွင်သဏ္ဌာန် မရောက်မီ ငါး၏ အသွင်သဏ္ဌာန်ကို ဆောင်ရလေသည်။ ထိုအခိုက်၌ သဏ္ဌာန်သည်သာလျှင် ငါးနှင့် တူသည်မဟုတ်၊ ငါးကဲ့သို့ပင် ဖားသည် ပါးဟက်ဖြင့် ရေထဲ၌ပင် အသက်ရှူရလေသည်။ မိမိတို့၏ ပစ္စက္ခအခြေအနေသို့ ရောက်ရှိဖို့ရန်အတွက် လူသားများ လွန်မြောက်ကျော်လွှားခဲ့ရသော အဆင့်ဟူသမျှတို့ကို ယနေ့တိုင်ပင် လူသည် ဝမ်း

ဗိုက်ထဲ၌ ပဋိသန္ဓေတည်ချိန်နှင့် ကလေးဘဝ အချိန်ကာလများတွင် တွေ့ကြုံဖြတ်ကျော်ရပေသည်။ ဝမ်းဗိုက်တွင်း၌ လူသည် အစဦးအချိန်တွင် ငါးကဲ့သို့ နေရပေသည်။ လေးငါးလသား အရွယ်တွင် အမြီးရှိသည့် မျောက်နှင့် တူပေသည်။ မွေးဖွားလာသည့်ခဏ၌ လူဝံကဲ့သို့ လက်များသည် ရှည်လျားပေသည်။ လူငယ်အရွယ်၌ လူသည် တိုးတက်ပြောင်းလဲလာသည့် မျောက်ပေါင်းများစွာကဲ့သို့ ခြေလေးချောင်းသို့မဟုတ် ခြေရှစ်ချောင်း၊ နှစ်မျိုးလုံးကဲ့သို့ပင် သွားလာလေ၏။ စိတ်လည်း ကူးလိမ့်မည်ဖြစ်သည်။ သုံးနှစ်အရွယ်ရှိ လူ၏ မြောက်မြားစွာသော ကာယိကနှင့် မနသိကပြုမူလုပ်ကိုင်ချက်များ၌ လွန်ခဲ့သည့် နှစ်ပေါင်း ငါးသောင်းအလွန်က သူတို့၏ အသက်လေးဆယ်ရွယ် ဘိုးဘေးဘီဘင် အဘိုးကြီးများ၏ အပြုအမူမျိုးကို တွေ့ရလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် အချက်အလက်ပေါင်း များစွာတွင် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များထက် ရှေ့သို့ တိုးတက်နေကြသကဲ့သို့ ယနေ့မှစ၍နောင် နှစ်ပေါင်းတစ်သောင်း အကြာတွင် ပေါ်ထွက်လာမည့် တိုးတက်၍နေသော ကျွန်ုပ်တို့၏ အဆက်အနွယ်များသည် ဆယ်နှစ်အရွယ်လောက်တွင် ကျွန်ုပ်တို့၏ ယခု အသက်လေးဆယ်အရွယ် ပညာရှင်များကဲ့သို့ပင် စဉ်းစားတွေးခေါ်ကြပေလိမ့်မည်။ အတိတ်ကာလက အတွေ့အကြုံအားဖြင့် အကျိုးရှိအောင် ပြုလုပ်ကြပေလိမ့်မည်။

လူ၏ တစ်စ တစ်စ ပြောင်းလဲတိုးတက်လာမှု၌ အရေးပါသည့် အချိန်ကာလ အချို့

ပထဝီမြေကြီးစတင်ဖြစ်ပေါ်လာခြင်း	နှစ်ပေါင်းသန်းရှစ်ထောင် မတိုင်မီ
သတ္တဝါစတင်ဖြစ်ပေါ်ခြင်း	နှစ်ပေါင်းသုံးကုဋေ မတိုင်မီ
တွားသွားသတ္တဝါစတင်ဖြစ်ပေါ်ခြင်း	နှစ်ပေါင်းနှစ်ကုဋေ မတိုင်မီ
ဆိုဝါလိမ္မသတ္တဝါ	နှစ်ပေါင်းသိန်းသုံးဆယ် မတိုင်မီ
ဆိုဝါလိမ္မ လူဝံ	နှစ်ပေါင်းလေးငါးသိန်း မတိုင်မီ
ဂျာဝါမှ လူဝံ	နှစ်ပေါင်းသုံးလေးသိန်း မတိုင်မီ

ဟိမဝန္တာတောင်ဝှမ်းစတင်ဖြစ်ပေါ်ခြင်း	နှစ်ပေါင်းသုံးလေးသိန်း မတိုင်မီ
နှင်းခေတ် (ပထမ)	နှစ်ပေါင်းသုံးသိန်း မတိုင်မီ
နှင်းခေတ် (ဒုတိယ)	နှစ်ပေါင်းနှစ်သိန်း မတိုင်မီ
ဟိုက်ဒလ်ဗာဂိယလူမျိုး	နှစ်ပေါင်းတစ်သိန်းခွဲ၊တစ်သိန်းမတိုင်မီ
နှင်းခေတ် (တတိယ)	နှစ်ပေါင်းတစ်သိန်း မတိုင်မီ
နှင်းခေတ် (စတုတ္ထ)	နှစ်ပေါင်းငါးသောင်း မတိုင်မီ
နေအာဒါသ်လ် ကရပါ	
ကနုလ်လူမျိုး	
စတုတ္ထနှင်းခေတ်ပျောက်ကွယ်သွားခြင်း	နှစ်ပေါင်းလေးသောင်းနှစ်သောင်း ငါးထောင် မတိုင်မီ
ကရိမေဂနန် (ဥရောပတောင်ပိုင်း)လူမျိုး	နှစ်ပေါင်းသုံးသောင်းနှစ်သောင်း ငါးထောင် မတိုင်မီ
ဆိန်ဂန်ပူမှဒရဗိုထက်စောသောလူမျိုး	နှစ်ပေါင်းသုံးသောင်းနှစ်သောင်း ငါးထောင် မတိုင်မီ
လူစင်စစ်၏ သမိုင်းအစနေ-နဂါး	နှစ်ပေါင်းသုံးသောင်းနှစ်သောင်း
ပူဇော်သူတို့နှင့် စကြာအမှတ်အသားများ	ငါးထောင် မတိုင်မီ
ဥရောပ၊ အိန္ဒိယ၊ တရုတ်၊ အမေရိကန်	ခရစ်မပေါ်မီ နှစ်ပေါင်းသောင်း
စသည်သို့ ပျံ့နှံ့သွားခြင်း	နှစ်ထောင်ရှစ်ထောင် အလွန်
လေးမြားကို တီထွင်ခြင်း	ခရစ်မပေါ်မီ နှစ်ပေါင်း သောင်းငါးထောင်အလွန်
ကျောက်ခေတ်သစ်	ခရစ်မပေါ်မီနှစ်ပေါင်း ငါးထောင် အလွန်
တိရစ္ဆာန်ကို မွေးမြူခြင်း	
'လယ်ယာ' မြေအိုးခွက်များအစ	
ရွာတည်ခြင်းနှင့်ယဉ်ကျေးမှု၏အစ	ခရစ်မပေါ်မီ နှစ်ပေါင်းလေးထောင်
ကြေးနီကို တီထွင်ခြင်း	အလွန်

မိုဟန်ဂျရီ၊ ဒရိယဉ်ကျေးမှု ကြေးဝါ တီထွင်ခြင်း	ခရစ်မပေါ်မီ နှစ်ပေါင်းသုံးထောင်အလွန်
	ခရစ်မပေါ်မီ နှစ်ပေါင်းနှစ်ထောင့်ငါးရာ အလွန်
ဟိရတ်ဌအရိယလူမျိုးတို့ ဝင်ရောက်ခြင်း သုဝဏ္ဏဌ အရိယလူမျိုးတို့နေခြင်း။	ခရစ်မပေါ်မီ နှစ်ပေါင်းနှစ်ထောင်အလွန်
မိတ်တန်နီအရ်ယလူမျိုးများ မေဆိုပိုဘာမိယားသို့ ရောက်လာခြင်း	
အရိယလူမျိုးများ သိန္ဓုမြစ်ဝှမ်းကို သိမ်းပိုက်ခြင်း	ခရစ်မပေါ်မီ နှစ်ပေါင်းနှစ်ထောင့်ရှစ်ရာ အလွန်
အရိယလူမျိုးများ ဂရိကို သိမ်းပိုက်ခြင်း	ခရစ်မပေါ်မီ နှစ်ပေါင်းထောင့်ငါးရာ အလွန်
သံကိုတီထွင်ခြင်း	ခရစ်မပေါ်မီ နှစ်ပေါင်းထောင့်လေးရာ အလွန်
ဂေါတမဗုဒ္ဓ (ဗုဒ္ဓဝါဒီ)	ခရစ်မပေါ်မီ နှစ်ပေါင်းထောင့် ၅၆၆-၄၈၃ အလွန်
သိန္ဓုဒေသကို အီရန်များသိမ်းပိုက်ခြင်း	ခရစ်မပေါ်မီ ၅၃၀ အလွန်
ဂရိစ်များ အိန္ဒိယ၌ အောင်နိုင်ခြင်း	ခရစ်မပေါ်မီ ၃၂၃ အလွန်
စက္ကူကို တီထွင်ခြင်း (တရုတ်)	ခရစ်မပေါ်မီနှစ်ပေါင်း ၂၀၀ အလွန်
ရုက်-မင်လူမျိုးများ အိန္ဒိယသို့ ရောက်လာခြင်း	ခရစ်မပေါ်မီ ၂၀၀-၁၀၀ အလွန်
မောင်းဂွတ်တို့ကြောင့် ခဲယမ်းများ ဥရောပသို့ရောက်ခြင်း	ခရစ်နှစ် ၁၃၀၀
ဥရောပ၌ စာပုံနှိပ်စက်	ခရစ်နှစ် ၁၄၃၀
မှန်ပြောင်းတီထွင်ခြင်း	ခရစ်နှစ် ၁၆၁၂
ရေနွေးငွေ့အင်ဂျင်စက်	ခရစ်နှစ် ၁၇၈၅
ပထမ မီးသင်္ဘော (ဖို့တ်)	ခရစ်နှစ် ၁၈၀၂

ပထမမီးရထားအင်ဂျင်စက်	ခရစ်နှစ် ၁၈၀၄
တစ်စတစ်စတိုးတက်ပြောင်းလဲခြင်းဟူသော ဝါဒ၏ ခေါင်းဆောင်ဆရာကြီးဒါဝင်	ခရစ်နှစ် ၁၈၀၉-၈၂
ကွန်မြူနစ်ဝါဒ၏ ခေါင်းဆောင် ဆရာကြီး ကားလမတ်	ခရစ်နှစ် ၁၈၁၀-၈၃
ပထမမီးရထားလမ်း (စတော့တန်မှ ဒါလိုင်တန်အထိ)	ခရစ်နှစ် ၁၈၂၅
မီးခြစ်	ခရစ်နှစ် ၁၈၃၄
လျှပ်စစ်	ခရစ်နှစ် ၁၈၃၄
စူးအက်တူးမြောင်း	ခရစ်နှစ် ၁၈၆၇
ဂရမ္မာန်ဖုန်း	ခရစ်နှစ် ၁၈၇၈
ရေဒီယမ်	ခရစ်နှစ် ၁၈၉၈
လူမောင်းလေယာဉ်ပျံ	ခရစ်နှစ် ၁၉၀၉
ပထမကွန်မြူနစ်အုပ်ချုပ်ရေး	ခရစ်နှစ် ၁၉၁၇

ကွန်မြူနစ်ဝါဒသာလျှင် အာဘယ်ကြောင့်

(၁)
အရင်းရှင်ဝါဒ စတင်ဖြစ်ပေါ်လာမှု

အရင်းရှင်ဝါဒသည် ထူးခြားသော ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းနည်းတစ်ခု ဖြစ်လေ၏။ ထိုနည်းလမ်း၌ လူတစ်ယောက်သည် တစ်စုံတစ်ခုသော အာဏာတန်ခိုး မပါဘဲ မိမိ၏ အရင်းအင်အား သက်သက်ဖြင့် ကုန်ပစ္စည်းများကို ပြုလုပ်သည့် အဖိုးထိုက်တန်သော ကိရိယာများကို သိမ်းပိုက်အုပ်စီးပြီးလျှင် မိမိ၏ အထောက်အပံ့ဖြစ်သော အရင်းကို တိုးပွားအောင် ပြုလုပ်ရာတွင် လူပေါင်းများစွာတို့၏ လုပ်အား အစိတ်အပိုင်းများစွာကို အခမဲ့ အသုံးပြုလေသည်။

ယင်းသို့သော အရင်းရှင်ဝါဒမျိုးသည် တောလိုက်မုဆိုးခေတ်က လူတို့တွင် မဖြစ်ပေါ်နိုင်သည်မှာ ထင်ရှားလှပေသည်။ ထိုလူတို့သည် တောလိုက်မုဆိုး အခြေအနေမှ တစ်ဆင့်တက်၍ တောင်သူလယ်လုပ် အဆင့်အတန်းသို့ ရောက်ရှိလာသည့် အခါတွင် သူတို့၏ထံ၌ ပုဂ္ဂလိကပိုင်ဖြစ်သော ထာဝရနှင့် ဇင်မ (မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း) ပစ္စည်းဥစ္စာ၏ ပိုင်ရှင်၊ ဓနရှင်၊ ပဒေသရာဇ်၊ ဘုရင် သို့မဟုတ် ဖိနှိပ်သူလူစုတို့ ပေါ်ပေါက်လာကြပေ၏။ တစ်ဖက်တွင်မူ ဖိနှိပ်သူ၊ သွေးစုပ်သူများအတွက် အလုပ်လုပ်ပေးကြသည့် လုပ်သား

များဟူ၍ ဖြစ်လာရပေသည်။ လူ့လောကၦ် လူတန်းစားခွဲခြားမှုနှင့် လူတန်းစား တိုက်ခိုက်မှုများသည် အစပြုလာလေတော့သည်။ ထိုပဒေသရာဇ်နှင့် ဘုရင်တို့သည်လည်း အခြားသောလူများ၏ လုပ်အားအစိတ်အပိုင်း အချို့ကို လုပ်ခမပေးဘဲ မိမိတို့၏ အမြတ်အကျိုးအတွက် အသုံးပြုကြလေသည်။ သို့သော်လည်း ၎င်းတို့သည် အရင်းအင်အားဖြင့် မဟုတ်ဘဲ မိမိတို့၏ ဘုရင့်အာဏာတည်းဟူသော အင်အားဖြင့် ထိုကဲ့သို့ ပြုလုပ်ကြခြင်း ဖြစ်လေသည်။ ထို့ပြင် လုပ်အားခမပေးဘဲ ရရှိသည့် ထိုလုပ်အားဖြင့် ရှေ့သို့လည်း ဆက်လက်၍ လုပ်အား အရောင်းအဝယ်တည်မြဲနေစေရန်အတွက် သူတို့သည် အရင်းကို မမြှုပ်နှံကြပေ။

ပဒေသရာဇ်ခေတ်ၦ အရောင်းအဝယ် ပြုလုပ်သည့် ကုန်သည်နှင့် ငွေတိုးချေးငှားစားသူများ ရှိကြလေသည်။ အခြား ပုဂ္ဂိုလ်များ၏ 'လုပ်အားအစိတ်အပိုင်း အချို့ကို လုပ်ခမပေးဘဲ မိမိတို့၏ ပုဂ္ဂလိက အမြတ်အစွန်းအတွက်' အသုံးပြုကြလေသည်။

သို့သော်လည်း ထိုကုန်သည်များနှင့် ငွေတိုး ချေးငှားစားသူများသည် အရင်းရှင်ဝါဒီများ မဟုတ်နိုင်ကြပေ။ အကြောင်းမူကား သူတို့သည် တစ်သက်တာအတွက် လိုအပ်သည့် ပစ္စည်းဝတ္ထုများကို ပြုလုပ်သည့် လက်နက်ကိရိယာများကို မိမိတို့၏ လက်ထဲတွင် သမ်းပိုက်မထားကြပေ။ ထိုခေတ်အခါက ရက်ကန်းသည်သည် မိမိရက်ကန်း၏ ပိုင်ရှင် ဖြစ်သည်။ အိုးထိန်းသည်သည် မိမိအိုးလုပ်သည့် ဘီး၏ပိုင်ရှင် ဖြစ်သည်။ ပန်းပဲသမားသည် မိမိဖားဖို၊ ပန်းပဲပေ၏ပိုင်ရှင် ဖြစ်သည်။

တစ်နေရာၦ ထိုလက်နက် ကိရိယာများကို စုပေါင်း၍ ထိုလက်နက်ကိရိယာများဖြင့် ပစ္စည်းဝတ္ထုများကို ပြုလုပ်ခြင်း ရှိခဲ့သော်လည်း များသောအားဖြင့် အခပေး၊ အခစား သဘောမျိုးဖြင့် ပြုလုပ်ခြင်း မဟုတ်ပေ။ ထိုနေရာမျိုးၦ ဘုရင်၊ သို့မဟုတ် ပဒေသရာဇ်တို့သည် သူတို့၏ အာဏာတန်ခိုးကိုလည်း အသုံးပြုတတ်ကြလေသည်။

ထိုခေတ်အခါက ကုန်ပစ္စည်းများကို ပြုလုပ်နည်း လက်နက်ကိရိယာများသည် အဖိုးကြီးစွာ ပေးရသည့်အထဲက မဟုတ်သဖြင့် လက်မှုပညာသည်များသည် အနှိမ်ခံရလွန်းအားကြီးလျှင် မိမိကိုယ်ပိုင် လက်နက်ကိရိယာများကို ဖန်တီးပြီး

လွတ်လပ်စွာ ကိုယ့်အလုပ် ကိုယ် လုပ်နိုင်ကြပေ၏။ သို့ဖြစ်၍ ခနရှင်တို့သည် ထိုကဲ့သို့သော စက်ရုံများကို တည်ထောင်ဖို့ရန် ပြင်းပြင်းထန်ထန် စိတ်ဆန္ဒ ပေါ်ပေါက်မလာနိုင်ကြပေ။

အရင်းရှင်ဝါဒကား ကမ္ဘာပေါ်၌ ရေနွေးငွေ့စက်များ တီထွင်ပေါ်ပေါက်လာသည့် အချိန်မှ အစပြုခဲ့လေ၏။ စက်ကိရိယာများ တီထွင်ပေါ်ပေါက်လာသည် ဖြစ်သောကြောင့် ကုန်ပစ္စည်းများကို ပြုလုပ်ဖန်တီးသည့် ရေချိန်သည် လက်ဖြင့် လုပ်စဉ်ကထက် အဆများစွာ တိုးတက်လာပေ၏။ အစပထမက လက်မှုပညာသည် ဖြစ်သော ရက်ကန်းသည်တစ်ယောက်သည် မိမိ လက်ရက်ကန်းဖြင့် တစ်နေ့တွင် အလွန်ဆုံး အထည်ခုနစ်ကိုက်၊ ရှစ်ကိုက်လောက်သာ ကျအောင် ရက်နိုင်ခဲ့သော်လည်း စက်ရက်ကန်းဖြင့် ရက်သည့်အခါတွင်မူ ကျွမ်းကျင်ခြင်းမရှိသေးသူ သာမန်လူတစ်ယောက်ပင် ကိုက်ငါးဆယ်၊ ခြောက်ဆယ်အထိ ကျအောင် ရက်နိုင်လာလေ၏။ စက်ရက်ကန်းဖြင့် ရက်လုပ်သည့် ဤအထည်ပစ္စည်းများ ဈေးပေါလာရခြင်းမှာ ဓမ္မတာပင် ဖြစ်သည်။ အကြောင်းသော်ကား ကုန်ပစ္စည်းများ၏ အဖိုးသည် ထိုကုန်ပစ္စည်းပေါ်၌ စိုက်ထုတ် အရင်းတည်ထားရသည့် လူတို့၏လုံ့လ အတိုင်း အရှည်ပေါ်၌ အခြေတည်လေသည်။ ကုန်ပစ္စည်းများ ဈေးသက်သာချောင်ချိုလျှင် ထိုကုန်ပစ္စည်းများကို တွင်တွင်သွက်သွက် ထုတ်နိုင်လေသည်။ အချိန်မြန်မြန်နှင့် ပစ္စည်းများများ ရောင်းရလျှင် ရောင်းရသလောက် ပစ္စည်းများကို ထုတ်လုပ်သူ အတွက်လည်း အမြတ်အစွန်း ပေါ်နိုင်လေသည်။ ပစ္စည်းတိုင်းတွင် အမြတ်အစွန်း အနည်းငယ်မျှသာ ထားရှိသော်လည်း အားလုံးကို ပေါင်းစုလိုက်လျှင်ကား အမြတ်အစွန်းများစွာ ရရှိနိုင်လေ၏။ အမြတ်များများ ရရှိသော်လည်း စက်ကိရိယာ၏ တန်ဖိုးက ကြီးမြင့်သည်ဖြစ်၍ လက်မှုပညာသည်များ ကိုယ်တိုင်မူ ထိုစက်ကိရိယာများကို မဝယ်နိုင်ကြရှာပေ။ ဤသို့အားဖြင့် အရင်းရှင်ဝါဒသည် ရေနွေးငွေ့အားဖြင့် လည်ပတ်သည့် စက်ကိရိယာများ တီထွင် ပေါ်ပေါက်လာခြင်းနှင့် အတူတကွပင် အစပြုလာခဲ့ပေ၏။

နှစ်ပေါင်း နှစ်ထောင်ငါးရာ မတိုင်မီကပင် အီဂျစ်လူမျိုးတို့သည် ရေနွေးငွေ့ဖြင့် လည်သည့် အားနှင့်ပတ်သက်၍ သာမည အားဖြင့် သိနားလည်ခဲ့ကြသော်

လည်း ၄င်းကို လုပ်ငန်းဆောင်တာများ၌ ပထမဆုံး စ၍ အသုံးချခဲ့သူများကား ဥရောပတိုက်သားများ ဖြစ်ကြလေ၏။ ၁၇၆၅ ခုနှစ်တွင် အင်္ဂလန်မှ ဂျင်ဆဲဂတ်ဆိုသူသည် ရေနွေးငွေ့အင်ဂျင်စက်ကို ပထမဆုံး စ၍ တီထွင်ပြုလုပ်လေ၏။ အစပထမတွင် လူတို့သည် ထို ရေနွေးငွေ့အင်ဂျင်စက် အသုံးချမှုကို သဘောမပေါက်နိုင်ကြပေ။ သို့ရာတွင် ထိုအသုံးကျမှုသည် နေ့ရက်ပေါင်းများစွာ ကွယ်ဝှက်တိမ်မြှုပ်၍ မနေနိုင်ပေ။ မြင်း၊ သို့မဟုတ် နွားကို တပ်ပြီးလျှင် လူသည် ကြိတ်ဆုံ၊ ထွန်၊ တွန်းလှည်းတို့ကို လည်စေနိုင်သကဲ့သို့ မီးနှင့် ရေမှဖြစ်သည့် ဤရေနွေးငွေ့ အင်အားဖြင့်လည်း ၄င်းတို့ကို လည်စေနိုင်သည်ဟူ၍ လူများ သိနားလည်လာကြ၏။ ၁၆၀၀ ပြည့်နှစ် အရှေ့အိန္ဒိယကုမ္ပဏီ တည်ထောင်ပြီးသည့် အချိန်မှစ၍ ဟိန္ဒူစတန်မှ အထည် အချောအလှများသည် အင်္ဂလန်၌ အထူးပင် တွင်ကျယ်လေသည်။ အမြတ်လည်း အတော်များများပင် ရရှိလေသည်။

အကယ်၍ ရေနွေးငွေ့အင်ဂျင်စက်အားဖြင့် မောင်းနှင်လည်နိုင်သည့် ရက်ကန်းများကို ပြုလုပ်နိုင်လျှင် ငါတို့သည် အထည်အလိပ်များကို အဖိုးနှုန်းချိုသာစွာဖြင့် ပြုလုပ်ဖန်တီးနိုင်မည်ဟု အင်္ဂလန် စက်မှုလက်မှုဆိုင်ရာ ဦးနှောက်ထဲ၌ အတွေး ပေါ်ပေါက်လေ၏။ နောက်ဆုံးတွင် ထိုအကြံ အောင်မြင်သွားလေသည်။ ၁၇၈၅ ခုနှစ်တွင် ရေနွေးငွေ့ဖြင့် လည်သည့် ရက်ကန်းစက်ရုံကို ပထမဆုံးစ၍ အင်္ဂလန်၌ ဖွင့်လှစ်လေသည်။ အထည်ကို စရိတ်ကျဉ်းကျဉ်းနှင့် ရက်လုပ်နိုင်သည့် လက်ရက်ကန်းဖြင့် လူလေးယောက်ရက်၍ ကျနိုင်သလောက် အထည်အရေအတွက်ကို ချုံ့ယွင်းချက်ပေါင်းများစွာ ရှိလင့်ကစား အဦးဆုံးဖြစ်သော ထိုစက်ရက်ကန်းဖြင့် လူတစ်ယောက်တည်း အသာ အေးအေးကလေး ရက်နိုင်လေသည်။ ဤစက်ရက်ကန်း တီထွင် ပေါ်ပေါက်လာခြင်းသည် လူလေးယောက်၏ အစား လူတစ်ယောက်သာလျှင် အလုပ်ရရှိမည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ကြောင်း အလုပ်သမားများ မဆိုင်းမတွပင် တွေးတောကြံစည်မိကြလေ၏။ စက်ရုံပေါင်းများစွာကို နောက်ထပ် ဖွင့်ကြလေသည်။ နှစ်များမကြာမီပင် အလုပ်သမားပေါင်း များစွာတို့သည် အလုပ်လက်မဲ့ ဖြစ်သွားကြလေ၏။ ထိုအခါ အလုပ်သမားတို့သည် ဆူပူလှုပ်ရှားကြ

ပြီးလျှင် စက်ရုံတစ်ခုကို ဝင်ရောက်၍ စက်ကိရိယာများကို ချိုးဖဲ့ဖျက်ဆီးပစ်လိုက်ကြ၏။

အင်္ဂလန်ပြည်တွင် အလုပ်သမားများ ယင်းကဲ့သို့ ရေနွေးငွေ့ဖြင့်လည်သော စက်ရုံများကို အတိုက်အခံ ပြုလုပ်၍ ဆူပွက်လှုပ်ရှားလာသည့် အချိန်ဖြစ်သော ၁၈၀၂ ခုနှစ်၌ ဖလတန်သည် ရေနွေးငွေ့ဖြင့် သွားနိုင်သော သင်္ဘောကို တီထွင်ပြုလုပ်လေသည်။ ထိုပြင် ဂျော့စတီဗင်ဆန်သည် မီးရထားအင်ဂျင်ကို အောင်မြင်စွာ ပြုလုပ်သည်သာလျှင်မကဘဲ ၁၈၂၅ ခုနှစ်၌ စတီဗင်ဆန်သည် စတော့တန်နှင့် ဒါလစ်တန်အကြားရှိ သံလမ်းပေါ်၌ မီးရထားငယ်ကလေးများကို ဆွဲပြီး အင်ဂျင်စက်တစ်ခုကို တစ်နာရီ ဆယ့်နှစ်မိုင်နှုန်းဖြင့်လည်း မောင်းနှင်ခဲ့ပြီးပြီ ဖြစ်လေသည်။ ဤနည်းလမ်းသည် ပြုလုပ်ပြီး ကုန်ပစ္စည်းများကို စရိတ်ကျဉ်းကျဉ်းနှင့် အလွန်လျှင်မြန်စွာ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်သယ်ယူရေးတွင် ကြီးစွာ အထောက်အပံ့ အကူအညီ ဖြစ်နိုင်သည်ဟု အရင်းရှင်များက တွေ့မြင်သိရှိလာခဲ့ကြလေ၏။ သံသင်္ဘောများကို ပြုလုပ်ကြသည်ဖြစ်၍ မီးလောင်မှာလည်း မပူရတော့ပေ။ အကြောင်းမူကား သင်္ဘောကို သစ်သားအစား သံဖြင့် ပြုလုပ်ကြကုန်သည်။ မီးသင်္ဘောများ တွင်ကျယ်လာခြင်းကြောင့် တစ်ဖက်တွင် စက်ရုံများ တိုးတက်များပြားလာသကဲ့သို့ပင် တစ်ဖက်တွင်လည်း အလုပ်သမားများသည် အချိန်ကာလ အနည်းငယ်မျှ ငြိမ်သက်သွားကြလေ၏။ အကြောင်းမူကား ဤနည်းလမ်းဖြင့် ထုတ်လုပ်ပြီး ကုန်ပစ္စည်းများကို ကမ္ဘာ၏ အလှမ်းကွာဝေးသော ဈေးများသို့အထိ ရောက်အောင် ပို့နိုင်လေသည်။ ထိုအချိန်က အင်္ဂလန်သည်သာလျှင် စက်ရုံများ ထွန်းကားပေါများ ရာဒေသ ဖြစ်ခဲ့လေ၏။ သို့ဖြစ်၍ ကမ္ဘာ့ဈေးများတွင် အင်္ဂလန်နှင့် ပြိုင်ဘက်မရှိခဲ့ပေ။ စက်ဖြင့်ပြုလုပ်သော ဤသက်သာသည့် ကုန်ပစ္စည်းများသည် အလွန် တွင်ကျယ်လာမည်ဖြစ်၍ နှစ်စဉ်နှစ်တိုင်း စက်ရုံအသစ်များကို ထပ်၍ထပ်၍ ဖွင့်လှစ်တည်ထောင်ရလေသည်။ ထိုစက်ရုံများ၌ အလုပ်လုပ်ဖို့ရန်အတွက် အလုပ်သမားများကို အရေအတွက် မြောက်မြားစွာ ခန့်ကြရလေသည်။

အင်္ဂလန်၌ အရင်းရှင်ဝါဒ မည်ကဲ့သို့ စတင်ဖြစ်ပေါ်လာပုံနှင့် ရေနွေးငွေ့ဖြင့် သွားနိုင်သော မီးရထား၊ မီးသင်္ဘောများသည် ထိုအရင်းရှင်ဝါဒကို မည်သို့

ကြီးပွားထွန်းကားလာအောင် ပြုပုံများကို ပြောပြခဲ့ပြီးလေပြီ။ ထို့နောက် လောဘဇော ထွက်လာကြသည်ဖြစ်၍ အင်္ဂလန်တွင် လူပေါင်းများစွာတို့သည် စက်ရုံပိုင်ရှင်များ ဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြသကဲ့သို့ ဥရောပတိုက်ရှိ အခြားသော နိုင်ငံများက လည်း အချိန်အနည်းငယ် ကြာသောအခါ အင်္ဂလန်၏နည်းကို လိုက်လုပ်ကြလေ သည်။ ပြင်သစ်သည် ထိုအချိန်က အရှေ့နှင့် အနောက် နှစ်နေရာလုံးမှာ အင်္ဂလိပ်၏ ပြိုင်ဘက် ဖြစ်ခဲ့လေသည်။ ပြင်သစ်သည် ငြိမ်မနေပေ။ စက်ရုံများကို စတင် ဖွင့်လှစ်လေတော့၏။ ထို့နောက်တွင်မူ ဂျာမနီ၊ ဟော်လန်၊ ဩစတြီးယား အစရှိသော ဥရောပတိုက်ရှိ တိုင်းပြည်အားလုံးသည် စီးပွားရာဖွေရန်အတွက် ဤလွယ်ကူ၍ လျင်မြန်လှသော နည်းလမ်းကို အသုံးပြုကြလေတော့၏။

ဆယ့်ကိုးရာစုနှစ် ပထမ တစ်ဝက်လောက်အထိ စက်ရုံများ၏ တွင်ကျယ်မှု သို့မဟုတ် အရင်းရှင်ဝါဒ၏ ပုံနှံ့မှုသည် ဥရောပတိုက် အတွင်းသာလျှင် ဖြစ်ခဲ့လေသည်။ ဥရောပတိုက်ရှိ စက်ရုံများကို အများအပြား ဖွင့်လှစ်ခြင်းကြောင့် အကျိုးနှစ်ခု ထွက်ပေါ်လာလေ၏။ တစ်မျိုးမှာ ဤမျှလောက် များပြားသည့် ကုန် ပစ္စည်းအတွက် ဈေးအလုံအလောက် မရှိသောကြောင့် ဥရောပနိုင်ငံများအချင်းချင်း အပြိုင်အဆိုင် ဖြစ်လာကြ၍၊ နောက်တစ်မျိုးက ဈေးမလုံလောက်ခြင်းနှင့် နေ့စဉ်နှင့် အမျှ စက်ကိရိယာများ အသစ် ထွင်ထွင်လာခြင်းတို့ကြောင့် အလုပ်သမားပေါင်း များစွာတို့သည် အလုပ်လက်မဲ့ ဖြစ်လာကြရခြင်း ဖြစ်လေသည်။

ဆယ့်ကိုးရာစုနှစ် အလယ်လောက်အထိ တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုကို ခံနေရပြီဖြစ်သော်လည်း အိန္ဒိယသည် ငိုက်မျဉ်းနေတုန်းပင် ရှိသေးသည်။ ကိုယ့်နေရာသို့ ရောက်ရှိလာသော ကုန်ပစ္စည်းများနှင့် ဥရောပတိုက်သားများဆီက စက်ခေတ်နှင့် စပ်လျဉ်းသည့် သတင်းစကားအချို့ကို မုချ ကြားသိရလိမ့်မည် ဖြစ်သော်လည်း အိန္ဒိယကုန်သည်များသည် စက်ရုံများကို အာရုံ မစူးစိုက်မိကြသေး ပေ။ ထိုအချိန်က သူတို့သည် စက်ကိရိယာများဆိုင်ရာ အသိဉာဏ်မျိုး ပေါ်ပေါက် သေးဟန် မတူပေ။ ဟိန္ဒူစတန် တိုင်းရင်းသားများအနက် ကုန်လုပ်ငန်းဆိုင်ရာ အသိဉာဏ်တွင်လည်းကောင်း၊ တိုးတက်သော အကြံအစည်တွင်လည်းကောင်း၊ ဥရောပတိုက်သားများနှင့် ပေါင်းသင်းဆက်ဆံမှုတွင် လည်းကောင်း အစောဆုံး

ဖြစ်သည့် ဟာရဆီလူမျိုးတို့သည် အိန္ဒိယတွင် ပထမဆုံး စ၍ စက်ရုံများ၏ အကျိုး အမြတ်ကို သိနားလည်ကြလေ၏။ ကဝဆက္ခီ-မနာဘာအီဒါဝါသည် ခရစ်နှစ် ၁၈၆၅ ခုနှစ်တွင် ဘုံဘေ၌ ပထမဆုံး အထည်စက်ရုံကို တည်ဆောက်လေ၏။ ၄င်းကို အတုယူပြီးလျှင် အဟာမဒါမတ်မှ ဟိန္ဒူကုန်သည်ကြီးများသည်လည်း စက်ရုံများကို လိုက်ဖွင့်ကြလေ၏။ တစ်ဆယ့်ကိုးရာစုနှစ်၏ နောက်ဘက်ပိုင်းတွင် အိန္ဒိယပြည်၌ စက်ရုံများကို တည်ထောင်ခြင်း၊ သို့မဟုတ် အရင်းရှင်ဝါဒ ပျံ့နှံ့ခြင်း စခဲ့သည်ဖြစ်စေ ကာမူ ဆယ့်ကိုးရာစုနှစ်အထိ လျှော့ရဲရဲပင် ရှိခဲ့သေးသည်။ ဤသို့ဖြစ်ရခြင်း၌ အကြောင်းသုံးမျိုး ရှိလေသည်။ (၁) အိန္ဒိယစက်ရုံတွက် ပစ္စည်းများသည် ကောင်းစွာ စည်းရုံးတည်ထောင်လျက် ရာစုနှစ်တစ်ခုလုံးလုံး အတွေ့အကြုံရှိခဲ့သည့် ဝါရင့် စက်ရုံများမှ ထွက်သော ကုန်ပစ္စည်များနှင့် ဈေးထဲတွင် ယှဉ်ပြိုင်ခြင်းငှာ မစွမ်းနိုင်ခြင်း၊ (၂) စက်ကိရိယာများနှင့် စပ်လျဉ်း၍ အတွေ့အကြုံ အလေ့အကျင့် အလွန်နည်းသေးခြင်း၊ (၃) ဘဏ္ဍာအာမခံစနစ် စသော ယခုခေတ် ကုန်သွယ်ခြင်း နည်းလမ်းများကို တွင်တွင်ကျယ်ကျယ် အသုံးမပြုတတ်သေးခြင်း၊ (၄) အိန္ဒိယပြည်၌ ဩဇာတန်ခိုး လွှမ်းမိုးနေသော နိုင်ငံခြားကုန်သည်တို့သည် အိန္ဒိယပြည်၌ မိမိတို့နိုင်ငံ၏ ပြိုင်ဘက်ကို မမြင်လိုခြင်း။

နှစ်ဆယ်ရာစုနှစ်အစ ဆယ့်ငါးနှစ်လောက်တွင် ပညာနှင့် ဝိဇ္ဇာပညာများ ပြန့်ပွားလာခြင်းသည် စက်ရုံများ တိုးပွားများပြားလာမှု၌ အထောက်အပံ့ အကူအညီ များစွာဖြစ်သော်လည်း လမ်းခရီး၌ အနှောင့်အယှက်၊ အခက်အခဲများကြောင့် စက်ရုံ များ၏ တိုးတက်ပျံ့နှံ့မှု အရှိန်သည် သွက်လက်လျင်မြန်ခြင်း မရှိလှသေးပေ။ အမှန်စင်စစ်မှာကား အိန္ဒိယပြည်၌ စက်ရုံများ အမြောက်အမြား ပြန့်ပွားတိုးတက် လာခြင်းသည် လွန်ခဲ့သည့် ကမ္ဘာစစ် (ပထမကမ္ဘာစစ်ကို ဆိုလိုသည်။ ဘာသာ ပြန်သူ) ကမှ အစပြုခဲ့လေ၏။ ထိုအချိန်တွင် ဥရောပလူမျိုးများ စစ်ပွဲတွင် ဝင်နှဲ့ နေရသည်ဖြစ်သောကြောင့် ဥရောပစက်ရုံများမှ ကုန်ပစ္စည်းများ အိန္ဒိယသို့ အလာ ရပ်တန့်သွားလေ၏။ ထိုအချိန်၌ စစ်ရေးစစ်ရာ အမြင်အားဖြင့်လည်း အစိုးရသည် အိန္ဒိယပြည်တွင် စက်ရုံများ တိုးတက်ပြန့်ပွားမှုကို မြေတောင်မြှောက်ပေးရမည် ဖြစ်လေသည်။ စက်ဘီး တစ်ပတ်လည်သွားသောအခါ ၄င်းကို ရုပ်တန့်ဖို့ရန်မှာ

ခဲယဉ်းသွားလေ၏။ ထိုအကြောင်းကြောင့်ပင် ၁၉၁၄ ခုနှစ်မှ အစပြု၍ ဟိန္ဒူစတန် တိုင်းသားများသည် ကုန်ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ရန်အတွက် စက်ရုံ ထောင်ပေါင်း များစွာကို အရင်းမြှောက်မြားစွာ မတည်မြဲပ်နှံပြီးလျှင် တည်ထောင် ဖွင့်လှစ်ကြ လေ၏။ ယနေ့တွင်မူ အိန္ဒိယပြည်၌ အရင်းရှင်ဝါဒသည် သူငယ်အရွယ်မှ လုလင် အရွယ်ဘက်သို့ ခြေလှမ်း၍ နေလေပြီ။ ထို့ပြင် အနောက်မှ ကုန်ကူးသန်းရောင်း ဝယ်ရေး ထွန်းကားသည့် တိုင်းနိုင်ငံများ၏ မျက်မှောက်၌ ယခင်အခါကပင် တွေ့ ကြုံလာခဲ့ရသည့် ပြဿနာမျိုးကို ယနေ့ အိန္ဒိယပြည်သည်လည်း ရင်ဆိုင်နေရပေပြီ။

(၂)
ကွန်မြူနစ်ဝါဒ
အာဘယ်ကြောင့် ပေါ်ပေါက်လာရသနည်း

ကမ္ဘာလောကတွင် အကြောင်းမရှိဘဲ မည်သည့် အရာဝတ္ထုမျှ ပေါ်ပေါက် လာခြင်း မရှိပေ။ အရင်းရှင်ဝါဒသည်လည်း ၄င်းကို ဖြစ်ပေါ်စေတတ်သည့် အကြောင်းများ ပေါ်ပေါက်လာသည့် အချိန်အခါတွင် စတင် ဖြစ်ပေါ်လာခဲ့လေ၏။

ထိုအကြောင်းများကား-

(၁) အားထုတ်မှု အနည်းငယ်မျှဖြင့်၊ သို့မဟုတ် အားထုတ်မှု မရှိဘဲ ဓနရှင်ဖြစ်လိုသည့် လူ၏ အလိုဆန္ဒ၊

(၂) စက်များကို တီထွင်ပြုလုပ်ခြင်းအားဖြင့် အနည်းငယ်မျှသော ကြိုးစား အားထုတ်မှုဖြင့် ပစ္စည်းဝတ္ထုပေါင်း မြောက်မြားစွာကို ပြုလုပ်ဖန်တီးပြီးလျှင် အဖိုးနှုန်း ချိုသာစွာဖြင့် ရောင်းချ၍ အမြတ်ထုတ်ဖို့ရန် လွယ်ကူမှု၊

(၃) စက်ကိရိယာများဖြင့် ပြုလုပ်သည့် ဝတ္ထုများနှင့် စျေးကွက် မယှဉ်ပြိုင်နိုင်သည့်အတွက် တစ်ဦးချင်းဖြစ်သော လက်မှုပညာသည်များ၏ ပြိုင်ဆိုင် မှု စခန်းသိမ်းသွားရခြင်း၊

(၄) ကျွမ်းကျင်တတ်မြောက်မှု သိပ်မလိုလှသဖြင့် သာမန် ရိုးရိုးသားသား လောက်သာ သိနားလည်သည့် သူတို့သည်လည်း စက်များ၏ အကူအညီဖြင့် လုပကောင်းမွန်သော ပစ္စည်းဝတ္ထုများကို ပြုလုပ်ဖန်တီးနိုင်ခြင်း၊

ဤနည်းအတူ ဝိဇ္ဇာနည်းကျဖြစ်သော ကွန်မြူနစ်ဝါဒသည်လည်း ၄င်းကို ဖြစ်ပေါ်စေတတ်သည့် အကြောင်းများ ပေါ်ပေါက်လာသည့် အချိန်အခါတွင် မီးရှူးသန့်စင်လာခဲ့ခြင်း ဖြစ်လေသည်။

ပစ္စည်းဝတ္ထုစ၏အပေါ်၌ လူတို့၏ အားခွန်ဝိရိယ စိုက်လျှင် စိုက်ထုတ်ရသလောက် ပစ္စည်းဝတ္ထုစ၏ တန်ဖိုးလည်း ကြီးမြင့်သည်ဆိုသည့် အကြောင်းကို သဘောပေါက်ဖို့ရန် ခဲယဉ်းမည် မဟုတ်ပေ။ ပင်ပင်ပန်းပန်း တူးဖော်ပြီးသည့်နောက်မှ ရံဖန်ရံခါတွင် ထိုသို့ တူးဖော်သည့် ပင်ပင်ပန်းပန်း ကြိုးစားအားထုတ်မှုကြီးများကို အနစ်နာ အဆုံးရှုံးခံရပြီးလျှင် တစ်ခါတစ်ရံမှ စိန်ကို ရရှိလေသည်။ အဓိပ္ပာယ်ဆိုလိုရင်းမှာ စိန်တစ်လုံး၌ ထိုလုံ့လဝိရိယအားလုံး စုပေါင်း ပါဝင်၍နေသည်။ ထို့ကြောင့် စိန်၏တန်ဖိုးသည် ယခုလောက် ကြီးမြင့်နေခြင်း ဖြစ်သည်။ အကယ်၍ လူတစ်ယောက်၏ နေ့တစ်ဝက်မျှသော ကြိုးစားအားထုတ်မှုဖြင့် ကိုဟီးနိုးစိန်ကို ရရှိမည်ဆိုလျှင် ကိုဟီးနိုးစိန်၏ တန်ဖိုးသည် ဤမျှ ထိုက်တန်နေမည် မဟုတ်ပေ။ လက်လုပ် ပစ္စည်းဝတ္ထုများ၏ တန်ဖိုးကြီးမြင့်နေရခြင်း၏ အကြောင်းမှာ ထိုပစ္စည်းများ၌ လူ၏ ခွန်အားဝိရိယ ပို၍ စိုက်ထုတ်ရခြင်းကြောင့် ဖြစ်လေသည်။ လူ၏ ခွန်အားလုံ့လကို အရေအတွက် များများစားစား မစိုက်ထုတ်ရသဖြင့် စက်ဖြင့် ပြုလုပ်ဖန်တီးသည့် ပစ္စည်းဝတ္ထုများ ဤမျှလောက် အဖိုးနှုန်းချိုသာနေခြင်း ဖြစ်လေသည်။ စက်များ၏ အဓိကလုပ်ငန်းမှာ ပစ္စည်းဝတ္ထုများကို ထုတ်လုပ်ရာ၌ လူ၏ လုံ့လစိုက်မှုကို နည်းနည်း အသုံးပြုရန်ပင် ဖြစ်သည်။ သို့ဖြစ်၍ စက်ကိရိယာများကို အသုံးပြုလိုက်သည့်အခါ လက်ဖြင့် ပြုလုပ်သည့် ပစ္စည်းဝတ္ထု အရေအတွက်လောက်ကို ထုတ်လုပ်ဖို့ရန်အတွက် လက်ဖြင့်ပြုလုပ်စဉ်က လူတို့၏ လုံ့လစိုက်မှုလောက် မလိုတော့ပေ။ လက်ရက်ကန်းကိုပဲ ကြည့်ပါဦး၊ ထိုလက်ရက်ကန်းဖြင့် လူတစ်ယောက်သည် ရှစ်နာရီ နေ့စဉ် အလုပ်လုပ်၍ အထည်ဆယ်ကိုက်၊ ဆယ့်နှစ်ကိုက်ကို ခဲခဲယဉ်းယဉ်း ရက်ယူရမည် ဖြစ်ပေသည်။ သို့ရာတွင် ထိုလူလောက် တတ်ကျွမ်းနားလည်ခြင်းမရှိသည့် လူတစ်ယောက်သည် အထည်စက်ရုံသို့ သွား၍ ထိုအချိန်အတွင်း အထည် ကိုက်ခြောက်ဆယ်၊ ခုနှစ်ဆယ်ကျအောင် ရက်နိုင်လေသည်။ စက်၌ ပြုပြင်တိုးတက်မှုရှိလျှင် ရှိသလောက် လူ၏

ထိုရက်လုပ်သည့် အင်အားစွမ်းရည်မှာလည်း တိုးပွားသွားမည် ဖြစ်လေသည်။ ရှစ်နာရီနှင့် လူတစ်ယောက်သည် အထည် ကိုက်ခြောက်ဆယ်၊ ခုနစ်ဆယ်ကျအောင် ရက်နိုင်ခြင်း၏ အဓိပ္ပာယ်မှာ လူခြောက်ယောက်၏ အလုပ်ကို လူတစ်ယောက်တည်းဖြင့် ပြီးနိုင်ခြင်းဖြစ်၍ နောက်အဓိပ္ပာယ်တစ်ခုက စက်များ၏ အကူအညီဖြင့် လူ ၁၂ယောက်ကို အလုပ်က ဖြုတ်ပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

စက်များသည် လူများ၏ အလုပ်ကို လုယူသည်ဟူသော အကြောင်းကို သဘောပေါက်ဖို့ရန်အတွက် ထိုခေတ်က အင်္ဂလန်ရှိ ပညာမဲ့ အလုပ်သမားများသည်ပင်လျှင် နှောင့်နှေးကြန့်ကြာခြင်း မရှိခဲ့ပေ။ နှစ်အနည်းငယ် နောက်ပိုင်း ဆယ့်ကိုးရာစုအစလောက် ရောက်ရှိသောအခါ ကျွန်ုပ်တို့သည် အင်္ဂလန်အလုပ်သမားများနှင့် လက်မှုပညာသည်များ စက်ရုံပေါင်းမြောက်မြားစွာကို ချိုးဖဲ့ ဖျက်ဆီးပစ်လိုက်ကြသည်ကို တွေ့ရလေ၏။ သို့ပင်ဖြစ်သော်လည်း ထိုအဖြစ်အပျက်သည် ထိုမျှလောက် ကြောက်မက်ထိတ်လန့်ဖွယ်ရာ မဖြစ်နိုင်ပေ။ အကြောင်းမူကား ထိုအချိန်အထိ စက်ကိရိယာများသည် တိုင်းပြည်နိုင်ငံ အနည်းငယ် အတွင်း၌သာလျှင် ပျံ့နှံ့ ခေတ်စားခဲ့သေးသည်ဖြစ်၍ ကုန်ပစ္စည်းများကို ရောင်းချဖို့ရန်အတွက် ကမ္ဘာပေါ်ရှိ အားလုံးသောဈေးများသည် ပွင့်၍ပင် နေလေသည်။ ထိုစက်ရုံများသည် ထိုအချိန်က ဈေးများတွင် တွင်ကျယ်သလောက် ကုန်ပစ္စည်းများကို မထုတ်လုပ်နိုင်ကြသေးဟူ၍ပင် ဆိုနိုင်ပါသည်။ သို့အတွက် ထိုခေတ် အစလောက်ဆီက အမြတ်အစွန်း ကျိန်းသေခြင်းနှင့် အရှုံးအတွက် စိတ်မပူရခြင်းတို့ကြောင့် စက်ရုံအသစ်များကို တိုးတိုးတိုး၍ ဖွင့်လှစ်တည်ထောင်ခြင်း၏ အဓိပ္ပာယ်မှာ အလုပ်သမားပေါင်းများစွာ အလုပ်ရရှိလာခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဆယ့်ကိုးရာစုနှစ်မတိုင်မီ အနှစ်ငါးဆယ်အတွင်း၌ အင်္ဂလန်ရှိ အလုပ်သမားများ၏ သဘောထားသည် ဓနရှင်များ၏ အပေါ်၌ ယခုလောက် ပြင်းပြင်းထန်ထန် ဆန့်ကျင်ခြင်း မရှိခဲ့သေးပေ။ သို့သော်လည်း တိုင်းပြည်တစ်ပြည်၊ တစ်နိုင်ငံအား စက်ရုံများ တည်ထောင်ဖွင့်လှစ်ခြင်းကြောင့် အကျိုးဖြစ်ထွန်းနေပုံကို တွေ့မြင်သိရှိရသောအခါ ဥရောပတိုက်ရှိ အခြားသော တိုင်းပြည်နိုင်ငံတို့သည် အချိန်ကာလကြာမြင့်စွာ အာဘယ်မှာလျှင် တိတ်ဆိတ်ငြိမ်သက်၍ နေနိုင်တော့မည်နည်း။ အခြားသော တိုင်းပြည်နိုင်ငံတို့တွင်

လည်း စက်ရုံများကို တည်ထောင်ဖွင့်လှစ်လိုက်သည့် အခါတွင်ကား ဈေးများတွင် ကုန်ပစ္စည်း အမြောက်အမြား ကျလာလေတော့၏။ သို့ဖြစ်၍ အစပထမက တည်ထောင် ဖွင့်လှစ်ထားသည့် စက်ရုံများကို အလုပ်လက်မဲ့ လုပ်ပစ်လိုက်သည့် အလုပ်သမားများနှင့် ကာမိအောင် စက်ရုံအသစ်များကို မဖွင့်လှစ်နိုင်သည့် အခါတွင်ကား ထိုအလုပ်လက်မဲ့များကို အလုပ်ရရှိအောင် အလုပ်မပေးနိုင်ကြတော့ပေ။ နောက်တစ်ကြောင်းမှာလည်း စက်ကိရိယာများနှင့် အမြဲတစေ အသစ်ပြုပြင် တီထွင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသဖြင့် စက်ကိရိယာ အဟောင်း၌ လူဆယ်ယောက် လိုအပ်သည့် လုပ်ငန်းအတွက် အသစ်ပြုပြင် တီထွင်ထားသည့် စက်ကိရိယာ၌ ဆယ်ယောက်၏ တစ်ဝက်မျှလောက်သော လူသာလျှင် လိုလာတော့သည်။ ယင်းသို့လျှင် ဝိဇ္ဇာပညာ၏ တိုးတက်ထွန်းကားခြင်းနှင့် အသစ်အသစ် ပြုပြင်တီထွင်မှုများသည် အလုပ်လက်မဲ့ဦးရေကို ဆတက်ထမ်းပိုး တိုးတက်ပွားများအောင် ပြုလုပ်ဖန်တီးခဲ့လေသည်။ ကုန်ပစ္စည်းအချို့ကို အသုံးပြုသည့် လူဦးရေသည် အစပထမက အရေအတွက် နည်းခဲ့ပြီး ဈေးပေါပေါနှင့် ရသည့်အခါတွင် ထိုကုန်ပစ္စည်းများကို ယခင်ကထက် လူပေါင်းများစွာ ပိုမို သုံးစွဲလာကြသည်ကား မှန်ပေသည်။ သို့ရာတွင် အလုပ်လက်မဲ့များ၏ ဦးရေ၌ တိုးပွားများပြားလာသည့် အရေအတွက် အချိုးအစားနှင့် ကိုက်ညီစွာ ဈေးဝယ်သူများ၏ ဦးရေ၌ တိုးပွား များပြားမလာခဲ့ပေ။

ထိုအခါ၌ အလုပ်သမားများသည် တစ်ဖက်တွင် သူတို့သည် စက်ရုံများ၌ အလုပ်ရရှိဖို့ရန် ခဲယဉ်းကြောင်းနှင့် အခြားတစ်ဖက်တွင် သူတို့၏ တစ်ဦးချင်းလက်မှုပညာရပ်များ အလုအယက် အဖျက်ဆီးခံရကြောင်း သိမြင်လာကြလေ၏။ ဝမ်းမဝခြင်းသည် ရိုးရိုးသားသား အသိဉာဏ်ရှိသူ ပုဂ္ဂိုလ်ကိုသော်လည်း မတွေးတောမစဉ်းစားဘဲ မနေနိုင်အောင် ဖန်တီးပေးလေ၏။ အလုပ်သမားများသည် အထက်တွင် ပြောပြခဲ့သည့် နည်းအတိုင်း တစ်ဖက်တွင် မိမိတို့အတွက် အားကိုးရာမဲ့ ဖြစ်နေရပုံကို တွေ့မြင်ရ၍ အခြားတစ်ဖက်တွင်မှ လူပေါင်းများစွာတို့သည် နေ့ချင်းညချင်း သိန်းသန်းကုဋေပိုင်ရှင်အဖြစ် ကြွယ်ဝချမ်းသာလာသည်ကို သိရှိလာခဲ့ကြလေသည်။ ထိုဓနဌေကြီးများသည် လူတို့၏ ချွေးနဲစာဖြင့် စုဆောင်းထားသည့် ဓနကြီးဌေ ဖြစ်ကြောင်း သိရှိရိပ်မိဖို့ရန်မှာ သူတို့အတွက် ခက်ခဲသည့်အရာ မဟုတ်တော့ပေ။

အရင်းရှင်ဝါဒသည် အလုပ်သမားများအတွက် တစ်ဖက်တွင် ဤမျှ ဆင်းရဲဒုက္ခဖြစ်ဖွယ်ရာ အရာဝတ္ထုများကို စုဆောင်းပေးသကဲ့သို့ပင် အခြားတစ်ဖက်တွင်လည်း အလုပ်သမားများအတွက် အကျိုးဖြစ်ထွန်းမှုကြီး တစ်ရပ်ကို ဖန်တီးပြုလုပ်ပေးလေ၏။ ၄င်းကား အလုပ်သမားများကို အရေအတွက် မြောက်မြားစွာ စက်ရုံများ၏အနီး၌ သွေးစည်းစုရုံးပေးခြင်းပင် ဖြစ်သည်။ လယ်ယာအလုပ်သမားများသည် နေရာအနှံ့အပြားတွင် ပျံ့နှံ့နေကြသည်ဖြစ်၍ မိမိတို့၏ ဒုက္ခကို ကြိတ်မှိတ်ခံနေရသည့် အချိန်၌ စက်ရုံအလုပ်သမားများသည် စည်းရုံးကြပြီးလျှင် တိုက်ပွဲဝင်နိုင်သည့် အင်အားကို ရရှိထားကြလေ၏။ အစပထမတွင် အနာရောဂါနှင့် အနာရောဂါ၏အကြောင်းနှင့် စပ်လျဉ်းသည့် အသိဉာဏ်သည် သူတို့တွင် မှုန်မှားမှားသာ ရှိသော်လည်း ထိုအချိန်မှစ၍ သူတို့သည် ထိုရောဂါမှ လွတ်မြောက်ဖို့ရန်အတွက် ခြေလက်ကို လှုပ်ယမ်းစ ပြုကြလေတော့၏။

လူသားဇာတိ၌ ကိုယ်တိုင်က ချမ်းသာစွာ နေရသော်လည်း အခြားသူများ၏ ဆင်းရဲဒုက္ခကို ကိုယ်ချင်းစာနာပြီးလျှင် ဖယ်ရှား ဖျောက်ဖျက်ပစ်ဖို့ရန်အတွက် မိမိ၏ စည်းစိမ်နှင့် အသက်တာများကို စွန့်လွှတ်ရဲသူများလည်း ရှိကြလေ၏။ အရင်းရှင်ဝါဒ မပေါ်ပေါက်သေးခင်၊ အရင်းရှင်ဝါဒ၏ ဆိုးသွမ်းယုတ်မာချက်များကို ယခုလောက် တုန်လှုပ်ဖွယ်အသွင်ဖြင့် မတွေ့မြင်ရသေးခင် အချိန်ကာလကပင် ပစ္စည်းဥစ္စာ သာတူညီမျှမှုကို ပြန်ပွားအောင် ပြုလုပ်ဆောင်ရွက်သည့် ဆင်ခြင်တုံသမားများ ထွန်းကား ပေါက်ဖွားခဲ့ဖူးလေသည်။ ဂေါတမဗုဒ္ဓသည် နှစ်ပေါင်းနှစ်ထောင်ငါးရာ အလွန်က သူ၏ တပည့်ရဟန်းများ၌ နေထိုင်စားသောက်မှုအတွက် အသုံးဝင်မည့် ပစ္စည်းများကို မျှတစွာ ခွဲဝေပေးခြင်းတည်းဟူသော စည်းကမ်းကို သတ်မှတ်ထားခဲ့ရံသာ မကာဘဲ ပုဂ္ဂလိကပိုင်ပစ္စည်း၏ နယ်ပယ်ကို အလွန် သေးငယ်ကျဉ်းမြောင်းအောင် ပြုလုပ်ခဲ့ပြီး သံဃိကပိုင်ပစ္စည်း (၀ါ) အဖွဲ့အစည်းပိုင်ပစ္စည်း၏ နယ်နိမိတ်ကို အလွန်ကျယ်ပြန့်အောင် ဖြန့်ခဲ့လေသည်။ အီရန်မှ မဇ္ဇဒက် (ငါးရာစုနှစ်) သည်လည်း ဤကဲ့သို့ပင် ပြုလုပ် ဆောင်ရွက်ခဲ့လေသည်။

ကိုးရာစုနှစ် အလယ်လောက်က တိဗက်ဘုရင် မုနိကျန်ပိုနေသည်လည်း သုံးကြိမ်တိုင်တိုင် သူ၏ တိုင်းနိုင်ငံ၌ ပစ္စည်းဥစ္စာကို မျှတစွာ ခွဲဝေပေးမှုကို စီမံ

ပြုလုပ်လေသည်။ ယင်းကဲ့သို့သော ပြဿနာပုံစံများကို ကမ္ဘာလောကၢ၏ အခြားသော နေရာဌာန အစိတ်အပိုင်းများတွင်လည်း တွေ့ရှိနိုင်ပေသည်။ သို့ရာတွင် အရင်းရှင်ဝါဒ၏ ဆေးစစ်ဆေးမှန်ဖြစ်သည့် သာမျှဝါဒ (ကွန်မြူနစ်ဝါဒ)သည်ကား ပုဂ္ဂိုလ်တစ်စုံတစ်ဦး၏ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားခြင်း၏ အကျိုးသက်ရောက်မှု မဟုတ်ပေ။ ထိုကဲ့သို့သော ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားစိတ်ရှိသည့် ပုဂ္ဂိုလ်များသည်ကား ယင်းကဲ့သို့လည်း စဉ်းစားခဲ့ကြဖူးလေပြီ။

ထို့ပြင် ဤနှစ်ဆယ်ရာစုနှစ်၌လည်း ဤပြဿနာများ၏ အမြစ်ဖြစ်သည့် ဤစက်ကိရိယာများကိုသာလျှင် အဘယ်ကြောင့် ကမ္ဘာလောကမှ ဖယ်ရှားမပစ်သနည်းဟု စဉ်းစားနေကြလေသည်။ အရင်းရှင်ဝါဒ ရောဂါဆိုး၏ အကောင်းဆုံးသော ဆေးဟု ယူဆရသည့် သာမျှဝါဒမှာမူ ဝိဇ္ဇာနည်းကျ ကွန်မြူနစ်ဝါဒ ဖြစ်သည်။ အဓိပ္ပာယ်ကား ဆိုင်းယင့်စ် ဝိဇ္ဇာ(သိပ္ပံ) ပညာဖြင့် ရရှိသည့် အကျိုးထူးများကို ယူပြီးလျှင် ထိုဆိုင်းယင့်စ် ဝိဇ္ဇာ(သိပ္ပံ) ပညာ၏ တိုးတက်ရေးလမ်းစဉ်ကို ဖွင့်ထားပြီး အရင်းရှင်ဝါဒကြောင့် ဖြစ်ပေါ်လာသည့် ဘေးဘယများကို ပယ်ရှား ဖျောက်ပစ်ရမည်ဟု ဆိုလိုသည်။

လျှပ်စစ်မီးအိမ်ကို အပေါ်ကနေ မှုတ်ပြီး ငြိမ်းသတ်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထိုနည်းအတူပင် ဆိုင်းယင့်စ်(သိပ္ပံ) ကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာတို့ကို မျက်စိကန်း အကျင့် ကျင့်ခြင်းအားဖြင့် ပယ်ရှား ဖျောက်ဖျက်ပစ်ခြင်းငှာ စွမ်းနိုင်လိမ့်မည် မဟုတ်ပေ။

ဝိဇ္ဇာနည်းကျ ကွန်မြူနစ်ဝါဒီတို့သည် သိပ္ပံပညာ၏ ပြုလုပ် တီထွင်ချက်များ ကိုယ်တိုင်ကမူ ဆိုးသွမ်းသည့်အရာများ မဟုတ်ကြဟု ကောင်းစွာ နားလည်ကြလေသည်။ ထို ပြုလုပ်တီထွင်ချက်များကို ပုဂ္ဂလိက အမြတ်အစွန်းအတွက် အသုံးချလိုက်သည့် အခါတွင်မှ အလုပ်လက်မဲ့ ဟူသော ကြီးကျယ်သည့် ပြဿနာ ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။ သို့အတွက် ဝိဇ္ဇာနည်းကျ ကွန်မြူနစ် ဝါဒီတို့က သိပ္ပံပညာ၏ ပြုလုပ်တီထွင်ချက်များကို လူတစ်စု၏ အမြတ်အစွန်းအတွက် အသုံးမချဘဲ လူလောကတစ်ခုလုံး၏ ကောင်းကျိုးသုခအတွက် အသုံးချသင့်သည်ဟု ပြောဆိုကြလေသည်။

လင်းလွန်းခင်စာပေ

အကယ်၍ ဝိဇ္ဇာပညာသည် လူခြောက်ယောက်၏ အလုပ်ကို လူတစ်ယောက်တည်း လုပ်နိုင်လောက်အောင် လုပ်ပေးနိုင်သည်ဆိုလျှင် လူ ငါးယောက်ကို အလုပ်က ထုတ်ပစ်ပြီး ထမင်းငတ်သေအောင် မပြုလုပ်သင့်ပေ။ အလုပ်ချိန်များကို ထိုလူခြောက်ယောက်အား ခွဲဝေပေးဖို့သာလျှင် သင့်လေသည်။ လူခြောက်ယောက် ဆယ့်ကိုးနာရီအတွင်း ရက်လုပ်နိုင်သည့် အထည် အရေအတွက်ကို အကယ်၍ စက်ဖြင့် လူတစ်ယောက်တည်း ဆယ့်နှစ်နာရီအတွင်းမှာ ရက်လုပ်နိုင်သည်ဆိုလျှင် ထိုဆယ့်နှစ်နာရီအလုပ်ကို ကျွန်ုပ်တို့သည် လူခြောက်ယောက်အား နှစ်နာရီစီ၊ နှစ်နာရီစီ ခွဲဝေပေးနိုင်လေသည်။ ဤကား ကွန်မြူနစ်ဝါဒ တင်သွင်းသည့် အလွန် သင့်လျော်ကောင်းမြတ်သော အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းနည်း ဖြစ်လေ၏။

ဤအချက်ကို ထောက်ရှု၍ အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒ နှစ်ဦးတို့၏ ရည်ရွယ်မှန်းထားချက် တစ်ခုနှင့်တစ်ခု ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဆန့်ကျင်ကွဲပြားနေကြောင်း သိသာထင်ရှားပေသည်။ နှစ်ဦးလုံးပင် ဝိဇ္ဇာပညာ၏ တိတ္ထင် ပြုလုပ်ချက်များကို အသုံးချသည့်ဘက်ကချည်း ဖြစ်ကြလေသည်။

သို့အတွက် အရင်းရှင်ဝါဒသည် လူတစ်စု၏ အကျိုးအမြတ်အတွက် လူ့လောကတစ်ခုလုံး၏ ဘဝကို နရက်ငရဲ ပြုလုပ်ဖန်တီးရန် အသင့်ရှိနေ၍ ကွန်မြူနစ်ဝါဒ၏ ရည်ရွယ် မှန်းထားချက်ကမူ လူ့လောက တစ်ခုလုံးအတွက် ချမ်းသာသုခ ဖြစ်ဖွယ် ပစ္စည်းဝတ္ထုများကို တိုးတက်ပွားများအောင် ပြုလုပ်ဖန်တီးရန် ဖြစ်လေသည်။ ကုန်ပစ္စည်းများကို အမြတ်အစွန်းအတွက် ထုတ်လုပ်သွားနေသရွေ့ ကာလပတ်လုံး အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသည့် ဆေးညွှန်းဖြစ်သော အချိန်နာရီများကို ခွဲဝေပေးပြီး လူအားလုံးကို အလုပ်ဝေခိုင်းခြင်းသည် အကောင်အထည် ပေါ်နိုင်မည် မဟုတ်ပေ။ အမှန်စင်စစ်မှာ ဘိုင်စကယ်သည် သွားနေသမျှ ကာလပတ်လုံးသာလျှင် ရပ်နေနိုင်သည်။ ထိုနည်းအတူပင် အရင်းရှင်ဝါဒသည်လည်း အရင်းရှင်အတွက် ပုဂ္ဂလိက အမြတ်အစွန်း ထွက်နေသမျှ ကာလပတ်လုံးသာလျှင် တည်မြဲနေနိုင်သည်။ အမြတ်အစွန်းသည် အရင်းရှင်အတွက် သေရေး ရှင်ရေး ပြဿနာပင် ဖြစ်လေသည်။

လင်းလွန်းခင်စာပေ

ယခုခေတ်ကာလတွင် ကမ္ဘာလောကၦ၏ နေရာအနှံ့အပြားတွင် လူတို့သည် ဆင်းရဲဒုက္ခတွင်းၦ၏ ကျံ့နစ် ကျရောက်နေကြသည်ကိုသာလျှင် တွေ့မြင်နေရသည်။ စက်ရုံမှ ပုဂ္ဂိုလ်များနှင့် ကုန်သည်များသာလျှင် ဈေးအရောင်းရ ထိုင်းနေခြင်းကို ပြစ်တင်ပြောဆိုနေကြသည် မဟုတ်ပေ။ ကျေးရွာများမှ လယ်သမားများနှင့် လယ်ယာများတွင် အလုပ်လုပ်ကြသည့် အလုပ်သမားများသည်လည်း ဤအချက်ကို ကောင်းစွာသိရှိကြလေ၏။ မြို့ပေါ်မှ စက်ရုံအလုပ်သမားများ၏ ထိတ်လန့်ကြောက်ရွံ့ဖွယ် အခြေအနေနှင့် စပ်လျဉ်း၍ကား ပြောဖွယ်မလိုတော့ပေ။ ဥရောပနှင့် အမေရိကကဲ့သို့ စက်မှုလက်မှု နိုင်ငံတို့၏ အလုပ်လက်မဲ့တို့၏ ဦးရေသည် ကုဋေကုဋာအထိ အရေအတွက် တိုးတက်ပေါက်ပွားလာသည်ဖြစ်၍ ထိုအလုပ်လက်မဲ့များ၏ နေထိုင်စားသောက်မှုအတွက် တကယ်တမ်း လိုအပ်သည့် အသုံးအဆောင်ပစ္စည်းကို ရရှိဖို့ရန်ပင် ခက်ခဲ၍ နေပေ၏။ ထို့နောက်တွင် ဥရောပနှင့် အမေရိကတို့၏ မိန်းမ၊ ယောကျ်ားပေါင်း မြောက်မြားစွာတို့သည် ဘဝကို စိတ်နာကြပြီးလျှင် ကိုယ့်ကိုယ်ကိုယ်ပင် သတ်သေသည်အထိ ဖြစ်ခဲ့ကြလေသည်။ ဤမျှ အရေအတွက် များပြားသည့် လူထုကို ဆင်းရဲဒုက္ခတွင်းၦ၏ ထည့်ပြီး လက်တစ်ဆုပ်စာမျှသော သူတို့၏ ချမ်းသာစွာ နေထိုင်ခြင်းကို မည်သည့်နည်းနှင့်မျှ သင့်လျော် ကောင်းမြတ်ပါသည်ဟု မဆိုနိုင်ပေ။

အရင်းရှင်ဝါဒ၏ ဆိုးကျိုးသည် အလုပ်လက်မဲ့ ပြဿနာသာလျှင် မဟုတ်သေးပေ။ အရင်းရှင်ဝါဒသည် လူသားဇာတိတို့၏ အပေါ်၌ နောက်ထပ် ကြောက်မက်ဖွယ်ကောင်းသည့် ဘေးဥပဒ်တစ်ခု ပေါ်ပေါက်လာခြင်း၏ အကြောင်းလည်း ဖြစ်လေသည်။ ထိုဘေးဥပဒ်ကား ကမ္ဘာလောက၏ ငြိမ်းချမ်းရေးကို ချိုးဖဲ့ဖျက်ဆီးပစ်သည့် ကမ္ဘာစစ် ဖြစ်သည်။

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများသည် ဤမငြိမ်းချမ်းသည့် အရေးကို ကောင်းစွာ နားလည် သဘောပေါက်နေကြသည်။ သို့အတွက် ဤမျှ အားသွန်ကြိုးပမ်းနေခြင်း ဖြစ်လေသည်။ သို့ရာတွင် မိမိတို့၏ ကုန်ပစ္စည်းများကို ရောင်းဝယ်ဖို့ရန် အတွက် ဈေးများကို အပြိုင်အဆိုင် လုနေကြသမျှ ကာလပတ်လုံး ကမ္ဘာ၏ ကုပ်ပေါ်တွင် ဝဲ၍နေသည့် စစ်တည်းဟူသော ဓားသည် လွင့်ရှား ပျောက်ကွယ်သွား

နိုင်မည် မဟုတ်ပေ။ ဈေးနှင့် ကုန်ရိုင်းများအတွက် တိုင်းသစ်၊ နိုင်ငံသစ်များ အပေါ်၌ လွှမ်းမိုးကြီးစိုးလိုသည့် လောဘသည် နှစ်ဆယ့်တစ်နှစ် ကြာသောအခါ တစ်ဖန် ဂျာမနီကို တစ်ပွဲတစ်လမ်း မစမ်းဘဲ မနေနိုင်အောင် ပြုမူဖန်တီးပြန်လေ၏။ ထို့ကြောင့် ဂျာမနီသည် ဒုတိယကမ္ဘာစစ်ကို အစပျိုးလိုက်လေ၏။ ဂျာမနီသည် ဆိုဗီယက်ယူနီယံကို ကျူးကျော်ဝင်ရောက်ပြီး မည်ကဲ့သို့ စစ်၏အသွင်အပြင်ကို ပြောင်းလဲလိုက်သည်ဆိုသည့် အကြောင်းကား ကျွန်ုပ်တို့ တစ်နေရာတွင် (လူ့လောက ဟူသော စာအုပ်၌) ရေးသားထားသည့်အတိုင်းပင် ဖြစ်လေ၏။

ယခုအခါတွင်ကား အရင်းရှင်ဝါဒသည်သာလျှင် ကြီးကျယ်သော ကမ္ဘာ စစ်ပွဲကြီးများ၏ တစ်ခုတည်းသော အကြောင်း ဖြစ်၍ နေပေ၏။

ဈေးများ နည်းပါးလာခြင်း၏ နောက်ထပ် အကြောင်းတစ်ခုကလည်း ပေါ်ပေါက်လာပေ၏။ အစပထမက စက်မှုလက်မှုလုပ်ငန်း မရှိသည့် နိုင်ငံတို့သည်လည်း စက်ရုံများကို တစ်ရှိန်ထိုး ချဲ့ထွင်ဖွင့်လှစ်လာကြပေကုန်၏။ ဟိန္ဒူစတန်ကိုပဲ ကြည့်ပါဦး။ စစ်မဖြစ်မီက ဟိန္ဒူစတန်သည် မိမိအတွက် လိုအပ်သည့် အထည်အလိပ်၏ ငါးပုံတစ်ပုံမျှကိုပင် ခဲခဲယဉ်းယဉ်း ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအချိန်တွင်ကား အထည်အလိပ်ဟူသမျှလိုလိုကိုပင် မိမိနိုင်ငံတွင် ထုတ်လုပ်ရလေတော့၏။ မီးအိမ်၊ ဖောင်တိန်၊ ခဲတံ၊ သွားပွတ်တံ စသော ရာပေါင်းများစွာသော ကုန်ပစ္စည်းတို့သည် စစ်မဖြစ်မီက ဟိန္ဒူစတန်တွင် မဖြစ်သော်လည်း ယခုအချိန်တွင်ကား ထိုကုန်ပစ္စည်းများကို ပြုလုပ်သည့် စက်ရုံပေါင်း မြောက်မြားစွာကို ဖွင့်လှစ်တည်ထောင်လိုက်ကြလေ၏။ ဤမျှလောက်သော ကုန်ပစ္စည်းများကို ကိုယ့်နိုင်ငံတွင် ပြုလုပ်လိုက်ခြင်း၏ အဓိပ္ပာယ်မှာ အခြားသော တိုင်းပြည်နိုင်ငံများမှ ထိုမျှလောက်သော ဈေးများကို လုယူလိုက်ခြင်းပင် ဖြစ်သည်။

ရှေးယခင်က စက်မှုလက်မှုလုပ်ငန်း မထွန်းကားခဲ့သော်လည်း ယခုအချိန်၌ စက်ရုံများ ချဲ့ထွင်ဖွင့်လှစ်နေကြသည့် တိုင်းနိုင်ငံများမှာ အမြောက်အမြားပင် ရှိလေ၏။ ပထမက ကုန်ပစ္စည်းများကို အလွန်နည်းပါးစွာ ထုတ်လုပ်သည့် ရုရှားသည် ယခုအခါတွင် ဒုတိယအမေရိကန် ဖြစ်နေလေပြီ။ တရုတ်၊ တူရကီ၊ အီရန်ကို အသာထားပါဦး။ ယခုအချိန်၌ကား အာဖဂါနိစတန်ကဲ့သို့သော တိုင်းပြည်နိုင်ငံများမှာတောင်မှ စက်ရုံများကို ဖွင့်လှစ်နေကြလေပြီ။

လင်းလွန်းခင်စာပေ

ဈေးများကို လုယက်မှုကြောင့် ကမ္ဘာပေါ်၌ စစ်ဘေးကြီး ပေါ်ပေါက်လာမှာ စိုးရိမ်ရသည့်အကြောင်းကို ပြောပြပြီးခဲ့လေပြီ။ စက်ကိရိယာများကို အသုံးပြုခြင်းကြောင့် လူများ အလုပ်လက်မဲ့ ဖြစ်ရခြင်းသည် လည်းကောင်း၊ အသစ်အသစ်ဖြစ်သော ပြုပြင်တီထွင်ချက်များကြောင့် အလုပ်လက်မဲ့ဦးရေ တိုးတက် ပွားများလာခြင်းသည် လည်းကောင်း၊ ထို့ပြင် တစ်ဖန် ဈေးရှားပါးလာခြင်းသည် လည်းကောင်း လူနေမှုအတွက် ချို့တဲ့မှုများကို ဖန်တီး၍ နေပေသည်။ အလုပ်လက်မဲ့ ပြဿနာကို အမှန်တကယ်ပင် ကြောက်မက်ဖွယ်ရာ အဖြစ်ဖြင့် သရုပ်ဖော်ဖို့ရန်အတွက် ဤအချက်များလည်း လုံလောက်နေပါတော့သည်။

သို့ရာတွင် တစ်ခါ ထပ်ဆင့်ပြီး ကမ္ဘာပေါ်၌ ဆယ်နှစ်မြောက်သည့် အခါတိုင်း ကောက်ယူသည့် သန်းခေါင်စာရင်းအရကလည်း နှစ်စဉ်နှစ်တိုင်း ကမ္ဘာလူဦးရေ တိုးတက်ပွားများနေကြောင်း သိရှိရပေ၏။

အရင်းရှင်ဝါဒသည် လူတစ်စုကို ဓနရှင် ဖြစ်အောင် ပြုလုပ်ပြီးနောက် ၄င်းတို့အတွက် ချမ်းသာသုခဖြစ်စေမည့် ပစ္စည်းဝတ္ထုများနှင့် ဇိမ်ခံပစ္စည်းဝတ္ထုများကို ဖန်တီးပေးနိုင်လေသည်။ အဖိုး အလွန်ထိုက်တန်သည့် မော်တော်ကားများ၊ အိမ်ကြီးရခိုင်များ၊ ကိုယ်ကိုဆင်သသည့် ထောင်ပေါင်းများစွာသော ပစ္စည်းဝတ္ထုများ၊ ပဲရစ်မှ အမြဲမပြတ် အသစ် အသစ် ထွက်ပေါ်နေသည့် ဖက်ရှင်များနှင့် ယင်းကဲ့သို့သော အခြား ဇိမ်ခံပစ္စည်းဝတ္ထု အမြောက်အမြားကို ပြုလုပ် ဖန်တီးပေးနိုင်သည်ကား အမှန်ပင်ဖြစ်သည်။ သို့ရာတွင် စစ်နှင့် ပြည်သူလူထု၏ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ဖို့ရန် အတွက်မူ အရင်းရှင်ဝါဒအား မျှော်လင့်ချက်ပင် ထားဖို့ မဖြစ်နိုင်ပေ။

ဤပြဿနာများသည်ကား အမှန်စင်စစ်ပင် ယခုအခါတွင် လူသားဇာတိ၏ သေရေးရှင်ရေး ပြဿနာများပင် ဖြစ်၍ နေကြလေ၏။ စစ်မက်ဖြစ်ပွားမှုကို ထိတ်လန့်စိုးရွံ့နေရသည့် အရေးကိုသာလျှင် ကြည့်ပါ။ ဝိဇ္ဇာပညာသည် လက်နက်များကို လည်းကောင်း၊ အဆိပ်ပါသည့် ဓာတ်များကို လည်းကောင်း၊ တုန်လှုပ်ဖွယ် ရောဂါပိုးမွှားများကို လည်းကောင်း လူတို့၏ လက်ထဲသို့ ထည့်ပေးထားလေသည်။ အကယ်၍ လူသည် ငြိမ်းချမ်းရေးလမ်းစဉ်ကို မရှာဖွေတတ်လျှင်မူ လူ

လောကတစ်ခုလုံးသည် မှုန်မှုန်ညက်ညက် သေကျေပျက်စီးဖို့ရန်သာ ရှိတော့သည်။

ဥပမာ ဆိုကြပါစို့၊ လူတစ်ယောက်၏ အိတ်ထောင်ထဲ၌ ရှိသော ဖောင်တိန်အကြီးစား၏ နေရာတွင် ဖောင်တိန်လောက်ပင် ရှိသည့် ဖန်ချောင်းတစ်ခုထဲ၌ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ရောဂါပိုးမွှားများ ပြွတ်ကျပ်၍ နေပေသည်။ ထိုသူသည် လေယာဉ်ပျံဖြင့် ပျံပြီး ထိုရောဂါပိုးမွှားများကို နယူးယောက်၊ သို့မဟုတ် လန်ဒန် ကဲ့သို့သော မြို့များပေါ်၌ ချလိုက်လို့ရှိလျှင် နာရီအနည်းငယ် အတောအတွင်းမှာပင် ဤမျှကြီးမားသည့် မြို့ကြီးများ၌ အလောင်းကောင်ချင်းထပ်၍ သွားနိုင်ပေ၏။ ဤကား စိတ်ကူးယဉ် အကြောင်းများ မဟုတ်၊ စစ်နှင့် ပတ်သက်သည့် ဝိဇ္ဇာပညာ၏ ပြုပြင်တီထွင်ချက်များကား ယခုခေတ်ကာလတွင် ဤနည်းအတိုင်းပင် ဖြစ်၍ နေပေသည်။

အရင်းရှင်ဝါဒ၏ အခြား မြောက်မြားစွာသော ဆိုးကျိုးများကို ရေတွက်စစ်ထုတ်နိုင်သေးသည်။ လူပေါင်းများစွာကို ကျောမွဲဘဝထဲတွင် နှစ်မြှုပ်ထားခြင်းသည်လည်း အရင်းရှင်ဝါဒ၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ဆိုးကျိုးတစ်ခု ဖြစ်၏။

ကျွန်ုပ်တို့သည် ဘုဏ်ပါရမီ ထက်မြက်သည့် ကလေးပေါင်းများစွာကို တွေ့မြင်ရလေသည်။ အကယ်၍ သူတို့သည် အခွင့်ကောင်းကို ရရှိခဲ့သော် တကယ်တော်သည့် ဂဏန်း ပညာရှိ၊ ဝိဇ္ဇာပညာရှိ၊ အနုပညာသည်များ ဖြစ်နိုင်ကြသည်။ သို့ရာတွင် သူတို့၏ အမိအဖများ၏ အထံ၌ မိမိတို့၏ သားသမီးများကို ဝါသနာအလျောက်၊ အရည်အချင်းအလျောက် လိုအပ်သည့် ပညာများကို သင်ကြားပေးနိုင်လောက်အောင် ကြေးငွေခန့ မရှိကြရှာပေ။

တစ်ဖက်တွင်မူ ပါရမီ မရှိ၊ ဘုဏ်ထုံထိုင်းသည့် ဓနရှင်တို့၏ သားသမီးများအတွက် ပညာသင်ကြားပေးရေး၌မူ သိန်းပေါင်းများစွာသော ဓနကြေးငွေများကို စည်းကမ်းမဲ့ သုံးဖြုန်းပစ်နေကြလေသည်။ အရင်းရှင်ဝါဒ၏ အစွမ်းသတ္တိကြောင့် သာလျှင် ရှေ့နေရှေ့ရပ်ကဲ့သို့သော လုပ်ငန်းများလည်း ပေါ်ပေါက်နေရခြင်း ဖြစ်၏။ ၄င်းတို့ မရှိခြင်းကြောင့် လူလောက၏ ချမ်းသာသုခဖြစ်ဖွယ် ပစ္စည်းဝတ္ထုများ၌ မည်ကဲ့သို့သော ချို့တဲ့မှုမျိုးမျှ မရှိနိုင်ပေ။ ထို့ပြင် ၄င်းတို့သည် ဘုဏ်ပါရမီကို

မြှုပ်နှံဖို့ရန်အတွက် သုသာန်သင်္ချိုင်းအလုပ်ကို လုပ်နေကြသူများ ဖြစ်ကြလေသည်။

အထက်ပါတို့ကား ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒကို မွေးဖွားလိုက်သည့် အကြောင်း မြောက်မြားစွာအနက် အချို့အဝက်သော အကြောင်းများ ဖြစ်ကြ၏။

(၃)
နောက်သို့ ပြန်ဆုတ်အပ်သလော

ပထမနှင့် ဒုတိယ ကဏ္ဍတို့၌ ကျွန်ုပ်တို့သည် အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒ စတင်ပေါ်ပေါက်လာပုံကို ရေးသား ပြဆိုခဲ့ပြီးလေပြီ။ အရင်းရှင်ဝါဒကြောင့် ဖြစ်ပေါ်လာသော အကျပ်အတည်း အခက်အခဲများကို ထုတ်ပြရှင်းလင်းရာ၌ ထို အကျပ်အတည်း အခက်အခဲတို့၏ဆေးကား ကွန်မြူနစ်ဝါဒ ဖြစ်၏ ဟူ၍ ကျွန်ုပ်တို့ ရေးခဲ့လေသည်။ အရင်းရှင်တို့၏ ပုဂ္ဂလိက အမြတ်အစွန်းအတွက် စက်ကိရိယာများ အလွန်တရာ ပြန့်ပွားလာခြင်းသည် လည်းကောင်း၊ ထိုစက်ကိရိယာတို့၏ ထူးထူးခြားခြား ပြုပြင်ပြောင်းလဲလာခြင်းသည် လည်းကောင်း၊ လူဦးရေ တိုးပွားများပြားလာခြင်းသည် လည်းကောင်း ကမ္ဘာပေါ်၌ ကြောက်ခမန်းလိလိ အလုပ်လက်မဲ့ ပြဿနာကို ပေါက်ဖွားစေခဲ့သည်ဆိုသည့် အကြောင်းကိုလည်း ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ပြီးလေပြီ။

အမှန်စင်စစ်သော်ကား လူဦးရေ တိုးပွားများပြားမှုသည် အိန္ဒိယပြည်၌ အရင်းရှင်စနစ် မပြန့်ပွားသော်လည်း ပေါ်ပေါက်နေမည့် ပြဿနာသာလျှင် ဖြစ်လေသည်။ အိန္ဒိယပြည်၏ မခံမရပ်နိုင်လောက်အောင် ဆင်းရဲနေသည့် ဆင်းရဲမှုကို မည်သို့ မည်ပုံ ကင်းဖျောက်အောင် ပြုလုပ်ရမည် ဆိုသည်မှာလည်း ပြဿနာတစ်ခုပင် ဖြစ်သည်။ ထိုပြဿနာနှင့် စပ်လျဉ်း၍ နောက်ကဏ္ဍတွင် ရေးသား ပြဆိုပါမည်။

ဤပြဿနာတို့ကို ကျွန်ုပ်တို့၏ တိုင်းနိုင်ငံ၌ နှစ်မျိုးနှစ်စားသော လူတို့က ရင်ဆိုင်နေကြသည်။ တစ်မျိုးမှာ ဥစ္စာပစ္စည်းကြွယ်ဝမှုကြောင့် တစ်သက်လုံး စည်းစိမ်ယစ်နေကြသူများ ဖြစ်ကြသည်။ ကွန်မြူနစ်ဝါဒဟူသော ခြောက်လုံးက

ထိုသူတို့၏ ဦးနှောက်ကို နေ့ရောညပါ ဂနာမငြိမ်အောင် ပြုလုပ်ထားသည်။ အကယ်၍ ဤအတန်းအစား လူများ၌ အနည်းအကျဉ်း ထောက်ထားငဲ့ညှာမှုရှိပြီး မိမိတို့၏ အိမ်နီးနားချင်း အဝတ်မဲ့၊ အစားမဲ့ ကျောမွဲများကို သတိရဖော်ရသည့် သူများ ရှိလျှင်လည်း ၄င်းတို့သည် ကွန်မြူနစ်ဝါဒကို မဖြစ်နိုင်သော ဝါဒ၊ မလိုလား အပ်သော ဝါဒဟု ပြောပြီးလျှင် ပစ်ပယ်ကြလေသည်။ ထို့ပြင် 'ဘယ်သူသေသေ ငတေမာရင်ပြီးသည်'ဟု ယူဆသူများထံမှမူ ဤအကြောင်းများကို စဉ်းစားကြလိမ့်မည်ဟု မျှော်လင့်ချက်ပင် မထားသင့်ပေ။

ဒုတိယအမျိုးအစား လူတန်းစားတို့ကမူ အခြေအနေ၏ ကြောက်မက်ဖွယ်ရာကို သိရှိနားလည်ကြပြီး ထိုကြောက်မက်ဖွယ်ရာ အခြေအနေအတွက် တစ်ခုခု လုပ်ဖို့ရန်လည်း လိုလားကြသည်။ ၄င်းတို့တွင်လည်း နှစ်မျိုးနှစ်စားသော လူများ ရှိကြသည်။ တစ်မျိုးမှာ ကွန်မြူနစ်ဝါဒီများ ဖြစ်ကြသည်။ ဤစာအုပ်မှာ ၄င်းတို့၏ အမြင်၊ ၄င်းတို့၏ အယူအဆအားဖြင့် ရေးသားခြင်း ဖြစ်လေ၏။

အခြား တစ်မျိုးကမူ ဤသို့ ပြောကြသည်။

"ငါတို့ အာဘယ်ကြောင့် ဤကောင်းကျိုးမပေးသည့် စက်ယန္တရား ဝါဒဆိုးကို စွန့်ပြီး ရှေးခေတ်ကို ပြန်မသွားရမှာနည်း၊ ထိုခေတ်၌ စက်ယန္တရားဟူသည် အမည်နာမမျှပင် မရှိပေ။ ထိုအခါ၌ ရွာတိုင်းရွာတိုင်းသည် အပြည့်အစုံကမ္ဘာတစ်ခု ဖြစ်သည်။ ထိုကာလ၌ လက်သမား၊ ပန်းပဲသမား၊ ရက်ကန်းသမား၊ လယ်သမား အားလုံးတို့သည် စိမ်းလန်း စိုပြည်သည့် လယ်ယာများ၊ အေးမြသာယာသည့် ဥယျာဉ်ပန်းမန်များရံလျက် သဘာဝ ရင်ခွင်ထဲ၌ လွတ်လပ်စွာ မြူးထူးပျော်ပါးကြပြီးလျှင် ငြိမ်းချမ်း၍ ရောင့်ရဲမှုရှိသည့် ဘဝကို ကုန်ဆုံးကျော်လွန်ကြကုန်လေသည်။

သူတို့၏ အိမ်နီးနားချင်းရှိ သူတော်တို့မွေ့သည့် မြိုင်ဝနာတို့၌လည်း ရသေ့သူတော်စင်တို့၏ အေးငြိမ်းသည့် ကျောင်းသခ်ိမ်းတို့သည် မိမိတို့၏ အတွင်းရှိ ကြည်လင်ရွင်ပြုံးမှုနှင့် ချစ်ခင်ကြင်နာမှုတို့ဖြင့် လူနှင့် ကျေးငှက်တို့အထိပင် သွန်းလောင်း စိမ့်ထုံထားကြလေသည်။ စက်ကိရိယာ ယန္တရားတည်း ဟူသော အကြောင်းကြောင့် ငါတို့၏ ထိုရွှေခေတ်၊ ရွှေကမ္ဘာ သတယုဂ်သည် လက်လွတ်ဆုံးရှုံးသွားရသည်။ ငါတို့ ထိုခေတ်သို့ တစ်ဖန် ပြန်သွားကြစို့"

ထို "ရွှေခေတ်"မှ လက်ရာများဖြစ်သော ပိရမစ်၊ တရုတ်နံရံ အစရှိသည်တို့၏ ရာဇဝင်သမိုင်းကို ဖတ်သူများက "အထက်ပါ စိတ်ညွှတ်နူးဝင်စားဖွယ်ရာ ရုပ်ပုံ၌ လေးပုံ သုံးပုံသည် လှည့်ဖြားထားသည့်ဆေးရောင် ဖြစ်သည်။ ကျွန်စနစ်အင်အားကောင်းလျက်ရှိသည့် ထိုခေတ်၌ ယနေ့ကလိယုဂ် (ခေတ်ဆိုး) မှာလောက်ပင် လူ၏တန်ဖိုး မရှိခဲ့ပေ" ဟူ၍ ပြောဆိုကြပေလိမ့်မည်။

သို့ရာတွင် ခေတ္တခဏမျှမူ ကျွန်ပ်တို့သည် ဤရုပ်ပုံကို အမှန်တကယ် ဟူ၍ပင် မှတ်ယူကြလေသည်။ အကယ်၍ ကျွန်ပ်တို့သည် ရှေးနှစ်ပေါင်းသုံးထောင်ကျော် ခေတ်ကာလသို့ ပြန်သွားနိုင်လျှင် ပထမက ပြဿနာနှစ်မျိုးဖြစ်သည့် စက်ကိရိယာများ ပြန့်ပွားခြင်းနှင့် ပြုပြင်ပြောင်းလဲလာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲ အကျပ်အတည်းများ ပြေလည် ပြေရှင်းသွားနိုင်သည် ဆိုသည်မှာ ယုံမှားသင်္ကာဖြစ်ဖွယ်ရာ မရှိပေ။

သို့ရာတွင် ကျွန်ပ်တို့သည် နောက်သို့ ပြန်ဆုတ်သွားရန် လွတ်လပ်မှုရှိကြပါ၏လော ဟူသော ပြဿနာ ပေါ်လာလေသည်။ စက်ကိရိယာများကို တီထွင်မှုသည် လူတစ်ယောက်၏ တစ်နာရီမျှလောက်သော ဦးနှောက်တိုက်ပွဲ၏ အကျိုးအာနိသင် မဟုတ်ပေ။ ၄င်း၏အစသည် ရှေးနှစ်ပေါင်းများစွာ အခါကာလကပင် ဖြစ်လေသည်။ ခြေလေးချောင်းရှိသော သတ္တဝါသည် ခြေထောက်လေးချောင်း၏ အလုပ်ကို နောက်ပိုင်း ခြေထောက်နှစ်ချောင်း၏ အပေါ်၌ လွှဲအပ်ပြီး ရှေ့ခြေနှစ်ချောင်းကို မြေမှ လွတ်မြောက်အောင်လုပ်၍ ခြေနှစ်ချောင်းသတ္တဝါ ဖြစ်လာသည့် အချိန်ကာလကပင် စတင်ခဲ့ခြင်း ဖြစ်လေသည်။ ရှေ့ခြေထောက်များဖြင့် တုတ်များ၊ ကျောက်ခဲများကို ပစ်ခြင်းမှာမူ တစ်ဆင့်ဆင့် တိုးတက်လာခြင်း၏ ရှေ့အဆင့်များမှ စတင်ခဲ့လေ၏။ ကျွန်ပ်သည် ဤအကြောင်းအရာများကို ဤနေရာ၌ ထပ်၍ မပြောပြလိုတော့ပေ။ အခြားသောနေရာတို့၌ ပြောလာခဲ့ပြီးလေပြီ။

အကျဉ်းချုပ်မှာ လူ၌ လူမှုပေါ်ပေါက်လာသည့် အချိန်မှစ၍ လူသည် စက်ယန္တရားသတ္တဝါ ဖြစ်လေ၏။ အကျိုးအာနိသင်သည်သာလျှင် ကွဲပြားခြားနားမှုရှိလေ၏။ ကျွန်ပ်တို့၏ မိတ်ဆွေများသည် စက်ယန္တရားများ တစ်စ တစ်စ တိုးတက်လာမှုအစဉ်၏ ရှေ့ပိုင်းကို သတိမမူချင်ကြပေ။ လက်ဖြင့် ခန့်ခွဲရသည့်

အိုးထိန်းသည်၏ ဘီး၊ ရစ်၊ ရေငင်ဘီး၊ ယာဉ်ရထားတို့သည် စက် မဟုတ်၊ စက်မှာမူ ရေနွေးငွေ့၊ ဆီ၊ သို့မဟုတ် လျှပ်စစ်ဓာတ်အားဖြင့် လည်သော ကိရိယာများသာလျှင် ဖြစ်၏ဟု သူတို့က အထင်ရှိကြလေသည်။

ကောင်းပြီ၊ အသင်တို့သည် ကျွန်ုပ်တို့၏ လက်ရှိ ခက်ခဲကျပ်တည်းသည့် အခြေအနေကို ဖြစ်ပေါ်ပေါက်ပွားလာစေခြင်း၌ အကြောင်းရင်းဖြစ်ကုန်သော ရေနွေးငွေ့၊ ဆီ၊ သို့မဟုတ် လျှပ်စစ်ဓာတ်အားဖြင့် လည်သည့် စက်ယန္တရားကို ကမ္ဘာလောကမှ ပယ်ဖျောက်ပစ်ချင်ကြကုန်သလော။ ဤစက်ကိရိယာနှင့် စက်ကိရိယာတို့၏ မူလသဘောတရားများသည် ပညာရှင်တို့၏ ဦးနှောက်ထဲမှ ထွက်လာသည့် အရာများ ဖြစ်သည်ဆိုသည့် အချက်ကို သိရှိပါ၏လော။ ဘယ်လိုပညာရှင်တို့၏ ဦးနှောက်ထဲမှ ထွက်လာသည့်အရာများ ဖြစ်သနည်း။

ထိုပညာရှင်တို့သည်ကား တစ်သက်ပတ်လုံး ကြိုးစားအားထုတ်မှုကြောင့် အကယ်၍ သဘာဝ၏ မသိရသေးသော နိယာမ သဘောတရားတစ်ခုခုကို သိရှိရမိသည့် အခြေအနေသို့ ရောက်သွားပါလျှင် ၄င်းတို့အတွက် ကမ္ဘာလောက၌ ထို့ထက် ပိုမို၍ နှစ်သက်ဝမ်းမြောက်ဖွယ် အရာဝတ္ထု ရှိတော့မည် မဟုတ်ပေ။

ထိုမျှသာ မကသေး အကယ်၍ ဤသုတေသနအလုပ်ကို မသင့်လျော်ဟု ယူဆပါလျှင် သင်တို့၏ အမိန့်အာဏာဖြင့် ကြောက်ရွံ့ဖွယ်ရာ မီးညွှန့်မီးလျှံထဲတွင် တိုးဝင် လောင်မြိုက်ပစ်လိုက်ရန် အတွက်သော် လည်းကောင်း၊ သို့မဟုတ် စက်ရဟတ်ကြားထဲတွင် အဝါးခံလိုက်ရန် အတွက်သော် လည်းကောင်း နှစ်ပေါင်းနှစ်ထောင်အလွန်က ကဲ့သို့ပင် ယနေ့လည်း ထိုသူတို့သည် ဝမ်းပန်းတသာနှင့် အသင့်ပင် ရှိနေကြပေလိမ့်မည်။

ထိုကဲ့သို့သော ဦးနှောက်မျိုး ရှိနေသမျှ ကာလပတ်လုံး အသင်တို့သည် စက်ယန္တရားတည်ရှိနေမှုကို အဘယ်ကဲ့သို့ ပယ်ဖျက် ရှင်းလင်းပစ်နိုင်မည်နည်း။ နောက်သို့ ပြန်ဆုတ်ရန်အတွက် အသင် ထင်မြင်ယူဆထားသလောက် လွယ်ကူမှု၊ အေးငြိမ်းမှု မရှိဘူးဆိုသည့် အချက်ကို အခု သိရပေပြီ။ နောက်သို့ ပြန်ဆုတ်ရန် အတွက် လူ၏ အမြင့်ဆုံးဖြစ်သော ဦးနှောက်တို့ကို အပြုံလိုက် ခုတ်ထစ်

သတ်ဖြတ်ပစ်ရပေလိမ့်မည်။ ၄င်းကို ကျွန်ပ်တို့၏ ငြိမ်းချမ်းရေးကို မြတ်နိုးသူ ရွှေကမ္ဘာ(သတယုဂ်) ခရီးသည်သည် ဘယ်တော့မျှ နှစ်သက်သဘောကျနိုင်မည် မဟုတ်ပေ။

သို့ရာတွင် သူတို့က ဤသို့ ပြောနိုင်ပြန်လေသည်။ လောကဓာတ်ဆရာများ၊ ဆင်ခြင်တုံသမားများကို သတ်ဖြတ်ပစ်ဖို့ မလို၊ ၄င်းတို့ကို ငါတို့ အသက်ရှင်နေခွင့်ပြုမည်။ သို့သော် ၄င်းတို့ တီထွင်ပြုလုပ်ထားသည့် အရာများကို လူများ အသုံးမပြုရအောင် ငါတို့ စီမံပြုလုပ်ပေးရလိမ့်မည်။ မိမိတို့ တီထွင်ပြုလုပ်ထားသည့် အရာများ အသုံးမဝင်ပုံ တွေ့မြင်ရသည့်အခါတွင် သူတို့ကိုယ်တိုင် ကြံစည်တွေးခေါ်မှုများကို လုပ်ကြတော့မည် မဟုတ်ပေ။ ဤသို့ ပြုလုပ်လျှင် မကြာမီပင် ကမ္ဘာလောကသည် ဤကြောက်မက်ဖွယ်၊ တုန်လှုပ်ဖွယ်ကောင်းသည့် ရန်သူများမှ ကင်းလွတ်သွားပေလိမ့်မည်။ သို့မဟုတ် အချို့သော အရူးများက အကယ်၍ ကြံစည်တွေးခေါ်မှုကို မပြုလုပ်ဘဲ မနေနိုင်လို့ရှိလျှင်လည်း ဓာတ်ခွဲရုံ စသည့် အဆင်ပြေမှု မရှိသဖြင့် ၄င်းတို့အလုပ်သည် မဖြစ်နိုင်သည့် အခြေအနေသို့ မရောက်သည့်တိုင် အောင် အခက်အခဲကိုမူ အမှန် တွေ့ရပေလိမ့်မည်။ အောင်မြင်ပြည့်စုံသွားသည့်တိုင်အောင်လည်း အလမ္ဘာယ်ဆရာ၏ အလမ္ဘာယ်ပြခြင်းကဲ့သို့ စိတ်နှလုံး အာရုံဝင်စားဖို့ရာ ပစ္စည်းဝတ္ထု တစ်ခုမျှသာလျှင် ဖြစ်နေပေလိမ့်မည်။

ယင်းသို့ ဆင်ခြင်တွေးတောသူများသည် ပထမဦးစွာ လောကဓာတ်ပညာ စူးစမ်းတီထွင်မှုများကို အသုံးပြုကြသူများမှာ ဘယ်လိုပုဂ္ဂိုလ်များနည်း ဟူသော အချက်ကို စဉ်းစားသင့်ကြလေသည်။ ထိုသူများ၌ ထိုအသုံးပြုနေကြသူများ၏ တရားလက်လွတ်အကျင့်ကို တားမြစ် ပိတ်ပင်နိုင်သည့် အစွမ်းသတ္တိ ရှိပါသလော။ ထိုစူးစမ်းတီထွင်ချက်များကို အသုံးပြုနေကြသူများမှာ ကမ္ဘာ၏ ကုဋေကုဋာ ကြွယ်ဝချမ်းသာသူ လုပ်ငန်းရှင်ကြီးများ ဖြစ်ကြပေသည်။ ၄င်းတို့၏ လေယာဉ်ပျံများသည် အာကာသ ကောင်းကင်ပြင်၌ လေအဟုန်ဖြင့် ပြေးသွားပျံသန်းရင်း တိုင်းပြည်နိုင်ငံများ၏ ဝေးကွာခြားနားနေခြင်းနှင့် ကျယ်ပြန့်နေခြင်းများကို သုညဖြစ်သွားအောင် ပြုလုပ်နေကြလေသည်။ ၄င်းတို့၏ တန်ခိုးနှင့် သုံးသောင်း၊ လေးသောင်းရှိသော သင်္ဘောကြီးများသည် ပင်လယ်သမုဒ္ဒရာ၏ အသည်းနှလုံးကို ထွင်းဖောက် ခွဲထွက်

ပြီးလျှင် ပစ္စည်းများကို အလွန်ချိုသာသော နှုန်းထားဖြင့် တိုင်းပြည်တစ်ပြည်မှ အခြား တိုင်းပြည်တစ်ပြည်သို့ ပို့ဆောင် သယ်ယူနေကြလေသည်။ ၄င်းတို့ မီးရထား၊ မော်တော်ကားနှင့် အမျိုးတစ်ထောင်မက များလှစွာသော အခြား ပစ္စည်းဝတ္ထုများသည် လူနေမှုဘဝ၏ အလွန်တရာ အသုံးဝင်သော ပစ္စည်းပစ္စယများ ဖြစ်နေကြလေပြီ။ ထို့ပြင် အရေးအကြီးဆုံးသော အချက်မှာ ကမ္ဘာ၏ အုပ်ချုပ်ရေးသည် ၄င်းတို့၏ လက်ထဲ၌ ရောက်နေခြင်း ဖြစ်၏။

သို့ဖြစ်၍ အသင်တို့သည် စွမ်းရည်သတ္တိဖြင့် ၄င်းတို့၏ အပေါ်၌ စိုးမိုးအုပ်ချုပ်လို့ ရလိမ့်မည် မဟုတ်။ အကယ်၍ အသင်တို့သည် ကိုယ့်အကြံအစည်ကို ရပ်စကင်း၊ သို့မဟုတ် ဂန္ဓီတို့၏ စကားနှင့်သော် လည်းကောင်း၊ နည်းလမ်းနှင့်သော် လည်းကောင်း အတူတကွ တင်သွင်းနိုင်ခဲ့လို့ရှိရင် အသင်တို့၏ အကြံအစည်သည် ခေတ္တခဏမျှ သူတို့၏ စိတ်ပါဝင်စားဖွယ် အရာဝတ္ထု ဖြစ်ချင် ဖြစ်နိုင်ပေသည်။ အားလပ်နေသည့် အချိန်အခါမျိုးတွင် အသင်တို့၏ ဤညွှန်ကြားချက်ကို နားထောင်ဖို့ရန် အသင့် ဖြစ်ချင် ဖြစ်နေပေလိမ့်မည်။

လက်နက် မတပ်ဆင်ရေး အစည်းအဝေးများ၌ အသံကုန်ဟစ်ပြီး တရားဟောပြောသူ နိုင်ငံရေးသမားနှင့် ၄င်းတို့၏ အဆွေအမျိုးများ၏ အရင်း အမြှောက်အမြား မြှုပ်နှံထားသော အင်္ဂလန်၊ အမေရိကန်မှ လက်နက်ခဲယမ်းမီးကျောက် ပြုလုပ်သည့် စက်ရုံတို့သည် လူသားတို့ကို ဖျက်ဆီး ချေမှုန်းပစ်သည့် လက်နက်တို့ကို နိုင်ငံပေါင်းချုပ်မှ ကန့်ကွက်ပါသော်လည်း မိမိတိုင်းပြည် ကာကွယ်ရေးအတွက် မဟုတ်ဘဲ ဂျပန်နှင့် တရုတ်စစ်မီးထဲ၌ လောင်စာအဖြစ် အသုံးပြုရန်အတွက် မရောင်းချဘဲ မနေနိုင်သည့် အခြေအနေမျိုးတွင် အသင်တို့၏ ခြောက်သွေ့လှသော ညွှန်ကြားချက်ကြောင့် သူတို့သည် အပ်မှ သင်္ဘောအထိ ပြုလုပ်နေကြသော မိမိ၏ စက်ရုံများကို ပိတ်ပစ်ကြပါမည်လော။ သူတို့၏ ဥစ္စာဓနဖြင့် ကြီးထွားဖွံ့ဖြိုးနေကြသော ကျွန်ပုရောဟိတ် လူတန်းစားတို့က အသင်တို့ကို တိတ်တဆိတ် ထွက်ခွာသွားခွင့်ပြုမည်လော။

စက်ကိရိယာများကို အများအပြား သုံးစွဲကြသူများမှာကား အားလုံးသော တိုင်းပြည်နိုင်ငံများမှ အစိုးရများ ဖြစ်ကြလေသည်။ ရထား၊ လေယာဉ်ပျံ၊ သင်္ဘော၊

အမြောက်၊ ကြေးနန်း၊ ကြိုးမဲ့ကြေးနန်းတို့သည် အစိုးရများအတွက် သေရေးရှင်ရေး ပြဿနာ ဖြစ်လေသည်။ အိမ်နီးနားချင်းတို့၏ အထံ၌ ဤပစ္စည်းဝတ္ထုများ ရှိနေသမျှ ကာလပတ်လုံး မည်သည့် အစိုးရမျှ ဤပစ္စည်းဝတ္ထုများကို မျက်နှာလွှဲထားနိုင်မည် မဟုတ်ပေ။ ကျန်ဂေဂျခန်၏ စစ်တပ်သည် ပစိဖိတ်သမုဒ္ဒရာမှ ဒေရှုဗ်ကမ်းခြေ အထိ အဘယ်ကြောင့် အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သနည်း။ ၄င်းတို့၏ လက်နက်များ၌ ခဲယမ်းမီးကျောက်များ ပါဝင်သောကြောင့် ဖြစ်လေသည်။ အိန္ဒိယပြည်၌ ဗာဗာရ်ဘုရင်၏ အောင်မြင်မှု၌လည်း အဓိက အကြောင်းရင်း တစ်ခုမှာ ခဲယမ်းမီးကျောက်ဖြင့် ပစ်ရသည့် သေနတ်များ ဖြစ်လေသည်။ ထိုအချိန်၌ ပထမဆုံးစ၍ အိန္ဒိယပြည်တွင် အမြောက်ကို အသုံးပြုခြင်း ဖြစ်လေသည်။ အာရှတိုက်တွင် ဥရောပတိုက်သားများ အောင်ပန်းဆွတ်ခူးခြင်း၏ အကြောင်းရင်းမှာလည်း ၄င်းတို့၏အထံ၌ ထူးထူးခြားခြား စွမ်းရည်သတ္တိရှိသော ပြုပြင်တီထွင်ထားသည့် ပေါက်ကွဲစေတတ်သည့် လက်နက်များ ရှိနေခြင်း ဖြစ်လေသည်။ နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်က အိန္ဒိယပြည်တွင် သစ်သားနံရံတပ်ထားသည့် ခံတပ်တို့သည် ကာကွယ်ရေးအတွက် လုံလောက် စိတ်ချရပေသည်။ ထိုခံတပ်များသည် မြားရန် ကာကွယ်ရေးအတွက် ပေါက်ကွဲစေတတ်သည့် လက်နက်များ မပေါ်မီ ခေတ်က သံချပ်အင်္ကျီများ လုံခြုံစိတ်ချရသကဲ့သို့ လုံခြုံစိတ်ချရလေသည်။

ထို့နောက် လက်နက်များ၏ စွမ်းရည်သတ္တိ တိုးတက်လာသည်နှင့်အမျှ အုတ်၊ ကျောက် စသော အလွန်ထူထဲခိုင်ခံ့သည့် နံရံများရှိသော ခံတပ်များကို ဆောက်လုပ်လာခဲ့ကြလေ၏။ သေနတ်များ၊ အမြောက်များ အလွန်အမင်း အစွမ်းထက်မြက်လာသည့် အခါ၌မူ သံမဏိခံတပ်များ လိုလာလေ၏။ သို့ရာတွင် အန်းတဝပ်ကဲ့သို့ ထိုးဖောက် ဖျက်ဆီးပစ်ဖို့ရန် ခဲယဉ်းသော အလွန် ခိုင်ခံ့သည့် ခံတပ်မျိုးကိုပင် ဂျာမန်အမြောက်များသည် နှစ်ဆယ့်လေးနာရီအတွင်း ချေမှုန်းဖြိုဖျက်ပစ်လိုက်ပေပြီ။ ယခုအခါ လေယာဉ်ပျံခေတ်၌မူ ထိုခံတပ်တို့သည်လည်း အသုံးမဝင် ဖြစ်ကုန်ကြပြန်လေပြီ။ အစိုးရတိုင်းက အသစ်တီထွင် ပြုလုပ်ထားသည့် ခေတ်ပေါ်လက်နက်တို့ဖြင့် မိမိကိုယ်ကိုယ် တပ်ဆင်ထားလိုသည့် အချိန်အခါမျိုး၌ အသင်၏ စကားကို နားထောင်ဖို့ရန်အတွက် အဘယ်သူ အဆင်သင့် ရှိမည်နည်း။

ဥပမာအားဖြင့် တိုင်းပြည်တစ်ခုခုသည် ဒေါ်လီခံရသူ ဖြစ်ပြီးလျှင် အားလုံးသော စက်ကိရိယာတို့ကို သပိတ်မှောက်ဖို့ရန် အဆင်သင့်ဖြစ်နေသည် ဆိုကြပါစို့၊ ထိုတိုင်းပြည်၏ အလားအလာသည် မည်ကဲ့သို့ ဖြစ်သွားမည်နည်း။ နိုဂရိုးတို့၏ အခြေအနေအတိုင်း ဖြစ်သွားပေလိမ့်မည်။ ထိုနိုင်ငံသည် စွမ်းအင်ကြီးမားသည့် အင်အားတစ်ခုခု၏ ထာဝစဉ် လက်အောက်ခံ ကျွန်ဖြစ်သွားရမည်မှာ အမှန်ဖြစ်သည်။ ထိုအင်အားသည် အသင် ကဲ့သို့သော စိတ်ဝါဒီပေါင်းများစွာတို့ကို မိမိ၏အတွေ့စင်ကြယ်မှုအတွက် တောထဲတွင် အကျင့်ကျင့်ခြင်း၊ ဥပုသ်စောင့်သုံးခြင်း အလုပ်ပြုလုပ်ရန်အတွက် အဆင်ပြေအောင် ပြုလုပ်ဖန်တီးပေးချင် ပေးမည်ဖြစ်သော်လည်း တိုင်းသူပြည်သားတို့ကိုမူ ချမ်းသာသုခနှင့် မျှော်လင့်ချက်ရှိသည့် ဘဝကို ထာဝစဉ် မေ့ပျောက်အောင် လုပ်ပစ်မည်မှာ အမှန်ပင် ဖြစ်သည်။

အကြောင်းမူကား လွတ်မြောက်မှု အကယ်၍ ဖြစ်နိုင်ခဲ့လျှင် လောကဓာတ်ပညာ၏ အကူအညီ အထောက်အမအားဖြင့်သာလျှင် ဖြစ်နိုင်လေသည်။ သို့ရာတွင် အသင်တို့က ၄င်းတို့ကို လောကဓာတ်ပညာမှ လက်လွတ်သွားအောင် ပြုလုပ် ဖန်တီးထားလေသည်။

ယင်းသို့လျှင် မိမိ ကာကွယ်ရေးအတွက် အလွန် အသုံးဝင်၍နေသော ကိရိယာများနှင့် စစ်အတွက် တန်ဖိုးရှိသည့် စက်ကိရိယာများကို စွန့်လွှတ်ဖို့ရန် အတွက် မည်သည့် ရိုးသားသော အစိုးရကမျှ အသင့် ရှိနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ပြင် မည်သည့် စက်ကိရိယာသည် စစ်အတွက် တန်ဖိုးမရှိ ဟူ၍လည်း မည်သူကမျှ မပြောဆိုပေ။ အကယ်၍ တိုင်းပြည်တစ်ပြည်၏ ပါလီမန်တွင် သတယုဂ် (ရွှေခေတ်)ဝါဒီ တစ်ဦးဦးက စစ်အတွက် တန်ဖိုးမရှိသည့် အားလုံးသော စက်ကိရိယာများကို တိုင်းပြည်တွင် အသုံးမပြုသင့်ပေဟု ဥပဒေတင်သွင်းခဲ့လျှင် ထိုဥပဒေကို အစိုးရမှ ကန့်ကွက်ခြင်းမရှိဘဲ အတည်ပြုချင် ပြုလိုက်ပေလိမ့်မည်။ အကြောင်းမူကား မည်သည့် စက်ကိရိယာမှာ စစ်ဆိုင်ရာတန်ဖိုး ရှိသည်၊ မရှိ ဟူ၍ အစိုးရသည် အလွယ်တကူ ပြောပြနိုင်ပေလိမ့်မည်။ အကယ်၍ ဥပဒေကို ရိုက်နှိပ်ရန်အတွက် ဖြစ်သော စက္ကူနှင့် မင်ကို အပိုသုံးစရိတ်ဟု ယူဆလျှင်မူ ထိုအစိုးရသည် ကန့်ကွက်ကောင်း ကန့်ကွက်ပေလိမ့်မည်။

လင်းလွန်းခင်စာပေ

ဤသို့လျှင် အသင်တို့၏ သတယုဂ်(ရွှေခေတ်)သို့ ပြန်သွားဖို့ရန်အတွက် လုပ်ငန်းရှင်ကြီးများသည် လည်းကောင်း၊ ထိုလုပ်ငန်းရှင်ကြီးများ၏ အစိုးရသည် လည်းကောင်း အသင့်ရှိလိမ့်မည်မဟုတ် ဆိုသည်မှာ ထင်ရှားရှိနေပေ၏။ အရှက်မဲ့ကျင့်စဉ်အတွက်ပင် နောက်လိုက် ယုံကြည်သူ ရရှိနိုင်သေးသည် ဖြစ်ခဲ့လျှင် အသင်တို့၏ ကိုယ်ကျိုးကင်းမဲ့၍ ဖြူစင်သော သဘောမှ ထွက်ပေါ်လာသည့် ယုံကြည်ယူဆချက်များကို လက်တွေ့ကျင့်သုံး လုပ်ကိုင်မည့်သူ အချို့ကို အဘယ်ကြောင့် မတွေ့ဘဲ နေရမည်နည်းဟု ကျွန်ုပ်တို့ တွေးတောမိလေ၏။

အကယ်၍ ၄င်းတို့၏ အထံ၌ ကြေးငွေရှိခဲ့လျှင် ဝတ်လစ်စားလစ်အကျင့် ဂိုဏ်းဝင်တို့ကဲ့သို့ မြို့၏ အပြင်ဘက်၌ ၄င်းတို့သည်လည်း မိမိတို့၏ ဥယျာဉ်၊ ကျောင်းသင်္ခန်း၊ နေရာထိုင်ခင်းများကို ပြုလုပ် ဖန်တီးနိုင်ကြလေသည်။

နောက်သို့ ပြန်ဆုတ်ရာ၌ ကြီးလည်း အကြီးဆုံးဖြစ်၍ ပယ်ရှားပစ်၍ လည်း မရနိုင်သော အခက်အခဲကြီး နှစ်ခုကို ကျွန်ုပ်တို့ ပြောပြပြီးခဲ့လေပြီ။ ထိုမှ တစ်ပါး အခြား မြောက်မြားစွာသော အချက်များကိုလည်း ပြောပြနိုင်သေးသည်။ ထိုကဲ့သို့ ပြုလုပ်ရန်အတွက် အသိဉာဏ်ကို ဖြန့်ဖြူးရာ၌ အလွန် အထောက်အပံ့ ဖြစ်သော ပုံနှိပ်စက်၊ သတင်းစာနှင့် အခြားသော စက်ကိရိယာတို့မှ ရရှိနေသမျှ သော အကူအညီတို့ကိုလည်း စွန့်ပယ်ပစ်ရလိမ့်မည် ဖြစ်သည်။ ထို့နောက်တစ်ဖန် ပေစာရွက်၊ သစ်သားသင်ပုန်း၊ သားရေတို့ဖြင့် စာရေး၊ စာဖတ် ပြန်လုပ်ရလိမ့်မည် ဖြစ်ပေသည်။ စာအုပ်များ မရှိသောကြောင့် ရှေးယခင်ကကဲ့သို့ အတတ်ပညာကို နှုတ်ငုံပြန်ဆောင်ထားရပေလိမ့်မည်။ ယခင်အခါတုန်းကမူ နည်းလမ်းမရှိ၍ ထိုကဲ့သို့ လုပ်ခဲ့ရခြင်း ဖြစ်သည်။ ယခုမူ လွယ်ကူသည့် နည်းလမ်းများကို မျက်ဝါးထင်ထင် တွေ့မြင်ရသည် ဖြစ်သောကြောင့် ထိုကဲ့သို့ ပြုလုပ်ရန်မှာ လျှာအရိုးမရှိတိုင်း လျှောက် ပြောရာ၌ လွယ်ကူသလောက် လွယ်ကူလိမ့်မည် မဟုတ်ပေ။

စက်ကိရိယာတို့ကြောင့် ဖြစ်ပေါ်လာသော အလုပ်လက်မဲ့ ပြဿနာကို အသင်၏ သတယုဂ်(ရွှေခေတ်)သို့ ပြန်သွားခြင်းက အကယ်၍ ထိုကဲ့သို့ပြုရာ၌ အောင်မြင်မှု ရှိမည်ဆိုပါလျှင် အတော်အတန် ဖြေရှင်းနိုင်ကောင်း ဖြေရှင်းပေလိမ့် မည်။ သို့ရာတွင် အလုပ်လက်မဲ့ ပြဿနာ၏ အခြား အကြောင်းတစ်ခုလည်း

ရှိသေးသည်။ ၄င်းကား လူဦးရေ တိုးပွားများပြားလာခြင်း ဖြစ်လေ၏။ ကမ္ဘာပေါ်၌ စက်မှုလက်မှု ထွန်းကားပြဋ္ဌာန်းသည့် တိုင်းပြည်အချို့မှ လွဲ၍ နေရာတကာ တိုင်းတွင် လူဦးရေသည် တိုးတက်များပြားလျက် ရှိပေသည်။ ကြောက်မက် တုန်လှုပ်ဖွယ် အရှိန်အဟုန်နှင့် တိုးတက်များပြားလျက် ရှိပေသည်။ ခရစ်နှစ် ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအရ သိရသည်မှာ လွန်ခဲ့သည့် အနှစ် နှစ်ဆယ် အတွင်း အိန္ဒိယလူမျိုး ဦးရေ၌ ခြောက်ကုဋေကျော် တိုးတက် များပြားလာလေ၏။ ယူပီနယ်နှင့် ဗီဟာရ်နယ်ရှိ ခရိုင်ပေါင်းများစွာတို့၌ လူတစ်ဦးအတွက် လယ်လုပ်ကိုင်ရန် တစ်ဧက လေးပုံတစ်ပုံစာ မြေကွက်ကို ရဖို့ရန်ပင် ခဲယဉ်းနေသည့် အခြေအနေသို့ ရောက်နေသည်။ ထိုနေရာတို့၌ လယ်သစ်တီထွင်နိုင်လောက်အောင် တောနှင့် မြေရိုင်းလည်း များများစားစား မရှိပေ။ ဗီဟာရ်နယ်က ဆာရန်ခရိုင်နှင့် ယူပီနယ်က ဂေါရခ်ပူခရိုင်ကိုပဲ ကြည့်ပါဦး။ ထိုနေရာတို့၌ လယ်လုပ်စရာ ဧက ၎င်းပုံတစ်ပုံစာ မြေကွက်မျှပင် လူတစ်ဦးအတွက် မရှိဘဲ ဖြစ်နေသည်။ ထိုနေရာတို့မှ သိန်းပေါင်းများစွာသော သူတို့သည် ကာလကတ္တားနှင့် အခြားမြို့များရှိ စက်ရုံတို့တွင် အလုပ်လုပ်လျက် နေကြသည်။ ထိုသို့ဖြစ်ပါလျက် ထိုနေရာဌာနတို့မှ ဆင်းရဲပုံအကြောင်းသည် ပြောမပြနိုင်လောက်သည့် အခြေအနေသို့ ရောက်ရှိနေပေသည်။ အသင်တို့၏ သတယုဂ်(ရွှေခေတ်)၌လည်း စားဖို့၊ ဝတ်ဖို့အတွက် ကြောင့်ကြမဲ့ နေနိုင်ရန် လူတစ်ယောက်အတွက် လယ်နှစ်ဧကလောက်မှ အမှန်ပင် လိုအပ်လေသည်။ စားကျက်မြေနှင့် ရသေ့ရဟန်းအတွက် ကျောင်းသင်္ခမ်းကို စီစဉ် ဖန်တီးရဦးမည်ဆိုလျှင် နှစ်ဧကထက်ပင် မြေနေရာကို ချဲ့ရဦးမည် ဖြစ်သည်။

ထိုမြေ ဘယ်က လာမည်နည်း။ မြေကို တိုးချဲ့ဖို့ရန် မဖြစ်နိုင်လျှင် စားသောက်သူတို့၏ ဦးရေကို လျှော့ချပစ်ရလိမ့်မည် ဖြစ်သည်။ အသင်သည် ဆာရန်ခရိုင်မှ လူဦးရေ နှစ်ဆယ့်လေးသိန်းကို ၎င်းသိန်းလုပ်လို့ရမည့် ဆေးနည်းကို ပြောပြနိုင်ပါမည်လော။ အသင်သည် ပဋ္ဌိသန္ဓေတားသည့် ဝါဒသမားလည်း ဟုတ်ဟန် မတူပေ။ ဟိဆာ၏ နည်းလမ်းကိုလည်း ဘယ်တော့မျှ လက်ခံလိမ့်မည် မဟုတ်။ အကယ်၍ အသင်သည် တစ်ကြိမ်တစ်ခါ နှလုံးတွင် ကျောက်သားကို ထားပြီး တစ်နည်းနည်းအားဖြင့် လူဦးရေ ၎င်းသိန်းအထိ လျှော့ချလိုက်လျှင်လည်း လူအဆက်

ငါးဆက်မြောက်သော အခါတွင် လူဦးရေသည် တစ်ဖန် တိုးပွားလာပြီးလျှင် ရင်းစားအတိုင်း ပြန်မလာပေဘူးလော။

လူဦးရေ တိုးပွားမှုကို ပိတ်ပင်တားမြစ်ခြင်း၌ စက်ကိရိယာနှင့် စက်ရုံများ ပြန့်ပွားခြင်းသည် အကူအညီ အထောက်အပံ့ ဖြစ်ပေ၏။ အင်္ဂလန်၊ ပြင်သစ်စသော စက်မှုထွန်းကားသည့် တိုင်းနိုင်ငံတို့၌ လူဦးရေ တိုးပွားမှုသည် ရပ်ဆိုင်းနေသကဲ့သို့ပင် ဖြစ်နေပေပြီ။ ပဋိသန္ဓေတားမှုနှင့် စက်ကိရိယာဝါဒကို ယုံကြည်လေးစားသူ ကွန်မြူနစ်ဝါဒီတို့သည် ထိုကိစ္စကို ကြောင့်ကြစိုက်မနေနိုင်ပေ။ နောက်သို့ ပြန်ဆုတ်သည့် သတယုဂ်(ရွှေခေတ်)ဝါဒီတို့ကမူ ထိုပြဿနာကို မဖြေရှင်းနိုင်ကြပေ။ ၄င်းတို့၏ သံယမ (ချုပ်တည်းစောင့်စည်းခြင်း)နှင့် ဗြဟ္မစရိယ တည်းဟူသော ဆေးနည်းတို့သည် မဆိုစလောက် အကျိုးသက်ရောက်မှု ရှိချင် ရှိလိမ့်မည်။ သို့ရာတွင် ၄င်းနည်းသည် လူလောကထဲ၌ အယူမှောက်မှားခြင်းနှင့် လျှို့ဝှက်သည့် အပြစ်ပေါင်းများစွာကို ဖြစ်ပေါ် ပေါက်ဖွားစေနိုင်ခြင်းမှာမူကား အမှန်မုချပင် ဖြစ်လေ၏။

ကျွန်ုပ်တို့ကလည်း အချို့ ပြုလုပ်မည်၊ ဘုရားသခင်ကလည်း အချို့အဝက် ကူညီစောင်မလိမ့်မည်ဟု အသင်တို့က ပြောနိုင်လေသည်။ အသင်တို့ကိုယ်တိုင် မပြုလုပ်ကြပါနှင့်၊ ဘုရားသခင်အပေါ်၌သာ အားလုံး ပုံချလိုက်ပါ။

ကွန်မြူနစ်ဝါဒီတို့ ပြုလုပ်နေသည့် အရာအားလုံးမှာ ဘုရားသခင်ကသာ ပြုလုပ်နေသည်ဟု အဘယ်ကြောင့် စိတ်ကို ရှင်းလင်း ပြောမပြဘိသနည်း။ ထာဝရဘုရားနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် နောက်တွင် ပြောပြမည်။ သို့ဖြစ်၍ ဤနေရာ၌ ဤမျှသာလျှင် တော်လောက်ပေပြီ။

ဤမျှ ရေးသားခြင်းအားဖြင့် နောက်ဘက်သို့ ပြန်ဆုတ်ခြင်းသည် ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ကြောင်းနှင့် ကျွန်ုပ်တို့သည် ပြဿနာများကို ရှေ့တိုးပြီး ရင်ဆိုင်ရမည်ဖြစ်ကြောင်းမှာ သိသာထင်ရှားလောက်ပြီ ဖြစ်ပေ၏။

လင်းလွန်းခင်စာပေ

(၄)

ထိတ်လန့်ဖွယ် ကျောမွဲဘဝ၏ ဆေး ကွန်မြူနစ်ဝါဒ

တတိယကဏ္ဍ၌ ကျွန်ုပ်တို့အတွက် ယခုအခါတွင် အဘယ်ကြောင့် နောက်သို့ ပြန်ဆုတ်ဖို့ရန် မဖြစ်နိုင်သည်ဆိုသည့် အကြောင်းကို ရေးပြခဲ့ပြီးလေပြီ။ အုမတောင့်ပြီး အားလပ်ခွင့် ရနေကြသူများ၏ လက်ထဲ၌ ကလောင် ရောက်သွားသည့် အခါတွင် သူတို့သည် အိန္ဒိယပြည်ကို နတ်ပြည်သဖွယ် ရေးခြယ်ချင်ကြလေသည်။ အကယ်၍ အိန္ဒိယပြည်ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် လက်တစ်ဆုပ်စာသော ဘုရင်များ၊ စော်ဘွားများ၊ သူဌေးသူကြွယ်များ၊ လယ်ပိုင်ရှင်များနှင့်သာလျှင် စပ်ဆိုင်နေသည် ဆိုပါလျှင်မူ ထိုအချက်သည် အထိုက်အလျောက် မှန်ကန်နိုင်ကောင်းစရာ ရှိပါသည်။ အိန္ဒိယပြည်ကို မျက်စိနှင့် ဒိဋ္ဌ မတွေ့ဖူးသူ ဥရောပတိုက်မှ အမျိုးသမီး၊ အမျိုးသားပေါင်း များစွာသည်လည်း ကျွန်ုပ်တို့ တိုင်းပြည်က ဘုရင်များကို ကြည့်ပြီး ထိုကဲ့သို့ပင် မြောက်မြောက်မှားမှား ယူဆ ထင်မှတ်ထားကြလေသည်။ သို့ရာတွင် တိကျမှန်ကန်သည့် အခြေအနေမှာမူ ထိုအတိုင်း ဟုတ်ပါ၏လော။ နတ်ပြည်ဆိုသည်မှာ ဝေးစွ၊ အိန္ဒိယပြည်ရှိ လူများစုတို့ တွေ့ကြုံခံစားနေရသည့် ဆင်းရဲမွဲပြာကျနေမှု အခြေအနေကို အပြင်အပမှ လူများအတွက် မှန်းဆကြည့်ရန်ပင် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

ဥရောပတိုက်သူ တိုက်သားတို့သည် မည်ကဲ့သို့ ဘဝကို ကုန်ဆုံးကျော်လွန်နေရပုံဖြင့် ထမင်းငတ်မသေအောင် မိမိကိုယ်ကိုယ် ကယ်ဆယ်ထားရပုံတို့ကို ''ပေါင်မုန့်နှင့် ထောပတ်ကိုပဲ မှီပြီး အချိန် ကုန်နေရသည်'' ဟူသော အမည်စကားလုံးဖြင့် ပြောဆို သမုတ်ကြလေသည်။ ကျွန်ုပ်တို့တိုင်းပြည်က ကျောမွဲများ အတွက်မှာမူ ထိုအခြေအနေသည် အိပ်မက်ထဲက အခြေအနေပင် ဖြစ်လေ၏။ ကျွန်ုပ်တို့၏ တိုင်းပြည်မှာမူ ဆင်းရဲသားများသည် ကောက်ရိတ်သိမ်းချိန်၌သာလျှင် ဗိုက်ပြည့်အောင် အစာကြမ်းများကို စားရရှာလေသည်။ ကြွင်းကျန်သည့် အခြားအချိန်သမယတို့၌ မည်သို့ နေကြရရှာသည်ကိုမူ ရှင်းလင်းပြောပြဖို့ရန် မလွယ်ကူပေ။

ဗီဟာရ်နှင့် ယူပီနယ်က ကျေးတောသား လူမွဲများကို ကြည့်ပါ။ တန်ခူးလ ကောက်ရိတ်ချိန်၌ လုပ်ခကို သူတောင်းစားတောင်း တောင်း၍သော် လည်းကောင်း၊ သို့မဟုတ် လယ်ထဲ၌ ကျန်နေသော စပါးများကို ကောက်သင်းကောက်၍သော် လည်းကောင်း ၄င်းတို့၏ ဝမ်းဗိုက်ပြည့်သည်မှာ အမှန်ပင် ဖြစ်သည်။

သို့ရာတွင် ကဆုန်လလယ်လောက်က စပြီး အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာလေတော့၏။ ဝါဆိုလလယ်လောက် ရောက်လာသည့်အခါ ၄င်းတို့၏ တန်ခူးလက စိုပြည်နေသော ကိုယ်သည် ခြောက်သွေ့ ညှိုးနွမ်းသွားလေတော့သည်။ ထို့နောက် မိုးဦးကျလာသည်နှင့် တစ်ပြိုင်နက် ဟင်းရွက်ရေလုံ့ပြုတ်သည် ၄င်းတို့၏ အသက်ရှင်နေမှုအတွက် အဓိကဖြစ်သော မီခိုအားထားရာ ဖြစ်လာလေ၏။

အကယ်၍ ထိုနှစ်၌ သရက်သီး သီးခဲ့သော် သရက်စေ့ စားစရာများကို လည်း ၄င်းတို့အတွက် ရရှိကြလေသည်။ ၄င်းတို့၏ ဆင်းရဲပုံကို 'ဆယ့်နှစ်ရာသီဘွဲ့' ဖွဲ့ရမည်ဆိုလျှင် နှစ်လ၊ သုံးလကလွဲပြီး ကျန်တစ်နှစ်လုံးမှာ ဤကရဏာဘွဲ့ကို သာလျှင် ဖွဲ့ရမည် ဖြစ်ပေသည်။

ထိုကဲ့သို့သော လူများကို မြို့များ၌ ဘုဇာရုံများတွင် အလွယ်တကူနှင့်ပင် တွေ့ရှိနိုင်လေသည်။ ၄င်းတို့သည် အသင်တို့ လွှင့်ပစ်လိုက်သည့် စားစရာ အကျန် အကြွင်း အစအနများကို ခွေးပါးစပ်ထဲက အတင်းလုပြီး စားကြလေသည်။ တိုင်းပြည်တွင်းရှိ ကုဋေကုဋာ များလှစွာသော အလုပ်လက်မဲ့များကို အလုပ်ပေးဖို့ စီမံခန့်ခွဲ မပေးသမျှ ကာလပတ်လုံး အသင်တို့သည် ၄င်းတို့အား အလုပ်မလုပ်သည့် အတွက် ကဲ့ရဲ့ရွတ်ချလို့ ဖြစ်မည် မဟုတ်ပေ။

ကျွန်ုပ်တို့တိုင်းပြည် ယခုလောက် မအေးသည်မှာ ကံကောင်းလှပေသည်။ သို့မဟုတ်လျှင် လူတွေ အဝတ်အထည်များကို မဝယ်ခြမ်းနိုင်သည့်အတွက် နှစ်စဉ်နှစ်တိုင်း သိန်းပေါင်းများစွာသော လူတို့ကို ဆောင်းဥတုက နုတ်သိမ်းသွားဖို့ ရှိလေသည်။ သိန်းပေါင်းများစွာသော သူတို့သည် အရက်ကို ဖုံးသည့် အဝတ်စ၊ စုတ်ပြဲ၍နေသော ဒိုတီ၊ သို့မဟုတ် လွန်ရောကျွံရော ရှိသပဆိုလျှင် ဒိုတီ၊ မျက်နှာသုတ်ပဝါဖြင့်သာ ဝမ်းမြောက် ကျေနပ်နေကြသည် မဟုတ်လော။ ကိုယ်ကိုဖုံးဖို့ရန် အဝတ် အပြည့်အစုံရလျှင် ၄င်းတို့သည် ထိုအဝတ်များကို လွှင့်ပစ်

လိုက်ကြမည်လော။ ကျွန်ုပ်တို့၏ ပညာတတ် မိတ်ဆွေပေါင်း များစွာတို့သည် သူတို့၏ ညစ်ပတ်ပေရေနေသည့် အဝတ်အစားများကို ကြည့်၍ နှာခေါင်းရုံ့ကြလေသည်။ ထမင်းအင်တ်ခံပြီး ပိုက်ဆံ ငါးမူး၊ ခြောက်မူးကို ခဲခဲယဉ်းယဉ်း စုဆောင်း၍ ဒိုတီကို ဝယ်ရသူသည် ရှစ်ရက်တစ်ကြိမ် ဆပ်ပြာဝယ်ဖို့ ပိုက်ဆံတစ်ပြား ဘယ်ကလာ ရမည်နည်း။ အကယ်၍ စစ်စီသူတစ်ဦးဦး၏ အထံ၌ အလုပ်လုပ်ရသည် ဖြစ်ပါမူ ၄င်းသည်လည်း အနာဂတ်တွင် အမိုက်မှောင်လွှမ်းသွားမည့် အကြောင်း ဖြစ်ပေ၏။

ထို့ပြင် ရောဂါဘယကရော၊ ရောဂါဘယတို့ကလည်း ထိုသူများအတွက် သေမင်းဝရမ်းကို ယူ၍ ရောက်လာကြလေသည်။ ကျွန်ုပ်တို့သည် ရွာတစ်ရွာမှ ဆင်းရဲသားအိမ်တစ်အိမ်၏ အကြောင်းကို ကိုယ်တိုင် တွေ့ကြုံ သိရှိရဖူးသည်။ ထိုအိမ်က အိမ်ထောင်စုသည် ကွိန်ုင်တစ်ခွက်၊ နှစ်ခွက်စာနှင့် နှစ်ပတ်၊ သုံးပတ်စာအတွက် စားသောက်စရာ မရှိသည့်အတွက် သုံးလေးနှစ် အတောအတွင်းမှာပင် ပြုတ်ပြုတ်ပြုန်းသွားခဲ့လေသည်။ အိန္ဒိယပြည်၏ ထောင့်တိုင်း၊ ထောင့်တိုင်းတွင် ယင်းသို့သော ပြဿဒုက္ခပုံစံများကို အသိန်းအသန်း တွေ့ရှိနိုင်ပေသည်။

ဤကား လူနေမှုဘဝ၏ မရှိမဖြစ်သည့် ပစ္စည်းများ၊ လိုအပ်သည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြောပြချက် ဖြစ်လေ၏။ လူတစ်လုံး သူတစ်လုံး လုပ်ရန်အတွက် ပညာရေးသည်လည်း လိုအပ်သည့် အရာတစ်ခု ဖြစ်သည်။ အစိုးရသည် ကျေးလက်တောရွာများ၌ စာသင်ကျောင်းများ ဖွင့်မပေးနိုင်ပေ။ အစိုးရ ဘဏ္ဍာတိုက်ထဲတွင် ငွေမရှိပါဟု ပြောလေသည်။ ထိုအကြောင်းကြောင့်လည်း လူများ ဆင်းရဲနေကြသည် မဟုတ်ပါလော။ အကယ်၍ နေရာအနှံ့အပြားတွင် စာသင်ကျောင်းများ ဖွင့်ပေးလိုက်သည် ထားပါဦး၊ လူအားလုံး မိမိတို့၏ သားသမီးများကို ပညာသင်ကြားပေးရန် ကျောင်းသို့ ပို့နိုင်ကြပါမည်လော။ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်ရှိ ကလေးသူငယ်များမှာလည်း နွားကျောင်း၍သော်လည်းကောင်း၊ သို့မဟုတ် ကလေးထိန်း၍သော်လည်းကောင်း ကိုယ့်ဝမ်း ကိုယ်ကျောင်းနေရာကြရလေသည်။ ကျောင်းသို့ သွားကြမည်ဆိုပါလျှင် သူတို့အတွက် ဝတ်ဖို့၊ စားဖို့ ဘယ်ကလာ ရရှိမည်နည်း။

အကျဉ်းချုပ် ပြောရလျှင် ကျွန်ုပ်တို့တိုင်းပြည်ရှိ ကျေးလွဲဘဝသည် ကမ္ဘာ

ပေါ်၌ တခြားပြိုင်ဘက် မထားပေ။ ကျွန်ုပ်တို့တိုင်းပြည်ရှိ လူများသည် ကမ္ဘာပေါ်ရှိ အခြားသော တိုင်းနိုင်ငံတို့ကို မတွေ့ဖူး၊ မကြုံဖူးကြသောကြောင့်သာလျှင် မိမိတို့၏ ဆင်းရဲမှုကို ကံအကျိုးပေးဟု ယူဆပြီး ကြိတ်မှိတ်ခံကြခြင်း ဖြစ်လေသည်။

ဤဆင်းရဲမွဲတေမှု၏ အကြောင်းများအနက် အချို့ အကြောင်းများနှင့် စပ်လျဉ်း၍ ယခု စာဖတ်သူများ နားမဆံ့ ကြားဖူး၊ ဖတ်ဖူးကြပေလိမ့်မည်။ လူတို့သည် အဖြစ်ဆိုးဟူသမျှ၏ အပြစ်ကို နိုင်ငံခြားအုပ်ချုပ်ရေး၏ ခေါင်းပေါ်၌ ပုံချပြီး ကိုယ်လွတ်ရုန်းချင်ကြသည်။ လွတ်လပ်ရေးရရှိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ အကျပ်အတည်း ဟူသမျှ လွင့်ရှားပျောက်ပျက်သွားလိမ့်မည်ဟု သူတို့က ထင်ကြသည်။ လွတ်လပ်ရေး ရရှိသည့် တိုင်းပြည်၌ ဆင်းရဲမှုဒဏ်ကို မခံရပ်နိုင်ကြသောကြောင့် နှစ်စဉ်နှစ်တိုင်း ထောင်ပေါင်းများစွာသော သူတို့သည် ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည် မဟုတ်လော။ အကယ်၍ ထိုနိုင်ငံခြားအုပ်ချုပ်မှုနှင့် နိုင်ငံခြားကုန်ကူးသန်း ရောင်းဝယ်မှုတို့ကြောင့် တိုင်းပြည်၏ အပြင်ဘက်သို့ ထွက်သွားသည့် ဥစ္စာပစ္စည်းများကို အိန္ဒိယပြည်ရှိ သုံးဆယ့်ငါးကုဋေမျှသော လူတို့အား ခွဲဝေပေးကြည့်လိုက်လျှင် ထိုသို့ ခွဲဝေပေးလိုက်ခြင်းအားဖြင့်လည်း လူဘဝကို သာမည အတန်းအစားဖြင့် ကုန်ဆုံးကျော်လွန် နေနိုင်သွားလောက်အောင် သူတို့၏ ဝင်ငွေ၌ တိုးတက်များပြားလာခြင်း ရှိလိမ့်မည် မဟုတ်ပေ။ အကယ်၍ လွတ်လပ်သော အစိုးရက စက်မှုလက်မှု လုပ်ငန်းများကို ကူညီအားပေးမည်ဆိုလျှင်မှ အခြေအနေ အသင့်အတန် ပြောင်းလဲသွားမည်မှာ အမှန်ပင် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ တိုင်းပြည်ရှိ တိုင်းသူပြည်သား လူအများစုမှာမူ ဥရောပတိုက်ရှိ ဆင်းရဲသူ၊ ဆင်းရဲသားများထက် အခြေဆိုး အနေဆိုး ဘဝဖြင့်သာလျှင် နေရမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့တိုင်းပြည်၏ ဆင်းရဲမွဲပြာကျနေမှုမှာ ကုစားလို့မရသည့် အမျိုးထဲကမူ မဟုတ်ပေ။ အားလုံးသော နည်းလမ်းများ၊ ကိရိယာများ ရှိနေပါသော်လည်း ကျွန်ုပ်တို့သည် လက်မှိုင်ချနေကြရသည်။ အကြောင်းမူကား ကျွန်ုပ်တို့သည် ထို နည်းလမ်းများ၊ ကိရိယာများကို အသုံးမပြုနိုင်ကြပေ။ လူ၏ လုပ်အားသည်သာ လျှင် ဥစ္စာဓန ဖြစ်သည်။ အိန္ဒိယပြည်ရှိ သုံးဆယ့်ငါးကုဋေသော လူများအနက် လူပေါင်း ဆယ့်ရှစ်ကုဋေမှာမူ အမှန်ပင် အလုပ် လုပ်ကိုင်နိုင်ကြသူများ ဖြစ်ကြလေ

သည်။ ယခုခေတ်တွင် ထိုလူများအနက် အချို့မှာမူ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနေကြသည်ဖြစ်၍ အလုပ်လုပ်ရခြင်းကို ဂုဏ်ထိခိုက်သည်ဟု ယူဆနေကြလေသည်။ ဤမျှသာမကသေး သူတို့သည် သူတို့၏ ကိုယ်ကာယကို လုပ်ကျွေးပြုစုရန်အတွက်လည်း လူပေါင်း မြောက်မြားစွာကို အလိုရှိကြလေသည်။ သူတို့သည် ကိုယ်တိုင် အပျင်းထူသူများ ဖြစ်ကြသည့်ပြင် သူတစ်ပါးတို့အားလည်း လုံ့လဝီရိယ ပျော့ညံ့ပြီး လူပေါ့လူပျင်းများ ဖြစ်အောင် ပြုလုပ်နေကြလေသည်။

သို့ရာတွင် အလုပ် လုပ်နိုင်ကြသူများကော အားလုံး အလုပ်ရရှိကြပါသလော။ အရင်းရှင်ဝါဒ နိုင်ငံတစ်ခုခု၌ လူတိုင်း လူတိုင်း အလုပ် ရကို မရနိုင်ပေ။ စက်ရုံပိုင်ရှင်များနှင့် မြေပိုင်ရှင်များသည် ပိုင်းခြားသတ်မှတ်ထားသည့် အရေအတွက် အတိုင်းသာလျှင် အလုပ်သမားများကို အလိုရှိကြလေသည်။

ဘုရင်များ၊ စော်ဘွားများ၊ သူဌေးသူကြွယ်များကို လုပ်ကျွေးပြုစုရသည့် အလုပ်အကျွေးတို့၏ အလုပ်သည် ထုတ်လုပ်သည့် လုပ်အား မဟုတ်ပေ။ အကြောင်းမူကား ၄င်းတို့၏ အလုပ်ကြောင့် လူနေမှုဘဝအတွက် အသုံးကျသည့် မည်သည့် ပစ္စည်းဝတ္ထုမျိုးမျှ ဖြစ်ပေါ်မလာနိုင်ပေ။

စင်စစ်မှာမူ လုပ်အားနှင့် လုပ်ခသည် အချင်းချင်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီနေသည့် အရာများ ဖြစ်ကြလေ၏။ လုပ်အားက ဝတ်စားနေထိုင်ဖို့ ပစ္စည်းဝတ္ထုများကို ထုတ်လုပ်လိုက်သည့်အခါ လုပ်သားအတွက် ဤပစ္စည်းဝတ္ထုများ ကိုပင် ပိုက်ဆံငွေကြေး ဟူသော အမှတ်သညာဖြင့် လုပ်ခ ဟူ၍ ရရှိလေသည်။ လူနေမှုဘဝအတွက် အသုံးကျသော ပစ္စည်းဝတ္ထုများ ထွက် ထွက်သလောက်ပင် လုပ်ခတွင်လည်း ထိုအတိုင်း လိုက်ပြီး ကိုက်ညီရလေသည်။

သို့ရာတွင် အရင်းရှင်စနစ်ကမူ လုပ်ငန်းဟူသမျှကို အမြတ်အစွန်းတည်း ဟူသော အမြင်အားဖြင့်သာလျှင် ပြုလုပ်လေသည်။ အမြတ်အစွန်းတည်း ဟူသော လမ်းကြောင်း၌ ရှိသော အနှောင့်အယှက် အဟန့်အတားပေါင်း များစွာကို ကျွန်ုပ်တို့သည် ပထမတွင် ပြောပြခဲ့လေပြီ။ ထို အနှောင့်အယှက် အဟန့်အတားတို့ကြောင့် အရင်းရှင်ဝါဒသည် တိုင်းပြည်ရှိ လုပ်အားဟူသမျှကို အသုံးမချနိုင်ခြင်း

ဖြစ်လေသည်။ အရင်းရှင်ဝါဒ၌ လုပ်အားပေါင်း အသချေ် အနန္တ အကျိုးမဲ့ ပြုန်းတီးပျက်စီးသွားရခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်လေ၏။

ဤနေရာ၌ ဥဒါဟရဏ် ပုံစံတစ်ခုကို ထုတ်ပြပါမည်။ ၁၉၃၄ ခုနှစ်၊ ဧန်နဝါရီလက ဗီဟာရ်တွင် ထိတ်လန့်ဖွယ် ငလျင်ဘေးကြီး ဆိုက်ရောက်ခဲ့လေသည်။ မြို့နှင့် တောကျေးလက်များမှ သိန်းပေါင်းများစွာသော အိမ်များ၊ သွားလမ်းလာလမ်းများ၊ တံတားများ ပျက်စီးဆုံးရှုံးသွားလေသည်။ ၄င်းတို့ကို ပြန်လည်တည်ဆောက်ဖို့ရန်မှာ ယခုအခါတွင် လူ့အဆက် တစ်ဆက်လောက် ကြာမည်ဟု ခန့်မှန်းရလေသည်။ ဤသို့ ဖြစ်ရခြင်းမှာ အဘယ်ကြောင့်နည်း။ ဗီဟာရ်၌ ကျောက်၊ အုတ်၊ ကျောက်စရစ်၊ သစ်သား၊ သံ မရှိသည့် အတွက်ကြောင့်လော။ အလုပ်သမား မလုံလောက်သည့် အတွက်ကြောင့်လော။

မဟုတ်ပါ၊ ထိုဒုက္ခတွေကြုံနေသည့် နေရပ် တစ်ရပ်တည်း၌ပင် လူပေါင်း တစ်ကုဋေမျှ နေထိုင်လျက် ရှိကြသည်။ ၄င်းတို့အနက် တစ်ဝက်သည် အလုပ်ကို မုချ လုပ်ကိုင်နိုင်ကြသူများ ဖြစ်သည်။ မုံဂေရ်နယ်၏ အနီးအနား တစ်ဝိုက်၌ ကျောက်တောင်များ ရှိလေသည်။ လျှိုမြောင်များနှင့် သစ်တောများကလည်း အလှမ်းမဝေးပေ။ ဤနည်းအတူ ထုတ်ပြီး ကျောက်မီးသွေးများ အများအပြား ပုံနေသည့် ရေတံခွန်သတ္တုတွင်းများနှင့် တာတာ၏ သံစက်ရုံများကလည်း လက်တစ်ကမ်းတွင်ပင် ရှိလေသည်။

ထိုသို့ ဖြစ်ပါလျက် ပျက်စီးယိုယွင်းသွားသည့် ဗီဟာရ်ကို ပြန်လည်ထူထောင်ဖို့ရန်အတွက် လူ့အဆက် တစ်ဆက်လောက် စောင့်ရမည် ဆိုသည်မှာ အကြောင်း အဘယ်သို့ ရှိနေ၍နည်း။

အကြောင်းကား အထက်ပါပစ္စည်း အားလုံးမှာ ပြည်သူပိုင်ဟု မယူဆဘဲ ပုဂ္ဂလိကအချို့ပိုင်ဟု ယူဆနေရသောကြောင့် ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်၊ သို့မဟုတ် အရင်းရှင်တို့သည် အမြတ်အစွန်း မရှိဘဲ ထိုပစ္စည်းများကို အသုံးပြုဖို့ အခွင့် မပေးနိုင်ကြပေ။ သူတို့သည် အမြတ်အစွန်းကို ကြည့်ပြီး လုပ်အား၏ တန်ဖိုးကို ဆုံးဖြတ်ကြမည် ဖြစ်လေသည်။ သိန်းငါးဆယ်သော လူများအား အလုပ်သမားခ ပေးရသည်ထက် ပိုပြီး အရင်းရှင်များအတွက် အမြတ်

အစွန်း ရှိမည်ဆိုပါမှ အလုပ်လုပ်ဖို့ရန်အတွက် အရင်းကို ထုတ်ပေးနိုင်ကြမည် ဖြစ်ပေသည်။

သို့သော် ထိုသို့ ဖြစ်နိုင်ဖို့ရန်မှာ ခဲယဉ်း၍ နေလေသည်။ ဆောက်လုပ်ပြီးသော ပစ္စည်းများသည် တိုင်းပြည်၏ ဘဏ္ဍာကို တိုးပွားအောင် ပြုလုပ်လိမ့်မည် ဟူသော အချက်ကိုမူ သူတို့ သတိပင် မရနိုင်ကြပေ။

သို့ဖြစ်၍ ဤပုဂ္ဂလိကပိုင်ပစ္စည်း၊ ဤအရင်းရှင်စနစ်၊ ဤအမြတ်ကို ရည်ရွယ်ချက်ထားသည့် ကုန်ပစ္စည်းတို့ကြောင့် ဗီဟာရ်ကို ပြန်လည်ထူထောင်၍ စည်ပင်လာအောင် ပြုလုပ်ဖို့ရန်မှာ အခု နှစ်ပေါင်းများစွာ စောင့်ဆိုင်းရဦးမည် ဖြစ်လေသည်။

အကယ်၍ ယနေ့ ဗီဟာရ်၌ ကွန်မြူနစ်ဝါဒီ အုပ်ချုပ်ရေး ရှိနေပါသည် ဆိုလျှင် အဘယ်ကဲ့သို့ ဖြစ်မည်နည်း။ ထိုကွန်မြူနစ်ဝါဒီ အုပ်ချုပ်ရေးသည် မြေငလျှင် လှုပ်ပြီးနောက် တစ်ပတ်အကြာမှာပင် အလုပ် လုပ်နိုင်မည့် သိန်းငါးဆယ်သော လူတို့ကို ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် ခန့်ခွဲပေးလိုက်မည် ဖြစ်ပေ၏။ အကယ်၍ လူတစ်ယောက်စီ တစ်ယောက်စီသည် မြေကြီးတောင်း အလုံးငါးဆယ်ကို သယ်ကြမည်ဆိုပါလျှင် တစ်နေ့တည်းနှင့် မြေကြီးတောင်း အလုံးပေါင်း နှစ်ဆယ့်ငါးကုဋေသည် လမ်းများပေါ်သို့ ရောက်ရှိသွားနိုင်သည်၊ သို့မဟုတ် လယ်များပေါ်မှ ဖယ်ရှားပစ်နိုင်လေသည်။ ထိုသို့ဖြစ်လျှင် သဲများပြည့်နေသည့် ရေလမ်းများကို ရှင်းလင်းပစ်ရာ၌ အချိန် ဘယ်လောက် ကြာဦးတော့မည်နည်း။ အကယ်၍သာ မိုးကုန်လျှင် မိုးကုန်ချင်း လူပေါင်း သိန်းငါးဆယ်သည် အိမ်များနှင့် ၄င်းတို့အတွက် လိုအပ်သည့် ပစ္စည်းများကို ပြုလုပ်ရာ၌ အားစိုက်လိုက်ကြမည်ဆိုလျှင် ပျက်စီး၍ နေသော ဗီဟာရ်ကို ယခင်ကထက်ပင် ပိုပြီး လှပသပ်ရပ်၍ ကျန်းမာရေးနှင့် လျော်ညီသည့် အိမ်များ၊ လမ်းများ၊ တံတားများဖြင့် တန်ဆာဆင်ဖို့ရန်မှာ တစ်နှစ်ခွဲထက် ပိုပြီး အချိန်ကြာဦးမည်လော။ လုပ်ခပြုသနာကကော၊ လူနေမှုဘဝ၏ လိုသမျှသော ပစ္စည်း ဟူသမျှမှာမူ ဗီဟာရ်၌မှာပင် အသင့်ရှိလေသည်။ သို့ဖြစ်၍ ထိုပစ္စည်းတို့ကို ဖလှယ်မှုမှာ ခဲယဉ်းစရာ မရှိတော့ပေ။

ကွန်မြူနစ်ဝါဒီ အစိုးရသည် လူတိုင်း လူတိုင်းအား ငွေတစ်ကျပ်တန်

စက္ကူ။ နေ့စဉ် နေ့တိုင်း ပေးလိမ့်မည်။ ထိုင်ငေသည် ထိုသူ၏ အလုပ်အတွက် အထောက်အထားလည်း ဖြစ်သည်။ ထို့ပြင် ထိုင်ငေနှင့် ထိုသူသည် လိုအပ်သည့် ပစ္စည်းများကိုလည်း ဝယ်ယူနိုင်လေသည်။ အလွန်ဆုံး ဖြစ်မည်မှာ တစ်နှစ်အတွက် စားစရာ၊ ဝတ်စရာ ပစ္စည်းများကို အခြားပြည်နယ်များမှ မှာယူရမည်။ အကယ်၍ အိမ်နီးနားချင်း ပြည်နယ်သည် ကွန်မြူနစ်ဝါဒီ မဟုတ်ခဲ့သော် ထိုသို့ မဟုတ်ခြင်းကြောင့် ၄င်းတို့၏ စျေးမှ လျှောပေါ့မှုသာလျှင် အနည်းအကျဉ်း နည်းပေလိမ့်မည်။ ထိုနောက်မှ ဗီဟာရ်သည် ကိုယ်ထူးကိုယ်ချွန်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးသွားပေလိမ့်မည်။

ထို့ပြင် မိမိ၏ ကူညီဖော် ကူညီဖက်တို့အား အကယ်၍ အကူအညီ အလိုရှိခဲ့မှ ထိုနည်းအတိုင်း အကူအညီကို ပေးလိမ့်မည်။

ကွန်မြူနစ်ဝါဒ၏ ရည်ရွယ်ချက်မှာ တစ်ပြည်လုံး၊ သို့မဟုတ် တစ်ကမ္ဘာလုံးကို စုပေါင်းထားသည့် တစ်ခုတည်းသော အိမ်ထောင်စုလုပ်ရန်နှင့် တိုင်းပြည်ရှိ ရှိသမျှ ပစ္စည်းဥစ္စာများကို ထိုအိမ်ထောင်စုပိုင် ပစ္စည်းဥစ္စာအဖြစ် ပြုလုပ်ရန် ဖြစ်လေသည်။ လူနေမှုဘဝ၏ လိုအပ်သမျှသော ပစ္စည်းတို့ကို ထုတ်လုပ်နိုင်သည့် အိန္ဒိယကဲ့သို့သော တိုင်းပြည်တို့၌ တစ်နှစ်ပတ်လုံးအတွက် လိုအပ်သော ပစ္စည်းတို့ကို မှန်းဆတိုင်းထွာပြီးလျှင် ထိုပစ္စည်းကို ထုတ်လုပ်ဖို့ရန်အတွက် အိမ်ထောင်စုတစ်စုလုံးရှိ လူများအား အလုပ်ခွဲဝေပေးရန် ဖြစ်လေသည်။ ထို့ပြင် ထုတ်လုပ်ပြီး ပစ္စည်းများကိုလည်း လိုအပ်သည့်အားလျော်စွာ ပေးကမ်းရန် ဖြစ်လေသည်။

ကျန်းမာသော သူများအတွက် အစားအသောက်၊ အဝတ်အစား၊ သန့်ပြန့်သည့် အိမ်ရာတို့ကို လည်းကောင်း၊ မကျန်းမာသောသူများအတွက် ဆေးနှင့် သင့်လျော်သည့် အစာအာဟာရတို့ကို လည်းကောင်း၊ ကလေးသူငယ်များအတွက် ပညာသင်ကြားရေးကို လည်းကောင်း စီစဉ်ထားပေးမည်ဆိုလျှင် နောက်ထပ် ဘာလိုဦးတော့မည်နည်း။ အမြတ်အစွန်းဆိုသည်မှာ အခြား ပုဂ္ဂိုလ်များ၏ လုပ်အားကို ခိုးယူခြင်းအား ဂုဏ်ပြု ခေါ်ထားသည့် အမည်နာမသာလျှင် ဖြစ်လေ၏။

ဤသို့လျှင် ကျွန်ုပ်တို့၏ ထိတ်လန့်တုန်လှုပ်ဖွယ် ကျောမွဲဘဝကို ကွန်မြူနစ်ဝါဒကသာလျှင် မသာချပစ်နိုင်သည်ဆိုသည့် အကြောင်းကို သိရှိရလေ၏။

လင်းလွန်းခင်စာပေ

အကြောင်းမူကား ကွန်မြူနစ်ဝါဒသည်သာလျှင် လူတိုင်းအား အသုံးဝင်စွာဖြင့် အလုပ်ပေးနိုင်စွမ်း ရှိလေသည်။

(၅)
လူမှုရေး အနာရောဂါနှင့် ကွန်မြူနစ်ဝါဒ

ဤစာအုပ်၏ ကျမ်းဦးစကားတွင် ကျွန်ုပ်တို့သည် အကျဉ်းချုပ်အားဖြင့် အိန္ဒိယပြည်၌ ဒရဗီဍအရင် လူမျိုး၊ လူရိုင်းမျိုး၊ ဒရဗီဍလူမျိုး၊ အရိယလူမျိုးတည်း ဟူသော လူမျိုးလေးဦး မည်သို့ မည်ပုံ ရောစပ်သွားသည်ဆိုသည့် အချက်ကို လည်းကောင်း၊ ထို့ပြင် အရိယလူမျိုးတို့ ရောက်လာသည်ဖြစ်၍ ယနေ့မှ လွန်ခဲ့သော နှစ်ပေါင်း သုံးထောင့်ငါးရာလောက်တုန်းက မည်သို့မည်ပုံ လူဖြူ-လူမည်း ပြဿနာ သို့မဟုတ် သုဒ္ဒ-အရိယပြဿနာ ပေါ်ပေါက်လာသည်ဆိုသည့် အချက်ကို လည်းကောင်း ရေးပြပြီးခဲ့လေပြီ။ အရိယလူမျိုးတို့သည် စစ်နိုင်သူ ဖြစ်ကြလေ၏။ သူတို့သည် သူတို့၏ အကြောင်းအရာဟူသမျှပေါ်၌ မာနသွေး တက်နေကြလေသည်။ သူတို့သည် စစ်နိုင်၊ စစ်ရှုံးတည်းဟူသော ကွဲပြားချက်ကို မေ့ပစ်နိုင်လောက်အောင် သာမျှဝါဒီ (ကွန်မြူနစ်ဝါဒီ)များလည်း မဟုတ်ကြပေ။ သူတို့၏ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်ကလည်း စစ်ရှုံးများနှင့် တစ်ဖုံ ခြားလျက်ရှိ၏။ သူတို့သည် အမည်း၊ အညှက်၊ နှာခေါင်းပုများ ဖြစ်ကြသည့် အနရိယ(အရိယမဟုတ်သူ) လူမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံလိုက်ခြင်းအားဖြင့် သူတို့၏ ဖြူသောအဆင်း၊ ရှည်သောနှာတံ၊ မြင့်သောအရပ်များ ဖောက်ပြန် ပြောင်းလဲသွားမှာကို စိုးရိမ်နေကြသည်။ ဤသဘော အဓိပ္ပာယ်တို့ကို မကြာခဏ ရက်စက်ကြမ်းကြုတ်သည့် အသွင်ကိုလည်း ဆောင်ကြလိမ့်မည် ဖြစ်၏။

ထိုအကြောင်းကြောင့် အမိုက်တိုက် အတိလွမ်းလျက်ရှိသော ထိုအတိတ်ကာလတုန်းက အမေရိကမှာကဲ့သို့ပင် ဤမြေပေါ်၌လည်း သွေးသက်ဆိုး ကျခဲ့သည်မှာ အမှန်ဖြစ်သည်။

ရှုတ်ချရွံ့မုန်းမှု၊ ကွဲပြားခြားနားမှုတို့ဖြင့် ပြည့်ဝနေသော အပြုအမူတို့ကို

ဖယ်ရှား ဖျောက်ဖျက်ပစ်ရန်အတွက် ဤနှစ်ဆယ်ရာစု၏ အလယ်လောက်မှာသော်မှ ဤမျှလောက် လှုပ်ရှားထကြွမှုများ လိုအပ်နေလျှင်၊ ထိုလှုပ်ရှားထကြွမှုများမှာလည်း ပြင်းထန်သော ဆန့်ကျင်မှုများ၊ ရက်စက်မှုများနှင့် ရင်ဆိုင်တိုးနေသည်ဖြစ်လျှင် ထိုခေတ်က အခြေအနေသည် မည်မျှလောက် ကြောက်မက် ထိတ်လန့်ဖွယ်ရာ ကောင်းမည်ဆိုသည့် အချက်ကို အလွယ်တကူနှင့်ပင် မှန်းဆ သိနိုင်လောက်ပေသည်။

ထိုအကြောင်းများနှင့် ပတ်သက်သော အချက်အလက် အမြောက်ကိုမူ အရိယတို့၏ ရှေးဟောင်းကျမ်းဂန်များကလည်း ပေးနိုင်လေသည်။

အရိယလူမျိုးတို့၏ ဤမာန်မာနဟူသမျှ၏ အကြောင်းရင်းမှာ ၄င်းတို့၏ ဖြူသောအရောင်နှင့် စစ်နိုင်ခြင်း ဖြစ်လေ၏။ အိန္ဒိယ၌ ဤအရောင်၊ သို့မဟုတ် ဇာတ်ပြဿနာသည် နှစ်ပေါင်း သုံးထောင့်ငါးရာကျော်က စ၍ ပေါ်ပေါက်လာသည့် ပြဿနာလက်ဟောင်း ဖြစ်လေ၏။ လူမှုရေး အဆက်ပြတ်တောက်မှုများ ကျပ်တည်းစွာ ထားရှိသော်လည်း အစဉ်ထာဝရ အတူတကွ နေထိုင်ခြင်းတို့ကြောင့် နောက်ဆုံးတွင် သွေးရောစပ်မှု ဖြစ်ပေါ်လာရပေသည်။ အမျိုးဇာတ်ခွဲခြားမှုဝါဒီ အယူသီးများဖြစ်ကြသော ယခုခေတ် မဒရပ်နယ်သား ဗြာဟ္မဏလူမျိုးတို့အနက် လူများစု၏ အရောင်သည် မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သတ္တဝါနှမ္ပ အရိယက ဝသအေ လုသက့ဲသို့ သုဒ္ဒလူမျိုးဟု ပြောပြီး ဆွဲထုတ်ယူနိုင်လောက်သည့် အရောင်များ ဖြစ်ကြလေသည်။ ယခုခေတ်တွင် အရိယလူမျိုးတို့၏ မည်သည့်အနွယ်၊ မည်သည့် လက်တက်ပွားကိုပဲ ကြည့်ကြည့် ၄င်းတို့အနက် များစွာသော လူတို့တွင် အနရိယ (အရိယမဟုတ်သူ)တို့၏ အရောင်အသွေးကို မုချပင် တွေ့ရလိမ့်မည် ဖြစ်သည်။ ထို့ပြင် အနရိယလူမျိုးတို့၌လည်း အရေအတွက်ပေါင်း မြောက်မြားစွာသော မိန်းမယောကျ်ားတို့သည် အရောင်အဆင်း၌ ယခုခေတ် အရောင်အဆင်းကောင်းသည့် အရိယအဆက်အနွယ်တို့နှင့် တူညီနေသည်ကို တွေ့ရလိမ့်မည် ဖြစ်သည်။

ဤသို့အားဖြင့် ယခုခေတ်ကာလ၌ ဇာတ်(အရောင်)များ ရောနှောပေါင်းစပ်လာမှုမှာ ဘယ်အခြေအနေသို့ ရောက်ရှိနေသနည်းဆိုလျှင် အရောင်ကွဲပြားခြင်း၏ ရှေးဟောင်းအကြောင်းမှာ ယခုအခါတွင် ကွယ်ပျောက်၍ပင် သွားလေပြီ။ ယနေ့ စစ်ရှုံးသူဖြစ်ခြင်းကြောင့် စစ်နိုင်ဟူသော ရှေးဟောင်းမာန်မာနသည်လည်း ရယ်ဖွယ်

လိလိပင် ဖြစ်နေတော့သည်။ ဤမျှပင် ဖြစ်ပါသော်လည်း ထိုအယူအဆ သဘောထား မှာမူ ယခုအထိ ယခင်အတိုင်းပင် ရှိနေသေး၏။

အရိယနှင့် အနရိယ ကွဲပြားခြားနားမှုသည် ဆက်၍ပင် တည်လာခဲ့လေ သည်။ ထို့နောက် လူမျိုးဇာတ်ပေါင်း အရာအထောင် ဖြစ်ပေါ်လာခဲ့သည့် အခါတွင် မူ အခြေအနေသည် တိုး၍ပင် ဆိုးလာလေတော့သည်။ တစ်ခေတ်တုန်းက ဤ အမျိုးဇာတ် အသီးသီးတို့သည် အနည်းနှင့်အများ အရိယသွေးနှင့် အလုပ်အကိုင် တည်းဟူသော အကြောင်းကြောင့် ကွဲပြား ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်တုန်းကဆိုလျှင် ယုတ်စွအဆုံး အရိယလူမျိုးတို့သည် အချင်းချင်း အိမ်ထောင် ဖက်မှုနှင့် အခြားသော ဆက်သွယ်မှုများ ရှိခဲ့လေသည်။ ထို့ကြောင့် ထိုအမျိုးဇာတ် တို့၏ ရင်ကြားမစေ့မှုသည် ယခုလောက် အခြေအနေ မဆိုးသေးပေ။ သို့ရာတွင် ယခုခေတ်၌မူ အားလုံးသော အမျိုးဇာတ်တို့သည် အသီးသီး ကိုယ်ပိုင်ကမ္ဘာလောက ရှိနေကြသည်။ သူတို့၏ အိမ်ထောင် သားမွေးရေးနှင့် သေရေးရှင်ရေးသည် ကိုယ့် အမျိုးဇာတ်အတွင်း၌သာလျှင် ဘောင်ခတ်ထားကြသည်။ သို့ဖြစ်ရာ အခြားလူမျိုး ဇာတ်ထက် ကိုယ့်အမျိုးဇာတ်ကို စွဲသော ပုဂ္ဂိုလ်စွဲသည် အာဘယ်မှာ မတိုးတက် မလွန်ကဲဘဲ ရှိလာတော့မည်နည်း။ သို့သော်လည်း ပထမတွင် အမျိုးဇာတ်စွဲသည် ယခုလောက် မရှိခဲ့သေးပေ။ လွန်ခဲ့သည့် ရာစုနှစ် နောက်ပိုင်းလောက်ကမှ စပြီး သူတို့သည် ကိုယ်ပိုင် အမျိုးဇာတ်အသီးသီးကို တည်ထောင်ပြီး တခြားသော အမျိုးဇာတ်တို့မှ တသီးတခြား နေဖို့ရန်အတွက် နက်ရှိုင်းသည့် ကျုံးများကို တူးလိုက်ကြခြင်း ဖြစ်လေ၏။ ထို့ကြောင့် ယခုခေတ်တွင် လူလောက၌ အလွန် စက်ဆုပ်ရွံမုန်းဖွယ်ကောင်းသော ပါတီစွဲ၊ ဂိုဏ်းစွဲများ ပေါ်ပေါက်လာခြင်း ဖြစ်လေ ၏။ ပြည်နယ်များမှစ၍ ခရိုင်များအထိ အမျိုးဇာတ်တို့၏ ပါတီစွဲ၊ ဇာတ်စွဲများကို တွေ့မြင်ရလေသည်။ ဘယ်ဆီကို ကြည့်လိုက်ကြည့်လိုက် ဗြာဟ္မဏပါတီ (၄င်း၌ လည်း မာလဝီ၊ ကသ္မီရီ၊ မိတ္ထိလ်၊ ကာနယကုဗ္ဇ စသည်)၊ ကယာယတ်ဆထ ပါတီ (၄င်း၌လည်း မာထုရ်၊ ရှရီဝါဆတာဝ စသည်)၊ ရာဇပုတ်ပါတီ၊ ဘူမိဟာရ ပါတီ ကဲ့သို့သော အမည်နာမကို တစ်ခါဖူးမျှ မကြားဖူးသည့် ပါတီများ၊ အမျိုး ဇာတ်များကို တွေ့ရလိမ့်မည်ဖြစ်သည်။ ၄င်းတို့အမျိုးဇာတ်ကို အကြောင်းပြုပြီး

အဖြူကို အမည်း၊ အမည်းကို အဖြူ လုပ်နေကြသည်ကိုလည်း တွေ့ရလိမ့်မည် ဖြစ်သည်။ အဘက်ဘက်၌ အရည်အချင်း ပြည့်ဝနေသူတစ်ယောက်သည် ပါမောက္ခ ရာထူး၊ သို့မဟုတ် အရေးပိုင်ရာထူး မရရှိနိုင်ပေ။ ထိုလူနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် အရည်အချင်း ညံ့ဖျင်းနေသူတစ်ယောက်ကမူ ထိုရာထူးတို့ကို အလွယ်တကူ ရရှိနိုင်သည်။ အကြောင်းသော်ကား ထိုအရည်အချင်း မရှိသူမှာ ထောက်ခံချက်ပေးရန်အတွက် ရာထူးကြီးမြင့်သူ ရှိနေသည့် အမျိုးဇာတ်မှလူ ဖြစ်နေသောကြောင့် ဖြစ်သည်။ အစိုးရရာထူးများ၌သာလျှင်မက နေရာအနှံ့အပြားတွင် ပညာရေးဌာနများ၌အထိပင် ဤကြောက်မက်ဖွယ် ရောဂါဆိုးကြီးသည် လွှမ်းမိုး၍ နေပေသည်။ စာစစ်သူသည် ကျောင်းသားများအား ပထမတန်းအဆင့်က စာမေးပွဲ အအောင်ပေးဖို့ အရေး၌ အမျိုးဇာတ်ကို စောင်းငဲ့ကြည့်လိုက်သေးသည်။ ကုန်ကူးသန်းရောင်းဝယ်ရေးနှင့် အခြားသော နယ်ပယ်တို့၌မူ ဤတစ်ဖက်စီးနင်း သဘောထားမျိုးကို ကိုယ်ရေးကိုယ်တာဟု အကြောင်းပြပြီး ဖယ်ရှားပစ်နိုင်လေသည်။

အမျိုးဇာတ်ကဲ့သို့ပင် ပြည်နယ်နှင့်ပတ်သက်သော ကွဲပြားခြားနားချက်ကလည်း အိန္ဒိယပြည်၌ နည်းနည်းနောနော ဆိုးဝါးသည့်အရာ မဟုတ်ပေ။ ဤကွဲပြားချက်၌လည်း စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် ထိုပါတီစွဲ၊ ဂိုဏ်းစွဲများကို တွေ့ရှိရလေသည်။ တစ်နေရာရာတွင် လူတစ်ယောက်ယောက် ရောက်ရှိသွားပါလျှင် ထိုသူသည် အရည်အချင်း ရှိသည်၊ မရှိသည် မကြည့်တော့ဘဲ ကိုယ့်ပြည်နယ်သားများကို လက်သင့်ရာ စားတော်ခေါ်ဖို့ ကြိုးစားလေတော့သည်။ အမျိုးဇာတ်တူ အချင်းချင်းကဲ့သို့ပင် ပြည်နယ်သား အချင်းချင်းအတွက်လည်း မည်သည့် မဖြောင့်မတ်၊ မမှန်ကန်သည့် အလုပ်မျိုးမျှ မလုပ်အပ်၊ မလုပ်ရဲဟူ၍ မရှိတော့ပေ။ တက္ကသိုလ်တစ်ခုမှ ပါမောက္ခတစ်ဦးသည် အခြားပြည်နယ်သား တစ်ဦးဦးကို မည်သည့်အခါမျှ အမှတ်များများနှင့် အအောင်မပေး ဟူ၍ ကြားသိရလေသည်။

အခြား ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျှဉ်း၍ ကြားသိရသည်မှာလည်း ထိုသူသည် မိမိပြည်နယ်သားကို ခန့်ထားရန်အတွက် ထိုပြည်နယ်သား၏ အမည်ဖြင့် စာစီစာကုံးပင် ရေးပေးလေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အကယ်၍ အနီးမှ ကပ်ပြီး လေ့လာကြည့်လျှင် ထိုသူတို့သည် သဘောဆိုးသူများ မဟုတ်ဘဲ အချို့မှာ

စံပြပုဂ္ဂိုလ်များပင် ဖြစ်ကြောင်း တွေ့မြင်သိရှိရလိမ့်မည်။ သို့ဖြစ်လျှင် သူတို့သည် အာဘယ်ကြောင့် ယင်းသို့ မပြုမူဘဲ မနေနိုင်အောင် ဖြစ်နေကြရသနည်း။ တိုင်းပြည်၏ စက်ဆုပ်ဖွယ်ကောင်းသော ခွဲခြားမှုသဘောကြောင့် ဖြစ်လေသည်။

ကောင်စီရွေးကောက်ပွဲ၊ ဒီစတြိတ်ဘုတ်ရွေးကောက်ပွဲ၊ မြူနီစီပယ်ရွေးကောက်ပွဲ ကျင်းပသည့် အချိန်တို့၌ ဤအမျိုးဇာတ်၊ ပြည်နယ် စသည် ကွဲပြားမှုတို့ကြောင့် အပုပ်နံ့ မည်မျှ ထွက်ပေါ်ပျံ့နှံ့သည်ဆိုသည့် အကြောင်းကို ပြောပြဖို့ရန် မလိုတော့ပေ။ ရှေ့ကျလျှင် ဘာသာတရားနှင့် စပ်လျဉ်းသော နစ်နာဆုံးရှုံးမှုများကို ပြောပြမည်။ သို့ရာတွင် ဤအမျိုးဇာတ်နှင့် ပြည်နယ် ကွဲပြားမှုများသည် ဘာသာရေးကွဲပြားမှုထက် အဆပေါင်းများစွာ ပိုမိုလွန်ကဲပြီး စွဲမြဲခိုင်မာ၍ နေလေသည်။

ကွန်မြူနစ်ဝါဒမှ လွဲပြီး ကွဲပြားမှုများကို ပယ်ရှား ဖျောက်ဖျက်ပစ်နိုင်မည့် နည်းလမ်းဥပါယ် ရှိသေးသလော၊ မရှိပါ၊ အကြောင်းမူကား စီးပွားရေးအကျိုးအမြတ်နှင့် တန်ခိုးအာဏာရှိသည့် နေရာကို ရရှိရန် လူတိုင်း အလိုရှိကြသည်။ ထိုအလိုပြည့်ရန်အတွက် မည်သည့် အလုပ်မျိုးကိုမဆို လူတို့သည် ပြုလုပ်ရန် အသင့်ရှိကြလေ၏။ လက်ထပ်ထိမ်းမြားခြင်းစသော အကြောင်းတို့ဖြင့် ဆက်သွယ်မှုခိုင်မြဲနေခြင်းကြောင့် အမျိုးဇာတ်နှင့် ပြည်နယ်စွဲသည် လူတို့အတွက် မိမိတို့ လိုလားရာကို ရရှိရေး၌ အထောက်အပံ့ပြုသည်ဟု အယူရှိကြသည်။ ထိုအစွဲဖြင့် လူတို့သည် အကျိုးရှိအောင် ပြုလုပ်ချင်ကြလေ၏။ ထိုကဲ့သို့သော အကျိုးမှာ ကြီးကျယ်သော သဘောတရားများ၊ ဝါဒများကို လက်ကိုင်ထားသူများအထိ ရောက်သွားတတ်သော အကျိုးမျိုး ဖြစ်နေပေ၏။

ဤမနှစ်မြို့ဖွယ်ရာ အားလုံးသည် ဆင်ခြင်စဉ်းစားတတ်သည့် အိန္ဒိယအမျိုးသားတိုင်းက 'တိုင်းပြည်ကို နာလန်မထူနိုင်အောင် ပြုလုပ်ရာ၌ အပြဋ္ဌာန်းဆုံးအကြောင်းသည် အမျိုးဇာတ်တို့ကို အစိတ်စိတ် အမြွှာမြွှာ ခွဲပြီး လုံးဝ အားနည်းသွားအောင် ပြုလုပ်သည့် အမျိုးဇာတ်ကွဲပြားမှုတည်းဟူသော စနစ်ဆိုးဖြစ်သည်' ဟူ၍ အလွယ်တကူနှင့် သဘောပေါက်နိုင်သည့် အချိန်အခါမျိုး၌ ဖြစ်ပေါ်နေခြင်းဖြစ်လေသည်။ အိန္ဒိယရာဇဝင်တစ်လျှောက်၌ မည်သည့် ကြီးကျယ်သော အမျိုးသား

နိမ့်ကျဆုံးရှုံးမှုကိုပဲ ကြည့်ကြည့် အမျိုးဇာတ်ကွဲပြားမှုကို မူလ အကြောင်းရင်း အဖြစ်နှင့် ဧကန်မုချ တွေ့ရှိရလိမ့်မည် ဖြစ်သည်။ ကွန်မြူနစ်မဟုတ်သော အမျိုးသားရေးစိတ်ဓာတ်ရှိသူ ပုဂ္ဂိုလ်များပင် ဤထိတ်လန့်တုန်လှုပ်ဖွယ် ရောဂါဆိုးကို မြင်ကြလေသည်။ ဤရောဂါဆိုးမှ မလွတ်ကင်းသေးသရွေ့ လွတ်လပ်ရေးအသက်ကို ရှုဖို့ရန်မှာ ငါတို့အတွက် မဖြစ်နိုင်ဟု သူတို့ သိကြလေသည်။ ထို့ကြောင့်ပင် သူတို့သည် ဇာတ်နိမ့်ကယ်တင်ရေးနှင့် ဇာတ်ခွဲခြားမှု ပယ်ဖျောက်ရေးတို့၌ စိတ်အားထက်သန်ကြောင်း ပြနေကြခြင်း ဖြစ်လေသည်။

သို့ရာတွင် ပြဿနာ ပေါ်လာလေသည်။ ကွန်မြူနစ်ဝါဒကို မိမိအပါးသို့ ချဉ်းကပ်ခွင့်ကိုပင် မပေးသည့် ဤလှုပ်ရှားထကြွမှုများသည် တိုင်းပြည်ကို စုပေါင်းသွေးစည်းရေး၌ အောင်မြင်မှု ရရှိနိုင်ကြပါမည်လော၊ မရနိုင်ပါ၊ အကြောင်းမူကား အမျိုးဇာတ်နှင့် ပြည်နယ် ကွဲပြားမှုသည် ယခုအခါတွင် လူမျိုးရေး ကွဲပြားမှုသာ လျှင် မဟုတ်တော့ပေ။ ဤကွဲပြားမှုများနှင့်အတူ စီးပွားရေး ကွဲပြားမှုသည်လည်း ရောနှောပေါင်းဆုံ၍ သွားလေပြီ။ ဇာတ်မြင့်ထဲမှ နှားလည်မှုရှိကြသူများသည် ဇာတ်နိမ့် ကယ်တင်ရေးနှင့် စပ်လျဉ်း၍ အဘယ်ကြောင့် ဤမျှ စိတ်အားထက်သန်ကြောင်း ပြနေကြသနည်း။ ယခုအခါတွင် ပညာပြန့်ပွားမှု၊ နိုင်ငံခြားသားများနှင့် ဆက်သွယ်မှုတို့ကြောင့် ထိုဇာတ်နိမ့်တို့၌လည်း ကိုယ့်ကိုယ်ကိုယ် အထင်မသေးသည့် စိတ်ဓာတ်များ ပေါ်ပေါက်လာလေပြီ။ သူတို့သည် ယခုအခါတွင် လူ့အဆက်ဆက်က နှိမ့်ချမှု၊ ဝိုင်းပယ်မှုများကို ဆက်လက်ခံနေဖို့ရန် အသင့်မရှိတော့ပေ။ သို့ရာတွင် ဇာတ်မြင့်တို့၏ ဝတ်ကျောင်းနှင့် ရေတွင်းများကို ဖွင့်ပေးလိုက်ခြင်းအားဖြင့် ထိုမကျေနပ်မှု၊ ထိုကွဲပြားမှုများ ပျောက်ပျက်သွားနိုင်ပါမည်လော၊ မသွားနိုင်ပါ၊ အကြောင်းမူကား ဝတ်ကျောင်းတို့ကို ဖွင့်ပေးရမှာထက် ဇာတ်နိမ့်များအတွက် အားလုံးသော အလုပ်အကိုင်တို့၌ ဝင်ရောက်ရေးတွင် ပိတ်ပင်တားဆီးထားချက်များကို ဖယ်ရှားပစ်ဖို့ရာက သာ၍ ခက်ခဲလေ၏။ ကျွမာရ်တစ်ယောက်သည် အထည်ဆိုင်ဖွင့်လျှင် ဒေါ်လီ (ဒီဝါလီ)မဖြစ်ဘဲ နေလို့ရပါမည်လော။ သစ်သီးဆိုင်၊ မုန့်ဆိုင်နှင့် အခြားသော ဆိုင်တို့ကို ဖွင့်လှစ်ရာ၌လည်း ဤနည်းအတိုင်း ဤအဖြစ်ဆိုးမျိုးနှင့် မကြုံဘဲ ရှိပါမည်လော။ စာသင်ကျောင်းများမှ ဇာတ်နိမ့် ဆရာပေါင်းများစွာ

ကိုမူ လူတို့သည် အကြီးအကျယ် နှိမ်ထားကြလေသည်။ ဒါဂျီလင်ခရိုင်မှ ဇာတ်နိမ့် ဆရာဝန်တစ်ယောက်မှာမူ ဇာတ်မြင့်များက သူ့လက်နှင့်ကိုင်သောဆေးကို ရှောင်ကြဉ်ကြပြီး ဝိုင်းညှဉ်းကြသဖြင့် အလုပ်ကို စွန့်ပစ်ပြီး လက်ပိုက်ထိုင်နေရသည်အထိ ဖြစ်သွားခဲ့လေသည်။ ဇာတ်နိမ့်များကို ဝိုင်းပယ်ခြင်းမှာမူ ဇာတ်မြင့်များအတွက် အမြတ်ထွက်သော ကုန်ကူးသန်းမှု ဖြစ်လေသည်။ သူတို့သည် ထိုအမြတ်ထွက်သည့် ကုန်ကူးသန်းမှုကို အဘယ်မှာ အလွယ်တကူနှင့် စွန့်ပစ်နိုင်ကြမည်နည်း။ ဘုရားဝတ်ကျောင်းနှင့် တရားကျမ်းဂန်များမှ ဝိုင်းပယ်ထားခြင်း အတွက်သာလျှင် ဇာတ်နိမ့်တို့အား ထုတ်ဆောင် ကယ်တင်နိုင်မည်။ ထိုကျော့ကွင်းများကိုမူ ၄င်းတို့အား ဖမ်းမိရန်အတွက် ပစ်မြဲပင် ပစ်နေကြလေ၏။

အထက်ပါ ပြောပြချက်များကို ထောက်လျှင် ဤလူမှုရေး ကွဲပြားချက်များသည် စီးပွားရေးဆိုင်ရာ ရပ်တည်မှုအပေါ်၌ အကြီးအကျယ် သြဇာတန်ခိုးလွှမ်းမိုးလျက် ရှိသည်ဆိုသည့် အကြောင်းမှာ သိသာထင်ရှားလှပေ၏။ ဤလူမှုရေး ကွဲပြားချက်တို့ကြောင့် နင်းပြားဖြစ်ရသော ဇာတ်နိမ့်တို့သည် စီးပွားရေးအမြင်အား ဖြင့်လည်း နင်းပြားပင် ဖြစ်နေကြရလေသည်။ အရင်းရှင်ဝါဒ၏ အလိုအရမှာမူ လူတိုင်းသည် မိမိဥစ္စာပစ္စည်း၏ပိုင်ရှင် ဖြစ်လေသည်။ လူတိုင်းလူတိုင်းသည် မိမိသဘောအတိုင်း ထိုဥစ္စာပစ္စည်းကို အသုံးပြုနိုင်ခွင့် ရှိလေသည်။ ထိုသို့ဖြစ်ပါလျက် စီးပွားရေးနယ်ပယ်တွင် ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အပေါ်၌ မိမိ ဇာတ်နိမ့်မိတ်ဆွေအား ရှေ့သို့ တိုးတက်ခွင့် မပေးနိုင်သည့် ဖိနှိပ်ချုပ်ချယ်မှုမျိုးကို အဘယ့်ကြောင့် ပြုလုပ်ရသနည်း။

ဤလူမှုရေး အနာရောဂါများ၏ ဆေးကိုလည်း ကျွန်ုပ်တို့သည် ကွန်မြူနစ်ဝါဒမှသာလျှင် ရရှိလိမ့်မည်ဖြစ်သည်။ အကြောင်းမူကား ကွန်မြူနစ်ဝါဒသည် ပုဂ္ဂလိကစီးပွားရေး အကျိုးအမြတ်တည်းဟူသော အမြစ်ပေါ်၌သာလျှင် ပေါက်တူးနှင့် ချိန်ပေါက်ခြင်း ဖြစ်လေသည်။ စီးပွားရေး အကျိုးအမြတ်အတွက် ထူးထူးခြားခြား မျှော်လင့်ချက်မရှိဘူးဆိုလျှင် အဘယ်သူသည် မူမမှန်သည့် အလုပ်ကို လုပ်ဦးမည်နည်း။ ဂုဏ်အသရေအတွက် လုပ်ဦးမည်လော၊ ထိုသို့လုပ်ပါမူလည်း အရည်အချင်းအပေါ်၌သာလျှင် အခြေတည်နေသည်။ ထိုသူသည် ထောက်ခံချက်အပေါ်၌ အခြေ

တည်ပြီး ဘယ်နှရက် တည်မြဲနေနိုင်မည်နည်း။ အမျိုးဇာတ် အနှောင်အဖွဲ့နှင့် အစဉ်အလာတို့ကို အဓိကအားဖြင့် ထောက်ခံအားပေးသူများမှာ အဘယ်ပုဂ္ဂိုလ် အမျိုးအစားနည်း။ ငွေကြေးဝန ရှိသူများပင် ဖြစ်လေသည်။ ဥစ္စာဝန်တည်းဟူသော အကြောင်းကြောင့် ထိုသူတို့သည် အခြားပုဂ္ဂိုလ်များ၏ အလိုဆန္ဒအပေါ်၌ မိမိတို့၏ ဩဇာတန်ခိုးကို လွှမ်းမိုးထားကြခြင်း ဖြစ်လေသည်။

ကွန်မြူနစ်ဝါဒသည် ထို ဥစ္စာဝန်ကို ၄င်းတို့၏လက်ထဲ၌ နေခွင့်ပြုမည် မဟုတ်ပေ။ ထိုသို့ ပြုလုပ်လိုက်လျှင် သူဌေးသူကြွယ်၊ ကုန်သည်၊ စော်ဘွား၊ ရာဇပုတ်တို့၏ ဩဇာတန်ခိုးသည် အနည်းနှင့်အများ သူတို့၏ နောက်ပိုင်း၌ ပုဂ္ဂလိကအရည်အချင်း ရှိပါမှသာလျှင် တည်မြဲနေလိမ့်မည်။ အမျိုးဇာတ်တို့၌ ထူးထူးခြားခြား ဂုဏ်အသရေ ရှိနေဖို့ရန်အတွက်မှာမူ အတတ်ပညာ၊ အသိဉာဏ် ဗဟုသုတ၊ ရိုးသားဖြောင့်မတ်မှုများသည် ဥစ္စာပစ္စည်းလောက် လိုအပ်သည့်အရာများ မဟုတ်ကြောင်းကို အားလုံးပင် သိကြလေသည်။ ဇာတ်မြင့်သူများ၏ လက်ထဲမှ ဥစ္စာပစ္စည်းကို လုယူလိုက်ခြင်း၏ အဓိပ္ပာယ်မှာ ၄င်းတို့၏ တန်ခိုးအာဏာကို ချိုးဖဲ့ ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုသို့ပြုလုပ်ပြီးသည့် နောက်တွင်ကား အသိဉာဏ်ဗဟုသုတနှင့် အတတ်ပညာအကြောင်းကို မျက်နှာမလိုက် ပါတီမစွဲဘဲ ပြောဆိုလာကြလိမ့်မည်။ ထို့နောက် အမျိုးဇာတ်ငယ်ကလေးများကို ဖျက်သိမ်းပြီးလျှင် ကျွယ်ပြန့်သော အမျိုးဇာတ်ကြီး တစ်ခု ဖြစ်မြောက်အောင် ပြုလုပ်ရန်အတွက်လည်း အခွင့်ရရှိလာပေလိမ့်မည်။ ထို အခါ၌ စိတ်ထားတူညီသည့် ကာယတ်ဆထလုလင်နှင့် ဗြာဟ္မဏ လုံမပျိုတို့၏ လက်ဆက်ခြင်းကို မည်သူမျှ တားဆီးပိတ်ပင်နိုင်တော့မည် မဟုတ်ပေ။ စိတ်ထားတူညီခြင်း မရှိသည့် ဗြာဟ္မဏာလုလင်နှင့် လုံမေပျိုတို့အားလည်း မည်သူမျှ အတင်းအကျပ် လက်ထပ်ခိုင်းနိုင်တော့မည် မဟုတ်ပေ။ နှိုက်နှိုက်ချွတ်ချွတ် ကြည့်ရှုလျှင် ဤလူမှုရေးကွဲပြားချက် သဘောထားများကို စွဲမြဲခိုင်မာအောင် ပြုလုပ်သည့် အဖွဲ့များမှာ ၄င်းတို့၏ အတွင်းသန္တာန်၌ ရှိသော စီးပွားရေးဆိုင်ရာ ကိုယ်ကျိုး၊ သို့မဟုတ် ကိုယ့်ကျိုးကိုယ့်စီးပွား ကြည့်မှုသာလျှင် ဖြစ်ကြောင်း သိရလိမ့်မည်။

တစ်ကြိမ်လောက် ကိုယ်ကျိုး ကိုယ်စီးပွားတို့ကို ဘေးဖယ်ကြည့်လိုက်ပါ။

ဤကြီးမားသည့် အဆောက်အအုံကြီး လဲပြိုကျဖို့ရာ အချိန်ကြာတော့မည် မဟုတ်ကြောင်း သိရလိမ့်မည်။ အခြားသော ပြုပြင်ရေး လှုပ်ရှားထကြွမှု ဟူသမျှမှာမူ ရောဂါ၏ အမြစ်ကို မဖြတ်ဘဲ အရွက်တို့ကို ဆိတ်ခြင်းနှင့်သာလျှင် တူလေ၏။ အချိန်ကာလ ကြာမြင့် ရင့်ညောင်း လာခဲ့သော်လည်း ၄င်းတို့၏ ဆေးချက်သည် အနှာကို ထိလိမ့်မည် မဟုတ်ပေ။ ထို့ပြင် ကြာမြင့်စွာ တည်မြဲလာသည့် အာဏာတန်ခိုးကိုလည်း စွန့်လိမ့်မည် မဟုတ်ပေ။

(၆)

ကွန်မြူနစ်ဝါဒနှင့် သားသမီး အဆက်အနွယ်ကောင်း

ကျွန်ုပ်တို့၏ ယဉ်ကျေးသော အစိုးရတို့သည် ကိုယ့်တိုင်းသူပြည်သားတို့၏ ကျန်းမာရေးကို အလေးဂရ ပြုကြကုန်သည်။ ၄င်းတို့သည် တိုင်းသူပြည်သားတို့၏ ကျန်းမာရေးအတွက် ဆရာဝန် ထောင်ပေါင်းများစွာကို ခန့်ထားကြလေကုန်သည်။ ဤကျန်းမာရေး ရည်ရွယ်ချက်ဖြင့် မြို့များ၌ မြူနိုစီပယ်တို့သည် မြောင်းဖောက်လုပ်ခြင်း စသော ကျန်းမာသန့်ရှင်းရေး အလုပ်များကို ပြုလုပ် ဆောင်ရွက်ကြကုန်လေသည်။ (အမှန်စင်စစ်အားဖြင့် မြူနိုစီပယ်အဖွဲ့များ လမ်းပန်း သန့်ရှင်းစင်ကြယ်ရေး၊ ဓာတ်မီး၊ ရေတို့ကို စီမံပြုလုပ်ခြင်းသည် တစ်ဝက်တစ်ပျက် ကွန်မြူနစ်ဝါဒ ဖြစ်သည်။ ကန်ထရိုက်တာကို ကန်ထရိုက်ပေးလိုက်လျှင် ဤအလုပ်သည်လည်း အမြတ်အစွန်းရှိသည့် ကုန်ကူးသန်းရောင်းဝယ်မှုပင် ဖြစ်သွားသည်။ အချို့က ကွန်မြူနစ်ဝါဒသည် အလုပ်ကို စည်းစနစ်ကျနစွာ မလုပ်နိုင်ဟု ဆိုကြလေသည်။ ထိုသူများအတွက် လမ်းပန်း၊ ရေ၊ ဓာတ်မီးကဲ့သို့သော ပစ္စည်းအချို့ကိုသာလျှင် တစ်ပိုင်းတစ်ပျက် သဘောအားဖြင့် ပြည်သူပိုင် ပြုလုပ်ထားသော လန်ဒန်၊ ပဲရစ်ကဲ့သို့သော မြူနိုစီပယ်ကြီးများသည် အဖြေများ ဖြစ်လေ၏။ ဆေးဝါး ကုသရေးနှင့် ကျန်းမာသန့်ရှင်းရေး စသည်တို့၌ ဤမျှကြေးငွေကို အသုံးပြုနေခြင်းသည် လူအများ ကျန်းမာပြီး ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသော ရောဂါဘယတို့မှ လွတ်မြောက်ကင်းရှင်းရန်အတွက် ဖြစ်လေသည်။

သို့ရာတွင် ကြောက်မက် ထိတ်လန့်ဖွယ် အကောင်းဆုံးသော ရောဂါဘယ

တို့မှာ မိဘမှ ဆင်းသက်လာသည့် ဝမ်းတွင်းပါ ရောဂါများပင် ဖြစ်လေ၏။ ထိုရောဂါတို့ကို အမြစ်ဖြတ်ပစ်ဖို့ရန်အတွက်မှာမူ သားသမီး အဆက်အနွယ် ပေါက်ဖွားမှုသည်သာလျှင် အကောင်းဆုံး နည်းလမ်းဥပါယ် ဖြစ်လေသည်။

ကုဋ္ဌနုနာကဲ့သို့သော စက်ဆုပ် ရွံရှာဖွယ်ကောင်းသည့် ရောဂါမျိုးကို ကြည့်ပါ။ ထိုရောဂါမျိုးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အတွက်သာလျှင် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဖြစ်သည် မဟုတ်။ ရှေ့ လူအဆက်ပေါင်း များစွာသို့အထိ ဆက်၍ ဆက်၍ တိုးတက်ကြီးပွားသွားနိုင်လေသည်။ ကုဋ္ဌနုနာသည် မည်မျှလောက် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသည့် ရောဂါ ဖြစ်သနည်း။ ထိုရောဂါသည် လူကို လူအများ၏ မြင်ကွင်းခ၌ စက်ဆုပ်ဖွယ်ဖြစ်အောင် ပြုလုပ် ဖန်တီးသည့်အပြင် မှည့်ကြွေကြွေပြီး သေသွားအောင် ပြုလုပ်လေသည်။

ဤမျှသာ မကသေး ထိုရောဂါသည် အစဦး အခြေအနေလောက်တွင် မိမိ အနီးအပါးတွင် ရှိသည့် လူများအား ကုဋ္ဌနုနာရောဂါပိုး သိန်းပေါင်းများစွာကို ဖြန့်ဝေသည့်အလုပ်ကို ပြုလုပ်ပြီးလျှင် လူပေါင်းများစွာကို မိမိကဲ့သို့ ဖြစ်အောင်လည်း ပြုလုပ်ဖန်တီးလေသည်။ ဤကဲ့သို့သော ကုဋ္ဌနုနာ စွဲကပ်နေသူများ သားသမီး မွေးဖွားလျှင် ထိုသားသမီးများသည် မလွဲတမ်း ကုဋ္ဌနုနာရောဂါသည် ဖြစ်ရလေသည်။ အကယ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဒုတိယလူအဆက်၌ ရောဂါ ပေါ်မလာလျှင် တတိယအဆက်၌မူ အမှန်မှုချပင် ရောဂါပေါ်လာလေသည်။

ကုဋ္ဌနုနာအကြောင်း ရေးသားသည့် စာအုပ်များကို ကြည့်လျှင် ကမ္ဘာပေါ်၌ ထိုရောဂါသည် လျှော့မသွားသည့်အပြင် တိုးပွား များပြားလာသည် ဆိုသည့် အကြောင်းကို သိရှိရလိမ့်မည်။ အိန္ဒိယပြည် ဗံကုရာခရိုင် ကဲ့သို့သော နေရာများ၌မူ ထိုရောဂါဆိုးသည် တစ်ရှိန်ထိုး တိုးတက် များပြားလာ၍ နေလေသည်။ ကျွန်ပါရဏ်မှ ရွာတစ်ရွာ၌ အစပထမတွင် နုနာစွဲကပ်သူ လေးငါးခြောက်ဦးသာ ရှိလေ၏။ ထို့နောက် တဖြည်းဖြည်း တိုးပွားသွားရာ တစ်ရွာလုံး အနုချည်း ဖြစ်သွားခဲ့လေသည်။

ကုဋ္ဌနုနာကို တားမြစ်ပိတ်ပင်ရန် နည်းလမ်းများကို နှစ်ပေါင်းများစွာကပင် စတင်၍ ဆရာဝန်တို့သည် ကြံဆလာခဲ့ကြကုန်သည်။ လူသားသည် အကယ်

၍ ဤရက္ခိုက်ဘီလူး၏ အစွယ်ဘေးမှ လွတ်မြောက်ရန် နည်းဥပါယ် တွေ့ရှိစေကာ မူလည်း ထိုနည်းဥပါယ်ကို လူသားသည် အသုံးမပြုနိုင်ပေ။ အကြောင်းမူကား အရင်းရှင်ဝါဒသည် အမည်ခံအတွက်မှာမူ မင်းမဲ့ဝါဒနှင့် တရားလက်လွတ်ဝါဒကို ဆန့်ကျင်ကြောင်း ပြလေသည်။ သို့ရာတွင် ပုဂ္ဂလိက ပစ္စည်းဥစ္စာနှင့် ထိုပစ္စည်းဥစ္စာကို စည်းမဲ့ဖြုန်းနိုင်ရန် အခွင့်ပေးထားလေ၏။ အမှန်စင်စစ်မှာမူ အရင်းရှင်စနစ်သည် ထိုပုဂ္ဂလိက ပစ္စည်းဥစ္စာနှင့် ထိုပစ္စည်းဥစ္စာကို စည်းမဲ့ဖြုန်းခြင်း၏ ကျောထောက်နောက်ခံပင် ဖြစ်လေသည်။ အကယ်၍ အနုရွာကို သီးသန့် တည်ထောင်ပေးလိုက်လျှင် ထိုကုဋ္ဌနုနာရောဂါသည် အနီးအနားပတ်ဝန်းကျင်ရှိ လူများကိုလည်း ကူးစက်နိုင်တော့မည် မဟုတ်ပေ။ သို့ရာတွင် ဤလုပ်ငန်းကို ကွန်မြူနစ်ဝါဒကသာလျှင် ကြပ်ကြပ်မတ်မတ်နှင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ရှိလေသည်။ ဤအကြောင်းကို အခု ပြောပါမည်။ အကြောင်းရင်းကို စိစစ်ရှာဖွေလိုက်လျှင် မိဘမှ ဆင်းသက်လာသည့် ဝမ်းတွင်းပါအပြင် ကုဋ္ဌနုနာ၏ အကြီးအကျယ်ဆုံးသော အကြောင်းမှာ ပြည့်တန်ဆာရပ်ကွက် ဖြစ်လေ၏။ အကယ်၍ ဥစ္စာဓနပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်ထံမှ လုယူပစ်လိုက်လျှင် ပြည့်တန်ဆာရပ်ကွက် တည်မြဲနေနိုင်ပါဦးမည်လော။ လူတစ်ယောက်သည် သူ့တွင် ပြည့်တန်ဆာမကို ပေးဖို့ရန် ကြေးငွေအလုံအလောက် ရှိပါမှ ပြည့်တန်ဆာမ၏ အထံသို့ လျှို့ဝှက်သောနည်းအားဖြင့် ဖြစ်စေ၊ သို့မဟုတ် အတိအလင်းပင် ဖြစ်စေ သွားမည်ဖြစ်ပေသည်။ ပြည့်တန်ဆာမကိုလည်း ပြည့်တန်ဆာအလုပ်ကို လုပ်ရန်အတွက် ကာမစိတ်တို့ထက် ကြေးငွေဓနကို လိုချင်သည့် လောဘစိတ်က ပိုမို၍ လှုံ့ဆော်တိုက်တွန်းခြင်း ဖြစ်လေသည်။ ပြည့်တန်ဆာမအား ဤကုဋ္ဌနုနာနှင့် ကာလသားရောဂါကဲ့သို့သော စက်ဆုပ်ရွံရှာဖွယ် ရောဂါတို့ကို မွေးဖွားသူအဖြစ် ပြုလုပ်ရာ၌ ဤကြေးငွေဓနကို လိုချင်သည့် လောဘစိတ်သာလျှင် အရင်းခံဖြစ်သည်။ ထိုလောဘစိတ်ကြောင့် ပြည့်တန်ဆာမသည် ယောကျ်ားပေါင်းများ၏ ကာမအလိုကို ဖြည့်တင်းရရှာလေသည်။ ကွန်မြူနစ်ဝါဒ၌ ပုဂ္ဂလိကပိုင် ပစ္စည်းဥစ္စာအတွက်လည်း နေရာမရှိပေ။ ထိုပစ္စည်းဥစ္စာကို စည်းကမ်းမဲ့ သုံးဖြုန်းမှုအတွက်လည်း နေရာမရှိပေ။ ယင်းသို့အားဖြင့် ကွန်မြူနစ်ဝါဒသည် ပြည့်တန်ဆာရပ်ကွက်၏ အကြီးဆုံးသော ရန်သူ ဖြစ်နေလေသည်။ ပြည့်တန်ဆာမတို့ကို

အကြောင်းပြုပြီး ပျံ့နှံ့ကူးစက်နေသည့် ကုဋ္ဌနူနာ စသော ရောဂါတို့ကို တားမြစ်ဝိတ်ပင်ရာဌာနလည်း ကွန်မြူနစ်ဝါဒသည် အကောင်းဆုံးသော နည်းလမ်းဥပါယ်ဖြစ်လေ၏။

ဘာသာရေးသမားများသည် ပြည့်တန်ဆာရပ်ကွက်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ဘက် ပြုလုပ်ကြသော်လည်း ၄င်းတို့၏ ဆန့်ကျင်မှုမှာ အပေါ်ယံမျှသာလျှင်ဖြစ်လေ၏။ ၄င်းတို့အနက် မြောက်မြားစွာမှာ ရှိခိုးပူဇော်ရာ နေရာဌာနတို့၌ ပြည့်တန်ဆာမတို့ကို ထားဖို့ရန် လိုအပ်သည်ဟု အထင်ရှိကြလေသည်။ ထိုပြင် မြောက်မြားစွာတို့၏ နတ်ပြည်သည် ပြည့်တန်ဆာမများ မပါဘဲ တန်ဆာဆင်လို့ မဖြစ်ပေ။ နတ်သမီးများ၊ နတ်ကညာမယ်များ လိုအပ်သည်ဟု ယူဆထားသော သူများသည် ပြည့်တန်ဆာမများကို ဘယ်တော့မှ အမြစ်ဖြုတ်နိုင်ကြမည်နည်း။

အရင်းရှင်ဝါဒနှင့် ပုဂ္ဂလိက ပစ္စည်းဥစ္စာသည် တိုင်းပြည်အတွက် အကျိုးနစ်နာပြီး စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော ဤအသက်မွေးဝမ်းကျောင်းအလုပ်အတွက် မည်မျှ ထောက်ပံ့အားပေးနေသည်ဆိုသည့် အကြောင်းကို သိရှိရန်အတွက် ကိုယ့်တိုင်းပြည်က ဘုရင်များ၊ စော်ဘွားများ၊ ကြေးရတတ်များဘက်ကို အသာလှည့်ကြည့်လိုက်စမ်းပါ။ ၄င်းတို့အတွက်မူ အစားအသောက်ကဲ့သို့ ပြည့်တန်ဆာမှာလည်း လူဘဝ၏ လိုအပ်သည့် အရာဝတ္ထုတစ်ခု ဖြစ်နေလေ၏။ ၄င်းတို့အထံတွင် နန်းတွင်းပြည့်တန်ဆာများသည် လခကြေးငွေ မှန်ကန်စွာ ရရှိလေသည်။ အခြားသော မင်းမှူထမ်းများ၏ ကြေးငွေသည် ခြောက်လတန်သည်၊ ခုနစ်လတန်သည် ကျန်ရှိနေမည် ဖြစ်သော်လည်း နန်းတွင်း ပြည့်တန်ဆာမများ၏ လခကြေးငွေ၌မူ ယခုလောက် နှောင့်နှေးကြန့်ကြာလို့ ရမည်မဟုတ်ပေ။ နန်းတွင်းဆောင်မှ ရရှိသော အခကြေးငွေသည် တစ်နည်းအားဖြင့် ဆိုရသော် ထိုပြည့်တန်ဆာမအတွက် မဟုတ်။ ကုဋ္ဌနူနာနှင့် ကာလသားရောဂါ ဖြန့်ဖို့ ရရှိနေခြင်းပင် ဖြစ်လေသည်။

လူသားဇာတိတစ်ခုလုံး အခြေပျက် အနေပျက် ဖြစ်လာရသော ဤကြောက်မက်တုန်လှုပ်ဖွယ်ကောင်းသည့် ကုဋ္ဌနူနာပြဿနာကို ဤကွန်မြူနစ်ဝါဒအားဖြင့်သာလျှင် ဖြေရှင်းလို့ရမည်ဖြစ်ကြောင်း သိသာထင်ရှားပေပြီ။ ဥစ္စာပစ္စည်းသုံးစွဲခြင်းနှင့် အကန့်အသတ်မရှိ သားသမီး မွေးဖွားခြင်းတည်းဟူသော အကြောင်း

နှစ်ခုခ်ဳ ပုဂ္ဂိုလ်တို့အား အတားအဆီးမရှိဘဲ လွတ်လပ်မှု ပေးထားခြင်းသည်သာလျှင် လူသားဇာတိ၌ နာတာရှည်ရောဂါ၊ အဆုတ်ရောဂါနှင့် စက်ဆုပ်ရွံရှာဖွယ် ရောဂါများ ပြန့်ပွားလာခြင်း၏အကြောင်း ဖြစ်လေသည်။

ယခုခေတ်တွင် အကယ်၍ အရင်းရှင်ဝါဒီ အစိုးရတစ်ခုခုသည် ဤရောဂါများကို တားမြစ် ပိတ်ပင်ရန်အတွက် ဥပဒေ ပြုလုပ်လျှင်လည်း ထိုဥပဒေကို လက်တွေ့ ကျင့်သုံးရန်မှာမူ ဆင်းရဲသားများ အပေါ်၌သာလျှင် ဖြစ်နိုင်လေသည်။ ဓနရှင်တို့သည် မိမိတို့၏ ဓနကြေးငွေအင်အားဖြင့် အချိန်ကြာမြင့်သည့်တိုင်အောင် ဥပဒေစက်ကွင်းမှ ရှောင်ကွင်း နေနိုင်လေသည်။ သို့မဟုတ် ဥပဒေစက်ကွင်းထဲသို့ မည်သည့်အခါမှ ရောက်မလာဘဲလည်း နေနိုင်လေသည်။ ကုဋ္ဌနာရောဂါ၏ အစဦးအခြေအနေက စတင် ကြောက်မက်ဖွယ် ကောင်းသည့် ရောဂါပိုးများ ပြန့်ပွားလေသည်။

သို့ရာတွင် ထိုအချိန်က ရောဂါ မထင်ရှားသေးသောကြောင့် တစ်ကြောင်း၊ ရပ်ပျက်ဆင်းပျက် မဖြစ်သောကြောင့် တစ်ကြောင်း ကုဋ္ဌနာရောဂါ စွဲကပ်နေသူ ဓနရှင်တို့သည် မိမိတို့ကိုယ်ကိုယ် ဥပဒေ စက်ကွင်းက လွတ်ကင်းအောင် နေနိုင်လေသည်။ အချိန်ကာလ အနည်းငယ်မှ အပြီးသတ်အချိန်တိုင်အောင် ထိုသူတို့သည် ပွဲလမ်းသဘင် နေရာတကာတို့၌ လှည့်လည် သွားလာနေကြသည်ကို တွေ့ရလေ၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်များကို စက်ဆုပ်ရွံရှာဖွယ် ပုဂ္ဂိုလ်များအဖြစ် ထားရမည်ဟု ကျွန်ုပ် ပြောဆိုခြင်း မဟုတ်။ သူတို့သည် ကျွန်ုပ်တို့၏ ကိုယ်ချင်းစာနာ ငဲ့ညှာမှုကို ရယူထိုက်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြရုံသာလျှင်မက သူတို့၏ ဆင်းရဲဒုက္ခနှင့် မျှော်လင့်ချက်ကင်းမဲ့သည့် ဘဝကို ကြည့်ပြီး သူတို့အား အတတ်နိုင်ဆုံး ချမ်းသာစွာ ထားဖို့ရန်မှာလည်း လူ့လောက၏ တာဝန်ဝတ္တရား ဖြစ်လေသည်။ သို့ရာတွင် သူတို့အား သူတို့လိုလူမျိုး ထောင်ပေါင်းများစွာကို ပေါက်ဖွားခွင့်ပေးမှု၍ ကျွန်ုပ်တို့သည် သူတို့အား ကိုယ်ချင်းစာနာ ငဲ့ညှာမှုကို မပြနိုင်ပေ။

ကမ္ဘာပေါ်၌ ကုဋ္ဌနာရောဂါမှတစ်ပါး အခြားလည်း ရောဂါပေါင်း မြောက်မြားစွာ ရှိလေသည်။ ထိုရောဂါ အနာတို့ကို ပယ်ရှားဖျောက်ဖျက်ပစ်ဖို့ နည်းလမ်းသည် မစုံမလင် တစ်စွန်းတစ်စ ကျွန်ုပ်တို့လက်ဝယ်သို့ ရောက်ရှိနေသည်

မှန်သော်လည်း ထိုရောဂါများ ပြန့်ပွားခြင်းကိုမူ ကျွန်ုပ်တို့သည် သားသမီး မွေးဖွားမှုကို တားဆီးရေးနှင့် သီးခြားထားရှိရေး အားဖြင့်သာလျှင် အကြွင်းမဲ့ တားဆီးပိတ်ပင်နိုင်ပေမည်။ ချောင်းဆိုးသွေးပါ၊ သို့မဟုတ် အဆုတ်နာကိုပဲ ကြည့်ပါ။ ထိုရောဂါမျိုးသည် အိမ်၌ တစ်ဦးတွင် ဖြစ်ပေါ်လာလျှင် တစ်အိမ်လုံး ပြောင်းလဲသွားတတ်သည်ကို တွေ့မြင်ရလေသည်။ ထိုသို့ ဖြစ်ခြင်းမှာလည်း အတူရောနှောနေခြင်းနှင့် သားသမီး အဆက်အနွယ်အားဖြင့် ကူးစက် ပြန့်ပွားသွားခြင်းကြောင့် ဖြစ်လေသည်။ ယခု ပစ္စက္ခစနစ်၌ ဤအချက်ကို အားလုံးသိကြသည်။ မြင်လည်း မြင်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် မည်သို့မျှ မတတ်နိုင်ပါ။ အကြောင်းမူကား ကျွန်ုပ်တို့အတွက် ပုဂ္ဂလိက လွတ်လပ်မှုသည် နေရာတကာတိုင်း အခြေအနေတိုင်း၌ မြင့်မြတ်သည့်အရာ ဖြစ်နေလေ၏။ အိမ်တစ်အိမ်၌ မီးလောင်ပြီး တစ်ရွာလုံး ပြောင်းသွားချင် ပြောင်းသွားပါစေ၊ ကျွန်ုပ်တို့သည် ကိုယ့်အိမ်နီးနားချင်းကို အိမ်မီးရှို့ပြီး ဟိုလီး (သင်္ကြန်ကစားခြင်း)မှ တားမြစ်ပိတ်ပင်နိုင်ခွင့် မရပေ။

ကာယိက (ကိုယ်ဆိုင်ရာ) ဖောက်ပြန်ချက်ယွင်းမှုမှ တစ်ပါး၊ မနသိက (စိတ်ဆိုင်ရာ) ဖောက်ပြန်ချက်ယွင်းမှုနှင့် စပ်လျဉ်းပြီး ထိုကဲ့သို့သော ဖောက်ပြန်ချက်ယွင်းမှုများသည် များသောအားဖြင့် အမိအဖမှ ဆင်းသက်လာသည်ဟု ဆရာဝန်များက အယူရှိကြလေသည်။ အမှန်ပြောရလျှင် စီးပွားရေး မည်မျှမှုနှင့် အမိအဖမှ ဆင်းသက်လာသည့် ဝမ်းတွင်းပါ ရောဂါများ၏ တန်ခိုးသတ္တိကို ဖယ်ထုတ်ပစ်လိုက်လျှင် ကျွန်ုပ်တို့၏ အကျဉ်းထောင်များသည် ဟာလာဟင်းလင်းဖြစ်သွားပေလိမ့်မည်။ တရားခံများအနက် ၉၀ ရာခိုင်နှုန်းသည် စီးပွားရေး အကျပ်အတည်းကြောင့်သာလျှင် ခိုးယူတိုက်ခိုက်ခြင်း၊ ရိုက်နှက်သတ်ပုတ်ခြင်းများကို ကျူးလွန်ပြုလုပ်ကြခြင်း ဖြစ်လေသည်။ ကျန်ရာနှုန်း ၁၀ မှာ အားလုံးလိုလိုပင် မိဘ လက်ဝတ်လက်ရင်း လိုလိုချည်း ဖြစ်သည်။ ဦးနှောက် အားနည်းချွတ်ယွင်းခြင်းနှင့် ခဏတာ ရူးသွပ်ခြင်းတည်းဟူသော အကြောင်းကြောင့် ပြစ်မှုကို ကျူးလွန်ကြသူများ ဖြစ်ကြလေသည်။ ယခုခေတ်တွင် အင်္ဂလန်အစိုးရကဲ့သို့သော အချို့သော အစိုးရများသည် ဤကဲ့သို့သော ပုဂ္ဂိုလ်များအတွက် ပဋိသန္ဓေတားမြစ်သည့် ဥပဒေကို ပြုလုပ်ကြသည်။ သို့ရာတွင် ဓနရှင်တို့၏ အပေါ်၌ ထိုဥပဒေကို အတိအကျ

လက်တွေ့ကျင့်သုံး ပြုလုပ်နိုင်လိမ့်မည်ဟု အသင် မျှော်လင့်ပါသလော။ မနုသိက ရောဂါ အများအပြား စွဲကပ်ခြင်းခံနေရသူများမှာ များသောအားဖြင့် ဤလူစုများ သာလျှင် ဖြစ်ကြောင်း တွေ့မြင်သိရှိရလေ၏။

တိရစ္ဆာန်တို့၏ သားသမီး အဆက်အနွယ်ကောင်း ပေါက်ဖွားရန်အတွက် လွန်ခဲ့သည့် ရာစုနှစ်တစ်ခုအတွင်း အပြင်းအထန် ကြိုးပမ်း အားထုတ်ခဲ့ကြလေသည်။ ကျန်းမာသန်စွမ်းသည့် ဖို၊ မ တို့ကို ရွေးချယ်ခြင်းဖြင့် လောကဓာတ်ဆရာတို့သည် ကောင်းသော နွားများ၊ မြင်းများနှင့် အခြား တိရစ္ဆာန်များကို ပေါက်ဖွားစေရာ၌ အောင်မြင်မှုကို ရရှိကြလေကုန်၏။ သူတို့၏ ထိုသို့ စမ်းသပ်မှုမှာ ဘယ်အခြေအနေ အထိ ရောက်ရှိနေသနည်းဆိုလျှင် သူတို့သည် မွေးဖွားလာမည့် နွားငယ်ကလေးများ ၏ အရောင် စသည်နှင့်ပတ်သက်၍ပင် ကြိုတင်၍ ပြောပြနိုင်သည်အထိ ဖြစ်လာ လေသည်။ သို့ရာတွင် ဤလွန်ခဲ့သည့် ရာစုနှစ် တစ်ခုအတွင်း၌ လူသားဇာတိ၏ အခြေအနေသည် မည်သို့ ဖြစ်သနည်း။ လူသားဇာတိ၏ ကာယိက၊ မနုသိက အခြေအနေမှာမူ နေ့စဉ်နှင့်အမျှ ချုတ်ယွင်းဖောက်ပြန်၍ နေလေသည်။ ဤအချက် ကို အကယ်၍ သင်တို့သည် ကျန်းမာရေးနှင့် ရာဇဝတ်ပြစ်မှု အစီရင်ခံစာများကို ဖတ်ကြည့်က ရှင်းလင်းပြတ်သားစွာ သိရှိရပေလိမ့်မည်။

သို့ရာတွင် ဤကိစ္စနှင့် စပ်လျဉ်း၍ သူတို့သည် ဆေးရုံနှင့် အကျဉ်းထောင် အရေအတွက်ကို အနည်းငယ် ထပ်တိုးရုံမှတစ်ပါး အခြား ဘာများ ပြုလုပ်ကြ သနည်း။ လူအတွက် အလိုအပ်ဆုံးသော အရာမှာ သားသမီး အဆက်အနွယ်ကောင်း မွေးဖွားရန်နှင့် ထိုကိစ္စအတွက် တားဆီးပိတ်ပင်မှု မရှိဘဲ စမ်းသပ်အသုံးပြုရန် ဖြစ်လေ၏။ သို့ရာတွင် ယခု မျက်မှောက်လူ့လောက၏ ခေါင်းဆောင်ဖြစ်ကြသော အရင်းရှင်ဝါဒီများနှင့် ၄င်းတို့၏ ငွေဝယ်ကျွန်၊ ထို့ပြင် ဘာသာရေးကြိုးကိုင်များက အသုံးပြုဖို့ဝေးစွ ဤကိစ္စနှင့်စပ်လျဉ်း၍ လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်ကိုပင် ပေးခဲ့ဖူးပါသလော။ သူတို့တစ်တွေကမူ ဤကိစ္စကို ဤသို့ ပြောဆို၍ ငြင်းဆန် ပစ်နေကြသည်။

"ဤအရာ အားလုံးသည် ဘုရားသခင်၏အလုပ် ဖြစ်သည်။ မိန်းမနှင့် ယောကျ်ား ဆက်သွယ်မှုသည် ဘာသာတရား၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်။

ထိုမိန်းမနှင့် ယောကျ်ား ဆက်သွယ်မှု၌ မည်သူမျှ နှောင့်ယှက်ပိုင်ခွင့် မရှိပေ။ သားသမီး အဆက်အနွယ် ပေါက်ဖွားမှုကို စမ်းသပ်အသုံးပြုစရာ လုပ်ရအောင် လူသည် တိရစ္ဆာန် မဟုတ်ပေ။ မိန်းမနှင့် ယောကျ်ား၏ ဤနှုန်းညှဲ့သိမ်မွေ့သော ဆက်သွယ်မှုကို ဤကဲ့သို့ လူသိရှင်ကြားသဘောမျိုး ပြုလုပ်လိုက်ပါလျှင် အရှက်၏ နေရာသည် ဘယ်မှာ ရှိတော့မည်နည်း''

ဤစကားမျိုးအထိသာလျှင် ပြောပြီး သူတို့သည် တိတ်ဆိတ်နေကြ လိမ့်မည် မဟုတ်ပေ။ သူတို့သည် ဤကိစ္စကို တိုက်ဖျက်ရန်အတွက် အင်အား ရှိသမျှကို အသုံးချမည့်သူများ ဖြစ်လေသည်။ သို့ရာတွင် သူတို့၏ ဤမျက်စိကန်း အပြုအမူတို့ကြောင့် အခြေအနေ၏ စိုးရိုမ်ထိတ်လန့်ဖွယ်သည် အနည်းအပါး လျော့ပါးသွားမည်လော။ စိုးရိုမ်ထိတ်လန့်ဖွယ်မှာမူ တစ်နေ့တခြား တိုးတက်ပြန့်ပွား၍သာ လာလေသည်။

၄င်းကို တန်ပြန်ရန်အတွက် လူလောကကိုယ်တိုင်က အသင့်ရှိမနေသေး သမျှ ကာလပတ်လုံး မိန်းမနှင့် ယောကျ်ား ပေါင်းဖော်ဆက်ဆံမှု၌ ကာမဂုဏ် အလိုဖြည့်မှုနှင့် သားသမီး အဆက်အနွယ် ပေါက်ဖွားမှုတည်းဟူသော အကြောင်း နှစ်ခုကို ရေလည်စွာ ခွဲခြားနားမလည်သေးသမျှ ကာလပတ်လုံး ထိုစိုးရိုမ်ထိတ်လန့်ဖွယ် သည် တိုးတက်ပြန့်ပွား၍သာ နေလိမ့်မည်။ ကာမဂုဏ်အလိုဖြည့်မှုနှင့် သားသမီး အဆက်အနွယ် ပေါက်ဖွားမှုတည်း ဟူသော အကြောင်းနှစ်ရပ်အနက် ပထမ အကြောင်းကိုမူ သင်သည် ကိုယ့်သဘောအတိုင်း ကိုယ်ပိုင် ပြုလုပ်နိုင်လေသည်။ သို့ရာတွင် ဒုတိယအကြောင်းမှာမူ ပစ္စုပ္ပန်၊ အနာဂတ် လူလောကတစ်ခုလုံးနှင့် ဆက်စပ်၍ နေလေ၏။ ၄င်းကို ကိုယ်ပိုင် အလုပ်သဘောမျိုးအဖြစ် မပြုလုပ်နိုင်ပေ။ ခိုးခြင်း၊ ရိုက်နှက်သတ်ပုတ်ခြင်းတို့ကို ကိုယ်ပိုင်အလုပ်သဘောမျိုးအဖြစ် မပြုလုပ် နိုင်သကဲ့သို့ ဖြစ်လေ၏။

ယခုခေတ် လောကဓာတ်ပညာကမူ ကာမဂုဏ်အလိုပြည့်မှု စွမ်းရည် ကို ဖြစ်ပေါ်စေပြီး သားသမီး အဆက်အနွယ် ပေါက်ဖွားမှုစွမ်းရည်ကိုမူ ဖျက်ဆီးပစ် သည့် နည်းလမ်းတို့ကို ပြောပြလျက် ရှိလေသည်။ ကိုယ်နှင့်စိတ် အားနည်းချိတ်ယွင်း နေလျက်နှင့် သားသမီး အဆက်အနွယ် ပေါက်ဖွားနိုင်သူသည် သားသမီး

ပေါက်ဖွားရန်အတွက် လုံ့လပြုလုပ်နိုင်ရန် အခွင့်ရှိနေသည် မဟုတ်လော။ ဤကဲ့သို့သော အကျိုးမဲ့စေမည့် လုံ့လမျိုးကို လူ့လောကက ဘာကြောင့် လက်ခံထားသနည်း။

အကယ်၍ ထိုလုံ့လ၏ အကြောင်းကို ဆင်ခြင် စဉ်းစားကြည့်လိုက်လျှင်လည်း ထိုလုံ့လ၏ နောက်၌ ထားရှိသော အမိအဖ၏ အဓိပ္ပာယ်သည် မမာမကျန်းဖြစ်သည့်အခါ၊ အိုမင်းမစွမ်း ရှိသည့်အခါများအတွက် ဆေးပေးမီးယူ အကူအညီကို ရှာခြင်းနှင့် မိမိ၏ စည်းစိမ် ပစ္စည်း၏ အမွေခံကို ထားခဲ့ခြင်းမျှသာ ဖြစ်လေ၏။ ကွန်မြူနစ်ဝါဒ၌ မမာမကျန်း ဖြစ်သည့်အခါနှင့် အိုမင်းမစွမ်းရှိသည့် အခါမျိုး၌ ကြည့်ရှုလုပ်ကျွေးဖို့ရန် တာဝန်ကို တိုင်းပြည်က ယူလေသည်။ ပုဂ္ဂလိက စည်းစိမ် ပစ္စည်းအတွက်မှာမူ ကွန်မြူနစ်ဝါဒ၌ နေရာရှိကိုမရှိပေ။ သို့အတွက် ကွန်မြူနစ်ဝါဒ၌ သားသမီး အဆက်အနွယ် ပေါက်ဖွားမှုကို လုံ့လပြုခြင်း၏ ဤအဓိက အကြောင်းနှစ်ရပ်တို့သည် ဖြစ်ပင် ဖြစ်နိုင်ဖို့ မရှိပေ။

(၇)
ကွန်မြူနစ်ဝါဒနှင့် ဘာသာတရား

ဘာသာတရား၊ သို့မဟုတ် ယုံကြည်ကိုးကွယ်မှု၏ အသွင်အပြင် အစစ်အမှန်ကား အဘယ်အရာနည်း။ လူသားဇာတိ၏ ကလေးဆန်ဆန် ကာလက ဖြစ်ပေါ်ခဲ့သော စိတ်ဓာတ်အားနည်းမှုနှင့် ထိုစိတ်ဓာတ်အားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် အယူမှား၊ ယုံကြည်ချက်မှား အစုအပေါင်းသည်သာလျှင် ဘာသာတရား ဖြစ်လေ၏။ အကယ်၍ ထိုဘာသာတရား၌ နောက်ထပ် အနည်းငယ် ရှိမည်ဆိုပါလျှင် ထိုအရာသည် ဘာသာဝန်ထမ်းနှင့် ဘာသာကြီးကိုင်တို့၏ လိမ်လည်လှည့်စားမှုသာလျှင် ဖြစ်လေ၏။ ထိုလိမ်လည်လှည့်စားမှုအားဖြင့် သူတို့သည် မိမိတို့၏ သိုးများအား ကိုယ့်အုပ်ထဲမှ အပြင်သို့ ထွက်သွားခွင့် မပြုလိုကြပေ။ လူတို့၏ စိတ်ဓာတ် တစ်စတစ်စ တိုးတက်လာသည်နှင့်အမျှ ဘာသာတရားသည်လည်း အင်္ဂါအစိတ်အပိုင်း များစွာတို့တွင် ပြောင်းလဲ၍လာလေသည်။ အမည်နာမများကို

လည်း ဘာသာတရားသည် အများအပြားပင် ပြောင်းလဲထားလေသည်။ သို့ရာတွင် ယင်းသို့ ပြောင်းလဲလိုက်ခြင်းအားဖြင့် အတွင်းသန္တာန်၌မူ ပြုပြင်ပြောင်းလဲလာခြင်း မရှိပေ။ ဘာသာတရားသည် ယနေ့လည်း ရှေးနှစ်ပေါင်း ၎င်းထောင်ကျော်အလွန်က ကဲ့သို့ပင် ထောင်ပေါင်းများစွာသော အကန်းအမိုက် ယုံကြည်ချက်များကို မြေတောင် မြှောက်ပေးသည့်အပြင် မနုသိက(စိတ်) ကျွန်အဖြစ်ကိုလည်း ကျားကန်ပေးထား သည်။ စာကိုယ်မှာ ယခင်ကအတိုင်းဖြစ်၍ ဦးကာကသာလျှင် ပြောင်းလဲလာလေ သည်။ ထိုတစ္ဆေ၊ သရဲ၊ ထိုမှော်ဆရာပင် ဖြစ်သည်။ ၄င်းတို့ကို ကြည့်၍ ပညာ တတ် လူတန်းစားများက နှာခေါင်းရှုံ့ကြလေသည်။ ဂေါက်ရ်အမျိုးဇာတ်တို့၏ အကြောင်းကိုမူ အသာထားလိုက်ပါ။ ၄င်းတို့ကဲ့သို့ လေးလေးစားစား လုပ်ကြသူ များကိုမူ ယနေ့ ပညာတတ်များ၏ အထဲ၌ တွေ့ရဖို့ရန် ခဲယဉ်းလှပေ၏။ သို့သော် လည်း ထိုအကြောင်းအရာများကိုပင် အသစ်ထွင်လျက် သီယိုဆိုဖီတည်းဟူသော ချိုသာအေးမြသော စကားလုံးများနှင့် အတူတကွသော်လည်းကောင်း၊ ဝိဇ္ဇာပညာ အဖုံးနှင့် အတူတကွသော်လည်းကောင်း တင်ပြမည်ဆိုပါလျှင် ဦးနှောက်အကြီးစား ရှိသူများသည် အသိဉာဏ်ကို အလွဲသုံးစား ပြုလုပ်လိုက်ဖို့ရန် အသင့်ပင် ရှိကြကုန် ၏။ အကယ်၍ ယုံကြည်ကိုးကွယ်မှုများ၏ ရာဇဝင်သမိုင်း၊ ယုံကြည်ကိုးကွယ်မှု များ၏ အတိတ်နှင့် ပစ္စုပ္ပန်၊ ခေါင်းဆောင်များ၏ ဖြစ်စဉ်အတ္ထုပ္ပတ္တိများကို နီးနီး ကပ်ကပ် သေချာစွာ လေ့လာဖတ်ရှုကြည့်လျှင် ယုံကြည်ကိုးကွယ်မှုများ၌ တစ်နံပါတ် အဆင့်သို့ တကယ် ကလိမ်ဉာဏ်များသူနှင့် စိတ်မနှံ့သူများသာလျှင် ရောက်ရှိနိုင် ကြောင်း တွေ့မြင်သိရှိရလိမ့်မည် ဖြစ်၏။

အိန္ဒိယပြည်၌ ဤကဲ့သို့ တရားပေါက်သူများ၊ ဤကဲ့သို့ တစ်နံပါတ်အဆင့် သို့ ရောက်သူများသည် အများအပြားပင် ရှိလေသည်။ ရှေးကလည်း ရှိခဲ့သည်။ ၄င်းတို့၏ အကျင့်စာရိတ္တကို အတွင်းနှိုက်၍ ကြည့်လိုက်လျှင် အပေါ်ယံ ရှေ့မှောက်ကြပြီး အထဲက နောက်ချေးခံထားသည်ကို တွေ့ရလိမ့်မည်။

မြင့်မြတ်စင်ကြယ်သည့် မြို့တစ်မြို့၌ လွန်ခဲ့သည့် အချိန်တန်ကြာခန့်က တကယ့် တကယ် အစွန်းကြီး စွန့်လွှတ်သူ တရားရှင်တစ်ဦး နေထိုင်ခဲ့လေသည်။ ထိုတရားရှင် အသက်နှင့်ကိုယ် ထင်ရှားရှိစဉ်ပင်လျှင် လူအများက သူ့အား

တရားပေါက်ပြီး လောကမှ လွန်မြောက်သွားပြီဟု အထင်ရှိပြီး ပူဇော်ပသကြလေကုန်၏။

ထို့နောက် မည်သို့ ဖြစ်သွားသည် ထင်သနည်း။ ထိုနယ်ရှိ တစ်စတစ်စနှင့် သိရှိရိပ်မိသွားကြသူများက ထိုတရားရှင်၏ အပျော်မယားနှင့် ကလေးနှစ်ယောက်ကို လက်ညှိုးတကောက်ကောက်ထိုးပြီး "တရားရှင်ကို ပူဇော်ပသလျှဒါန်းသမျှဟာ သူ့သားတွေ သူ့ဌေးဖြစ်ဖို့ ဖြစ်နေပြီ"ဟု ပြောစပြုကြလေတော့၏။

အခြား မြင့်မြတ်စင်ကြယ်သည့် မြို့တစ်မြို့၌လည်း တရားပေါက်သူ တရားရှင်တစ်ဦး ရှိသည်။ ထိုတရားရှင် ကွယ်လွန်၍ မကြာမီပင် သူ့ကို ကြည်ညိုကြသူများက သူ့အား ဘုရားသခင်၏ ကိုယ်ပွား ဟူ၍ ယုံကြည်စွဲမှတ်ကြလေ၏။ အပြင်အပမှ မျက်စိကန်း ကြည်ညိုလေးစားသူပေါင်း မြောက်မြားစွာသည် သူ၏ အနေအထိုင်၊ အပြောအဆို၊ အချိုးအစား၊ အမူအရာတို့ကို နှစ်သက်သဘောကျပြီး အထူးပင် သဒ္ဓါတရား ဖြစ်ပေါ်ခဲ့ကြလေသည်။

သို့ရာတွင် ထိုတရားရှင်၏ အတွင်းရေးကား မည်သို့နည်း။ ပထမ သူ နေခဲ့ဖူးသော နေရာ၌ အစေခံမတစ်ဦးနှင့် ဖောက်လဲဖောက်ပြန် ဆက်ဆံသည်ကို လူအများ တွေ့ရှိသွားသောကြောင့် တုတ်တပြက်၊ ဓားတပြက် လုပ်ခဲ့ဖူးလေသည်။ ထိုသူတို့၏ရန်ကို အကြောက်ကြီးကြောက်ပြီး သူနှင့် သဘောတူ တရားရှင်တစ်ဦး၏ အထံသို့ ပြေးလာခဲ့ရသည်။

ကိုယ်တွေ့ ဗဟုသုတဖြင့် ယင်းကဲ့သို့သော အဖြစ်အပျက်မျိုး၊ ပုံစံပြယုဂ်မျိုးကို ရာပေါင်းများစွာ ထုတ်ပြနိုင်သည်။ အကယ်၍ အချို့တရားရှင်၊ ကမ္မဋ္ဌာန်းဆရာတို့၌ ဤကလိမ်ညာဏ်မျိုးထက် ပိုပြီး ရှိမည်ဆိုလျှင်လည်း ထိုအရာမှာ အိပ်မွေ့ချအတတ်ပညာ၊ သို့မဟုတ် အခြား စိတ်တန်ခိုးသတ္တိမျိုးပင် ဖြစ်လေ၏။ ထိုပညာများ၏ အစွမ်းဖြင့် ထိုကမ္မဋ္ဌာန်းဆရာများနှင့် ၄င်းတို့၏ တပည့်လက်သားများသည် ထောင်ပေါင်းများစွာသော မဟုတ်မဟတ်သည့် အရာများကို ဖြန့်ဖြူးကြလေ၏။ ပညာရှိများက သူတို့အား ဝိဇ္ဇာပညာနည်းစနစ်အရ ဝေဖန်ဆန်းစစ်မှု မပြုနိုင်အောင်လည်း အစွမ်းကုန် ကြိုးပမ်းကြလေသည်။

ဘာသာတရားနှင့် ထာဝရဘုရားကား များသောအားဖြင့် မကျိုးမပြတ်သော ဆက်စပ်မှုရှိနေ၏။ ထာဝရဘုရား မရှိသော ဘာသာတရားသည် ဘာသာမဟုတ်သော ဘာသာတရားတစ်မျိုးပင် ဖြစ်လေသည်။ ၄င်းကို ကျွန်ုပ်တို့သည် ဤနေရာ၌ ဘာသာတရား (ရီလစ်ဂျင်း)၊ သို့မဟုတ် ယုံကြည်ကိုးကွယ်မှုဟု မဆိုနိုင်ပေ။ အကယ်၍ ဆိုရမည်ဆိုလျှင်လည်း ယုံကြည်ကိုးကွယ်မှု အညာအလှိုင်းသဘောများ သက်ဝင်တည်ရှိနေသော အစိတ်အပိုင်းလောက်ကိုသာလျှင် ဆိုရမည်ဖြစ်လေ၏။ ကောင်းပြီ၊ ထာဝရဆိုသည်မှာ အဘယ်အရာနည်း။ ၄င်းသည်လည်း လူတို့၏ ကလေးဆန်သည့် ခေတ်ကာလလောက်ဆီက ဖန်ဆင်းချက်အရ ပေါ်ပေါက်လာသည့် အသွင်အပြင်တစ်ခုသာ ဖြစ်လေ၏။ လူသည် တောတွင်းသား အရိုင်းဘဝတွင် နေရစဉ်အခါက သူ၏ အသိဉာဏ်သည် ကလေးဆန်လှလေသည်။ သူတို့သည် အမှောင်ကိုလည်း ကြောက်ကြသည်။ မတွေ့ဖူးသည့် နေရာနှင့် မကြုံဖူးသည့် အရာများကိုလည်း လန့်ကြသည်။ လျှပ်စစ်နှင့် မီးကဲ့သို့သော အင်အားထက်မြက်ပြင်းထန်သည့် အရာဝတ္ထုများမှာမူ သူတို့အတွက် သာ၍ပင် ကြောက်မက်ထိတ်လန့်ဖွယ်ရာ အကြောင်းများ ဖြစ်နေကြလေသည်။ သို့ဖြစ်၍ သူတို့သည် ထိုအရာဝတ္ထုများကို နတ်များအသွင် ကြံစည် ထင်မှတ်ထားလိုက်ကြလေ၏။ ထိုခေတ်က သူတို့၏ ဗလိနတ်စာနှင့် သူရဲကောင်းပုဂ္ဂိုလ်များလည်း ကွယ်လွန် သေဆုံးသွားပြီးနောက် တဖြည်းဖြည်း ဤနတ်အစုအဝေး၌ ပေါင်းဆုံပါဝင်သွားကြကုန်လေ၏။ လူမျိုးအသီးသီး၌ ယင်းကဲ့သို့သော နတ်အစုအဝေးပေါင်း မြောက်မြားစွာ ရှိလေသည်။ ထိုနတ်တို့၏ တန်ခိုးအရာနှင့် စပ်လျဉ်းပြီး လူမျိုးအချင်းချင်း အငြင်းပွားမှု ရှိခဲ့ကြလေသည်။ လူမျိုးတစ်မျိုးအတွင်း၌ ရှိသည့် နတ်တို့နှင့် စပ်လျဉ်း၍ပင် အကြီးအသေး သတ်မှတ်ယူဆချက်များ ရှိခဲ့ကြလေသည်။ ထို့နောက်တွင် လူ့လောကထဲက ပဒေသရာဇ်နှင့် မဟာပဒေသရာဇ်တို့ကို ကြည့်ပြီး 'ဘယ်သူက ကြီးသလဲ၊ မြတ်သလဲ' ဟူသော ရှာဖွေစုံစမ်းမှုက 'လောကကိုဖန်ဆင်းသူ' ထာဝရဘုရားကို တီထွင် ဖန်ဆင်းလိုက်လေ၏။ ထို့နောက် စိတ်ဓာတ် တစ်စတစ်စ တိုးတက်လာသည်နှင့်အမျှ ထိုထာဝရဘုရားအား နောက်ထပ် မြင့်မြတ်သည့် ဂုဏ်ထူးများကို ပေးအပ်ကြလေ၏။ ဤကား ထာဝရဘုရား ဖြစ်ပေါ်လာပုံတည်း။ စင်စစ်သော်ကား

ထာဝရဘုရားသည် လူ၏ စိတ်အတွင်းက ပေါက်ဖွားလာသည့် အရာမျှသာလျှင် ဖြစ်လေ၏။

ထာဝရ၏ တည်ရှိမှုသည် စိတ်ကူးယဉ် ကမ္ဘာလောက အတွင်းခ်ဋ္ဌာ လျှင် ရှိလင့်ကစား ရှေးအတိတ်ကာလတွင် ဤကဲ့သို့ ကြံစည်တွေးဆသည့် လူ ပေါင်းများစွာတို့သည် ရောင့်ရဲမှုနှင့် ထောက်တည်မှု ရရှိကြလိမ့်မည်ဖြစ်သည် ဆိုသည့် အချက်ကိုမူ ကျွန်ုပ်တို့ မငြင်းဆန်လိုပေ။

သို့ရာတွင် ထိုသို့ ရသည်နှင့် တစ်ပြိုင်နက်ပင် ထာဝရတည်း ဟူသော အကြောင်းကြောင့် လူတို့သည် နှိပ်စက်ညှဉ်းပန်းမှုများကို သိန်းသန်းမက ခံစားခဲ့ ကြရလေသည်။ ထာဝရတစ်ဦးကို ယုံကြည်ကိုးကွယ်သည့် ဘာသာတရားများ ထက် နတ်ပေါင်းများစွာကို ကိုးကွယ်သည့် ဘာသာတရားများက အဆတစ်ရာ ငဲ့ညှာထောက်ထားမှု ရှိကြလေသည်။ ၄င်းတို့၏ ထာဝရ အရေအတွက်သည် အပိုင်းအခြားမရှိသဖြင့် အခြားသူများက ပေါင်းဆုံရောနှောဖို့ရန်မှာ အလွယ်တကူ နှင့် ဖြစ်နိုင်လေသည်။

သို့ရာတွင် ထာဝရ တစ်ဦးတည်းကိုသာ ကိုးကွယ်မှုဝါဒရှိသူများက ထိုကဲ့သို့ ပြုလုပ်ပြီး မိမိတို့၏ တစ်ဦးတည်းသော ထာဝရ၏ တည်ရှိမှုကို ဘေးအန္တရာယ်ထဲတွင် မထည့်နိုင်ကြပေ။

ကမ္ဘာပေါ်ရှိ ထာဝရတစ်ဦးတည်းကို ယုံကြည်ကိုးကွယ်သည့်ဝါဒ ရှိသော ဘာသာတရားတို့၏ လွန်ခဲ့သည့် အနှစ် နှစ်ထောင်အတွင်းက သမိုင်းကို လှန်လှောကြည့်လိုက်ပါ။ ထိုဘာသာတရားတို့သည် ယဉ်ကျေးမှု၊ အနုပညာ၊ အတတ်ပညာ၊ အတွေးအခေါ် လွတ်လပ်မှုနှင့်တကွ လူအသက်၏ အကြီးကျယ်ဆုံး သော ရန်သူဖြစ်ကြောင်းကို တွေ့မြင်သိရှိရလိမ့်မည် ဖြစ်ပေ၏။ ၄င်းတို့သည် ထောင်ပေါင်းများစွာသော စာကြည့် ပိဋကတ်တိုက်ကြီးများနှင့် ကုဋေပေါင်းများစွာ သော စာအုပ်စာပေများကို မီးလောင်တိုက်သွင်းကြလေ၏။ အလှနှင့် နူးညံ့ချောမွတ် သည့် သဘာဝများ၏ သရုပ်ဆောင်အသွင်များ၊ အနုပညာသည်ပေါင်း များစွာ တို့၏ လှပပြောင်မြောက်သော ရုပ်တုရုပ်လုံးများ၊ ပန်းချီ ပန်းပုများ၊ အဆောက်အအုံ များကိုလည်း ချေမှုန်းဖျက်ဆီးပစ်ခဲ့ကြလေ၏။ ထောင်ပေါင်းများစွာသော

ပညာသည်များနှင့် ပညာရှင်တို့၏ အသက်ကို အဆုံးစီရင်ပြီး လွတ်လပ်သော တွေးခေါ် ယူဆမှုများကိုလည်း လည်မျိုညှစ်ခဲ့ကြလေ၏။ ၄င်းတို့သည် လူတို့၏ စိတ်ဓာတ် တိုးတက်မှုကို အနည်းဆုံး အနှစ်တစ်ထောင်မျှ ဟန့်တားထားရုံမျှ သာလျှင်မက ပထမက ရရှိခဲ့သည့် အောင်မြင်မှုများ၏ အကျိုးအာနိသင်များကို လည်း အမြောက်အမြားပင် ဖျက်ဆီးပစ်ခဲ့လေ၏။ ထို့ပြင် ကုဋေကုဋာ များစွာ သော အပြစ်ကင်းစင်သည့် မိန်းမ၊ ယောကျ်ားများနှင့် ကလေး သူငယ်များကိုလည်း သတ်ဖြတ်ခဲ့ကြလေ၏။ ဤကား သူတို့၏ ကိုယ့်ဘာသာတရားကို ဖြန့်ဖြူးခြင်း၏ အရေးပါအရာရောက်သည့် နည်းလမ်းတစ်ခု ဖြစ်လေသည်။

သူတို့သည် မည်သည့် အရပ်ဒေသကိုသွားသွား မီးနှင့် ဓားကို ယူဆောင် သွားကြလေသည်။ အစပထမနှစ်၌မူ ၄င်းတို့၏ ပိုက်ကွန်တွင်း၌ မိနေကြသော လူမျိုးတို့သည် ဘိန်းမူး၍ နေကြလေသည်။ သူတို့၏ ယဉ်ကျေးမှုတည်း ဟူသော ကြာမြင့်စွာကာလက စုဆောင်းလာခဲ့သည့် အမျိုးသားရတနာအိုးသည် ဖျက်ဆီးခြေမှ ခံနေရလေသည် ဟူ၍ သူတို့သည် သတိပင် မရကြ။ ထို့နောက် အမှုးပြေသောအခါ တွင်မှ ရှေးဟောင်း ဘိုးဘေးဘီဘင်များ၏ ကောင်းမွန်သည့် လက်ရာအားလုံး ချေမှုန်းဖျက်ဆီးခြင်း ခံရပြီဖြစ်ကြောင်း တွေ့မြင်သိရှိကြလေ၏။

ဂျာမန်လူမျိုးတို့၌ ခရစ်ယာန်တို့၏ ထာဝရတစ်ခုတည်းကို ယုံကြည် ကိုးကွယ်သည့် ဝါဒကို ဓားပြပြီး ဖြန့်ဖြူးခဲ့လေသည်။ ထိုအချိန်၌ ရှေးဟောင်းဘာသာ တရားနှင့် အတူတကွ ဂျာမန်လူမျိုးတို့၏ ကိုယ်ပိုင် ထူးခြားမှုများကိုလည်း ပယ် ဖျောက်ပစ်ဖို့ရန် လိုအပ်သည်ဟု ထင်မှတ်ယူဆခဲ့ကြလေ၏။ ၄င်းတို့၏ အကွာရာလိပ် ကို ပယ်ဖျက်ခဲ့လေသည်။ ၄င်းတို့၏ ဘုရားဝတ်ကျောင်းများကို ဖြိုဖျက်ပစ်သည် သာမက သူတို့ ကိုယ့်ဝက်သစ်ချပင်များကို ကိုးကွယ်ပူဇော်၍ ဘာသာတရား ဟောက်ပျက်သွားမှာ စိုးသောကြောင့် သိန်းပေါင်းများစွာသော ကြီးမားသည့် ဝက်သစ်ချ ပင်ကြီးများကိုလည်း ခုတ်ထွင် လဲပစ်ကြလေ၏။

ထာဝရတစ်ဦးကိုသာ ယုံကြည် ကိုးကွယ်သည့် ဝါဒရှိသူများ၏ ယင်းသို့ သော ပြုမူချက်များသည် အာရှတိုက်၏ ယဉ်ကျေးမှုများ ပျက်ပြုန်းသွားခြင်း၏ အကြောင်းသာလျှင်မကဘဲ အမေရိကမှ မာယာနှင့် အဂျေအထိဖြစ်သော ယဉ်ကျေးမှု

များ ပျက်ပြုန်းသွားခြင်း၏လည်း အကြောင်းဖြစ်ကြကုန်သည်။ မိမိကို အကြောင်းပြုပြီး နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာအထိ ဤကဲ့သို့ ပြုလုပ်သည့် ကြောက်မက်ထိတ်လန့်ဖွယ်ရာ မတရားလွန်ကျူးမှုများ၊ သွေးချောင်းစီးပွဲများကို တွေ့ရပါလျက် အကယ်၍ ထာဝရဘုရားသည် ၄င်းတို့ကို တားမြစ်ပိတ်ပင်ရန် ထွက်ပေါ်မလာခဲ့လျှင် ၄င်းထက် ပိုမိုလွန်ကဲသည့် ထာဝရမရှိကြောင်း သက်သေ အထောက်အထား တခြား ဘာလိုဦးတော့မည်နည်း။

ယခုအခါတွင် ဘာသာတရားနှင့် ထာဝရဘုရားသည် ဤမျှလောက် အန္တရာယ်ပြုတတ်သည့်အရာ မဟုတ်တော့ဟူ၍ကား ပြောနိုင်ပါသည်။ သို့ရာတွင် ထိုသို့ပြောသည့်အတိုင်း ဟုတ်မှန်ပါ၏လော။ ဘာသာတရား၏ အဆိပ်ပြင်းလျက် ရှိသော် အစွယ်ကို ချိုးထားအပ်ပြီးပြီလော။ အိန္ဒိယပြည်အတွက် ပြောရလျှင်မူ ယခုအချိန်၌လည်း ထိုဘာသာတရားအတွက်ကြောင့် ခြေကုန်လက်ပန်းကျနေတုန်းဖြစ်လေသည်။ ဘာသာတရားဖြင့် မူးမိုက်တွေဝေ နေကြသူတို့သည် အစဉ်မပြတ် သွေးချောင်းစီးအောင် လုပ်နေကြလေသည်။ ယင်းသို့ ဖြစ်ခြင်းသည် ဘာသာတရား၏ အပြစ်မဟုတ်၊ အာဏာနှင့် ဥစ္စာအတွက်ကြောင့်သာလျှင် ဖြစ်သည်ဟု အသင်က ပြောချင် ပြောပေလိမ့်မည်။ မှန်ပါသည်။ ထာဝရတစ်ဦးတည်းကို ကိုးကွယ်ဆည်းကပ်သည့် ဝါဒရှိသူများ၏ စစ်ပွဲကြီးများ အတွင်း၌လည်း အာဏာနှင့် ဥစ္စာသည်သာလျှင် အတွင်းငုပ်၍ နေလေသည်။ အမှန်စင်စစ်မှာမူ ထိုစစ်ပွဲများသည် အာဏာနှင့် ဥစ္စာကို တပ်မက်သည့် လောဘဇော၏ အကျိုးသက်ရောက်မှုပင် ဖြစ်လေသည်။ သို့ရာတွင် သာမန်လူများစု၏ ရှေ့မှောက်၌မူ ထိုဘာသာတရားကို အလွန်လိုလားဖွယ်၊ နှစ်သက်ဖွယ် အသွင်မျိုးဖြင့် ထားကြလေ၏။ အသင်သည် မည်မျှ စင်ကြယ်မြင့်မြတ်အောင် ပြုလုပ်လိုစေကာမူ ဘာသာတရားသည် ရှေးဟောင်းပူဇော်သူများနှင့် အနာဂတ် တိုးတက်မှုများကို ဆန့်ကျင်၍သာလျှင် နေပေလိမ့်မည်။ ဘာသာတရားသည် ယုံကြည်မှုနှင့် ကိုးကွယ်မှုကို အကြောင်းပြုပြီး ကျွန်ုပ်တို့၏ လည်ပင်းကို ကြိုးတပ်ဆွဲဖို့ရန်လောက်သာလျှင် ကြိုးပမ်းနေလိမ့်မည်။ ဤကမ္ဘာလောကသည် ခဏတိုင်း ခဏတိုင်း၌ ပြောင်းလဲ၍သာလျှင် နေလေသည်။ မည်သို့ ပြောင်းလဲနေသနည်းဆိုလျှင် ဤကမ္ဘာလောက၏ အတိတ်သည် အခါခပ်

သိမ်း အတိတ်သာလျှင် ဖြစ်နေပေလိမ့်မည်။ ပစ္စုပ္ပန်၏ အသွင်ကို ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ ယင်းသို့သော အခြေအနေမျိုးဌ ပြောင်းလဲမှုဝါဒ မရှိသော ဘာသာတရားသည် မည်သည့်အခါမျှ ကျွန်ုပ်တို့၏ အကူအညီ ဖြစ်နိုင်လိမ့်မည် မဟုတ်။ ကမ္ဘာလောက၏ ရွှေလျားပြောင်းလဲမှုနှင့် အတူတကွ ကျွန်ုပ်တို့ကလည်း ဒုန်းစိုင်းပြေးသွားသင့်လေသည်။ သို့ရာတွင် ဘာသာတရားကမူ ကျွန်ုပ်တို့အား နောက်သို့ပြန်တုပ်ပြီး ဆွဲထားချင်လေသည်။ ကျွန်ုပ်တို့ နောက်ကျနေခြင်းကြောင့် ကမ္ဘာလောက(သံသရာ) စက်ဝန်းက ကျွန်ုပ်တို့အား စောင့်ရန် ရပ်နားနေပါမည်လော။ လူမှုရေး မမျှတမှုများကို ပယ်ဖျက်ခြင်း၊ ပေါ့ပြက်လေလွင့်နေသည့် ကလေးသူငယ်များ မွေးဖွားမှု ကင်းပျောက်စေခြင်း၊ စီးပွားရေး ပြဿနာကို နည်းသစ်အရ ဖြေရှင်းခြင်း စသည့် အကြောင်းအရာဟူသမျှဌမှ ဤယုံကြည်ကိုးကွယ်မှုများသည် ကျွန်ုပ်တို့အား ဆန့်ကျင်ဘက် ပြုလုပ်နေကြလေ၏။ ကျွန်ုပ်တို့၏ ပြဿနာများကို ရှုပ်သထက် ရှုပ်ထွေးသွားအောင် ပြုလုပ်ရန်နှင့် တိုးတက်မှုကို ဆန့်ကျင်သူများ အား အားပေးအားမြှောက် ပြုလုပ်ရန်သည်သာလျှင် ၄င်းတို့၏ တစ်ခုတည်းသော တာဝန်ဝတ္တရား ဖြစ်၍နေလေ၏။

'လောကဓာတ်ဆရာကြီးများ များသောအားဖြင့် ဘာသာအယူမရှိသည့် လွန်ခဲ့သည့် ရာစုနှစ်က အကြောင်းကို ပြောပြနေသည်။ ယခုမူ ထိပ်တန်း လောကဓာတ်ဆရာပေါင်း များစွာတို့သည် လမ်းမှန်သို့ ရောက်လာကြလေပြီ။ ထာဝရနှင့် ဘာသာတရား ထောက်ခံအားပေးသူများ ဖြစ်လာကြလေပြီ' ဟူ၍ အသင်တို့က ပြောကြပေလိမ့်မည်။ ဟုတ်ပါသည်၊ အကယ်၍ အတွင်းနှိုက်ပြီး လှိုဝှက်ချက်ကို နားမလည်ဘဲ အပေါ်ယံမျှလောက်ကိုသာလျှင် ကြည့်မည်ဆိုလျှင်မူ အသင်သည် ဤသို့ပင် တွေဝေမှောက်မှားသွားစရာ ရှိလေသည်။

သို့ရာတွင် ဤကိစ္စ၌ ဝိဇ္ဇာ (သိပ္ပံ)ပညာ၏အပြစ် မဟုတ်ရှာပေ။ ယခုကာလ၌ ကမ္ဘာလောကတစ်ခုလုံးသည် နှစ်ခြိမ်းကွဲ၍ နေလေ၏။ တစ်ဖက်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုး ကိုယ့်စီးပွားကို မကျိုးမပျက်အောင် ထားချင်ကြ၏။ ၄င်းတို့ကား သိသည် ဖြစ်စေ၊ မသိသည် ဖြစ်စေ၊ အထင်အရှား ဖြစ်စေ၊ မထင်မရှား ဖြစ်စေ အရင်းရှင်ဝါဒကို ထောက်ခံ အားပေးသူများ ဖြစ်ကြလေ

သည်။ အခြားတစ်ဖက်ကမူ လူ့လောကၛ၏ ကောင်းကျိုးကို လိုလားသူများ ဖြစ်ကြ၍ ထိုလူ့လောကကောင်းကျိုးအတွက် သူတို့သည် ကွန်မြူနစ်ဝါဒကို ထောက်ခံအားပေးကြလေသည်။

လွန်ခဲ့သည့် ရာစုနှစ်ကလည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးကိုယ့်စီးပွားကို မကျိုးမပျက်အောင် ထားလိုသည့် လောကဓာတ်ဆရာများ ပေါ်ပေါက်ခဲ့ဖူးပေလိမ့်မည်။ သို့ရာတွင် သူတို့သည် ဘာသာတရားနှင့် ဆန့်ကျင်သည့် မိမိတို့၏ အယူအဆများကို ရှင်းလင်း ပြတ်သားစွာ ပြောပြနိုင်ကြကုန်၏။

အကြောင်းကား ဤသို့ ဖြစ်သည်၊ ထိုခေတ်အခါက ကွန်မြူနစ်ဝါဒ ဆိုသည်မှာ လေထဲက တိုက်အိမ်သာ ဖြစ်သည်။ ထိုဝါဒ၏ အောင်မြင်မှုကို ၄င်းတို့သည် ယုံကြည်ချက် မရှိကြပေ။ သို့ရာတွင် ယခုအခါတွင်ကား ကွန်မြူနစ်ဝါဒသည် ထုထည်ရှိနေသည့် အထည်ဒြပ် ဖြစ်နေသည်။ ဦးနှောက် ပျက်နေသူတို့၏ အခြောက်တိုက်ကြားလုံး မဟုတ်တော့ပေ။

သို့အတွက် အရင်းရှင်တို့သည် တစ်ဖက်တွင် အခြားသော ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး လုပ်ငန်းများကို နည်းအမျိုးမျိုးအားဖြင့် ပြုလုပ်သည့်နည်းတူ အခြားတစ်ဖက်တွင်လည်း အခြောက်အားဖြင့် လည်းကောင်း၊ အမြှောက်အားဖြင့် လည်းကောင်း ယုံကြည်စွဲမြဲချက် ပျော့ညံ့သူ လောကဓာတ်ဆရာပေါင်း များစွာကိုလည်း ကိုယ့်ဘက်သားဖြစ်အောင် သိမ်းသွင်းထားလိုက်ကြလေသည်။

စာရေးသူ အင်္ဂလန်တွင် နေထိုင်စဉ်အခါက အထောက်အထား ပြုလောက်သည့် ပုဂ္ဂိုလ်တစ်ဦးက နီဘဲလ်ဆုရသော လောကဓာတ်ဆရာတစ်ဦးနှင့် စပ်လျဉ်းပြီး ဤသို့ ပြောလေသည်။

"သိတယ် မဟုတ်လား၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဘာသာတရားနှင့် အမှားယုံကြည်ချက်များကို ဖြန့်ဖြူးတဲ့နေရာမှာ ဘာဖြစ်လို့ ဒီလောက် ထက်သန်သည့် အကြောင်းကို ပြနေသလဲ။ သူ့ဝိဇ္ဇာပညာ (လောကဓာတ်ပညာ) ဦးနှောက်ကတော့ ကုန်ဆုံးသွားပါပြီ။ သူ့ဆရာလုပ်နေတဲ့ တက္ကသိုလ်ဟာ ဟိုအရင်းရှင်အိမ်ထောင်စုရဲ့ ကိုယ်ပိုင်ပစ္စည်းသဘောမျိုး ဖြစ်နေတယ်။ ဒါကြောင့်မို့ အဲဒီ လောကဓာတ်ဆရာဟာ တစ်နည်းနည်းနှင့် ကျေးဇူးတင်ကြောင်း ပြသဖို့ဟာ သူ့တာဝန်လို့ သူ ယူဆတယ်"

ဘာသာတရားဘက်လိုက်သည့် လောကဓာတ်ဆရာ ဟူသမျှ ဤအတန်းအစားထဲက ပုဂ္ဂိုလ်ချည်းသာ ဖြစ်၏ဟု ကျွန်ုပ် မပြောလိုပါ။ ပုဂ္ဂိုလ်များစွာမှာမူ သူတို့ကိုယ်တိုင်က အရင်းရှင်များ ဖြစ်ကြ၏။ သို့ဖြစ်၍ သူတို့သည် အရင်းရှင်ဝါဒကို ကာကွယ်ရန် အကြီးဆုံးသော လက်နက်ဖြစ်သည့် ဘာသာတရားဘက်ကို လိုက်ပါချင်ကြခြင်း ဖြစ်သည်။ ပုဂ္ဂိုလ်များစွာတို့ကား အလုပ်သမားဘဝ၏ ကျပ်တည်းမှုများကို သိရှိကြကုန်၏။ သို့ဖြစ်၍ ထိုအတန်းအစား ပုဂ္ဂိုလ်များစာရင်းတွင် ပါဝင်ဖို့ရန် ထိတ်လန့်နေကြလေသည်။ ထို့ပြင် အချို့ပုဂ္ဂိုလ်များသည်ကား အတိတ်ကို အလွန်စွဲလမ်းမှုက စိတ်နှလုံးအား ဆန်းသစ်သည့် အယူအဆများကို လက်ခံဖို့ရန် မစွမ်းနိုင်အောင် ပြုလုပ်ပေးသည့် အသက်အရွယ်သို့ ရောက်နေကြလေကုန်ပြီ။ လူ၏ လေးဆယ့်ငါးနှစ်တည်းဟူသော ပထမအရွယ်သည်သာလျှင် ကိုယ့်စိတ်တိုင်းကျ တွေးခေါ်နိုင်၊ ကြံဆနိုင်သည့် အရွယ်မျိုး ဖြစ်လေသည်။ ဇရာဖိစီးသည့် နောက်ပိုင်းအရွယ်တွင်ကား အတိတ်ကို ပြန်ပြောင်း သတိရမှုတည်းဟူသော အကူအညီအားဖြင့် ဟောင်းမြည့်သည့် အကြောင်းအရာများသည်သာလျှင် ထင်မြင်ရလေ၏။ ကမ္ဘာလောကၦ ဤနိယာမစည်းမျဉ်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အရာမှာ အလွန်ပင် နည်းလှပေ၏။

ယင်းသို့လျှင် တစ်ကမ္ဘာလုံး၏ အတွေးအခေါ် အယူအဆတို့သည် နှစ်သင်း နှစ်ပက္ခ ကွဲ၍နေလေသည်။ ယင်းသို့သော အခြေအနေမျိုးတွင် တစ်ဦးဦး၏ အယူအဆဝါဒကို ဖက်ပြီး လျှောက်သွားဖို့ရန်မှာ သင့်လျော်လိမ့်မည် မဟုတ်ပေ။ ကိုယ့်အသိဉာဏ်ကိုသာလျှင် အပြီးသတ် အဆုံးအဖြတ်ပေးသူအဖြစ် မှတ်ထားရမည် ဖြစ်လေသည်။

ထာဝရဘုရား ဖြစ်ပေါ်လာပုံအကြောင်းကို ကျွန်ုပ်တို့သည် ပြောပြခဲ့ပြီးလေပြီ။ ဤနေရာ၌ ထာဝရဘုရား တည်ရှိနေမှုနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် အကျိုးမဲ့ အငြင်းပွားမနေလိုပေ။ သို့ရာတွင် ကျွန်ုပ်တို့ ပြောပြလိုသည်မှာ ထာဝရကို ယုံကြည်ခြင်းသည် 'ကမ္ဘာလောက၏ အရှင်သည် ထိုထာဝရကဲ့သို့ပင် ဤ၌လည်း ဘုရင်တစ်ဦး၊ သို့မဟုတ် ဖန်ဆင်းသူတစ်ဦး ဖြစ်သင့်သည်' ဟူသော အချက်ကို ယုံကြည်ရန်အတွက်လည်း လှုံ့ဆော်အားပေးလေ၏။ ရာစုနှစ် ထောင်ပေါင်း

များစွာအထိ ဘုရင်တို့သည် ထာဝရ၏ ကိုယ်စားလှယ်အဖြစ်ဖြင့်လည်း စိုးမိုးအုပ်ချုပ်လာခဲ့ကြလေသည်။ ကွန်မြူနစ်ဝါဒသည် ကမ္ဘာလောက၏ စွမ်းရည်သတ္တိဟူသမျှကို စိတ်ကူးယဉ် ထာဝရ၏ လက်ထဲတွင်ရှိသည့် အရာဟု အမှတ်မပြုဘဲ သဘာဝထဲက အရာဟု အမှတ်ပြုသည့်နည်းတူ စွမ်းရည်သတ္တိဟူသမျှကို လူထု၏ လက်ထဲကအရာ ဖြစ်လိုလှပေသည်။ ထာဝရကို ယုံကြည်မှုသည် ကျွန်ုပ်တို့၏ လုပ်ငန်းဟူသမျှ၌ အနှောင့်အယှက် အခက်အခဲကို ပေါက်ဖွားဖြစ်ပေါ်စေလေ၏။ ထာဝရကို စိတ်ကူးယဉ်မှုကသာလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အရှင်သခင် မဟုတ်ဖူးသော အချက်ကို သင်ကြားပြသပေးခြင်း ဖြစ်လေသည်။

ဘာသာတရားပေါင်းများစွာက ပဋ္ဌိသန္ဓေတားမှုကို ဆန့်ကျင်ခြင်းအကြောင်းမှာ လူသည် ထာဝရဘုရား၏ အလုပ်၌ ဝင်ရောက် စွက်ဖက်ပိုင်ခွင့်မရှိ ဟူသော အချက်ကြောင့် ဖြစ်လေ၏။ အကယ်၍ လူဦးရေ လျှော့ပေါ့မှုကို ထာဝရက သဘောတူလို့ရှိလျှင်လည်း ထာဝရအတွက် ကြီးကျယ်သည့်အလုပ် မဟုတ်ပေ။

လွန်ခဲ့သည့်နှစ်က ကျွန်ုပ်တို့သည် ကသ္မီရပြည်၊ ဗာလတိစတန်နယ်သို့ ရောက်ခဲ့ကြလေသည်။ ထိုနယ်ကား မြက်၊ သစ်ပင်များ ဆိတ်သုဉ်းနေသည့် တောင်တန်းဒေသ ဖြစ်လေ၏။ ထိုနေရာတွင် အလိုရှိသလို ရေမြောင်းများနှင့် လယ်များကို ဖောက်လုပ်ဖို့ရန်အတွက်လည်း လွယ်ကူမှု မရှိလှပေ။ ကျွန်ုပ်တို့ သွားသောအချိန်၌ လမ်းခရီးတွင် ရွာတစ်ရွာ၌ တည်းခိုကြလေသည်။ ရွာသူရွာသားတို့၏ ဆင်းရဲတွင်းနက်ပုံကိုကား ပြောပြဖို့ရန် စွမ်းနိုင်လိမ့်မည် မဟုတ်ပေ။

မေးလားစမ်းလား လုပ်သဖြင့် သိရသည်မှာ အနှစ် ၇၀ားဆယ်အလွန်က ထိုရွာ၌ အိမ်ခြေ ၇၀ားအိမ်သာလျှင် ရှိသည်။ ယခုအခါတွင်ကား အိမ်ခြေ နှစ်ဆယ် ရှိနေသည်။ ထိုသူတို့သည် ရာစုနှစ်အနည်းငယ် မတိုင်မီက ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ သို့ဖြစ်၍ သူတို့၏ ဘာသာညီအစ်ကို ဖြစ်ကြသော တိဗက်လူမျိုးတို့ကဲ့သို့ လင်အများဝါဒကို လိုက်နာကြသူများ ဖြစ်ကြလေ၏။ တိဗက်ပြည်၌ ညီအစ်ကို တစ်စုလုံးမှ မယားတစ်ယောက်ထားခြင်း၏ အကြောင်းမှာ ကြောက်မက်ဖွယ်ရာ လူဦးရေတိုးပွားမှုကို တားမြစ်ပိတ်ပင်ရန် ဖြစ်လေသည်။

သို့ရာတွင် ၄င်းတို့ မွတ်စလင်များ ဖြစ်သွားကြသော အခါတွင်ကား

ခိုဒါအားကိုးနှင့် ကလေးများ ဟောတစ်ယောက်၊ ဟောတစ်ယောက် မြေးကြွလေတော့၏။ ကျွန်ုပ်တို့၏ ဂျာမန်မိတ်ဆွေက သူတို့အား ''သင်တို့ဆီမှာ လယ်လုပ်ဖို့အတွက် ဒီလောက် ခက်ခဲမှုရှိနေမည်ဆိုလျှင် အသက်မွေးဝမ်းကျောင်းရေးအတွက် တော်တော် အခက်အခဲ တွေ့ရမှာပေါ့။ ဒီလို အခြေအနေမျိုးမှာ ကလေးတွေ ဘာဖြစ်လို့ ဒီလောက် မွေးနေကြသလဲ'' ဟု မေးကြည့်လေ၏။

ထိုအခါ သူတို့၏ အဖြေမှာ ''ကလေးများကို ပေးတဲ့ ပုဂ္ဂိုလ်ဟာ (ခိုဒါ ဆိုလိုသည်) ကလေးများကို ဘာဖြစ်လို့ မထိန်းသိမ်း မစောင့်ရှောက်မှာလဲ'' ဟူ၍ ဖြစ်သည်။

ကျွန်ုပ်တို့၏ မိတ်ဆွေက ''အင်း... ခိုဒါက မထိန်းသိမ်း မစောင့်ရှောက်လျှင်လည်း ကာလရောဂါ၊ ဝမ်းရောဂါတို့နဲ့ အင်တာဘေးတို့ကတော့ မုချ ထိန်းသိမ်းစောင့်ရှောက်မှာပဲ'' ဟု ပြောလေသည်။

လာဆာ၌ မွတ်စလင်တစ်ဦးက ''ကျွန်ုပ်တို့၏ ဘာသာတရားအရ အမေ၊ အဖေသည် သားသမီး အမြောက်အမြား ရရှိစေကာမူ ထိုသားသမီးများအတွက် ပူပင်စရာ မလို'' ဟူ၍ သူ့အယူအဆကို ထုတ်ပြ ပြောဆိုလေသည်။ ဟိန္ဒူများ ကလည်း ''အပုတ္တသ ဂတိ နတ္ထိ'' ဟူ၍ ပြောဆိုကြလေသည်။

ယင်းသို့အားဖြင့် စဉ်းစား ဆင်ခြင်ကြည့်လျှင် စဉ်းစား ဆင်ခြင်ကြည့်သလောက် ထာဝရကို ယုံကြည်ယူဆမှုသည် ကျွန်ုပ်တို့၏ တိုးတက်မှု ဟူသမျှ၏ အနှောင့်အယှက် အဖျက်အဆီးဖြစ်ကြောင်း သဘောပေါက်ပေလိမ့်မည်။ ထာဝရကို ယုံကြည်ကိုးကွယ်မှုသည် စိတ်ဓာတ်ကျန်အဖြစ်၏ အင်အားအကောင်းဆုံးသော အနှောင်အဖွဲ့ ဖြစ်သည်။ ဖိနိပ်သူတို့၏ အထိရောက်ဆုံးသော လက်နက် ဖြစ်သည်။ အကြောင်းမူကား ထာဝရ၏ အကူအညီဖြင့် သူတို့သည် 'ဆင်းရဲသားနှင့် လူချမ်းသာသည် ထာဝရ ပြုမူဖန်ဆင်းထားသည့်အတိုင်း ဖြစ်သည်'၊ 'ထာဝရ ပြုမူချက်ဟူသမျှ အားလုံး အမှန်ချည်း ဖြစ်သည်'၊ 'ဤနှစ်အနည်းငယ် ဒုက္ခခံမှုအတွက် သေဆုံးပြီးသည့်နောက်တွင် ထာဝရဘုရားသည် သင့်အတွက် ဘယ်လို ချမ်းသာသုခများ စီမံဖန်တီးထားသည် ဆိုသည်ကို ဘယ်သူသိမလဲ'၊ 'ထာဝရသည် စက်ဆရာကဲ့သို့ သတ္တဝါအားလုံးတို့အား သွားလာလှုပ်ရှားစေသည်'၊ 'လူသည်

ထာဝရဘုရား၏ လက်ထဲကအရုပ် ဖြစ်သည့် ဟူသော စကားများကို ပြောဆိုကြ လေသည်။ ဤအယူအဆများသည် ကျွန်ုပ်တို့အား မိမိအနာဂတ်၏ အရှင်သခင် ဖြစ်အောင် ပြုလုပ်ခွင့် ပေးပါမည်လော။

"အကယ်၍ ထာဝရမရှိလျှင် ကမ္ဘာလောကကို မည်သူ ပြုလုပ်ဖန်ဆင်း သနည်း" ဟု အသင်သည် ဇွတ်ပြောချင် ပြောပေလိမ့်မည်။ အရာဝတ္ထုအားလုံး အတွက် ပြုလုပ်ဖန်ဆင်းသူ တကယ်ပင် လိုအပ်ပါသလော။ လိုအပ်သည်ဆိုပါလျှင် ထာဝရကို ပြုလုပ်ဖန်ဆင်းသူကကော မည်သူနည်း။ အကယ်၍ ထာဝရသည် အလိုလို တည်တံ့နေသူ (သယမ္ဘူ)ဖြစ်လျှင် ထိုသဘောအတိုင်း သဘာဝနှင့် စပ်လျဉ်း၍လည်း အဘယ်ကြောင့် မယုံကြည် မယူဆနိုင်ဘဲ ရှိရမည်နည်း။

ထာဝရဘုရားသည် အရင်းရှင်တို့အတွက် အလွန် အသုံးဝင်သည့် အရာ ဝတ္ထု ဖြစ်ကြောင်းကို လေးလေးနက်နက် သတိချပ်သင့်လေသည်။ အကယ်၍ ထာဝရကို ယုံကြည်ယူဆမှုသည် ရှေးယခင်ကပင် စတင်မလာခဲ့လျှင်လည်း ယခု ခေတ်တွင် အရင်းရှင်တို့သည် ထာဝရကို တီထွင် ဖန်တီးကြပေမည်။ ထို့ကြောင့် ပင်လျှင် ဦးနှောက်ပန်းလျှ၍နေသော ဖိနှိပ်သူတို့၏ ဘက်တော်သား လောကဓာတ် ဆရာများ ဘာသာတရားနှင့် ထာဝရကို ထောက်ခံ အားပေးကြသည်ကို တွေ့မြင် ရခြင်း ဖြစ်လေ၏။

အကယ်၍ အိန္ဒိယ၏ အမြင်နှင့် ကြည့်ပြောရလျှင် ဘာသာတရား ရှိနေ သမျှ ကာလပတ်လုံး ငြိမ်းချမ်းမှုနှင့် လွတ်လပ်မှု အိပ်မက်ကို ဘေးဖယ်၍ ထား သင့်လေ၏။

(၈)
ကွန်မြူနစ်ဝါဒနှင့် အမျိုးသမီးလွတ်လပ်ရေး

ယောက်ျားများစွာတို့သည်လည်း ရှေးယခင်ခေတ်ကပင် စတင်၍ ယခု အထိ မလွတ်လပ်သော ဘဝဖြင့်သာလျှင် အချိန် ကုန်လွန်နေကြရသည်။ သို့ရာ တွင် အမျိုးသမီးများမှာ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ပိုမိုပင် အခြေအနေ

ဆိုးဝါးလျက် ရှိလေ၏။ စည်၊ လူရိုင်း၊ သုဒ္ဒလူမျိုး၊ တိရစ္ဆာန်၊ မိန်းမ ၄င်းတို့ အားလုံးသည် ကြိမ်နှင့် ထိုက်တန်သူများ ဖြစ်ကြ၏။ ယင်းသို့ ခေတ်စားသည့် စကားပုံတစ်ခုပင် ဖြစ်၍ နေလေ၏။ 'မိန်းမသည် လွတ်လပ်မှုနှင့် မထိုက်တန်-ပါတာ ရက္ခတိကောမာရေ၊ ဘာတာ ရက္ခတိ ယောဝနေ၊ ပုတ္တော ရက္ခတိဝါဒ္ဓကြော၊ နဂ္ဂတ္ထ သွတ်တ မရဟတိ' ဟူသော စကားဖြင့် အမျိုးသမီးများသည် ကျွန်စာချုပ်ကို ရနေကြသကဲ့သို့ပင် ဖြစ်နေကြလေ၏။ ဥရောပတိုက်ရှိ ခရစ်ယာန် ရဟန်းများသည်လည်း လွန်ခဲ့သည့် ရာစုနှစ် အနည်းငယ်ခန့် မတိုင်မီ ကာလအထိ 'မိန်းမ၌ ဝိညာဉ်မရှိ' ဟူသော အချက်နှင့် စပ်လျဉ်း၍ လေးလေးနက်နက် ဖြန့်ချိညွှန်ကြားကြလေသည်။ ဟိန္ဒူလူမျိုးတို့သည် မိန်းမကို လင်ယောကျ်ား၏ အင်္ဂါအစိတ်အပိုင်း တစ်ဝက်ဟု အမှတ်ထားလေသည်။ လင်ယောကျ်ား သေဆုံးသည့်အခါတွင် လင်ယောကျ်ား၏ အင်္ဂါအစိတ်အပိုင်း တစ်ဝက်ဖြစ်သော မယားကလည်း သေဆုံးသွားရလေသည်။ ယင်းအချက်ကို သိသာစေရန်အတွက် လွန်ခဲ့သည့် ရာစုနှစ်အထိ နှစ်စဉ်နှစ်တိုင်း အိန္ဒိယပြည်တွင် ထောင်ပေါင်းများစွာသော မုဆိုးမတို့သည် လင်၏အလောင်းနှင့်အတူ မီးရှို့ပစ်ခြင်း ခံကြရလေသည်။ သို့ရာတွင် ထိုကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ဝက်ဟူသော ထုံးစံစည်းမျဉ်းကို လင်ယောကျ်ားအတွက်မူ မည်သည့်အခါမျှ နာယူခြင်း မရှိပေ။ စင်စစ်သော်ကား တိုင်းပြည်နိုင်ငံ ဟူသမျှ၌ ယောကျ်ားများအတွက်မှာမူ မိန်းမများနှင့် မတူကွဲပြားသည့် ဥပဒေထုံးစံများကို ထားရှိကြလေ၏။ ဟိန္ဒူတို့၏ ပတိဗွတ(တော်ဝင်) ကျင့်စဉ်ကို အသံကုန်ဟစ်ပြီး အခွင့်ဟုတ်သည် မဟုတ်သည် မကြည့်ဘဲ ဆုံးမသွန်သင်ခြင်းသည် အကြီးဆုံးသော လှည့်စားဖြားယောင်းမှုများ၏ ပြယုဂ်ပုံစံများ ဖြစ်ကြလေ၏။

လွန်ခဲ့သည့် နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာကပင် စတင်၍ မိန်းမတို့ကို ဆန့်ကျင်သည့်ဘက်မှ မျက်နှာလိုက်သည့် ပတ်ဝန်းကျင် လောကတစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။ ဘာသာတရား၊ အကျင့်စာရိတ္တ၊ လူ့လောကနှင့် စပ်လျဉ်းသည့် အကြောင်းအရာတို့၌ မိန်းမများအတွက် ယောကျ်ားတို့နှင့် လုံးဝ အသွင်အပြင်ကွဲပြားသည့် သီးခြားမှတ်ကျောက်တစ်ခုကို ဖန်တီးထားကြလေသည်။ တိကျမှန်ကန်စွာ မစဉ်းစား မဆင်ခြင်နိုင်ရန်နှင့် အယူအဆ ဖောက်လဲဖောက်ပြား ဖြစ်သွား

စေရန်အတွက် လူမမည်ဘဝကပင် စတင်ပြီး မိန်းမတို့၌ ဘာသာရေး အယူသီးမှုများ အများဆုံး ဖြစ်ပေါ်ပေါက်ဖွားအောင် ပြုလုပ်လာခဲ့ကြလေသည်။ ထို့ပြင် အခုမကြာမီကာလအထိ အချို့သော တိုင်းပြည်နိုင်ငံတို့၌မူ ယနေ့အထိ မိန်းမများသည် ပညာသင်ကြားခွင့်ကိုပင် လက်လွတ်ဆုံးရှုံးနေကြရလေသည်။ အိမ်တွင်းပုန်းကွဲသို့သော ခံရပ်နှိုင်စရာမကောင်းသည့် ဓလေ့ထုံးစံများကို မိန်းမများအတွက် အထူးအားဖြင့် တီထွင်ပြုလုပ်ထားကြလေသည်။ ဘာသာတရားများက အားကိုးအားထားပြုလောက်သည့် ကျမ်းဂန်များဖြင့် ဘုရားသခင်၏ ဟောချက်ကို ကိုးကားထောက်ထားပြီးလျှင် ထိုထုံးစံများကို ခိုင်မြဲအောင် ပြုလုပ်ကြလေသည်။ မိန်းမတို့၏ ခြေတွင် ခတ်ထားသော ထူးမှာ ၄င်းတို့၏ စီးပွားရေး မလွတ်လပ်မှုပင် ဖြစ်လေ၏။

အနောက်နိုင်ငံတို့တွင်လည်း အမျိုးသမီးများ၏ လွတ်လပ်ရေးတိုက်ပွဲသည် လွန်ခဲ့သည့် ရာစုနှစ်ကပင် စတင်ခဲ့လေ၏။ အိန္ဒိယပြည်၌မူ အခုမှ စလုံးရေစ နေကြလေသည်။ သို့ရာတွင် လူအများက မိန်းမတို့အား ပေးလိုသည့် လွတ်လပ်ရေးအားဖြင့် မိန်းမများသည် တကယ် လွတ်လပ်မှု ရှိနိုင်ကြပါမည်လော။ စီးပွားရေးသဘောအားဖြင့် မလွတ်လပ်သေးသမျှ ကာလပတ်လုံး၊ လက်ထပ်မင်္ဂလာပြုခြင်းသည် ၄င်းတို့အတွက် အသက်မွေးကျောင်း လုပ်ငန်းတစ်ရပ် ဖြစ်နေသမျှ ကာလပတ်လုံး ''လွတ်လပ်ရေး'' ''လွတ်လပ်ရေး'' ဟု ဟစ်ကြွေးနေခြင်းသည် အတု အယောင်သဘော၊ အဆန်မပါသည့် သင်္ကြန်အမြောက်သဘောထက် ပိုမိုလွန်ကဲပြီး ဘာအဓိပ္ပာယ်မျှ မရှိနိုင်ပေ။ စီးပွားရေးလွတ်လပ်မှု ဆိုသည်မှာ မိန်းမသည် မိမိ၏ အသက်ဝမ်းကျောင်းရေးအတွက် သူတစ်ပါးကို မှီခိုနေဖို့ မလိုပေ။ အိန္ဒိယပြည်၌ကား လူမှုရေး တစ်ဖက်သတ်ကျမှုနှင့် မတရား မမျှတမှုများသည် အလိုဆန္ဒရှိလင့်ကစား၊ အခွင့်အလမ်း ရရှိလင့်ကစား ယင်းသို့ပြုလုပ်ခွင့် လွတ်လပ်မှုကို မပေးကြပေ။ အနောက်နိုင်ငံတို့တွင်လည်း မိန်းမများသည် ထိုမျှလောက် လွတ်လပ်မှု မရှိကြပေ။ ဖက်ဆစ်ဂျာမန်မှာမူ ဥပဒေ သတ်မှတ်ပြဋ္ဌာန်းပြီး အိမ်ထောင်ကျပြီး မိန်းမအား အစိုးရအမှုထမ်း မပြုလုပ်ရန် တားမြစ်ထားလေ၏။ ၄င်းတို့၏ အယူအဆမှာ မိန်းမသည် လက်ထပ်ထိမ်းမြားခြင်း တည်းဟူသော အသက်မွေး

ဝမ်းကျောင်းမှုအလုပ်ကို ရလျှင် အခြား အသက်မွေးဝမ်းကျောင်းမှ အလုပ်နှင့်တကွ အလုပ်နှစ်ခုကို ခွပြီး ဘယ်လုပ်နိုင်မည်နည်း။

အကယ်၍ မိန်းမတို့သည် မိမိတို့၏ နေ့စဉ်ဝင်ငွေကို မိမိတို့ကိုယ်တိုင် ရှာဖွေနိုင်လျှင်၊ အစားအသောက်၊ အဝတ်အစား၊ အိမ်ရာ၊ ပျော်ရွှင်ချမ်းမြေ့မှုများ အတွက် ယောကျ်ားများ၏ရှေ့မှောက်၌ ဒူးမထောက်ရလျှင်၊ မီးဖွားသည့်အခါ၌ လည်းကောင်း၊ မကျန်းမာသည့်အခါ၌ လည်းကောင်း၊ အိုမင်းရင့်ရော်သည့် အခါ၌ လည်းကောင်း လင်နှင့် သားတို့ကိုချည်း အားမကိုးဘဲ နေလို့ရလျှင်၊ ထိုအချိန် ထိုကာလမျိုးကျမှသာလျှင် မိန်းမများသည် တကယ်တမ်း လွတ်လပ်မှုကို ရရှိနိုင် ကြမည် ဖြစ်ပေ၏။ သို့ရာတွင် အရင်းရှင်စနစ်၌ ယင်းသို့ ဖြစ်နိုင်ပါမည်လော။ အရင်းရှင်တို့သည် သူတို့၏ စက်ရုံများ၌ မိန်းမများကို နေရာပေးသည်မှာ ယုံမှား ဖွယ်ရာ မရှိပါ။ ငါတို့သည် ရှေးကျလှသည့် တစ်ဖက်သတ် အယူသီးမှုကို ပယ်ရှားပြီးလျှင် မိန်းမများအား သူတို့၏ နေ့စဉ်ဝင်ငွေ ရှာမှီးနိုင်ရန်အတွက် လွတ် လပ်ခွင့်ကို ပေးလိုကြသည်ဟူ၍ သူတို့သည် ဂုဏ်ယူလိုကလည်း ဂုဏ်ယူနိုင်ပါသည်။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် သူတို့၏ ပရိယာယ်တစ်ခုမျှသာလျှင် ဖြစ်လေ၏။ စက်ရုံများ၌ မိန်းမများနှင့် ကလေးသူငယ်များကို သူတို့ အလုပ်ပေးခြင်းမှာ သူတို့ လုပ်ခများများ မပေးရအောင် လီဆယ်ခြင်းမျှသာ ဖြစ်လေ၏။ ထိုအလုပ်များအတွက် ဥရောပတိုက်၌ အကယ်၍ ယောကျ်ားများသည် နေ့စဉ်လုပ်ခ သုံးကျပ်ရခဲ့လျှင် မိန်းမများသည် တစ်ကျပ်ခွဲသာလျှင် ရရှိကြလေ၏။ ယင်းသို့အားဖြင့် မိန်းမများ ဝင်ရောက်လုပ်ကိုင်လိုက်ခြင်းကြောင့် ထောင်ပေါင်းများစွာသော ယောကျ်ားတို့သည် အလုပ်လက်မဲ့ ဖြစ်သွားကြလေကုန်၏။ အရင်းရှင်တို့၏ ကိုယ်ကျိုးသည် မည်သို့မည်ပုံ လူပေါင်း ကုဋေကုဋာ အလုပ်လက်မဲ့ဖြစ်သွားရခြင်း၏ အကြောင်း ဖြစ်နေပုံကို ကျွန်ုပ်တို့ ပထမက ပြောပြခဲ့လေပြီ။ မိန်းမအချို့ကို အလုပ်ပေးလိုက်ခြင်းအားဖြင့် ၄င်းတို့၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ၏ လုပ်အား နောက်ထပ် အစိတ်အပိုင်းများကို လုယူနိုင်ရန်ပင် ဖြစ်လေ၏။

အမျိုးသမီးများ၏ လွတ်လပ်မှုကို ကွန်မြူနစ်ဝါဒအားဖြင့်သာလျှင် ရရှိ နိုင်လေ၏။ အကြောင်းမူကား ကွန်မြူနစ်ဝါဒသည် လူနေမှုဘဝ၏ အခွင့်အလမ်း

ဟူသမျှဌ် အမျိုးသမီးများအား တူညီမျှတသော နေရာကို ပေးလိုရုံသာမကဘဲ အမျိုးသမီးများ စီးပွားရေးသဘောအားဖြင့် လွတ်လပ်မှု ရှိနေသည်ကိုလည်း တွေ့လိုမြင်လိုလှပေ၏။ ကွန်မြူနစ်ဝါဒသည် မိန်းမတိုင်း မိန်းမတိုင်း မိမိ၏ နေ့စဉ်သုံးဝင်ငွေကို မိမိကိုယ်တိုင် ရှာဖွေနိုင်မှုကို ထောက်ခံအားပေးပြီး မိန်းမများအား ယောကျ်ားများနှင့် ရင်ပေါင်တန်းနိုင်ခွင့် ပေးလေ၏။ ကွန်မြူနစ်ဝါဒသည် အမြတ်အစွန်းအတွက် စက်ကိရိယာကို အသုံးပြုခြင်း မဟုတ်။ လူ့ဘဝအတွက် အသုံးဝင်မည့် ပစ္စည်းဝတ္ထုများကို သွက်သွက်နှင့် လုံလုံလောက်လောက် ထုတ်လုပ်ရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများနှင့် လူ့ဘဝ၏ ချမ်းသာသုခ ခံစားမှုများအတွက် အခွင့်အလမ်း ပိုမိုပေးနိုင်ရန်သာလျှင် စက်ကိရိယာများကို အသုံးပြုလေသည်။ ကွန်မြူနစ်ဝါဒသည် စက်ရုံများ၊ ရုံးများ၊ စစ်တပ်များမှစ၍ နေရာဌာနဟူသမျှဌ် မိန်းမများအား အဆီးအတားမရှိ နေရာပေးခြင်းမှာ သူတို့၏ လုပ်အားကို လုယူရအောင် ပေးခြင်းမဟုတ်။ မိန်းမများ၏ ကျွပ်ပြည့်လွတ်လပ်မှုနှင့် တိုးတက်မှုအတွက်သာလျှင် ဤကဲ့သို့ပြုလုပ်ခြင်း ဖြစ်လေသည်။ ကွန်မြူနစ်နိုင်ငံ (ရည်မှန်းချက်သို့ရောက်အောင် လွန်စွာ လျှောက်ရဦးမည်ဖြစ်သော ယနေ့ အခြေအနေပင်)တို့သည် ဤအကြောင်းအရာအတွက် အသက်ဝင်လျက်ရှိသော ပြယုဂ်ပုံစံ ဖြစ်ကြကုန်၏။ ထိုနိုင်ငံများ၌ အမျိုးသမီးများသည် ယောကျ်ားများနှင့် တန်းတူ အလုပ်လုပ်ခွင့်နှင့် လုပ်ခကို ရရှိကြလေသည်။ မီးမဖွားခင်နှင့် ဖွားပြီးနောက် အခြေအနေ မကောင်းသေးခင် ခွင့်သုံးလနှင့် လစာအပြည့် ရရှိကြကုန်သည်။ ယင်းသို့လျှင် မကျန်းမာသည့်အခါ၊ အိုမင်းမစွမ်းရှိသည့် အခါများ၌လည်း နိုင်ငံက ၄င်းတို့ကို ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ကို ယူလေသည်။ ဤအလုပ်သည် အရင်းရှင်ဝါဒ၏ စွမ်းအားအပြင်ဘက်မှ အလုပ်ဖြစ်ရုံသာလျှင် မကဘဲ အချိန်ကာလအနည်းငယ် အတောအတွင်းမှာပင် ဤအလုပ်သည် အရင်းရှင်ဝါဒ၏ နံရံကို ဖယ်ထုတ်ပစ်နိုင်လေသည်။ လူတိုင်း လူတိုင်းအား အလုပ်ပေးခြင်းနှင့် အလုပ် မလုပ်နိုင်သော်လည်း လစာအပြည့် ရရှိခြင်းဆိုသည်မှာ တွေးတောရုံမျှနှင့်ပင် သူတို့၏ ဦးနှောက်အတွင်း၌ မှုးမေ့မသွားဘဲ နေလို့ရမည် မဟုတ်ပေ။

လူပေါင်းများစွာတို့က ဤသို့လည်း ပြောကြသေးသည်။

လင်းလွန်းခင်စာပေ

"ဤကဲ့သို့သော စီးပွားရေးလွတ်လပ်မှုကို မိန်းမများ ရရှိကြမည်ဆိုလျှင် အိမ်ထောင်ရေးသုခ ဆိုသည်မှာ ကမ္ဘာလောကက ပျောက်ပျက်သွားပေလိမ့်မည်။ လင်နှင့် မယားတို့၏ ချိုမြိန်သာယာသော ဆက်ဆံမှုမျိုး ရှိတော့မည် မဟုတ်ပေ။ အမေ၊ မိဘနှင့် သားသမီးတို့၏ စင်ကြယ်မြင့်မြတ်သော မိဘမေတ္တာ ဆိုသည်မှာ အတိတ်ကာလက အကြောင်းအရာသာလျှင် ဖြစ်သွားဖို့ရာ ရှိတော့ သည်။ မိန်းမနှင့် ယောကျ်ားတို့၏ စာရိတ္တဗလ၌ ကြောက်မက်ဖွယ်ရာ တော်လှန် ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာပြီးလျှင် လူတို့၏ ဘဝသည် တိရစ္ဆာန်တို့၏ ဘဝအဖြစ် ပြောင်းလဲသွားပေလိမ့်မည်"

ဤအကြောင်းများကို ပြောသူများမှာကား မိန်းမတို့၏ မိန်းမမှု မိန်းမဘဝကို မည်သို့မျှ သဘောမထားသည့်သူများ ဖြစ်ကြ၏။ ဤအပေါ်ယံရှေမှုန်ကြေပြီး အထဲက နောက်ချေးခံထားသည့် အကြောင်းများအတွက်၊ သို့မဟုတ် ယောကျ်ားများ၏ ပိုင်းခြားသတ်မှတ်ချက်ကို ကျော်လွန်နေသည့် လွတ်လပ်မှုအတွက် မိန်းမများကို ဆိတ်ကဲ့သို့ ဗလိနှတ်စာကျွေးပစ်ရန်မှာ မိမိတို့၏ တာဝန်ဝတ္တရားဟု ယူဆသူများ ဖြစ်ကြသည်။ သို့မဟုတ် ကမ္ဘာလောကရှိ တရားရှင် လူကြီးလူကောင်းတို့၏ အတွင်းက အညစ်အကြေးများကို သိလျက်နှင့် တမင်သက်သက် မျက်စိမှိတ်ထားလိုသူများ ဖြစ်ကြ၏။ ကွန်မြူနစ်တို့သည် 'လူဘဝ'နှင့် 'တိရစ္ဆာန်ဘဝ' ဟူသော စကားလုံးများကို ကြောက်ရွံ့သွားသူများ မဟုတ်ပေ။ အကြောင်းမူကား အရင်းရှင်ဝါဒ၌ ရှိနေသမျှသော တိရစ္ဆာန်ဘဝ၏ အပုံတစ်ရာပုံ တစ်ပုံမျှပင် ကွန်မြူနစ်ဝါဒ၌ မဖြစ်နိုင်ဟု ကွန်မြူနစ်တို့က နားလည်ထားလေသည်။

ကြေးငွေဓနု၏ အစွမ်းအားဖြင့် ဓနုရှင်တို့သည် ကမ္ဘာလောက၌ နေ့စဉ်နှင့်အမျှ သိန်းသန်း များစွာသော မိန်းမများကို မိမိတို့၏ ကာမအလိုပြည့်တင်းရောင့်ရဲမှု ကိစ္စအတွက် အတင်းအဓမ္မ ဖျက်ဆီးနေကြသည် မဟုတ်လော။

တရားရှင်ဟု အမည်ခံပြီး အကျင့်စာရိတ္တတည်းဟူသော စည်တော်ကို ရွမ်းနေကြသည့် ဘုရင်များ၊ စော်ဘွားများ၊ ပဒေသရာဇ်များ၏ နန်းတွင်းဆောင်များ၊ မိန်းမဆောင်များမှာ ထိုတိရစ္ဆာန်ဘဝ၏ အကြီးဆုံးသော အချက်အချာဌာနများ ဖြစ်နေသည် မဟုတ်လော။

'အကျင့်စာရိတ္တ' တည်းဟူသော စည်တော်ကို ရွမ်းနေကြသူတို့သည် အပြင်အပမျှကိုသာလျှင် ပိတ်ဖြူပါးပါးနှင့် ဖုံးအုပ်ထားသည့် မသတီဖွယ် မစင်ဘင်ပုပ်တွင်းနက်သဖွယ် အတွင်းဘက်၌ အညစ်အကြေးစုနေသည့် မိမိတို့၏ အကျင့်စာရိတ္တအတွက် ဂုဏ်ယူမော်ကြွား နေကြခြင်းမှာ အရက်ကင်းမဲ့မှု၏ လမ်းဆုံးသို့ ရောက်ရှိနေခြင်းပင် ဖြစ်လေ၏။ ၄င်းတို့၏ ဤလီဆယ်မှုကို ငြင်းပယ်ဖို့ရန်အတွက် အရက်မဲ့ဂိုဏ်းဝင်များနှင့် ဌေဝယ်ကျွန်များသည်သာလျှင် တွန့်ဆုတ် တွန့်ဆုတ် လုပ်နေကြလိမ့်မည် ဖြစ်သည်။

ကွန်မြူနစ်များသည် မိန်းမနှင့် ယောကျ်ားသာလျှင် မဟုတ်ဘဲ တစ်ကမ္ဘာလုံး တစ်ဦးနှင့်တစ်ဦး မလှည့်ရန်၊ မညစ်ပတ်ရန်၊ ကတိမဖျက်ရန် အမှန်မှုချ လိုလားကြလေ၏။ သို့ရာတွင် ကွန်မြူနစ်တို့သည် 'တစ်ဖက်ကို အဆွဲအအလုပ်ပြီး၊ သို့မဟုတ် ဌေဖြင့် ဝယ်ပြီး၊ သို့မဟုတ် ပုဂ္ဂိုလ်၏ ဘေးဘယနှင့် ခြောက်လှန့်ပြီး အချစ်ကို တည်ဆောက်၍မရ' ဟူသော အချက်ကိုလည်း နားလည်ထားလေသည်။ တကယ် အချစ်စစ်၊ အချစ်မှန်၏ တည်ရှိရာသည် ကွန်မြူနစ်ဝါဒသာလျှင် ဖြစ်လေ၏။ အကြောင်းမူကား ကွန်မြူနစ်ဝါဒ၌ ဖြားယောင်းမှုနှင့် အတင်း ဗလက္စာရ လုပ်မှုများအတွက် နေရာအလပ် မရှိပေ။

ယင်းသို့အားဖြင့် အမျိုးသမီးများ၏ လွတ်လပ်ရေးသည် ကွန်မြူနစ်ဝါဒ၌သာလျှင် ဖြစ်နိုင်လေ၏။ အကြောင်းသော်ကား ကွန်မြူနစ်ဝါဒသည် အမျိုးသမီးတို့အား လွတ်လပ်မှုဟူသမျှ၏ ပေါက်ဖွားဖြစ်ထွန်းရာ ဖြစ်သည့် စီးပွားရေးလွတ်လပ်မှုကို ပေးလေသည်။ ကွန်မြူနစ်ဝါဒသည် ဤလွတ်လပ်မှု၏ အနှောင့်အယှက် အဟန့်အတားဖြစ်သည့် ဘာသာတရား၊ ထာဝရဘုရား၊ လူ့လောကက မည်သူ့အားမျှ ဂရုမထားပေ။ လက်ထပ် ထိမ်းမြားခြင်းကို အမျိုးသမီးများအတွက် အသက်မွေး ဝမ်းကျောင်းမှု လုပ်ငန်းတစ်ရပ်အဖြစ် ဟူ၍လည်း ပြုလုပ်ခွင့်မပေး။ မိန်းမများသည် ယောကျ်ားထက် မလျှော့သော အရည်အချင်း ရှိ၏ဟုလည်း နားလည်လေသည်။ ကွန်မြူနစ်ဝါဒသည် 'မိခင်ကောင်း'၊ 'အမျိုးသမီးတို့၏ မြင့်မြတ်သော တာဝန်ဝတ္တရား'၊ 'တော်ဝင်သည့် ကျင့်ဝတ်' စသော မိန်းမများအတွက် အလွန်အန္တရာယ်ဖြစ်သည့် စကားများ၏ နောက်သို့လည်း ယောင်၍ လိုက်မသွားပေ။

လင်းလွန်းခင်စာပေ

(၉)
ကွန်မြူနစ်ဝါဒနှင့် မုဆိုလိုနီ၊ ဟစ်တလာနည်း

စက်ကိရိယာများကြောင့် ပေါ်ပေါက်လာသည့် လူတို့၏ ယခုမျက်မှောက် ပြဿနာများ အကြောင်းကို ကျွန်ုပ်တို့သည် ပထမက စဉ်းစား ဆင်ခြင်ခဲ့လေပြီ။ ထို့ပြင် ယင်းပြဿနာများ၏ အဖြေမှာ ကွန်မြူနစ်ဝါဒဖြစ်၏ ဟူ၍လည်း ပြောပြပြီးခဲ့လေပြီ။ အရင်းရှင်ဝါဒသည် ယခုအထိ ကွန်မြူနစ်ဝါဒကို စိတ်ကူးယဉ်အိပ်မက် တစ်ခုဟုပင် ယူဆထားလေ၏။ သို့ဖြစ်၍ အရင်းရှင်ဝါဒသည် ကွန်မြူနစ်ဝါဒကို ရယ်ရွှင်ဖွယ်မျှလောက်သာ အောက်မေ့နေပြီး လေးလေးနက်နက် ဂရုစိုက်ခြင်း မရှိခဲ့။ သို့ရာတွင် ကမ္ဘာ၏ အလွန်ဝေါ်ကြောစည်ပင်သည့် ခြောက်ပုံတစ်ပုံဖြစ်သော နယ်မြေပေါ်၌ ကွန်မြူနစ်ဝါဒ လွှမ်းမိုးသွားသည်ကို တွေ့မြင်ရသောအခါ အရင်းရှင်ဝါဒ၏ အသွင်သည် ပြောင်းလဲ၍သွားပြီးလျှင် မိမိကိုယ်မိမိ ကာကွယ်ရန်အတွက် အသွင်သစ်၊ ပုံစံသစ်ကို ဖန်တီးလိုက်လေ၏။ အီတလီက မုဆိုလိုနီ၏ ဖက်ဆစ်ဝါဒသည်လည်းကောင်း၊ ဂျာမနီက ဟစ်တလာ၏ နာဇီဝါဒသည်လည်းကောင်း ထိုအရင်းရှင်ဝါဒဟောင်း၏ ပုံသစ်၊ အသွင်သစ်များပင် ဖြစ်ကြလေ၏။ အချိန်ကုန်လွန်လာသည်နှင့်အမျှ တိုင်းပြည်နိုင်ငံတိုင်း၌ ကွန်မြူနစ်ဝါဒကို တားဆီးပိတ်ပင်ရန်အတွက် အရင်းရှင်ဝါဒအတွက် ယင်းကဲ့သို့ ပြုလုပ်ရန် လိုအပ်ကြောင်းမှာ ရှင်းလင်းပြတ်သားစွာ လာလေ၏။ အကြောင်းမူကား လွန်ခဲ့သည့် ရာစုနှစ်အတွင်း၌ အရင်းရှင်ဝါဒ၏ နာမည်သည် ဘယ်လောက် ပျက်နေသနည်းဆိုလျှင် အရင်းရှင်များသည်ပင် ထိုအမည်ကို မသုံးရဲအောင် ဖြစ်နေကြလေ၏။

ထို့ကြောင့် မုဆိုလိုနီက ''ဖက်ဆစ်ဝါဒသည် အရင်းရှင်ဝါဒ၏ ကျွန်မဟုတ်''ဟု ပြောခြင်း ဖြစ်လေသည်။ ဟစ်တလာကမူ သူ၏အဖွဲ့အမည်ကို နာဇီသို့မဟုတ် အမျိုးသားဆိုရှယ်လစ် ဟူ၍ပင် မှည့်ထားလေသည်။

သို့ဖြစ်၍ ဤဝါဒများကို နှစ်သက် သဘောကျသူများက ''ကျွန်ုပ်တို့၏ ဝါဒကို အသင်တို့သည် အရင်းရှင်ဝါဒဟု မခေါ်ဆိုနိုင်ပေ၊ ယခုပစ္စုက္ခ ပြဿနာများကို ကွန်မြူနစ်ဝါဒက ဖြေရှင်းဖို့ရန် ကြွေးကြော်သည့် နည်းတူပင်

ကျွန်ုပ်တို့ကလည်း ဖြေရှင်းနည်းတစ်ခုကို တင်ပြနေကြသည်''ဟူ၍ ပြောဆို ကြလေ၏။

ကဲ... ကောင်းပြီ၊ စက်ကိရိယာနှင့် အရင်းရှင်ဝါဒကြောင့် ဖြစ်ပေါ်လာသည့် ကျွန်ုပ်တို့၏ အခက်အခဲများကို ဤဝါဒသမားများသည် မည်၍ မည်မျှ ဖြေရှင်းကြသနည်းဟူသော အချက်ကို ကျွန်ုပ်တို့ ကြည့်ကြစို့။

ကျွန်ုပ်တို့သည် ထိုအခက်အခဲများကို နှစ်ပိုင်း ပိုင်းခြားနိုင်လေ၏။ တစ်ပိုင်းမှာ ပြည်တွင်းရှိ အလုပ်လက်မဲ့ပြဿနာ၊ လူဦးရေ တိုးပွားများပြားမှု ပြဿနာဖြစ်၍ အခြားတစ်ပိုင်းက ကမ္ဘာ့ခေါင်းပေါ်တွင် အစဉ်မပြတ် ဝဲလျက်ရှိသော ကြောက်မက်ထိတ်လန့်ဖွယ် ကောင်းသည့် စစ်တည်းဟူသော ဓား ဖြစ်လေ၏။ ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒ နှစ်ခုလုံးပင် စစ်ကို အလိုလားဆုံးဝါဒများ ဖြစ်ကြလေ၏။ ၄င်းတို့သည် စစ်ကို လူသားကောင်းစားရေးအတွက် မုချလိုအပ်သည့်အရာ၊ မြင့်မြတ်သည့် နည်းလမ်းဟူ၍ ယုံကြည်စွဲမှတ်ကြလေ၏။

မုဆိုလိုနီ၏ ဖက်ဆစ်ဝါဒသည် အမျိုးသားဝါဒီ ဖြစ်သည်။ မုဆိုလိုနီ၏ ဖက်ဆစ်ဝါဒအတွက် အီတာလျံလူမျိုးနှင့် ထိုလူမျိုး ကောင်းစားရေးသည် အမြင့်ဆုံး ရည်မှန်းချက် ဖြစ်၏။ တစ်ချိန်တုန်းက မုဆိုလိုနီသည် ဂျာမန် နာဇီဝါဒကို အလွန်အမင်း ထောက်ခံအားပေးသူတစ်ဦး ဖြစ်ခဲ့လေ၏။ နာဇီဝါဒကို ဖက်ဆစ်ဝါဒ၏ ဂျာမန်အသွင်၊ ဂျာမန်ဘာသာပြန်ထားချက်ဟုပင် ထင်မှတ် ယူဆခဲ့ရလေသည်။ သို့ရာတွင် ဂျာမန်၌ နာဇီဝါဒ အာဏာရပြီး လူမျိုး တစ်မျိုး၊ ဘာသာတစ်ခု အနေအားဖြင့် ဩစတြီးယားကို ဝါးမျိုဖို့ရန် ကြံရွယ်လာသောအခါ မုဆိုလိုနီသည် နားစွင့်လာပြီးလျှင် အီတာလျံသတင်းစာများကလည်း နာဇီဝါဒကို ရှုတ်ချရေရွတ်ကြလေတော့၏။ ဩစတြီးယား၏ ချန်ဆယ်လာ ဒိုလဖဆကီးကို နာဇီများက သတ်ပစ်လိုက်သောအခါ မိုဆိုလိုနီ၏ ဆန့်ကျင်မှုသည် ပိုမိုပြတ်သား၍ လာလေ၏။

ဤသို့ ဖြစ်ဖို့ရန်မှာ မလွဲမရှောင်သာသောအချက် ဖြစ်လေ၏။ အကြောင်းမူကား ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒ နှစ်ခုလုံးသည် အမျိုးသားရေးကို အရေးအကြီးဆုံးဟု မှတ်ယူကြရုံသာလျှင် မကဘဲ အခြားလူမျိုးတို့အား ဖျက်ဆီးခြင်း၊ ကျွန်လုပ်ခြင်း

အားဖြင့်လည်း မိမိတိုင်းပြည်၏ နယ်ပယ်ကျယ်ပြန့်မှုနှင့် အာဏာ တည်တံ့မှုကို စွမ်းနိုင်သမျှ လုံးပန်းလိုကြလေ၏။

အီတလီ၏ လူဦးရေကို တစ်ရှိန်ထိုး တိုးပွားအောင် ပြုလုပ်ရန်နှင့် လူမည်းမျိုးများကိုသာလျှင် မကဘဲ ဖြစ်နိုင်က အိမ်နီးနားချင်းဖြစ်သည့် ယူဂိုဆလဗီကဲ့သို့သော လူမျိုးတို့၏ တည်တံ့မှုကိုပါ ပယ်ဖျက်ပြီး မိမိတိုင်းနိုင်ငံကို ချဲ့ထွင်ရန်မှာ ဖက်ဆစ်ဝါဒ၏ ရှေ့မှောက်၌ရှိသော ရည်မှန်းချက်ကြီးများ ဖြစ်လေ၏။ တစ်ကမ္ဘာလုံးရှိ လူမျိုးများက အီတာလျံလူမျိုးများအတွက် ဤကမ္ဘာကြီးအတွင်းမှ နေရာရှဲပေးပါမှ ၄င်းတို့၏ အလိုဆန္ဒ ပြည့်ဝအောင်မြင်ဖို့ ရှိလေသည်။ စစ်ပွဲကို အသက်ဆက်ထားခြင်းသည် ၄င်းတို့၏ အလိုဆန္ဒ ပြည့်ဝအောင်မြင်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းဥပါယ် ဖြစ်၏ ဟူသော အချက်မှာလည်း ပြတ်သား ထင်ရှားလာလေ၏။

သို့ရာတွင် စစ်သည် ယခုအခါတွင် ရှေးယခင်ကကဲ့သို့ အပျော်သဘောမျိုး မဟုတ်တော့ဘဲ လောကဓာတ်ပညာက ဘယ်လောက် ထိတ်လန့်ဖွယ် ဖန်တီးထားသနည်းဆိုလျှင် ထိုစစ်ကြောင့် လူမျိုးအားလုံး မှုန်မှုန်ညက်ညက် ပျက်စီးသွားအောင်ပင် တတ်နိုင်လေသည်။

နိုင်ငံခြားရေးဝါဒနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့မငြိမ်းချမ်းမှုနှင့် စပ်လျဉ်း၍လည်းကောင်း နာဇီဝါဒ၏ သဘောသည် ဖက်ဆစ်ဝါဒထက်ပင် ပိုမိုပြတ်သားလေသည်။ ဟစ်တလာသည် သူ၏ 'ကျွန်ပ်၏စစ်' ဟူသော စာအုပ်၌ ဤသို့ ရေးသားထားလေသည်။

'အမှန်စင်စစ်မှာ လူသည် ကမ္ဘာပေါ်၌ ငြိမ်းချမ်းမှု၏ တစ်ဦးတည်းသော အရှင်သခင် ဖြစ်သည်အထိ အောင်မြင်မှုကို ရရှိသည့် အချိန်ကျမှသာလျှင် ငြိမ်းချမ်းမှု ရည်မှန်းချက်၏ ရုပ်လုံးသည် စနစ်တကျ ပေါ်လာနိုင်ပေမည်။' (စာမျက်နှာ-၃၁၅)

'တိုင်းပြည်၏ ပြည်တွင်းရည်ရွယ်ချက်သည် တောက်ပြောင်၍ ထက်သည့် ဓားများကို ပုံသွင်းနိုင်ဖို့ရန် ဖြစ်သင့်လေသည်။ ထိုဓားများကို အချိုးကျကျနှင့် အမြောက်အမြား ပုံသွင်းနိုင်ဖို့ရန်အတွက် လိုလေသေးမရှိအောင် စီမံထားသင့်လေသည်။' (စာမျက်နှာ- ၆၈၉)

"စစ်သဘောမျိုးဖြင့် မပြုလုပ်သော စေ့စပ်မှု၊ သို့မဟုတ် မိတ်ဖွဲ့မှုသည် အချည်းနှီး အလဟဿပင် ဖြစ်လေ၏။" (စာမျက်နှာ- ၇၄၉)

နာဇီဝါဒသည် အမျိုးသားရေးခံ့ ရှေ့သို့ ခြေတစ်လှမ်းလှမ်းရှိလည်း နေလေသည်။ ဂျာမနီပြည်ခံ့ နာဇီအတွက် လူအဆက်ပေါင်းများစွာအထိ မိဘဘိုးဘွား တို့၏ သွေးသည် အခြားလူမျိုးတို့၏ သွေးနှင့် မရောခဲ့သော လူမျိုးစစ်စစ်ဖြစ်ဖို့ အရေးကြီးလေ၏။ ၄င်းတို့၏ အလိုအရ ဂျာမနီကလွဲပြီး ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံတွင်မျှ၊ ဥရောပတိုက်ရှိ မည်သည့်နိုင်ငံတွင်မျှ လူမျိုးစစ်စစ်၊ လူမျိုးသန့်သန့် မရှိပေ။ ၄င်းတို့သည် အခြားလူမျိုးများနှင့် အိမ်ထောင်ပြုခြင်း စသော ဆက်သွယ်မှုများကို ဖြတ်တောက်ပစ်လိုက်ကြသည်သာ မကဘဲ ရာစုနှစ်ပေါင်းများစွာက စပြီး တိုင်းပြည်ခံ့ နေထိုင်လာခဲ့ကြသော အချိုးအစား၊ ဘာသာစကားမှစ၍ အားလုံး ဂျာမန်အတိုင်းဖြစ်သည့် ရဟူဒီလူမျိုးတို့အား တိုင်းပြည်မှ နှင်ထုတ်ဖို့ရန် အစီအစဉ်ပြုလုပ်၍လည်း သူတို့၏ အထက်ပါသဘောထားကို ဖော်ပြခဲ့ကြလေသည်။ ဖက်ဆစ်ဝါဒနည်းတူ နာဇီဝါဒသည်လည်း ဂျာမန်လူမျိုးဦးရေ တိုးပွားရေးသည် မိမိ၏ တာဝန်ဝတ္တရားဟူ၍ ထင်မှတ်ထားလေသည်။ နာဇီတို့သည် အိမ်ထောင်သားမွေးပြုလုပ်ကြသူတို့အား အစိုးရဘဏ္ဍာတိုက်မှ ငွေကြေးအမြောက်အမြားနှင့် ဆုလာภ်ချီးမြှင့်ပြီး အားပေး မြှောက်စားကြလေသည်။ ဤဝါဒနှစ်ရပ်လုံးသည် အခြားအကြောင်းအရာနှင့် စပ်လျဉ်း၍ တစ်ခုခု ဖြစ်နိုင်လိမ့်မည် ဖြစ်သော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောရလျှင်မူ ၄င်းတို့သည် ကမ္ဘာ့ငြိမ်းချမ်းရေး၏ အကြီးမားဆုံးသော ရန်သူများ ဖြစ်ကြလေ၏။

မိမိတို့၏ တိုင်းပြည်နိုင်ငံအတွင်းခံ့ ဤဝါဒနှစ်ရပ်၏ အသွင်သဏ္ဌာန် ဘယ်ပုံရှိသည်ဆိုသည့် အချက်ကို အသာကြည့်လိုက်စမ်းပါ။ ဤဝါဒနှစ်ရပ်လုံးပင် ဖိနှိပ်သူနှင့် အဖိနှိပ်ခံ၊ လုယက်သူနှင့် အလုယက်ခံ (အရင်းရှင်နှင့် လုပ်သား)တည်းဟူသော လူတန်းစားနှစ်ရပ်ကို တည်ဆောက်ထားလိုကြပေ၏။ မုဆိုလိုနီနှင့် ဟစ်တလာတို့အား အောင်မြင်မှု ရရှိစေရန်အတွက် ကွန်မြူနစ်ဝါဒ ခြောက်လုံးကို အကြောက်ကြီး ကြောက်နေကြသည့် အရင်းရှင်တို့သည်သာလျှင် သူတို့၏အိတ်ကို ဖွင့်လှစ်ထားကြလေသည်။ အရင်းရှင်တို့၏ ကြေးငွေဓနဖြင့် ကြီးထွားလာခဲ့ကြ

သော အလုပ်သမားတို့၏ လွတ်လပ်သော အဖွဲ့အစည်းတည်းဟူသော မီးလောင်တိုက် ပြာပုံပေါ်၌ တည်ထောင်ထားသည့် ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒသည် အရင်းရှင်ဝါဒကလွဲပြီး တခြား ဘာဖြစ်နိုင်ဦးမည်နည်း။

အရင်းရှင်ဝါဒ၌ စက်ကိရိယာများကို ပုဂ္ဂလိက အမြတ်အစွန်းအတွက် အသုံးပြုပုံကိုလည်းကောင်း၊ ကွန်မြူနစ်ဝါဒ၌ စက်ကိရိယာများကို တိုင်းပြည်နိုင်ငံ၏ လိုအပ်သော အရာများအတွက် အသုံးပြုပုံကိုလည်းကောင်း ကျွန်ုပ်တို့သည် အစ ပထမက ပြောပြခဲ့ပြီးလေပြီ။ နာဇီဝါဒသည် ဖိနှိပ်သူနှင့် အဖိနှိပ်ခံလူတန်းစားကွဲပြားမှုကို ပယ်ဖျောက်ဖို့ဝေးစွ၊ ထပ်ပြီး မြဲမြံခိုင်ခံ့အောင်ပင် ပြုလုပ်ဖို့ရန် လိုလားနေလေသည်။ ကွန်မြူနစ်ဝါဒဘက် ယိမ်းယိုင်နေသည်ကို တွေ့ရသောကြောင့်သာ လျှင် ၁၉၃၄ ခုနှစ်က ဟစ်တလာသည် သူ၏ လုပ်ဖော်ကိုင်ဖက် နှစ်ရာလောက်ကို အဆုံးစီရင်လိုက်ခြင်း ဖြစ်လေ၏။ နာဇီဝါဒသည် အမျိုးသမီးများအတွက် အိမ်ထောင်ပြုခြင်းကို အသက်မွေးဝမ်းကျောင်းမှ လုပ်ငန်းတစ်ရပ်ဟု ယူဆပြီး အမျိုးသမီးများ၏ စီးပွားရေးလွတ်လပ်မှုနှင့် လွတ်လပ်သော အသက်မွေးဝမ်းကျောင်းမှုကို အတင်းအဓမ္မ လုယူပြီးလျှင် အလုပ်လက်မဲ့ ပြဿနာကို ဖြေရှင်းဖို့ရန် လိုလားလေသည်။ နာဇီတို့၏ ကြေညာချက်မှာ 'မိန်းမတို့၏ နေရာသည် စက်ရုံနှင့် ရုံးတို့၌ မရှိပေ။ အိမ်ရှင်မ၊ သို့မဟုတ် မိခင်၏သဘောဖြင့် အိမ်၌သာလျှင် ရှိလေ၏။ အခက်အခဲပေါင်းများစွာ၊ အနှောင့်အယှက်ပေါင်းများစွာနှင့်တကွ လွန်ခဲ့သည့် ရာစုနှစ်တစ်ခုအတွင်း၌ မိန်းမများ ရရှိခဲ့သည့် အခွင့်အရေးကို ၄င်းတို့က အောင်မာန်ယစ်မူးပြီး ကလောင်တစ်ချက်ဖြင့် လုယူလိုကြလေသည်။'

တိုးတက်မှုကို ဆန့်ကျင်သည့် ပါတီတိုင်းအတွက် ဘာသာတရားနှင့် ထာဝရကို ဟစ်ကြွေးကြေညာမှုသည် အလွန်ကျေးဇူးများသည့် အချက် ဖြစ်လေ၏။ ဤအချက်ကို ကျွန်ုပ်တို့သည် ဤဝါဒနှစ်ရပ်နှင့် စပ်လျဉ်း၍လည်း တွေ့မြင်သိရှိရလေ၏။ ဟစ်တလာ၏ အုပ်ချုပ်ရေး၌မူ ကျောင်းသားတို့သည် အောက်ပါအတိုင်း ရှိခိုးဆုတောင်းခြင်း မပြုလုပ်ဘဲ မနေရပေ။

"အို...တန်ခိုးကြီးမားသည့် ထာဝရသခင်၊ ကျွန်ုပ်တို့၏ လက်နက်တို့အား အောင်နိုင်မှု ချီးမြှင့်ပေးသနားပါလော။ အသင် အစဉ်မပြတ် ပြုလုပ်လာခဲ့သည့်

အတိုင်း တရားမှုကို ပြုလုပ်ပါလော။ ကျွန်ုပ်တို့အား ဆုမွန် ပေးပါလော့။ ကျွန်ုပ်တို့သည် လွတ်လပ်မှုနှင့် ထိုက်တန်သူများ ဖြစ် မဖြစ်ကို ပြောကြားပါလော့။ အို ထာဝရသခင်... ကျွန်ုပ်တို့၏ လက်နက်များအား အောင်နိုင်မှု ပေးသနားပါလော့"

ပုပ်ရဟန်းတို့၏ အမိန့်တော်များကဲ့သို့ ဟစ်တလာသည်လည်း အမိန့်တော်များကို ထုတ်ဆင့်ပြီးလျှင် ကားလ်မာ့က်စ်၏ ဝါဒကိုမျှသာမက၊ ဒါဝင်၏ တစ်စတစ်စ တိုးတက်မှုဝါဒကိုပင် တက္ကသိုလ်များ၌ မသင်ကြားရန် ပိတ်ပင်တားမြစ်ထားလေ၏။

ယင်းသို့လျှင် ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒ နှစ်ရပ်လုံးပင် ပြည်တွင်း၌ တိုးတက်မှု၏ ဆန့်ကျင်ဘက် ဖြစ်သည်။ နောက်ပြန်ဆွဲသူ ဖြစ်သည်။ မိန်းမ၊ အလုပ်သမား၊ မတိုးတက်သေးသည့် လူမျိုးများ လွတ်လပ်မှု၏ အကြီးဆုံးသောရန်သူ ဖြစ်သည်။ ပြည်ပ၌မူ စစ်မီးကို အမြဲတမ်း လေပင့်ပေးနေသူ ဖြစ်လေ၏။ ထိုနိုင်ငံများ၌ စက်ကိရိယာများကို အသုံးပြုပြီး အမြတ်အစွန်းထုတ်သော ပြဿနာနှင့် ဖိနှိပ်သူလူတန်းစားကို ထားမြဲထားပြီး အလုပ်လက်မဲ့ ပြဿနာများကို ထိုဝါဒများအားဖြင့် ဖြေရှင်းလို့ ရလိမ့်မည် မဟုတ်ပေ။

(၁၀)
ကွန်မြူနစ်ဝါဒနှင့် ပုဂ္ဂလိကလွတ်လပ်ရေး

ကွန်မြူနစ်ဝါဒက အဘယ်အရာကို လိုလားသနည်း။ ကွန်မြူနစ်ဝါဒက လိုလားသော အရာများမှာ (၁) ဖိနှိပ်သူနှင့် အဖိနှိပ်ခံ ကွဲပြားနေမှုကို ပယ်ဖျောက်ပြီးလျှင် ကုန်ပစ္စည်းထုတ်လုပ်သော ကိရိယာများ (စက်၊ မြေ၊ ကုန်ကြမ်း)နှင့် ထုတ်လုပ်ပြီး ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား မပေးဘဲ လူ့လောကအား ပေးရန်၊ (၂) လူတိုင်း လူတိုင်းအား သူတို့၏ အရည်အချင်းအားလျော်စွာ အလုပ်ပေးရန်၊ (၃) လူ့ဘဝအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ စက်ကိရိယာများကို အသုံးပြုလိုက်သဖြင့် ရရှိလာသည့် အကျိုးခံစားခွင့်များကို လည်းကောင်း၊ စိတ်ဓာတ် တိုးတက်ရာတိုးတက်

ကြောင်း အခွင့်အလမ်းများကို လည်းကောင်း မျှော်လင့် ရည်မှန်းထားကြသည့် အတိုင်း လူတိုင်း လူတိုင်းအား ညီတူညီမျှ ခွဲဝေပေးဖို့ရန်၊ ဤကား ကွန်မြူနစ်ဝါဒ၏ လိုလားချက်များ ဖြစ်ကြ၏။

(၁) နှင့် (၂)ကို ကြည့်ပြီးလျှင် လူပေါင်းများစွာတို့က အောက်ပါအတိုင်း ပြောကြလေသည်။

(က) အလို... သည်လိုဆိုလျှင်ဖြင့် ကွန်မြူနစ်ဝါဒသည် ပုဂ္ဂလိက လွတ်လပ်မှု၏ ရန်သူကြီး ဖြစ်ပေသည်။ ကွန်မြူနစ်ဝါဒအတွက် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်သည် စက်ကိရိယာ အစိတ်အပိုင်းတစ်ခုထက် ဘာမျှ မပိုပေ။ သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် လူလောက၏ လက်ထဲက အရုပ်မျှသာလျှင် ဖြစ်လေ၏။

(ခ) စိတ်ဓာတ်တိုးတက်မှု အရည်အချင်းသည် လူတိုင်း လူတိုင်းခွဲ ညီတူညီမျှ မရှိပေ။ ဤကဲ့သို့ ဝါးလုံးရှည်နှင့် သိမ်းရိုက်မည်ဆိုလျှင် ဉာဏ်ပဋိဘာန် ထူးချွန်သူ ပါရမီရှင်များ သတ်သေကြလိမ့်မည်။ လူလောကသည် ၄င်းတို့၏ အကျိုးပြုမှုတို့မှ လက်လွတ် ဆုံးရှုံးသွားရပေလိမ့်မည်။

(ဂ) နံပါတ် (၃)အရ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လုပ်အားအားလုံး၏ အကျိုးတရားသည် ညီတူညီမျှ ဖြစ်ရမည်ဆိုလျှင် မည်သူသည် တန်ဖိုးရှိသည့် လုပ်အားနှင့် အရည်အချင်းအတွက် လုံ့လထုတ်တော့မည်နည်း။ တောထဲ၌ သစ်ပင်တို့သည် တစ်ဖုံတည်း တစ်ချိုးတည်း မဟုတ်ကြကုန်။ အချို့အပင်များသည် ထင်းရှူးပင်ကဲ့သို့ ပေတစ်ရာမျှ မြင့်မားကြသည်။ အချို့အပင်များက ဘုဇပတ်ပင်ကဲ့သို့ သေးငယ်သည်။ အချို့အပင်များကမူ မြက်ပင်များပမာ အလွန်ပင် သေးငယ်ကြလေ၏။ အကယ်၍ သဘာဝသည် အားလုံးကို တူညီသည့်သြဇာကို ပေးလျှင်၊ တူညီသည့် လေ၊ ရေ၊ နေကို ပေးလျှင် ထင်းရှူးပင်သည် ဤမျှလောက် ကြီးထွားလာနိုင်ပါမည်လော။ ထိုသို့ဖြစ်လျှင် ယန်းအိုးထဲ၌ အလှထားသော တရုတ်ထင်းရှူးပင်ကဲ့သို့ ထင်ရှူးပင်တို့သည်လည်း နှစ်ပေ၊ သုံးပေ အရှိလောက်တွင် မိမိတို့၏ ကြီးထွားမှုကို ရပ်ထားရပေလိမ့်မည်။ ကွန်မြူနစ်ဝါဒ၏ သဘောတရားသည်လည်း

အမှန်မှုချပင် ဉာဏ်ပါရမီနှင့် အရည်အချင်းအတွက် ဤနည်းအတူ အနှောင့်အယှက် အဖျက်အဆီး ဖြစ်နေပေလိမ့်မည်။

(ဃ) လူသည် စိတ်မရှိသည့် အရာဝတ္ထုများကဲ့သို့ နေရာကျဉ်းကျဉ်း ကျပ်ကျပ်ကလေးထဲတွင် အချုပ်အနှောင်ခံပြီး နေဖို့ရန်မှာ မဖြစ်နိုင်ပေ။ စိတ်ရှိသည် ဟူသော အဓိပ္ပာယ်မှာလည်း လွတ်လပ်သော စိတ်ကူးမှုနှင့် လွတ်လပ်သော အလုပ်လမ်းစဉ်ကို ရယူမှုပင် ဖြစ်လေ၏။ ဤလွတ်လပ်မှုကြောင့်သာလျှင် လူသည် သိမ်မွေ့နုးညံ့သည့် အနုပညာ၊ လှပကောင်းမွန်သည့် စာပေ၊ ပြန့်ပြောကျယ်ဝန်းသည့် ဝိဇ္ဇာပညာများကို တည်ဆောက်ပြုလုပ်သည့် နေရာ၌ အောင်မြင်အထမြောက်ခြင်း ဖြစ်လေ၏။

(c) ကွန်မြူနစ်တို့သည် လူ့သဘာဝကို နှမ်းတစ်စေ့မျှ မသိကြပေ။ အကယ်၍ လူ့သဘာဝကိုသိလျှင် သူတို့သည် ဤကဲ့သို့ လေရဲတိုက်ကို တည်ဆောက်ဖို့ရန် ဘယ်တော့မှ အားထုတ်ကြမည် မဟုတ်ပေ။ လူတို့၌ အချို့ အချို့သော သူတို့သည် ခေါင်းဆောင်ခေါင်းရွက် ပြုလုပ်ဖို့၊ အမိန့်ညြွှန်ပေးဖို့ သဘာဝအရည်အချင်းနှင့် ပြည့်စုံကြလေ၏။ အခြားလူများစုကမူ ထိုကဲ့သို့သော အရည်အချင်းမျိုးမှ ကင်းဆိတ်ပြီး နောက်လိုက်သက်သက်လုပ်ဖို့၊ အမိန့်ညြွှန်ခံဖို့သာလျှင် အရည်အချင်း ရှိလေ၏။ ကွန်မြူနစ်ဝါဒသည် လူ၏ ဓမ္မတာသဘောတရားကို ပြောင်းလဲပေးမည့် ဂါထာမန္တရားလည်း မဟုတ်ပေ။

(စ) ပုဂ္ဂိုလ်အသီးသီးတို့ကဲ့သို့ ကမ္ဘာပေါ်ရှိ လူမျိုးစုတ်တို့သည်လည်း အထူးထူးသော ရာသီဥတု၊ အပြားပြားသော မနသိကနှင့် ကာယိက တိုးတက်မှု တည်းဟူသော အကြောင်းတို့ကြောင့် တူညီမျှတသော အရည်အချင်း မရှိကြပေ။ ထိုလူမျိုးတို့အနက် များစွာသော လူမျိုးတို့မှာ အအုပ်ချုပ်ခံသာလျှင် ဖြစ်ထိုက်၏။ အုပ်ချုပ်နိုင်သည့် အရည်အချင်း သူတို့တွင် မရှိပေ။ ကျားနှင့်ဆိတ်ကို တစ်တန်းတည်း ထားခြင်းမှာ ဦးနှောက်ပျက်ခြင်းမျှသာ မဟုတ်ပါလော။

(ဆ) အရင်းရှင်သည် ဖိနှိပ်သူမဟုတ်ပေ။ ပစ္စည်းဝတ္ထုများကို ထုတ်လုပ်သည့်နေရာ၌ အရင်းရှင်သည်လည်း အလုပ်သမားကဲ့သို့ပင် အလုပ်ကို လုပ်သူ ဖြစ်လေသည်။ အလုပ်သမားများက လက်နှင့်အလုပ်လုပ်၍ အရင်းရှင်များကမူ

စည်းရုံးခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်း၊ စုဆောင်းဝေငှခြင်းများဖြင့် ထိုကဲ့သို့ပင် အရေးပါ အရာရောက်သည့် အလုပ်များကို လုပ်ကြလေသည်။

(ခ) ယဉ်ကျေးမှုနှင့် အနုပညာကို စောင့်ရှောက်ရာ၌လည်းကောင်း၊ ဝိဇ္ဇာ ပညာကို ပြန့်ပွားအောင် ပြုလုပ်သည့်နေရာ၌ လည်းကောင်း အရင်းရှင်နှင့် ဘုရင် ပဒေသရာဇ်များသည်သာလျှင် အဓိက ကြိုးပမ်းအားထုတ်သူများ မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် ထိုလူတန်းစားတို့၏ တည်ရှိမှုကို ဖျောက်ဖျက်ပစ်လိုက်လျှင် လူ့လောကအတွက် အကျိုးဆုတ်ယုတ်သွားနိုင်သည် မဟုတ်ပါလော။

အထက်ပါ ပြဿနာများနှင့် စပ်လျဉ်း၍ ကွန်မြူနစ်ဝါဒက အောက်ပါ အတိုင်း အဖြေပေးလိမ့်မည်။

(က) ကွန်မြူနစ်ဝါဒသည် အရင်းရှင်ဝါဒထက် ပိုပြီး ပုဂ္ဂလိကလွတ်လပ်ရေးကို ပေးသည်ဟူသော အချက်ကို မပြောပြမီ ကျွန်ုပ်တို့သည် 'အရင်းရှင်များ စည်တော်ရွှမ်းနေသည့် ပုဂ္ဂလိကလွတ်လပ်ရေး၏ အသွင်အပြင်ဆိုသည်မှာ ဘယ်လို ဟာမျိုးနည်း၊ ထိုလွတ်လပ်ရေးကို လူ့လောကထဲ၌ လူဘယ်လောက် ရရှိနေကြသနည်း' ဟူသောအချက်ကို ကြည့်ရှုရပေမည်။

လွတ်လပ်ရေးဟူသမျှကို ပေါက် ဖွားသည့် မိခင်သည် စီးပွားရေး လွတ်လပ်မှု ဖြစ်သည်ဆိုသည့်အကြောင်းကို ကျွန်ုပ်တို့သည် အဌမပိုင်း၌ ပြောဆိုခဲ့လေပြီ။

ထိုစီးပွားရေးလွတ်လပ်မှုကို လူဘယ်နှ ယောက်များ ရရှိကြသနည်း။ ဥစ္စာဓန ကြွယ်ဝချမ်းသာသူ (ဝါ) အရင်းရှင်တို့သည်သာလျှင် စီးပွားရေးလွတ်လပ်မှုကို ရရှိကြသည် မဟုတ်လော။ ၄င်းတို့သည် အလုပ်သမားပေါင်း ထောင်ပေါင်းများစွာကို ဝယ်ယူနိုင်ကြ၏။ ကျွန်သပေါက်ကဲ့သို့သာမက ကျွန်သပေါက်ထက် ဆိုးဝါးသော အခြေအနေမျိုးဖြင့် ပြုမူဆက်ဆံကြ၏။ ကျွန်ဆိုလျှင် မည်သည့် အခါမျိုးမဆို သခင်က အစားအသောက်၊ အဝတ်အစားအတွက် တာဝန်မယူလို့ မဖြစ်ပေ။ အကြောင်းမူကား သူသည် ကျွန်၏အပေါ်၌ မတည်ထားသော အရင်း မြှုပ်နှံစ်သွားမှာ စိုးရိမ်ကြောင့်ကြလေသည်။

သို့ရာတွင် အလုပ်သမားအတွက်မှာမူ အကြင်မျှလောက် ကာလပတ်လုံး အလုပ်သမားသည် ကျွန်းမာ၏။ အလုပ်လုပ်နိုင်၏။ အကြင်မျှလောက် ကာလပတ်လုံး

အလုပ်သမားကို ခိုင်းခြင်းအားဖြင့် အမြတ်အစွန်း ထွက်ပေါ်နိုင်၏။ ထိုမျှလောက် ကာလပတ်လုံးသာလျှင် အလုပ်သမားအား လုပ်အား၏ တစ်ဝက်၊ သို့မဟုတ် သုံးပုံ တစ်ပုံ အခပေးပြီး ခိုင်းမည် ဖြစ်ပေသည်။ အကယ်၍ ဈေးထိုင်းသွားပြီး လုပ်ခသည် ရှုံးမည့် ကုန်ပစ္စည်းသဘောမျိုး ဖြစ်နေလျှင် စက်ရုံများ၏ တံခါးခ်ို့ သော့ခတ်ထားလိုက်မည် ဖြစ်၏။ ထိုအခါ အိုးမဲ့ အိမ်မဲ့ အလုပ်ခံရသော အလုပ်သမား ထောင်ပေါင်းများစွာတို့သည် လည်းကောင်း၊ လုပ်ရည်ကိုင်ရည်ကို အလုအယက်ခံရ သည့် အလုပ်သမား ထောင်ပေါင်းများစွာတို့သည် လည်းကောင်း ထမင်းငတ်သေဖို့သာ ရှိတော့၏။

အကယ်၍ အလုပ်သမားသည် မကျန်းမမာ ဖြစ်ခဲ့သော် လည်းကောင်း၊ အိုးမင်းမစွမ်း ဖြစ်ခဲ့သော် လည်းကောင်း ကျန်းမာစဉ်အခါက သွေးတစ်စက် တစ်စက်ကို စုပ်ယူသည့် ပိုင်ရှင်သည် ထိုအလုပ်သမားကို အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်ဖို့ လွတ်လပ်မှု လုံးဝ ရှိလေ၏။ ဤကား အလုပ်သမား ထောင်ပေါင်းများစွာနှင့် ၄င်းတို့၏ မိသားစုတို့၏ ပုဂ္ဂလိကလွတ်လပ်ရေး ခံစားမှုကို လုယူဖျက်ဆီးပစ်နေခြင်း မဟုတ်လော။

လူအများ မသိအောင် တိတ်တိတ် ကိုယ့်ကိုယ်ကိုယ် သတ်သေနိုင်ကြသည့် အတွက် သူတို့ကို လွတ်လပ်မှုရှိသည်ဟု အသင် ပြောကောင်း ပြောပေလိမ့်မည်။ အလုပ်သမားများမှတစ်ပါး အခြား လိုက်ရှာကြည့်လျှင်လည်း ဤကဲ့သို့ သဘော ရှိသည့် ပုဂ္ဂလိက လွတ်လပ်ရေးမျိုးကို ခံစားနေကြရသည့် လူပေါင်း အမြောက် အမြားကို တွေ့ရှိရပေလိမ့်မည်။

ကမ္ဘာလောကၽွန် မည်သည့် ပစ္စည်းကိရိယာ၊ သို့မဟုတ် မည်သည့်ပုဂ္ဂိုလ် ကို အရင်းရှင်တို့က ဝယ်ယူမထားဟု အသင် ပြောပြနိုင်ပါမည်လော။ သတင်းစာ များသည် လူထု၏ မျက်မှောက်ၽွန် လွတ်လပ်သော အယူအဆများကို တင်ပြကြ ပါသလော။ အင်္ဂလန်နှင့် အခြားနိုင်ငံများရှိ ကုဋေကုဋာ ကြွယ်ဝချမ်းသာသူ သတင်း စာ ပိုင်ရှင်ကြီးများသည် သတင်းစာ အတတ်ပညာကို မိမိတို့လက်ထဲက ရုပ်သေး ရုပ်သဖွယ် ပြုလုပ်ထားသည် မဟုတ်ပါလော။ သတင်းစာများသည် ရှေးခေတ်

တစ်ချိန်တုန်းက လွတ်လပ်မှု အနည်းအကျဉ်း ရှိချင် ရှိခဲ့လိမ့်မည် ဖြစ်သော်လည်း ယခုခေတ်၌မူ အရင်းရှင်တို့၏ ကျွန်အတိသာလျှင် ဖြစ်နေကြ၏။

အိန္ဒိယပြည်၌လည်း လွတ်လပ်ရေးနှင့် တော်လှန်ရေး အယူအဆများ၏ ကိုယ်စားလှယ်လုပ်ပြီး အခြေခိုင်ခိုင် အုတ်မြစ်ချလာခဲ့ကြသည့် သတင်းစာတို့သည် အောင်မြင်မှုရရှိသည်နှင့် တစ်ပြိုင်နက် ခြေလှမ်းပြောင်းပစ်ရမှာ အချိန်သိပ်ကြာလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့နိုင်ငံက သတင်းစာများသည်လည်း အခြားနိုင်ငံက သတင်းစာများကဲ့သို့ အရင်းရှင်တို့၏ လက်ထဲ ရောက်သွားပြီး အရင်းရှင်တို့၏ ကောင်းကျိုးကို ရေးသား ပြောဆိုဖို့ရန်မှာ ကိုယ့်တာဝန်ဝတ္တရားဟု ထင်မှတ်ယူဆရသည့် အချိန်သို့ ရောက်ဖို့ သိပ်မလိုတော့ပေ။

ကျွန်ုပ်တို့၏ တိုင်းပြည်၌ ယခုအထိ အရင်းရှင်များသည် သတင်းစာဘက်ကို အာရုံအစိုက်နည်းကြသေးသည်။ အကြောင်းမှာမူ အမြတ်နည်းမည် အထင်ရှိခြင်းနှင့် အရင်းမြှုပ်နှံရမှာ စိုးသောကြောင့် ဖြစ်လေ၏။ အရင်းရှင်တို့၏ ကြော်ငြာမှ အများဆုံး ဝင်ငွေရနေသည့် သတင်းစာမျိုးသည် ဘယ်အထိ မိမိ၏ လွတ်လပ်မှုကို ဆုပ်ကိုင်ထားနိုင်ကြဦးမည်နည်း။

ယခုအခါတွင် အိန္ဒိယ အရင်းရှင်များသည် သတင်းစာများနှင့် ပုံနှိပ်တိုက်များ၏ အပေါ်၌ ဩဇာအာဏာ ညောင်းစေရန်အတွက် အတော်ပင် ခရီးရောက်အောင် ခြေလှမ်းလှမ်းပြီးကြပြီ ဖြစ်လေ၏။

စာရေးဆရာများနှင့် ကဗျာဆရာများကိုလည်း အရင်းရှင်တို့က ဝယ်ယူထားသည် မဟုတ်ပါလော။ ကမ္ဘာပေါ်၌ မိမိ၏ ကလောင်နှင့် ဉာဏ်စွမ်း ဉာဏ်စကို ရောင်းမစားသည့် စာရေးဆရာနှင့် ကဗျာဆရာတို့၏ အရေအတွက်သည် အလွန်တရာမှ နည်းပါးလှလေ၏။ လွတ်လပ်သော ကလောင်နှင့် ပစ္စည်းဥစ္စာ ရှိနေသူများကို ကမ္ဘာပေါ်၌ မဆိုစလောက် ရှာတွေ့မည်ဆိုလျှင်လည်း ၄င်းတို့သည် အောင်မြင်မှု မရရှိဘဲ မထင်မရှား ဤကမ္ဘာလောကမှ ခွဲခွာသွားရရှာသည့် ရာပေါင်းများစွာသော လူတို့၏ တစ်သက်လုံး တိုက်ပွဲဆင်ခဲ့ရသည့် လွတ်လပ်ရေးတိုက်ပွဲ၏ အကျန်အကြွင်းမျှသာလျှင် ဖြစ်လေ၏။

ထိုမှတစ်ပါး နိုင်ငံရေးသမားများကကော၊ နိုင်ငံရေးမှာမူ ပို၍ပင် အရင်း

ရှင်တို့၏ကျွန် စစ်သေးသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံရေးသမားကို အသာ စောင်းငဲ့ကြည့်လိုက်ပါ။ ဤအချက်ကို ထင်ရှားပြတ်သားစွာ သိရှိရပေလိမ့်မည်။ နိုင်ငံအားလုံး၏ အစိုးရအဖွဲ့များ၌ စက်ရုံပိုင်ရှင်၊ ဘဏ်ပိုင်ရှင်၊ ပုံနှိပ်တိုက်ပိုင်ရှင်များဖြင့်သာလျှင် ပြည့်နှက်၍နေလေသည်။ နိုင်ငံရေးမှာမူ အာဏာ၏ ပေါက်ဖွားဖြစ်ပေါ်ရာ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးကို အကြွင်းမဲ့ ဆုပ်ကိုင်ဖို့ရန်မှာ တကယ်တမ်း လိုအပ်သည့် တာဝန်ဝတ္တရားဖြစ်၏ဟု အရင်းရှင်များက စွဲမှတ်ထားကြလေ၏။ အရင်းရှင်နိုင်ငံများရှိ ပါလီမန်ရွေးကောက်ပွဲ၌မူ ကြေးငွေဓနတည်းဟူသော အားကိုးနှင့်သာလျှင် ယှဉ်ပြိုင် အရွေးခံကြလေသည်။ မဲဆန္ဒရှင်များအား ကြေးငွေသဘောမျိုးဖြင့် တံဆိုးလက်ဆောင် တိုက်ရိုက်မပေးသည့် ဌာနများ၌ (ထိုကဲ့သို့သော ဌာနများကား အလွန်တရာမှ နည်းပါးလေ၏)လည်း ပါးစပ်နှင့် သတင်းစာများကို ဝယ်ယူထားကြလေ၏။ လမ်းပန်း ဆက်သွယ်ရာ ဆက်သွယ်ကြောင်း မော်တော်ကား၊ လေယာဉ်ပျံ၊ မီးရထားအတွက်မှာမူ ငွေကို ရေလို အသုံးပြုကြလေသည်။

ကြေးငွေအင်အား မရှိဘဲ မိမိ၏ အရည်အချင်း၊ မိမိ၏ စွန့်လွှတ်မှု၊ မိမိ၏ အကျိုးဆောင်မှု အားကိုးဖြင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံ၍ မည်သည့် အခါက အောင်မြင်မှု ရရှိခဲ့ဖူးသနည်း။

စာပေ မသင်ကြားရဖူးသည့် နလပိန်းတုံး ကျေးတောသားများပင် ငွေမိုးမရွာဘဲ ရွေးကောက်ပွဲ၌ အနိုင်မရနိုင်ဟု သိရှိလေသည်။ 'ဒီမိုကရေစီ' အစည်းအရုံးများအတွက် ဤမဲဆန္ဒပေးမှုကိုပင် ပုဂ္ဂလိကလွတ်လပ်ရေး၏ ပြယုဂ်ပုံစံဖြစ်၏ ဟု ပြောဆိုအပ်သည် မဟုတ်ပါလော။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ လက်ထဲ၌ မရေမတွက်နိုင်လောက်အောင် ဥစ္စာပစ္စည်း အစုအပုံ ရှိနေပြီး အခြားထောင်ပေါင်း များစွာသော လူတို့က ဆင်းရဲမွဲတေနေသမျှ ကာလပတ်လုံး၊ ခိုကိုးရာမဲ့နေသမျှ ကာလပတ်လုံး မဲဆန္ဒ အရောင်းအဝယ် ဖြစ်မြဲ ဖြစ်နေမည်သာ ဖြစ်လေ၏။

ပဏ္ဍိတ်၊ မော်လဝီ၊ ပုပ်ရဟန်းတို့သည် ပုဂ္ဂလိကလွတ်လပ်ရေး၏ အရှင်သခင်များ ဖြစ်ကြပါသလော။ ၄င်းတို့သည်ပင် အရင်းရှင်တို့ကို မှီခိုနေကြရလေသည်။ သူတို့၏ ကြီးကျယ်ခမ်းနားသော ကျောင်းကြီးများ၊ အိမ်ကြီးများ၊ ရှည်လျားသော

အဝတ်များ၊ ဝတ်လုံကြီးများမှစ၍ အစစ အရာရာသည် အရင်းရှင်တို့ ပေးကမ်း လှူဒါန်းသည့် အရာများ ဖြစ်ကြလေ၏။ လွတ်လပ်မှုမျှော်လင့်ချက် အနည်းဆုံး ရှိသည့် နေရာဌာနမှာ ဤဘာသာကြီးကိုင်များနှင့် ၄င်းတို့၏နေရာ ကျောင်းတိုက် များပင် ဖြစ်ပေ၏။

ပြည်နယ်ဘုရင်များ၊ စော်ဘွားများ၏ ပြည်သူပြည်သားများ အတွက်မှာ မူ ပုဂ္ဂလိကလွတ်လပ်ရေးဟူသော စကားလုံးကိုပင် သုံးဖို့ မသင့်တော်တော့ပေ။ ၄င်းတို့၏ အသက်စည်းစိမ် ဂုဏ်သိန်ဟူသမျှသည် 'ထမင်းရှင်'၏ လက်သီးဆုပ် ထဲတွင် ရှိလေ၏။

မီးတုတ်ကိုကိုင်ပြီး (ထမင်းထုပ်ကိုကိုင်ပြီး) ကမ္ဘာပေါ်ရှိ ထောင့်တိုင်း၊ ထောင့်တိုင်းတွင် လိုက်ရှာကြည့်စမ်းပါ။ မည်သည့် အရင်းရှင်နိုင်ငံမှာမျှ ပုဂ္ဂလိက လွတ်လပ်ရေးကို တွေ့ရလိမ့်မည် မဟုတ်ပေ။ ပုဂ္ဂလိက လွတ်လပ်ရေးဟူသော စကားလုံးသည် အဓိပ္ပာယ်ကင်းမဲ့သည့် စကားလုံးသာလျှင် ဖြစ်ကြောင်း တွေ့မြင် သိရှိရပေလိမ့်မည်။ သို့မဟုတ် အကယ်၍ တစ်နေရာ၌ အနက်အဓိပ္ပာယ် ရှိနေမည် ဆိုပါလျှင်လည်း ထိုအဓိပ္ပာယ်သည် လက်တစ်ဆုပ်စာမျှသော ဓနရှင်များအတွက် သာလျှင် ဖြစ်ပေ၏။ ထိုနေရာများ၌ ဤလံ့ဗားကျောက်ရား စကားလုံးကြီးများဖြင့် လူတို့ကို လိမ်လိုကြသည်၊ ခြောက်လိုကြသည်။ လူရိုး၊ လူအ များကမူ ''ကျီး နားကို ချီသွားတယ်''ဟု ပြောသည့်အခါတွင် နားကို မစမ်းကြည့်ဘဲ ကျီး၏နောက် သို့သာလျှင် အတင်း ပြေးလိုက်ကြလေ၏။ ကမ္ဘာလောက၏ အကြီးမားဆုံးသော အင်အားဖြစ်သည့် ဥစ္စာဓနသည် အနည်းငယ်သော လူတို့၏ လက်ထဲက ပစ္စည်း ဖြစ်နေပြီး ထိုဥစ္စာဓနဖြင့် ကြီးကြီးငယ်ငယ် လူအမျိုးမျိုးတို့ကို ဝယ်ယူနိုင်ခဲ့သော် ထိုအဝယ်ခံရသော သူတို့သည် မည်သည့်အခါမျှ လွတ်လပ်နိုင်လိမ့်မည် မဟုတ် ကြောင်းကို ထိုလူရိုး၊ လူအများသည် သဘောပေါက်သင့်ကြလေ၏။

ကဲ... အသင်၏ 'ပုဂ္ဂလိကလွတ်လပ်ရေး' သည် လှည့်လုံးဖြစ်သည် ဆိုသည့် အကြောင်းကို သဘောပေါက်လောက်ပြီ။ ကွန်မြူနစ်ဝါဒသည် ပစ္စည်း ဥစ္စာကို ပုဂ္ဂလိက တစ်ဦးတစ်ယောက်၏ လက်ထဲ၌ ရှိနေခွင့်မပေးဘဲ စီးပွားရေး

အမြင်အားဖြင့် လူအားလုံးအား တစ်ပြေးတည်း တစ်ညီတည်း ပြုလုပ်ပေးသဖြင့် ပုဂ္ဂလိက လွတ်လပ်ရေး၏ အကြီးမားဆုံးသော အထောက်အပံ့ ဖြစ်လေ၏။

(ခ) ကွန်မြူနစ်ဝါဒသည် အရည်အချင်းဟူသမျှကို တိုးတက်စည်ပင်ခွင့်၊ အောင်မြင်မှုရရှိခွင့်ကို ပေးလေ၏။ အသင်ပြောပြသည့် အပြစ်မှာ အရင်းရှင်ဝါဒ၌သာလျှင် ရှိလေသည်။ အရင်းရှင်စနစ်၌မူ လူဆင်းရဲမီဘ၏ ဉာဏ်စွမ်းဉာဏ်စရှိသော ကလေးသူငယ်များကို မြှုံနေသည့် အစေ့ကဲ့သို့ အညွှန့်အညောက် ထွက်ပြူလာခွင့်ကို မပေးပေ။

(ဂ) ကွန်မြူနစ်ဝါဒသည် လုပ်အားဟူသမျှကို လူ့လောကအတွက် တညီတညာတည်း လိုအပ်သည်ဟု အမှတ်ထားလေသည်။ ဤအရည်အချင်း၏ တန်ဖိုးကို လည်းကောင်း၊ ဤဉာဏ်ပါရမီ၏ တန်ဖိုးကို လည်းကောင်း၊ လူ့လောကအတွက် ပြုလုပ်ဆောင်ရွက်သည့် ကြီးမားသော အကျိုးဆောင်မှု၏ တန်ဖိုးကိုလည်းကောင်း ကြေးငွေနှင့်အားဖြင့် မဖြတ်လိုပေ။ ဉာဏ်ပါရမီရှင် ကိုယ်တိုင်ကပင် ဤကြေးငွေနှင့် တန်ဖိုးဖြတ်မှုကို အချိန်ကြာမြင့်စွာကစပြီး သေးသိမ်နုပ်ဖွဲသည်ဟု အယူရှိလာခဲ့လေ၏။ မိမိကို ကြည်ညိုလေးစားသည့် အနေအားဖြင့် ဆုလာภ์များကို ချီးမြှင့်ခြင်းကိုမူ မဆန့်ကျင်ပေ။ ယင်းကဲ့သို့သော ဉာဏ်ပါရမီရှင်များမှာမူ မိမိတို့၏လုပ်ငန်း အောင်မြင်ခြင်းအားဖြင့်လည်းကောင်း၊ ချမ်းသာသုခနှင့် ပြည့်စုံသည့် အကျိုးထူးတရား ဖြစ်ထွန်းခြင်းအားဖြင့် လည်းကောင်း မိမိကိုယ်မိမိ လူဖြစ်ကျိုးနပ်သည်ဟု အယူရှိနေကြလေ၏။

ကမ္ဘာပေါ်ရှိ လောကဓာတ်ဆရာကြီးများ၏ တီထွင်ပြုလုပ်ချက်များဖြင့်မူ အရင်းရှင်တို့သည်သာလျှင် အမြတ်ထုတ်နေကြလေ၏။ ဝိဇ္ဇာပညာ (လောကဓာတ်ပညာ)ကို သုတေသန ပြုလုပ်ရာ၌ ဝမ်းပန်းတသာဖြင့်ပင် မိမိ၏ အသက်ကို စတေးပစ်နေကြသူများသည် ဆုထူးတစ်ခုခုကို မျှော်လင့်ပြီး ထိုကဲ့သို့ ပြုလုပ်နေခြင်းဖြစ်ပါသလော။ အမှန်စင်စစ်မှာမူ ပထမတန်းစားဖြစ်သော ဉာဏ်ပါရမီရှင်တို့မှာမူ ဆုထူးလာภ์ထူးတစ်ခုခုကို မျှော်လင့်တပ်မက်ခြင်း မရှိဘဲ လူသတ္တဝါတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန် အတွက်သာလျှင် အသင့်ရှိနေလိမ့်မည် ဖြစ်၏။ ဒုတိယနှင့် တတိယတန်းစားဖြစ်သော ဉာဏ်ပါရမီရှင်တို့ကိုမူ လုပ်ငန်း၌ အကူအညီပေးခြင်း

အားဖြင့် လည်းကောင်း၊ ချီးကျူးမြှောက်စားခြင်းအားဖြင့် လည်းကောင်း အားပေး အားမြှောက် ပြုလုပ်ပေးအပ်လေ၏။

(ဃ) ကွန်မြူနစ်ဝါဒသည် လူကို စိတ်မရှိသည့် အရာဝတ္ထုကဲ့သို့ နေရာ ကျဉ်းကျဉ်းကျပ်ကျပ်ကလေးထဲတွင် ပိတ်လှောင် နှောင်ဖွဲ့ထားဖို့ရာ စိတ်မကူးပေ။ စင်စစ်သော်ကား အရင်းရှင်စနစ် အကျဉ်းထောင်ထဲ၌ မွေးကတည်းက သေသည့် တိုင် ချုပ်နှောင်ခြင်းခံရသည့် မရေမတွက်နိုင်သော လူတို့အား သူတို့၏ စီးပွားရေး လက်ထိတ်ကို ဖြုတ်တောက်ပြီး လွတ်ပစ်ဖို့ရန် ဆန္ဒရှိလေသည်။ ဆုံလှည့်နွားကဲ့သို့ တစ်သက်လုံး ဝမ်းဗိုက်နောက်သို့ တကောက်ကောက် လိုက်နေရသူတို့အားလည်း "သိမ်မွေ့သည့် အနုပညာ၊ ကောင်းမြတ်သည့် စာပေနှင့် ဝိဇ္ဇာပညာကို တီထွင်လုပ်ရန်အတွက်" ကွန်မြူနစ်ဝါဒက အဆရာထောင်ပိုပြီး အခွင့်အလမ်း ပေးလေသည်။

(c) အကယ်၍ ခေါင်းဆောင်မှုနှင့် နောက်လိုက်မှုသည် လူတို့၌ မိခင်၏ နို့မှ ရောက်လာသည်ဟုဆိုလျှင် ကွန်မြူနစ်ဝါဒသည် ၄င်း၏နောက်ကို တုတ်ဆွဲပြီး အဘယ်မှာ လိုက်မည်နည်း။ ကွန်မြူနစ်ဝါဒကမူ ထိုခေါင်းဆောင်မှုကို ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ အရည်အချင်းနှင့် ဉာဏ်ရည်ဉာဏ်စွမ်းတည်းဟူသော အင်အား အပေါ်၌သာလျှင် တည်ဆောက်ဖို့ရန် လိုလားလေသည်။ ကြေးငွေတည်းဟူသော တံစိုးလက်ဆောင်ကို ပေးပြီး ခေါင်းဆောင်မှုကို ယူခြင်းကိုမူ ကွန်မြူနစ်ဝါဒက ဆန့်ကျင်လေသည်။ ငွေဖြင့် ဝယ်ယူရရှိသည့် ခေါင်းဆောင်မှုကို သဘာဝမကျဟု အသင်လည်း ပြောဆိုလိမ့်မည် ဖြစ်၏။

(စ) ကမ္ဘာပေါ်ရှိ လူမျိုးတို့၌ ဝမ်းတွင်းပါ အုပ်ချုပ်သူနှင့် အအုပ်ချုပ်ခံ ဟူ၍ ခွဲခြားခြင်းမှာမူ အောက်ပါ ဓားပြတို့၏ စကားအတိုင်း ဖြစ်လေ၏။

"တရားသူကြီးသည် သိပ်မိုက်၊ သိပ်အသည်းလူ ဖြစ်သည်။ လူယောကျ်ားကို လုံးလုံးနားမလည်ပေ။ အချို့ လူများမှာ မွေးကတည်းက လုယက်ဖို့ လူဖြစ်လာကြ၍ အချို့ကမူ မွေးကတည်းက အလုခံရဖို့ လူဖြစ်လာကြသည်။ ကျားနှင့် ဆိတ်ကဲ့သို့ နှစ်မျိုး နှစ်စားသော လူတို့အား တစ်ချိုးတစ်စားတည်း ပြုလုပ်ခြင်းမှာ လုံးဝ မသင့်လျော်ပေ"

သူခိုးဓားပြ၏ အထက်ပါ စကားကဲ့သို့ နယ်ချဲ့ဝါဒီ အရင်းရှင်တို့၏

အထက်ပါ ပြောဆိုချက်များမှာလည်း သူတို့၏ တစ်ကိုယ်ကောင်း၊ တစ်ကိုယ်ကျိုး ကြည့်ခြင်း၏ နမူနာမျှသာ ဖြစ်၏။ အမှန်တရား မဟုတ်ပေ။ အရင်းရှင်များ ကမ္ဘာပေါ်ရှိ လူမျိုးတို့ကို နှစ်ပိုင်းနှစ်စု ခွဲပစ်ခြင်း၏ အခြေခံဖြစ်သော အကြောင်း ပြချက်အရပင် ၄င်းတို့၏ အမျိုးကိုလည်း နှစ်ပိုင်းနှစ်စု ခွဲပစ်နိုင်လေသည်။ စင်စစ်မှာမူ အရင်းရှင်တို့သည် ၄င်းတို့အား ထိုကဲ့သို့ပင် ခွဲခြားထားလေ၏။

(ဆ) စက်ရုံနှင့်ပတ်သက်၍ 'ယခုနှစ် ၁၅ ရာခိုင်နှုန်း အမြတ်ရတယ်' ဟူသော အကြောင်းလောက်သာလျှင် သိရှိနားလည်သည့် စက်ရုံကြီးများ၏ အစုစပ် ပိုင်ရှင်များကို လုပ်သားဟု ခေါ်ဆိုအပ်ပါမည်လော။ မိမိ မြေယာများနှင့် သုံးဖြုန်း ပျော်မြူးပစ်ရန်အတွက် ငွေရဖို့လောက်သာလျှင် ပတ်သက် ဆက်သွယ်နေသူများ သည် လုပ်သားဖြစ်နိုင်ပါမည်လော။ သူတစ်ပါး၏ ချွေးနဲစာကို၊ သူတစ်ပါး၏ လုပ်အားကို လုယက် စားသုံးပစ်သူများသည် ဖိနှိပ်သူမဟုတ်လျှင် ဘာဟုတ်ဦးမည် နည်း။ မိမိ၏ လုပ်ငန်းကို တိုက်ရိုက် စီစဉ်အုပ်ချုပ်သူ အရင်းရှင်တို့သည်လည်း မိမိတို့၏ အလုပ်သမားများထက် အဆပေါင်း ရာထောင်မက ပိုလွန်သော လုပ်ခကို ယူပိုင်ခွင့်ရှိနေသည် မဟုတ်လော။ ဤကဲ့သို့ ပြုလုပ်နေသမျှ ကာလပတ်လုံး သူတို့သည် ဖိနှိပ်သူ၊ သွေးစုပ်သူများသာလျှင် ဖြစ်လေ၏။

(ဇ) ရှေးအခါက ဓနရှင်များသည် လူအပေါင်းတို့၏ အထံမှ အစဉ်သဖြင့် လုယက်နေနိုင်ရန် အနုပညာနှင့် ဝိဇ္ဇာပညာကို ကြပ်မစောင့်ရှောက်ခွင့် မရရှိခဲ့ပေ။ အကယ်၍ ဓနရှင်တို့သည် မိမိကိုယ်ကျိုးလည်း လုံးဝကင်းသည့် လူ့လောက ကောင်းကျိုးမျိုးကို ပြုလုပ်ဆောင်ရွက်သည်ဆိုလျှင် ထိုကောင်းကျိုးထက် အဆ များစွာ သာလွန်သည့် အမြတ်အကျိုးကို ၄င်းတို့ ရရှိပြီးသားဖြစ်၏ဟု မှတ်ပါ။ ထိုအတန်းစားများ မရှိသည့်အတွက်ကြောင့် အနုပညာနှင့် ဝိဇ္ဇာပညာ တိုးတက်မှု တွင် မည်သို့မျှ ထိခိုက်နစ်နာဖွယ်ရာ မရှိပေ။ အကြောင်းမူကား ကွန်မြူနစ်ဝါဒသည် အနုပညာနှင့် ဝိဇ္ဇာပညာ၏ တိုးတက်မှုအတွက် အဆုံးမရှိသော နည်းလမ်းများ၊ အပိုင်းအခြားမရှိသော အခွင့်အလမ်းများ၊ မရေတွက်နိုင်သော ဉာဏ်ပါရမီများကို အသုံးပြုဖို့ရန်အတွက် အသင့်ပင် ရှိလေ၏။

ကွန်မြူနစ်ဝါဒသည် လွတ်လပ်ရေးနှင့် ထင်သလိုနေထိုင်ရေးကို ခွဲခြား၍

ထားလေ၏။ လူ့လောကရှိ ပုဂ္ဂိုလ်အသီးသီးတို့၏ လွတ်လပ်မှုကို ဂရုပြုခြင်းရှိသည့် လွတ်လပ်ရေးသည် လွတ်လပ်ရေးဖြစ်၏။ ယင်းကဲ့သို့သော လွတ်လပ်ရေးမျိုးခ်ဲ့ ပိုင်းခြားသတ်မှတ်ချက်၊ သို့မဟုတ် စည်း ရိုလေသည်။ တာဝန်ဝတ္တရားဖြင့် နှောင်ဖွဲ့ထားခြင်းမှာလည်း အမှန်အားဖြင့် နှောင်ဖွဲ့ခြင်းတစ်မျိုးပင် ဖြစ်ပါ၏။ သို့ရာတွင် ထိုနှောင်ဖွဲ့မှုမျိုးကို လက်ခံလိုက်နာခြင်းကို ကျွန်ုပ်တို့သည် လွတ်လပ်ရေး၏ အနှောင့်အယှက် အဟန့်အတားဟု မဆိုနိုင်ပေ။ အကယ်၍ ထိုသဘောမျိုးကို မလွတ်လပ်ဟု ယူဆရစေကာမူ ကျွန်ုပ်တို့သည် ဦးထိပ်၌ ရွက်ယူထားရမည် ဖြစ်လေသည်။ အကြောင်းမူကား ထိုသဘောမျိုးနှင့် ကင်းပြီး လူ့လောက၏ ကောင်းကျိုးသည် ဖြစ်ပေါ်မလာနိုင်ပေ။ လူ့လောက၏ ကောင်းကျိုးဆိုသည်မှာ ဘယ်အရာနည်း။ ထိုလူ့လောကအတွင်းရှိ ပုဂ္ဂိုလ်အားလုံး၏ ညီတူညီမျှ ရရှိသော ကောင်းကျိုးပင် ဖြစ်၏။ လူ့လောကဟု ပြောဆိုလိုက်သဖြင့် ထိုကောင်းကျိုးသည် ပုဂ္ဂိုလ်အသီးသီးတို့၏ အပြင်ဘက်က ကောင်းကျိုးဖြစ်မသွားပေ။ ပုဂ္ဂိုလ်အားလုံး စုဝေ တွေ့ရသော ကောင်းကျိုး၊ သို့မဟုတ် ဆိုးကျိုးကိုသာလျှင် လူ့လောကအမည်တပ်ပြီး ခေါ်ဆိုထားခြင်း ဖြစ်လေ၏။ တိုင်းပြည်နိုင်ငံ၏ ရာပေါင်းများစွာသော ဥပဒေပုဒ်မများကို မူ လွတ်လပ်ရေး၏ အနှောင့်အယှက် အဟန့်အတားများ ဖြစ်၏ဟု သင် အယူရှိလိမ့်မည် မဟုတ်ပေ။

ကွန်မြူနစ်ဝါဒ၌ ထိုဥပဒေပုဒ်မများအနက် လေးပုံပုံ သုံးပုံမျှပင် လိုလိမ့်မည် မဟုတ်ပေ။ အကြောင်းမူကား ထိုဥပဒေပုဒ်မများအနက် မြောက်မြားစွာမှာ ပုဂ္ဂလိကပိုင်ပစ္စည်းဥစ္စာ၊ ထိုပစ္စည်းဥစ္စာ၏ အခွန်အတုတ်၊ ထိုပစ္စည်းဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ပြုလုပ်ထားသည့် ဥပဒေပုဒ်မ များသာလျှင် ဖြစ်ပေ၏။ လေးပုံ သုံးပုံ ဥပဒေပုဒ်မများကို မလိုဟု ပယ်ထုတ်ပစ်သည့် ဝါဒသည် ပုဂ္ဂလိက လွတ်လပ်ရေးကို ပိုပြီးပေးသည့်ဝါဒ ဖြစ်ပါသလော၊ သို့မဟုတ် လေးပုံ လေးဆကို မုချ လိုအပ်သည်ဟု အယူရှိသည့်ဝါဒ ဖြစ်ပါသလော။

အသင် သတိပြုထားသည့် အရင်းရှင်များနှင့် အာဏာလက်ကိုင်ရှိသူများ၏ လွတ်လပ်ရေးမှာမူ လွတ်လပ်ရေးမဟုတ်။ ထင်သလိုနေရေးပင် ဖြစ်လေ၏။ ထို ထင်သလိုနေရေးသည်ကား မရေမတွက်နိုင်သည့် ပုဂ္ဂိုလ်ပေါင်းများစွာ၏

လွတ်လပ်ရေးကို ချေဖျက်မှုအပေါ်၌ အုတ်မြစ်စိုက်ထားလေသည်။ နာရီ၏ စက်ကိရိယာ တစ်ခုခုသည် နာရီတစ်လုံးနှင့် ဆက်သွယ်နေသကဲ့သို့ ထိုနည်းအတူ ပုဂ္ဂိုလ်အသီးသီးသည်လည်း လူ့လောကနှင့် ဆက်စပ်လျက်ရှိသည်။ ပုဂ္ဂိုလ်အတွက် လွတ်လပ်ရေး လိုအပ်လေသည်။ သို့ရာတွင် ထိုလွတ်လပ်ရေးသည် အခြားပုဂ္ဂိုလ်များ၏ လွတ်လပ်ရေး၌ အနှောင့်အယှက်ပေးမည့် လွတ်လပ်ရေးမျိုး မဖြစ်သင့်ပေ။

အားလုံးခြုံ၍ကြည့်လျှင် လူများစု၏ လွတ်လပ်ရေးအတွက် အနှောင့်အယှက်ဖြစ်နေသည့် လွတ်လပ်ရေးမျိုး ရှိနေသည့် ပုဂ္ဂိုလ်များမှလွဲ၍ ကျန်အားလုံးအတွက် ကွန်မြူနစ်ဝါဒသည် လွတ်လပ်ရေးကို အလွန်အမင်း ပေးထားသည်ဆိုသည့် အချက်ကို သိရှိရလိမ့်မည် ဖြစ်၏။

(၁၁)

ကွန်မြူနစ်ဝါဒနှင့် စက်ယန္တရားများမှ ရရှိသည့်အခွင့်ကို အသုံးပြုပုံ

ဝိဇ္ဇာနည်းကျဖြစ်သော ကွန်မြူနစ်ဝါဒသည် လူနေမှုဘဝအတွက် လိုအပ်သော ပစ္စည်းဝတ္ထု ဟူသမျှကို ထုတ်လုပ်ရာ၌ စက်ယန္တရားများကို ခြွင်းချက်မရှိ အသုံးပြုသည့်ဘက်က ဖြစ်လေသည်။ စက်ယန္တရားတို့၌ တစ်နေ့တခြား တိုးတက်ပြုပြင်သွားဖို့ရန်လည်း ကွန်မြူနစ်ဝါဒက ဆန္ဒရှိလေသည်။ ကုန်ပစ္စည်းများကို ထုတ်လုပ်ရာ၌ အချိန်အနည်းဆုံးနှင့် ဖြစ်နိုင်ဖို့ ရည်ရွယ်ချက်ထားသည်ဟု ဆိုလိုသည်။ ကမ္ဘာလောကရှိ အလုပ်လုပ်သင့်သည့် လူအားလုံး၏ တစ်နာရီတာမျှသော လုပ်အားသည် ၄င်းတို့၏ ဘဝအတွက် လိုအပ်သော အဝတ်အစား၊ အိမ်ရာ၊ ခြုံဥယျာဉ်၊ လမ်းပန်း၊ ပညာသင်ရာကျောင်း၊ ဇာတ်ရုံများမှစ၍ အားလုံးသော ပစ္စည်းဝတ္ထုအတွက် လုံလောက်သည့် အချိန်ကာလသို့ ရောက်လာနိုင်ပေသည်။

ထိုကဲ့သို့သော အခြေအနေမျိုး၌ အိပ်ချိန်ကို ရှစ်နာရီထားလိုက်ဦးတော့ ကျန်သည့် ဆယ့်ငါးနာရီ၌ လူတို့သည် ဘာကို လုပ်ကြမည်နည်း။

အလုပ်မရှိခဲ့သော် အလုပ်လက်မဲ့ ဖြစ်နေကြသည့် လူတို့သည် တစ်ယောက်

တစ်ပေါက်နှင့် ရန်ချည်း ဖြစ်မနေကြပေဘူးလော။ ထိုသို့ ခိုက်ရန်ဒေါသ ဖြစ်နေကြသည်ဆိုလျှင် အနာဂတ် ငြိမ်းချမ်းရေးနှင့် ချမ်းသာရေးအိပ်မက်တို့မှာ ပြက်ချည်း ပြက်ချော် ဖြစ်မသွားပေဘူးလော။

ကျွန်ုပ်တို့သည် ထိုကဲ့သို့ ပြဿနာ ပြုလုပ်သူတို့အား အံ့သြလှပေ၏။ ''လူ၏ဘဝသည် ဗိုက်ကို ဖြည့်နေရုံအတွက် သက်သက်သာလျှင် မဟုတ်၊ ဗိုက်ဖြည့်ရုံအတွက်ကိုမူ တိရစ္ဆာန်တို့လည်း ပြုလုပ်တတ်ကြသည်'ဟု ကိုယ်တိုင် အဆုံးအမ ဥပဒေသ ပေးလေ့ရှိကြသူများသည် လည်းကောင်း၊ 'ထိုလောကဌ် လူတို့သည် လိုသမျှ၊ တသမျှ အားလုံးပင် ရလွယ်ပေ၏၊ အလုပ်ကို လုံးဝ မလုပ်ရပေ'ဟူ၍ နတ်ပြည်လောကကို စိတ်ကူးယဉ်ကြသူများသည် လည်းကောင်း ယခုအခါတွင် ထိုကဲ့သို့ စောဒကတက်ကြခြင်း ဖြစ်လေသည်။

ကွန်မြူနစ်တို့သည် ဘာသာရေးဆိုင်ရာ ပူဇော်ရွတ်ဖတ်မှုများကို အယုံမရှိသည့်အတွက် ၄င်းတို့၏အထံ၌ အလုပ်လက်မဲ့ဖြစ်နေသည့် အချိန်သမယကို ကုန်ဆုံး ကျော်လွန်သွားနိုင်စေရန် ဘယ်လို နည်းလမ်းဥပါယ်မျိုး ရှိနိုင်ပါသနည်း။

ဘာသာရေးဆိုင်ရာ ပူဇော်ရွတ်ဖတ်မှုများကို အယူမရှိသော်လည်း ကွန်မြူနစ်တို့သည် အလုပ်များစွာကို ပြောပြနိုင်လေသည်။ ကွန်မြူနစ်တို့သည် လူတို့ ပြုလုပ်သင့် ပြုလုပ်ထိုက်သည့် အလုပ်ကို နှစ်မျိုးနှစ်စား ခွဲခြားပြဆိုလေသည်။ တစ်မျိုးမှာ အားလုံးအတွက် မလုပ်မနေရ ဖြစ်၍ အခြားတစ်မျိုးမှာမူ ထိုအလုပ်ကို လုပ်ရေး၊ မလုပ်ရေးဌ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လွတ်လပ်မှု ရှိလေသည်။ လုပ်ချင်မှ လုပ်နိုင်သည်ဟု ဆိုလိုသည်။

ပုဂ္ဂိုလ်နှင့် လူလောက၏ ဘဝရပ်တည်သွားနိုင်ရေးအတွက် တကယ်တမ်း လိုအပ်သည့် ပစ္စည်းဝတ္ထုများကို ထုတ်လုပ်သည့် အလုပ်ကို လူတိုင်း လူတိုင်းသည် ကာယိကနှင့် မနသိက အရည်အချင်းအားလျော်စွာ မလုပ်မနေရ ဖြစ်လေ၏။ စက်ယန္တရားများကို အသုံးပြုလိုက်ခြင်းအားဖြင့် အလုပ်ချိန်ကို လျှော့ပစ်ပြီး တစ်နာရီ ထားလိုက်ခြင်း၏ အဓိပ္ပာယ်မှာ မလုပ်မနေရ လုပ်ငန်းအတွက် အချိန်မှာ တစ်နာရီမျှသာ ကျန်ရှိတော့သည့် အဓိပ္ပာယ် ဖြစ်လေ၏။

ပုဂ္ဂလိက လွတ်လပ်ရေးကို ချစ်မြတ်နိုးသူများသည် ဤအချက်ဖြင့်

ကျေနပ်နှစ်သက်လောက်ပေသည်။ ကြွင်းကျန်သည့် ဆယ့်ငါးနာရီ လုပ်ငန်းအတွက် အသင် စိတ်ပူပန်ဖို့ မလိုပေ။ ထိုအချိန်၌ မိမိတို့ ဝါသနာအလျောက် လူတို့သည် စာပေ၊ သံဂီတ(ပန်တျာ) အနုပညာကို ပြုစုနိုင်ကြသည်၊ သို့မဟုတ် ၄င်းတို့၏ အရသာကို ခံစားနိုင်ကြသည်။ ကျန်းမာရေးနှင့် ရဲစွမ်းသတ္တိ ဖွံ့ထွားရေးအတွက် ကစားခုန်စားမှု၊ ခရီးထွက်မှုများကို ပြုလုပ်နိုင်ကြသည်။ လေကြောင်းခရီး၊ ကုန်းကြောင်းခရီး၊ ရေကြောင်းခရီးများသည် လူတို့အတွက် စိတ်ဝင်စားဖွယ်၊ အသိဉာဏ် ဗဟုသုတ တိုးပွားဖွယ် ဖြစ်သည် မဟုတ်လော။ လူ၊ တိရစ္ဆာန်၊ ၄က်နှင့် အခြားသော သေးငယ်သည့် ပိုးမွှားသတ္တဝါများ၏ စိတ္တဗေဒကို သုတေသနပြုခြင်း၊ လေ့လာခြင်း ပြုလုပ်နိုင်ကြသည်။ ဒဿန(အဘိဓမ္မာ)နှင့် ဝိဇ္ဇာပညာဆိုင်ရာ ရှာဖွေစူးစမ်းမှုတို့ကို ကြိုးပမ်းနိုင်ကြသည်။ ဆေးပညာနှင့် ပတ်သက်၍ ဖြေရှင်းလို့ မရသေးသည့် ပြဿနာပေါင်းများစွာတို့ကို ဖြေရှင်းနိုင်ကြသည်။ ခရီးသွားခြင်း၊ ကစားခုန်စားခြင်း၊ ကခုန်ခြင်းတို့မှာ လူများ အလိုရှိသလောက် အချိန်ပေးနိုင်သည့် အရာများ ဖြစ်ကြ၏။

ထို့အပြင် ထိုအချိန်၌ မြေငလျင်လှုပ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးဒုက္ခများ မဖြစ်ပေါ်ဟု အသင် ပြောရဲပါမည်လော။ ထိုသဘာဝဘေးဒုက္ခများ ကြုံတွေ့လာသောအခါတွင် ပြန်လည် ထူထောင်ရေးအတွက် လူတို့သည် ရှိသမျှ စွမ်းရည် အင်အားနှင့် အတူတကွ အမြဲအသင့် ရှိနေရပေလိမ့်မည်။ သတင်းရရှိသည်နှင့် တစ်ပြိုင်နက် တစ်နေရာမှ လူများသည် အခြားတစ်နေရာသို့ အကူအညီပေးရန် အလို့ငှာ ပြေးသွားရမည် ဖြစ်လေသည်။ အကြောင်းမူကား ထိုအချိန်၌ အမှန်စင်စစ်အားဖြင့် လူလောကတစ်ခုလုံးသည် တစ်အိမ်ထောင်တည်းသာလျှင် ဖြစ်သွားလိမ့်မည် ဖြစ်ပေ၏။

အသာ သတိပြုကြည့်စမ်းပါ။ ယခုခေတ်၌ များစွာသော လူတို့မှာ အချိန်မပြတ် နာရီမလပ် အလုပ်ကြိုတ်စက်အောက်တွင် ပိနေရသည်ဖြစ်၍ အနုပညာနှင့် စာပေပြုစုပျိုးထောင်မှု၊ သို့မဟုတ် ကြည့်ရှု ခံစားမှုအတွက် အချိန်မထုတ်နိုင်ကြပေ။ ထိုကဲ့သို့ အခွင့်အရေးမျိုးကို ရရှိသူ အနည်းငယ်မျှသော သူတို့မှာလည်း ဓနရှင်တို့ကို နှစ်သိမ့်ကျေနပ်စေရန်အတွက် သူတို့ ရရှိသည့် အခွင့်အရေးကို တခြား

လူများ၏ ကိုယ်နှင့်စိတ် ဖောက်ပြန်ပြောင်းလဲသွားစေမည့် အရာဝတ္ထုများကို ပြုစုပျိုးထောင်ရေးဌ အသုံးပြုနေကြရလေ၏။ လူသာမန်အတွက် အခွင့်အလမ်းနှင့် ဉာဏ်ရည်ဉာဏ်စွမ်းကို အသုံးပြုနိုင်ခွင့် တံခါးပွင့်သွားသည့် အခါတွင် လူတို့သည် ကမ္ဘာလောကရှိ ထောင့်တိုင်း ထောင့်တိုင်း၊ နေရာတိုင်း နေရာတိုင်းကို လှပသာယာစွာ ပြုလုပ်ဖန်တီးပေးလိမ့်မည် ဖြစ်၏။

ယနေ့ လက်တစ်ဆုပ်စာမျှသော လူတို့၏ ကုသိုလ်ကံပေးသည့် အရာဝတ္ထု သဖွယ် ဖြစ်နေသော အနုပညာ၏ အရသာကို ထိတွေ့ခံစားမှုသည် ထိုခေတ် ထိုအခါ၌ လူထုသုံး၊ ပြည်သူသုံး ဖြစ်သွားလိမ့်မည် ဖြစ်၏။ ပညာနှင့် ယဉ်ကျေးမှု မျက်နှာပြင်သည်လည်း ထိုခေတ် ထိုအခါ၌ ယနေ့ထက် အဆပေါင်းများစွာ သာလွန်မြင့်တက်သွားလိမ့်မည် ဖြစ်၏။

ယခုခေတ် အခါတွင် လူတို့၏ အချိန် သမယပေါင်း များစွာသည် အချည်းနှီး အလဟဿဖြစ်၍ သွားလေသည်။ ဉာဏ်ပါရမီတို့သည်လည်း အညွှန့်တုံး၍ နေကြလေသည်။ ဤ အချည်းနှီး အလဟဿ ဖြစ်သွားရသည့် လုပ်အား၊ အချိန်ကာလ၊ ဉာဏ်ပါရမီများကို လူတို့သည် လွတ်လွတ်လပ်လပ် ကောင်းမွန်ကျနစွာ အသုံးပြုရသည့် တစ်နေ့သို့ ရောက်ရှိသောအခါတွင် ကမ္ဘာလောကသည် ဘာသာဝန်ထမ်းများက သူတို့၏ နောက်လိုက်များအား စိတ်ကူးယဉ် တင်ပြပြီး အမိဖမ်းကြသည့် အလိမ်အညာ နတ်ပြည်လောက်ထက် အဆများစွာ သာယာလှပေလိမ့်မည်။ ချမ်းသာသုခနှင့် ပြည့်ဝပေလိမ့်မည်။ နှစ်သိမ့်ရောင့်ရဲဖွယ် ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ ဤပြောပြချက်ကို အသင်က စိတ်ကူးယဉ် ကမ္ဘာလောကထဲကို အလည်သွားရောက်ခြင်းဟု ဆိုချင် ဆိုပေလိမ့်မည်။ သို့ရာတွင် အမှန်အတိုင်း ပြောစမ်းပါ။ သင်၏ မေးခွန်းကလည်း ထိုသဘောမျိုးပင် မဟုတ်ပါလော။

ကွန်မြူနစ်အလံအောက်သို့ ရောက်လာလျှင် တိုင်းပြည်နိုင်ငံ၏ အိပ်မောကျနေသည့် စွမ်းရည်သတ္တိတို့သည် နိုးကြားလာပြီးလျှင် မည်သည့်အရာများကို ပြုလုပ်နိုင်သည်ဆိုသည့် အချက်ကို ကမ္ဘာပေါ်ရှိ ကွန်မြူနစ်နိုင်ငံဘက်ကို တစေ့တစောင်း လှည့်ကြည့်လိုက်လျှင် တွေ့မြင် သိရှိရလိမ့်မည် ဖြစ်၏။ ယခုထက်တိုင်

ပင် ထိုနိုင်ငံ၏ ပြည်တွင်းဆန့်ကျင်ရေးသည် ပျောက်ပျက် ငြိမ်းအေးမသွားသေးပေ။ ပြည်ပဌမ္ဘ ထိုနိုင်ငံ၏ ဆန့်ကျင်ရေးသည် အတော်ပင် ခြေသွက်လျက်ရှိပေ၏။ သို့ရာတွင် ထိုအခြေအနေများ ကြားထဲမှပင် တစ်ချိန်တုန်းက စက်မှုလက်မှုတွင် အောက်တန်းနောက်တန်း အလွန်ကျခဲ့သော နိုင်ငံသည် ယနေ့ ရေနံဆီနှင့် သံကို ထုတ်လုပ်ရာ၌ ပထမတန်း ဖြစ်၍နေ၏။ လျှပ်စစ်ကို ထုတ်လုပ်ရာ၌လည်း မကြာမြင့်မီ ထိုအခြေအနေသို့ ရောက်တော့မည်ဖြစ်၏။ ထိုမျှသာမကသေး ဝိဇ္ဇာပညာ (လောကဓာတ်ပညာ)ကို စမ်းသပ်ရှာဖွေးရာ၌လည်း အလွန်တိုးတက် အောင်မြင်လျက်ရှိနေပေသည်။ စိတ္တဗေဒပညာရပ်ကို သုတေသန ပြုလုပ်ရာ၌ ထိုနိုင်ငံသည် ပါဗ်လော့ဗ်၏ သုတေသန ပြုလုပ်ချက်၏ ဂုဏ်သတင်း ကျော်စောမှုကို ရရှိလေသည်။ ပါဗ်လော့ဗ်သည် ဥဏှာပါရမီမဏ္ဍိုင် ခုနစ်ခုအနက် တစ်ခုအပါအဝင် ဖြစ်လေ၏။ ဆေးပညာဘက်၌လည်း နှလုံး၏အရိုန် ရပ်တန့်သွားသောကြောင့် သေဆုံးသွားသူများအား အသက် ပြန်လည်ရှင်သန်စေရန် နည်းလမ်းကိုလည်း ထိုနိုင်ငံ၌ တီထွင်ပြုလုပ်ပြီးလေပြီ။ အခြား ပညာရပ်များဆိုင်ရာ၌လည်း ထိုနိုင်ငံသည် ရှေ့သို့ တိုးတက်၍နေလေသည်။ စာပေနှင့် အကပညာရပ်တွင်မူ ယနေ့ ထိုနိုင်ငံသည် ကမ္ဘာပေါ်၌ ပထမစွဲ၍ နေလေ၏။ ထိုနိုင်ငံ၌ ကလေးသူငယ်တိုင်း၏ ပညာသင်ကြားရေးသည် မသင်မနေရသာလျှင် မဟုတ်ဘဲ စိတ်အာရုံစူးစိုက်မှု၊ ဝါသနာပါမှုကို ကြည့်ပြီး ပညာသင်ကြားပေးဖို့ရန် အကောင်းဆုံး စီမံထားလေ၏။ ဥဏှာပါရမီ ထူးချွန်သူများအတွက် တိုင်းပြည်နိုင်ငံ၏ ထောင့်တိုင်း ထောင့်တိုင်း၊ နေရာတိုင်း နေရာတိုင်းမှာ ရှာဖွေရွေးထုတ်ပြီးလျှင် အထူးသဖြင့် ပညာသင်ကြားပေးဖို့ စီမံထားလေ၏။ ထိုအချက်များကို ထောက်ရှု၍ မကြာမြင့်မီ ကာလအတောအတွင်း ဝိဇ္ဇာပညာနှင့် ဝိဇ္ဇာပညာ၏ တီထွင်ပြုလုပ်ချက်များ၏ အကူအညီဖြင့် ကွန်မြူနစ်နိုင်ငံသည် ရှေ့သို့ တစ်ရိုန်ထိုး တိုးတက်သွားလိမ့်မည်ဟု မျှော်လင့်ချက် ထားရပေ၏။

ယင်းသို့လျှင် စက်ယန္တရားများကို ထူးထူးခြားခြား အသုံးပြုခြင်းကြောင့် ရရှိသော အခွင့်အလမ်းသည် ကျွန်ုပ်တို့ ထိတ်လန့်ကြောက်ရွံ့ပြီး ကိုယ့်ရည်ရွယ်ချက်ကို စွန့်လွှတ်ကာ လက်ပိုက်ထိုင်နေရမည့် ပြဿနာမျိုး မဟုတ်ပေ။ ဤမျှသော အကြောင်းအရာကိုလည်း ကျွန်ုပ်တို့သည် ထကြွလာသည့် စိတ်ကူးယဉ်

ယုံမှားသံသယများ ငြိမ်ကျသွားစေရန်အတွက်သာ ပြောပြခြင်း ဖြစ်လေ၏။ ကွန်မြူနစ်ဝါဒသည် ပတ်ဝန်းကျင် အခြေအနေအား လျော်ညီစွာ အသိဉာဏ်ကို လွတ်လွတ်လပ်လပ် အသုံးချဖို့ ယခုလည်း လိုလားသည့်ဘက်က ဖြစ်၏။ နောင်လည်း ယခုအတိုင်းပင် ဖြစ်နေပေလိမ့်မည်။ နှစ်ပရိစ္ဆေဒ သိန်းပေါင်းများစွာ ကြာလွန်ပြီးသည့် နောက် ပေါ်ပေါက်လာမည့် ပြဿနာများ၏ အသွင်အပြင်သည် မည်သို့ဖြစ်မည် ဆိုသည်ကိုမူ ကျွန်ုပ်တို့ မသိရှိ။ သို့ဖြစ်၍ ယခုကတည်းက ထိုပြဿနာများနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့ အငြင်းပွားနေစရာ ဘာလိုသနည်း။ ယခုအချိန်၌ အုတ်မြစ်ချလျက်ရှိသော အသိဉာဏ်လွတ်လပ်မှုတည်းဟူသော ကမ္ဘာလောကပေါ်၌ ရပ်တည်ပြီးလျှင် မိမိတို့၏ ကြီးမားကျယ်ပြန့်သည့် အသိဉာဏ်၊ ဝါရင့်သည့် အတွေ့အကြုံတို့၏ စွမ်းအားဖြင့် ထိုခေတ် ထိုအခါ ရောက်သောအခါ လူများသည် သူတို့ကိုယ်တိုင် ပြဿနာများကို ဖြေရှင်းသွားလိမ့်မည် ဖြစ်ပေ၏။

(၁၂)

ကွန်မြူနစ်ဝါဒ၏ အနာဂတ်ရေး၊ ၄င်းအပြင် ကွန်မြူနစ်ဝါဒ၏ ရန်သူနှင့် မိတ်ဆွေ

ကျွန်ုပ်တို့သည် လူသားဇာတိတို့၏ ကြောက်မက်ထိတ်လန့်ဖွယ်ကောင်းသည့် ပြဿနာများအကြောင်းကို အတော်အတန် ရေးသားခဲ့ပြီးလေပြီ။ ထို့အပြင် ထိုပြဿနာများမှ လွတ်မြောက်ကင်းဝေးကြောင်း ဖြစ်သော တစ်ခုတည်းသော နည်းလမ်းဥပါယ်သည် ကွန်မြူနစ်ဝါဒဖြစ်၏ဟူသော အချက်ကိုလည်း ဖော်ပြခဲ့ပြီးလေပြီ။ ကွန်မြူနစ်ဝါဒသည် ကမ္ဘာလောကဌ် အမှန်မှုချပင် ဖြစ်ပေါ် တည်ရှိနေမည်လောဟူသော မေးခွန်း ထွက်ပေါ်လာလေသည်။ ထိုမေးခွန်းမှာ ''ဟုတ်ကဲ့'' ဟူ၍လည်းကောင်း၊ ''မဟုတ်ဘူး'' ဟူ၍လည်းကောင်း ပုံသေကားကျ အဖြေပေးလို့ မရသည့် မေးခွန်းမျိုး ဖြစ်သည်။

(၁) ကမ္ဘာပေါ်ရှိ ဤမြေ များပြားသော လူဦးရေ အပေါင်းတို့ အလုပ်လက်မဲ့ ဖြစ်ပြီး ငတ်သေကြခြင်း၊

(၂) ဆယ်နှစ်၊ ဆယ့်နှစ်နှစ် မြောက်တိုင်း ဈေးထိုင်းလာတတ်ခြင်း၊ ထိုကဲ့သို့ ဈေးထိုင်းလာသဖြင့် တစ်ဖက်တွင် လူအများ ထမင်းငတ်သေကြ၍ အခြားတစ်ဖက်တွင်မူ စားဖွယ်သောက်ဖွယ် ပစ္စည်းဝတ္ထုများနှင့် အခြားသော ပစ္စည်းဝတ္ထုများ ထောင်ပေါင်းသိန်းသန်းများစွာ မီးရှို့ပစ်ခြင်း၊

(၃) ကမ္ဘာလောကဏ္ဍ၏ ကုပ်ပေါ်၌ အစဉ်မပြတ် စစ်တည်းဟူသော ဓားဝဲနေခြင်း၊

(၄) ဝမ်းတွင်းပါရောဂါများနှင့် စိတ်ဓာတ် အားနည်းချို့တဲ့မှုများကို ဖယ်ရှားပြီး သားသမီး အဆက်အနွယ်ကောင်းများကို ပေါက်ဖွားဖြစ်ထွန်းအောင် လုပ်သည့် လမ်းမ၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းတွင် အနှောင့်အယှက် အဟန့်အတားများ ရှိနေခြင်း၊

(၅) ဆင်းရဲ၊ ချမ်းသာ အားလုံးပင် အနာဂတ်၏ မပြတ်သားသော အခြေအနေကြောင့် ထိတ်လန့်စိုးရိမ်နေရခြင်း၊

ဤဆိုခဲ့ပြီး အကြောင်းအရာများနှင့် အခြားအလားတူ အကြောင်းအရာ ပေါင်း များစွာတို့သည်ကား ကွန်မြူနစ်ဝါဒဖြင့်သာလျှင် ဖြေရှင်းလို့ရမည့် အကြောင်းအရာများ ဖြစ်ကြလေ၏။

ရာစုနှစ်ပေါင်းများစွာက စပြီး ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော မိမိတို့၏ ကိုယ်ကျိုးကို ကာကွယ်ရန်အတွက် အင်အားကြီးမားသည့် စွမ်းရည်သတ္တိတို့သည် ထိုဝါဒကို ဆန့်ကျင်ဘက် ပြုလုပ်နေကြသော်လည်း အထက်ပါ ပြဿနာတို့ကား စိတ်ကူးစိတ်သန်းထဲက ပြဿနာများ မဟုတ်ကြပေ။

ထိုပြဿနာများ၏ ထက်မြက် စူးရှသော ဝေဒနာတို့သည် လူတိုင်းလူတိုင်း၌ အချိန်မပြတ် ကင်းကိုက်သကဲ့သို့ စူးဝင်၍နေလေ၏။ သို့ဖြစ်၍ လူတို့သည် ကွန်မြူနစ်ဝါဒကို မကြာခဏ သတိရနေရမည်မှာ မလွဲမရှောင်သာသောအရာ ဖြစ်လေ၏။ ၄င်းကိုထောက်၍ ကမ္ဘာပေါ်၌ ကွန်မြူနစ်ဝါဒ ပျံ့နှံ့၍ နေလိမ့်မည် ဖြစ်ကြောင်းကို သိရှိရပေသည်။

သို့ပင်ဖြစ်လင့်ကစား အရင်းရှင်တို့၏ အထံ၌ အပိုင်းအခြားမရှိသော စွမ်းရည်သတ္တိ ရှိ၏။ အသိဉာဏ်ပညာ ရှိ၏။ ဘာသာတရားနှင့် ထာဝရဘုရားတည်း

ဟူသော ပိုက်ကွန်ရှိ၏။ သူတို့သည် သူတို့၏ ကိုယ်ကျိုးကို တိတ်တဆိတ် စွန့်လွှတ်မည့် လူစားမျိုး မဟုတ်ပေ။ သူတို့သည် ထိုဝါဒကို ဉာဏ်အင်အားဖြင့် လည်းကောင်း၊ လက်နက်အင်အားဖြင့်လည်းကောင်း သက်စွန့်ကြိုးပမ်း၍ ဆန့်ကျင်ဘက် ပြုလုပ်ကြလိမ့်မည် ဖြစ်၏။ သို့ရာတွင် အောက်ပါ အကြောင်းအရာများနှင့် ပြည့်စုံသောအခါမှ သူတို့၏ ရည်ရွယ်မှန်းထားချက် ပြည့်စုံအောင်မြင်နိုင်ပေလိမ့်မည်။

(၁) တိုင်းပြည်အချို့ကို အမြဲ ကျွန်လုပ်ထားနိုင်ပြီး ထာဝရ တည်မြဲနေသောစေး သူတို့လက်ထဲတွင် ရှိနေလျှင်၊

(၂) မလွတ်လပ်သော နိုင်ငံများအတွက် အရင်းရှင် နိုင်ငံတို့သည် အချင်းချင်း စစ်မဖြစ်ကြစတမ်းဟု စာချုပ်ချုပ်ဆိုပြီးလျှင် ထိုသို့ ချုပ်ဆိုခြင်းကြောင့် မလွတ်လပ်သည့် နိုင်ငံများ မည်သည့်အခါမျှ လွတ်လပ်ခွင့်ရမည် မဟုတ်လျှင်၊ ထို့ပြင် လောကဓာတ်ပညာစစ်ပွဲကြောင့် သူတို့ကိုယ်တိုင် ကိုယ့်ပျက်စီးဆုတ်ယုတ်မှုကို မပြုလုပ်ရလျှင်၊

(၃) လူဦးရေတိုးပွားမှုနှင့် စက်ယန္တရားတို့ကြောင့် အလုပ်လက်မဲ့ဖြစ်နေကြသူတို့အား သူတို့သည် အကယ်၍ စစ်အားဖြင့် လည်းကောင်း၊ ခုတ်ထစ်သတ်ဖြတ်ခြင်းအားဖြင့် လည်းကောင်း ဖျောက်ဖျက် သုတ်သင်ပစ်နိုင်လျှင်၊

(၄) အကယ်၍ လူတို့၏ အသိဉာဏ် ဆာလောင် မွတ်သိပ်မှုနှင့် အတွေးအခေါ် စူးစမ်းမှုသဘောတို့သည် အတိတ်က အကြောင်းဖြစ်သွားပြီး တစ်ကိုယ်ကျိုး၊ တစ်ကိုယ်ကောင်းကြည့် တန်ခိုးအာဏာတို့၏ အုပ်ချုပ်မှုကို အဆုံးသတ်ပစ်မည့် ဝိဇ္ဇာ (လောကဓာတ်) ပညာရှင်များနှင့် အာဘိဓမ္မာဆရာများ တစ်ဖန် မပေါ်ပေါက်လာနိုင်ဘူးဆိုလျှင်၊

(၅) အကယ်၍ လူသားဇာတိ၌ ရည်မှန်းချက်အတွက် အသက်ကို စွန့်ရဲသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ၏ ပေါက်ဖွားဖြစ်ပေါ်ခြင်းသည် ထာဝစဉ်အတွက် ရပ်တန့်သွားမည်ဆိုလျှင် ထိုကဲ့သို့သော အခါမျိုး၌ ကွန်မြူနစ်ဝါဒသည် ကမ္ဘာပေါ်၌ ပျံ့နှံ့နိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ ဆိုနိုင်ပေ၏။

ကျွန်ုပ်သည် နှစ်ဖက်စလုံးမှ အကြောင်းများကို တင်ပြလိုက်ပါသည်။ ထိုအကြောင်းများကို ကြည့်ခြင်းအားဖြင့် ကွန်မြူနစ်ဝါဒ၏ ဆန့်ကျင်ဘက်မှ

အကြောင်းများသည် ကွန်မြူနစ်ဝါဒဘက်မှ အကြောင်းများထက် အဆများစွာ ပိုပြီး မဖြစ်နိုင်သည့် အကြောင်းများဖြစ်ကြောင်းကို လည်းကောင်း၊ သို့အတွက် ကွန်မြူနစ်ဝါဒသည် အနေးနှင့်အမြန် မလွဲတမ်း အောင်ပန်းကို ဆွတ်ခူးလိမ့်မည် ဖြစ်ကြောင်းကို လည်းကောင်း သိရှိရလိမ့်မည် ဖြစ်ပေ၏။

အရင်းရှင်တို့၏ ဝါဒသည် ရည်မှန်းချက်ထားသည့် ဝါဒ မဟုတ်၊ တစ်ကိုယ်ကျိုးကြည့် ဝါဒသာလျှင် ဖြစ်သည်။ သို့အတွက် ကွန်မြူနစ်ဝါဒ ဘယ်တော့မျှ ရောက်မလာအောင် ကြိုးစားအားထုတ်မည်မှာ အမှန်ပင် ဖြစ်ပေ၏။

သို့ရာတွင် အကယ်၍ ကွန်မြူနစ်ဝါဒသည် သူတို့၏ တစ်သက်တာ ကာလအတွင်း ပျောက်ကွယ်နေမည် ဆိုပါလျှင်လည်း သူတို့အတွက် ကျေနပ်နှစ်သိမ့်ဖွယ်ပင် ဖြစ်ပေလိမ့်မည်။ ကမ္ဘာကြီး ကပြောင်းကပြန် ဖြစ်စဉ်ကာလအတွင်း၌ ဓနရှင်ပေါင်းများစွာတို့၏ သားသမီးများ အလုပ်သမားဘဝသို့ ရောက်ကြ ရသည်မှာ ၄င်းတို့ ကိုယ်တွေ့မျက်မြင် ဖြစ်ကြလေသည်။

သို့စင်လျက် ၄င်းတို့သည် ကိုယ့်သားသမီး အဆက်အနွယ်များအတွက် အရေးမစိုက်ကြပေ။ ကိုယ့်တစ်သက်တာ ချမ်းသာစွာ နေထိုင်ရမှုသည် ၄င်းတို့၏ ပထမရည်ရွယ်ချက် ဖြစ်လေ၏။ သို့ရာတွင် ကွန်မြူနစ်ဝါဒကမူ မိမိ၏ ရှေ့မှောက်၌ ရည်မှန်းချက်တစ်ခုကို ထားရှိလေသည်။ ထိုရည်မှန်းချက်ဖြင့် တစ်တိုင်း တစ်နိုင်ငံ သာလျှင် မကဘဲ လူသားဇာတိတစ်ခုလုံး ထာဝစဉ် ငြိမ်းချမ်းရေးကို ရရှိလိမ့်မည်ဟု သူတို့ ယုံကြည်ကြလေသည်။ သို့ဖြစ်၍ သူတို့သည် အချိန်ကြာချင် ကြာပါစေ၊ ကိုယ့်အလုပ်ကိုတော့ စွန့်လွှတ်နိုင်ကြမည် မဟုတ်။ အချိန်ကြာမှု၊ မကြာမှုမှာလည်း အဓိကအားဖြင့် သူတို့၏ လုံ့လဝီရိယနှင့် သူတို့၏ ပေါ့လျော့မှုပေါ်၌ အခြေတည်နေလေ၏။ ကြိုးပမ်းအားထုတ်ခြင်း မရှိဘဲ၊ ကိုယ်ကျိုးစွန့်လွှတ်မှု မပါဘဲ၊ စည်းလုံးညီညွတ်မှု မရှိဘဲ ကွန်မြူနစ်ဝါဒသည် သူ့အလိုလို ကမ္ဘာပေါ်၌ ပျံ့နှံ့လာလိမ့်မည်ဟု မျှော်လင့်ချက်ထားလျှင်ကား ကွန်မြူနစ်ဝါဒ၏ လုံ့လတက်ကြွမှုရှိသည့် သဘောတရားနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်နေပေလိမ့်မည်။

ကွန်မြူနစ်ဝါဒ အောင်မြင်မှုကို လိုလားသူတို့သည် မည်သူသည် ကွန်မြူနစ်ဝါဒ၏ ရန်သူ၊ မည်သူသည် ကွန်မြူနစ်ဝါဒ၏ မိတ်ဆွေအဖော် ဖြစ်သည်ဆို

သည့် အချက်ကိုလည်း သိထားသင့်လေသည်။ အခြားသော အရာများကဲ့သို့ပင် ကွန်မြူနစ်ဝါဒ၌လည်း နှစ်မျိုးနှစ်စားသော ရန်သူများ ရှိကြလေ၏။ တစ်မျိုးမှာ သိလျက်နှင့် တမင်သက်သက် မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ကြသူများ ဖြစ်၏။ အခြားတစ်မျိုးမှာမူ အယူအဆ မှားယွင်းခြင်း၊ အသိဉာဏ်ကင်းမဲ့ခြင်းတို့ကြောင့် ရန်သူကဲ့သို့ ပြုမူ ကျင့်ကြံနေကြသူများ ဖြစ်သည်။

ပထမ အတန်းအစား၌-

(၁) အရင်းရှင်တို့သည် နံပါတ်တစ်က ပါဝင်လေ၏။

(၂) ထို့နောက် အရင်းရှင်တို့၏ ငွေဝယ်ကျွန်များ ဖြစ်ကြသော အရာရှိ အရာခံများနှင့် ဘာသာရေးဝန်ထမ်းများက နံပါတ်နှစ် ဖြစ်လေသည်။

(၃) အရင်းရှင်တို့၏ အကူအထောက်ဖြစ်သော ဘာသာတရားနှင့် ထာဝရ ဘုရားသည် ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေးအတွက် ကြောက်မက်ဖွယ်အကောင်းဆုံး သော လက်နက် ဖြစ်ကြလေ၏။

(၄) အိုမင်းရင့်ရော်သည့် ဦးနှောက်များနှင့် အကြံသစ်၊ အယူအဆသစ်ကို ဆင်ခြင်တိုင်းထွာနိုင်သည့် စွမ်းရည်သတ္တိ ယုတ်လျော့ချို့တဲ့နေသည့် ဦးနှောက်များ သည်လည်း ထိုကဲ့သို့သော ဆန့်ကျင်ဘက်များပင် ဖြစ်ကြလေ၏။

ဒုတိယအတန်းအစားဖြစ်သော ရန်သူများ၌-

(၁) အကန်းယုံကြည်ကိုးကွယ်မှုနှင့် အကန်းယုံကြည်ချက်၊ တရား ကျင့်ကြံမှုများကို ဖြန့်ဖြူးသူများသည် ပထမနံပါတ်က ပါဝင်လေသည်။ အကြောင်း မူကား ၄င်းတို့သည် လူတို့၏ လွတ်လပ်သော တွေးခေါ်ကြံဆမှု စွမ်းရည်သတ္တိကို အချည်းနှီး အလဟဿ လုပ်ပစ်ကြလေသည်။

(၂) အကန်းမျိုးချစ်စိတ်၊ အမျိုးသားစိတ်သည်လည်း ကွန်မြူနစ် ဝါဒ၏ အတွင်းရန်သူများထဲတွင် အပါအဝင် ဖြစ်လေ၏။ အကြောင်းမူကား အကန်း မျိုးချစ်စိတ်၊ အမျိုးသားစိတ်သည် ကမ္ဘာပေါ်ရှိ အလုပ်သမားအားလုံးတို့၏ ရုံးစည်း ညီညွတ်ရေး၌ အနှောင့်အယှက်ပေးသည်သာလျှင် မကဘဲ ကမ္ဘာ့အလုပ်သမား အချင်းချင်း ရန်ငြိုးပွားစေရန်၊ အချင်းများစေရန်အတွက်လည်း ပြုလုပ်ဖန်တီးပေး

လေ၏။ အမျိုးသားရေးကို ထောက်ခံအားပေးသော်လည်း ဆိုရှယ်လစ်ဝါဒသည် အပြည်ပြည်ဆိုင်ရာဝါဒ ဖြစ်သည်။ အမျိုးသားဆိုရှယ်လစ်ဝါဒဟူသော ကြွေးကြော်သံမှာ သူတစ်ပါးတို့ မျက်စိထဲတွင် သဲပက်ဖို့ရန်အတွက်နှင့် မိမိတို့၏ ခေါင်းဆောင်မှုတောင်ကြီးကို တည်ဆောက်ဖို့ရန်အတွက် ဖြစ်လေသည်။

(၃) စည်းမကိုက် ဝါးမကိုက်သည့် သီချင်းဟောင်းကြီးများကို ပြန်သီဆိုနေခြင်း၊ နေ့ချင်းညချင်း ဖြစ်ပေါ်နေသော နေရာအနှံ့ ကျယ်ပြန့်နေသည့် အနှာဂတ်၏ တိုးတက်မှုကို အတိတ်တွင် ရှာမှီးနေခြင်း၊ အတိတ်ထက် ထိုအနှာဂတ် တိုးတက်မှုကို နိမ့်ကျသည်ဟု အယူရှိခြင်း၊ စာအုပ်ဟောင်းကြီးများနှင့် အကြောင်းအရာအဟောင်းများကို မကြာခဏ ကိုးကားပြောဆိုခြင်း၊ ဤစိတ်ဓာတ်ကျွန်ခံနေမှုတို့သည်လည်း ကွန်မြူနစ်ဝါဒ၏ သိမ်မွေ့သော်လည်း အင်အားကြီးမားသည့် ရန်သူများထဲတွင် အပါအဝင် ဖြစ်နေကြလေသည်။

ရန်သူတို့၏ အကြောင်းကို ပြောပြပြီး၍ ဤနေရာ၌ တစ်ဖန် ကွန်မြူနစ်ဝါဒ၏ အစစ်အမှန် တည်တံ့စေသူများနှင့် မိတ်ဆွေများ၏ အကြောင်းကိုလည်း ပြောပြရဦးမည်။ ကွန်မြူနစ်ဝါဒဟူသော စကားလုံး၌ ယခုအခါတွင် အလွန်စွဲမက်စရာ ရှိနေလေသည်။ သို့အတွက် အနု၊ အရင့်မရွေး လူအမျိုးမျိုးတို့သည် ဤဝါဒအနီးသို့ ချဉ်းကပ်လာလိုကြသည်။ ကွန်မြူနစ်ကြိုးပမ်းမှု၏ လွန်ခဲ့သည့် အနှစ်တစ်ရာအတွင်းက သမိုင်းကို ပြန်ကြည့်လျှင် ကွန်မြူနစ်ဝါဒ ကြိုးပမ်းမှုသည် ရန်သူများထက် ပိုမိုပြီး နှသည့် (ဝါ) ဖောက်ပြန်လွယ်သည့် နောက်လိုက် ပါတီဝင်များကြောင့် ထိခိုက်နစ်နာရသည်ဆိုသည့် အချက်ကို သိရှိရပေလိမ့်မည်။

လွန်ခဲ့သည့် စစ်ပြီးသည့်နောက် (ပထမကမ္ဘာစစ်ကို ဆိုလိုသည်)၌မူ ထိုကဲ့သို့သော ကွန်မြူနစ်ဝါဒ၏ မြေကြီးလက်ခတ်မလွဲ အောင်ပွဲခံမှုမှာ လူအဆက်များစွာအထိ နောက်သို့ ရွှေ့လျားကြန့်ကြာသွားရလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကွန်မြူနစ်ဝါဒ၏ နောက်လိုက်များ၊ ယုံကြည်သူများကို အနုနှင့် အရင့် ခွဲခြား၍ သိထားထိုက်ပေ၏။

ကွန်မြူနစ်ဝါဒဟူသော စကားလုံးက ဆွဲဆောင်သည်ဖြစ်၍ ရောက်လာကြသူများအနက် ဓနရှင်တို့၏ ပျိုမျစ်နုနယ်သော သားသမီး အဆက်အနွယ်များ

လည်း အမြောက်အမြားပင် ပါဝင်လေသည်။ ပျိုရွယ်သူတို့၏ မျက်နှာမလိုက် စဉ်းစားဆင်ခြင်တတ်သည့် စွမ်းရည်သတ္တိက ၄င်းတို့အား တခြားသော အဖွဲ့အနှောင်များ လျှောရဲနေသည်ဖြစ်သောကြောင့် ကွန်မြူနစ်ဝါဒဘက်သို့ ဆွဲဆောင်လေသည်။ သို့ပင်ဖြစ်သော်လည်း ထိုခဏ၌ ၄င်းတို့၏ ဆုံးဖြတ်ချက်မှာ နှသေး၍ ၄င်းတို့အနက် မြောက်မြားစွာမှာမူ (၁) ဖက်ရှင်သဘောအားဖြင့် ထိုဝါဒဘက်သို့ ညွှတ်ကြခြင်း ဖြစ်သည်၊ (၂) အချို့၏ စိတ်နှလုံး၌မူ ဖြတ်လမ်းနှင့် ခေါင်းဆောင်တန်းဖြစ်လိုသည့် ဆန္ဒကလည်း လှုံ့ဆော်လျက်ရှိသည်၊ (၃) အချို့ပုဂ္ဂိုလ်တို့အတွက် ဤဝါဒသည် အသိဉာဏ်ကစားမှုအတွက် ဖြစ်နေ၏။ အစစ်အမှန်သဘောကားသူတို့ နှလုံးအတွင်းသို့အထိ ဝင်ရောက်မသွားပေ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် တကယ့်တကယ် လက်တွေ့သဘောအားဖြင့် ကွန်မြူနစ်ဝါဒကို ထိုမျှလောက် အားပေးကူညီမှု မပြုလုပ်နိုင်ပေ။ အကြောင်းမူကား (၄) မိမိတို့၏ ဓနရှင် ဆွေမျိုးဉာတကာများနှင့် မိတ်ဆွေ သင်္ဂဟများကို ထောက်ထားမှု၊ ငဲ့ညှာမှုက သူတို့ လုံ့လဥဿာဟနှင့် အားကြိုးမာန်တက် အလုပ်လုပ်ရာတွင် အနှောင့်အယှက်ပေးလျက်ရှိ၏၊ (၅) မိမိ၏ စီးပွားရေး အကြီးအကျယ် ဆုံးရှုံးမှုက ၄င်းတို့အား အစဉ်သဖြင့် ရှေ့သို့ မတိုးနိုင်အောင် တားမြစ်ပိတ်ပင်ထားသည်၊ (၆) ၄င်းတို့တွင် စာတွေ့ကို အကြောင်းပြုပြီး အငြင်းပွားသည့် သဘာဝ အလေ့အထ ရှိကြလေသည်။ အကြောင်းမူကား လူ့ဘဝ အခက်အခဲ အကျပ်အတည်း အစစ်အမှန်များကို ၄င်းတို့သည် အတွေ့အကြုံ အင်မတန်မှ နည်းလေသည်၊ (၇) ကိုယ်တိုင် ထိုအခွင့်မျိုးကို မတွေ့ကြုံရသောကြောင့် ဆင်းရဲသား ကျောမွဲများ၏ ဆင်းရဲဒုက္ခကို ၄င်းတို့သည် တစ်ခါတစ်ရံမှသာလျှင် သတိရကြသည်။ ရပြန်သည့်အခါလည်း ခဏတစ်ဖြုတ်သာလျှင် ဖြစ်လေ၏၊ (၈) ၄င်းတို့အနက် လူပေါင်းများစွာအတွက်မှာမူ ကွန်မြူနစ်ဝါဒသည် အထက်သို့တက်ရန် စောင်းတန်းလှေကားသဖွယ် ဖြစ်နေ၏။ ဘုရားပြီးသော အခါတွင်မူ ၄င်းတို့သည် ငြမ်းကို သားပုပ်လေလွင့် ပြောပြီး ဖယ်ပစ်လိုက်တတ်ကြလေသည်။

နေရှင်တို့၏ လူငယ်လူရွယ် သားသမီး အဆက်အနွယ်များကဲ့သို့ပင် မဟုတ်သော်လည်း ပညာတတ် လူငယ်လူရွယ်တို့သည်လည်း ကွန်မြူနစ်ဝါဒနှင့်

တကယ်တမ်း မိတ်ဆွေသဟာယ အစစ်ဖြစ်နိုင်သည့် အရည်အချင်း မရှိကြပေ။ အကြောင်းမူကား သာမန်အတန်းအစား၌ မွေးဖွားကြသူများ ဖြစ်လင့်ကစား ၄င်းတို့သည် ထိပ်တန်းသို့ရောက်အောင် ပြုလုပ်နိုင်ခွင့် ကျပ်ပြည့်ရှိလေ၏။ ထိပ်တန်းသို့ရောက်ရှိသွားသောအခါတွင် သူတို့သည် အလွယ်တကူနှင့်ပင် မိမိတို့၏ ပထမက ရည်မှန်းချက်နှင့် လုပ်ဖော်ကိုင်ဖက်များအား သစ္စာဖောက်ခြင်း၊ ကျေးဇူးကန်းခြင်းများကို မလုပ်ဘဲ မနေနိုင်ကြတော့ပေ။

ကွန်မြူနစ်ဝါဒ၏ အစစ်အမှန် အားပေးထောက်ပံ့သူများနှင့် တည်တံ့စေသူများမှာမူ လုပ်အားကိုမှီ၍ အသက်မွေးသည့် အလုပ်သမားနှင့် လယ်သမားတို့သာလျှင် ဖြစ်နိုင်လေ၏။ အကြောင်းမူကား (၁) ၄င်းတို့၏ နိမ့်ကျယုတ်ညံ့သည့် အခြေအနေနှင့် မခံရပ်နိုင်ဖွယ်ဖြစ်သော ဆင်းရဲမွဲပြာကျနေမှုတို့က ၄င်းတို့၏ အတွင်း၌ အစဉ်မပြတ် ထိုဝေဒနာကို နှိုးဆွလျက် ရှိနေပေလိမ့်မည်၊ (၂) သူတို့သည် ဤတိုက်ပွဲ၌ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းမဲ့စွာဖြင့် ဝင်နွှဲနိုင်ကြလေသည်။ အကြောင်းသော်ကား သူတို့၏အထံ၌ ရှုံးစရာ ဘာမျှမရှိ။ နိုင်သွားလျှင်မူ ထာဝစဉ်လွတ်လပ်ရေးကို သူတို့ ရရှိပေလိမ့်မည်။ ရှုံးသွားစေကာမူလည်း ရှေ့ဆက်လက်ပြီး တိုက်ပွဲကို အစဉ်သဖြင့် ဆင်နွှဲသွားဖို့ရန် အခွင့်သည် သူတို့၏လက်ထဲမှ လွတ်ထွက်သွားမည် မဟုတ်ပေ၊ (၃) အရေအတွက်၊ သို့မဟုတ် အလုပ်၏ သဘောအားဖြင့်လည်း ကမ္ဘာပေါ်ရှိ အလုပ်သမားများသည် ကြီးမားပြန့်ကျယ်သည့် အင်အားစုကြီးတစ်ခု ဖြစ်လေ၏။ ထိုအချက်ကို သဘောပေါက်သည်နှင့် တစ်ပြိုင်နက် ၄င်းတို့သည် နောက်သို့ ပြန်ဆုတ်ရန် လေသံဟကြတော့မည် မဟုတ်ပေ၊ (၄) ဓနရှင်၊ အရင်းရှင်တို့သည် အလုပ်သမားများက ဖန်တီးပြုလုပ်ထားသူများ ဖြစ်ကြလေ၏။ သို့ဖြစ်၍ မိမိတို့၏ စွမ်းရည်သတ္တိနှင့် ညီညွတ်မှုကို အသုံးပြုပြီးလျှင် အလုပ်သမားတို့သည် အရင်းရှင်တို့အား ဖြိုဖျက်ပစ်နိုင်လေသည်။

ယင်းသို့ဖြစ်သော်လည်း နှုသေးသည့် နောက်လိုက်များအား ပယ်ထုတ်ပစ်ရမည် ဟူ၍ကား မဆိုလိုပေ။ ပညာတတ်လူတန်းစား၊ ပညာနှင့် အသက်မွေးသူများနှင့် စပ်လျဉ်း၍ကား အထက်ပါသဘောမျိုးကို စိတ်ထဲမှာ သတိချပ်ထားခြင်းသည်ပင် ၄င်းတို့၏ ချောက်တွန်းမှုကို ဖယ်ရှားပစ်ရန်အတွက် လုံလောက်ပါ

ပေသည်။ ကွန်မြူနစ်ဝါဒ တိုက်ပွဲ၏ အခြေခံအစစ်အမှန်မှာမူ အလုပ်သမား လူတန်းစားများသာလျှင် ဖြစ်နိုင်လေသည်။ ဤသို့လျှင် ကွန်မြူနစ်ဝါဒ တိုက်ပွဲသည် ကမ္ဘာပေါ်၌ ဆင်းရဲနှင့် ချမ်းသာ၊ ဖိနှိပ်သူနှင့် အဖိနှိပ်ခံ ကွဲပြားခြားနားမှု လွှင့်ရှားပျောက်ကွယ်မသွားသရွေ့ ဆက်လက် ဖြစ်ပွားနေလိမ့်မည်။ လူတန်းစားခွဲခြားမှု ကင်းမဲ့သည့် လူ့လောက တည်ဆောက်ပြီးသည့်အခါ၌ ယခုပစ္စုက္ခရှိ အကျပ်အတည်း၊ အခက်အခဲများ ရှေ့လျားပျောက်ကွယ်သွားရုံသာလျှင် မကဘဲ ယခုခေတ်ရှိ ကြောင့်ကြဗျာပါဒများ၊ တရားစည်းကမ်းမဲ့မှုများလည်း ရှိတော့မည် မဟုတ်သဖြင့် လူ့လောကသည် ငြိမ်းချမ်းသာယာမှု၊ ချမ်းသာကြွယ်ဝမှု၊ တင်းတိမ်ရောင့်ရဲမှု ရှိလာမည့်အပြင် သဘာဝဘေးဒုက္ခများ တွေ့ကြုံ ပေါ်ပေါက်လာသည့်အခါ၌ ပြည့်စုံလုံလောက်သည့် လုံ့လဝီရိယ ဇွဲ အသင့်ပြင်ဆင်မှုများနှင့်တကွ ထိုသဘာဝဘေးဒုက္ခများကို ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်နိုင်ကြပေလိမ့်မည် ဖြစ်ပေ၏။ ထိုခေတ် ထိုအခါ၌ လူလူချင်း ပြုမူဆက်ဆံခြင်းတို့သည်လည်း မေတ္တာ၊ ကရုဏာ၊ ကိုယ်ချင်းစာနာမှု၊ တန်းတူထားမှုသဘောတို့ဖြင့် ပြည့်နှက်၍ နေပေလိမ့်မည်။ အယောင်ဆောင်သဘောကိုမူ အစအနမျှ ရှာတွေ့ရတော့မည် မဟုတ်ပေ။

❑

လင်းလွန်းခင်စာပေ

ဗုဒ္ဓဝါဒ နှင့် ဆိုရှယ်လစ်ဝါဒ

နိဒါန်း

ယခုအခါတွင် နိုင်ငံရေးလှိုင်းဂယက် လှုပ်ရှားရိုက်ခတ်ချက်ကြောင့် အတွေး အခေါ်၊ သို့မဟုတ် အာဘိဓမ္မာ၏ အရောင်အသွေးသည် အတော်ပင် ဝင်းလက် တောက်ပြောင်လာသည်ကို တွေ့ရပါသည်။ ယင်းကဲ့သို့ အတွေးအခေါ်၊ သို့မဟုတ် အာဘိဓမ္မာ၏ အသွေးအရောင် ဝင်းလက်တောက်ပြောင်လာသောအခါ အာဘိဓမ္မာ နယ်ပယ်၌ မသေးငယ်သောနေရာကို ရရှိထားသည့် ဗုဒ္ဓအာဘိဓမ္မာ၏ အခန်းကဏ္ဍ မှာလည်း ရှေးကထက် ပိုပြီး အရေးပါအရာရောက်လာသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ဤစာအုပ်တွင် ဗုဒ္ဓအာဘိဓမ္မာကို ခေတ် အယူ အဆဖြင့် နှိုင်းယှဉ်လေ့လာပြီး တင်ပြထားသော ပညာရှင်ငါးဦးတို့၏ ဆောင်းပါး များကို စုဆောင်းလျက် မြန်မာဘာသာ ပြန်ဆိုထားပါသည်။ ဤစာအုပ်တွင် ပါဝင် သော ဆောင်းပါးများမှာ အတွေးအခေါ်သမားများ၏ အသိဉာဏ်ကို ထက်မြက် ဖွံ့ထွားစေလိမ့်မည်ဟု ယုံကြည်ပါသည်။

ဆောင်းပါးများတွင် ပါဝင်သော အယူအဆများမှာ မူလစာရေးသူ၏ အယူအဆများသာဖြစ်၍ ယင်းအယူအဆများကို မြန်မာစာဖတ်ပရိသတ်အား သိရှိ စေလိုခြင်းသက်သက်သည် ဘာသာပြန်သူ၏ စိတ်ရင်းစေတနာရင်း ဖြစ်ပါသည်။

ဆောင်းပါးများ၏ အောက်ခြေမှတ်ချက်များမှာမူ ဘာသာပြန်သူအနေ ဖြင့် ဖြည့်စွက်ထည့်ထားသည့် မှတ်ချက်များ ဖြစ်ပါသည်။ ယင်းသို့ ထည့်ရခြင်း မှာလည်း ဝေါဟာရအတွက် အခက်အခဲ မတွေ့ရှိစေရန်ပင် ဖြစ်ပါသည်။

ပါရှူ

၃၀-၁၂-၆၃

လင်းလွန်းခင်စာပေ

အနိစ္စဝါဒီ ဗုဒ္ဓအာဘိမှော

ရာဟုလာသံကိစ္စည်း

[ရာဟုလာသံကိစ္စည်း၏ အထက်ပါ ဆောင်းပါးကို မဟာ
မာနဝဗုဒ္ဓ အမည်ရှိ ဟိန္ဒီဘာသာစာအုပ်တွင်လည်းကောင်း၊
အခြားသော ဟိန္ဒီမဂ္ဂဇင်းအချို့တွင် လည်းကောင်း ဟိန္ဒီ
ဘာသာဖြင့် တွေ့ရသည်။ ထို့ပြင် ကွန်မြူနစ်ပါတီမှ ထုတ်
ဝေသော လစဉ်စာစောင် New Age (၁၉၅၅ ဧန်နဝါရီလ)
တွင်လည်း Buddhist Dialectics အမည်ဖြင့် အင်္ဂလိပ်
ဘာသာဖြင့် ရေးထားသည်ကို တွေ့ရသည်။ ယင်း
ဆောင်းပါးကို မြန်မာပြန်ဆိုထားပါသည်။]

ဗုဒ္ဓဘာသာ၌ ထာဝရဘုရား(လောကဓာတ်ကို ဖန်ဆင်းသူ) အတွက်
လည်း နေရာမရှိပေ။ ထာဝရဘုရားဟော ကျမ်းစာအတွက်လည်း နေရာမရှိပေ။
အကျင့်စာရိတ္တသည် အပြုအမူ၏ အကောင်းနှင့်အဆိုးပေါ်၌ အခြေတည်နေ
သည်။ ထာဝရဘုရားကို ယုံကြည်ကိုးကွယ်သူများကား အကျင့် စာရိတ္တကို
လည်း ထာဝရဘုရား၏ အလိုအောက်သို့ ချွဲသွင်းကြသည်။ ထာဝရ ဘုရားက
ညွှန်ကြားသည့် အရာဟူသမျှ အကောင်းဖြစ်ရပြီး ထာဝရဘုရားက ပိတ်ပင်

တားမြစ်သည့်အရာ ဟူသမျှ အဆိုးဖြစ်ရသည်။ ဗုဒ္ဓဘာသာကမူ ထိုအချက်နှင့် စပ်လျဉ်း၍ တစ်မူခြားနားလျက် ရှိပေသည်။ ဗုဒ္ဓဘာသာသည် 'အများ၏ ကောင်းကျိုးနှင့် အများ၏သုခ' (ဗဟုဇန ဟိတာယ၊ ဗဟုဇန သုခါယ)ကို အကောင်းနှင့်အဆိုးကို ဆုံးဖြတ်သည့် မှတ်ကျောက်ဟူ၍ ထင်မှတ် ယူဆပေသည်။

စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်၌လည်း ဗုဒ္ဓ၏အမြင်သည် တစ်ဖုံခြားနားလျက် ရှိပေသည်။ ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီများအတွက် အများ၏ အကျိုးဆောင်မှု အကျိုးပြုမှုတည်းဟူသော ရည်ရွယ်ချက်ကို ညွှန်ကြားပြောပြ ထားတော်မူလေသည်။ ထိုရည်ရွယ်ချက်အတိုင်း မလိုက်နာမဆောင်ရွက်သူ များကို ဗုဒ္ဓက ''တိုင်းပြည်၏ ပစ္စည်းကို အကျိုးမဲ့ သုံးဖြုန်းနေသူများ'' (မောဃံသရဠုပိဏ် ဘုဥ္ဇတိ) ဟု ခေါ်ဝေါ်ပြောဆိုလေသည်။ ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီများအား သံဃိကစနစ်အရ နေထိုင်ဖို့ရန် ညွှန်ကြားဆုံးမတော်မူ လေသည်။ ဘိက္ခုနှင့် ဘိက္ခုနီမ အသင်းအပင်းအတွက် စီးပွားရေးသံဃိက စနစ်ကို တီထွင်ပြုလုပ်ထားခဲ့လေသည်။ သပိတ်၊ သင်္ကန်း စသော ပုဂ္ဂလိက သုံး ဖြစ်သည့် ပရိက္ခရာရစ်မျိုးမှတစ်ပါး အခြားသော ပစ္စည်းဝတ္ထုအားလုံးကို သံဃာပိုင်ပစ္စည်း၊ သံဃိကပစ္စည်း ဟူ၍ အသိအမှတ် ပြုထားရလေသည်။ အဆောက်အအုံ၊ ခြံ၊ ဥယျာဉ်၊ လယ်ယာဆိုင်ရာနှင့် အခြား အသေးအဖွဲပစ္စည်း ကိရိယာ၊ ခုတင်ညောင်စောင်း၊ အိပ်ရာနေရာ စသည့် ပစ္စည်းဥစ္စာဟူသမျှကို သံဃိကပစ္စည်း ဟူ၍ ယူဆထားရလေသည်။

ဗုဒ္ဓခေတ်က အလျှုဒါနပြုသည့် မြေယာဟူသမျှကို 'အရုပ်လေး မျက်နှာရှိ မျက်မှောက် မျက်ကွယ်သံဃာ' (အာဂတာအနာဂတ စတုဒ္ဒိသသ သံဃသ) ကိုသာလျှင် ပေးလှူရလေသည်။ ယင်းစနစ်သည် ရာစုလေးငါးခု အထိ ဆက်လက် တည်မြဲလာခဲ့သည်။ သီဟိုဠ်ကျွန်းရှိ ကမ္ဘည်းကျောက်စာများ အရ သိရှိရသည်မှာ ခရစ်မပေါ်မီ ရာစုနှစ် ခေတ်ကာလတုန်းက သီဟိုဠ်ကျွန်း၌ မြေယာများစွာကို 'အရုပ်လေးမျက်နှာရှိ မျက်မှောက် မျက်ကွယ်သံဃာ' ကိုသာလျှင် အလျှုဒါနအဖြစ် ပေးကမ်းလှူဒါန်းကြလေသည်။ အမှန်အားဖြင့်

ဆိုရလျှင်မူ ဗုဒ္ဓဘာသာရဟန်းသံဃာ အသင်းအပင်းထဲ၌ စီးပွားရေးသံယိုက (ကွန်မြူနစ်) စနစ်သည် ကြာရှည်လေးမြင့်စွာ ဆက်လက်တည်မြဲမနေနိုင်ခဲ့ပေ။ ဆန်ချီနှင့် ဘာရဟုတွင် တွေ့ရသော ကမ္ဘည်းကျောက်စာများ၏ အထောက်အထားအရဆိုလျှင် ခရစ်မပေါ်မီ (ဘီစီ) နှစ်ရာစုနှစ်တွင် ဘိက္ခုနှင့် ဘိက္ခုနီ (ရဟန်းနှင့် ရဟန်းမ)များသည် သူတို့၏ ကိုယ်ပိုင်ငွေကြေးဖြင့် ကျောက်တိုင်များ၊ သံဝင်းခြံများ တည်ဆောက်နေကြလေပြီဟု သိရှိရလေသည်။ ၄င်း၏ အဓိပ္ပာယ်မှာ ထိုခေတ်အခါ၌ ထိုရဟန်း၊ ရဟန်းမများ၏အထံတွင် ပုဂ္ဂလိက သုံးပစ္စည်းဖြစ်သည့် ပရိက္ခရာရှစ်မျိုးမှတစ်ပါး အခြားသော ပုဂ္ဂလိကပိုင် ပစ္စည်းများလည်း ရှိနေကြလေပြီ။

ဗုဒ္ဓသည် သမ္မတနိုင်ငံစနစ် (ဂဏ) တည်းဟူသော နိုင်ငံရေးစနစ်ကို အလွန် နှစ်သက် သဘောကျတော်မူလေသည်။ ထိုခေတ်သည် ကျွန်စနစ် ခေတ်စားလျက် ရှိနေသည့်ခေတ် ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်၌ အများထက် ပိုပြီး ကြွယ်ဝချမ်းသာလျက် အာဏာတန်ခိုးရှိသော လိစ္ဆဝီ (ဝေသာလီ) သမ္မတနိုင်ငံ၌ ဒီမိုကရေစီသည် လိစ္ဆဝီမျိုးနွယ်ထဲက လူများအတွက်သာလျှင် တည်ရှိ၍ နေပေသည်။ ကျေးကျွန်များသည် ရွှေပြောင်း၍ ရကောင်းသော ပစ္စည်းဥစ္စာ ဖြစ်ခဲ့လေသည်။ ၄င်းတို့၏ ဦးရေကလည်း မနည်းလှပေ။ လိစ္ဆဝီ မဟုတ်သူ ဗြာဟ္မဏလူမျိုး၊ သို့မဟုတ် ဂဟပတိ (ကုန်သည်) လူမျိုးတို့သည် လွတ်လပ်မှုရှိကြသော်လည်း ဆိန်တ် (လွတ်တော်) အတွက် မဲဆန္ဒပေးပိုင်ခွင့် မရှိကြ။ သူတို့သည် လိစ္ဆဝီလူမျိုးတို့၏ လက်ခုပ်ထဲကရေ ဖြစ်ရလေသည်။ သို့ရာတွင် ထိုသမ္မတစနစ်သည် ဘုရင်စနစ်ထက် ကောင်းမွန်သည်မှာကား အထင်အရှားပင် ဖြစ်လေ၏။

ဗုဒ္ဓ၏အလိုအရ ဘုရင်စနစ်၏ မူလအစသည် ဘုရားသခင်ပေး အခြေအမြစ်ပေါ်၌ တည်ရှိမနေပေ။ အမှန်မှာ ဘုရင်အဖြစ် ဘုရင်ရာထူးသည် ပုဂ္ဂလိကပိုင်ပစ္စည်း တိုးပွားများပြားလာခြင်းမှ ပေါက်ဖွား ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ ပုဂ္ဂလိကပိုင်ပစ္စည်းကြောင့် လူများ၏အကြား၌ မညီမျှမှု၊ သို့မဟုတ် လူတန်းစား ခွဲခြားမှု ဖြစ်ပေါ်လာသည်။ လူများအချင်းချင်း ခိုက်ရန်ဒေါသ

ဖြစ်ကြသည်။ ဗြောင် တစ်မျိုး၊ တိတ်တိတ်တစ်ဖုံ တစ်ဦးသည် အခြားတစ်ဦး၏ ပစ္စည်းဥစ္စာကို လုယက် ယူငင်ကြသည်။ သို့ဖြစ်၍ သူတို့သည် မိမိတို့အထဲမှ ပုဂ္ဂိုလ်တစ်ဦးကို မိမိတို့၏ တရားသူကြီးအဖြစ် ရွေးကောက်တင်မြှောက်လေသည်။ ထိုပုဂ္ဂိုလ်က အာဏာကို ကိုယ်ကျိုးစီးပွားအတွက် သိမ်းပိုက်လာရင်းက ဘုရင်အဖြစ်အထိ တိုးတက် ကြီးပွားလာခြင်း ဖြစ်လေ၏။

ဗုဒ္ဓသည် ခရစ်မပေါ်မီ (ဘီ-စီ) ၆-၅ ရာစုနှစ်တွင် ပေါ်ထွန်းတော်မူခဲ့လေသည်။ (၄၈၃ ဘီစီ၌ ပရိနိဗ္ဗာန်စံသည်) ထိုခေတ်အခါကလည်း စီးပွားရေးနှင့် လူမှုရေး မညီမျှမှုများ၊ ခြားနားမှုများသည် အင်အား ကြီးမားလှပေသည်။ စီးပွားရေး မညီမျှမှုကို အမြစ်ဖြုတ်ပစ်ဖို့ရန်အတွက်မူ ဗုဒ္ဓသည် သံဃာဘောင်အတွင်း၌သာလျှင် ကြိုးပမ်းတော်မူခဲ့လေသည်။ သို့ရာတွင် လူမှုရေးမညီမျှမှု ပပျောက်သွားစေရန်အတွက်မူကား တစ်လောကလုံးအတွက် ရည်ရွယ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပင် ဆောင်ရွက် ကြိုးပမ်းတော်မူခဲ့လေ၏။ ဇာတ်ဝါဒကို ဆန့်ကျင်ပြီး ထုတ်ဖော်မိန့်မြွက်ခဲ့သည့် ဗုဒ္ဓ၏ အသံတော်သည် အကျိုးသက်ရောက်မှု ရှိခဲ့သည်မှာ အမြင်တ်ဖြစ်သည်။ သို့ရာတွင် ဇာတ်ဝါဒ ဇာတ်အယူ၏ မူလအခြေခံမှာ စီးပွားရေးစနစ် ဖြစ်လေ၏။ ဇာတ်မြင့်တို့က ပစ္စည်းဥစ္စာပိုင်ရှင်ဖြစ်ပြီး ဇာတ်နိမ့်တို့က ပစ္စည်းဥစ္စာလက်မဲ့သူများ ဖြစ်ကြလေသည်။ တစ်ခုကို (စီးပွားရေးစနစ် မညီမျှမှုကို) ဖယ်ရှားမပစ်ဘဲနှင့် အခြားတစ်ခု (အမျိုးဇာတ်ကွဲပြားမှု) ပျောက်ပျက်သွားဖို့ရာ မဖြစ်နိုင်ပေ။ သို့သော်လည်း ဗုဒ္ဓ၏ သံဃအဖွဲ့အစည်းသည် ဇာတ်အနိမ့်ဆုံး ဖြစ်သည့် စဏ္ဍာလ (ဇာတ်အနိမ့်ဆုံး လူမျိုးတစ်မျိုးကို ဆိုလိုခြင်း ဖြစ်သည်။ သုဘရာဇာကို ဆိုလိုခြင်း မဟုတ်။) လူမျိုးကိုသော်မှ သံဃာ့ဘောင်အတွင်း၌ ရဟန်း၊ သို့မဟုတ် ရဟန်းမ ဖြစ်ခဲ့သော် တူညီမျှတသော အခွင့်အရေးကို ပေးလေသည်။

ထိုစဏ္ဍာလလူမျိုးတို့မှာ ကရဏာတရား လက်ကိုင်ထားသူနှင့်တွေ့မှ လူ ဟူ၍ အသိအမှတ်ပြုခြင်း ခံရရှာသူများ ဖြစ်ကြလေသည်။ ဗုဒ္ဓဘာသာသည် လူမျိုးမရွေး၊ နိုင်ငံမရွေး၊ ဇာတ်မရွေး၊ လူအားလုံးကို တစ်သဘောတည်းထားရန်၊ သွေးချင်းသားချင်း စိတ်ထားကြရန် ပြင်းထန်စွာ လှုံ့ဆော်ထားလေသည်။

"ပဋ္ဌသီလ" (မူငါးချက်)၌ ပါဝင်သည့် အတူယှဉ်တွဲနေနိုင်ရေးမူကို ဗုဒ္ဓဘာသာက ရုပ်လုံးဖော်ထားပြီး ဖြစ်လေသည်။ ဗုဒ္ဓဘာသာ သာသနာပြုများသည် တိုင်းပြည်တစ်ခုခု၏ ယဉ်ကျေးမှုကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ရန် စိတ်ကူးပင် မထည့်ခဲ့ကြပေ။

ဗုဒ္ဓဘာသာသည် နေရာပေါင်းများစွာ၊ နယ်ပယ်ပေါင်းများစွာ၌ ခြေခြေမြစ်မြစ် အကျိုးပြုခဲ့လေသည်။ အာဘိဓမ္မာဆိုင်ရာ အာဘိဓမ္မာနယ်ပယ်၌ လည်း ဗုဒ္ဓဘာသာသည် အကျိုးပြုခဲ့လေသည်။ အာဘိဓမ္မာနယ်ပယ်၌ ဗုဒ္ဓဘာသာ၏ အကျိုးပြုမှုကား ထူးခြားကြီးကျယ်လှပေသည်။ အမှန်စင်စစ်အားဖြင့် မာ့ဂ်စ်အာဘိဓမ္မာသည် ဗုဒ္ဓအာဘိဓမ္မာမှ အထောက်အပံ့ အကူအညီရသည်ဟုဆိုလျှင် လည်းကောင်း၊ ဗုဒ္ဓအာဘိဓမ္မာသည် မာ့ဂ်စ်အာဘိဓမ္မာ၏ မူလ အခြေခံသဘောတရားများ၏ အနီးသို့ ကပ်ရောက်သွားသည်ဟု ဆိုလျှင် လည်းကောင်း သင့်လျော်မှန်ကန်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဗုဒ္ဓအာဘိဓမ္မာ လေ့လာသူအတွက် မာ့ဂ်စ်အာဘိဓမ္မာကို နားလည်သဘောပေါက်ဖို့ရန် မခဲယဉ်းကြောင်းမှာကား ယုံမှားစရာ မရှိပေ။

မာ့ဂ်စ်အာဘိဓမ္မာ ကြီးပွားတိုးတက်လာမှု၌ ဟေဂယ် (Hegel) ၏ အာဘိဓမ္မာသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်သည်ဆိုသည့် အချက်ကို လည်းကောင်း၊ မာ့ဂ်စ်အာဘိဓမ္မာသည် ဟေဂယ်အာဘိဓမ္မာ၏ အမြီးအမောက် မတည့်သည့်အချက်များကို ဖယ်ရှားပစ်သည်ဆိုသည့်အချက်ကို လည်းကောင်း ကျွန်ုပ်တို့ သိကြလေသည်။ ဟေဂယ် အာဘိဓမ္မာအဖြစ်နှင့် ဇောက်ထိုးမိုးမျှော် ဖြစ်နေသော (၀၊) ဦးခေါင်းနှင့် ရပ်နေသော အာဘိဓမ္မာ သဘောတရားကို မာ့ဂ်စ်က ဒွန္ဒရုပ်ဝါဒ (Dialectical Materialism) အဖြစ်နှင့် တည့်ပေးလိုက်သည် (၀၊) ခြေထောက်နှင့် ရပ်ပေးလိုက်သည်ဟု ပြောဆိုကြလေသည်။

ဟေဂယ်သည် စိတ်၊ သို့မဟုတ် နာမ်အား မူလ ဟူ၍လည်းကောင်း၊ အမှန် ဟူ၍ လည်းကောင်း ယူဆပြီး ရုပ်ကို နာမ်မှ ဖြစ်ပေါ်သည့်အရာဟု

ယူဆလေသည်။ မာ့ဂ်စ်ကမူ ရုပ်ကို မူလဟု ယူဆပြီး နာမ်၊ သို့မဟုတ် စိတ်ကို ရုပ်၏ အမြင့်ဆုံးသော တိုးတက်လာမှုဟု ယူဆလေသည်။ ဗုဒ္ဓ အဘိဓမ္မာ၏ အားအကောင်းဆုံးနှင့် နောက်ဆုံးပိတ်အကျဆုံးသော အသွင် အပြင်သည်လည်း ဟေဂေလ်၏ နာမ်ဝါဒ (ဝိညာဏဝါဒ-Idealism) နှင့် အတော်ပင် ဆင်တူလေသည်။ ယောဂါစာရအဘိဓမ္မာ၏ ဝိညာဏဝါဒသည် ခဏိက (အမြဲမတည်) ဖြစ်သည်။ အဘူတိက (ရုပ်မဟုတ်-Nonmaterial) ဖြစ်သည်။

ဟေဂေလ်ကဲ့သို့ပင် ဗုဒ္ဓဘာသာ၏ ယောဂါစာရ ဂိုဏ်းသည်လည်း နာမ်၊ သို့မဟုတ် စိတ်ကို အပြီးသတ် မှန်ကန်ခြင်းသဘောတရား (ဝါ) သစ္စာတရား (Ultimate Reality) ဟု ယူဆလေသည်။

ဗုဒ္ဓဘာသာ၏ အခြေခံဝါဒမှာ 'အားလုံးအနိစ္စဖြစ်၏' ဖြစ်သည်။ နောက်ပိုင်း အချိန်တွင်ကား ခဏိက ဟူသော စကားလုံးကို အနိစ္စအစား အသုံးပြုလာကြလေသည်။ အစစ်အမှန်ဖြစ်သည့် အရာ ဟူသမျှ ခဏိက ဖြစ်၏ဟု ပြောဆိုကြလေသည်။ ခဏိကမဟုတ်သည့်အရာဟူသမျှ အစစ်အမှန် မဟုတ်ပေ။ ယင်းသို့လျှင် ဗုဒ္ဓအဘိဓမ္မာသည် ကမ္ဘာလောကၦ် တစ်စုံတစ်ခု သော အရာဝတ္ထုအား နိစ္စဟူ၍ လည်းကောင်း၊ ထာဝရဟူ၍လည်းကောင်း အယူမရှိပေ။ ဗုဒ္ဓဘာသာအတွက် ဤဝါဒ၊ ဤအခြေခံသဘောတရားသည် ခြွင်းချက်မရှိသော ဝါဒ၊ ခြွင်းချက်မရှိသော အခြေခံသဘောတရား ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ ထာဝရဘုရားကို လက်မခံခြင်းနှင့် အတ္တကို ငြင်းပယ်ခြင်းမှာ ဤဝါဒ၊ ဤအခြေခံသဘောတရား၏ အကျိုးတရားပင် ဖြစ်သည်။ ဗုဒ္ဓ အဘိဓမ္မာသည် အတ္တကို ငြင်းပယ်ခြင်းၦ (ဝါ) အနတ္တဝါဒီ ဖြစ်ရခြင်းၦ ဂုဏ်ယူလေသည်။

ဗုဒ္ဓဖွားမြင်သောအချိန်ၦပင်လျှင် ဥပနိသျှဒ်ခေတ်လည်း ကုန်ဆုံးနေဆဲ ဖြစ်သည်။ ဥပနိသျှဒ်ရသေ့များသည် အတ္တသဘောကို အမွမ်းအတင်ဆုံး ဖြစ်လေသည်။ အတ္တသည် အဘူတိက(ရုပ်မဟုတ်) သဘောတရား ဖြစ် သည်။ နိစ္စဖြစ်သည်။ ဖောက်ပြန်ပြောင်းလဲခြင်းမရှိဟူ၍ အတ္တသဘောကို

အမွမ်းတင်ကြလေသည်။ ဗုဒ္ဓဘာသာ၏ အဓိက ရည်ရွယ်ချက်မှာ ဥပနိဿျဒ်၏ ယင်းနိစ္စဝါဒီ အဘိဓမ္မာ သဘောတရားကို ချေမှုန်းပစ်ဖို့ရန် ဖြစ်လေသည်။ သို့ဖြစ်၍ ဥပနိဿျဒ်၏ အတ္တဝါဒနှင့် ဆန့်ကျင်ဘက်အားဖြင့် ဗုဒ္ဓဘာသာသည် အနတ္တဝါဒဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓဘာသာ၏ အနိစ္စဝါဒ (အရာဝတ္ထုဟူသမျှ အမြဲမရှိ၊ ပြောင်းလဲသည်) ခဏိကဝါဒသည် ကမ္ဘာလောကအား အမြင်တစ်မျိုးဖြင့် ကြည့်ရှုရန် လှုံ့ဆော် အားပေးလေသည်။ အတ္တဝါဒီ၊ သို့မဟုတ် နိစ္စဝါဒီများသည်ပင် ဗဟိဒ္ဓ (အပြင်) လောကကို ပြောင်းလဲလေ့ရှိသည်ဟု ယူဆရန် အသင့်ရှိကြကုန်သည်။ သို့ရာတွင် ၄င်းတို့သည် လောက၏အတွင်းဌာ်မှ နိစ္စသဘောရှိ၏ဟု ယူဆကြလေသည်။ ထိုနိစ္စသဘောအား ၄င်းတို့သည် အတ္တဟူ၍လည်းကောင်း၊ ဗြဟ္မဟူ၍လည်းကောင်း အမည်ပေးကြလေသည်။ ဗုဒ္ဓအဘိဓမ္မာ၏ ပြောပြချက်မှာ အကယ်၍ ၄င်ကျောတုံး၏ အတွင်းဘက်ကိုကြည့်လျှင် ၄င်ကျောအူ အခွံကိုသာလျှင် တစ်လွှာပြီး တစ်လွှာ တွေ့ရပေလိမ့်မည်။ အနှစ်သာရကို တွေ့ရလိမ့်မည် မဟုတ်ပေ။ ထိုနည်းတူစွာ ကမ္ဘာလောက၏ အတွင်းအပြင်ရှိ အရာဝတ္ထု ဟူသမျှ၌ အတ္တ၊ ဗြဟ္မတည်း ဟူသော မည်သည့် နိစ္စသာရ (မြဲသောအနှစ်သာရ- Eternal substance) မျိုးမှ မရှိပေ။ ကမ္ဘာလောကသည် ယင်းကဲ့သို့သော နိစ္စသာရသဘောမျိုးမျှ ဆိတ်သုဉ်းလျက် ရှိပေသည် (၀၊) သုညဖြစ်လျက် ရှိပေသည်။ ဗုဒ္ဓဘာသာ၏ သုညဝါဒမှာ ယင်းသဘောမှ မွေးဖွားပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

အနိစ္စဝါဒ (၀၊) ခဏိကဝါဒကို ရှင်းလင်းပြောပြရန်အတွက် မိုးတိမ်ဥပမာကို လည်းကောင်း၊ မီးလှုံ့ဥပမာကို လည်းကောင်း ပေးကြလေသည်။ မိုးတိမ်သည် ခဏတိုင်း ခဏတိုင်း ပြောင်းလဲနေကဲ့သို့ ဤကမ္ဘာလောကလည်း ပြောင်းလဲ၍ နေသည်။ အမာကျောဆုံးဖြစ်သည့်စိန်၊ သို့မဟုတ် သံသည်ပင်လျှင် ခဏတိုင်း ခဏတိုင်း ပြောင်းလဲ၍နေသည်။ သို့ဖြစ်လျှင် ထိုအရာဝတ္ထုများ၏ ရှေ့အသွင်နှင့် နောက်အသွင်ဌာ် အဘယ်ကြောင့် တူညီမှုကို တွေ့ရှိရသနည်း။ ယင်းအမေးကို ဗုဒ္ဓဘာသာဝင်များက အဖြေပေးထားသည်။ တူညီသော

အရာဝတ္ထုမှ ဖြစ်ပေါ်လာသော အရာဝတ္ထုသည် မိမိ၏ ရှေးအရာဝတ္ထုနှင့် ဆင်တူလေသည်။ အကျိုးသည် အစဉ်သဖြင့် အကြောင်းနှင့် တူညီမှုရှိလေသည်။ သို့ဖြစ်၍ ကျွန်ပ်တို့သည် တူညီသည် ဟူ၍ (၀၊) တစ်ခုတည်းဖြစ်၏ ဟူ၍ အမှတ်မှားခြင်း ဖြစ်လေသည်။ မီးခွက်မှ မီးလျှံသည် ခဏတိုင်းတွင် ပြောင်းလဲ၍ နေသည်။ သို့ရာတွင် မီးလျှံအဟောင်း၏နေရာတွင် ပေါ်ပေါက်လာသော မီးလျှံအသစ်သည် မီးလျှံအဟောင်းနှင့် ဆင်တူလေသည်။ သို့ဖြစ်၍ ကျွန်ပ်တို့သည် ''ဤမီးလျှံသည် ဟိုမီးလျှံပင် ဖြစ်သည်'' ဟု ဆုံးဖြတ်ပစ်လိုက်ကြခြင်း ဖြစ်လေသည်။

အတွင်းအပြင် ကမ္ဘာလောက တစ်ခုလုံးကို ခြွင်းချက်မရှိ အနိစ္စ ဟု ယုံကြည်ယူဆလျှင် အကြောင်းအကျိုး သဘောတရား (Theory of Causality) ကိုလည်း တသီးတခြား ယူဆဖို့ရန် လိုအပ်လေ၏။ အဏုမြူ သို့မဟုတ် ရုပ်ဝတ္ထုအစိုင်အခဲကို မာကျောသော၊ ပြောင်းလဲမှုမရှိသော အုတ်ဟု ထင်မှတ်ယူဆသူများသည် ''ထိုအရာဝတ္ထုများ၏ အချင်းချင်း ပေါင်းစုမှုကြောင့် ပစ္စည်းဝတ္ထုအသစ် ပေါ်ပေါက်လာသည်'' ဟု ပြောဆိုနိုင်ကြသည်။ ထိုအရာဝတ္ထုများ၏ ပေါင်းစုမှုနှင့် ကွဲပြားမှုသည် ပစ္စည်းဝတ္ထု၏ ဖြစ်ပေါ်ခြင်းနှင့် ပျောက်ပျက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာကမူ ယင်းကဲ့သို့ ပြောင်းလဲမှုမရှိသော၊ နိစ္စဖြစ်သော အုတ်မျိုးကို အယူမရှိပေ။ အရာဝတ္ထု ဟူသမျှ နိစ္စသာရ (Eternal essense) မှ ဆိတ်သုဉ်းလေသည်။ အဓိဗာယ်မှာ ထိုအရာများသည် အရာဝတ္ထု(ဝတ္ထု- Thing) မဟုတ်ပေ။ အဖြစ်အပျက် (ဓမ္မ- Event) သာလျှင် ဖြစ်ကြသည်။ ထိုအရာများသည် မူလဓာတ် သတ္တုသဘောမှ လက်ကောက်၊ နားတောင်းကဲ့သို့သော ပုံအသွင်အမျိုးမျိုး ပုံသွင်းယူလို့ရသော ရွှေနှင့် ပမာတူသည်ဟု ဥပမာမပေးအပ်ပေ။ အကြောင်း အကျိုးဥပဒေ သဘောတရား (Law of Causality) ကို ရှင်းလင်း ပြောပြရန်အတွက် ဗုဒ္ဓက ပဋ္ဌိစ္စ သမုပ္ပာဒ (Dependent Origination) ဟူသော သီးခြားဝေါဟာရ စကားလုံးကို အသုံးပြုထားလေသည်။

ထိုစကားလုံးကို အဓိဗာယ်ရှင်းပြလျက် ဗုဒ္ဓက ''အသ္မိသတိဏ္ဍံ

ဘဝတိ" (ဤအရာရှိသည်ရှိသော် ဤအရာဖြစ်၏)ဟူ၍ မိန့်မြွက်တော်မူလေသည်။ ဤအရာ ပြီးဆုံးသွားသည်ရှိသော် ဤအရာ ဖြစ်ပေ၏။ ပြီးဆုံးသွားခါစအရာသည် အကြောင်းဖြစ်ပြီး အကြောင်း၏နောက်၌ ဖြစ်ပေါ်သောအရာသည် အကျိုးဖြစ်သည်။ အကြောင်းတည်ရှိနေသောအချိန်၌ အကျိုးသည် လုံးဝမရှိပေ။ အကျိုးဖြစ်ပေါ်လာသောအခါ၌မူ အကြောင်းသည် အကြွင်းမဲ့ပျောက်ပျက်သွားလေပြီ။ အကြောင်း၏ အတွင်း၌ အကျိုးအထိ ပြောင်းသွားသော မည်ကဲ့သို့သော နိစ္စသာရမျိုးမှ မရှိပေ။ အမှန် မုချအားဖြင့် ယင်းနှစ်မျိုးသည် တစ်မျိုးသည် အခြားတစ်မျိုး၏ရှေ့၊ သို့မဟုတ် နောက်၌ ဖြစ်ပေါ်သည်မှ တစ်ပါး ဘယ်လို ဆက်သွယ်မှုမျိုးမျှ မရှိပေ။

ကမ္ဘာလောကကို အရာဝတ္ထုတို့၏ အပေါင်းအစုဟု မယူဆဘဲ အဖြစ်အပျက်တို့၏ အပေါင်းအစုဟုယူဆလျှင် ပဋ္ဌိစ္စသမုပ္ပာဒအယူသည် ရှောင်လွှဲလို့ မရသည့်အယူပင် ဖြစ်လာရပေမည်။ ခဏိကဝါဒ၊ အနိစ္စဝါဒသည် ကမ္ဘာလောကကို အဖြစ်အပျက်တို့၏ အသွင်မျိုးအဖြစ် မကြည့်မဖြစ်အောင် ပြုလုပ်လေသည်။ အကြောင်းအကျိုး ဥပဒေ စည်းကမ်းတည်း ဟူသော ရေးဟောင်းအယူအဆကို ပယ်ဖျက်လိုက်ပြီးသည့်နောက် ပဋ္ဌိစ္စသမုပ္ပာဒ အယူအဆသို့ ရောက်လာရပေသည်။ ဆိုလိုရင်းမှာ ပဋ္ဌိစ္စသမုပ္ပာဒသည် ရေးဟောင်း အကြောင်းအကျိုးဝါဒ နေရာကို ယူလိုက်လေသည်။

ဤနေရာ၌ ဗုဒ္ဓအဘိဓမ္မာသည် တခြား အယူဆွေး အယူဟောင်း တစ်ခုကို ချိုးဖျက်ပစ်လိုက်ပြန်သည်။ ရေးယခင်က အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခု၊ သို့မဟုတ် အကျိုးအများ ဖြစ်ပေါ်သည်ဟု အယူရှိလေသည်။ ဥပနိဿျဒ်ရသေ့များသည် အတ္တတစ်ခုတည်းမှ ဆန်းကြယ်သည့် အရာဝတ္ထုများစွာ ဖြစ်ပေါ်သည်ဟု အယူရှိကြလေသည်။ ရုပ်လောကဌ်ပင်သော်မှ ဓာတ်သဘောတစ်ခု (One elemenant) ကို အကြောင်းဟုခေါ်ပြီး ထိုဓာတ်သဘောမှ ဖြစ်ပေါ်သည့် အခြားဓာတ်သဘောတစ်ခုကို အကျိုးဟု ခေါ်လေသည်။ ဗုဒ္ဓအဘိဓမ္မာအဆိုမှာ မည်သည့် အရာဝတ္ထု၊ (သို့မဟုတ် ဗုဒ္ဓဘာသာ၏ စကားလုံးနှင့်ဆိုလျှင်) မည်သည့်ဓမ္မမျှ အရာဝတ္ထုတစ်ခုတည်းနှင့် ဖြစ်ပေါ်

မလာပေ။ မည်သည့်အရာဝတ္ထုမှာမျှ အကြောင်းတစ်ခုတည်း တည်ရှိသည် ဟူ၍ မရှိပေ။ အကြောင်းမျိုးစုံ ပေါင်းစုပြီးမှသာလျှင် အကျိုးတစ်ခုကို မွေးဖွားလေသည်။ ဤသဘောတရားကို ဟေတုသာမဂ္ဂိဝါဒ (အကြောင်း ပေါင်းစုံဝါဒ) ဟု ခေါ်လေသည်။

အဘိဓမ္မာဆရာကြီး ဓမ္မကိတ္တိက 'နစေကံဧကော သာမဂ္ဂယာ သမ္ဘဝ' (တစ်ခု တစ်ခုသော အရာဝတ္ထုသည် တစ်ခုမှ မွေးဖွားလာခြင်း မဟုတ်ပေ။ အားလုံးသည် အပေါင်းအစုမှ၊ အကြောင်းပေါင်းစုံမှ မွေးဖွား လာခြင်းဖြစ်သည်) ဟု မိန့်ဆိုထားလေသည်။ အကြောင်း (ဟေတု)များစွာ စုပေါင်းသွားသည့်အခါတွင် ထိုအကြောင်းပေါင်းစုံမှ အကျိုးတစ်ခု ဖြစ်ပေါ် လာလေသည်။ မာ့က်စ်ဝါဒီအဘိဓမ္မာကဲ့သို့ ဤနေရာ၌ ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံမှု (Unity of opposites - ဝိရောဓိသမာဂမ) သဘောတရား ကိုကား တိုက်ရိုက်ပြောပြခြင်း မရှိပေ။

သို့ရာတွင် အကျိုးတစ်ခုသည် အကြောင်းပေါင်းများစွာ စုပေါင်းမှုမှ ဖြစ်ပေါ်လာသည်။ အကယ်၍ ယင်း အကြောင်းများအနက်မှ အသေးငယ်ဆုံး အရာကလေးဖြစ်စေ ချို့တဲ့နေမည်ဆိုပါလျှင် အကျိုးသည် ဖြစ်ပေါ်လာနိုင်မည် မဟုတ် ဟူ၍ကား ရှင်းလင်းပြတ်သားစွာ ပြောပြထားချက် ရှိလေသည်။

ဗုဒ္ဓအဘိဓမ္မာ၏ အလိုအားဖြင့် အကြောင်းသည် အကျိုးနှင့် လုံးဝ ကွဲပြားခြားနားသည့်အရာ ဖြစ်သည်။ အဓိပ္ပာယ်မှာ အကျိုးဖြစ်ပေါ်လာခြင်း သည် အရည်အချင်း ပြောင်းလဲခြင်း ဖြစ်သည်။ အကြောင်းမှ အရည်အချင်း ပြောင်းလဲပြီး အကျိုးဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ပြင် ဤအရည်အချင်း ပြောင်းလဲမှု (အကြွင်းမဲ့ ခြားနားသော အကျိုးသစ်) သည် အားလုံးသော အကြောင်းများ လိုအပ်သည့် အတိုင်းအရည်ပမာဏ (အရေအတွက်) အတိုင်း ပေါင်းစုမှု မရှိလျှင် မဖြစ်ပေါ်နိုင်ပေ။ ဤအကြောင်းအကျိုးဝါဒ၌ အရည်အချင်း ပြောင်းလဲမှု (အကျိုး)နှင့် အကြောင်းများ၏ အရေအတွက် သဘောသည် အကျုံးဝင်လျက် ရှိလေသည်။

ကမ္ဘာလောကကို ဤအမြင်အားဖြင့် ကြည့်ပြီးလျှင် ဗုဒ္ဓအဘိဓမ္မာ

ဆရာများသည် 'စစ်မှန်သော အရာဝတ္ထု' (သစ္စာ- Real) နှင့် 'မစစ်မှန်သော အရာဝတ္ထု' (Unreal) ကို အဓိပ္ပာယ် ဖွင့်ပြကြလေသည်။ ရှေးဟောင်း အဘိဓမ္မာဆရာများအတွက်မူ ယင်းအဓိပ္ပာယ်ဖွင့်မှာ လွယ်လွယ်ကူကူလေးပင် ဖြစ်နေသည်။ ၄င်းတို့၏ အဆိုမှာ အကြင် အရာဝတ္ထုသည် နိစ္စ ဖြစ်၏။ ဖောက်ပြန်ခြင်း မရှိ။ ပြောင်းလဲခြင်း မရှိ။ ထိုအရာဝတ္ထုသည် စစ်မှန်သော အရာဝတ္ထု ဖြစ်သည်။ အကြင်အရာဝတ္ထုသည် အနိစ္စဖြစ်၏။ ဖောက်ပြန်၏။ ပြောင်းလဲ၏။ ထိုအရာဝတ္ထုသည် မစစ်မှန်သော အရာဝတ္ထု ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာ၌မူ ယင်းကဲ့သို့သော 'စစ်မှန်သောအရာဝတ္ထု' မျိုးအတွက် နေရာ မရှိပေ။

သို့ရာတွင် အနိစ္စဝါဒီ ဖြစ်စေကာမူ ဗုဒ္ဓဘာသာကလည်း စစ်မှန်သော အရာဝတ္ထုနှင့် မစစ်မှန်သော အရာဝတ္ထု၏ ထူးခြားကွဲပြားမှုကို လက်ခံ ယုံကြည်လေသည်။ ဗုဒ္ဓအဘိဓမ္မာဆရာများသည် စစ်မှန်သည့်အရာဝတ္ထုနှင့် စပ်လျဉ်းပြီး "အတ္တ ကြိယာ သမတ္ထယ တဒတြ ပရမတ္ထသစ္စ" (အကြင် အရာဝတ္ထုသည် လက်တွေ့ ပြုလုပ်လို့ရ၏။ ထိုအရာဝတ္ထုသည် ပရမတ္ထ သစ္စာ ဖြစ်၏) ဟူ၍ အဓိပ္ပာယ် ရှင်းလင်းဖွင့်ပြထားလေသည်။

မုန့်၊ သို့မဟုတ် ပေါင်မုန့်သည် စစ်မှန်သည့်အရာဝတ္ထု ဖြစ်သည်။ အကြောင်းမူကား ယင်းအရာများသည် လက်တွေ့သဘောအားဖြင့် ပြုလုပ် လို့ရသည်။ အဓိပ္ပာယ်ကား ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ပစ်ခြင်း တည်းဟူသော လက်တွေ့အပြုအမူကို ပြုလုပ်လို့ရသည်ဟု ဆိုလိုသည်။

သို့ရာတွင် အိပ်မက်ထဲက မုန့်၊ သို့မဟုတ် ပေါင်မုန့်သည်ကား စစ်မှန်သည့် အရာဝတ္ထု မဟုတ်ပေ။ အကြောင်းမူကား ယင်းအရာများသည် ကျွန်ုပ်တို့၏ ဆာလောင်မွတ်သိပ်ခြင်းကို မပယ်ဖျောက်နိုင်ပေ။

လက်တွေ့ အလုပ်သဘောအားဖြင့် ပြုလုပ်လို့ရသည့်အရာကို စစ်မှန်သောအရာဝတ္ထု (သစ္စာ) ဟူ၍သာမကဘဲ ပရမတ္ထသစ္စာ (Absolutely real) ဟူ၍လည်း ခေါ်ဆိုလေသည်။

ရှေးဟောင်း အဘိဓမ္မာဆရာများ၏ အလိုအရ သစ္စာဟုခေါ်သော

စစ်မှန်သောအရာများမှာ နိစ္စဖြစ်ခြင်း၊ ဖောက်ပြန်မှု မရှိခြင်း၊ ပြောင်းလဲမှု မရှိခြင်းတည်း ဟူသော အကြောင်းတို့ကြောင့် မည်သည့် လက်တွေ့အလုပ် သဘောမျိုးကိုမျှလည်း ပြုလုပ်လို့ရမည် မဟုတ်ပေ။

အကယ်၍ ထိုသစ္စာမည်သော စစ်မှန်သောအရာဝတ္ထုသည် ပစ္စက္ခ (Direct perception)၊ သို့မဟုတ် ပစ္စက္ခပေါ်အခြေတည်သည့် အနုမာန (inference) ၏ အရာ မဟုတ်လျှင် ယင်းကဲ့သို့ ဣန္ဒြေတို့မှအပဖြစ်သော၊ ဣန္ဒြေတို့ မရောက်နိုင်သော၊ ကြိယာမဲ့အရာဝတ္ထုမျိုး တည်ရှိနေမှု၌ မည်သည့် အထောက်အထား ပမာဏ ရှိနိုင်မည်နည်း။

လက်တွေ့အလုပ်တည်းဟူသောမှတ်ကျောက်သည် သစ္စာ (စစ်မှန်သော ဝတ္ထု) ၏ မလွဲမှားနိုင်သောမှတ်ကျောက် ဖြစ်လေ၏။ ယင်းအချက်၌ ယခုခေတ် အတွေးအခေါ်များ၏ အရိပ်အမြွက်တွေ့ရသည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ သစ္စာကို လက်တွေ့စမ်းသပ်မှု မှတ်ကျောက်ပေါ်၌ တင်ကြည့်သင့်လေသည်။ ကျိုးကြောင်းဆင်ခြင်တိုင်းထွာမှု ဗုဒ္ဓိဝါဒ (Rationalism) ကို အခြေခံရုံသက်သက်မျှဖြင့် တစ်စုံတစ်ခုသောအရာကို သစ္စာဟု မခေါ်နိုင်ပေ။ ကျိုးကြောင်းဆင်ခြင် တိုင်းထွာမှုသည် ပမာဏပြုအပ်သည့်အရာ မဟုတ်။ ရုပ်ဝတ္ထုများသည်သာလျှင် (ဝါ) လက်တွေ့အလုပ်၊ လက်တွေ့စမ်းသပ်မှုသည်သာလျှင် သစ္စာ၏ မှတ်ကျောက်ဖြစ်လေသည်။ ၄င်းသည် အလွန်ကြီးမားသည့် လက်နက် ဖြစ်သည်။ သို့ရာတွင် ၄င်းကို အသုံးမပြုကြ။ ယင်းသို့ အသုံးမပြုခြင်း၏ အကြောင်းများစွာ ရှိလေသည်။ သိပ္ပံပညာတစ်ရပ်လုံး၏ တိုးတက်မှုသည် 'ငါတို့သည် ရုပ်ဝတ္ထုများကို ငါတို့၏ လမ်းညွှန်အဖြစ် လက်ခံနာယူသည်' ဟူသော မူအပေါ်၌ အခြေတည်နေလေ၏။

ဗုဒ္ဓအဘိဓမ္မာ၌ ကိုယ်၊ စိတ်၊ သို့မဟုတ် နာမ်နှင့် ပတ်သက်၍ လည်းကောင်း၊ ရုပ်နာမ်နှင့်ပတ်သက်၍ လည်းကောင်း ဝါဒကွဲပြားလျက် ရှိသည်။ ဗုဒ္ဓဘာသာများထဲ၌ အဒ္ဒေတ္တဝါဒီ၊ ဝိညာဏ (နာမ်) ဝါဒီ (Monistidealist) တို့က နာမ်ကိုသာလျှင် သစ္စာဟု ယူဆကြလေသည်။ ၄င်းတို့၏ ယင်း 'သစ္စာ' (နာမ်) သည် ခဏိက ဖြစ်၏။ အနိစ္စ ဖြစ်၏ ဟူ၍

ကား ပြောဖို့ မလိုပေ။ အခြား ဒွတ္တဝါဒီ (Dualist) တို့ကမူ ရုပ်နှင့်နာမ်၏ တကွဲတပြားစီ လွတ်လပ်စွာတည်ရှိမှုကို ယုံကြည်လေသည်။ သို့ရာတွင် နာမ် သို့မဟုတ် စိတ်သည် ကိုယ်ပေါ်၌ အမှီပြုနေ၏ဟူသော အချက်ကိုကား နှစ်ဦးစလုံး လက်ခံကြလေ၏ (ဥတ္တံ ကာယဋ္ဌိတံ မနော)။ စိတ်၊ သို့မဟုတ် နာမ်၊ သို့မဟုတ် ဝိညာဉ်သည် ကိုယ်၊ သို့မဟုတ် ရုပ်မှအပဖြစ်သော သီးခြား နေရာ၌ တည်ရှိမနေနိုင်ပေ။ ဤဝါကျဖြင့် ရုပ်နှင့်နာမ်၏ အချင်းချင်း ဆက်သွယ်ရေးကို သိသင့်သလောက် သိရပေသည်။ အဓိပ္ပာယ်ကား နာမ် (စိတ်)သည် ရုပ် (ကိုယ်)၏အပေါ် မူတည်၍ မှီ၏ဟု ဆိုလိုသည်။

ဒွေတ္တဝါဒီများသော်မှ နာမ်သည် ရုပ်မှ သီးခြားဖြစ်သည် (ဝါ) နာမ်သည် ရုပ်၏ အမြင့်ဆုံးသောတိုးတက်ခြင်းအသွင် ဖြစ်သည်ဟူ၍ အယူ မရှိကြပေ။ အဒွေတ္တဝါဒီ၊ ဝိညာဏဝါဒီ (နာမ်ဝါဒီ)တို့ကမူ ရုပ်ကို နာမ်၏ အသွင်ပြောင်း (ပရိဏာမ) ဟု အယူရှိကြလေသည်။ ၄င်းတို့က ဤအကြောင်း နှင့်စပ်လျဉ်း၍ ရေနှင့်လှိုင်းတံပိုးကို ဥပမာပေးပြီး ကမ္ဘာလောကတစ်ခုလုံး သို့မဟုတ် ရုပ်တစ်ခုလုံးသည် နာမ်၏ ပရိဏာမသာဖြစ်သည်။ နာမ်၏ ပြောင်း လဲလာခြင်းသာ ဖြစ်သည်။ နာမ်၏ တိုးတက်ခြင်းသာ ဖြစ်သည်ဟု ပြောပြ ကြလေသည်။ ဤအယူအဆသည် ဟေဂေလ်၏ အာဘိဓမ္မာနှင့် တူညီလေ သည်။ အကယ်၍ 'ဝိညာဏ်ပရိဏာမောသော' (ဤကမ္ဘာလောက၊ သို့မဟုတ် ရုပ်သည် နာမ်၏ ပြောင်းလဲလာခြင်း ဖြစ်သည်) ဟုဆိုမည့်အစား 'ဝိညာဏ် ပရိဏာမောသော' (နာမ်သည် ရုပ်၏ ပြောင်းလဲလာခြင်းဖြစ်သည်။ တိုးတက် လာခြင်း ဖြစ်သည်) ဟုဆိုလိုက်လျှင် ဗုဒ္ဓဘာသာ ဝိညာဏဝါဒသည် ဦးခေါင်း နှင့် ရပ်နေရသည့်ဒုက္ခမှ ကင်းဝေးပြီး ခြေထောက်နှင့် ရပ်မိသွားပေလိမ့်မည်။

၄င်းတို့၏ အာဘိဓမ္မာ၌ ယင်းသို့တွေးခေါ်စဉ်းစားရန်အတွက်လည်း အချက်အလက် လုံလောက်စွာ ရှိလေသည်။ အကျိုးတိုင်း အကျိုးတိုင်းသည် မိမိ၏ အကြောင်းနှင့်စာလျှင် လုံးဝ ကွဲပြားခြားနားသည့်၊ အရည်အချင်း ပြောင်းလဲသည့်၊ လုံးဝအသစ်ဖြစ်လာသည့် အရာဝတ္ထုဖြစ်ခဲ့လျှင် ရုပ်မှနာမ် တိုးတက်ဖြစ်ပေါ်လာသည်ဟု လက်ခံနာယူခြင်း၌ ဘယ်လိုအခက်အခဲမျိုး

ရှိဦးမည်နည်း။ နာမ်သည် ရုပ်နှင့် လုံးဝ ကွဲပြားခြားနားမှု ရှိသော်လည်း ရုပ်၏အကျိုး ဖြစ်နိုင်၏။ မာ့က်စ်ဝါဒီ ရုပ်ဝါဒသည် နာမ်ကို ရုပ်တရားမှ ဖြစ်ပေါ်လာသောအရာ ဖြစ်၏ဟု အယူရှိသော်လည်း နာမ်သည် ရုပ်တရား ဖြစ်၏ ဟူ၍ကား မပြောဆိုပေ။ နာမ်သည် ရုပ်နှင့် ကွဲပြားခြားနားသောအရာ ဖြစ် ၏။ ရုပ်၏အမြင့်ဆုံးသော တိုးတက်မှုဖြစ်၏ဟုသာ အယူရှိလေသည်။

ဗုဒ္ဓခေတ်အခါက တစ်ဖက်တွင် အတ္တကို နိစ္စ ဖြစ်၏။ ဖောက်ပြန် ပြောင်းလဲခြင်းမရှိဟု ထင်မှတ်ယူဆကြသော အတ္တဝါဒီ အာဘိဓမ္မာဆရာများ ရှိပြီး အခြားတစ်ဖက်တွင်မူ အတ္တ၏တည်ရှိမှုကို ငြင်းပယ်သည့် ရုပ်ဝါဒီ အာဘိဓမ္မာဆရာများ၏ ညရုပ်ဝါဒမှာ ယန္တရားရုပ်ဝါဒ (Mechanical materialism) ထက်ပိုပြီး အဆင့်အတန်း မမြင့်ပေ။

ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တပည့်များသည် အာဘိဓမ္မာတစ်ရုပ်ကို တင်ပြခဲ့လေ သည်။ ထိုအာဘိဓမ္မာ၌ တိုးတက် လာသော ရုပ်ဝါဒ၏ အသွင်အပြင်ပေါင်း မြောက်မြားစွာ ပါဝင်သည်ကို တွေ့ရလေသည်။ သို့ရာတွင် ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်များသည် မိမိတို့ကိုယ်ကိုယ် ရုပ်ဝါဒီဟု ခေါ်ဆိုဖို့ရန် အသင့် မရှိပေ။

မည်သည့်အကြောင်းအရာနှင့် ပတ်သက် ပတ်သက် မဆို့မပင်ဋိပဒါ အလယ်အလတ်လမ်းစဉ်ကို ရွေးချယ်ခြင်းသည် ဗုဒ္ဓအာဘိဓမ္မာဆရာများ အတွက် မဆွကပင် အလေးမူခဲ့သည့်အရာ ဖြစ်ခဲ့လေသည်။ ဤနေရာ၌လည်း ၄င်းတို့သည် အတ္တဝါဒီနှင့် ရုပ်ဝါဒ၏ ကြားတွင် ထိုင်လိုကြသည်။ သို့ရာ တွင် ၄င်းတို့သည် အနိစ္စဝါဒနှင့် စပ်လျဉ်း၍မူ မဆို့မပင်ဋိပဒါ အလယ်အလတ် လမ်းစဉ်ကို လက်မခံကြပေ။ ယင်းယူဆချက်ကြောင့်သာလျှင် ဘာသာတရား များ၏ အကြား၌ ဗုဒ္ဓဘာသာကို ဘာသာတရားတစ်ရပ်အနေဖြင့် သိမ်းသွင်း ကောက်ယူလို့ရခြင်း ဖြစ်လေ၏။ အာဘိဓမ္မာ၌ ဤမျှထက်မြက်မှု၊ အမြစ်အရင်း ကျမှု ရှိသော်လည်း တမလွန်ဘဝ၊ ယောဂ သမာဓိအကျင့်နှင့် အခြားသော အချက်အလက်ပေါင်းများစွာတို့၌ ၄င်းတို့၏ ယုံကြည်ချက်သည် တခြား ဘာသာတရားများအတိုင်းပင် ဖြစ်သည်။

ဗုဒ္ဓဘာသာ အတွေးအခေါ်များသည် ရှေးဟောင်းစဉ်လာပေါင်းများစွာကို တိုက်ခိုက်ဖြိုခွင်းခဲ့လေသည်။ ထိုအကြောင်းကို အိန္ဒိယ၏ ပြိုင်ဘက်ကင်းသော အဘိဓမ္မာဆရာကြီး ဓမ္မကိတ္တိ၏ အောက်ပါပြောပြချက်ဖြင့် သိရှိရလေသည်။

"ဝေဒပရမာဏျကသမ္မိ ကတ္တာဝါဒေါ၊ နှာနေဓမ္မဂစ္ဆာ ဇာတိဝါဒါ ဝလေပေါ၊ သန္ဓာပါရမ္ဘပါပယနှာယစေတိ သေတပညာနံ ပဋ္ဌလိဂ်ါန ဇာဒယေ" [ဝေဒကို အထောက်အထားပမာဏဟု မှတ်ယူခြင်း၊ တစ်စုံတစ်ဦး (ထာဝရ) ကို ကမ္ဘာလောကကို ဖန်ဆင်းသူဟု ယူဆခြင်း၊ ရေချိုးပြီး တရားဓမ္မကို ဆည်းပူးလိုခြင်း၊ ဇာတ်အယူသီးခြင်း၊ မကောင်းမှုမှ ပယောက်ရန် အတွက် ကိုယ်ကာယကို ညှဉ်းပန်းခြင်း (ကိုယ်ကာယကို ညှဉ်းပန်းပြီး အကျင့်ကျင့်ခြင်း) ယင်းငါးမျိုးသည် မိုက်မဲမှု၏ အမှတ်လက္ခဏာများ ဖြစ်လေသည်။]

❑

ဗုဒ္ဓအဘိဓမ္မာ

ဗလရာမမ်ိုတီ

[အိန္ဒိယပြည် ကွန်မြူနစ်ပါတီမှ ထုတ်ဝေသော လစဉ်စာစောင် New Age (၁၉၅၆-မတ်လ)တွင် ပါရှိသည့် ဝိုင်-ဗလရာ မမ်ိုတီရေး Buddhist philosophy အမည်ရှိ ဆောင်းပါးကို မြန်မာပြန်ဆိုထားပါသည်]

ဗုဒ္ဓကို လူမှုပြုပြင်ရေးပုဂ္ဂိုလ်ကြီး (Social reformer) အဖြစ်ဖြင့် လည်းကောင်း၊ မေတ္တာနှင့် ကရုဏာကို ညွှန်ပြဟောကြားသူ အဖြစ်ဖြင့် လည်းကောင်း အားလုံးက အသိအမှတ်ပြုကြသည်။ လေးစား မြတ်နိုးကြသည်။ နှစ်ခုလုံး မှန်ကန်သည်မှာ လင်းပါးဖွယ်ရာ မရှိပေ။

သို့ရာတွင် ထို့ထက် သာလွန်ပိုကဲသည့် အချက်များလည်း ရှိသေးသည်။ ဗုဒ္ဓသည် သူ့အဘိဓမ္မာ၏ အနှစ်သာရဖြစ်သော အစဉ်မပြတ် ပြောင်းလဲမှု နိယာမ သဘောတရားတည်းဟူသော ဒိုင်ယာလက်တစ် ခေါ်သည့် ဒွန္ဒသဘော၊ အနိစ္စသဘောကို တီထွင်ပြုလုပ်သည့် ပထမဦးဆုံးသော အိန္ဒိယ အဘိဓမ္မာဆရာ ဖြစ်လေသည်။ ဗုဒ္ဓအဘိဓမ္မာ ပေါ်ပေါက်လာသည်မှာ ရှိရင်းစွဲ ဥပနိသျှဒ် အဘိဓမ္မာကို ဆန့်ကျင်ပြီး သဘောတရားရေးတိုက်ပွဲ၊ ဝါဒရေးတိုက်ပွဲ ဆင်နွှဲနေသည့် ကာလအတွင်းဌ် ဖြစ်လေ၏။ ထိုအချိန်က ဥပနိသျှဒ် အဘိဓမ္မာသည် ရုပ်လွန် (အတိဘူတိက- Metaphysical) အဘိဓမ္မာအဖြစ်ဖြင့်

တည်ရှိနေသည်။ ဥပနိဿျဒ်တို့သည် အနိစ္စဖြစ်သော၊ ခဏိကဖြစ်သော ကမ္ဘာ့မျက်မြင် အရာဝတ္ထုများ၏ နောက်ကွယ်၌ နိစ္စဖြစ်သော၊ ထာဝရဖြစ်သော အမှန်တရားကို ရှာဖွေဖို့ ကြိုးစားကြလေသည်။ ထိုအမှန်တရား၊ ထာဝရဖြစ်သောတရားကို ရှာဖွေမှုသည်ပင် ၄င်းတို့အား အတ္တဝါဒ၊ ဗြဟ္မ(ထာဝရ)ဝါဒသို့ ပို့ဆောင်လိုက်လေ၏။

ထိုရပ်လွန် (အတိဘူတိက) အယူအဆသည် ထိုခေတ် ပညာတတ်ပုဂ္ဂိုလ်များ၏ အတွင်း၌ ဘယ်လောက် ပျံ့နှံ့ဝင်ရောက်လာသနည်းဆိုလျှင် ယင်းပညာတတ်ပုဂ္ဂိုလ်များသည် အတ္တအား သိမြင်နားလည်နည်းများကို လည်းကောင်း၊ လူ့ဘောင်မှ ခွာရှောင်နည်းများကို လည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ် ဒဏ်ထားပြီး ကျင့်သည့် ကျင့်နည်းများကို လည်းကောင်း အာရုံစူးစိုက်လာကြလေ၏။ ကမ္ဘာလောကသည် အစဉ်ထာဝရ တည်မြဲနေသလော၊ သို့မဟုတ် တည်မြဲမနေဘူးလော။ သေသည်၏ အခြားမဲ့၌ ဘဝ ရှိသေးသလော၊ သို့မဟုတ် မရှိဘူးလော၊ အတ္တသည် ကိုယ်ကာယနှင့် အတူတူပင်ဖြစ်သလော၊ သို့မဟုတ် ကွဲပြားသလော။ ယင်းကဲ့သို့သော ပြဿနာများသည် အဘိဓမ္မာပညာရပ်၏ အဓိကပြဿနာများ ဖြစ်လာခဲ့ကြလေသည်။

ထိုခေတ်က ပညာတတ်များဖြစ်ကြသော ပဏ္ဍာစ်နှင့် ဆာဒူးတို့သည် ယင်းပြဿနာများနှင့် စပ်လျဉ်းပြီး မဆုံးနိုင်သော ငြင်းခုံမှုများ၊ ဝိဝါဒကွဲပြားမှုများကို ပြုလုပ်ခဲ့ကြလေသည်။ ဂေါတမ်မသည် ယင်းငြင်းခုံမှု၊ ဝိဝါဒကွဲပြားမှုများကို အချည်းနှီး အကျိုးမရှိဟု ထင်မြင် သိရှိသွားခဲ့လေသည်။

သို့ဖြစ်၍ ဂေါတမဗုဒ္ဓ၏ တိုက်ပွဲဆင်သည့် ပထမဆုံးသော ပစ်ကွင်းမှာ ယင်းသျှတ္တရကျမ်းဂန်ဆန်သည့် ဝါဒ(Scholasticism)အရှုပ်အထွေးပင်ဖြစ်လေ၏။ ယင်း သျှတ္တရကျမ်းဂန်ဆန်သည့်ဝါဒမှာ လွတ်လပ်စွာတွေးခေါ်မှု၏ အနှောင့်အယှက် အဟန့်အတားဖြစ်သည်။ ထာဝရ တည်မြဲနေသည့် အချက်အလက်အချို့ကို မစူးမစမ်း အကန်းလက်ခံခြင်း၌ အမြစ်တွယ်နေသည်။ ဗုဒ္ဓသည် ဗာရာဏသီ၌ ပထမဆုံးဟောသော တရားဦး၌ ဤသို့ ဟောကြားတော်မူခဲ့သည်။

"အစနှင့် ပတ်သက်သည့် ပြဿနာ၊ အဆုံးနှင့် ပတ်သက်သည့် ပြဿနာကဲ့သို့သော အကျိုးလည်းမရှိ၊ ဖြေလို့လည်း မဖြစ်သည့် ပြဿနာများ (အဗျာကတာနိ)ကို ငါတို့ တခြားဖယ်ထားကြကုန်သည်။ ဓမ္မကို လက်ခံနာယူ သူမှန်သမျှ ပဋိစ္စသမုပ္ပာဒ် သဘောကို လက်ခံနာယူသူ မည်လေသည်"

ယင်းပဋိစ္စသမုပ္ပာဒ် နိယာမသဘောတရား(Law of depedent Origination)သည် ဗုဒ္ဓအာဘိဓမ္မာ၏ အနှစ်သာရ ဖြစ်လေသည်။ မည်သည့် အရာဝတ္ထုမျှ သူ့အလိုလို တည်ရှိမနေပေ။ မည်သည့်အရာဝတ္ထုမျှ ထာဝရ တည်မြဲ မနေပေ။ အရာဝတ္ထုတိုင်းသည် အခြား အရာဝတ္ထုတစ်ခုပေါ်၌ မှီ၍နေ၏။ အရာဝတ္ထု ဟူသမျှသည် အကြောင်းတစ်ခုခု၏ အကျိုး ဖြစ်လေသည်။ အကြောင်းတည်ရှိနေသမျှ ကာလပတ်လုံး အကျိုးလည်း တည်ရှိနေ၏။ အကြင်အခါ၌ အကြောင်းသည် ကုန်ဆုံး ပျောက်ကွယ်သွား၏။ ထိုအခါ၌ အကျိုးလည်း ချုပ်ငြိမ်းကုန်ဆုံးသွားသည်။ အရာဝတ္ထု ဟူသမျှသည် အညမည ၌ ဆက်စပ်၍နေသည်။ အကြောင်းနှင့် အကျိုးသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်း မှီ၍ နေသည်။ အရာဝတ္ထုတစ်ခုသည် အခြား အရာဝတ္ထုတစ်ခုမှ ဖြစ်ပေါ် ပေါက်ဖွားလာသည်။

ယင်းဓမ္မကို ဗုဒ္ဓသည် မိမိ၏ နောက်ပိုင်း တရားဒေသနာများတွင် တိုးတက်ဖွံ့ထွားလာအောင် ပြုလုပ်လေသည်။ ယင်း အမြဲမရှိခြင်း၊ ပြောင်းလဲ ခြင်းတည်းဟူသော အာဘိဓမ္မာ၏ အဂ်ုအညီဖြင့် ဗုဒ္ဓသည် နိစ္စထာဝရဖြစ်သည့် အတ္တဝါဒ၊ ဗြဟ္မဝါဒများကို ဖြိုခွဲပစ်လေသည်။ ဗုဒ္ဓသည် လူအများအား အစပြဿနာ၊ အဆုံးပြဿနာကဲ့သို့သော သျှတ္တရကျမ်းဆန်သည့် ပြဿနာ မျိုးကို လျစ်လျူရှုရန် တိုက်တွန်းခြင်းဖြင့် အစပျိုးခဲ့သော်လည်း အမှန်စင်စစ် အားဖြင့် ယင်းပြဿနာများ၏ အဖြေကို ပဋိစ္စသမုပ္ပာဒ် ဟောပြည့်ဆန်ကြားခြင်း အားဖြင့် ပေးခဲ့လေသည်။

ပဋိစ္စသမုပ္ပာဒ် အယူအဆကို ထပ်၍ဖြည့်သော ဝါဒမှာ အနိစ္စဝါဒ၊ ခဏိကဝါဒ ဖြစ်လေသည်။ အကြောင်းနှင့် အကျိုးသည် အညမည ဆက်စပ် ၍ နေကြသည်။ သို့ရာတွင် အကြောင်းသည် အချိန်မည်မျှ တည်ရှိနေနိုင်

မည်နည်း။ အကြောင်းသည် နိစ္စ ထာဝရ မဟုတ်ပေ။ အကယ်၍ အကြောင်းသည် နိစ္စ ထာဝရဖြစ်ပါမူ အကျိုးဟုခေါ်သည့် အရာဝတ္ထုတစ်ခုခုကို ဖြစ်ပေါ်စေနိုင်မည် မဟုတ်။ သို့ဖြစ်၍ အကြောင်းသည် ခဏိက ဖြစ်သည်။ အနိစ္စ ဖြစ်သည်။ မိနစ်တိုင်း မိနစ်တိုင်း ကျွန်ုပ်တို့သည် အကြောင်းနှင့် အကျိုးပေါင်း ထောင်သောင်းများစွာကို မြင်ရသည်။ ထို့နောက် အကျိုးသည် သူကိုယ်တိုင် အကြောင်းအဖြစ်သို့ ပြောင်းသွားပြီးလျှင် နောက်အကျိုးတစ်ခုကို ဖြစ်ပေါ်စေလေသည်။ အကြောင်း၏ အကျိုးအဖြစ် ပြောင်းလဲခြင်း၊ အကျိုး၏ အကြောင်းအဖြစ် ပြောင်းလဲခြင်းသည် အဆုံးမရှိသော ဖြစ်စဉ်(ဂတိ-Process) ဖြစ်လေသည်။

ဓမ္မပဒ၌ ဗုဒ္ဓက ယင်းသို့ ဟောပြထားလေသည်။

"အို-ရဟန်းတို့၊ ဤသို့ သိနားလည်ထားကြလော့။ အသက်ရှင်နေသည့် အရာမှန်သမျှ သေကျေပျက်စီးရ၏။ အရာဝတ္ထုဟူသမျှ၌ အကြောင်းရှိ၏။ အကြောင်း ပျောက်ကွယ်သွားသော အခါ၌ အကျိုးလည်း ပျောက်ကွယ်သွားရလေသည်။ နိစ္စဟုထင်ရသော အရာဝတ္ထုများသည် အမှန်စင်စစ်အားဖြင့် ခဏိကသာ ဖြစ်၏။ အမြဲ တည်မနေပေ။ ထိုအရာဝတ္ထုများလည်း ချုပ်ပျောက် ပျက်စီးသွားလိမ့်မည်သာ ဖြစ်၏။ အမြင့်ဆုံးသော ဂုဏ်အဆင့်သို့ ရောက်ပြီဟု ထင်ရသည့် အရာသည်လည်း အောက်သို့ ကျရမည်သာ ဖြစ်၏။ အစရှိသောနေရာ၌ အဆုံးလည်း ရှိသည်။ ညီညွတ်ပေါင်းဆုံမှု ရှိသောနေရာ၌ ကွဲကွာမှုလည်း ရှိသည်။ အသက်ရှင်ခြင်းရှိသော နေရာ၌ သေခြင်းလည်း ရှိသည်"

ဤကား ဗုဒ္ဓ၏ ပဋ္ဌိပက္ခနိယာမသဘောတရား (Law of Contradiction)၊ ပဋ္ဌိပက္ခနှစ်ခု၏ ညီညွတ်မှု၊ ဆန့်ကျင်မှု သဘောတရားကို ဟောပြပုံနှင့် ကမ္ဘာလောကသည် အဆုံးမရှိသော အစဉ်(ဂတိ)ဖြစ်ကြောင်းကို ဖော်ပြပုံ ဖြစ်လေသည်။ ဘုရင်စနစ်၊ သက်ဦးဆံပိုင်စနစ်၊ ကျေးကျွန်စနစ်၊ မညီမျှမှု အားလုံးပင် အမြဲ တည်မနေပေ။ ထိုအရာများ ပျောက်ကွယ်

ချုပ်ငြိမ်းသွားပြီး အခြားအရာတစ်ခုခုက ရောက်ရှိလာပေလိမ့်မည်။ ဤကား အဘိဓမ္မာဝေါဟာရ စကားလုံးများဖြင့် ဟောကြားခဲ့သည့် ဗုဒ္ဓ၏ တရား ဒေသနာ ဖြစ်လေသည်။ နေ့ ကွယ်ပျောက်ပြီး ညဉ့် ရောက်လာသကဲ့သို့ အဟောင်း ကွယ်ပျောက်ပြီး အသစ် ရောက်လာလေသည်။ ဤကား ဓမ္မ ဖြစ်သည်။ ကမ္မာနိယာမ ဖြစ်သည်။

အစဉ်မပြတ် ပြောင်းလဲနေခြင်း သဘောကို ရဟန်းတော် နာဂသေန (ရှင်နာဂသိန်)သည် မိလိန္ဒမင်းကြီးနှင့် ဆွေးနွေးပြောကြားသော သူ၏ တရား စကားခ၌ ထင်ရှားပြတ်သားစွာ ဟောပြထားလေသည်။ မိလိန္ဒမင်းမှာ အခြား မဟုတ်။ ဘီစီ ၂၀၀ ၌ အိန္ဒိယအနောက်မြောက်ပိုင်းတွင် စိုးမိုးအုပ်ချုပ်သွား သူ ဂရိဘုရင် မိနန်ဒါပင် ဖြစ်လေသည်။ အောက်ပါစကားမှာ ဘုရင်နှင့် နာဂသေန ပြောကြားသော တရားစကား ဖြစ်လေသည်။

ဘုရင် ။ ။ အရှင်နာဂသေန၊ မွေးဖွားလာသူသည် ထိုအတိုင်းပင် နေသွားမည်လော၊ သို့မဟုတ် တစ်မျိုးတခြား ဖြစ်လာမည်လော။

နာဂသေန။ ။ ထိုအတိုင်းလည်း နေမသွားပေ။ တစ်မျိုးတခြားလည်း ဖြစ်မလာပေ။

ဘုရင် ။ ။ ဥပမာပုံထုတ်ပြီး ဟောပြတော်မူပါ။

နာဂသေန။ ။ အရှင်မင်းကြီး၊ သင်သည် တစ်ခါတုန်းက ကျောကုန်း ဖြင့် ပက်လက်လှန်လဲနေသော နုနယ်သေးကွေးသည့် ကလေးငယ်မျှ ဖြစ်ခဲ့ လေသည်။ ထိုကလေးငယ်သည် ယခု ကြီးပြင်းလာပြီဖြစ်သာ သင်နှင့် အတူတူပင် ဖြစ်သလော။

ဘုရင် ။ ။ မတူပါ။ ထိုကလေးငယ်က တစ်မျိုးဖြစ်ပြီး ယခု တပည့်တော်က တစ်မျိုး ဖြစ်ပါသည်။

နာဂသေန။ ။ အကယ်၍ သင်သည် ထိုကလေး မဟုတ်လျှင် သင့်မှာ အမေလည်း ရှိမည်မဟုတ်ပေ။ အဖေလည်း ရှိမည်မဟုတ်ပေ။ ဆရာလည်း ရှိမည်မဟုတ်ပေ။ နေ့တိုင်း နေ့တိုင်း ကျွန်ုပ်တို့သည် အသစ်ဖြစ်ကြကုန်သည်။

သို့ရာတွင် လုံးဝအသစ် မဟုတ်ကုန်။ မပြတ်သောအစဉ် ရှိသကဲ့သို့ပင် မရပ်မနားသော ပြောင်းလဲမှုလည်း ရှိပေသည်။ (မိလိန္ဒပဉှာ)

ထိုမိလိန္ဒပဉှာ၌ပင် အခြား ဥပမာတစ်ခုနှင့် ဟောပြထားပြန်သေးသည်။ နာဂသေနသည် ညနေအချိန်မှစပြီး နံနက်ချိန်အထိ တောက်၍နေသော ဖယောင်းတိုင်နှင့် ဥပမာပေးပြီးလျှင် ဤသို့ နိဂုံးချုပ်ထားလေသည်။

''အရှင်မင်းကြီး၊ ဓာတ်သဘာဝတရားများ၏ ကွင်းဆက်ကြီးများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်၍နေကြသည်။ ဓာတ်သဘာဝ တရားတစ်ခုက အစဉ်သဖြင့် ဖြစ်ပေါ်နေပြီး အခြားဓာတ်သဘာဝ တရားတစ်ခုက အစဉ်သဖြင့် ပျောက်ပျက် ချုပ်ငြိမ်းနေသည်။ အစနှင့်အဆုံး မရှိဘဲ ပြောင်းလဲခြင်းသည် အဆက်မပြတ် ဖြစ်နေသည်''

ဗုဒ္ဓသည် ပြောင်းလဲနေခြင်း သဘောတရားကို ထင်ရှားစေရန် အတွက် မီးနှင့် အစဉ်မပြတ်စီးနေသော ရေဥပမာများကိုလည်း အသုံးပြုထားလေသည်။

ဤနေရာ၌ သတိပြုထိုက်သည့် အချက်တစ်ခုမှာ နာမည်ကျော် ဂရိဒွန္ဒ(အနုပဋ္ဌိလောမ)ဝါဒီ ဟေရာကလိတုကလည်း ကမ္ဘာလောကသည် အဆက်မပြတ် ပြောင်းလဲခြင်း၏ အစဉ်(ဂတိ) ဖြစ်သည်ဟူသော အချက်ကို ထင်ရှားစေရန်အတွက် စီးနေသောရေကို ဥပမာပေးထားလေသည်။

ဗုဒ္ဓအဘိဓမ္မာ၌ ရှိနေသော ယင်းသဘောတရားကို ပိုပြီး ထင်ရှားနားလည်စေရန်အတွက် အကြောင်းတရားတစ်ခုကို ကိုးကား ပြောပြပါဦးမည်။

ဗုဒ္ဓသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိပြီးသည့်နောက် မဂဓတိုင်းပြည်၏ မြို့တော်ဖြစ်သည့် ရာဇဂြိုဟ်သို့ ကြွသွားပြီး သရက်ဥယျာဉ်တစ်ခု၌ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုအချိန်၌ ရာဇဂြိုဟ်မြို့တွင် ရဟန်းပေါင်း အမြောက်အမြား နေထိုင်ကြလေသည်။ ထိုရဟန်းများသည် ဂျိန်းဘာသာကို ကိုးကွယ်သည့် ဗြာဟ္မဏပညာရှိများဖြစ်ကြသော သဠာယဝေလဋ္ဌိကပုတ္တနှင့် နိဂဏ္ဌနာထပုတ္တတို့၏ တပည့်တပန်းများ ဖြစ်ကြလေသည်။

တစ်နေ့သ၌ အဿဇိအမည်ရှိသည့် ဗုဒ္ဓ၏တပည့် ရဟန်းတစ်ပါးသည် ရာဇဂြိုဟ်မြို့တွင်းရှိ လမ်းများ၌ ဆွမ်းခံကြွလေ၏။ ထိုအချိန်၌ သဠာယ၏ တပည့်တစ်ဦးဖြစ်သော သာရိပုတ္တရာသည် အဿဇိကို တွေ့သည်ဖြစ်၍ ဗုဒ္ဓတရားတော်၏ အနှစ်သာရသည် အဘယ်အရာ ဖြစ်သနည်းဟု အဿဇိ မထေရ်အား မေးလေ၏။ ထိုအခါ အဿဇိက ဤသို့ ပြန်ဖြေလေ၏။

"တည်ရှိနေသော အရာဝတ္ထုများသည် အကြောင်းမှ ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ ထိုအကြောင်းနှင့် ထိုအကြောင်း ချုပ်ငြိမ်းပျောက်ကွယ်သွားပုံကို ဘုရားရှင် ဟောပြလေသည်။ ဤကား မဟာသမဏ၏ တရားဒေသနာ ဖြစ်လေသည်"

(ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ တေသဉ္စယော နိရောဓော၊ ဧवံ ဝါဒီ မဟာသမဏော။)

အထက်ပါ အကြောင်းအရာသည် ဂျိုန်းဘာသာ၏ ဗြဟ္မဝါဒ အာဘိဓမ္မာ (Absolutist Philosophy) နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ကမ္ဘာလောကသည် ခဏိကဖြစ်၏ ဟူသော အယူအဆကို သာရိပုတ္တရာ နှစ်သက်သဘောကျသွားပုံကို ဖော်ပြသည့် အကြောင်းအရာ ဖြစ်လေသည်။ သာရိပုတ္တရာသည် အခြား အဖော်တပည့်များနှင့်အတူ ဗုဒ္ဓ၏အထံသို့ သွားပြီး ဗုဒ္ဓတရားကို နာယူလေ၏။ ထို့နောက် သူသည် ဗုဒ္ဓ၏တပည့် ရဟန်းများထဲ၌ အထင်ရှား အကျော်ကြားဆုံး ရဟန်းတစ်ပါး ဖြစ်လာခဲ့လေသည်။ ထိုအကြောင်းအရာသည် ရာဇဂြိုဟ်မြို့ရှိ ပညာတတ်ပိုင်းက လူအားလုံးသည် သူတို့၏ ဆရာဟောင်းများကို စွန့်ပြီး ဗုဒ္ဓ၏ တရားကို သက်ဝင်ယုံကြည်သွားကြ၏ဟူသော အကြောင်းနှင့် အပြီးသတ်သွားလေ၏။

ဒုန္ဒသဘောတရား၏ လိုအပ်သည့် အချက်တစ်ခုမှာ အဟောင်းမှ အသစ် ဖြစ်ပေါ်လာခြင်းကို အသိအမှတ်ပြုရန်ပင် ဖြစ်လေသည်။ ယင်းအသစ်ကို အသိအမှတ်ပြုခြင်းသည် လူသားတို့၏ တိုးတက်မှုတွင်လည်း ဒုန္ဒအမြင် ဖြင့် ကြည့်လေသည်။ ရာဇဝင်သမိုင်းသည် အဖြစ်အပျက်ဟောင်းများ တစ်ဖန်

ထပ်ဖြစ်ခြင်းမဟုတ်။ လူ့ယဉ်ကျေးမှုသည် အနိမ့်မှအမြင့်သို့ တစ်ဖန် ထို့ထက်အမြင့်သို့ တစ်စတစ်စ တိုးတက်လာခြင်း ဖြစ်သည်။ ဗုဒ္ဓဝါဒသည် လူသားတို့၏ တိုးတက်ရေးဌာနလည်း ယင်းယုံကြည်ချက်မျိုးကိုပင် ထားလေသည်။ အကြောင်းသည် အသစ်ဖြစ်သော အကျိုးကို ဖြစ်ပေါ်စေ၏ဟူသော ဟေတု(အကြောင်း)ဝါဒသည် ယင်းအချက်၏ သက်သေသာဓက ဖြစ်လေသည်။

အေဒီ ၄၀၀ ခေတ်၌ ထင်ရှားခဲ့သော ဗုဒ္ဓဃောသကလည်း တခြားဥပမာဖြင့် ဤသို့ ပြောပြခဲ့လေသည်။

"ဒိန်ချဉ်သည် နို့ချိုမှ ဖြစ်ပေါ်လာသည်။ အကယ်၍ လုံးဝတူညီမှုသော်လည်းကောင်း၊ လုံးဝ ခြားနားမှုသော်လည်းကောင်း ရှိနေလျှင် ဒိန်ချဉ်သည် ဖြစ်ပေါ်မလာနိုင်ပေ"

ဗုဒ္ဓခေတ် မတိုင်ခင်ကလေးက ထင်ရှားခဲ့သော စာရဿကဟု အမည်တွင်သည့် အိန္ဒိယ ရှေးရပ်ဝါဒီတို့သည်လည်း ဤနည်းအတိုင်းပင် ဆုံးဖြတ်ကြသည်။ သူတို့ကမူ ရှေ့သို့ပင် ပိုရောက်သွားကြပြီး အသက်သည် တစ်စတစ်စ တိုးတက်လာခြင်း အစဉ်အရ သက်မဲ့အရာဝတ္ထုမှ ဖြစ်ပေါ်လာခြင်း ဖြစ်၏ဟုပင် ဆုံးဖြတ်ကြလေသည်။ အမှန်အားဖြင့်မူ ဗုဒ္ဓဝါဒသည် ထိုမျှလောက် ဝေးဝေးသို့အထိ မသွားပေ။ သို့ရာတွင် ပြောင်းလဲနေခြင်း ကာလအတောအတွင်း၌ အသစ်ဖြစ်ပေါ်မှုကိုမူ ဗုဒ္ဓဝါဒက အသိအမှတ်ပြုလေသည်။

အရည်အချင်း ပြောင်းလဲမှုသဘောကို အသိအမှတ်မပြုဘဲ ပြောင်းလဲခြင်းနိယာမ ဥပဒေကို လက်ခံခြင်းသည် ဗုဒ္ဓဝါဒကို ယန္တရားစက်ရဟတ်နိယာမဥပဒေ (Machanised Law of rotation) သဘောသို့ ပို့ဆောင်လေသည်။ ပြောင်းလဲခြင်းနိယာမ ဥပဒေသို့ မပို့ဆောင်ပေ။ ယင်းသဘောကား သန်းယာများ တင်ပြခဲ့ကြသည့် ဝါဒ ဖြစ်လေသည်။ ယင်းဝါဒ၏ မူလအစသည် ဗုဒ္ဓခေတ် မတိုင်မီကပင် ထင်ရှား ရှိခဲ့လေသည်။

ဗုဒ္ဓသည် အဘိဓမ္မာတစ်ခုကို စတင်တီထွင်သည့် အဘိဓမ္မာဆရာတစ်ဦး ဖြစ်သည်။ ထိုမှတစ်ပါး မနုဿလူသားတို့အား ဆင်းရဲဒုက္ခမှ ကယ်တင်လိုသည့် စိတ်ဆန္ဒ ပြင်းပြထက်သန်နေသည့် ရဟန်းရှင်မြတ်တစ်ပါးလည်း

ဖြစ်သည်။ ထိုဂုဏ်အရည်အချင်း နှစ်ခုက ပေါင်းစပ်ပြီးလျှင် ဗုဒ္ဓအား သူ၏ ဟောပြောမိန့်မြွက်ချက်များ၌ မြင့်မြတ်အောင်၊ ပျော့ပျောင်းအောင် ပြုမူဖန်တီး ထားသည်။

ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်စ ပုဂ္ဂိုလ်များက မေးသည့် ဒုက္ခ ပေးသော မေးခွန်းပေါင်းများစွာကို ဗုဒ္ဓသည် ပြန်ကြားဖြေဆိုခြင်း ပြုတော် မမူ။ တစ်ခါတုန်းက ဝစ္ဆဂုတ္တအမည်ရှိ ရဟန်းတစ်ပါးက သေလွန်ပြီးသည့် နောက် ဘဝနှင့် စပ်လျဉ်းပြီး ထပ်ကာထပ်ကာ မေးလျှောက်ခဲ့လေသည်။ သို့ရာ တွင် ဗုဒ္ဓသည် အဖြေ ပေးတော်မမူခဲ့ပေ။ နောက်ဆုံး၌ ဗုဒ္ဓသည် ဤသို့ မိန့်တော်မူလေ၏။

"မလုက္ယပုတ္တ၊ .... ထို့ကြောင့် မသိမမြင်ရသည့် အရာများသည် မသိမမြင်ရဘဲ ရှိနေပါစေ။ သိမြင်လို့ရသည့် အရာများသည်သာ သိမြင်လို့ ရနေပါစေ" *(မဇ္ဈိမနိကာယ်)*

ဤကား ဗုဒ္ဓသည် မေးခွန်းတိုင်းကို ပြန်လည်ဖြေကြားခြင်း မပြု ဟူသော အချက်ကို ပြတ်ပြတ်သားသား ဝန်ခံထားခြင်း ဖြစ်လေ၏။ ယင်း ကိုယ့်ကိုယ်ကိုယ် နှိမ်ချခြင်း၊ မာန်ကင်းခြင်း သဘောကို ဥပနိသျှဒ် ဆရာကြီး များ၌ ရှိနေသော ပညာမာန်၊ ပညာမာနနှင့် နှိုင်းယှဉ်ကြည့်နိုင်ပေသည်။

'ဗရိဟာဒရာညကောပနိသျှဒ်' ၌ မှတ်တမ်းတင်ထားချက်အရ ဂဂ္ဂိ နှင့် ယဇ္ဇနဗာလကျတို့ အဘိဓမ္မာရေးရာ သဘောတရားကို အပြင်းအထန် ဆွေးနွေး ငြင်းခုံကြရာ၌ ဂဂ္ဂိက မေးခွန်းအချို့ကို ထုတ်လေသည်။ ထိုအခါ ယဇ္ဇနဗာလကျရသော့သည် ဒေါသထွက်သွားပြီးလျှင် ဤသို့ ကြိမ်းမောင်းလိုက် လေသည်။

"ဂဂ္ဂိ၊ စကားသိပ်မရှည်နဲ့။ နို့မဟုတ်လျှင် သင့်ဦးခေါင်း ကွဲသွား လိမ့်မည်။ ဝေဖန်စိစစ်ခြင်း၌ အကန့်အသတ်ရှိသည်"

(ဗရိဟာဒရာညကောပနိသျှဒ်)

ဗုဒ္ဓသည် နှိမ်ချခြင်း၊ မာန်မာနကင်းခြင်းကိုသာလျှင် ပြသည်မဟုတ်။

သူဟောပြောသည့် တရားဒေသနာများနှင့် စပ်လျဉ်း၍ တပည့်များအနေနှင့် တရားသေ မလုပ်ကြရန်အတွက်လည်း ညွှန်ပြတော်မူလေသည်။ မလ္လမင်းတို့၏ တိုင်းပြည်ဖြစ်သော ကုသိနာရုံတွင် သီတင်းသုံးနေထိုင်သည့် အပြီးသတ်နေ့ရက်များ၌ တပည့်ရင်းအာနန္ဒာက ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်သွားသည့်နောက် တပည့်သံဃာများ လိုက်နာကျင့်ကြံရမည့် တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းပြီး မေးလျှောက်လေ၏။ ထိုအခါ ဂေါတမဗုဒ္ဓက ဤသို့ပြန်ဖြေတော်မူသည်။

"နွေဦး၏ သစ်ရွက်များသည် ထက်ဝန်းကျင်တွင် ကြွေကျနေကြသည်။ ထိုအရွက်များအနက် ရေတွက်လို့ရသည့် အရွက်များထက် ရေတွက်လို့မရသည့် အရွက်များက ပိုရှိများပြားသည်။ ထိုနည်းတူစွာ ငါသည် သင်တို့အား လက်တစ်ဆုပ်စာမျှသော သစ္စာတရားများကို ညွှန်ကြားပြောပြခဲ့သည်။ ထိုသစ္စာတရားများမှတစ်ပါး ရေတွက်လို့ မရသည့် အခြား သစ္စာတရားများလည်း ထောင်သောင်းများစွာ ရှိသေးသည်။ သင်တို့သည် သင်တို့ကိုယ်တိုင်၏ မီးရှူးတန်ဆောင် ဖြစ်ကြကုန်လော့"

အာနန္ဒာအား ကုသိနာရုံ အင်ကြင်းပင်ရင်း၌ လျှောင်းတော်မူရင်း ပရိနိဗ္ဗာန်ဝင်စံခါနီး ဂေါတမဗုဒ္ဓ ဟောပြခဲ့သည့် အပြီးသတ်စကားမှာ ဤသို့ ဖြစ်သည်။

"ပူဆွေးမနေနှင့် အာနန္ဒာ၊ တထာဂတသည် ပရိနိဗ္ဗာန် ဝင်စံတော့မည်။ မွေးဖွားပေါ်ပေါက်လာသည့် အရာမှန်သမျှ မုချသေကျေပျက်စီးရမည်။ သွားပြီး ဓမ္မကိုသာ ဖြန့်ဖြူးဟောကြားလော့"

ယင်းသို့အားဖြင့် ဗုဒ္ဓ၏ မြင့်မြတ်သောဘဝသည် အဆုံးသတ်သွားလေသည်။

တူညီမျှတရေးကို ဖြန့်ဖြူးဟောကြားခြင်းအားဖြင့် လည်းကောင်း၊ ဇာတ်စနစ်ကို တိုက်ဖျက်ခြင်းအားဖြင့်လည်းကောင်း၊ အဖိနှိပ်ခံ ကျေးကျွန်တို့အား မျှော်လင့်ချက်ပေးခြင်းအားဖြင့် လည်းကောင်း ဗုဒ္ဓဝါဒသည် တော်လှန်ရေးအလုပ်ကို လုပ်ခဲ့သည်ဆိုခြင်းကို အိန္ဒိယသမိုင်းက ထင်ရှားစွာ ပြလေသည်။ လူမှုရေးနယ်ပယ်၌ ကျင့်သုံးသော ဥပနိသျှဒ်ဆရာများ၏ ရုပ်လွန်

(အတိဘူတိက) အယူအဆကမ္ဘ ဇာတ်ထုံးစံ၊ ကျေးကျွန်စနစ်၊ အထက်တန်းလွှာများ၏ မတရားဖိနှိပ်မှုများအား ထာဝရအမှန်တရားအဖြစ် အကာအကွယ်ပေးလေသည်။

ဗုဒ္ဓဝါဒသည် တော်လှန်ရေးကြွေးကြော်သံကို ကြွေးကြော်လေသည်။ အရာဝတ္ထုမှန်သမျှ ပြောင်းလဲ၍နေသည်။ မည်သည့်အရာဝတ္ထုမျှ နိစ္စထာဝရ တည်မြဲမနေပေ။ ဗုဒ္ဓသည် သူ၏ တရားဒေသနာ မြောက်မြားစွာ၌ ဗြာဟ္မဏာတို့၏ မတရားဖိနှိပ်မှု၊ ဇာတ်ထုံးစံ၊ ဘုရင်စနစ်၊ မည်မျှမှုများအား အတိအလင်းတိုက်ခိုက်ဖြိုဖျက်ခဲ့လေသည်။ ဗုဒ္ဓ၏နှလုံးသည် ဆင်းရဲသားများ၏ ဆင်းရဲဒုက္ခ ခံစားရမှုများကြောင့် အရည်ပျော်၍ နေသည်။ ဗုဒ္ဓသည် သူ၏ ဘဝတာလုပ်ငန်းသည် သတ္တဝါများအား ဒုက္ခမှ ကယ်တင်ရန်ဖြစ်သည်ဟု ကြေညာရာ၌ လူမှုရေးဆိုင်ရာအဓိပ္ပာယ် အပြည့်အဝ ရှိနေပေသည်။ အားလုံးသော အဖိနှိပ် အခြယ်လှယ်ခံများ၊ ဇာတ်နိမ့်များ၊ မိန်းမများ၊ ဆင်းရဲသားကျောမွဲများ၊ ကြွေးမြီတင်ရှိနေသူများ၊ ကျေးကျွန်များသည် ဗုဒ္ဓအား မဟာကယ်တင်ရှင်အဖြစ်ဖြင့် သိမှတ်လေးစားကြလေသည်။

ဗုဒ္ဓဝါဒ၏ ယင်းတော်လှန်ရေးအဓိပ္ပာယ်ရှိနေမှုသည် ဒွန္ဒဝါဒ၊ အနိစ္စဝါဒမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ခေတ်ပေါ်ဒွန္ဒဝါဒနှင့် နှိုင်းယှဉ်ကြည့်လျှင် ဗုဒ္ဓဘာသာ ဒွန္ဒဝါဒသည် ရိုးရိုးရှင်းရှင်းကလေးပင် ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ ယင်းဗုဒ္ဓဘာသာ ဒွန္ဒဝါဒ ပေါ်ပေါက်လာခြင်းမှာ အိန္ဒိယလူမှုရေးစနစ်သည် ကျေးပိုင် ကျွန်ပိုင်စနစ်အဆင့်မှ ပဒေသရာဇ်စနစ်အဆင့်သို့ ဝင်ရောက်လာသည့် နှစ်ပေါင်းနှစ်ထောင်ငါးရာအလွန် အချိန်ကာလက ဖြစ်သည်ဟူသော အချက်ကိုလည်း မစဉ်းစား၍ မဖြစ်ပေ။ ထိုမှတစ်ပါး ယင်းဒွန္ဒဝါဒသည် ရုပ်ဝါဒ၌ အမြစ်တွယ်နေခြင်း မဟုတ်ပေ။ ယထာဘူတဝါဒ (သရုပ်မှန်ဝါဒ) ၌သာလျှင် အမြစ်တွယ်နေခြင်းဖြစ်သည်။ သို့ရာတွင် သမိုင်းအမြင်ဖြင့် ကြည့်ရှုဆင်ခြင်စဉ်းစားလျှင်မူ ခေတ်သစ်ဥရောပတွင် ခေတ်သစ်ကို လမ်းညွှန်ရာ၌ ၁၈ ရာစုနှစ် လွတ်လပ်ရေး၊ တူညီမျှတရေး၊ ကိုယ်ချင်းစာနာရေး ကြွေးကြော်သံများသည် တော်လှန်ရေးအစိတ်အပိုင်းက ပါဝင်သကဲ့သို့ ဗုဒ္ဓ

ဘာသာ ဒွန္ဒဝါဒသည်လည်း ထိုခေတ်အခါက တော်လှန်သည့် အစိတ်အပိုင်းက ပါဝင်ခဲ့လေသည်။

ဗုဒ္ဓဘာသာ ဒွန္ဒဝါဒ၊ အနိစ္စဝါဒသည် အသိပညာနယ်ပယ် အသီးသီး၌ လွတ်လပ်စွာတွေးခေါ်မှု တံခါးဝကို ဖွင့်လှစ်ခဲ့လေသည်။ လှေနံဓားထစ်တွေးခေါ်ယူဆလေ့ရှိခဲ့ကြသည့်လူများသည် ကမ္ဘာလောကအား ဖြစ်ပေါ်လာပြီးနောက် ပျောက်ကွယ်သွားသည့်ဖြစ်စဉ် (ဂတိ) အဖြစ် တွေးခေါ်ကြံဆစပြုလာခဲ့ကြလေသည်။

မည်သည့် အရာများ ပျောက်ကွယ်သွားပြီး မည်သည့် အရာများ ပေါ်ပေါက်လာသည် ဟူ၍ ရှာဖွေကြံဆကြည့်ကြစို့။

အဟောင်းကို ပစ်ပယ်ပြီး အသစ်ကို လက်ခံကြစို့။

ဤကား ဗုဒ္ဓဝါဒအနေဖြင့် ဖြန့်ဖြူးသည့် တိတ်ဆိတ်ငြိမ်သက်နေသော်လည်း တော်လှန်ရေးသဘောပါသည့် တရားဒေသနာ ဖြစ်လေသည်။

ယင်းတရားအဆုံးအမ၏ ဩဇာလွှမ်းမိုးမှုသည် ရူပဗေဒ၊ ဓာတုဗေဒ၊ စိတ္တဗေဒ၊ ကဗျာ၊ လူမှုရေးစနစ်၊ ဘာသာစကားတို့၌လည်းကောင်း၊ အကွာရာစာလုံး၌သော်လည်းကောင်း တွေ့မြင်နိုင်ပေသည်။ ဗုဒ္ဓဘာသာသည် လူမှုရေးပြောင်းလဲမှုကြီး၌ ကျေးပိုင်ကျွန်ပိုင်စနစ်မှ ပဒေသရာဇ်စနစ်သို့ ပြောင်းလဲမှုကြီး၌ ကြီးစွာသော အကူအညီ အထောက်အပံ့တစ်ခုအဖြစ်နှင့် ပါဝင်ဆောင်ရွက်သည်ဟုဆိုလျှင် ပိုမည် မဟုတ်ပေ။

အင်ဂေလ်ကလည်း ဤသို့ဆိုထားသည်။ ''ယခုအထိ တည်ရှိနေသော ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာ၊ အစ္စလာမ်ဘာသာတည်းဟူသော ကမ္ဘာ့ဘာသာကြီးသုံးမျိုးနှင့် ပတ်သက်၍ ပြောရလျှင်မူ ကြီးစွာသော ရာဇဝင်သမိုင်း၏ လမ်းကွေ့ လမ်းခွဲများသည် ဘာသာရေး ပြောင်းလဲမှုများနှင့်တကွ နက် ဖြစ်နေသည်''

(Ludwing Feuerbaceh, Marx- Engels Selected Works. အတွဲ ၂၊ မော်စကို၊ ၁၉၄၉၊ စာမျက်နှာ ၄၃)

ဣသရ၊ အတ္တ၊ ရုပ်တည်းဟူသော ထာဝရသဘောတရားများနှင့် စပ်လျဉ်း၍ ဗုဒ္ဓဝါဒက ပြတ်ပြတ်သားသား မည်ကဲ့သို့ ပြောကြားလေသနည်း။ ဗုဒ္ဓဝါဒသည် ဣသရ (ထာဝရ) နှင့် အတ္တကို လုံးဝ ငြင်းပယ်လေသည်။ နာမ်ဝါဒီလုံးလုံးဖြစ်သော ဝိညာဏဝါဒီများအပါအဝင် ဗုဒ္ဓဘာသာဂိုဏ်းဂဏာ ဟူသမျှသည် မိမိတို့ကိုယ်ကိုယ် အနတ္တဝါဒီဟု ခေါ်ရခြင်း၌ ဂုဏ်ယူကြသည်။

တပည့်ဒကာဖြစ်သူ အနာထပိဏ္ဍိကသူဌေးအား ဟောကြားသည့် တရားစကား၌ ဗုဒ္ဓသည် ဣသရ (ထာဝရဘုရား)၏ တည်ရှိမှုကို ဆန့်ကျင် ပြီးလျှင် ဤသို့ မိန့်ကြားတော်မူသည်။

"အကယ်၍ ဣသရဟူသော အဓိပ္ပာယ်သည် သိအပ်သည့် အရာဝတ္ထုအားလုံးများနှင့် မဆက်စပ်သည့် အရာဝတ္ထုတစ်ခုခုဟု ဆိုလိုသည်ဖြစ်ပါမူ ထိုဣသရ၏ တည်ရှိမှုကို မည်ကဲ့သို့သော ဆင်ခြင်တိုင်းထွာမှုမျိုးနှင့်မျှ အတည်ပြု၍ မရရှိနိုင်ပေ။ ကမ္ဘာလောကတစ်ခုလုံးသည် အညမည ဆက်စပ်နေသည့် စနစ်ကြီးတစ်ခု ဖြစ်သည်။ အညမည ဆက်စပ်သော၊ သို့မဟုတ် ဆက်စပ်၍ မရသောအရာဝတ္ထုဟူ၍ ငါတို့ မသိပေ။ အကယ်၍ ဣသရသည် အရည်အသွေး ကင်းသည်ဆိုလျှင် ထိုဣသရမှ ဖြစ်ပေါ်လာသည့် အရာဝတ္ထုအားလုံးသည်လည်း အရည်အသွေး ကင်းနေဖို့ရှိသည်။ သို့ရာတွင် အမှန်စင်စစ်မှာမူကား အရာဝတ္ထုဟူသမျှသည် အရည်အသွေးဖြင့် သတ်မှတ်ပိုင်းခြားထားအပ်ပေသည်။ သို့ဖြစ်၍ ဣသရသည် ၄င်းတို့၏အကြောင်း မဟုတ်နိုင်ပေ" (ဗုဒ္ဓစရိတ)

ဗုဒ္ဓဝါဒသည် အလားတူပင် ကိုယ်ကာယ သေကျေပျက်စီးသွားပြီးသည့်နောက်၌လည်း အတ္တသည် အသက်ရှင်လျက်ပင်ရှိသည် ဟူသော ထာဝရအတ္တဝါဒကိုလည်း ငြင်းပယ်လေသည်။

နာဂသေနရဟန်း (ရှင်နာဂသိန်)သည် မိလိန္ဒမင်းကြီးနှင့် တရားဆွေးနွေးပြောကြားရာ၌ အတ္တကို ဆန့်ကျင်လျက် ဤသို့ ဟောပြထားသည်။

"လူ၏ ကိုယ်ခန္ဓာ၌ရှိသော ၃၂ ဖြာသော အင်္ဂါအစိတ်အပိုင်း (၃၂ ကောဋ္ဌာသ)နှင့် ပုဂ္ဂိုလ်သတ္တဝါ၏ ခန္ဓာငါးပါးတို့ကြောင့်သာလျှင် ငါ

သည် 'နာဂသေန' ဟု အများခေါ်သည့် အမည်နာမ ပညတ်ရှိသူ ဖြစ်လာခြင်း ဖြစ်သည်။ အစိတ်အပိုင်းများစွာတို့၏ ပူးပေါင်းထားခြင်းကို ရထားဟု ခေါ်ဝေါ်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့နှင့် ပတ်သက်ပြီး ပြောရာ၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်'' (မိလိန္ဒပဉှာ)

စည်းရုံးမှု၏ အမြင့်ဆုံးအသွင်ဖြင့် ရှိနေသော ရုပ်သည် စိတ်ဟု ခေါ်သည့် အရည်အချင်းတစ်ခုကို ဖြစ်ပေါ်စေလေသည်။ ဤကား ခေတ်ပေါ် အယူဝါဒ ဖြစ်သည်။ ရုပ်ပျောက်ပျက်သွားသည့်အခါ၌ စိတ်လည်း ပျောက်ပျက်သွားသည်။ နာဂသေန၏ ရှင်းလင်းပြောပြချက်သည် ရုပ်နှင့်စိတ်ဆိုင်ရာ ယင်း ခေတ်ပေါ်အယူဝါဒနှင့် အလွန်နီးကပ်လာပေသည်။

ဗုဒ္ဓဝါဒသည် ထာဝရသဘောတရားများဖြစ်သည့် ဣသရနှင့် အတ္တကို ငြင်းပယ်သကဲ့သို့ ရုပ်ကိုမူ အတိအလင်း မငြင်းပယ်ပေ။ ရုပ်ဝါဒီ အဘိဓမ္မာလုံးလုံး ဖြစ်သွားမည့်စိတ်ထက် ရုပ်က သာလွန်သည်ဟူသောအယူကိုလည်း လက်မခံပေ။ နာမ်နှင့်ရုပ်၏ အညမည ဆက်စပ်မှုကို ဆွေးနွေးရင်း ဗုဒ္ဓသည် တပည့်အာနန္ဒာအား ဤသို့ မိန့်တော်မူသည်။

''တုတ်ချောင်းအစည်းနှစ်ခုသည် တစ်ခုနှင့်တစ်ခုမှီပြီး ထောင်နေသကဲ့သို့ စိတ်သည် နာမ်နှင့်ရုပ် (နာမရူပ)ကြောင့် ဖြစ်ပေါ်သည်။ နာမ်နှင့်ရုပ်သည် စိတ်ကြောင့် ဖြစ်ပေါ်သည်။ နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်သွယ်၍နေသည်။ ယင်းအဆက်အစပ်သည် ထိုအတိုင်းသွားသည်''

(သံယုတ္တနိကာယ်)

ရုပ်နှင့်နာမ်သည် အချင်းချင်းဆက်သွယ်၍ နေသည်။ ပထမ၊ သို့မဟုတ် ဒုတိယအထည်ဒြဗ် (Primary or secondary Substance) ဟူ၍ မရှိ။ အမှန်စင်စစ်ကား အထည်ဒြပ် ဟူ၍ လုံးဝမရှိ။ အတည်ဒြပ် ဟူသမျှသည် ဖြစ်ပေါ်လာပြီး ပျောက်ကွယ်သွားသည့် အစဉ် (ဂတိ)မျှသာ ဖြစ်သည်။ ဤနေရာ၌ ဒွန္ဒသဘော၏ မြင့်သောအသွင်ကို လည်းကောင်း၊ ရုပ်ဝါဒီ အယူအဆအား ငြင်းပယ်မှုကို လည်းကောင်း တစ်ပြိုင်နက်တည်း တွေ့မြင်သိရှိ ရပေသည်။

ဒွန္ဒရုပ်ဝါဒသည် တစ်စတစ်စ တိုးတက်လာသော ကာလအတွင်း၌ ရုပ်ကို ပထမ၊ သို့မဟုတ် မူလဘူတဟူ၍လည်းကောင်း၊ နာမ်ကို ဒုတိယဟူ၍လည်းကောင်း မှတ်ယူလေသည်။ ယင်းကဲ့သို့ မှတ်ယူခြင်းသည် ဒွန္ဒရုပ်ဝါဒီတို့၏အယူ၌ ရုပ်သည် ပြောင်းလဲခြင်းမရှိသော၊ ထာဝရတည်မြဲနေသော အမျိုးအစားဖြစ်၏ဟု ဆိုလိုခြင်းကား မဟုတ်ပေ။ ရုပ်သည် စွမ်းရည်၏ အသွင်တစ်ခု ဖြစ်သည်။ အစဉ် (ဂတိ)တစ်ခု ဖြစ်သည်။ ရုပ်ကို စွမ်းရည်၏ အသွင်တစ်ခု၊ အစဉ် (ဂတိ)တစ်ခုဟု ယူဆခြင်းနှင့် တစ်စတစ်စ တိုးတက်လာသော ကာလအတွင်း၌ ရုပ်သည် စိတ်ထက် ပထမ၊ သို့မဟုတ် မူလဘူတကျသည်ဟု ယူဆခြင်း၌ တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှု မရှိပေ။ သို့ရာတွင် အညမည ဆက်စပ်မှုသဘော သက်သက်မျှကိုသာ လက်ခံပြီး ရုပ်၏ပထမ သို့မဟုတ် မူလဘူတသဘောကို လက်မခံခြင်းသည် ပုဂ္ဂိုလ်တစ်စုံတစ်ဦးအား နာမ်ထက် ရုပ်က ပထမ၊ သို့မဟုတ် မူလဘူတဖြစ်သည် ဟူသော အချက်နှင့် စပ်လျဉ်းပြီး ရှုပ်ထွေးစေလေသည်။ ဗုဒ္ဓ၏ တရား၌ရှိသော ယင်းသဘောထားကြောင့်ပင်လျှင် ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံပြီးသောအခါ အယူအဆ ဝါဒရေးရာ ဂိုဏ်းဂဏများစွာ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။ ဗုဒ္ဓဘာသာ ဂိုဏ်းဂဏပေါင်း သုံးဆယ်နီးပါးမျှ ရှိလေသည်။ ထိုအထဲက ဂိုဏ်းလေးဂိုဏ်းမျှသာ အာဘိဓမ္မာရေးရာ အဓိပ္ပာယ်ရှိလေသည်။ ထိုလေးဂိုဏ်းအနက် ဝိဘာသိကနှင့် သုတ္တန္တိကတို့သည် ယထာဘူတဝါဒီများ ဖြစ်ကြပြီး မဇ္ဈိမိကနှင့် ဝိညာဏဝါဒတို့က နာမ်ဝါဒီတို့ ဖြစ်ကြသည်။

ဗဟိဒ္ဓရုပ်နှင့် စပ်လျဉ်းသော ယင်းအယူအဆ ယင်းသဘောထားသည် အဓိကအားဖြင့် ဗုဒ္ဓဝါဒ ပေါ်ပေါက်ခဲ့ရာဖြစ်သည့် ရာဇဝင်သမိုင်းနောက်ခံကြောင့် ဖြစ်လေသည်။ ဗုဒ္ဓဝါဒသည် အိန္ဒိယတွင် တည်ရှိခဲ့သော နာမ်ဝါဒီနှင့် ရုပ်ဝါဒီ နှစ်မျိုးလုံးဖြစ်သည့် ရုပ်လွန် (အတိဘူတိက) အယူအဆအား ဆန့်ကျင်သည့် တော်လှန်မှုအဖြစ်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

စာရဿကများသည် ဗုဒ္ဓမတိုင်မီက ရှိခဲ့ကြပြီး ရုပ်က ပထမ၊ သို့မဟုတ် မူလဘူတဖြစ်ပြီး နာမ်က ဒုတိယဖြစ်သည် ဟူသော အယူကို

ဖြန့်ဖြူးခဲ့ကြကြောင်းကို ကျွန်ုပ်တို့ သိရှိရပေသည်။ ယင်းအယူဝါဒမှာ ရုပ်ဝါဒ လုံးလုံး ဖြစ်လေသည်။ သို့ရာတွင် ထိုအယူဝါဒသည် ယန္တရား (ယန္တရိက) ရုပ်ဝါဒသာ ဖြစ်လေသည်။ ရုပ်ဆိုသည်မှာ ဘယ်အရာနည်း။ ရုပ်သည် ခွဲလို့မရသည့် အဏုမြူများ ပါဝင်စုဝေးနေသည့်အရာ ဖြစ်သည်။ ခွဲလို့မရသည့် အဏုမြူများသည် ထာဝရမြဲသော (ပရမတ္ထ) အမျိုးအစားများ ဖြစ်ကြသည်။ နာမ်ဝါဒီ အဘိဓမ္မာ၏ ထာဝရမြဲသော (ပရမတ္ထ) အမျိုးအစားများဖြစ်သည့် ဣသရနှင့် အတ္တကို ဦးပယ်ရင်းက လောကာယတ (စာရဿက)တို့သည် 'ခွဲလို့မရသည့် အဏုမြူ' ဟုခေါ်သည့် အခြားတစ်မျိုးဖြစ်သည့် ထာဝရမြဲသော (ပရမတ္ထ) အမျိုးအစားတစ်ခုကို တီထွင်ခဲ့လေသည်။ ဝိသေသိကနှင့် သခ်ၿဃ ဓလေ့ထုံးစံ တို့အနေဖြင့်လည်း ယင်းယန္တရားဆန်သည့် အယူကို သဘောကျ ကြလေသည်။ စာရဿကတို့သည် ယန္တရားဆန်သည့် အယူအဆရှိစေကာမူ ရုပ်ဝါဒီ အဘိဓမ္မာသမိုင်း၌ မြင့်မားသောနေရာကို ရရှိထားသည်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။ သို့ရာတွင် အရာဝတ္ထုဟူသမျှ ပြောင်းလဲ၍နေ၏၊ အမြဲ မရှိ၊ အနိစ္စ သာတည်းဟု ပြဆိုလိုသည့် ဗုဒ္ဓသည် လောကာယတ (စာရဿက ရုပ်ဝါဒီ) များနှင့် နာမ်ဝါဒီများကို အတူတူပင် သဘောထားသည်။ ကမ္ဘာ လောက၏ ရုပ်ဝတ္ထုပြဿနာနှင့် စပ်လျဉ်းပြီး ဗုဒ္ဓက ဤသို့ ဟောပြထား သည်။

"အရာဝတ္ထုဟူသမျှ ရှိ၏ဟု ဆိုခြင်းသည် တစ်ခုသော အလွန် သို့မဟုတ် အစွန်း ဖြစ်သည်။ အရာဝတ္ထုဟူသမျှ မရှိဟု ဆိုခြင်းသည် အခြား သော အလွန်၊ သို့မဟုတ် အစွန်းတစ်ခု ဖြစ်သည်။ အရာဝတ္ထုဟူသမျှ ရှိလည်း ရှိသည်၊ မရှိလည်း မရှိ။ ဤကား မှန်သောတရားဖြစ်၏။ မှန်သောတရားကား မဇ္ဈိမပဋိပဒါ အလယ်အလတ်၌ ရှိလေ၏" (သံယုတ္တနိကာယ်)

ဗုဒ္ဓသည် အမည်နာမတပ်၍ ဟောကြားခြင်း မပြုသော်လည်း အထက်ပါ ဟောကြားချက်ကို ထောက်ခြင်းအားဖြင့် ဥပနိသျှဒ်ဆရာတို့၏ နာမ်ဝါဒနှင့် စာရဿကတို့၏ ရုပ်ဝါဒအကြားရှိ အလယ်အလတ်လမ်းမှ သွား

သည်ဆိုကြောင်းမှာ ထင်ရှားလှပေသည်။ ဗုဒ္ဓသည် ဗဟိဒ္ဓလောက၏ ရုပ်ဝတ္ထုကို လက်လည်းမခံ၊ ငြင်းလည်း မငြင်းပယ်။ ဟေတုဝါဒနှင့် ဂတိ (အစဉ်) ဝါဒကိုသာလျှင် အလေးအနက် ပြုလေသည်။

သို့ရာတွင် သတိထားရန်မှာ ဗုဒ္ဓ၏ အဓိက ဆန့်ကျင်မှုမှာ ဥပနိသျှဒ်တို့၏ နာမ်ဝါဒအား ဖြစ်လေသည်။ ရုပ်ဝါဒအား မဟုတ်ပေ။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကဲ့သို့သော ဗုဒ္ဓ၏ တပည့်ရင်းများစွာတို့မှာ ရုပ်ဝါဒနှင့် အလွန်နီးစပ်သည့် ဝိဘာသိကတို့၏ ယထာဘူတဝါဒီဂိုဏ်းမှ ဖြစ်ကြလေသည်။

ဝိဘာသိကဂိုဏ်း၏ အဘိဓမ္မာကို ရှင်းလင်းဖော်ပြသည့် 'အဘိဓမ္မာကောသ'ဌ ဤသို့ ပြဆိုထားသည်။

"ရုပ်သည် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ (အဆင်း၊ အနံ့၊ အရသာ၊ အတွေ့) လေးမျိုးတို့ စုပေါင်းပါဝင်နေသော အစုအဝေးဖြစ်လေသည်။ ရူပ (ရုပ်) ၏ အသေးငယ်ဆုံးသော ပုံသဏ္ဌာန်သည် ပရမာဏုဖြစ်လေသည်။ ပရမာဏုသည် ခွဲခြမ်းစိတ်ဖြာ၍ မရပေ။ သို့ရာတွင် ထာဝရတည်မြဲနေသည့် အရာမှုကား မဟုတ်ပေ။ ၄င်းသည် ရုတ်တရက်ပြက်လိုက်သည့် တဒင်္ဂတစ်ခဏသာခံသော လင်းရောင်ခြည်နှင့် ပမာတူလေသည်။

'ပရမာဏုသည် ခွဲခြမ်းစိတ်ဖြာ၍မရ။ သို့ရာတွင် နိစ္စတည်မြဲသည့် အရာမှုကား မဟုတ်"

ယင်းမိန့်ဆိုချက်၌ ဝိဘာသိကတို့သည် ထိုခေတ်က တည်ရှိနေသည့် ရုပ်ဝါဒကို လက်ခံပြီးလျှင် ဗုဒ္ဓဘာသာ ဒွန္ဒအယူအဆ၏ အကူအညီဖြင့် ထိုရုပ်ဝါဒကို အဓိပ္ပာယ်ပြန်ရန် ကြိုးစားကြလေသည်။

အထက်ပါ မိန့်ဆိုချက်နှင့် စပ်လျဉ်းပြီး ရုရှား အဘိဓမ္မာဆရာ ရှာဗတ်စကီးက ဤသို့ ပြောပြလေသည်။ (Stacherbastsky - ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို ရေးသားပြုစုသူ ရုရှားပညာရှင်ဖြစ်သည်။ အရှေ့တိုင်းဘာသာများကိုလည်း တတ်ကျွမ်းသည်။)

'ရုပ်၏ ကမ္ဘာ့ဓာတ်သဘောတရားများသည် ၄င်းတို့၏ လှုပ်ရှားမှု

များ၌ ပေါ်လွင်ထင်ရှားနေပေသည်။ ထို့ကြောင့် ၄င်းတို့သည် ဒြပ်ဝတ္ထုများ ထက် စွမ်းရည်များ ပိုဖြစ်ကြလေသည်။'

ရုပ်သည် စွမ်းရည်၏ အသွင်သဏ္ဌာန်တစ်မျိုး ဖြစ်သည်။ ရုပ်နှင့် လှုပ်ရှားခြင်းသည် ခွဲ၍ မရပေ။ ဤကား သိပ္ပံပညာ၏ နောက်ဆုံးအယူဝါဒ ဖြစ်လေသည်။ ဝိဘာသိကတို့၏ ရုပ်အယူအဆနှင့် ပြောင်းလဲခြင်း အယူအဆ တို့သည် ခေတ်ပေါ်အယူဝါဒအနီးသို့ ကပ်ရောက်လာသည်ဟုဆိုလျှင် လွဲမည် မဟုတ်ပေ။

ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံပြီးနောက် တွင်ကျယ်လာသော ယင်းယထာ ဘူတဝါဒီ အယူအဆသည် ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်ကပင် ထင်ရှားရှိနေ ခဲ့သည်။ ထိုအကြောင်းမှာ သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ယင်းဝါဒ ဂိုဏ်းဝင်များ ဖြစ်ခဲ့ကြသည်ဆိုသောအချက်က သက်သေခံနေပေသည်။ သာရိပုတ္တရာသည် ဂေါတမဗုဒ္ဓထံမှ အမြင့်ဆုံးသော သိမှတ်လေးစားမှုကို ခံရပြီး ဗုဒ္ဓ၏ အဘိဓမ္မာအရိုက်အရာကို ဆက်ခံမည့်သူအဖြစ် ဗုဒ္ဓကိုယ်တော် တိုင် ဗျာဒိတ်ပေးခဲ့သည့် တစ်ဦးတည်းသောတပည့် ဖြစ်လေသည်။ သို့ရာတွင် အားလုံးသော ထိုယထာဘူတဝါဒီဆိုင်ရာ စာပေများမှာ တရုတ်ဘာသာဖြင့် သာလျှင် ကျန်ရှိတော့သည်ဖြစ်၍ ကျွန်ုပ်တို့၏ ဘာသာဖြင့် ဘာသာပြန်ဆို ခြင်း မရှိသေးသရွေ့ ကျွန်ုပ်တို့အနေဖြင့် ကောက်နုတ်ချက်များ အပေါ်၌သာ လျှင် မှီနေရမည် ဖြစ်ပေသည်။

ဗုဒ္ဓသည် ကမ္မ (ကံ) အကြောင်းကို ပြောပြတော်မူခဲ့သည်။ သို့ရာ တွင် ဗုဒ္ဓ၏ ကမ္မအယူအဆမှာ ဥပနိဿျဒ် အဘိဓမ္မာဆရာများ၏ ကမ္မ အယူအဆနှင့် တခြားစီ ဖြစ်လေသည်။ ဥပနိဿျဒ် အဘိဓမ္မာဆရာများသည် ကမ္မဟူသော စကားလုံးကို လူများအား မိမိတို့ကျူးလွန်ပြုလုပ်သော မကောင်းမှု ၏ အကျိုးမှ စင်ကြယ်သန့်ရှင်းသွားစေမည့် ဘာသာရေးအာပတ်ဖြေလုပ်ငန်း ဟူသော အဓိပ္ပာယ်၌ သုံးစွဲကြလေသည်။

ဗုဒ္ဓကမ္မ ဘာသာရေးအာပတ်ဖြေ လုပ်ငန်းများအား အပြင်းအထန်

ရှုတ်ချပြီးလျှင် လူသည် ဤဘဝ၌ သူ ပြုလုပ်သော အရာများအတွက်ခံရမည်။ သင်စိုက်ပျိုးသည့်အရာကို သင် စားသုံးရမည်။ သင်သည် ဘာသာရေး အာပတ်ဖြေအလုပ်များကို လုပ်ခြင်းအားဖြင့် သင့်အပြုအမူများ၏ အကျိုးမှ လွတ်ကင်းသွားလိမ့်မည် မဟုတ်ဟု ဟောတော်မူလေသည်။

ယင်းသို့အားဖြင့် ဗုဒ္ဓ အသုံးပြုသော ကမ္မ၏ အဓိပ္ပာယ်နှင့် ဥပနိဿျဒ်တို့ သုံးစွဲသော ကမ္မ၏ အဓိပ္ပာယ်မှာ ဖြောင့်ဖြောင့် ဆန့်ကျင်၍ နေပေသည်။

ထိုအချက်ကို အဂုံလိမာလ၏ အကြောင်းအရာ အတ္ထုပ္ပတ်က ကောင်းမွန်စွာ ဖော်ပြနေပေသည်။ အဂုံလိမာလသည် တောပုန်းဓားပြကြီး တစ်ဦးဖြစ်ပြီး နောင်သောအခါ၌ ဗုဒ္ဓဘာသာဝင် ရဟန်းတော်တစ်ပါး ဖြစ်သွားခဲ့လေသည်။ တစ်နေ့သ၌ သူသည် မြို့တွင်းသို့ ဆွမ်းခံကြွသောအခါ လူတွေက သူ့ကို ဓားပြဟောင်းအဖြစ် မှတ်မိသွားကြသည်ဖြစ်၍ ခဲဖြင့် ပေါက်ကြလေသည်။ အဂုံလိမာလသည် ဗုဒ္ဓထံသို့ ပြေးသွားပြီးလျှင် တိုင်တန်းပြောဆိုလေသည်။ ထိုအခါ ဂေါတမဗုဒ္ဓက မိန့်တော်မူလေ၏။

"သင် ကျူးလွန်ထားခဲ့သည့် မကောင်းမှုများအတွက် ယခုဘဝ၌ပင် သင် ခံစားရလိမ့်မည်။ ထိုမကောင်းမှုအကျိုးကို ခံစားလိုက်လော့။ သင့်အတွက် ကောင်းပါလိမ့်မည်။ နောင်ဘဝ၌ ကြီးကျယ်သောအပြစ်ဒဏ်ကို ခံစားရခြင်းထက် ယခုဘဝ၌ သေးငယ်သောအပြစ်ဒဏ်ကို ခံစားရခြင်းက မကောင်းဘူးလော..."

(အဂုံလိမာလသုတ္တ၊ မဇ္ဈိမနိကာယ်)

ယင်းအကြောင်းအရာ အတ္ထုပ္ပတ်သည် ကမ္မနှင့်ပတ်သက်၍ ဗုဒ္ဓ၏ သဘောထားကိုလည်းကောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ထိုအယူအဆ၌ ရှိသော ပျော့ကွက်ကို လည်းကောင်း ညွှန်ကြားပြောပြလေသည်။ ယင်းအကြောင်းအရာ အတ္ထုပ္ပတ်သည် ကမ္မ အယူအဆမှ ပြန်လည်မွေးဖွားမှုဟူသော တမလွန်ဘဝ အယူအဆသို့ ဗုဒ္ဓ တဖြည်းဖြည်း ပြောသွားပုံကို ဖော်ပြထားပေသည်။

ဗုဒ္ဓသည် အတ္တကို လည်းကောင်း၊ အတ္တ (ဝိညာဏ်)များ၏ တစ်ဖြစ်

ပြောင်းခြင်း အယူဝါဒကို လည်းကောင်း ငြင်းပယ်တော်မူသည်။ သို့ရာတွင် ဘဝသည် သေသွားပြီးနောက် ကုန်ဆုံးသွားသလော။ ခုဘဝ၌ လူတစ်ဦး တစ်ယောက် ပြုလုပ်သော ကောင်းမှု၊ မကောင်းမှုများသည် ထိုသူနှင့် အတူ တကွ ကုန်ဆုံးပျက်စီးသွားမည်လော။ ဂတိ (အစဉ်) အယူအဆသည် မည်ကဲ့သို့နည်း။ ဘဝသည် အဆုံးမရှိသောအစဉ် (ဂတိ)ဖြစ်သည်။ ယင်းဘဝသည် တစ်ခုသောနေရာ၌ မည်ကဲ့သို့ အဆုံးသတ်သွားနိုင်သနည်း။

ယင်းတစ်ခုနှင့်တစ်ခု ဆန့်ကျင်မလိုလို ဖြစ်နေခြင်းကို ခေတ်ပေါ် ဒွန္ဒဝါဒက ဖြေရှင်းထားသည်။ ဘယ်ကဲ့သို့ ဖြေရှင်းထားသနည်းဆိုလျှင် ယေဘုယျအားဖြင့် ဘဝသည် အဆုံးမရှိပေ။ လူ့ဘဝ၊ လူ့အဖြစ်နှင့် တိုးတက်မှုများသည် အဆုံးမရှိကြပေ။ လူ၏ ကောင်းသောအမှု၊ မကောင်းသောအမှုများကို နှောင်းလူများက သတိရရှိနေကြလိမ့်မည်။ ပုဂ္ဂိုလ်၏ ကိုယ်ကာယနှင့် စိတ်မှာမူ ပျက်စီးပျောက်ကွယ်သွားသည်။ သို့ရာတွင် သူ၏ လူ့လောကအား အကျိုးပြုမှုများမှာမူ အသက်ရှင်နေပြီး ထာဝရ လူ့ဖြစ်စဉ် (ဂတိ) (Eternal human process) ၏ အစိတ်အပိုင်း ဖြစ်လာပေလိမ့်မည်။

သို့ရာတွင် ဂေါတမဗုဒ္ဓကမူ ယင်းအယူအဆသို့အထိ ရောက်မလာပေ။ ဗုဒ္ဓက ဟောကြားသည်မှာ အစဉ်မပြတ်ဖြစ်ခြင်းသည် ရှိလေသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပုဂ္ဂလိကဘဝများအတွက်ပင်လျှင် လူ့စိတ်အယဉ် ရှိလေသည်။ ဆီမီးတစ်ခုသည် ငြိမ်းသွားပြီး အခြားဆီမီးတစ်ခုအား မီးကူးစေခဲ့သည်။ လူတစ်ယောက်သည် သေဆုံးသွား၏။ သူ၏ စိတ် (အစဉ်တစ်ခုဖြစ်သော) သည် အခြားကိုယ်ကာယတစ်ခုအတွင်းသို့ ဝင်သွားသည်။ ယင်းသို့အားဖြင့် ပြန်လည်မွေးဖွားရမှုတည်းဟူသော တမလွန်ဘဝ အယူဝါဒသည် ဗုဒ္ဓဘာသာအတွင်းသို့ နောက်ဖေးပေါက်က ဝင်ရောက်လာလေသည်။

ဂေါတမဗုဒ္ဓသည် ပြုပြင်ရေးပုဂ္ဂိုလ်နှင့် အာဘိဓမ္မာဆရာတစ်ဦး ဖြစ်သော်လည်း အဋ္ဌင်္ဂိကကို အလေးထားသူ ဖြစ်လေသည်။ စိတ်ငြိမ်းချမ်းမှု ရရှိရေးသည် လူသားတို့၏ ရှေ့မှောက်၌ သူတင်ပြသော ရည်ရွယ်ချက် ဖြစ်လေသည်။ ကမ္ဘာလောကသည် ဒုက္ခအတိ ပြည့်နေသည်။ ဒုက္ခ၏ ကုန်ဆုံး

ရပ်စဲသွားခြင်းသည် ဘဝ၏ ရည်ရွယ်ချက်ဖြစ်လေသည်။ ယင်းရည်ရွယ်ချက်ကို မဂ္ဂင်ရှစ်ပါးစည်းမျဉ်းဥပဒေဖြင့် ရရှိနိုင်ပေသည်။ ထိုစည်းမျဉ်းဥပဒေကို လိုက်နာခြင်းသည် မိမိကိုယ်ကိုယ် ထိန်းချုပ်ကွပ်ကဲခြင်း ဖြစ်လေသည်။ မိမိကိုယ်ကိုယ် ထိန်းချုပ်ကွပ်ကဲခြင်းသည် အထွတ်အထိပ်သို့ ရောက်သွားသည့် အခါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သုခနှင့် ပြည့်စုံသည့် အဆင့်သို့ ပို့ဆောင်လေသည်။ ထိုအဆင့်သည် နိဗ္ဗာန်ဖြစ်လေသည်။ ထိုနိဗ္ဗာန်ကို ယခုဘဝ၌လည်း ရရှိနိုင်ပေသည်။ နိဗ္ဗာန်သည် ထာဝရငြိမ်းချမ်းမှု၏ ပြောင်းလဲခြင်း မရှိသော အခြေအနေ ဖြစ်လေသည်။

ဗုဒ္ဓသည် ယင်းနိဗ္ဗာန်အယူအဆကို အဘိဓမ္မာဆိုင်ရာ အယူအဆဝါဒတစ်ရပ်အနေထက် စိတ္တဇေဒဆိုင်ရာ ငြိမ်းချမ်းမှုအဆင့်အဖြစ်၊ သူ့မဂ္ဂင်ရှစ်ပါး၏ အထွတ်အထိပ်ရောက်ခြင်းအဖြစ် ကြီးထွားတိုးတက်အောင် ပြုလုပ်၏ဟုဆိုသောအချက်မှာ ဖြစ်နိုင်စရာ ရှိပေသည်။

လူနှင့် လူလောကသည် လည်းကောင်း၊ ပုဂ္ဂိုလ်နှင့် အပေါင်းအသင်းသည် လည်းကောင်း တစ်ဦးနှင့်တစ်ဦး မှီ၍ နေသည်။ အညမည ဆက်စပ်၍ နေသည်။ လူသည် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ချမ်းသာမှု အခြေအနေကို တစ်ကိုယ်တည်း သီးခြားကင်းလွတ်ပြီး မရရှိနိုင်ပေ။ မိမိ၏ လူ့လောကဆိုင်ရာ တာဝန် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့်သာလျှင် ရရှိနိုင် ပေသည်။ လိုအပ်သည့် မနသိက နှစ်သိမ့်မှုကိုပေးရန်အတွက် မနသိက ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု အခြေအနေသည် ထာဝရဖြစ်သော နိစ္စ (ပြောင်းလဲခြင်းမရှိသည့်) အခြေအနေမျိုးဖြစ်ရန် မလိုပေ။ ပြောင်းလဲမှုနှင့် ငြိမ်းချမ်းမှုသည် ဒုန္ဒပဋ္ဌိသေ၏ ခွဲ၍ မရသော ဆန့်ကျင်ဘက်သဘောတရားများ ဖြစ်ကြလေသည်။ ဤကား ခေတ်ပေါ် အယူအဆဖြစ်လေသည်။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်အခါက ပုဂ္ဂိုလ်တစ်ဦးချင်းအနေအားဖြင့် နိဗ္ဗာန်ကို ရှာမှီးခြင်းနှင့် လူသားတို့အား ကယ်တင်မည်ဆိုသည့် ရည်ရွယ်ချက်တည်းဟူသော ဆန့်ကျင်ဘက်သဘောတရားနှစ်ခုသည် အားပြိုင်လျက်ရှိပေသည်။ သို့ရာတွင် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသွားသည့်နောက်၌မူ ဗုဒ္ဓဘာသာထဲ

၌ ဂိုဏ်းဂဏများစွာ ကွဲပြားသွားလေသည်။ ဟီနယာနတို့က ပုဂ္ဂိုလ်တစ်ဦး ချင်းအနေအားဖြင့် နိဗ္ဗာန်ရလိုမှုကို အဓိကထားကြပြီး မဟာယာနတို့ကမူ ဗုဒ္ဓ၏တရားတော်ကို မူရင်း အတိအကျ မဟုတ်စေကာမူ လူသားအားလုံးထံသို့ ပြန့်ပွားရန် အလေးအနက် ပြုကြလေသည်။

အကျဉ်းချုပ်ကိုပြောရလျှင် ဂေါတမဗုဒ္ဓ ညွှန်ကြားဟောပြခဲ့သော ဗုဒ္ဓအာဘိဓမ္မာသည် နိဗ္ဗာန်၊ တမလွန်ဘဝ၊ ကမ္မတည်းဟူသော အယူအဆများ ရှိသော်လည်း ထာဝရပြောင်းလဲမှု အယူရှိသည့် အာဘိဓမ္မာတစ်ရပ်ပင် ဖြစ်လေသည်။ အာဘိဓမ္မာသည် ဥပနိဿျဒ်တို့၏ ရုပ်လွန် အယူအဆကို ဆန့်ကျင်သည့် တော်လှန်မှုကို ဖြစ်ပေါ်စေသော ဝါဒတစ်ရပ်ပင် ဖြစ်လေသည်။

ထိုပြင် အာဘိဓမ္မာအယူအဆ၌ ပြောင်းလဲခြင်း (အနိစ္စ) အယူအဆကိုလည်း ကောင်း၊ အသစ်ဖြစ်ပေါ်ခြင်းနှင့် အဆုံးမရှိ တိုးတက်မှု အယူအဆကိုလည်းကောင်း ဖြည့်ပေးသည့်ဝါဒ ဖြစ်လေသည်။

တကယ့်တကယ် ပြောရမည်ဆိုလျှင် ဗုဒ္ဓဘာသာသည် ဘာသာတရားတစ်ခုအနေဖြင့် ယခုအခါတွင် အိန္ဒိယပြည် ပျောက်ကွယ်၍နေလေပြီ။ သို့ရာတွင် ယခုအခါတွင် အိန္ဒိယ ယဉ်ကျေးမှု၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေသော 'ကာလအားလျော်စွာ ပြောင်းလဲသည်' ဟူသော သဘောထားမှာမူ အိန္ဒိယအား ဗုဒ္ဓဘာသာက ပေးသည့် သဘောထားအယူအဆ ဖြစ်ပေ၏။

ဂေါတမဗုဒ္ဓသည် ဘီစီ ၄၈၀ ၌ ပရိနိဗ္ဗာန်ဝင်စံသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် မကြာခင် ရာဇဂြိုဟ်၌ အဇာတသတ်ဘုရင်၏ ကြီးကြပ်မှု၊ ကမကထ ပြုလုပ်မှုအောက်၌ ရဟန်းသံဃာများ၏ သင်္ဂါယနာတင်ပွဲကြီးတစ်ခု ကျင်းပပြုလုပ်ခဲ့သည်။ ထိုသင်္ဂါယနာတင်ပွဲကြီးက ဓမ္မကို ဖြန့်ဖြူးရန် ဆုံးဖြတ်ခဲ့လေသည်။

များမကြာမီမှာပင် ရဟန်းသံဃာများ၏အတွင်း၌ ဘာသာရေးအခမ်းအနား၊ စည်းမျဉ်းဥပဒေများနှင့် စပ်လျဉ်းပြီး သဘောထားကွဲကြလေသည်။ ဘီစီ ၃၀၀ ၌ ဝေသာလီတွင် ဒုတိယသင်္ဂါယနာတင်ပွဲကို ကျင်းပ

ပြုလုပ်လေသည်။ ထိုသင်္ဂါယနာတင်ပွဲ၌ ရဟန်းသံဃာများသည် ထေရဝါဒ နှင့် မဟာသံဃိကဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲထွက်သွားလေသည်။

ထိုရဟန်းသံဃာများ၏ သဘောထားကွဲပြားမှုများမှာ အဘိဓမ္မာ ရေးရာ ပြဿနာ နှင့် မပတ်သက်ပေ။ ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများနှင့် သာလျှင် ပတ်သက်လေသည်။

သဘောထားကွဲလွဲမှုများကို ပယ်ရှားပစ်ရန်ဟူသော ရည်ရွယ်ချက် ဖြင့် ဘုရင်အသောကလက်ထက် (ဘီစီ ၂၅၀)၌ ပါဋ္ဌလိပုတ်တွင် တတိယ သင်္ဂါယနာတင်ပွဲကို ကျင်းပပြုလုပ်လေသည်။ သို့ရာတွင် ရည်ရွယ်ချက် အထမမြောက်ခဲ့ပေ။ စတုတ္ထသင်္ဂါယနာတင်ပွဲကို ကနိ၇ကဘုရင်လက်ထက် (အေဒီ ၇၀) ၌ ကရှမီရ်တွင် ကျင်းပပြုလုပ်ခဲ့လေသည်။ ယင်းသင်္ဂါယနာ တင်ပွဲ၌ ဗုဒ္ဓဘာသာသည် ပထမဆုံးအကြိမ် ဟီနယာနနှင့် မဟာယာနဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲသွားလေသည်။ ထိုဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲသွားခြင်း မှာ ဘာသာရေးဆိုင်ရာ ပြဿနာနှင့် လည်းကောင်း၊ အဘိဓမ္မာရေးဆိုင်ရာ ပြဿနာနှင့် လည်းကောင်း နှစ်မျိုးစလုံးနှင့်ပင် ပတ်သက်လေသည်။

ကနိ၇ကဘုရင် လက်ထက်က ပေါ်ပေါက်ခဲ့သော သက္ကတ ကဗျာ ဆရာနှင့် ပြဇာတ်ရေးဆရာဖြစ်သူ အဿဃောသသည် မဟာယာန ဂိုဏ်းကို တည်ထောင်သူ ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

ဗုဒ္ဓသည် ထာဝရတည်မြဲနေသော အတ္တအယူအဆကို ငြင်းပယ်ပြီး ပဋ္ဌိစ္စသမုပ္ပာဒ် သဘောတရား အယူအဆကို ညွှန်ကြား ဟောပြခဲ့သည်ကို ကျွန်ုပ်တို့ သိကြပေသည်။ အဿဃောသသည် ဗုဒ္ဓအဘိဓမ္မာမှ ဒွန္ဒသဘော တရားတည်းဟူသော ယင်းသော့ချက်ကို ဖယ်ရှားပြီးလျှင် လူကွယ်လွန် သေဆုံးသွားပြီးသည့်နောက်၌လည်း အသက်ရှင်နေသော ထာဝရ တည်မြဲနေ သည့် အတ္တအယူအဆကို သွတ်သွင်းလာပေသည်။

"အတ္တသည် အသွင်အပြင် လက္ခဏာနှစ်မျိုးရှိသည်။ တထတ သွင်ပြင်လက္ခဏာနှင့် သံသာရ သွင်ပြင်လက္ခဏာ ဖြစ်လေသည်။ သံသာရ သွင်ပြင်လက္ခဏာမှာ မွေးဖွားခြင်း၊ ကြီးပြင်းခြင်း၊ သေဆုံးခြင်းများဖြစ်ရပြီး

တထတသွင်ပြင်လက္ခဏာမှာမူ ယင်း ဟေတုနိယာမမှအပ ဖြစ်လေသည်။ တထတသွင်ပြင်လက္ခဏာသည် ပြောင်းလဲလည်း မသွားရပေ။ ပျက်စီးလည်း မသွားရပေ။

ယင်းသို့ ပြောပြီးလျှင် အဿဃောသသည် သူ၏အယူအဆ အတွက် အစီအစဉ်တစ်ရပ်ကို သတ်မှတ်လေသည်။

ယင်းသို့အားဖြင့် အဿဃောသသည် ဗုဒ္ဓအဘိဓမ္မာမှ သော့ချက်ကို ဖယ်ထုတ်ပြီးလျှင် ဗုဒ္ဓအဘိဓမ္မာအား ရှေးဟောင်းစဉ်လာ ယူဆလာခဲ့သည့် ဥပနိသျှဒ် အဘိဓမ္မာနှင့် သဘောတူသွားအောင် ပြုမူဖန်တီးလေသည်။ ဘာသာရေးရာနှင့် စပ်လျဉ်းမှု မဟာယာနဂိုဏ်းသည် ရုပ်တုကို ကိုးကွယ်ခြင်း၊ စေတီနှင့်ပုထိုးကို တည်ထားကိုးကွယ်ခြင်းများကို ပြုလုပ်သည့်အပြင် ဗုဒ္ဓဘာသာအား လိုအပ်သည့် အဆောင်အယောင်အားလုံးနှင့် အတူတကွ တင်းကျပ်သော ဘာသာတစ်ရပ်ဖြစ်အောင် ပြုလုပ်ဖန်တီးလေသည်။

အေဒီ ၁၈၀ ပတ်ဝန်းကျင်၌ ပေါ်ပေါက်ခဲ့သော နာဂဇုနသည် ဗုဒ္ဓ၏ ဒွန္ဒသဘောတရားကို ထိန်းသိမ်းထားရန် နောက်ဆုံး ကြိုးပမ်းမှုကို ပြုတော်မူလေသည်။ သူလည်း မဟာယာနဂိုဏ်းဝင် ဖြစ်လေသည်။ သူသည် အန္ဓရာနယ်တွင်ရှိသော နာဂဇုနကောန္ဒာအား သူ့လူပ်ရှားမှုများ၏ ဗဟို ချက်ချာနေရာဌာန ပြုလုပ်ပြီးလျှင် မဟာယာန အယူဝါဒများကို အိန္ဒိယပြည် နေရာအနှံ့အပြားသို့ လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များသို့အထိ လည်းကောင်း ဖြန့်ဖြူးလေသည်။ သူသည် သုညတအမည်ရှိသည့် အယူအဆ သစ်တစ်ခုကို တီထွင်ပြီးလျှင် မဇ္ဈိမိကဝါဒအမည်ရှိ ဝါဒတစ်ရပ်ကို ဖန်တီးလိုက်လေသည်။

သုညဝါဒသည် ယေဘုယျအားဖြင့် လုံးဝဘာမှ မရှိသော အယူဝါဒ (Nihilism) ဟူ၍ ယူဆရသော်လည်း စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်ရှုလိုက်လျှင်မူ ဗုဒ္ဓဦးစွာ ညွှန်ပြဟောကြားခဲ့သော ပဋ္ဌိစ္စသမုပ္ပာဒ် အယူအဆ (သာပေက္ခဝါဒ - Theory of relativity) ကို ပြန်လည် ဖော်ထုတ်ခြင်းမှတစ်ပါး အခြား ဘာမျှ မဟုတ်ပေ။

မဇ္ဈိမိက သျှတ္တရကျမ်းဌ နာဂဇုနက ဤသို့ ပြောပြထားလေသည်။

"ပဋိစ္စသမုပ္ပာဒ် သဘောတရားကို ငါက သုညတဟု ခေါ်သည်။ မိမိ၏ ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ အခြားသော အချို့အချက်အလက်များကို မှီမနေရသည့် အရာဝတ္ထုများ၏ ဓမ္မဟု၍ မရှိပေ။ သို့ဖြစ်၍ သုညတ မဟုတ်သည့် ဓမ္မ ဟု၍ မရှိပေ..."

ဗုဒ္ဓကဲ့သို့ပင် နာဂဇုနသည်လည်း သူ၏ အယူဝါဒကို မဇ္ဈိမိကဝါဒ (အလယ်အလတ်လမ်းစဉ်ဝါဒ) ဟု ခေါ်လေသည်။ သူသည် ရုပ်လောက၏ တည်ရှိမှုကို လုံးလုံးလျားလျားလည်း မငြင်းပယ်ပေ။ လက်လည်း မခံပေ။ သူက ပြောပြလေသည်။ အမှန်တရားသည် သာပေက္ခ ဖြစ်လေသည်။ ပရမတ္ထ မဟုတ်ပေ။ အရာဝတ္ထုမှန်သမျှသည် တစ်စုံတစ်ခုသော သတ်မှတ်ချက်ဘောင်၏ အတွင်းဌ အမှန်တရားဖြစ်လေသည်။ ယင်းသတ်မှတ်ချက်ဘောင်များ၏ အပြင်အပဌ အရာဝတ္ထုမှန်သမျှသည် အမှန်တရားမဟုတ်ကုန်။ ရုပ်လောကသည် အမှန်တရားဖြစ်သလော။ အမှန်တရား ဖြစ်သည်။ လူ့လောကီအသိဉာဏ် ရောက်နိုင်သော အရာဝတ္ထုမှန်သမျှသည် အမှန်တရား ဖြစ်သည်။ (သမုတိသစ္စာ)။ သို့ရာတွင် အမြင့်မြတ်ဆုံးသော သစ္စာ (Transcendaufal furth-ပရမတ္ထသစ္စာ) အမြင်ဖြင့် ပြောရလျှင်မူ အရာဝတ္ထု မှန်သမျှသည် အမှန်တရား မဟုတ်ကုန်။ နာဂဇုနသည် မဟာယာနဂိုဏ်း၏အောက်ဌ ဗုဒ္ဓဝါဒ၏ ဒွန္ဒသဘောတရားတည်းဟူသော အသက်ထွက်မသွားစေရန် ကြိုးပမ်းအားထုတ်သော မဟာအာဘိဓမ္မာဆရာတစ်ဦး ဖြစ်၍ နောက်ပိုင်း ဗုဒ္ဓဘာသာဂိုဏ်းများက သူ့ကို ဗုဒ္ဓလောင်းလျှာအဖြစ် သိမှတ်လေးစားကြလေသည်။

သာပေက္ခဝါဒသည် တရားသေဝါဒများကို တိုက်ခိုက်ဆန့်ကျင်နေသရွေ့မှု ကောင်းမွန်လှပေသည်။ သို့ရာတွင် ရှေ့သို့ တစ်ဆင့်တိုးသွားပြီး ရုပ်ဝတ္ထုအမှန်တရား၏ ခိုင်မြဲတည်ရှိမှုကို ငြင်းပယ်လိုက်သောအခါတွင်မူ ယင်း သာပေက္ခဝါဒသည် ချော်သည့်မြေပေါ်သို့ ရောက်ရှိသွားလေသည်။ ထာဝရတည်မြဲနေမှုသဘောတရားကို ဆန့်ကျင်တိုက်ခိုက်ပြီး လွတ်လပ်သော တွေးခေါ်ရေးအတွက် လမ်းရှင်းပေးသည့်ဝါဒတစ်ခု ဖြစ်မည့်အစား ယင်း

သာပေက္ခဝါဒသည် အရာဝတ္ထုဟူသမျှကို သံသယဒဿဟုဖြစ်သည့် တစ်စုံတစ်ခု သော အရာကို ပိုင်ပိုင်နိုင်နိုင် မသိနိုင်သည့် ဝါဒတစ်ခုအဖြစ်သို့ လျှောကျ သက်ဆင်းသွားလေသည်။ ဗုဒ္ဓကိုယ်တော်တိုင်၏ တရားတော်၌ပင် ယင်း အန္တရာယ် မည်သို့မည်ပုံ တည်ရှိနေသည်ဆိုသည်ကို ကျွန်ုပ်တို့ သိမြင်ပြီးလေပြီ။ နာဂဇုနသည် နှစ်ပေါင်း ၆၀၀ ကျော်လွန်ပြီးသည့်နောက်၌ ယင်းအချက် ကို ထိန်းထားရန် ရဲရဲဝံ့ဝံ့ ကြိုးပမ်းအားထုတ်ပြီးလျှင် သူ၏ ဒွန္ဒသဘောတရား ကို ကျွမ်းကျင်ပါးနပ်လှစွာဖြင့် ညွှန်ကြားပြောပြလေသည်။ သူ၏လက်ရာ ဖြစ်သည့် 'ပညာပါရမိတ' (ပညာ၏ သတ်မှတ်ပိုင်းခြားချက်) ကျမ်းသည် ဗုဒ္ဓသာသနာနယ်ပယ်၌ အလွန်တရာ လေးစားမှုခံရသည့်ကျမ်း ဖြစ်သည်။ သို့ရာတွင် ထိုအရာအားလုံး ရှိလင့်ကစား နာဂဇုန လက်ထက်က ဗုဒ္ဓဘာသာ သည် ရိုးရိုးအစဉ်အလာ ဘာသာတစ်ရပ်သာဖြစ်ခဲ့ပြီး ဒွန္ဒသွင်ပြင်လက္ခဏာ သည် လူထု၏အတွင်းသို့ တွေးခေါ်မှုအစဉ်အပေါ်တွင် အကျိုးသက်ရောက်မှု ရှိစေရန် ထိထိရောက်ရောက် ဝင်ရောက်မလာခဲ့ပေ။

ဗုဒ္ဓဘာသာတရားထဲ၌ရှိသော သာပေက္ခဝါဒ၏ နေရာအကြောင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရင်း လီနင်က သူ၏ Materialism and Empirio-critism ကျမ်း၌ ဤသို့ ရေးသားထားသည်။

"ဒွန္ဒသဘောတရား၌ အမှန်မှု၍ သာပေက္ခဝါဒ၊ သာပေက္ခ သဘောတရား ရှိလေသည်။ ယင်းသဘောတရားသည် အားလုံးသော ကျွန်ုပ်တို့ အသိပညာ၏ အညမည ဆက်စပ်မှီတွယ်မှု သဘော၊ သာပေက္ခသဘောကို အသိအမှတ်ပြုလေသည်။ ယင်းသို့ အသိအမှတ်ပြုခြင်းမှာလည်း ဗဟိဒ္ဓရုပ်ဝတ္ထု အမှန်တရားကို ငြင်းပယ်သည့် အဓိပ္ပာယ်မျိုးဖြင့် မဟုတ်ပေ"

နာဂဇုနသည် သာပေက္ခ သဘောတရားကို အလေးအနက်ပြုပြီး လျှင် ဗဟိဒ္ဓရုပ်ဝတ္ထုသဘောတရားကို ဥပေက္ခာပြုလေသည်။ ထို့ကြောင့် သူ ကွယ်လွန်သွားပြီးသည့်နောက်တွင် ဗုဒ္ဓဘာသာ၌ အခြားဂိုဏ်းကြီး တစ် ဂိုဏ်း ပေါ်လာလေသည်။ ယင်းဂိုဏ်းသည် မဇ္ဈိမိကဝါဒအား သုညဝါဒဟူ၍ တံဆိပ်တပ်ပြီးလျှင် ဗဟိဒ္ဓလောက၏ အမှန်တရားကို လုံးဝ ငြင်းပယ်ခြင်း၊

နာမ်၊ သို့မဟုတ် စိတ်သာလျှင် တစ်ခုတည်းသော အမှန်တရားဟု ဆုံးဖြတ်ခြင်းများကို ပြုလုပ်ပြီးလျှင် အခြားတစ်ဖက်စွန်းသို့ ရောက်ရှိသွားလေသည်။

ထိုနာမ်ဝါဒီများ၏ ဂိုဏ်းမှာ ဝိညာဏဝါဒီဟု ခေါ်လေသည်။ ယောဂစာရိဟုလည်း ခေါ်လေသည်။ အကြောင်းမူကား ၄င်းဂိုဏ်းဝင် ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ကို ရရှိရေးအတွက် နည်းလမ်းသစ်ဖြင့် ယောဂအကျင့်ကို ကျင့်ကြံအားထုတ်ကြသောကြောင့် ဖြစ်လေသည်။ ၄င်းတို့သည် ဗဟိဒ္ဓရုပ်လောကအား လုံးဝ ငြင်းပယ်ပြီးလျှင် ထာဝရ တည်ရှိနေသော နာမ်၊ သို့မဟုတ် အာလယဝိညာဏကိုသာလျှင် အမှန်တရားအဖြစ် ယူဆကြလေသည်။ ၄င်းတို့၏ 'အာလယဝိညာဏ'သည် ဟောဂေလ်၏ 'ထာဝရဖြစ်သော စိတ်' ဝါဒနှင့် နီးစပ်လေသည်။ ယင်းအယူအဆ ဂိုဏ်းဂဏကို တည်ထောင်သူများမှာ အသင်္ဂနှင့် သူ့ညီအစ်ကိုတော်သူ ဝသုဗန္ဓု (အေဒီ ၄၂၀-၅၀၀) အပြင် ဒိန္နာဂ (အေဒီ ၅၀၀)တို့ ဖြစ်ကြသည်။ ၄င်းတို့အနက် ဒိန္နာဂသည် အန္ဓရာဋ္ဌသီတင်းသုံးနေထိုင်လေ၏။

ယင်းအယူဝါဒသည် ဗုဒ္ဓဘွဲ့ကြီး ဟောပြထားခဲ့သော ပဋိစ္စသမုပ္ပာဒ် အယူအဆကို လုံးဝ ငြင်းပယ်လေသည်။ ထိုမျှသာ မကသေးပေ။ ယင်းအယူဝါဒသည် ဗုဒ္ဓ၏ စကားများကိုပင် ဆန့်ကျင်ဘက်အဓိပ္ပာယ်ပေါ်ထွက်လာစေရန်အတွက် လှည့်ပစ်လိုက်လေသည်။

ဝိညာဏဝါဒီများသည် နာဂဇုန၏ မဇ္ဈိမိကဝါဒအား သုညဝါဒဟု အမည်ပေးပြီးလျှင် ဤသို့ အပြင်းအထန် ရှုတ်ချကြလေသည်။

"ကမ္ဘာ လောကအား တည်ရှိနေသည် ဟူ၍ လည်းကောင်း၊ တည်ရှိမနေ ဟူ၍ လည်းကောင်း အသိအမှတ်ပြုခြင်းထက် အတ္တအယူအဆကို လေးစားမှုပြုခြင်းက ပိုမိုကောင်းမွန်လှပေသည်။ ဗဟိဒ္ဓလောကအား ခဏတိုင်းမှာ ပြောင်းလဲနေသည်ဟု ထင်မှတ်ယူဆသူများသည်လည်း ပျက်စီးကျဆုံးခြင်းသို့ ရောက်ကြမည်မှာ မလွဲပေ"

ဝိညာဏဝါဒသည် ရှုန်ကရ၏ အဒ္ဒျတ္တိက နာမ်ဝါဒနှင့် များစွာ

တူညီမှုရှိသည်ဆိုသည့်အကြောင်းကို သက်သေသာဓက ထုတ်ပြပြီး ရှင်းလင်းပြောပြနေစရာ လိုလိမ့်မည် မဟုတ်ပေ။ ရှန်ကရ၏ အဋ္ဌဋ္ဌိက နာမ်ဝါဒမှာမူ လေမုန်တိုင်းအသွင်ဖြင့် ပေါ်လာပြီးလျှင် တင်းမာခက်ထန်သော နာမ်ဝါဒ ပေါ်မှာ အခြေခံပြီး အားလုံးသော ဝါဒများအား လွှင့်ပါးစေခဲ့လေသည်။

ဗုဒ္ဓဘာသာမှ ဖြာထွက်သွားသော ယထာဘူတဝါဒီဂိုဏ်းနှစ်ဂိုဏ်းမှာ ဝိဘာသိကနှင့် သုတ္တန္တရိကဂိုဏ်းတို့ ဖြစ်ကြလေသည်။ ယင်းဂိုဏ်းနှစ်ဂိုဏ်းသည် ဣန္ဒြေဖြင့် တွေ့ထိသိမြင်ရသည့် ဗဟိဒ္ဓအရာဝတ္ထုဟူသမျှ၏ တည်ရှိမှုကို လက်ခံကြသည်ဖြစ်သောကြောင့် နှစ်ဂိုဏ်းကို ပူးပေါင်းပြီး သဗ္ဗတ္ထိဝါဒီဟု ခေါ်လေသည်။ ဘာသာရေးနှင့် ပတ်သက်၍မူ ယင်းဂိုဏ်းနှစ်ဂိုဏ်းလုံးမှာ မဟာယာနဂိုဏ်းဝင်များ ဖြစ်ကြ၍ အိန္ဒိယတွင် ထင်ပေါ်ကျော်ကြားမှု သိပ်မရှိလှပေ။

ယင်းဂိုဏ်းနှစ်ခုလုံးသည် ဗဟိဒ္ဓလောက၏ ရုပ်ဝတ္ထုဟုသဘောကို ခြွင်းချက်မရှိ လက်ခံကြသောဂိုဏ်းများ ဖြစ်ကြလေသည်။ နှစ်ဂိုဏ်းလုံးပင် ဣန္ဒြေဖြင့် ထိတွေ့သိမြင်ခြင်းသည် ကျွန်ုပ်တို့၏ အားလုံးသော အသိပညာ၏ ပင်မဖြစ်၏ဟု ယူဆကြလေသည်။ လက်တွေ့ကျင့်သုံးမှုအား အသိပညာ၏ ပင်မဟု ယူဆခြင်းအားဖြင့် ယင်းဂိုဏ်းများသည် အသိပညာနှင့် ပတ်သက်၍ ခေတ်ပေါ်ရုပ်ဝါဒအနီးသို့ ကပ်ရောက်လာပေသည်။

ဝိဘာသိကတို့က ကျွန်ုပ်တို့သည် ဣန္ဒြေဖြင့် ထိတွေ့သိမြင်ခြင်းအားဖြင့် အသိပညာကို ရရှိသည်ဟု ခြွင်းချက်မရှိ ပြောဆိုပြီး သုတ္တန္တရိကတို့က ကျွန်ုပ်တို့၏စိတ်တွင် ဗဟိဒ္ဓလောက၏ ထင်ဟပ်မှုမှ အသိပညာကို ရရှိပေသည်ဟု ခြွင်းချက်အနည်းငယ်ဖြင့် ပြောကြလေသည်။

သုတ္တန္တရိကတို့၏ အလိုအားဖြင့် မှန်ကန်သော အသိပညာဆိုသည်မှာ ယင်းအသိပညာဖြင့် တစ်စုံတစ်ယောက်သည် မိမိ အလိုရှိသည့်အရာကို အမှန်တကယ် ရရှိနိုင်သည့် အသိပညာမျိုး ဖြစ်လေသည်။ အိပ်မက်ထဲက သစ်သီးအသွင်ကဲ့သို့ အထင်မှတ်မှားနေသည့် ထိတွေ့သိမြင်မှု အားလုံးမှာမူ အမှန်မဟုတ်၊ ထင်မှတ်မှားနေခြင်းသာ ဖြစ်သည်။ အကြောင်းမူကား သင်သည်

ထိုအရာဝတ္ထုကို အမှန်တကယ် မရရှိနိုင်သောကြောင့် ဖြစ်လေသည်။ အရာဝတ္ထုများသည် အခါခပ်သိမ်း တစ်ခဏသာခံသည့် အနိစ္စ ဖြစ်သည်။

သို့ရာတွင် ယင်းသို့ ဆိုခြင်းသည် အရာဝတ္ထုများသည် ထိုထိုသော ပိုင်းခြား သတ်မှတ်မှုများ၏ အတွင်း၌ တည်တံ့နေမှု မရှိဟု ဆိုလိုခြင်း မဟုတ်ပေ။ အမှန်သဘောတရားနှင့် သာပေက္ခသဘောတရားသည် ဆန့်ကျင်ဘက် သဘောတရားများ မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး အဖြည့်အစွက်ရှိသော သဘောတရားများ ဖြစ်လေသည်။

ယင်း ဝိဘာသိကနှင့် သုတ္တန္တရိက ဂိုဏ်းနှစ်ဂိုဏ်းတို့သည် ခေတ်ပေါ် ရုပ်ဝါဒနှင့် ဒွန္ဒဝါဒဆီသို့ အချက်အလက်ပေါင်း များစွာ၌ အလွန်တရာ နီးကပ်စွာ ရောက်ရှိလာသည်ဆိုသောအချက်မှာ လင်းပါးဖွယ်ရာ မရှိပေ။ အဓိကအားဖြင့် တရုတ်ဘာသာဖြင့်သာလျှင် ရှိနေသေးသော ယင်းဂိုဏ်းနှစ်ဂိုဏ်း၏ စာပေများကို ထပ်မံလေ့လာလျှင် ရှေးကျသည့် ဗုဒ္ဓဘာသာ အယူအဆ အတွေးအခေါ်နှင့် စပ်လျဉ်းပြီး မှန်ကန်သော သဘောတရားများကို ပိုမိုပြီး သိရှိလာနိုင်ကောင်းစရာ ရှိပေသည်။

□

လင်းလွန်းခင်စာပေ

ရှေးကျသော ဗုဒ္ဓဘာသာ၏ ပြဿနာများ

ဒေဗီပရောဆက် ကျော်ဘောပါဒယာယ

[အိန္ဒိယပြည် ကွန်မြူနစ်ပါတီမှ ထုတ်ဝေသော လစဉ်စာစောင် New Age (၁၉၅၆- ဧပြီနှင့် မေလထုတ်)တွင် ဖော်ပြပါရှိသော Debiprosad Chattopadhyaya ရေးသားသည့် Some Problems of Early Buddhism အမည်ရှိ ဆောင်းပါးကို မြန်မာပြန်ဆိုထားပါသည်။]

တတ်ကျွမ်းပိုင်နိုင်မှုနှင့် ပတ်သက်ပြီး ပြဿနာဖြစ်ဖွယ် မရှိလောက်အောင် ထင်ပေါ်ကျော်ကြားသည့် ပညာရှင်များ အပါအဝင် ရှေးကျသည့် ဗုဒ္ဓဘာသာအကြောင်းကို လေ့လာလိုက်စားသည့် ယခုခေတ်၊ ကျမ်းပြုပုဂ္ဂိုလ်များသည် ရှေးကျသည့် ဗုဒ္ဓဘာသာ၏ လူတန်းစားဆက်သွယ်ရေးနှင့် စပ်လျဉ်းပြီး တစ်ဦးနှင့်တစ်ဦး ထူးထူးခြားခြား ကွဲပြားဆန့်ကျင်သော ဆုံးဖြတ်ချက်ကို ချမှတ်ကြလေသည်။ အချို့ပုဂ္ဂိုလ်များ၏ အယူအဆအရမူ ဂေါတမဗုဒ္ဓသည် အဖိနှိပ်ခံများဘက်က ရပ်တည်သည့် သူရဲကောင်းပုဂ္ဂိုလ်ဖြစ်နေပြီး အချို့ပုဂ္ဂိုလ်များကမူ ဂေါတမဗုဒ္ဓအား နိမ့်ကျသူ၊ ဒုက္ခရောက်နေသူများအား ဥပေက္ခာပြုပြီး သူဌေးသူကြွယ်များနှင့် အဆက်အသွယ်ပြုလုပ်သူ ပုဂ္ဂိုလ်အဖြစ်ဖြင့် ဝေဖန်ပြစ်တင်ကြလေသည်။

ဤနေရာ၌ ကျွန်ပ်တို့ ပြောပြလိုသည်မှာကား ယင်းကဲ့သို့သော ကွဲပြားဆန့်ကျင်ချက်များမှာ ယေဘုယျအားဖြင့် ရှေးကျသည့် ဗုဒ္ဓဘာသာကို လေ့လာလိုက်စားသည့် ယခုခေတ် ကျမ်းပြုဆရာများအနေဖြင့် ရှေးဟောင်း လူ့အဖွဲ့အစည်းနှင့် စပ်လျဉ်းပြီး မလုံလောက်သောနားလည်မှုဖြင့် ရေးသား လေ့ရှိကြသောကြောင့် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ပ်တို့ ပြောပြချင်သည် မှာ အကယ်၍ ကျွန်ပ်တို့၏ ပညာရှင်များသည် ရှေးဟောင်း လူ့အဖွဲ့အစည်း၊ လူ့လောကနှင့် စပ်လျဉ်းပြီး ပိုင်နိုင်သည့် နားလည်မှုပေါ်မှာ အခြေခံပြီး ရေးသားကြမည်ဆိုလျှင် ရှေးဟောင်းအချက်အလက်များနှင့် ပတ်သက်ပြီး အမြင်သစ်များ ပေါ်ပေါက်လာနိုင်စရာ ရှိပေသည်။ အစဉ်အလာ ဖြစ်လာခဲ့ သည့် ဒဏ္ဍာရီစကားများ၏ ပြန်လည်ပြင်ဆင်မှု ဖြစ်လာလိမ့်မည်ဟု ဆိုလိုရင်း ဖြစ်လေသည်။ ကျွန်ပ်တို့၏ ရည်ရွယ်ချက်မှာမူ ရှေးကျသည့် ဗုဒ္ဓဘာသာ ၏ ပြဿနာများနှင့် စပ်လျဉ်းပြီး တစ်ယူသန် သတ်မှတ် ဆုံးဖြတ်ချက်ကို ချရန် မဟုတ်ဘဲ ပြဿနာကို ပိုင်းခြားသတ်မှတ်ပြီး ချဉ်းကပ်မှုအသစ်များ ဖြစ်ပေါ်လာနိုင်ရေးအတွက် အကြံဉာဏ်ပေးရန်ပင် ဖြစ်လေသည်။

ယခုခေတ် ပညာရှင်များ၏ ပဋိပက္ခဖြစ်နေကြသည့် ဆုံးဖြတ်ယူဆ ချက်များနှင့် စပ်လျဉ်းပြီး ပထမဦးစွာ ပြောပြရပေလိမ့်မည်။

ယခုခေတ် ပညာရှင်များအနက် အချို့မှာ ဂေါတမဗုဒ္ဓ၏ အခွင့်ထူးခံ ကြေးရတတ် လူတန်းစားများအား ဆန့်ကျင်ပြီး ဆင်းရဲသား အဖိနှိပ်ခံများ အတွက် တိုက်ပွဲဝင်ခြင်းနှင့် ဇာတ်ထုံးစံများ ပယောက်ရေးအတွက် ကြိုးပမ်း ခြင်းများကို ဖော်ပြပြီးလျှင် ဂေါတမဗုဒ္ဓအား အောင်မြင်သည့် နိုင်ငံရေး ဆိုင်ရာ ပြုပြင်ရေးပုဂ္ဂိုလ်မျိုးအဖြစ်ဖြင့် တင်ပြကြသည်။ ယင်းအမြင်မျိုးအတွက် အောက်ပါ သက်သေသာဓကများကို ထုတ်ပြနိုင်ပေသည်။

ဗုဒ္ဓက ဤသို့ မိန့်တော်မူသည်။

"တပည့်အပေါင်းတို့၊ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဟူ၍ မြစ်များ များစွာ ပြားရှိနေသော်လည်း ပင်လယ်သမုဒ္ဒရာတွင်းသို့

စီးဆင်းရောက်ရှိသွားသည့်အခါ၌မူ ယင်းမြစ်များသည် မိမိတို့၏ အမည်ဟောင်း၊ အနွယ်ဟောင်းများ ပျောက်ပြီး 'မဟာသမုဒ္ဒရာ' ဟူသော အမည်တစ်ခုတည်းသာလျှင် မည်တွင်လေတော့၏။ ထိုနည်းတူစွာ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒတည်းဟူသော ဤအမျိုးစုတ် လေးပါးတို့သည်လည်း ရဟန်းသံဃာတို့၏ ထုံးတမ်းစည်းမျဉ်းအရ အိမ်ရာတည်ထောင် လူဘောင်ကို စွန့်ခွာပြီး သံဃာဘောင်သို့ ရောက်လာသည့်အခါ၌ သူတို့၏ အမည်ဟောင်း၊ အနွယ်ဟောင်းများပျောက်ပြီး 'ရဟန်းသံဃာ' ဟူသော အမည်ပညတ်တစ်ခုတည်းသာ မည်တွင်လေတော့သည်''

ပါဠိပိဋကတ်၌ အစာတသတ်ဘုရင်နှင့် ဗုဒ္ဓတို့ ဆွေးနွေးပြောကြားသော စကားများကို ထုတ်ဖော်ပြဆိုထားကြလေသည်။ ထိုစကားအရ ရဟန်းသံဃာ၏ အဝါရောင်သင်္ကန်း၏ ရှေ့မှောက်၌ ဘုရင်နှင့်ကျေးကျွန်သည် အတူတူပင် ဖြစ်သည်။ ကွဲပြားခြားနားမှု မရှိ။

ဂေါတမဗုဒ္ဓက အစာတသတ်ဘုရင်အား ဤသို့ မေးလေသည်။

''အကယ်၍ ကျေးကျွန်တစ်ယောက်ယောက် ဖြစ်စေ၊ သို့မဟုတ် ဘုရင်၏ သူခစားတစ်ယောက်ယောက် ဖြစ်စေ ဖန်ရည်သင်္ကန်းကို ဝတ်ပြီး ကိုယ်နှုတ်နှလုံးကို စောင့်စည်းသည့် ရဟန်းအဖြစ်ဖြင့်နေလျှင် သင်မင်းကြီးသည် 'ဤသူကား ငါ၏ကျေးကျွန်ပင် ဖြစ်သည်။ ငါ၏ သူခစားပင် ဖြစ်သည်။ ငါ့ရှေ့၌ ရပ်ရမည်၊ ငါ့ကို ရိုသေဦးညွှတ်ရမည်။ ငါ၏ အမိန့်ပေးချက်များကို လိုက်နာပြုလုပ်ရမည်။ ငါ့အား ရိုသေစွာ လျှောက်ထားရမည်' ဟု ပြောမည်လော''

အစာတသတ်မင်းကြီးက ပြန်ကြားဖြေဆို၏။

''တပည့်တော် မပြောပါ။ တပည့်တော်ကသာ သူ့ရှေ့မှာ ဦးညွှတ်အရိုအသေပြုရမည်။ သူ့ကို သီတင်းသုံးရန် ပင့်ဖိတ်ရပေမည်။ သူ အလိုရှိသည့် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဝါးများကို ပေးလှူရပေလိမ့်မည်။ သူ့ကို သင့်တင့်လျောက်ပတ်သည့် ကာကွယ်စောင့်ရှောက်မှု ပြုရပါလိမ့်မည်''

မှတ်တမ်းတင်ထားချက်အရ သိရသည်မှာ ဗုဒ္ဓသည် များစွာသော လူအပေါင်းတို့၏ ကောင်းကျိုးကို ဆောင်ရွက်တော်မူသည်။ နတ်လူတို့၏ အကျိုး စီးပွားချမ်းသာသုခကို ဆောင်ရွက်တော်မူသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် အဆင့်အတန်းနိမ့်သည့် လူပေါင်းများစွာ သံဃအဖွဲ့အစည်းထဲ၌ အရေးပါသည့် နေရာများ ရရှိနေကြသည်ကို သိရခြင်း ဖြစ်ပေသည်။

ဗုဒ္ဓကလွဲလျှင် အမှုးအချုပ်အဖြစ်ဖြင့် ညွှန်ပြခြင်းခံရသော ဥပါလိသည် ပထမက ဆတ္တာသည်တစ်ဦးသာလျှင် ဖြစ်ခဲ့လေသည်။ သုနီတသည် ပုဏ္ဏားသဂတ်နိမ့်တစ်ဦး ဖြစ်ခဲ့လေသည်။ သတီသည် တံငါသည် သားသမီး ဖြစ်ခဲ့လေသည်။ နန္ဒသည် နွားကျောင်းသားတစ်ယောက် ဖြစ်ခဲ့သည်။ ပန္ထကနှစ်ဦးတို့သည် ကျွန်နှင့် ဇာတ်မြင့်မိန်းမတစ်ဦးမှ ဖွားမြင်သူများ ဖြစ်ကြသည်။ စာပါသည် သမင်လိုက်မုဆိုး၏သမီးဖြစ်သည်။ ပုဏ္ဏနှင့် ပုဏ္ဏိကာတို့သည် ကျွန်မများ ဖြစ်ကြသည်။ သုမင်္ဂလမာတာသည် ဖျာရက်သမား၏ သမီးဖြစ်ပြီး သုဘာသည် ရွှေပန်းထိမ်သည်၏သမီး ဖြစ်လေသည်။

ဤကား ရိုက်ဒေးဗစ် ထုတ်ပြသော ဥပမာများ ဖြစ်ကြလေသည်။ ဤစာရင်းထဲ၌ နောက်ထပ် များစွာ ဖြည့်နိုင်သည်ဟုလည်း သူက ပြောပြထားလေသည်။

ရိုက်ဒေးဗစ်က ဤသို့ ရေးသားထားသည်။

"သံဃအဖွဲ့အစည်းထဲတွင်ရှိသော အဆင့်အတန်းနိမ့်သည့် ပုဂ္ဂိုလ်များနှင့် ဇာတ်နိမ့်တို့၏ ဦးရေသည် အခြားပုဂ္ဂိုလ်များ၏ ဦးရေနှင့်စာလျှင် မနည်းလှပေ။ အထက်တွင် ဖော်ပြထားသည့် ငါးဦးအပါအဝင် ထေရိဂါထာ၌ ဖော်ပြပါရှိသည့် ထေရီခြောက်ဆယ်တို့၏ လူမှုအဆင့်အတန်းမှာ (သံဃအဖွဲ့အစည်းတစ်ခုလုံး၏ ၈ ၁/၂ ရာနှုန်းမှာ) အမျိုးနိမ့်သည့်အစားထဲကပင် ဖြစ်လေသည်။"

ယင်းကဲ့သို့သော အထောက်အထားများပေါ်၌ အခြေခံပြီးလျှင် ရိုက်ဒေးဗစ်က ဤသို့ မှတ်ချက်ချထားလေသည်။

လင်းလွန်းခင်စာပေ

'ဗုဒ္ဓသည် သူ အပြည့်အဝ သြဇာရှိသော သူ၏ သံဃအဖွဲ့အစည်းနှင့်ပတ်သက်၍ အမျိုးဇာတ်၊ အလုပ်အကိုင်၊ လူမှုအဆင့်အတန်းတို့မှ ပေါ်ပေါက်လာသည့် ချိုတဲ့မှု၊ သို့မဟုတ် ပြည့်စုံမှုကို လုံးဝ ဥပေက္ခာပြုထားပြီးလျှင် တရားမှုမရှိသော လူမှုရေး စည်းကမ်းများမှ ပေါ်ပေါက်လာသည့် အတားအဆီးများကို ဖယ်ရှားပစ်လေသည်။'

ဤကား ရှေးကျသော ဗုဒ္ဓဘာသာအပေါ်၌ အရည်အချင်း ပြည့်ဝသော ပညာရှင်အချို့တို့၏မြင်ပုံ အမြင်တစ်မျိုး ဖြစ်လေသည်။

အချို့သော ပုဂ္ဂိုလ်များကမူ ထိုအယူအဆကို သဘောမတူကြပေ။ အိုလဒင်ဘာဂ်က ဤသို့ ရေးထားသည်။

'အကယ်၍ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်သည် ဗုဒ္ဓဘာသာ၌ ရှိသော ဒီမိုကရေစီ အချက်အလက်နှင့် ပတ်သက် ပြီး စကားပြောလိုလျှင် စိတ်ထဲ၌ မှတ်ထားရမည့်အချက်မှာ အမျိုးသား ရေးဘဝ၏ ပြုပြင်ပြောင်းလဲရေး သဘောတရားများ၊ စံပြတိုင်းပြည်တစ်ပြည်ကို တည်ထောင်မှုအပေါ်မှာ အခြေခံသည့် အယူအဆများသည် ယင်းဗုဒ္ဓဘာသာ၌ မတွေ့ဘာ၊ ကရုဏာတရားနှင့် အပ်စပ်မှုမရှိဟူသောအချက်အလက်ပင် ဖြစ်လေသည်။ အိန္ဒိယ၌ လူမှုရေး အုံကြွမှုနှင့်တူသော မည်သည့်အရာမျိုးမျှ မဖြစ်ပေါ်ခဲ့ဖူးပေ။ ဗုဒ္ဓ၏ အသိသည် ယင်းကဲ့သို့သော စိတ်ဓာတ် တက်ကြွမှုမျိုးနှင့် စိမ်းလျက် ရှိနေသည်။ ယင်းကဲ့သို့သော စိတ်ဓာတ်တက်ကြွမှုမျိုး မရှိဘဲနှင့်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဖိနှိပ်သူကို ဆန့်ကျင်သည့် အဖိနှိပ်ခံ သူရဲကောင်းခေါင်းဆောင်တစ်ဦးနေရာ၌ ရောက်လာဖို့ မလွယ်ကူပေ။

နိုင်ငံနှင့် လူအဖွဲ့အစည်းကြီး မည်ကဲ့သို့ ဖြစ်နေပါစေ ရဟန်းအဖြစ်ဖြင့် ကမ္ဘာလောကကို စွန့်ခွာပြီးသော ဘာသာရေး ပုဂ္ဂလိကမှ ကမ္ဘာလောက၏ အရေးနှင့် အလုပ်ကိစ္စများတွင် ပါဝင်စွက်ဖက်ခြင်း မရှိတော့ပေ။ ဇာတ်ထုံးစံသည်လည်း သူ့အတွက် အဓိပ္ပာယ်မရှိတော့။

အကြောင်းမူကား လောကီအရာ ခပ်သိမ်းသည် သူ့အဖို့ စိတ်ဝင်

စားစရာ မဟုတ်တော့သောကြောင့် ဖြစ်လေသည်။ ဇာတ်ခွဲခြားမှုစနစ် ပယ်ချောက်ရေးအတွက်သော် လည်းကောင်း၊ အုပ်ချုပ်သူတို့၏ ရက်စက်မှု လျော့ပါးရေးအတွက်သော် လည်းကောင်း သူသည် ကြိုးစားအားထုတ်မှု မပြုလုပ်တော့ပေ။

ယင်းအယူအဆနှင့်ပတ်သက်ပြီး အောက်ပါကဲ့သို့သော သက်သေ သာဓကများကို ထုတ်ပြနိုင်ပေသည်။

သံဃာဘောင် သံဃအဖွဲ့အစည်းထဲတွင် ရှိခဲ့ကြသော များစွာသော ခေါင်းဆောင်တို့မှာ လူရတတ်အဆင့်အတန်းမှ ပုဂ္ဂိုလ်များ ဖြစ်လေသည်။ အိုလဒင်ဘာဂ် ပြောပြသကဲ့သို့ ကမ္ဘာပေါ်၌ ပထမဦးဆုံး သရဏာဂုံ ဆောက်တည်သော တပုဿနှင့် ဘလ္လိကတို့သည် ကုန်သည်များ ဖြစ်ကြလေ သည်။ ထို့နောက် ဗာရာဏသီ၌ တရားဟောပြပြီးသောအခါ ဗုဒ္ဓတရားကို ယုံကြည်သူများ၏ ဦးရေသည် များပြားလာလေသည်။ ထို့နောက် ဗာရာဏသီ မှ သူကြွယ်သား ယသ အကျွတ်တရားရသွားသည်။ သူ၏ မိဘများနှင့် ဇနီးသည်လည်း သူ့လိုပင် ဗုဒ္ဓ၏တရားကို ကြားနာရပြီး ဗုဒ္ဓ၏ တပည့် သာဝကများ ဖြစ်သွားကြလေသည်။ ယသ၏ မိတ်ဆွေများဖြစ်ကြသော ဗာရာဏသီနှင့် အနီးအပါး ပတ်ဝန်းကျင်မှ လူသိများသည့် လူငယ်များသည် လည်း သံဃာဘောင်သို့ ဝင်ရောက်လာကြလေသည်။ ထို့နောက် ဥရုဝေလ၌ အုံ့ညြဖွယ်အောင်ခြင်း အဆင့်ဆင့် (နဂါးမင်းကို အောင်ခြင်းတည်းဟူသော ပထမ အုံ့ညြဖွယ်မှစ၍) ကို ဗုဒ္ဓပြလိုက်သည်ဖြစ်၍ ကဿပအနွယ်မှ ဗြာဟ္မဏ တစ်ထောင်တို့သည် ဗုဒ္ဓ၏ တပည့်သာဝက ဖြစ်လာကြလေသည်။

ဗုဒ္ဓသည် ဥရုဝေလမှ ရာဇဂြိုဟ်သို့ ကြွတော်မူသည်။ ရာဇဂြိုဟ်၌ မဂဓ မြို့သူမြို့သားများနှင့် ဗြာဟ္မဏပေါင်းများစွာခံရုံ၍ နေသော ဗိမ္ဗိသာရ ဘုရင်သည် ဗုဒ္ဓ၏ တရားကို နာကြားပြီးလျှင် ဗုဒ္ဓ၏ ဥပါသကာအဖြစ် ကြေညာလိုက်လေသည်။ အစဉ်အလာအရ အသိအမှတ်ပြုထားကြသည်မှာ ဤရာဇဂြိုဟ်၌ပင် ပထမတွင် သဠယ၏တပည့် ဖြစ်ကြသည့် ဗြာဟ္မဏ

သားသမီးဖြစ်ကြသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် သံဃာဘောင်သို့ ဝင်ရောက်ခဲ့ကြလေသည်။ ဤကား အစဦးလောက်က ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်သွားကြပုံ ဥဒါဟရဏ် ပုံစံများ ဖြစ်ကြပြီး ၄င်းတို့ အားလုံးမှာ ကုန်သည်များ၊ ဘုရင်များ၊ ဗြာဟ္မဏများ ဖြစ်ကြလေ၏။

ထိုအချိန်က မဂဓတိုင်းမှ ထင်ပေါ် ကျော်ကြားသည့် လူကုံထံ လုလင်များသည် စင်ကြယ်မြင့်မြတ်သောဘဝဖြင့် ကုန်ဆုံးကျော်လွန်သွားရန် အတွက် ဗုဒ္ဓ၏ တပည့်သာဝကအဖြစ် ခံယူကြလေသည်။

ထိုအကြောင်းကြောင့် ပြည်သူလူထုက စိတ်ဟုက်ကြသည်။ ညည်းညူကြသည်။ စိတ်ဆိုးကြသည်။

'သမဏ ဂေါတမသည် သားသမီးမဲ့များအဖြစ် ဖန်တီးရန် ရောက်လာပြန်ပြီ။ သမဏဂေါတမသည် တစ်ခုလပ် တစ်လင်ကွာများအဖြစ် ဖန်တီးရန် ရောက်လာပြန်ပြီ။ သမဏဂေါတမသည် အိမ်ထောင်မိသားစုများ ကို ဖြိုခွဲဖျက်ဆီးပစ်ရန် ရောက်လာပြန်ပြီ'

စသည်ဖြင့် ပြောဆိုကြသည်။ ယင်းသို့ ပြောဆိုခြင်းမှာ ထင်ရှားသည့် တော်လှန်အုံကြွမှုကြီးတစ်ရပ်ကို ဦးဆောင်သည့် ခေါင်းဆောင်တစ်ဦး အကြောင်းကို ပြောဆိုနည်း၊ ပြောဆိုဟန်မှကား အမှန် မဟုတ်ပေ။

ထိုမှတစ်ပါး ဂေါတမထံသို့ သူဌေးသူကြွယ် ကုန်သည်များထံမှ ရောက်ရှိလာသည့် များလှစွာသော အလှူဒါနများကလည်း ဂေါတမဗုဒ္ဓနှင့် တကယ့်တကယ် ဆက်သွယ်ရင်းနှီးကြသူများမှာ ဆင်းရဲသား အဖိနှိပ်ခံ လူတန်းစားမဟုတ်ကြောင်း ထင်ရှားစွာ ဖော်ပြနေပေသည်။

တစ်ကြိမ်တစ်ခါတုန်းက ရှင်ဘုရင် မွေ့လျော်ပျော်ပိုက်ရာ ဥယျာဉ် ဖြစ်ခဲ့သည့် ဝေဠုဝန်ဥယျာဉ်ကို ဗိမ္ဗိသာရဘုရင်က အလှူဒါနအဖြစ် ဗုဒ္ဓအား ပေးလှူခဲ့လေသည်။

ပစ္စည်းကုဋေကုဋာ ကြွယ်ဝချမ်းသာသော ကုန်သည်ကြီး အနာထပိဏ်သူဌေးသည် ဇေတဝန်ဥယျာဉ် (သာဝတ္ထိအနီးရှိ) ကို ဗုဒ္ဓအား

ပေးလျှောခဲ့လေသည်။ ယင်းအလျှောဒါနသည် အလွန်တရာ အဖိုးထိုက်လှသည့် အလျှောဒါနတစ်ခု ဖြစ်လေသည်။

ဗုဒ္ဓနှင့် တပည့်သံဃာများ သီတင်းသုံးနေထိုင်ရန်အတွက် အဖိုးထိုက်တန်သည့်နေရာတစ်ခု အနာထပိဏ်သူဌေးရှာပုံကို အစဉ်အလာ ပြောစမှတ်ပြုကြသည်။ အနာထပိဏ်သူဌေးသည် နေရာကို ရှာဖွေရာ ဇေတမင်းသား၏ ဥယျာဉ်တစ်ခုတည်းကိုသာလျှင် လိုချင်သည့် အချက်အလက်ဟူသမျှနှင့် ပြည့်စုံ၍ သဘောအကျဆုံးဖြစ်နေသည်။

သို့ရာတွင် ဇေတမင်းသားက ထိုနေရာကို ရောင်းဖို့ရန် ငြင်းဆန်လေသည်။ ထို့နောက် ဇေတဝန်ဥယျာဉ်တစ်ခုလုံး အပြည့် ခင်းလောက်သည့် ရွှေဒင်္ဂါးပြားများကို ပေးမှ အနာထပိဏ်သူဌေး သည် ထိုနေရာကို ရရှိလေသည်။ ထိုနေရာကို အနာထပိဏ်သူဌေးသည် ဗုဒ္ဓအား ပေးလှူလိုက်လေသည်။ ထိုနေရာသည် ထိုအချိန်မှအစပြုပြီး ဗုဒ္ဓနှစ်သက်မြတ်နိုးသော သီတင်းသုံးနေထိုင်ရာနေရာ ဖြစ်လာခဲ့လေသည်။

ယင်းအဖြစ်အပျက်များအပြင် သံဃာတော်ထဲသို့ ဝင်ရောက်ခြင်းနှင့် ပတ်သက်၍ ပညတ်သော ဝိနည်းသိက္ခာပုဒ်များစွာသည် ဘုရင်နှင့် သူဌေးတို့၏ အခွင့်အရေးကို မထိခိုက်အောင် ပညတ်သည့် သိက္ခာပုဒ်များ ဖြစ်လေသည်။ ဥပမာအားဖြင့် ထုတ်ပြပြောရလျှင် ဝိနယပိဋကတ် ပါရှိသော သိက္ခာပုဒ်တစ်ခုမှာ ထွက်ပြေးလာသည့် ကျေးကျွန်တစ်ယောက်အား သံဃာတော်အတွင်းသို့ ဝင်ခွင့်မပေးရဟူသော သိက္ခာပုဒ် ဖြစ်လေသည်။

ရဟန်းဘဝသို့ မဝင်ရောက်မီ ရဟန်းလောင်းအား မေးမြန်းသည့် မေးခွန်းများအနက် တစ်ခုမှာ ''သင်သည် လွတ်လပ်သူပုဂ္ဂိုလ်ဖြစ်ပါ၏လော'' ဟူသောမေးခွန်း ဖြစ်လေသည်။

ထိုနည်းအတူပင် ဘုရင်၏စစ်တပ်မှ ထွက်ပြေးလာသူ တစ်ဦးတစ်ယောက်အား သံဃာ့အဖွဲ့အစည်းအတွင်းသို့ ဝင်ခွင့်မပေးရပေ။

ယင်းကဲ့သို့သော ဝိနည်းစည်းမျဉ်းများမှာ ဗုဒ္ဓသည် ဘုရင်နှင့် သူဌေး

သူကြွယ်တို့၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သည့် အလုပ်များကို ပြောလောက်ဆိုလောက် မလုပ်ဟူသော အဓိပ္ပာယ်ကို ဆောင်နေပေသည်။

ဤကား ကျွန်ုပ်တို့၏ ယခုခေတ်ပညာရှင်များ ရှေးကျသည့် ဗုဒ္ဓဘာသာ၏ လူတန်းစားဆက်သွယ်ရေးကို သတ်မှတ်ကြသည့် အဓိကနည်းဖြစ်လေသည်။ ကျွန်ုပ်တို့သည် လွယ်လွယ်ကူကူဖြင့်ပင် ပထမ အယူအဆအား ခိုင်မာစေမည့် သက်သေသာဓကများကို ယခုထက်များစွာထုတ်ပြပြီး ဒုတိယအယူအဆသည် မည်သို့မည်ပုံ အမှတ်မှားမှုများအပေါ် အခိုကအားဖြင့် အခြေခံနေသည်ဆိုသည့်အကြောင်းကို ငြင်းခုံဆွေးနွေးနိုင်ပေသည်။ သို့ရာတွင် ထိုနည်းလမ်းကို ကျွန်ုပ်တို့ ရှောင်ရှားမည်။ အကြောင်းမူကား ထိုကဲ့သို့ ပြုလုပ်ခြင်းသည် အခြေခံပြဿနာများစွာကို မပြေလည်ဘဲ ကျန်ရှိနေစေပေလိမ့်မည် ဖြစ်သောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓသည် ယခုခေတ်ကမ္ဘာလောကၭ ပေါ်ထွန်းခဲ့သူ မဟုတ်ပေ။ သို့ဖြစ်၍ သူ၏လူတန်းစား ဆက်သွယ်မှုကိုလည်း ကျွန်ုပ်တို့၏ ခေတ်ကာလ အတန်းအစားမျိုးဖြင့် သတ်မှတ်ဆုံးဖြတ်ကြည့်လို့ မဖြစ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အကယ်၍ နောက်ထပ်မေးခွန်းနှစ်ခုကို ရင်မဆိုင်လျှင် ရှေးကျသည့် ဗုဒ္ဓဘာသာသည် အသွင်အားဖြင့် ဒီမိုကရေစီအသွင် ဟုတ်၊ မဟုတ်ဟူသော အချက်ကို ကျွန်ုပ်တို့အနေနှင့် အဆုံးအဖြတ်ပေးဖို့ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ ပထမမေးခွန်းကား ရှေးဟောင်းကမ္ဘာလောကက သိနေသည့် ဒီမိုကရေစီ၏ ပုံသဏ္ဌာန်အတိအကျသည် မည်ကဲ့သို့သော ပုံသဏ္ဌာန်ဖြစ်သနည်း ဟူသော မေးခွန်းဖြစ်လေသည်။ ဒုတိယမေးခွန်းကား ထိုကဲ့သို့သော ဒီမိုကရေစီနှင့် ပတ်သက်ပြီး ဗုဒ္ဓ မည်ကဲ့သို့ သဘောထားသနည်း၊ သို့မဟုတ် ရှေးကျသည့် ဗုဒ္ဓဘာသာသည် ထိုကဲ့သို့သော ဒီမိုကရေစီနှင့် မည်မျှလောက် ဆက်သွယ်မှုရှိသနည်း ဟူသော မေးခွန်း ဖြစ်လေသည်။

ယင်းမေးခွန်းများကို အောက်ပါအတိုင်း ဖြေဆိုရပေလိမ့်မည်။ ပထမအဖြေကား ဤသို့ ဖြစ်သည်။ ရှေးဟောင်းကမ္ဘာလောကအနေဖြင့်သိသော

ဒီမိုကရေစီမှာ လူမျိုးစု ဒီမိုကရေစီ (Tribal demoeracy) အမည်ခံ ဒီမိုကရေစီ ဖြစ်လေသည်။ 'အမည်ခံ' ဟူသော ဝိသေသထည့်ရခြင်းမှာ ရာဇဝင်သမိုင်း အရ ကျွန်ုပ်တို့ သိရသော ဒီမိုကရေစီမှာ နိုင်ငံ၏အသွင် (From of state) မျိုးဖြစ်ပြီး နိုင်ငံဟူသည်မှာလည်း လူတန်းစားတစ်မျိုးက အခြားလူတန်းစား တစ်မျိုးအား အင်အားဖြင့် ဖိနှိပ်သည့် ဖိနှိပ်မှုအတွက် ကိရိယာတန်ဆာတစ်ခု ဖြစ်သောကြောင့် ဖြစ်လေသည်။ အခြားတစ်ဖက်၌ လူမျိုးစု လူ့အဖွဲ့အစည်း (Tribal people) မှာမူ လူတန်းစားမပေါ်မီက လူ့အဖွဲ့အစည်း ဖြစ်လေသည်။ နိုင်ငံနှင့် တခြားစီ ဖြစ်လေသည်။ သို့ဖြစ်၍ ယင်းလူမျိုးစု လူ့အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကမ္ဘာဦး ကွန်မြူနစ်ဝါဒ (Primitive Commumism) အဖြစ် မှတ်သားရပေလိမ့်မည်။

အဓိကအားဖြင့် မော်ဂန် (Morgam) ၏ အမှတ်အသား သုတေသန ပြုချက်များအရ ကျွန်ုပ်တို့သည် ယေဘုယျဖြစ်သော ရာဇဝင်သမိုင်းဆိုင်ရာ ဥပဒေနိယာမအသွင်ဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှုနည်းလမ်းများ တိုးတက်လာ ခြင်း၏ အကျိုးတရားအဖြစ် ကမ္ဘာဦးလူတန်းစား ခေတ်မတိုင်မီက လူ့ဘောင် လူ့အဖွဲ့အစည်းသည် မည်သို့မည်ပုံ ကွယ်ပျောက်သွားပြီး နိုင်ငံပေါက်ဖွား ဖြစ်ပေါ်လာသည်ဆိုသည်ကို ကျွန်ုပ်တို့ ယခုအခါတွင် သိရှိရပေသည်။ ယင်း ကမ္ဘာဦးလူတန်းစားခေတ်မတိုင်မီက လူ့ဘောင်လူ့အဖွဲ့အစည်း (Primitive pre-class Society) ကို ထိန်းချုပ်ကွပ်ကဲခဲ့သောမှုများသည် အသွင်အားဖြင့် လွန်သော ဒီမိုကရေစီ (Ultra Democratic) ဖြစ်ပုံရကြောင်းကိုလည်း မော်ဂန်က ပြောပြထားလေသည်။ ဗုဒ္ဓအနေဖြင့် သိထားသော ဒီမိုကရေစီမှာ ယင်းကဲ့သို့သော ဒီမိုကရေစီမျိုးသာလျှင် ဖြစ်နိုင်ဖို့ ရှိလေသည်။

ဒုတိယမေးခွန်းကိုဖြေသော ကျွန်ုပ်တို့၏အဖြေမှာ ယင်းကဲ့သို့သော ကွန်မြူနစ်လူ့ဘောင်၊ ကွန်မြူနစ် လူ့အဖွဲ့အစည်းအား ဗုဒ္ဓသည် မိမိအား စေ့ဆော်မှု၊ အားပေးမှု အခြေခံ ပင်မအဖြစ်ဖြင့် ကြည့်ရှုံသာလျှင်မကဘဲ မိမိ၏ အဖွဲ့အစည်းကိုလည်း ယင်းကွန်မြူနစ်လူ့ဘောင်လူ့အဖွဲ့အစည်း၏

ပုံစံအတိုင်း တည်ဆောက်ဖို့ရန် ကြိုးစားခဲ့လေသည်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်တို့က ဗုဒ္ဓသည် ကွန်မြူနစ်တစ်ဦး ဖြစ်သည်ဟု တွေးတောကြံဆလျှင်မူ ရှေးဟောင်းရာဇဝင်သမိုင်းထဲ၌ ခေတ်ပေါ်အဖြစ်မျိုးကို ရှာဖွေခြင်းတည်း ဟူသော အမှားမျိုးကို ကျူးလွန်ပြုလုပ်ခြင်းပင် ဖြစ်နေပေလိမ့်မည်။

ကမ္ဘာဦး ကွန်မြူနစ်ဝါဒ၊ သို့မဟုတ် လူတန်းစားခေတ်မတိုင်မီက လူ့ဘောင် လူ့အဖွဲ့စည်းသည် ကွန်မြူနစ်ဝါဒ၊ သို့မဟုတ် လူတန်းစားမဲ့ လူ့ဘောင်လူ့အဖွဲ့စည်းနှင့် အတူတူ မဟုတ်ပေ။ ယင်းနှစ်မျိုးမှာ အရည်အချင်း အားဖြင့် ကွဲပြားခြားနားမှု ရှိလေသည်။ ပထမအမျိုးမှာ ရှေးကျသော ဗုဒ္ဓ ဘာသာအတွက် အားပေးလှုံ့ဆော်မှု၏ ပင်မ ဖြစ်လေသည်။ ယင်းအချက် သည်ပင် ဗုဒ္ဓဘာသာ၏ အပိုင်းအခြားနှင့် ကြီးကျယ်ခမ်းနားပုံကို ဖော်ပြနေပေ သည်။

အပိုင်းအခြားများမှာ ထင်ရှားပြတ်သားလှပေသည်။ တကယ့်တကယ် လူမှုတော်လှန်ရေးကို ဖြစ်စေသည်ထက်ပိုပြီး ဗုဒ္ဓဘာသာသည် အပြီးသတ် တွင် ယင်းလူမှုတော်လှန်ရေး၏ ဆန့်ကျင်ဘက်အဖြစ် ကူးပြောင်းသွားပြီးလျှင် နိုင်ငံ၏ ဘာသာတစ်ခုဖြစ်လာလျက် သူ အစက တိုက်ခိုက်ရန် အကြံပြုခဲ့သည့် မည်မျှမှု၊ မမျှတမှုများအား ဆန့်ကျင်ရေး၌ လူတို့အား လျှော့လျှော့ပေါ့ပေါ့ ဖြစ်စေခဲ့လေသည်။ တစ်ပြိုင်နက်တည်းမှာပင် ဗုဒ္ဓဘာသာ၏ ကြီးကျယ်ခမ်းနား ပုံကိုလည်း သတိမပြုလို့ မဖြစ်ပေ။ ဗုဒ္ဓသည် လူတန်းစား ခေတ်မတိုင်မီက လူ့ဘောင်လူ့အဖွဲ့အစည်းမှ အရာများစွာကို ယူထားသဖြင့် ဗုဒ္ဓဘာသာသည် ရှေးကျသည့်အသွင်အပြင်၌ အစည်းအရုံးအနေအားဖြင့် လည်းကောင်း၊ ဝါဒသဘောတရားရေး အနေအားဖြင့် လည်းကောင်း၊ ယေဘုယျအားဖြင့် လူတန်းစားခေတ် လူ့ဘောင်၊ လူ့အဖွဲ့အစည်း၏ အသွင်လက္ခဏာများ ကင်း လွတ်နေသည်ကို တွေ့ရပေသည်။

ဆွေးနွေးရာတွင် အဆင်ပြေမှုရှိစေရန်အတွက် 'သူ့ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော လူမျိုးစု လူ့အဖွဲ့အစည်းနှင့် ပတ်သက်သည့် ဗုဒ္ဓ၏

သဘောထား ' တည်းဟူသော ဒုတိယမေးခွန်းဖြင့် အစပြုကြပါစို့။ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်၏ အစပိုင်းများသည် ကျွန်ုပ်တို့အား ထိုအချက်နှင့် ပတ်သက်ပြီး သဲလွန်စကို ပေးလေသည်။

မဂဓဘုရင် အဇာတသတ်သည် ဝဇ္ဇီဟု အမည်တွင်သည့် လူမျိုးစုလူများ (Tribal people) ကို တိုက်ခိုက်ဖျက်ဆီးပစ်ရန် စိတ်ပိုင်းဖြတ်လိုက်လေသည်။ အဇာတသတ်ဘုရင်သည် သူ၏ ဗြာဟ္မဏအမတ်ကြီး ဝဿကာရကို ဗုဒ္ဓ၏အထံသို့ ညွှန်ကြားချက်ကို နားထောင်ရန် လွှတ်လိုက်လေသည်။ အမတ်ကြီးသည် ဗုဒ္ဓထံတော်သို့ သွားပြီးလျှင် ဘုရင် လျှောက်ထားပြောပြလိုက်သည်ကို တစ်ဆင့် လျှောက်ထားလေ၏။ ထိုအချိန်၌ အရှင်အာနန္ဒာသည် ဗုဒ္ဓ၏နောက်တွင် ရပ်ပြီး ဗုဒ္ဓအား ယပ်ခတ်နေလေ၏။ ဗုဒ္ဓသည် အမတ်ကြီး၏ လျှောက်ထားချက်ကို ကြားရသော်လည်း အမတ်ကြီးအား ပြန်ကြားဖြေဆိုခြင်း ပြုတော်မမူ။ အာနန္ဒာအားသာ မိန့်တော်မူလိုက်လေ၏။

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စုဝေးကြသည်ဟူ၍ လည်းကောင်း၊ မကြာခဏ အစည်းအဝေး လုပ်ကြသည် ဟူ၍ လည်းကောင်းသင် ကြားဖူးသလော"

"ကြားဖူးပါသည် အရှင်ဘုရား"

အာနန္ဒာက ပြန်လျှောက်ထားလေသည်။

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စုဝေးနေကြသမျှ ကာလပတ်လုံး၊ မကြာခဏ အစည်းအဝေး လုပ်နေကြသမျှ ကာလပတ်လုံး တိုးတက်နေကြမည်သာ မှတ်ပါ။ ဆုတ်ယုတ်သွားလိမ့်မည်ဟု မမှတ်ပါနှင့်"

(ဤနည်းအတိုင်း အာနန္ဒာအား မေးပြီး အဖြေရသောအခါ၌ ဗုဒ္ဓသည် ဝဇ္ဇီတို့၏ တိုးတက်ကြီးပွားရေးကို အာမခံသည့် အောက်ပါအချက်များကို မိန့်တော်မူလေသည်)

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် စည်းလုံးညီညွတ်စွာ စုဝေးနေကြသမျှ ကာလပတ်လုံး၊ စည်းလုံးညီညွတ်စွာ ထထကြွကြွရှိနေသမျှ ကာလပတ်လုံး၊

စည်းလုံးညီညွတ်စွာ မိမိတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြသမျှ ကာလပတ်လုံး တိုးတက်နေကြသည်သာ မှတ်ပါ။ ဆုတ်ယုတ်သွားလိမ့်မည် ဟု မမှတ်ပါနှင့်''

(ဗုဒ္ဓသည် လူမျိုးစုတစ်စု၏ တိုးတက်ကြီးပွားရေးနှင့် ပတ်သက်သော အချက်ခုနစ်ချက် (အပရိဟာနိယ ခုနစ်ပါး)ကို ပြောပြတော်မူလေသည်။

ထို့နောက် ဗုဒ္ဓသည် ဝဿကာရ ဗြာဟ္မဏ အမတ်ကြီးအား မိန့်တော်မူလေ၏။

''ဗြာဟ္မဏအမတ်ကြီး၊ ငါဘုရား ဝေသာလီရှိ သရန္ဒဒကျောင်းဌ် နေထိုင်စဉ်အခါက ငါသည် ဝဇ္ဇီတို့အား ယင်းတိုးတက်ကြီးပွားရေးအချက်ခုနစ်ချက် (အပရိဟာနိယ ခုနစ်ပါး)ကို ညွှန်ကြားပြောပြခဲ့လေသည်။ ယင်းတိုးတက်ကြီးပွားရေးအချက်ခုနစ်ချက် သူတို့ထံတွင် ရှိနေသမျှ ကာလပတ်လုံး သူတို့ တိုးတက်နေမည်သာ မှတ်ပါ။ ကျဆုံးလိမ့်မည် မမှတ်ပါနှင့်''

ဝဿကာရဗြာဟ္မဏ ပြန်လျှောက်ထား၏။

''အရှင်ဘုရား၊ ဒီလိုဆိုလျှင် ဝဇ္ဇီတို့ကို မဂဓဘုရင်အနေဖြင့် အောင်နိုင်ဖို့ရန် မလွယ်ကူဘူးပေါ့။ ပရိယာယ်ကို မသုံးဘဲနှင့် ဖြစ်စေ၊ သူတို့၏ စည်းလုံးခြင်းကို မဖြိုခွင်းဘဲနှင့် ဖြစ်စေ စစ်တိုက်လို့ ဖြစ်နိုင်မည် မဟုတ်ပေဘူး။ ရှင်ဂေါတမ၊ တပည့်တော်တို့ ပြန်ပါရစေ။ တပည့်တော်တို့မှာ ပြုလုပ်ဖွယ်ကိစ္စ အလွန်တရာမှ မြားမြောင်လှပါသည်''

''သင် ဗြာဟ္မဏအမတ်ကြီး တွေးဆသည့်အတိုင်းမှန်ပါသည်''

ဗုဒ္ဓက ဤသို့ မိန့်တော်မူလိုက်သည့်အခါ ဝဿကာရ ဗြာဟ္မဏ အမတ်ကြီးသည် နေရာမှထပြီး ပြန်သွားလေ၏။ ဗြာဟ္မဏအမတ်ကြီး ပြန်သွား၍ မကြာမီမှာပင် ဗုဒ္ဓသည် အာနန္ဒာအား မိန့်တော်မူလေ၏။

''အာနန္ဒာ၊ သင်သွားပြီး ရာဇဂြိုဟ်အနီးအနား တစ်ဝိုက်မှာ သီတင်းသုံး နေထိုင်ကြသည့် ရဟန်းအားလုံးကို ဆည်းကပ်လုပ်ကျွေးသည့် ခန်းမဆောင် (ဥပဋ္ဌာနသာလာ)၌ စုရုံးစေလော့''

အာနန္ဒာက ဗုဒ္ဓ မိန့်တော်မူသည့်အတိုင်း ပြုလုပ်ဆောင်ရွက်လိုက်လေသည်။

ထို့နောက် ဗုဒ္ဓသည် ဆည်းကပ်လုပ်ကျွေးသည့် ခန်းမဆောင်သို့ ကြွသွားပြီးလျှင် ခင်းကျင်းထားသည့်နေရာ၌ ထိုင်တော်မူ၍ သံဃာတော်များအား ဤသို့ မိန့်တော်မူလေ၏။

"ရဟန်းအပေါင်းတို့၊ ငါ သင်တို့အား တိုးတက်ကြီးပွားခြင်း အချက်ခုနစ်ချက်ကို ညွှန်ကြားဟောပြမည်။ နားထောင်ကြလော့။

အို... ရဟန်းအပေါင်းတို့၊ ရဟန်းတို့သည် အကြင်မျှလောက် သောကာလပတ်လုံး မကြာခဏ စုဝေးကြ၏။ မကြာခဏ အစည်းအဝေး ပြုလုပ်ကြ၏။ အကြင်မျှလောက်သော ကာလပတ်လုံး စည်းလုံးညီညွတ်စွာ တွေ့ဆုံစုဝေးကြ၏။ စည်းလုံးညီညွတ်စွာ သံဃာ၏ ပြုဖွယ်ကိစ္စကို ပြုလုပ် ဆောင်ရွက်ကြ၏။ ထိုမျှလောက် ကာလပတ်လုံး ရဟန်းတို့သည် ကြီးပွား တိုးတက်နေမည်သာ မှတ်ပါ။ ဆုတ်ယုတ်နိမ့်ကျသွားလိမ့်မည် မမှတ်ပါနှင့်"

(ဗုဒ္ဓသည် သူ့သံဃအဖွဲ့အစည်း၏ ကြီးပွားတိုးတက်ရေးအတွက်လည်း အလားတူ အချက်ခုနစ်ချက် (အပရိဟာနိယ ခုနစ်ပါး)ကိုပင် ဟောကြားတော်မူသည်။)

ယင်းစကားဝါကျကို ကျွန်ုပ်တို့ ကိုးကားပြရခြင်း၏ ဆိုလိုရင်းမှာကား ထိုခေတ်အခါက ဗုဒ္ဓဘာသာ ပေါ်ပေါက်လာခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရသော အိန္ဒိယပြည်၏ ထိုဒေသအစိတ်အပိုင်းများတွင် အင်အားရှိသော လူမျိုးစု လူ့အဖွဲ့အစည်းများ တည်ရှိနေတုန်းပင် ဖြစ်ပေသည်။ ၄င်းတို့၏ အားမှာ ၄င်းတို့၏ ထူးခြားသော လက္ခဏာဖြစ်သည့် စုပေါင်းနေထိုင်မှုမှ ရရှိပေသည်။ ထို့ပြင် အာဇာတသတ်ဘုရင်ကဲ့သို့သော ရှေးကျသည့် သက်ဦးဆံပိုင်ဘုရင်စနစ်၏ ကိုယ်စားလှယ်များအနေဖြင့် ယင်းကဲ့သို့သော လူမျိုးစုများအား ဆန့်ကျင်တိုက်ခိုက်ရန် အကြံပြုပြီး ထိုအကြံအစည်အတွက် ဂေါတမဗုဒ္ဓထံမှ ညွှန်ကြားချက် တောင်းခံနေစဉ်၌ ဂေါတမဗုဒ္ဓကိုယ်တိုင်ကမူ ထိုလူမျိုးစု

အဖွဲ့အစည်းများ (၀၊) ကမ္ဘာဦး ကွန်မြူနစ် လူ့အဖွဲ့အစည်းများထံမှ လှုံ့ဆော်အားပေးမှုကို ရယူပြီးလျှင် မိမိ၏ တပည့်ရဟန်းသံဃာများအား မိမိတို့၏ ဘဝကို အခြိမ်းအခြောက် ခံနေရသည့် ဒီမိုကရေစီ၏ အခြေခံမူများအတိုင်း ပုံသွင်းတည်ဆောက်ကြရန် ညွှန်ကြားပြောပြနေလေသည်။ ထိုလူမျိုးစုအဖွဲ့အစည်းများအကြောင်းနှင့် ပတ်သက်ပြီး ယခုခေတ် ရာဇဝင်ဆရာအချို့ ဖြစ်နေကြသည့် သံသယများကိုမူ ဖျောက်ပစ်ရန် လိုပေလိမ့်မည်။

ယင်းအချက်သည် ကျွန်ုပ်တို့ အစပြုရန် အကြံပေးခဲ့သည့် မေးခွန်းနှစ်ခုအနက် ပထမမေးခွန်းကိုလည်း အဖြေပေးပေလိမ့်မည်။ ထိုမေးခွန်းကား ဘယ်လို ဒီမိုကရေစီ အဖွဲ့အစည်းမျိုးကို ဗုဒ္ဓ သိရှိတော်မူသနည်း ဟူသော မေးခွန်း ဖြစ်သည်။

ဗုဒ္ဓသည် သက္ကဂဏ္ဍ ဖွားမြင်ခဲ့လေသည်။ ယင်းသက္ကဂဏ၏ လွတ်လပ်ရေးကို ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ဌပင် ကောသလဘုရင်က ဖျက်ဆီးပစ်လိုက်သည်ဟု အဆိုရှိလေသည်။ အမေးပုစ္ဆာပေါ်လာနိုင်သည်မှာ ဂဏဟူသော စကားလုံးကို၊ သို့မဟုတ် ဘရတ၊ ပုဂ၊ သံဃ၊ ရှရေဏီကဲ့သို့သော အများသိ အလေးတူ အဓိပ္ပာယ်ရှိသည့် စကားလုံးများကို ရှေးသူဟောင်းများ ဘယ်လို အဓိပ္ပာယ်ကောက်ကြသနည်း။

ရိုက်ဒေးဗစ်သည် 'သက္ကဂဏ' ဟူသော စကားလုံးကို 'သက္ကလူစု' (Sakiyaclan) ဟူ၍လောက်သာ ဘာသာပြန်ပြီးလျှင် ထိုစကားလုံးနှင့် ပတ်သက်ပြီး မော်ဂန်၏ လူမျိုးစု အဖွဲ့အစည်းအကြောင်း အထွေထွေ ရေးသားတင်ပြချက်ကို ကျွန်ုပ်တို့အား သတိရစေမည့် ပြောပြချက်တို့ကို စုဆောင်းရေးသားထားလေသည်။

'လူစု(Clan)၏ အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ လုပ်ငန်းများကို ပြည်သူ့ခန်းမဆောင် (Publicassembly)၌ ပြုလုပ်ကြသည်။ ယင်းပြည်သူ့ခန်းမဆောင် (သန္ဓာ ဂါရ) ၌ လူကြီး၊ လူငယ် ညီတူညာတူ စုဝေးကြသည်။ မည်သည့်အချိန်ကာလ အတိုင်းအတာအတွက် မည်ကဲ့သို့ ရွေးကောက်သည်ကို

ကျွန်ုပ်တို့ မသိသော အမှုးအချုပ်တစ်ယောက်ကို အစည်းအဝေးရှိလျှင် အစည်းအဝေးကို အုပ်ချုပ် ရန်နှင့် အစည်းအဝေးမရှိလျှင် နိုင်ငံကို အုပ်ချုပ်ရန် ရုံးထိုင်အဖြစ် ရွေးကောက် ကြသည်။ ထိုသူသည် ရာဇာဟူသော ဘွဲ့နာမ ရထားလေသည်။ တကယ့် တကယ် ဘုရင်များတွင်ရှိသော ဘုရင့်အာဏာပိုင် အပြုအမူကဲ့သို့သော အပြု အမူမျိုးကို ကျွန်ုပ်တို့ ဘယ်မှာမှ မကြားရပေ''

ရာဇဝင်သမိုင်းအရ တိုးတက်လာမှု၏ အထွေထွေနိယာမဥပဒေအား (General laws of historical development) သစ္စာရှိမှုသည် ထိုပညာရှင် (ရိုက်ဒေးဗစ်)အား လူစုအဖွဲ့အစည်းအကြောင်းကို ပြောပြသော သူ၏ ပြောပြ ချက်နှင့် စပ်လျဉ်းပြီး 'နိုင်ငံ' ဟူသော စကားလုံးကို သုံးရန် နှောင့်နှေး တွန့်ဆုတ်နေစေပေလိမ့်မည်။ အကြောင်းမူကား ကျွန်ုပ်တို့ ပြောပြထားပြီး သကဲ့သို့ နိုင်ငံ (State) သည် လူစုအဖွဲ့အစည်း(Clan organization) အပျက်အစီးတွင်မှ ပေါ်ပေါက်လာသည် ဖြစ်သောကြောင့် ဖြစ်လေသည်။ သို့ရာတွင် ယခု စပ်ဆိုင်နေသည်မှာကား ဂဏအဖွဲ့အစည်း၏ အဓိပ္ပာယ် ဆိုလိုရင်း ဖြစ်လေသည်။ ယင်းဂဏအဖွဲ့အစည်း၏ ပုံစံနမူနာများစွာတို့မှာ ရှေးကျသည့် ဗုဒ္ဓဘာသာစာပေများ၌ ဖော်ပြလျက် ရှိပေသည်။

ဒေါက်တာ ဖလီ(တ်) (Dr. Fleet)သည် ဂဏ ဟူသော စကား လုံးကို 'လူမျိုးစု' ဟူသော အဓိပ္ပာယ်မျှလောက်သာ ဘာသာပြန်ထားလေ သည်။ မွန်နိယာဝိလျံကလည်း 'လူမျိုးစု' ကို ဂဏ ဟူသော စကားလုံး၏ လိုရင်းအဓိပ္ပာယ်များအနက် တစ်ခုအဖြစ် ဖော်ပြထားလေသည်။ သို့ရာတွင် အက်ဖ-ဒဗလျူ သောမတ်စ် (F.W Thomas) နှင့် ကေ-ပီ ဂျယဆဝါလ် တို့ကမူ ယင်းအဓိပ္ပာယ် ကောက်ယူချက်များကို အပြင်းအထန် ကန့်ကွက်ကြ လေသည်။

ကျွန်ုပ်တို့သည် အထူးသဖြင့် 'ဂဏ ဟူသော စကားလုံးသည် သမ္မတ နိုင်ငံများ ဟူသော အဓိပ္ပာယ်ကို ဆိုလိုသည်' ဟူသော ဂျယဆဝါလ်၏ အယူအဆကို ရည်ညွှန်း ပြောပြရပေလိမ့်မည်။ အကြောင်းမူကား ယင်း

အယူအဆသည် ကျွန်ုပ်တို့ ပညာပိုင်းဆိုင်ရာ အသိုင်းအဝိုင်းထဲ၌ ပျက်စီးမှုကို အတော်ကလေး ဖန်တီးခဲ့သောကြောင့် ဖြစ်လေသည်။

ဂျယဆဝါလ်က ဤသို့ ရေးသားထားသည်။

"သမ္မတစနစ် အဖွဲ့အစည်းကို အထူးလေ့လာခြင်းကြောင့် ရရှိသော အကျိုးတရား၏အမြင်ဖြင့် ပြောရလျှင် ကျွန်ုပ်သည် သမ္မတစနစ် အဖွဲ့အစည်းများကို 'လူစုများ' ဟု ခေါ်သော ပညာရှင်ကြီး (ရိုက်ဒေးဗစ်)နှင့် အယူအဆကွဲပြားခြားနားလေသည်။ အထောက်အထား သာဓကများက သမ္မတစနစ် အဖွဲ့အစည်းများအား ကျွန်ုပ်တို့၏ 'လူစုများ' ဟု ခေါ်ဝေါ်ခြင်းကို အာမခံချက် မပေးပေ။

ရာဇဝင် သမိုင်းအစဉ်၌ ကျွန်ုပ်တို့ မြင်ရသည့်အတိုင်း ဘီစီခုနစ်နှင့် ခြောက်ရာစုနှစ်ရှိ အိန္ဒိယသမ္မတစနစ်နိုင်ငံများသည် လူမျိုးစု လူ့အဖွဲ့အစည်း အဆင့်များကို ဖြတ်သန်းကျော်လွန်လာခဲ့သည်မှာ အချိန်ကာလ ကြာမြင့်လေပြီ။ ယင်းသမ္မတစနစ် တိုင်းပြည်များသည် နိုင်ငံများ ဖြစ်ကြသည်။ ဂဏများ ဖြစ်ကြသည်။ သံဃများ ဖြစ်ကြသည်။ သို့ရာတွင် ယင်းနိုင်ငံများအနက် များစွာတို့မှာမူ ရှေးဟောင်းနိုင်ငံ ဖြစ်စေ၊ ခေတ်ပေါ်နိုင်ငံ ဖြစ်စေ နိုင်ငံဟူသမျှ ရှိရမည်ဖြစ်သော လူမျိုးစု အခြေခံ ရှိကောင်း ရှိပေလိမ့်မည်။

အမှန်အားဖြင့် ဤနေရာ၌ ကျွန်ုပ်တို့အနေဖြင့် ထိုပြဿနာနှင့် ပတ်သက်ပြီး အသေးစိတ် စဉ်းစားနေလို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ လောကာယတ အဘိဓမ္မာ (စာရဿာကတို့၏ ရုပ်ဝါဒီ အဘိဓမ္မာ) ၏ မြစ်ဖျားခံရာ အကြောင်းကို လေ့လာခြင်းနှင့် ပတ်သက်၍မူ ကျွန်ုပ်သည် အခြားတစ်နေရာ၌ ထိုပြဿနာနှင့် ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးတင်ပြခဲ့ရလေသည်။

ထိုမှတစ်ပါး ကျွန်ုပ်သည် ရိုက်ဒေးဗစ်၊ ဘန်ဒါကာ၊ ဖလိ(တ်)တို့၏ အယူအဆကို ထောက်ခံထားသော အထောက်အထား သာဓကများ အင်အားတောင့်တင်းခိုင်မာပုံနှင့် လူမျိုးစု လူ့အဖွဲ့အစည်းသည် နိုင်ငံနှင့် အမှန်တကယ် ခြားနားပုံကို မြင်တွေ့ရပေသည်။

ဂဏာတို့၏ အထောက်အထား သက်သေသာဓကများသည် ခိုင်လုံလှပေသည်။ ဗုဒ္ဓဘာသာ စာပေများ၌ ဗုဒ္ဓသက်တော်ထင်ရှား ရှိစဉ်အခါက ဂဏာပေါင်းများစွာရှိသည်ဆိုသည်ကို ဖော်ပြထားပေသည်။ အကယ်၍ ဂဏာကို လူမျိုးစု လူ့အဖွဲ့အစည်း သို့မဟုတ် အနည်းဆုံးအားဖြင့် ထိုကဲ့သို့သော လူ့အဖွဲ့အစည်း၏ အားကောင်းသော အကျန်အကြွင်းဟု ဆိုလိုလျှင်၊ အကယ်၍ ထိုကဲ့သို့သော လူ့အဖွဲ့အစည်းများ၏ စည်းရုံးမှုကို ၄င်း ကွယ်ပျောက်သွားသည့် အချိန်ကာလအထိ (လူရိုင်းအခြေအနေ၏ အလယ်ပိုင်း အဆင့် အချိန်ကာလ အထိဟု ဆိုလိုသည်) ကမ္ဘာဦး ကွန်မြူနစ်ဝါဒီဟု အသိအမှတ်ပြုလျှင် ဗုဒ္ဓစာပေ မှတ်တမ်းများက ကျွန်ုပ်တို့အား ဗုဒ္ဓခေတ် အိန္ဒိယ ၌ ကမ္ဘာဦးကွန်မြူနစ်ဝါဒီ၏ အစအနများ အတော်အတန် ရှိသေးသည် ဟူသော အယူအဆကို ယူဆစေပေလိမ့်မည်။

ထိုအချက်နှင့်ပတ်သက်ပြီး ထပ်ရှင်းကြဦးစို့။ ယင်းသို့ဆိုခြင်းသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က အိန္ဒိယသည် ကမ္ဘာဦး ကွန်မြူနစ်ဝါဒ၏ အဆင့်၌ပင် ရှိသေးသည်ဟု ဆိုလိုရင်း လုံးလုံး မဟုတ်ပေ။ တညီတညာတည်း မဟုတ်သော တိုးတက်ပြောင်းလဲမှု နိယာမသဘောတရား (Law of Uneven development) ကို ဆိုလိုခြင်းသာ ဖြစ်လေသည်။

ဗုဒ္ဓခေတ် မတိုင်မီက အိန္ဒိယသည် နိုင်ငံ၏အာဏာ (State Power) ကို မသိရှိသေးပေ။ အိန္ဒြမြစ်ဝှမ်းသည် ဗုဒ္ဓမဟာမြင်မီ နှစ်ပေါင်းနှစ်ထောင်၊ သို့မဟုတ် သုံးထောင်အလွန်ကမှ နိုင်ငံ၏အာဏာကို မည်သို့မည်ပုံ သိမြင်သည်ကို ကျွန်ုပ်တို့ သိရှိရပေသည်။ သို့ရာတွင် အိန္ဒိယသည် သေးငယ်သောတိုင်းပြည် မဟုတ်ပေ။ ထိုမှတစ်ပါး တညီတညာတည်း မဟုတ်သော တိုးတက်ပြောင်းလဲမှု နိယာမသဘောတရားကြောင့် ပြောင်းလဲမှုများသည် အိန္ဒိယတစ်ပြည်လုံး၌ တစ်မျိုးတည်းသော အရှိန်၊ တစ်မျိုးတည်းသောပုံစံဖြင့် ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ အိန္ဒိယပြည်၌ လူမျိုးစု လူ့အဖွဲ့အစည်း၊ သို့မဟုတ် လူမျိုးစု လူ့ဘောင်၏ အစအနများသည် ယခုအချိန်အခါ၌သော်မှ ပျောက်

ကွယ် မသွားသေးပေ။ ဘီစီ ခြောက်ရာစုနှစ် အတွင်းလောက်ကဆိုလျှင် ယင်းကဲ့သို့သော အစအနများမှာ ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့ပေလိမ့်မည်။ ထို့ပြင် ထိုခေတ်သမယ၌ လူမျိုးစု လူအဖွဲ့အစည်းများသည် ယခုထက်ပိုပြီး စစ်သောအသွင်အပြင်ကို ထိန်းသိမ်းထားလိမ့်ဦးမည် ဖြစ်ပေသည်။

အကြောင်းမူကား ကုန်သည်များသည် လည်းကောင်း၊ သာသနာပြုများသည်လည်းကောင်း၊ လက်မှုပညာသည်များသည်လည်းကောင်း ထိုဒေသများသို့ နောင်သောအခါများ၌ကဲ့သို့ ဦးရေအလုံအလောက် ထိုးဖောက်ဝင်ရောက်လာခြင်း မပြုကြသေးသောကြောင့် ဖြစ်လေသည်။

ရှေးဟောင်းအိန္ဒြမြစ်ဝှမ်းနှင့်ပတ်သက်သည့် မှန်သောအရာသည် ဗုဒ္ဓဘာသာဖြစ်ပေါ်လာရာ ဒေသဖြစ်သည့် ရှေးဟောင်းဂင်္ဂါမြစ်ဝှမ်းနှင့် ပတ်သက်သည့် မှန်သောအရာ ဖြစ်ရမည် မဟုတ်ပေ။ ယင်းသို့ ဆိုခြင်းသည် ဗုဒ္ဓခေတ်က အရှေ့မြောက် အိန္ဒိယသည် ဘုရင့်အာဏာနှင့် နိုင်ငံအုပ်ချုပ်ရေး စက်ယန္တရား (State machinery) ကို မသိဟု ဆိုလိုခြင်း မဟုတ်ပေ။ ဗုဒ္ဓဘာသာ မပေါ်ခင် အရင့် အရင်က ဂင်္ဂါမြစ်ဝှမ်း၌ ရာစုနှစ်ပေါင်းများစွာ ဘုရင်များ ရှိခဲ့လေသည်။ ထို့နောက် အိန္ဒိယတစ်ပြည်လုံး ဘုရင့်အုပ်ချုပ်ရေး အောက် (Monarchical government) ၌ ကျရောက်ရန် လျင်မြန်သော အဟုန်ဖြင့် နီးကပ်လာပေသည်။ မှန်လှပေသည်။

နောက် မှန်ကန်သောအချက်တစ်ခုမှာ အဓိကအားဖြင့် ဇာတက (ဇာတ်တော်များ)များတွင် ပါဝင်သော အထောက်အထားများအရ ကျယ်ပြန့်သော ကုန်ကူးသန်း ရောင်းဝယ်ရေးနှင့် ငွေဒင်္ဂါးများကို သုံးစွဲမှုများက သက်သေခံထားသည့်အတိုင်း အဆင့်အတန်းမြင့်စွာဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ကြကြောင်းကို လည်း ကျွန်ုပ်တို့ မှန်းဆနိုင်ပေသည်။ ကျွန်ုပ်တို့သည် မယုံကြည်နိုင်လောက်အောင် များပြားသည့် ဥစ္စာပစ္စည်းများကို ကုန်သည်များ စုဆောင်းသိုမှီးထားကြသည်ဆိုသည်ကို ကြားသိရသည်။ တိုင်းပြည်၏ အခြားအစွန်းတစ်ဖက်သို့ ခရီးသွားကြသော ခရီးသွားကုန်သည်အုပ်စုများ၏အကြောင်း

ရေးသား ဖော်ပြထားသည်ကို ကျွန်ပ်တို့ တွေ့ရသည်။ ကဟာပဏတည်း ဟူသော လေးထောင့် ကြေးနီဒင်္ဂါးကို သုံးစွဲကြကြောင်းကိုလည်း ကျွန်ပ်တို့ သိရှိရလေသည်။

ယင်းကဲ့သို့သော အသွင်အပြင်များ၏နောက်ကွယ်၌ ကျေးကျွန်စနစ်၏ ပုံစံအချို့အဝက်သည် ကပ်ပါလာပေသည်။ ယင်းအချက်နှင့်ပတ်သက်သော အကိုးအကားများမှာ ဇာတကများထဲတွင် အများအပြား ရှိပေသည်။ အကယ်၍ ကျွန်ပ်တို့သည် ထိုအချက်အလက်များကို တခမ်းတနား ဖော်ပြခြင်း မပြုလုပ်ဘူးဆိုလျှင် ယင်းသို့ မဖော်ပြခြင်းမှာ ရိုက်ဒေးဗစ်နှင့် ဖလိ(တ်)ကဲ့သို့သော ထင်ရှားကျော်ကြားသည့် ဗုဒ္ဓဘာသာစာပေ ပညာရှင်များအနေဖြင့် ယင်းအချက်အလက်အားလုံးနှင့်ပတ်သက်ပြီး အသေးစိတ် နက်နက်နဲနဲ အပြည့်အဝ ဖော်ပြထားပြီးသည် ဖြစ်သောကြောင့်သာလျှင် ဖြစ်ပေသည်။

ယင်းအချက်အားလုံး မှန်ကန်သည်ဟု လင်းပါးဖွယ် မရှိပေ။ သို့ရာတွင် ကျွန်ပ်တို့ စောဒက တက်ချင်သည်မှာကား အကယ်၍ ဗုဒ္ဓစာပေ မှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို ထောက်ရှုပြီး ကမ္ဘာဦး ကွန်မြူနစ်ဝါဒအောက်၌ နေရာဒေသများ အတော်အသင့် ရှိသေးသည်ဟူသော အချက်ကို ထပ်မဖြည့်လျှင် အထက်ပါ အချက်အလက်များသည် အပြည့်အဝ မှန်ကန်မှု မရှိနိုင်ပေ။ ထို့ပြင် ကျွန်ပ်တို့ ထပ်ပြောချင်သည်မှာ ထိုအချက်နှင့် ပတ်သက်ပြီး ထူးထူးခြားခြား ဘာမှ အံ့သြစရာ မရှိပေ။ ယင်းသို့ ဖြစ်ရခြင်းမှာ တညီတညွတ်တည်း မဟုတ်သော တိုးတက်ပြောင်းလဲမှု နိယာမ သဘောတရား၏ အကျိုးအာနိသင်ကြောင့် ဖြစ်လေသည်။

ထိုမှတစ်ပါး ထိုသွင်ပြင် လက္ခဏာနှင့်ပတ်သက်ပြီး ကျွန်ပ်တို့ တသီးတခြား စဉ်းစား ဆင်ခြင်မည်ဆိုလျှင် ယင်းသွင်ပြင်လက္ခဏာကို ကျွန်ပ်တို့၏ ရာဇဝင်ဆရာများသည် ယခုအထိ လုံးဝ ဥပေက္ခာပြုထားကြသည်ဟု၍ ရှင်းလင်းပြောပြရပေလိမ့်မည်။ သို့ရာတွင် ယင်းအချက်၏ အရေးပါအရာရောက်မှုကလည်း ရှိနေပေသည်။

အကြောင်းမူကား ဗုဒ္ဓ မည်သို့ မည်ပုံ ယင်းကဲ့သို့သော ကွန်မြူနစ် လူ့အဖွဲ့အစည်းမှ အားပေးလှုံ့ဆော်မှု၊ စေ့ဆော်မှုကို ရယူသည်ဆိုသည်ကို မသိနားမလည်ဘဲနှင့် ကျွန်ုပ်တို့သည် ရှေးကျသည့် ဗုဒ္ဓဘာသာကို နားလည်သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပေ။

ဗုဒ္ဓလက်ထက်တော်၌ ရှိခဲ့ကြသည့် များစွာသော ဂဏတို့နှင့် ပတ်သက်သည့် အကိုးအကား အထောက်အထားများအရ ဗုဒ္ဓ၏ ပတ်ဝန်းကျင်၌ ကမ္ဘာဦးကွန်မြူနစ် လူ့အဖွဲ့အစည်းများ၊ သို့မဟုတ် ယုတ်စွအဆုံးပြောရလျှင် ယင်းကဲ့သို့သော လူ့အဖွဲ့အစည်း၏ အားကောင်းသော အကျန်အကြွင်းများ ဝိုင်းရံနေသည်ဟု သိရှိရပေသည်။ ရှေးကျသော ဗုဒ္ဓဘာသာအစဉ်အလာနှင့်ပတ်သက်၍ အထူးခြားဆုံးသောအချက်မှာ လူတန်းစား ကွဲပြားခြားနားမှုရှိသော လူ့အဖွဲ့အစည်း (Class divided Society)သည် ဘုရင့်အာဏာနှင့် အတူတကွ မည်သို့မည်ပုံ ကမ္ဘာဦးကွန်မြူနစ် လူ့အဖွဲ့အစည်းအပျက်တွင် ပေါ်ပေါက်လာသည် ဟူသည်နှင့် ပတ်သက်၍ လည်းကောင်း၊ ထို့ပြင် လယ်ယာစိုက်ပျိုးမှု၏ အကျိုးအာနိသင်အဖြစ် ပေါ်ပေါက်လာသည့် ပုဂ္ဂလိကပစ္စည်း တိုးပွားများပြားလာမှုသည် မည်သို့ မည်ပုံ ယင်း ကြီးစွာသော ပြောင်းလဲမှု၏ အောက်ခြေ၌ ရှိသည်ဟူသည်နှင့် ပတ်သက်၍ လည်းကောင်း ထိုရှေးကျသော ဗုဒ္ဓဘာသာအစဉ်လာ၏ အမှတ်သညာတွင် စွဲကျန်နေပုံရသော အချက်ပင် ဖြစ်လေသည်။ မဟာဝဏ္ဏ အပဒါန၏ ထူးခြားသော အပိုဒ်တစ်ပိုဒ်၌ ယင်းအမှတ်သညာကို ကျွန်ုပ်တို့ တွေ့မြင်ရလေသည်။

ဤနေရာ၌ မဟာဝဏ္ဏအပဒါန၌ ပါရှိသည့် အကြောင်း အတ္ထုပ္ပတ်နှင့် ရောနှောရှိနေသော ထူးခြားထင်ရှားသည့် လူမျိုးစု ကမ္ဘာလောကအစ (Tribal cosmogony) နှင့် ပတ်သက်ပြီး ရှင်းလင်းပြောပြရန် နေရာ မရှိပေ။ ကျွန်ုပ်တို့၏ စောဒက စကားအတွက် အခြေခံအချက်အလက်ပေါ်၌သာလျှင် အာရုံစိုက်ဖို့ လိုပေသည်။ ထိုအကြောင်း အတ္ထုပ္ပတ်နှင့်ပတ်သက်၍ အိပ်ချ်-ပီ-ရှာဆတရီ၏ တင်ပြချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဂရုပြုပြီးလျှင် ကျွန်ုပ်တို့သည် အောက်ပါအတိုင်း အကျဉ်းချုပ်အားဖြင့် ပြောပြနိုင်ပေသည်။

အစကနဦးက လူတို့သည် ပီတိကို စားသုံးလေ့ရှိကြပြီး သုခ ဘုံဗိမာန်များ၌ နေကြကုန်၏။ ပီတိတည်းဟူသော အစာအာဟာရကို စားသောက်၍ လည်းကောင်း၊ သုခတည်းဟူသော ဘုံဗိမာန်များ၌ နေ၍လည်းကောင်း သူတို့သည် အသက်ရှင်လျက် ရှိကြကုန်သည်။ သူတို့လုပ်သမျှအရာများသည် ဓမ္မသာလျှင် ဖြစ်လေသည်။ ထို့နောက် ဝဏ္ဏ (အရောင်) ကွဲပြားခြားနားမှု ပေါ်ပေါက်လာလေသည်။ အချို့မှာ ကောင်းသောအရောင်ရှိပြီး အချို့က ဆိုးသောအရောင် ရှိသည်။ ကောင်းသောအရောင်ရှိသူများက ဆိုးသောအရောင်ရှိသောသူများအား မထီမဲ့မြင်ပြုကြသည်။ မာနတရား ပေါ်ပေါက်လာသည်။ မာနတရား ပေါ်ပေါက်လာသောအခါ ဓမ္မ ကွယ်သွားသည်။

ထို့ပြင် ဓမ္မ ကွယ်ပျောက်သွားသည်ဖြစ်၍ သူတို့ အချိန်ကာလကြာမြင့်စွာ မှီဝဲလာခဲ့သော ပီတိနှင့်ချိုသောအရသာသည် ခန်းခြောက်သွားလေသည်။ သူတို့သည် အစာအာဟာရအသစ်ကို ရှာဖွေကြရသည်။ မှိုနှင့် နွယ်ချိုကို တွေ့ကြသည်။ ထို့နောက် သူတို့သည် သာလိဒါန (သလေး)ဟု ခေါ်သည့် ဆန်စပါးအမျိုးမျိုးကို တွေ့ကြသည်။ ထိုအချိန်က မည်သူမျှ ဆန်စပါးများကို စုဆောင်းသိုမှီးထားရ ကောင်းစေဟု မအောက်မေ့ခဲ့ပေ။

သို့ရာတွင် နောင်ကျသောအခါတွင် စုဆောင်းသိုမှီးထားလိုသည့်အကြံသည် သူတို့၏ စိတ်ထဲတွင် တိုးတက်ပွားများလာသည်။ စုဆောင်းသိုမှီးထားလိုသည့် လောဘသည် တိုးပွားလာလေသည်။ စုဆောင်းသိုမှီးထားလိုသည့် လောဘ တိုးပွားလာသည်နှင့် တစ်ပြိုင်နက် ယောက်ျားနှင့် မိန်းမ ကွဲပြားခြားနားမှုအသိ ပေါ်ပေါက်လာသည်။ အစပထမ၌ ယောက်ျားနှင့် မိန်းမ ပေါင်းသင်းနေထိုင်ရန် အကြံကို သူတို့သည် ရိုင်းစိုင်းသည်ဟု ထင်မှတ်ကြသေးသည်။ သို့ရာတွင် အဆုံးကျသောအခါ ယောက်ျား မိန်းမ ပေါင်းသင်းနေထိုင်ခြင်းဓလေ့ကို အတည်ပြုလက်ခံလိုက်ကြသည်။ ထို့နောက် အိမ်တွင်းမှုကိစ္စသည် မိန်းမနှင့်ဆိုင်သည့်အမှုကိစ္စ ဖြစ်လာပေသည်။

ထို့နောက် စုဆောင်းသိုမှီးထားလိုသည့် လောဘသည် တစ်စထက်

တစ်စ ဘယ်လောက် တိုးပွား များပြားလာသနည်းဆိုလျှင် တိုးပွားများပြား လာသည့် လောဘကြောင့် လယ်ယာစိုက်ပျိုးခြင်းနည်းလမ်း ပေါ်လာရုံသည် လျှင် မကတော့ဘဲ လယ်မြေကို ပူးပေါင်းပိုင်ဆိုင်မှုသည်ပင် မဖြစ်နိုင်သည့် အခြေသို့ ရောက်ရှိလာလေ၏။ လယ်မြေကို ပုဂ္ဂလိက ထွန်ယက်စိုက်ပျိုးမှု အတွက် ခွဲဝေပေးလိုက်ကြရလေသည်။ အသီးသီးအသသ အသက လယ်ယာ စိုက်ပျိုးမှုလုပ်ကိုင်နိုင်ရေးအတွက် စည်းကို ခြားထားကြလေသည်။ မည်သည့် ပုဂ္ဂိုလ်မျှ အခြားပုဂ္ဂိုလ်၏စည်းကို မထိပါ။ မကျူးကျော်ရဟု ဆုံးဖြတ်ချက် ချထားကြလေသည်။ ယင်းအစီအစဉ်သည် အချိန်ကာလ အတော်ကြာကြာ အထိ ဆက်လက် တည်မြဲနေခဲ့သည်။

ထို့နောက်တွင် အခက်အခဲအသစ်များ ထပ်မံပေါ်ပေါက်လာပေ၏။ တစ်စုံတစ်ယောက် ပုဂ္ဂိုလ်က ဤသို့တွေးသည်။

'ဤကား ငါ့လယ်မြေဖြစ်သည်။ ဤကား ငါရိတ်ရမည့်စပါး ဖြစ်သည်။ သို့သော် စပါးထွက်က မကောင်း'

ထို့နောက် သူသည် ဤသို့ အကြံပြုလိုက်လေသည်။

'စပါးထွက်ကောင်းကောင်း၊ မကောင်းကောင်း ကိစ္စ မရှိ။ တခြား ပုဂ္ဂိုလ်များ၏ လယ်ယာထဲမှ စပါးများကို ငါ ရိတ်ယူမည်'

သူသည် တခြားပုဂ္ဂိုလ် တစ်ဦးဦး၏ လယ်ယာထဲမှ စပါးများကို ခိုးယူသည်။

ထိုအခါ တတိယပုဂ္ဂိုလ်တစ်ဦးက သူ့ကို ဖမ်းမိသည်။ တတိယ ပုဂ္ဂိုလ်သည် ထိုသူ့ကို ရိုက်နှက်ပြီး သူခိုးဟု ခေါ်လေသည်။ သူခိုးဖြစ်သူက ဟစ်အော်လေ၏။

'လုပ်ကြပါဦး၊ ကျွန်ုပ်ကို ရိုက်နှက်နေပါသည်။ ဒီလိုလုပ်ခြင်းသည် မတရား၊ ဒီလို လုပ်ခြင်းသည် မတရား...''

ယင်းသို့အားဖြင့် ခိုးဝှက်ခြင်း၊ မမှန်မကန် ပြုလုပ်ခြင်းတို့ ပေါ်ပေါက် လာပေ၏။

ထို့နောက် အားလုံးသောလူများသည် တညီတညွတ်တည်း စုဝေးပြီးလျှင် ဆုံးဖြတ်ကြလေသည်။

"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထဲမှ တစ်ယောက်ယောက်ကို ပုဂ္ဂိုလ်တစ်ဦး၏ လယ်မြေစည်းရိုးကို ကြည့်ရှုစောင့်ရှောက်ရန်အတွက် ရွေးကောက်တင်မြှောက်ကြစို့။ ထိုပုဂ္ဂိုလ်သည် အင်အား ရှိရမည်။ ဉာဏ်ပညာ ရှိရမည်။ အားလုံး၏အကျိုး ဆောင်ရွက်သူ ဖြစ်ရမည်။ ကျွန်ုပ်တို့ အားလုံးက သူ့အား အခသဘောဖြင့် ကျွန်ုပ်တို့ပိုင်ထဲမှ တစ်စိတ်တစ်ဒေသကို ပေးမည်။ ထိုပုဂ္ဂိုလ်က အပြစ်ရှိသူ တရားခံကို အပြစ်ဒဏ်ပေးလိမ့်မည်။ ထိုပုဂ္ဂိုလ်သည် မှန်သောပုဂ္ဂိုလ်ကို ကာကွယ်ပေးလိမ့်မည်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်စီ၏ ပိုင်ဆိုင်ထိုက်သော အစုကို ကြည့်ရှုစောင့်ရှောက်ပေလိမ့်မည်"

သူတို့သည် သူတို့အထဲမှ တစ်ဦးတစ်ယောက်ကို ရွေးကောက်တင်မြှောက်ကြပြီးလျှင် သူတို့ပိုင် စပါးများထဲမှ ခြောက်ပုံတစ်ပုံကို ထိုသူအား ပေးရန် သဘောတူကြလေသည်။ အားလုံး၏ သဘောတူညီချက်အရ ထိုပုဂ္ဂိုလ်သည် ရာဇာ ဖြစ်လာလေသည်။ ဤကား အာဘယ်ကြောင့် ရာဇာအား မဟာသမ္မတဟု ခေါ်ရသည်ဆိုသည့်အကြောင်း ဖြစ်လေသည်။

ယင်းအကြောင်းအတ္ထုပ္ပတ်၌ ပါရှိသည့် နောက်ပိုင်းအကြောင်းအရာများမှာ မှားယွင်းမှုရှိသော်လည်း ယင်းအကြောင်းအတ္ထုပ္ပတ်၏ မူလဘူတ ဖြစ်သည့် အချက်အလက်များ၌မူ မှန်ကန်မှုများ ရှိနိုင်သည်ဟု အိပ်ချ်-ပီ-ရှာဆတရီ ပြောပြသည်မှာ မှန်ပေသည်။ အထက်တွင် ကျွန်ုပ်တို့ တင်ပြထားသော အချက်အလက်များမှာ ယင်းအချက်အလက်များပင် ဖြစ်လေသည်။ ထို့အပြင် ယင်းအကြောင်း အတ္ထုပ္ပတ်သည် ဗုဒ္ဓဘာသာ၏ အပြင်ဘက်ကရှေးဟောင်း အိန္ဒိယစာပေ၌ ထူးထူးခြားခြား ရှိနေပေသည်။ မဟာဘာရတ၌ ပါရှိသော စကားဝါကျအချို့၌လည်း လူတန်းစားမပေါ်မီခေတ်မှ လူတန်းစားကွဲပြားသည့်ခေတ်သို့ ကူးပြောင်းသွားခြင်းကို ရေးပြထားသည်ကို တွေ့ရသည်ဟု ပြောဆိုထားပေသည်။ ထိုစကားမှန်ပေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာ

၏ အဓိပ္ပာယ်ကောက်ယူချက်၌ ကျွန်ုပ်တို့ အထူးသတိပြုမိသည်မှာကား အကြောင်းအတ္တုပ္ပတ်တစ်ခုလုံး၌ ထာဝရဘုရား ပြတ်ပြတ်သားသား ကင်းရှင်းနေခြင်း ဖြစ်လေသည်။ ရုပ်ဝါဒသက်သက်၏ သဘောထားသည် (ကမ္ဘာဦးမူလဘူတ အသွင်ဖြစ်သော်လည်း) အကြောင်း အတ္တုပ္ပတ်တစ်ခုလုံး၌ လွှမ်းနေပေသည်။ ထိုအကြောင်းအတ္တုပ္ပတ်၌ သဘာဝထက်လွန်သော မည်သည့် လောကအပြင်ဘက် (Super natural)က အရာကိုမျှ ဖော်ပြထားခြင်းမရှိပေ။

ထို့ပြင် အိပ်ချ်ပီ-ရာဆတရီ ပြောပြသည့်အတိုင်း ယင်းအကြောင်း အတ္တုပ္ပတ်၌ ဘုရင့်အာဏာ ဖြစ်ပေါ်လာပုံအတွက် မလုံလောက်သော အကြောင်းများကိုလည်း ပစ်ပယ်ထားလေသည်။

ဤကား ဗုဒ္ဓဘာသာ အစဉ်အလာ၏ ထူးခြားချက် ဖြစ်လေသည်။ ဘုရင်အား ထာဝရဘုရားသခင်၏ ကိုယ်ပွား (Incarnation of God) အနေနှင့် မည်သည့်အခါမျှ မကြည့်မူတည်းဟူသော ထူးခြားချက် ဗုဒ္ဓဘာသာ၌ ရှိ၏ဟု အိပ်ချ်-ပီ-ရာဆတရီက ပြောပြလေသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ အေဒီ၁၂ရာစုနှစ်မှ စန္ဒရကိတ္တိသည် ဘုရင်အား ပြည်သူ့အစေခံ (ဂဏဒါသ) ဟု ပြောပြပုံကို အိပ်ချ်-ပီ-ရာဆတရီက ဖော်ပြထားပေသည်။

"သင်သည် ပြည်သူ လူထု၏ ကျေးကျွန်မျှသာ ဖြစ်သည်။ သင်၏ အခသည် သီးနှံထွက်၏ ခြောက်ပုံတစ်ပုံ သတ်မှတ်ထားသည်။ သင်သည် အချည်းနှီးအလဟသ မဖြစ်စေရ..."

အချုပ်ကို ပြန်ပြောရလျှင် ဗုဒ္ဓခေတ် အိန္ဒိယ၌ ကမ္ဘာဦး ကွန်မြူနစ်ဝါဒ၏ အားကောင်းသော အကျန်အကြွင်းများ ကျန်ရှိနေသေးသည့် နေရာဒေသအစိတ်အပိုင်း အတော်အတန် ရှိနေပေသေး၏။ ဗုဒ္ဓကိုယ်တော်တိုင်သည် ရှေးဟောင်းလူစုများ (Ancient gens)၏ လွတ်လပ်မှု၊ မျှတမှု၊ ကိုယ်ချင်းစာနာမှု အစဉ်အလာကို ဆက်ခံလေသည်။ ထို့ပြင် လူမျိုးစု လူအဖွဲ့အစည်း၏ အပျက်အစီးတွင်မှ နိုင်ငံ့အာဏာ ပေါ်ပေါက်လာမှုသည် ဗုဒ္ဓဘာသာ အစဉ်

အလာ၏ အမှတ်သညာ၌ စွဲနေပေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာ အစဉ်အလာသည် ဘုရင်အာဏာအား ကြီးမားသော လေးစားမှုဖြင့် ကြည့်ရှုန် ငြင်းဆန်ခဲ့လေသည်။

ဤကား ရုပ်ပုံလွှာ၏တစ်ဖက်ပိုင်း ဖြစ်လေသည်။ ယခု ကျွန်ုပ်တို့ အခြားတစ်ဖက်ပိုင်းကို ကြည့်ကြဦးစို့ ။ ထိုအခြားတစ်ဖက်ပိုင်းကား ထိုအချိန်က ကျွန်ရှိနေသေးသည့် လူမျိုးစု လူ့အဖွဲ့အစည်းအပေါ် သက်ဦးဆံပိုင် ဘုရင်အာဏာ၏ သဘောထား ဖြစ်လေသည်။

ဝန္ဒီတို့အား ဘုရင်အဇာတသတ်၏ ဆန့်ကျင်တိုက်ခိုက်မှုကို ဗုဒ္ဓအနေဖြင့် အားပေးအားမြှောက်ပြုရန် ငြင်းဆန်ခဲ့သော်လည်း 'ဝန္ဒီတို့အား အင်အားနှင့် ပြည့်စုံစေကာမူ ငါ တိုက်ခိုက်မည်။ ဤဝန္ဒီတို့ကို ငါ အမြစ်ဖြုတ်ပစ်မည်။ ဤဝန္ဒီတို့ကို ငါ ဖျက်ဆီးပစ်မည်။ ဤဝန္ဒီတို့ကို ငါ လုံးဝ ပျက်စီးသွားအောင် လုပ်ပစ်မည်' ဟု အဇာတသတ်ဘုရင်ကိုယ်တိုင် ဆုံးဖြတ်ချက်ချခဲ့ပုံကို ကျွန်ုပ်တို့ တွေ့မြင်ပြီးလေပြီ။

အဇာတသတ်ဘုရင်သည် အဘယ်ကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သနည်း။ အဖြေကို ကောင်ဇူလျှ၏စာ၌ တွေ့မြင်ရလိမ့်မည် ဖြစ်၏။ လူမျိုးစုလူများအား တိုက်ခိုက်နှိမ်နင်းရန်သည် ထို ရှေးကျသည့် ဘုရင်များ၏ ထူးခြားသောဝါဒ ဖြစ်သည်ဟု ကောင်ဇူလျှက ပြောပြလေသည်။

ထိုဝါဒနှင့်ပတ်သက်သော ကောင်ဇူလျှ၏ ပြောဆိုချက်၌ အဓိပ္ပာယ်စွန်း နှစ်စ ထွက်ခြင်း မရှိပေ။ ယင်းပြောဆိုချက်၏ အဓိပ္ပာယ်အနှစ်သာရကို အာရ်-စီ-မဇွန်းဒါးက အောက်ပါအတိုင်း အကျဉ်းရုံး ဖော်ပြထားလေသည်။

သူ၏ (ကောင်ဇူလျှ၏) နိုင်ငံရေးအမြင်သည် ဂေါတမဗုဒ္ဓ ညွှန်ပြခဲ့သော အရေးကြီးသည့်အချက်ကို မငုံမိခြင်း မရှိခဲ့ပေ။ ထိုအချက်ကား - 'အသင်းအပင်းတစ်ခု၏ အင်အား အနှစ်သာရသည် ထိုအသင်းအပင်းဝင် ပုဂ္ဂိုလ်များ၏ ညီညွတ်မှုပေါ်၌ အခြေတည်နေသည်' ဟူသောအချက် ဖြစ်လေသည်။ သူ၏ အားလုံးသော အလုပ်သဘောပါသည့် နိုင်ငံရေးအမြင်နှင့်

ထိရောက်သည့် အကြံဉာဏ်ကို တီထွင်ဖန်တီးတတ်သော အမှန်တကယ်ပင် ထူးခြားသည့် စွမ်းရည်သတ္တိကို ယင်းအသင်းအပင်းများ၏ အတွင်းခ္ဍ သဘောထားကွဲပြားမှု ဖြစ်ပေါ်စေရန်ဟူသော ရည်ရွယ်ချက်အတွက် အသုံးချခဲ့လေသည်။ ယင်းသို့အားဖြင့် သူသည် သူလျှိုများသည် ယင်းအသင်းအပင်းများ အားလုံးထဲသို့ ချင်းနင်း ဝင်ရောက်ပြီးလျှင် ယင်းအသင်းအပင်းအတွင်းခ္ဍ တစ်ဦးနှင့်တစ်ဦး မနာလိုမှု၊ မုန်းတီးမှုနှင့် အခြားခိုက်ရန်ဒေါသ ဖြစ်ခြင်း၏ စိတ်နှလုံး ကွဲပြားမှုမျိုးစေ့ကို စိုက်ပျိုးသင့်လေသည်။ ထိုလုပ်ငန်းတွင် အသုံးချမည့်သူလျှိုနှင့် သူလျှိုတို့ အသုံးပြုမည့် နည်းလမ်းများမှာ အမျိုးမျိုးအပြားပြား ရှိလေသည်။ စန္ဒဂုတ္တာဘုရင်၏ ဗြာဟ္မဏအမတ်ကြီး (ကောင္ရိလျ) သည် မိမိ ရည်ရွယ်ချက် အောင်မြင်စေရန် အရက်နှင့် မိန်းမကို လွတ်လပ်စွာ အသုံးပြုရန် ထောက်ခံထားလေသည်။

ယင်းသို့လျှင် ခိုက်ရန်ဒေါသ ပဋ္ဌိပက္ခ တစ်ခုခု ဖြစ်သည့်အခါမျိုးခ္ဍ သူလျှိုများသည် အရည်သည်ယောင် ဆောင်ပြီးလျှင် သားယောကျ်ားလေးမွေးဖွားသည်ကို အကြောင်းပြု၍ လည်းကောင်း၊ လက်ထပ်မင်္ဂလာပွဲကို အကြောင်းပြု၍ လည်းကောင်း 'မဒန' ပင် အရည်ဖြင့် ရောစပ်ထားသည့် သေရည်စည်များကို ခွက်တော့သောက်ဖို့ရန် ဖြန့်ဖြူးသင့်လေသည်။

နှစ်သက်ဖွယ်အရွယ်နှင့် အလှပိုင်ရှင် မိန်းမများအား အသင်းအပင်းမှ အကြီးအမှူးများ၏ စိတ်နှလုံးထဲတွင် အချစ်စိတ် ပေါ်ပေါက်လာစေရန် မြှူဆွယ်စေသင့်သည်။ ထို့နောက် အခြားပုဂ္ဂိုလ်တစ်ယောက်က ထိုမိန်းမအား ခိုးယူသွားဟန်ဆောင်ပြီး ထိုမိန်းမကို ချစ်နေသူချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်ကြသောအခါ သူလျှိုလုပ်သူက ၄င်းတို့အနက်က တစ်ဦးကို သတ်ပြီး 'ထိုပုဂ္ဂိုလ်သည် အချစ်ရေးကြောင့် အသတ်ခံရပြီ' ဟု ကြေညာသင့်လေသည်။ မိန်းမ၏ အလှဖြင့် ဖြားယောင်းပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပျက်စီးမှုကို ပြုလုပ်ရန် အကြံဉာဏ်ပေးထားသည့် အခြားနည်းလမ်းတစ်ခုကို ကျွန်ုပ် ချန်လှပ်ထားခဲ့သည်။

ကောင်ရီလျှ မည်သူမည်ဝါဆိုသည်ကို အမှန်စင်စစ်အားဖြင့် ကျွန်ပ်တို့ မသိပေ။ ကောင်ရီလျှသည် မောရိယနိုင်ငံတော်၏ နောက်ကွယ်ရှိ အကြံပေး ဉာဏ်ပေး ပုဂ္ဂိုလ်ဖြစ်သည်ဟု အစဉ်အလာ ယူဆလာခဲ့သည့်အချက်ကို အခြေခံလျှင် ကျွန်ပ်တို့သည် ကောင်ရီလျှအား အကြမ်းဖျင်းအားဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ၂ ရာစုနှစ်လောက်တွင် ရှိခဲ့သည်ဟု ခန့်မှန်းနိုင်ပေသည်။ သို့ရာတွင် မဟာဘာရတ၌ ပါရှိသည့် အချို့သော အချက်အလက်ကို ထောက်လျှင် ကောင်ရီလျှ ချမှတ်ခဲ့သည့် ပေါ်လစီသည် အမှန်တကယ်အားဖြင့် ရှေးအထက်က ထင်ရှားရှိလာခဲ့သည့် လူမျိုးစု လူ့အဖွဲ့အစည်းများနှင့် ပတ်သက်ပြီး ရှေးကျသည့်ဘုရင်များ စိတ်ပါလက်ပါ လိုက်နာပြုလုပ်ခဲ့ကြသည့် ပေါ်လစီ ဖြစ်နေသည်ကို သိရှိရပေ၏။ ကောင်ရီလျှပေါ်လစီ၏ ဗြောင်ကျမှုကို အံ့သြနေစရာ မလိုပေ။ အကြောင်းမူကား လူတန်းစား ကွဲပြားသည့် လူ့အဖွဲ့အစည်း၏ ရှေးကျသည့် ခေတ်အခါများ၌ အုပ်ချုပ်သူ လူတန်းစားအတွက် မိမိတို့၏ အုပ်ချုပ်နိုပ်ကွပ်မှုအား အချိုဖုံးအုပ်ထားဖို့ မလိုသေးသောကြောင့် ဖြစ်လေသည်။

ယင်းအကြောင်းများကား ဗုဒ္ဓကိုယ်တော်တိုင် မိမိ၏ အဖွဲ့အစည်းကို ပုံလောင်းရန် ပုံစံယူရာဖြစ်သည့် လူမျိုးစု လူ့အဖွဲ့အစည်း၏ ပူးပေါင်းနေထိုင်မှုအား ခြိမ်းခြောက်ခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် ကျွန်ပ်တို့၏ ပညာတတ်လောက၌ ဆိုဗီယက်ယူနီယံနှင့် ပြည်သူ့ဒီမိုကရေစီနိုင်ငံများ၏ အပြင်ဘက်ရှိ ပညာတတ်လောကများ၌ ကဲ့သို့ ကွန်မြူနစ်ဝါဒအတွက် သွေးလန်းနေသူများ ရှိကြသည်။ ထိုအကြောင်းကြောင့် ဘယ်လိုအကျိုးတရား ဖြစ်ပေါ်လာသနည်းဆိုလျှင် ၄င်းတို့အနေဖြင့် ကမ္ဘာ့ဦးကွန်မြူနစ်ဝါဒ အယူအဆကိုပင်လျှင် ဥပေက္ခာပြုထားကြလေသည်။ ယင်းအချက်သည် ရှေးဟောင်းအိန္ဒိယရာဇဝင် ယဉ်ကျေးမှုနှင့် ပတ်သက်သော ကျွန်ပ်တို့၏ အသိဉာဏ်နယ်ပယ်၌ ရှုပ်ထွေးမှုကို များစွာ ဖြစ်ပေါ်စေခဲ့လေသည်။ ကမ္ဘာ့ဦး ကွန်မြူနစ်ဝါဒနှင့် ထင်ထင်ရှားရှား ပတ်သက်ဆက်

နွယ်သည့် အရာဝတ္ထုများသည် အမြောက်အမြားပင် ရှိလေသည်။ ကျွန်ုပ်တို့၏ ရာဇဝင်ဆရာများသည် အထူးခြားဆုံးဖြစ်သည့် ယင်းအချက်အလက်များကို ဖော်ပြခဲ့ကြရလေသည်။

အာရ်-စီ- မဇွန်းဒါး၏ 'ရှေးဟောင်းအိန္ဒိယဥ်ရှိသော အသင်းအပင်းများ၏ ဘဝ' (Corporate Life in Ancient India) ဟူသော စာအုပ်သည် ယင်းကဲ့သို့သော အချက်အလက်များ၏ စံထားလောက်သည့် အရေးအသားဖြစ်လေသည်။

သူသည် ရှေးဟောင်းအိန္ဒိယရှိ အသင်းအပင်းများ၏ လူပ်ရှားမှု အမျိုးမျိုး (စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ လူပ်ရှားမှု) ကို ဖော်ပြထားပေသည်။ သို့ရာတွင် သူသည် ယင်း 'အသင်းအပင်းများ၏ ဘဝ' ဟူသည်မှာ အခြေခံအားဖြင့် ဘယ်ဟာကိုဆိုလိုသည်ဟူသော အချက်နှင့် ပတ်သက်၍ သိလိုသည့် ဆန္ဒကိုမူ ကျွန်ုပ်တို့၏ စိတ်ထဲတွင် ပေါ်စေခဲ့လေသည်။ အကယ်၍ ယင်း 'အသင်းအပင်းများ၏ ဘဝ' သည် လူမျိုးစု လူ့အဖွဲ့အစည်း သို့မဟုတ် လူမျိုးစု လူ့အဖွဲ့အစည်း အကျန်အကြွင်းများ၏ စုပေါင်း၍ နေထိုင်မှု သို့ မဟုတ် စုပေါင်း၍ လူပ်ရှားမှုကို မဆိုလိုလျှင် ရာဇဝင်သမိုင်းဆိုင်ရာ ကြီးပွား တိုးတက်မှု ဥပဒေ နိယာမနှင့် ပတ်သက်သည့် ထူးခြားသော အရာတစ်ခုခု ဖြစ်ရပေလိမ့်မည်။

အာရ်-စီ-မဇွန်းဒါး (R.C Majumdar) ရေးသားဖော်ပြထားသော ရှေးဟောင်းအိန္ဒိယရှိ အသင်းအပင်းများ၏ အခြေအနေနှင့် ပတ်သက်သည့် အမျိုးမျိုးသော အချက်အလက်များအနက် ကျွန်ုပ်တို့အား စိတ်ဝင်စားဆုံး ဖြစ်စေသည့်အရာမှာ ဘာသာရေးနယ်ပယ်၌ ပူးပေါင်းလူပ်ရှားမှုဟု သူ အမည်ပေးခဲ့သောအချက် ဖြစ်လေ၏။ ယင်းအခန်းကဏ္ဍခေါင်းစဉ်ဖြင့် အခြားထင်ပေါ်ကျော်ကြားသည့် ပညာရှင်တစ်ယောက်သည် များစွာသော အချက်အလက်များကို စုဆောင်းထားလေသည်။ ယင်းအချက်အလက်များသည် (အကယ်၍ ယင်းအချက်ကလေးများကို တိကျမှန်ကန်စွာ နားလည်လျှင်)

ဗုဒ္ဓ မည်သို့ မည်ပုံ မိမိ၏ အဖွဲ့အစည်းကို တည်ဆောက်ရန်အတွက် လူမျိုးစု၊ လူ့အဖွဲ့အစည်း၏ အခြေခံမူများကို စိတ်ပါဝင်စားစွာဖြင့် နမူနာအဖြစ် ယူသည်ဆိုသည်ကို ဖော်ပြနေပေသည်။ 'တိကျမှန်ကန်စွာ နားလည်လျှင်' ဟူသော စကားဖြင့် 'လူမျိုးစု လူ့အဖွဲ့အစည်းနှင့် ပတ်သက်ပြီး ယေဘုယျ အားဖြင့် သိရှိထားပြီးဖြစ်သည့် အချက်အလက်များ၏ အကူအညီအားဖြင့် အဓိပ္ပာယ်ပြန်လျှင်' ဟု ဆိုလိုသည်။

ဤနေရာ၌ ကျွန်ုပ်တို့ဆိုလိုသည့် အချက်အလက်များ၏ ဥပမာပုံစံ တစ်ခု ရှိလေသည်။ လူမျိုးစု လူ့အဖွဲ့အစည်း၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အပြည့်အဝ လူမျိုးစုအဆင့်ဝင်ဖြစ်ရေး (Full tribal status)မှာ ထုံးတမ်းအရ ဖြစ်သော အခမ်းအနား(Ritual) တစ်ခုပေါ်၌ အခြေတည်နေလေသည်။ ယင်း အခမ်းအနား၏ အနှစ်သာရမှာ သေဟန်နှင့် တစ်ဖန်မွေးဖွားလာဟန် ပြုလုပ် ရခြင်း ဖြစ်လေသည်။ လူငယ်သည် လူငယ်အဖြစ်ဖြင့် သေရသည်။ ထို့နောက် လူမျိုးစု လူ့အဖွဲ့အစည်း၏ အတောင်အလက် စုံလင်စွာသော လူလတ်အဖွဲ့ဝင် အဖြစ်ဖြင့် ပြန်လည် မွေးဖွားလာရသည်။ ဤကား လူမျိုးစု လူ့အဖွဲ့အစည်း၏ 'အသင်းဝင် အခမ်းအနား' (Initiation)ဖြစ်လေသည်။ ယင်းအခမ်းအနားမှ သတ်မှတ်ဆုံးဖြတ်သည် ဟူ၍မူ မမှတ်သင့်ပေ။

အကြောင်းမူကား လူမျိုးစု လူ့အဖွဲ့အစည်းသည် သွေးချင်းသားချင်း အဖွဲ့အစည်းဖြစ်ရကား ၄င်း၏အဖွဲ့ဝင်၊ အသင်းဝင်အဖြစ်ကို မျိုးဆက်မျိုးနွယ် (Decent)အားဖြင့်သာလျှင် သတ်မှတ်ဆုံးဖြတ်သောကြောင့် ဖြစ်လေသည်။ ရှေးကျသည့် ဘာသာတရားများ၌ ယင်း 'အသင်းဝင်အခမ်းအနား' အကျန် များကို ကျွန်ုပ်တို့ တွေ့ရှိရလေသည်။

အကြောင်းကို ပြောပြရလျှင် ဂျော(ဂ်)သွန်မဆင် ပြောသကဲ့သို့ 'စီးပွားရေး တိုးတက်မှုကြောင့် ခေတ်မစားတော့ပြီဖြစ်သော လူမှုရေး ထုံးစံများမှာ ဘာသာတရား၌ ခိုလှုံကြသည်ကို တွေ့ရလေသည်' ဥပမာ အားဖြင့် ပြောရလျှင် အာတေရယဟြာဟွဏသည် ယင်း သေခြင်းနှင့် တစ်ဖန်

ပြန်မွေးဖွားခြင်း ပြဇာတ်ဟန်ကို အသေးစိတ်ပြီး ဖော်ပြထားပေသည်။

သံဃအဖွဲ့အစည်းဝင်ဖြစ်ခြင်း (သံဃဘောင်ဝင်ရောက်ခြင်း) သည်လည်း ပဗ္ဗဇ္ဇနှင့် ဥပသမ္မဒ (ရှင်ပြုခြင်းနှင့် ရဟန်းပြုခြင်း) အခမ်းအနားများ လိုအပ်လေသည်။ သို့ရာတွင် ယင်းအခမ်းအနားများ၌ ရဟန်းလောင်း၊ သို့မဟုတ် ရှင်လောင်းအား ကတုံးတုံးခြင်း၊ အဝတ်သစ်ဖြင့် လဲပေးခြင်းများမှ တစ်ပါး သေခြင်းနှင့် တစ်ဖန်ပြန်မွေးဖွားခြင်း ပြဇာတ်ဟန်များ မရှိပေ။ ခေတ်ပညာရှင်များသည် ယင်းအခမ်းအနားများကို 'အသင်းဝင်အခမ်းအနား' ဟု တည်ကြည်တည်ကြည်း လွယ်လင့်တကူပင် မှတ်ယူကြလေသည်။ အာရ်-စီ-မဇွန်းဒါးကလည်း ယင်းဗုဒ္ဓဘာသာ 'အသင်းဝင်အခမ်းအနား' ၏ပူးပေါင်းစည်းရုံးမှုအသွင် လက္ခဏာကို ဖော်ပြထားပေသည်။

သို့ရာတွင် ယင်း ဗုဒ္ဓဘာသာအခမ်းအနား၏ အသွင်လက္ခဏာမှာ 'အသင်းဝင်အခမ်းအနား' လုံးလုံး မဟုတ်သည်ကို ဖော်ပြနေလေသည်။ ပဗ္ဗဇ္ဇနှင့် ဥပသမ္မဒများ၏ အနှစ်သာရမှာ သံဃအဖွဲ့အစည်းဝင်အားလုံး၏ ဒီမိုကရေစီဆန်လွန်းသော (Ultra democratic) သတ်မှတ် အတည်ပြုချက်ပင် ဖြစ်လေသည်။ ယင်း အချက်သည် 'အသင်းဝင်အခမ်းအနား'၌ (လူမျိုးစုလူ့အဖွဲ့အစည်း၌ တွေ့ရသကဲ့သို့ အသက်ရှင်နေသည့် အသွင်၌သော်လည်းကောင်း၊ ရေးကျသည့် ဘာသာတရားများ၌ တွေ့ရသကဲ့သို့ အသက်သေနေသည့် အသွင်၌သော် လည်းကောင်း) မရှိပေ။

ဗုဒ္ဓဘာသာ သံဃအဖွဲ့အစည်း၏ အဖွဲ့ဝင်သံဃာဖြစ်ရေး (ရဟန်းဖြစ်ရေး)သည် မျိုးဇာတ်အနွယ်ဖြင့် ပိုင်းခြားသတ်မှတ်ထားခြင်း မရှိပေ။ မည်သည့် ပုဂ္ဂိုလ်မျှ ရဟန်းသံဃာဖြစ်နိုင်ဖို့ရန် မွေးကတည်းက ပါလာသည့် အမွေခံအခွင့်အရေး (Birth right) မရှိပေ။ ရဟန်းဘောင် ဝင်ရောက်ရေးသည် အရွယ်ရောက်ခြင်း အကြောင်းတစ်ခုတည်းဖြင့် မပြီးနိုင်ပေ။ တခြားသော စကားလုံးဖြင့် ပြောရလျှင် ရဟန်းဘောင်ဝင်ရောက်ရေးနှင့် ပတ်သက်သည့် လုပ်နည်းလုပ်ဟန်သည် 'အသင်းဝင်အခမ်းအနား' ၏ ပုံစံနမူနာများ မဟုတ်

နိုင်ပေ။ ယင်းသို့ဖြစ်လျှင် 'အသင်းဝင်အခမ်းအနား' ၏ ပုံစံနမူနာများကား မည်ကဲ့သို့သော အရာများ ဖြစ်ကြသနည်း။ ယင်းမေးခွန်း၏အဖြေကို နောက်ထပ်မေးခွန်းတစ်ခုကို ထုတ်ခြင်းအားဖြင့်သာလျှင် ဖြေဆိုနိုင်ပေလိမ့်မည်။

ထိုမေးခွန်းကား လူမျိုးစု လူ့အဖွဲ့အစည်း၌ အကယ်၍ အသင်းဝင်မည့် ပုဂ္ဂိုလ်သည် သဘာဝအရ သွေးစပ်သူ မဟုတ်ဘဲ အသင်းဝင်နိုင်ရန် မွေးကတည်းက ပါလာသည့် အခွင့်အရေးရှိသူ မဟုတ်လျှင် အသင်းဝင်ရေးကို မည်ကဲ့သို့ သတ်မှတ်ဆုံးဖြတ်မည်နည်း ဟူသော မေးခွန်း ဖြစ်လေသည်။

အသင်းဝင်အဖြစ် လက်ခံခြင်းအားဖြင့် သတ်မှတ်ဆုံးဖြတ်လေသည်။ လူမျိုးစု လူ့အဖွဲ့အစည်း၌ ထူးခြားသည့် ဒီမိုကရေစီကျသော အတည်ပြုချက်သည် သဘာဝအရဖြစ်သော စည်းကမ်းချက် ဖြစ်လေသည်။ မော်ဂန်က 'အိုင်ရိုကွိစ်တို့၏ အတွင်း၌ အသင်းဝင်အဖြစ် လက်ခံသည့် အခမ်းအနားကို လူမျိုးစု၏ ပြည်သူ့ကောင်စီ တစ်ခု၌ ကျင်းပပြုလုပ်လေသည်။ ယင်းအပြုအမူသည် လက်တွေ့သဘောအားဖြင့် ဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်' ဟု ရေးသားထားလေသည်။

မော်ဂန်သည် ထိုအခမ်းအနားနှင့် ပတ်သက်ပြီး အချက်ကျကျ သိရှိနားလည်ထားသည်။ အောက်ပါတို့မှာ သူ ပြောပြထားသည့် လုပ်နည်းလုပ်ဟန်တို့ ဖြစ်ကြလေ၏။

ကောင်စီခန်းမဆောင်၌ လူအများ စုဝေးကြပြီးသောအခါ အမှူးအချုပ်လုပ်သူများထဲက တစ်ယောက်က မိန့်ခွန်းပြောကြားသည်။ သူ၏ မိန့်ခွန်း၌ အသင်းဝင်မည့် ပုဂ္ဂိုလ်၏ အကြောင်းအချို့၊ ထိုပုဂ္ဂိုလ်အား အသင်းဝင်အဖြစ် လက်ခံရခြင်း၏ အကြောင်းရင်း၊ အသင်းဝင်မည့် ပုဂ္ဂိုလ်၏အမည်နှင့် လူစုအကြောင်း၊ လူသစ်ဖြစ်လာသည့် ပုဂ္ဂိုလ်အား မှည့်ခေါ်မည့် အမည်နာမတို့ကို ထည့်သွင်းပြောကြားလေသည်။ ထို့နောက် အမှူးအချုပ်လုပ်သူ နှစ်ယောက်က ထိုပုဂ္ဂိုလ်အား လက်ဖြင့်ဆွဲပြီးလျှင် အသင်းဝင်အဖြစ် လက်ခံသည့်သီချင်းကို ရွတ်ဆိုလျက် ကောင်စီခန်းမတစ်လျှောက် လျှောက်သွားပြီး

ပြန်လာသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းကို ကဗျာလင်္ကာတစ်ပုဒ်ဆုံးသည့် အခါတိုင်း လူအပေါင်းတို့က ဂီတသံပါသည့်အဆိုအရွတ်ဖြင့် တုံ့ပြန်ကြလေသည်။ ယင်းကဲ့သို့ လျှောက်သွားခြင်းသည် ကဗျာလင်္ကာများ ပြီးဆုံးသွားသည်အထိ ဆက်၍ လုပ်နေရသည်။ သုံးကြိမ်လောက် လျှောက်ရပေသည်။ ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလေသည်။

မော်ဂန်သည် ယင်းကဗျာလင်္ကာများ၏ အသေးစိတ်ကိုမူ ပြောမပြပေ။ ယင်းကဗျာလင်္ကာများသည် တည်ငြိမ်ညွှတ်တည်း သဘောတူညီသည့် အချက်ကို ထုတ်ဖော်ပြသည့် ကဗျာလင်္ကာများသာလျှင် ဖြစ်ဖို့ရှိလေသည်။

တစ်ဖန် ဗုဒ္ဓဘာသာ အခမ်းအနားအကြောင်းကို လေ့လာပြီး အိုင်ရိုကွိစ်တို့၏ အခမ်းအနားသည် ဗုဒ္ဓဘာသာ အခမ်းအနားအား အလင်းရောင်ထိုးပြ၊ မပြ ကြည့်ကြဦးစို့။ ဥပမာထုတ်ပြီး ပြောရလျှင် ဝိနယပိဋကတ မဟာဝဂ္ဂ၌ ပါရှိသည့်အတိုင်း သိရှိရသည်မှာ ရဟန်းများ၏ စည်းဝေးသဘင်၌ ရဟန်းလောင်းအား ရဟန်းပြုရန်အတွက် ချို့ယွင်းချက် အပြစ်အနာအဆာရှိ၊ မရှိကို တရားဝင်မေးခွန်းများဖြင့်မေးပြီး သေချာအောင် လုပ်ရလေသည်။ ထို့နောက် ရဟန်းလောင်းဆုံးမသူက ရဟန်းသံဃာများ၏ စည်းဝေးသဘင်မှ တရားဝင်ခွင့်ပြုချက်ကို ရယူရလေသည်။ ရဟန်းလောင်းအား သံဃာ၏ ရှေ့မှောက် ခေါ်လာနိုင်ရန်အတွက် ရဟန်းသံဃာများ၏ စည်းဝေးသဘင်သည် ကိုယ်ရုံပြည့် အနည်းဆုံး ဆယ်ဦး ရှိရသည်။ ပဏာမမေးခွန်းများကို မေးမြန်းပြီးနောက် သံဃာအား ဤကဲ့သို့ လျှောက်ထားလေ၏။

"အရှင်ဘုရားတို့၊ သံဃာသည် တပည့်တော်၏စကားကို နားထောင်တော်မူပါလော့။ ဤမည်သော ပုဂ္ဂိုလ်သည် ဤမည်သောပုဂ္ဂိုလ်အား ဥပဇ္ဈာယ်အဖြစ်ထား၍ ဥပသမ္မဒ အဖြစ်ကို ခံယူလိုသည့်ဆန္ဒ ရှိပါသည်။ သံဃာထဲမှ တစ်ဦးတစ်ယောက်သည် ဤမည်သောပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်အဖြစ် ထား၍ ဤမည်သောပုဂ္ဂိုလ်၏ ဥပသမ္မဒအဖြစ် ခံယူခြင်းကို ကျေနပ်ပါလျှင် ဆိတ်ဆိတ်နေတော်မူပါလော့။ သဘောမကျသူရှိလျှင်မူ ပြောပြပါလော့"

"ဒုတိယအကြိမ် အရှင်ဘုရားများကို တပည့်တော် ပြောဆိုပါသည်။ သံဃာသည် တပည့်တော်၏စကားကို နာကြားတော်မူပါလော့" (စသည်ဖြင့် ယခင်နည်းအတိုင်း)

"တတိယအကြိမ် အရှင်ဘုရားများကို တပည့်တော် ပြောဆိုပါသည်။ သံဃာတော်သည် တပည့်တော်၏စကားကို နာကြားတော်မူပါလော့" (စသည်ဖြင့် ယခင်နည်းအတိုင်း)

"ဤမည်သော ပုဂ္ဂိုလ်သည် ဤမည်သော ပုဂ္ဂိုလ်အား ဥပဇ္ဈာယ်အဖြစ်ထား၍ သံဃာမှ ဥပသမ္ပဒအဖြစ်ကို ခံယူလေ၏။ သံဃာသည် ယင်းအပြုအမူကို ကျေနပ်သည်။ သို့ဖြစ်၍ ဆိတ်ဆိတ်နေ၏။ ထိုသို့ တပည့်တော် မှတ်ယူပါသည်"

ယင်း ဥပသမ္ပဒအဖြစ် ခံယူပုံ ခံယူနည်းကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓ ခံယူရရှိသော စေ့ဆော်မှု၏ တကယ့်မူလ အရင်းခံသည် မည်သည့်အရာ ဆိုသည့်အချက်နှင့် ဗုဒ္ဓသည် မည်သည့်စည်းရုံးရေးပုံစံကို နမူနာပြုသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ တွေ့မြင်သိရှိနိုင်သည်။ ကျွန်ုပ်တို့အား အာရ-စီ- မဇ္ဈန်းဒါး အာရုံစူးစိုက်စေခဲ့သော သံဃာ၏ အခြားသော အသွင်လက္ခဏာများမှာလည်း အလားတူ ယူဆရမည့်အချက်ကို ညွှန်ပြနေပေသည်။ ထိုအသွင်လက္ခဏာများအနက်မှ အချို့ကို ကျွန်ုပ်တို့ ကိုးကားပြပါမည်။

အောက်ပါတို့မှာ ဒေသဆိုင်ရာ သံဃာများ၏ လုပ်ငန်းဆောင်တာများအကြောင်းကို မဇ္ဈန်းဒါး ရေးသားဖော်ပြထားပုံ ဖြစ်လေသည်။

ဒေသဆိုင်ရာသံဃာများကို တင်းကျပ်သော ဒီမိုကရေစီမူများဖြင့် အုပ်ချုပ်ကွပ်ကဲသည်။ ရဟန်းများ၏ အထွေထွေ စည်းဝေးသဘင်၌ အမြင့်ဆုံး အာဏာရှိသည်။ ယင်းအစည်းအဝေးသဘင်များ၏ လုပ်နည်းလုပ်ဟန်များကို စည်းစနစ်ကျစွာ သတ်မှတ်ထားသည်။

ပထမနေရာ၌ အုပ်စုတစ်ခုအတွင်းရှိ ရဟန်းအားလုံးသည် စည်းဝေးသဘင်၏ အဖွဲ့ဝင်များ ဖြစ်ကြသည်။ ၄င်းတို့အနက် ရဟန်းတိုင်း ရဟန်းတိုင်းသည် မဲဆန္ဒပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် အဖွဲ့ဝင်အားလုံး

မတက်ရောက်လျှင် လည်းကောင်း၊ မတက်ရောက်နိုင်သူရှိက ၄င်းပုဂ္ဂိုလ်၏ သဘောတူမှုကို ထုတ်ပြန်ကြေညာခြင်း မပြုလျှင် လည်းကောင်း ထိုအစည်းအဝေးမျိုးသည် တရားမဝင်ပေ။ အစည်းအဝေး တရားဝင်ဖြစ်ရန်အတွက် သတ်မှတ်ထားသည့် အဖွဲ့ဝင်ဦးရေ အနည်းဆုံး တက်ရောက်ရမည်။

တရားဝင်စည်းဝေးသည့် အစည်းအဝေး၌ အဆိုတင်သွင်းမည့်သူသည် ပထမဦးစွာ စုဝေးရောက်ရှိနေကြသည့် ရဟန်းသံဃာများအား သူတင်သွင်းရန် ကြံရွယ်သည့်အဆိုကို ကြေညာရပေသည်။ ထို့နောက် စုဝေးရောက်ရှိနေကြသည့် ရဟန်းများအား ယင်းအဆိုကို ၄င်းတို့အနေနှင့် သဘောတူ၊ မတူ မေးမြန်းလေသည်။ ယင်းကဲ့သို့ မေးမြန်းခြင်းကို တစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ် မေးမြန်းလေသည်။ ယင်းအဆိုကို သံဃာ၏ မျက်မှောက်တွင် တရားဝင်တစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ်တင်ပြပြီးသည့်နောက်တွင် အကယ်၍ စုဝေးရောက်ရှိနေကြသည့် အဖွဲ့ဝင်များ ဆိတ်ဆိတ်နေကြလျှင် အဆိုသည် အလိုလို အတည်ဖြစ်သွားလေသည်။ အကယ်၍ တစ်ဦးတစ်ယောက်က ကန့်ကွက်ပြီး သဘောထားကွဲပြားမှု ရှိလျှင်ကား မဲဆန္ဒများရာအတိုင်း ဆုံးဖြတ်ရပေသည်။ ထိုကိစ္စမျိုး၌ မဲဆန္ဒယူရလေသည်။ မဲဆန္ဒယူရန်ကိစ္စအတွက် မဲဆန္ဒယူသူ ပုဂ္ဂိုလ်တစ်ဦးအား သံဃာက ခန့်ထားရလေသည်။

ထို့ပြင် သံဃာ၏ အတွင်း၌ရှိသော ပုဂ္ဂလိကပစ္စည်းအပေါ်၌ ထားသော ဗုဒ္ဓဘာသာ၏ သဘောထားနှင့်ပတ်သက်၍လည်း အာရ်-စီ-မဇွန်းဒါးရေးထားသည့် အောက်ပါအချက်အလက်များကို ကိုးကားပြရပေလိမ့်မည်။

ပုဂ္ဂိုလ် (တစ်ဦးချင်း) နှင့် သံဃာ (အဖွဲ့)၏ ဆက်သွယ်ရေးကို ဗုဒ္ဓဘာသာ ပိဋကကျမ်းဂန်၌ ဖော်ပြထားသည်။ ရှိသမျှ ပစ္စည်းဝတ္ထုများကို သံဃာကသာ ပိုင်သည်။ ရဟန်းတစ်ဦးတစ်ယောက်က ပိုင်ဆိုင်မှု မရှိပေ။ ရဟန်းတစ်ဦးတစ်ယောက်သည် သူ့အတွက် အထူးအားဖြင့် သတ်မှတ်ပေးထားသော ပစ္စည်းကိုသာလျှင် ပိုင်ဆိုင်မှု ရှိလေသည်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား ပုဂ္ဂလိကသုံးအတွက် ခွင့်ပြုထားသော ပစ္စည်းများကိုပင် သံဃာ ပိုင်ဟု မှတ်ယူထားရသည်။ ထိုစည်းမျဉ်းဥပဒေအရ ရဟန်းတစ်ပါးပါး ကွယ်

လွန်သွားသောအခါ၌ ထိုရဟန်းပိုင် ပစ္စည်းသည် သံဃာပိုင်ပစ္စည်း ဖြစ်လာ ရပေသည်။

အာရ်-စီ-မဇွန်းဒါးသည် ဤနေရာ၌ ယင်းစနစ်အား 'ပစ္စည်းနှင့် ပတ်သက်သော ကွန်မြူနစ်သဘော တရား' (Communistic theory of property) ဖြစ်သည်ဟု စိတ်ဝင်စားဖွယ် ရေးသားဖော်ပြထားပေသည်။ သို့ရာတွင် ယင်းသဘောတရားအကြံ့သည် ဗုဒ္ဓ၏ ဦးနှောက်တွင်းသို့ မည်သည့် နေရာက ရောက်လာသနည်းဟူသော မေးခွန်းကိုမူ ကျမ်းပြုပုဂ္ဂိုလ်သည် မိမိ ကိုယ်ကိုယ် မိမိ မမေးခဲ့ပေ။

ဗုဒ္ဓဘာသာ သဘောတရားရေးရာ (Buddhist ideology) များနှင့် ပတ်သက်သည့် ပြဿနာများကို မထိတွေ့ဘဲနှင့် ကျွန်ပ်တို့သည် ရေးကျသည့် ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးမှုများကို အပြီးသတ်မပစ်နိုင်ပေ။

ဗုဒ္ဓဘာသာ၌ မူလကတည်းက ထာဝရဘုရားသခင်အတွက် နေရာ မရှိပေ။ ထာဝရဘုရားသခင် တည်ရှိမှုနှင့် ပတ်သက်သည့် အစဉ်အလာ အထောက်အထားများကို ဗုဒ္ဓကိုယ်တော်တိုင် အစဉ်အလာ ဆန့်ကျင်ခဲ့သည်ဟု အဆိုရှိလေသည်။ အနာထပိဏ်သူဌေးအား တရားစကား ဟောပြောရာ၌ ဗုဒ္ဓ သည် အောက်ပါအတိုင်း ဟောပြသည်ဟု သိရလေသည်။

အကယ်၍ ကမ္ဘာလောကကို ဣဿရ (ထာဝရဘုရား) က ဖန်ဆင်းသည်ဟုဆိုလျှင် ပြောင်းလဲခြင်းလည်း မရှိသင့်ပေ။ ပျက်စီးခြင်း လည်း မရှိသင့်ပေ။ သောက၊ သို့မဟုတ် ဒုက္ခ၊ အမှန်၊ သို့မဟုတ် အမှား ကဲ့သို့သော အရာလည်း မရှိသင့်ပေ။ အကယ်၍ အားလုံးသော သက်ရှိသတ္တဝါ တို့၌ ဖြစ်ပေါ်သော ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းတို့သည် ဣဿရ၏အလုပ် ဖြစ်ခဲ့လျှင် သူကိုယ်တိုင်သည် ဝမ်းနည်းခြင်း၊ ဝမ်းသာ ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းများ ရှိသူ ဖြစ်ရလိမ့်မည်။ အကယ်၍ ထိုအရာများ ရှိလျှင် သူ့ကို ပြည့်စုံသူတစ်ဦးဟူ၍ ဘယ်လိုလုပ် ပြောလို့ရမည်နည်း။

အကယ်၍ ဣဿရသည် ဖန်ဆင်းသူဖြစ်လျှင်၊ အကယ်၍ အားလုံး သော သတ္တဝါတို့သည် မိမိတို့အား ဖန်ဆင်းသူ အာဏာအတိုင်း ဖြစ်ရမည်

ဆိုလျှင် ကုသိုလ်ကောင်းမှုကို ပွားများနေစရာ ဘာလိုသနည်း။ အားလုံးသော အပြုအမူများသည် ဣသရ၏အလုပ်ဖြစ်လျှင် အမှန်ကို ပြုခြင်းသည် လည်းကောင်း၊ အမှားကို ပြုခြင်းသည် လည်းကောင်း အတူတူပင် ဖြစ်နေပေလိမ့်မည်။

အကယ်၍ သောက၊ ဒုက္ခတို့သည် အခြားသော အကြောင်းတစ်ခုကြောင့် ဖြစ်သည်ဆိုလျှင် မိမိ၏အကြောင်း ဣသရ မဟုတ်သည့် အရာဝတ္ထုတစ်ခုခု ရှိရပေလိမ့်မည်။ အကယ်၍ ဣသရသည် ဖန်ဆင်းသူဖြစ်လျှင် သူသည် ရည်ရွယ်ချက်နှင့်သော် လည်းကောင်း၊ သို့မဟုတ် ရည်ရွယ်ချက်မရှိဘဲနှင့်သော် လည်းကောင်း ဖန်ဆင်းခြင်းကို ပြုလုပ်ရပေလိမ့်မည်။

အကယ်၍ သူသည် ရည်ရွယ်ချက်ဖြင့် ဖန်ဆင်းခြင်းကို ပြုလုပ်သည်ဖြစ်လျှင် သူ့ကို လုံးဝ ပြည့်စုံသူ ဟူ၍ မခေါ်နိုင်ပေ။ အကြောင်းမူကား ရည်ရွယ်ချက်ဆိုသည်မှာ လိုနေသည့် အရာ၏ ဖြည့်တင်းမှုပင် ဖြစ်သောကြောင့် ဖြစ်လေသည်။

အကယ်၍ ရည်ရွယ်ချက် မရှိဘဲ ဖန်ဆင်းခြင်းကို ပြုလုပ်သည်ဆိုလျှင်လည်း သူသည် နှိုးစိုက်လေးနှင့် ဘာမှခြားလိမ့်မည် မဟုတ်ပေ။ ထိုမှတစ်ပါး ယင်းသို့လျှင် ကျိုးကြောင်းတိုင်းထွာ စူးစမ်းဆင်ခြင်ခြင်းအားဖြင့် ဣသရအယူသည် မှားယွင်းကြောင်း ထင်ရှားသိသာပေသည်။ ယင်းကဲ့သို့သော တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေသည့် ပြောကြားချက်များကို ထုတ်ဖော်ရပေလိမ့်မည်။

အထက်ပါကဲ့သို့သော များစွာသော ဥပမာများကို ကိုးကားဖော်ပြနိုင်ပေသည်။ သို့ရာတွင် မလိုတော့ပေ။ ဗုဒ္ဓသည် အနိသရဝါဒီ လုံးလုံးဖြစ်ကြောင်းမှာ ထင်ရှားသိသာလေပြီ။

ဗုဒ္ဓဘာသာ၏ ယင်းအသွင်လက္ခဏာသည် ယခုခေတ် ဘာသာတရားများကို လေ့လာလိုက်စားသူများအတွက် ဦးနှောက်ကို များစွာ ခြောက်စေလေ၏။ အကြောင်းမူကား ဘာသာတရား၏ အနှစ်သာရကို ထာဝရဘုရားအား ယုံကြည်ခြင်းအဖြစ်ဖြင့်သာလျှင် သိမြင်နေကြပြီး ဗုဒ္ဓဘာသာကိုမူ ထာဝရ

ဘုရားမရှိသည့် ဘာသာတရားတစ်ခုအဖြစ် တွေ့မြင်ကြရသောကြောင့် ဖြစ်လေသည်။ ဗုဒ္ဓဘာသာနှင့် လိုက်လျောဟပ်မိအောင် ဘာသာတရားအဓိပ္ပာယ်ဖွင့်ကို ပြင်သင့်သည်ဟု အကြံပေးကြလေသည်။

နောက် အကြံပေးချက် တစ်ခုမှာကား ရှေးကျသော ဗုဒ္ဓဘာသာအပေါ်ထားသည့် သဘောထားကိုပြောင်းပြီး ရှေးကျသော ဗုဒ္ဓဘာသာအား ဘာသာတရားဟု စဉ်းစဉ်းစားစားခေါ်ရန် ဖြစ်လေသည်။

သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့်ကား ယင်းကိစ္စနှင့်ပတ်သက်၍ တစ်ဖက်ဖက်ကို လိုက်ရန် အကြံမပေးလိုဘဲ မေးခွန်းတစ်ခုကိုသာလျှင် ထုတ်လိုပေ၏။ ဣတ္တိသွန်မဆင်၏ အောက်ပါယူဆချက်သည် ရှေးကျသည့် ဗုဒ္ဓဘာသာ၏ ထာဝရဘုရားကင်းမဲ့မှု အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစေပါသလောဟူသော မေးခွန်း ဖြစ်လေသည်။

ဣတ္တိသွန်မဆင်က 'အိမ်ထောင် မိသားစုသည်လည်းကောင်း၊ ထာဝရဘုရားသခင်သည် လည်းကောင်း ပုဂ္ဂလိကပစ္စည်းနှင့်အတူတကွ လက်တွဲ၍ လာလေသည်' ဟု ရေးသားထားလေသည်။

အဓိပ္ပာယ် ဆိုလိုရင်းမှာ လူတန်းစား ကွဲပြားခြင်း မရှိသေးသည့် လူ့အဖွဲ့အစည်း၏ ထူးခြားသော အသွင်လက္ခဏာတစ်ခုမှာ ထာဝရဘုရားယုံကြည်မှု မလိုသေးသောအချက် ဖြစ်လေသည်။ အကြောင်းမူကား ယင်းကဲ့သို့သော လူ့အဖွဲ့အစည်း၌ လူအပေါင်းတို့အား လူမှုရေး မတရား မမျှတမှုများ၏ ဆင်းရဲဒုက္ခများအတွက် သက်သာမှုဖြေဆေးကိုပေးရန် မလိုသေးသောကြောင့် ဖြစ်လေသည်။

"ဘာသာတရား၏ ထူးခြားသော အသွင် လက္ခဏာမှာ ထာဝရဘုရားအား ယုံကြည်ခြင်း၊ ထာဝရဘုရားအား ရှိခိုး ဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်းများ ဖြစ်လေသည်။ ကျွန်ုပ်တို့ သိရှိရသော အနိမ့်ကျဆုံးဖြစ်သည့် လူရိုင်းများသည် နတ်ကို မကိုးကွယ်၊ ရှိခိုးဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်းနှင့် ပတ်သက်၍လည်း ဘာတစ်ခုမျှ မသိကြပေ။

ထိုနည်းတူစွာ ယဉ်ကျေးသည့်လူများ၏ ရာဇဝင်မတိုင်မီခေတ်

အတွင်းသို့ ကျွန်ုပ်တို့ ထိုးဖောက်ဝင်ရောက်သွားနိုင်သည့်အခါတိုင်း တစ်ဖန် နတ်ဟူ၍ လည်းကောင်း၊ ရှိခိုးဆုတောင်းခြင်းဟူ၍ လည်းကောင်း၊ ယဇ်ပူဇော်ခြင်း ဟူ၍ လည်းကောင်း မရှိသည့်အဆင့်သို့ ရောက်သွားရလေသည်''

အကယ်၍ ရှေးကျသော ဗုဒ္ဓဘာသာသည် (မိမိအား စေ့ဆော်အားပေးမှု၏ အခြေခံပင်မသည် ကမ္ဘာဦးကွန်မြူနစ်ဝါဒ ဖြစ်ခဲ့လျှင်) မည်သို့ မည်ပုံ ထာဝရဘုရားအား ယုံကြည်မှု ရှိနိုင်ပါတော့မည်နည်း။

ဗုဒ္ဓသည် ထာဝရဘုရားနှင့်ပတ်သက်၍လည်း မညွှန်ပြပေ။ ရှိခိုးဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်းများနှင့်ပတ်သက်၍လည်း မဆုံးမပေ။ ယင်းသို့ဖြစ်လျှင် ဗုဒ္ဓ ဘာကို ဟောကြားသနည်း။ ဗုဒ္ဓသည် ဒုက္ခအကြောင်းကို ဟောတော်မူသည်။ ထို့ပြင် ထိုဒုက္ခမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကို လည်း လူတို့အား ဟောကြားတော်မူသည်။

ဗုဒ္ဓက ဟောကြားတော်မူသည်မှာ နေရာတိုင်း၌ လည်းကောင်း၊ အရာဝတ္ထုတိုင်း၌ လည်းကောင်း ဒုက္ခရှိလေသည်။ ယင်းဒုက္ခ၌ အကြောင်းရှိလေသည်။ ယင်းဒုက္ခ ချုပ်ငြိမ်းပျောက်ကွယ် သွားနိုင်လေသည်။ ယင်းဒုက္ခ ချုပ်ငြိမ်းပျောက်ကွယ်သွားနိုင်သည့်နည်းလမ်း ရှိလေသည်။ ယင်းဟောပြော ချက်များကို ဗုဒ္ဓဝါဒ၏ အရိယသစ္စာလေးပါး အဖြစ်ဖြင့် သိရှိနေကြ၏။

ဗာရာဏသီ၌ ဟောကြားသောတရားတော်မှာ အောက်ပါအတိုင်း ဖြစ်၏။

''ရဟန်းတို့၊ ဤသည်ကား ဒုက္ခအရိယသစ္စာဖြစ်သည်။ ဇာတိသည် ဒုက္ခဖြစ်သည်။ ဇရာသည် ဒုက္ခဖြစ်သည်။ ဗျာဓိသည် ဒုက္ခဖြစ်သည်။ မရဏသည် ဒုက္ခဖြစ်သည်။ မချစ်မနှစ်သက်အပ်သည်နှင့် ပေါင်းဖက်ရခြင်းသည် ဒုက္ခဖြစ်သည်။ ချစ်နှစ်သက်အပ်သည်နှင့် ကွဲကွာရခြင်းသည် ဒုက္ခဖြစ်သည်။ အလိုရှိသည့်အရာကိုမရခြင်းသည် ဒုက္ခဖြစ်သည်။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခဖြစ်သည်။

ရဟန်းတို့၊ ဤကား ဒုက္ခသမုဒယ (ဒုက္ခ၏အကြောင်း) အရိယသစ္စာဖြစ်သည်။ ဘဝအသစ်ကို ဖြစ်စေတတ်သည်မှာ ဤတဏှာဖြစ်၏။ ဤ

တဏှာသည် ဟိုနေရာ သည်နေရာ၌ စွဲမက်စေတတ်သော ရာဂနှင့်တကွ ဖြစ်၏။ ကာမဂုဏ် အာရုံ၊ ဘဝ၊ စည်းစိမ် အာဏာတို့အား တပ်မက်စွဲလမ်းတတ်၏။

ရဟန်းတို့၊ ဤကား ဒုက္ခနိရောဓ (ဒုက္ခ၏ချုပ်ငြိမ်းခြင်း) သစ္စာဖြစ်သည်။ ဤတဏှာ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖယ်ထုတ်ခြင်း၊ လွတ်မြောက်ခြင်း၊ နေရာမပေးခြင်း ဖြစ်လေသည်။

ရဟန်းတို့၊ ဤကား ဒုက္ခချုပ်ငြိမ်းကြောင်း လမ်းစဉ်ဖြစ်သည့် မဂ္ဂသစ္စာဖြစ်သည်။ ၄င်းကား ရှစ်မျိုးပြားသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာธိတို့ ဖြစ်ကြသည်။

ဤကား ဗုဒ္ဓ ဟောကြားလိုသမျှ၏ အနှစ်သာရ ဖြစ်လေသည်။ ထို့ပြင် ရာမာကရိရှုနှန်တင်ပြသကဲ့သို့ ဗုဒ္ဓ၏ လုပ်ငန်းစဉ်၊ သို့မဟုတ် ဗုဒ္ဓ၏ ပထမအရိယသစ္စာသည် 'ဒုက္ခ၏ နှိပ်စက်ခြင်း' ဖြစ်လေသည်။ သို့ရာတွင် ပြဿနာပေါ်လာသည်မှာ ဗုဒ္ဓသည် ယင်းအတွေးကို မည်သည့်နေရာမှ ရရှိသနည်း။ ယင်းအတွေးကို အညာအတာကင်းမဲ့စွာ နှိပ်စက်မှုများအား တကယ်တွေ့မြင်ခြင်းမှ ရရှိခြင်း ဖြစ်သလော။ သူသည် မည်သို့ မည်ပုံ နေရာအနှံ့အပြား၌ ဒုက္ခကို တွေ့မြင်သနည်း။ ရှေးကျသော သက်ဦးဆံပိုင်ခေတ်တွင်း၌ လုယက်တိုက်ခိုက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သွေးစုပ်ခြယ်လှယ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများကြောင့် လူလောက၏ မငြိမ်မသက် ဖြစ်နေသည့် အခြေအနေတွင် မိမိ၏ ပတ်ဝန်းကျင်လူများ၏ ကြင်နာဖွယ်အခြေအနေကို မြင်ရပြီး ၄င်းတို့၏ ညည်းတွားမှုကို ကြားရခြင်းကြောင့် ယင်းအတွေးကိုရခြင်း ဖြစ်သလော။

သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့အား ရှုမြင်ခြင်းသည် ဗုဒ္ဓအား ဒုက္ခကို နားလည်သဘောပေါက်စေသည်ဟူသော အတ္ထုပ္ပတ္တိကို အလေးအနက်ထားဖို့ရန်မှာမူ ယုံကြည်လွယ်မှုဖြစ်သည့် ယုံကြည်သဒ္ဓါများစွာ လိုပေလိမ့်

မည်။ သို့ရာတွင် ကြည့်ခြင်းကြီးငါးပါးတည်းဟူသော ယင်းအတ္တုပ္ပတ်သည် ဗုဒ္ဓ၏ စောစောပိုင်းနှစ်များနှင့်ပတ်သက်သည့် အတ္တုပ္ပတ်ဟူသမျှ၌ ပါရှိနေပေသည်။ ရှေးကျသည့် အစဉ်အလာများ၏ အထောက်အထားအရှိဆုံးတစ်ခုလည်း ဖြစ်ပုံရသည်။ ထူးခြားသော အသွင်လက္ခဏာလည်း ရှိပေသည်။ ထိုအကြောင်း အတ္တုပ္ပတ်၌ တစ်ခုခု ရှိကောင်း ရှိပေလိမ့်မည်။

သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓသည် စစ်မှန်သောဘဝ၏ တကယ့်တကယ် မြင်ကွင်းများကို တွေ့ရသည်ဖြစ်၍ ယင်းအသိ ယင်းအတွေးကို ရရှိခြင်းဖြစ်လေ၏။ ထိုအချိန်က တောင်သူလယ်သမား၊ လက်မှုပညာသည်၊ ကျေးကျွန်တည်းဟူသော ရိုးရိုးလူများ၏ အကြောင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့အားသိစေရာ၌ အမှန်တကယ်ပင် စွယ်စုံကျမ်းနှင့်ပမာတူသော ဇာတက (ဇာတ်နိပါတ်)ကျမ်းအစောင်စောင်မှ ထိုကဲ့သို့သော မြင်ကွင်းမျိုးကို သိရှိနိုင်ကောင်းစရာ ရှိပေသည်။ ဤနေရာ၌ ထိုအချက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ပြောမပြနိုင်ပေ။ ဒုတိယအရိယသစ္စာနှင့်ပတ်သက်၍မူ ကျွန်ုပ်တို့ အာရုံစူးစိုက်နိုင်ပေသည်။ အကြောင်းမူကား ယင်း ဒုတိယ အရိယသစ္စာသည် ကျွန်ုပ်တို့အား သဲလွန်စပေးသောကြောင့် ဖြစ်လေသည်။ ဗုဒ္ဓက 'ကာမဂုဏ်အာရုံအတွက် တဏှာ၊ ဘဝအတွက်တဏှာ၊ ဘဝစည်းစိမ်အာဏာအတွက် တဏှာ' များအား ဒုက္ခ၏အကြောင်းအဖြစ်ဖြင့် ပြောပြလေသည်။ ဗုဒ္ဓသည် သူ့လက်ထက်တော်က ထိုကဲ့သို့သော တဏှာရမ္မက်များကို များစွာ တွေ့မြင်သိရှိခဲ့ရပေလိမ့်မည်။

ဗုဒ္ဓဘာသာ၏ သုတ်တစ်သုတ်၌ ဤသို့ ဆိုထားလေသည်။

'ဤ ကမ္ဘာလောက၌ လူတို့ စုဆောင်း သိုမှီးထားသော ပစ္စည်းဥစ္စာများ အလျှံပယ်ဖြစ်နေသည်ကို ငါတို့ တွေ့ရသည်။ မိုက်မဲလှသည်ဖြစ်၍ သူတို့သည် အခြားသူများအား ဘာတစ်ခုမျှ မပေးကြပေ။ သူတို့သည် လောဘဇောဖြင့် ပစ္စည်းဥစ္စာများကို များသထက်များအောင် စုဆောင်းကြပြီးလျှင် ကာမဂုဏ် အာရုံများကို တိုးပြီးတော့သာ ခံစားကြကုန်သည်။ ဘုရင်သည်

ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံများကို ပိုင်ဆိုင်နိုင်သော်လည်း၊ ပင်လယ်သမုဒ္ဒရာ၏ ဤမှာဘက်ရှိ နယ်မြေများ၏ပိုင်ရှင်ဖြစ်သော်လည်း ပင်လယ်သမုဒ္ဒရာ၏ ဟိုမှာဘက်ရှိ နယ်မြေများကို ပိုင်ဆိုင်ရေးအတွက် တင်းမတိမ်နိုင်သေးဘဲ အာသာငမ်းငမ်းတက်နေတုန်းပင် ရှိလေသည်။

အခြား သုတ်တစ်သုတ်၌လည်း ဤသို့ ဆိုထားပြန်လေသည်။

'နယ်မြေများကို စိုးမိုးပိုင်ဆိုင်သော ဘုရင်များသည် ဥစ္စာရတနာ ကြွယ်ဝချမ်းသာသည် ဖြစ်သော်လည်း လောဘဇောမသတ်နိုင်ကြသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်တိုက်ခိုက်ကြသည်။ မိမိတို့၏ လောဘအလိုသို့ လိုက်ကြလေကုန်သည်။ အကယ်၍ ယင်းအပြုအမူများကို ထိုကဲ့သို့ မရပ်မနား ပြုလုပ်နေကြမည်ဆိုလျှင် ဤကမ္ဘာမြေပြင်အပေါ်၌ ဘယ်သူ ငြိမ်းချမ်းစွာ လျှောက်သွားနိုင်မည်နည်း။'

အောက်ပါတို့မှာ လူမှုရေး ထကြွလှုပ်ရှားမှုကြီးအား အင်ဂေလ်က ဖော်ပြထားပုံ ဖြစ်လေသည်။

'ယင်းအချက်နှင့် စကားစပ်ပြီးလျှင် ရှေးကျသော ဗုဒ္ဓဘာသာအားနားလည်သဘောပေါက်ရန် ကျွန်ုပ်တို့ အဆိုပြုနေခြင်း ဖြစ်လေသည်။

အနိမ့်ကျဆုံးသော ကိုယ်ကျိုးကြည့်မှုများဖြစ်သည့် ယုတ်ညံ့သော လောဘ၊ တိရစ္ဆာန်ဆန်သည့် ကာမဂုဏ်လွန်ကြူးမှု၊ ယုတ်ညံ့သော အာသာရမွှက်၊ ယဉ်ကျေးသော လူတန်းစားရှိသော လူအဖွဲ့အစည်း၌ ပေါ်ပေါက်လာသည့် အများပိုင်ပစ္စည်းများကို တစ်ကိုယ်ကျိုးအတွက် လုယက်ယူငင်ခြင်း၊ ရိုင်းစိုင်းသော အပြုအမူများဖြစ်သည့် ခိုးခြင်း၊ ဗလကြွားရပြုခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သစ္စာမဲ့ခြင်းများသည် ရှေးကျသော၊ လူတန်းစားမရှိသော၊ ဘာသာမရှိသော လူအဖွဲ့အစည်းအား ထိခိုက်စေလေသည်။ ပြိုလဲစေလေသည်။

ထို့ပြင် တစ်ဖန် ...

ဤနည်းအားဖြင့် ပြည်သူလူထုအတွင်း၌၊ လူစုအတွင်း၌၊ လူမျိုးစုအတွင်း၌ရှိသော ဘာသာမရှိသည့် စည်းစနစ်များ၏ အင်္ဂါရပ်များသည် အခြေအမြစ်မှ တဖြည်းဖြည်း ပြိုပျက်သွားကြသည်။ ဘာသာမရှိသည့် စည်းစနစ်

တစ်ခုလုံးသည် ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းလဲသွားလေသည်။ အုပ်ချုပ်မှုကင်းမဲ့လွတ်လပ်သည့် လူမျိုးစု အဖွဲ့အစည်းတစ်ခုအဖြစ်မှ တစ်ဦးနှင့်တစ်ဦး လုယက်တိုက်ခိုက်သော၊ ဖိနှိပ်ချုပ်ချယ်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့လေသည်။ ထိုနှင့် လျော်ညီစွာ ၄င်း၏ အင်္ဂါရပ်များသည်လည်း ပြည်သူ့အလိုဆန္ဒ၏ ကိရိယာတန်ဆာများအဖြစ်မှ မိမိတို့ ပိုင်ဆိုင်သော လူတို့အား စိုးမိုးသည့်၊ ဖိနှိပ်ချုပ်ချယ်သည့် လွတ်လပ်သော အင်္ဂါရပ်များအဖြစ် ပြောင်းလဲလာခဲ့လေသည်။ အကယ်၍ ဥစ္စာပစ္စည်းကို လိုချင်သည့် လောဘကသာ လူစုများအား ချမ်းသာသူ၊ ဆင်းရဲသူအဖြစ် ခွဲခြားမထားလျှင်၊ 'လူစုတို့၌ ရှိသောပစ္စည်းဥစ္စာ၊ ကွဲပြားခြားနားမှုက လူစုအတွင်းရှိလူများ အကျိုးတူပြုမှုများအား ပဋ္ဌိပက္ခအဖြစ် ပြောင်းလဲမပစ်လျှင်' (မာ့ဂ်စ်)၊ အသက်မွေးဝမ်းကျောင်းမှုအတွက် အလုပ်လုပ်ခြင်းအား လုယက်ခြင်းထက် နှလုံးနာဖွယ်ကောင်းသော ကျေးကျွန်အလုပ်အဖြစ် သတ်မှတ်ရန် ကျေးကျွန်စနစ် ကြီးထွားစမပြုလျှင် ယင်းပြောင်းလဲမှုမျိုးသည် ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။'

ထို့ကြောင့် အင်ဂေလ်က 'လူတန်းစား မရှိသေးသော လူ့အဖွဲ့အစည်း၏ အပျက်အစီးတွင် လူတန်းစား ကွဲပြားသော လူ့အဖွဲ့အစည်း ပေါ်ပေါက်လာခြင်းသည် ရိုးသားစင်ကြယ်သော မြင့်မြတ်ခမ်းနားခြင်းမှ လျှောကျသည်နှင့် တူလေသည်'ဟု ဆိုထားခြင်း ဖြစ်လေသည်။

'ကမ္ဘာဦးလူမျိုးစု' တို့၏ အာဏာသတ္တိများသည် ပြိုကွဲသွားခဲ့ရလေသည်။ ယင်းသို့ ပြိုကွဲခြင်းကို မူလ အခြေအနေမှ လျှောကျခြင်းဟု ယူဆရသော၊ ရှေးဟောင်းဘာသာမဲ့ လူ့အဖွဲ့အစည်း၏ ရိုးသားစင်ကြယ်သော မြင့်မြတ်ခမ်းနားမှုမှ လျှောကျခြင်းဟု ယူဆရသောအရာများက ပြုလုပ် ဖန်တီးလေသည်။'

ယင်းအချက်သည် ကျွန်ုပ်တို့အား စတုတ္ထအရိယသစ္စာဆီသို့ ပို့ဆောင်လေသည်။ လူတန်းစားမရှိသေးသည့် လူ့အဖွဲ့အစည်းမှ၊ သို့မဟုတ် ကမ္ဘာဦးကွန်မြူနစ်ဝါဒမှ စေ့ဆော်မှုကို ရယူထားသော ဗုဒ္ဓသည် ရှေးဟောင်းဘာသာမဲ့ လူ့အဖွဲ့အစည်း၏ ရိုးသားစင်ကြယ်သော မြင့်မြတ်ခမ်းနားမှုကို

ပြန်လည်အသက်သွင်းရာ၌ လူတန်းစားကွဲပြားသည့် လူ့အဖွဲ့အစည်း၏ အမှုအကျင့်သစ်များ ဖန်တီးထားသော ဒုက္ခမှ လွတ်ရာလွတ်ကြောင်းနည်းလမ်းကို ညွှန်ပြလေသည်။ သမ္မာဒိဋ္ဌိ၊ သမ္မသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာธိကို ဗုဒ္ဓက ဟောပြလေသည်။

ဓာတ်တော်များ၌ ပါရှိသော အကြောင်းအတ္ထုပ္ပတ္တိများကိုထောက်ပြီး ကျွန်ပ်တို့အလွယ်တကူ သိရှိနိုင်သည်မှာ ယင်းမဂ္ဂင်ရှစ်ပါးတည်းဟူသော အမှုအကျင့်များသည် ဗုဒ္ဓလက်ထက်တော်က တကယ်စစ်မှန်သော လူ့အဖွဲ့အစည်း၌ များသောအားဖြင့် ရက်စက်ကြမ်းကြုတ်စွာ ချိုးနှိမ်ဖြိုဖျက်ခြင်းခံရလေ၏။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ အမှန်စင်စစ်အားဖြင့် သမိုင်းအရ မလွဲမရှောင်သာသော အဖြစ်အပျက်ဖြစ်ပြီး ကမ္ဘာဦးကွန်မြူနစ်ဝါဒ၏ ရိုးသားစင်ကြယ်သော မြင့်မြတ်ခမ်းနားမှုသည် ချိုးနှိမ်ဖြိုဖျက်ခြင်း ခံရလိမ့်မည်သာ ဖြစ်၏။ ဗုဒ္ဓသော်မှ ယင်းသမိုင်း၏ နိယာမ ဥပဒေကို ပြောင်းလဲခြင်းငှာ မစွမ်းနိုင်ပေ။ ဗုဒ္ဓအနေဖြင့် ပြုလုပ်နိုင်သည့် အချက်မှာ ကမ္ဘာဦး ကွန်မြူနစ်ဝါဒ၏ လွတ်လပ်မှု၊ တူညီမျှတမှု၊ ကိုယ်ချင်းစာနာမှု ဘဝ၏ အယောင်ဆောင်တစ်ခုကို ဖန်တီးရန်သာလျှင် ဖြစ်ပေသည်။ ၄င်းမှာ ဗုဒ္ဓဘာသာဝင် သံဃအဖွဲ့အစည်းပင် ဖြစ်လေသည်။ ယင်းသံဃအဖွဲ့အစည်းသည် လူတန်းစားရှိသော လူ့အဖွဲ့အစည်း၊ ဘောင်အတွင်း၌ရှိသော လူတန်းစားမဲ့ အဖွဲ့အစည်းဖြစ်လေသည်။ ယင်းအဖွဲ့အစည်းထဲ၌ လူတို့သည် ၄င်းတို့၏ အစစ်အမှန်ဘဝ၌ လက်လွတ်ဆုံးရှုံးခဲ့သော တူညီမျှတမှုများကို ခံစားရပေသည်။

သို့ရာတွင် ဗုဒ္ဓ တည်ဆောက်သော ကွန်မြူနစ်လူ့အဖွဲ့အစည်းရှိစေကာမူ လူတန်းစားရှိသော လူ့အဖွဲ့အစည်း အစစ်အမှန်၌ အလုပ်လုပ်နေသော အင်အားစုများမှာမူ ပြောင်းလဲမသွားပေ။

❑

လင်းလွန်းခင်စာပေ

ဒွန္ဒရပ်ဝါဒနှင့် ပဋ္ဌိစ္စသမုပ္ပာဒ်

ဒီဘီဂျယဆင်ဂါ

[သီဟိုဠ်ကျွန်းခ္ဍ ထုတ်ဝေသော စီလုန်ဒေလီနယူးစ် Ceylon Daily News သတင်းစာ၏ ကဆုန်လပြည့် နှစ်ပတ်လည် အထူးထုတ် (Vesak Annual 2498-1954) တွင် D B Jyasinghe ရေးသားထားသည့် Dialectical Materialism and Paticca Samuppada အမည် ရှိသော ဆောင်းပါးကို မြန်မာပြန်ထားပါသည်။]

ဗုဒ္ဓအာဘိဓမ္မာ၌ ပဋ္ဌိစ္စသမုပ္ပာဒ်သည် အခါခပ်သိမ်း ဂုဏ်ယူထိုက်သောနေရာကို ရရှိနေပေသည်။ အကြောင်းမူကား သစ္စာလေးပါးကို သိမြင်တော်မူပြီးနောက် ဗုဒ္ဓ၏ ပထမဆုံးအလုပ်များအနက် တစ်ခုမှာ ယင်း ပဋ္ဌိစ္စသမုပ္ပာဒ်တည်းဟူသော နိဿရည်းကို ၄င်း၏ အနုလောမနှင့် ပဋိလောမ ပုံစံအတိုင်း သုံးသပ်သွားရန်ဖြစ်သည်ဟု ယုံကြည်ရသောကြောင့် ဖြစ်လေသည်။

သို့ရာတွင် အချက်တစ်ရပ် ရှိနေပြန်သည်မှာ မိမိ၏ ပထမဦးဆုံး ဟောကြားတော်မူသော တရားဦးခ္ဍလည်းကောင်း၊ ထို့နောက် ဟောကြားသည့် အရေးပါဆုံးဖြစ်သော တရားဒေသနာအချို့ခ္ဍလည်းကောင်း ဗုဒ္ဓကိုယ်တော်တိုင် ယင်းနိဿရည်းအတွက် နေရာတွေ့ရှိတော်မမူခဲ့ခြင်း ဖြစ်လေသည်။

ရှေးဦးစွာ ဟောတော်မူသော တရားဒေသနာ၌ ဗုဒ္ဓသည် အရိယမဂ္ဂင် ရှစ်ပါးကို မိမိ၏ မဇ္ဈိမပဋိပဒါလမ်းစဉ်အဖြစ် ညွှန်ပြဟောကြားခဲ့တော်မူ သော်လည်း နောက်ပိုင်း ဟောကြားသည့် တရားဒေသနာများ၌မူ ယင်း နိဿရည်း ပါရှိလာပေ၏။ ဗုဒ္ဓဖြေဆိုရန် ငြင်းဆန်ခဲ့သော ပြဿနာအချို့ရှိ ကြောင်းကို အများသိကြပေသည်။ သို့ရာတွင် ယင်းပြဿနာများအနက် အချို့သော ပြဿနာများမှာ နောက်ပိုင်းဟောကြားသည့် တရားဒေသနာများ၌ ဖြေပြီးသား ဖြစ်သွားကြလေရာ ယင်းအဖြေမှာ အခါခပ်သိမ်း ဤနိဿရည်း သာ ဖြစ်နေပေသည်။

သို့ရာတွင် မငြင်းနိုင်သည့်အချက်တစ်ခုမှာ ဤနိဿရည်းသည် ဗုဒ္ဓ အာဘိဓမ္မာ၏ အဓိကအခြေခံမူတစ်ရပ် ဖြစ်နေပေသည်။ အကြောင်းမူကား ယင်းနိဿရည်း၏ အခေါ်အဝေါ် ဝေါဟာရစကားလုံးနှင့် ရှေ့နောက်အစဉ် တစ်ခါတစ်ရံ ကွဲပြားခြားနားမှုရှိသော်လည်း ဗုဒ္ဓကိုယ်တော်တိုင်သည် ယင်း နိဿရည်းကို ကြိမ်ဖန်များစွာ ရည်ညွှန်းဟောကြားတော်မူခဲ့ခြင်းကြောင့် ဖြစ် လေသည်။ "ငါ" ဟူ၍ စင်စစ်မရှိကြောင်းကို ဗုဒ္ဓက ခွဲခြမ်းစိတ်ဖြာပြပြီး လျှင် ပုဂ္ဂိုလ်သတ္တဝါသည် ဖြစ်စဉ် (ဂတိ) တစ်ရပ်သာဖြစ်ကြောင်းကို ဟောပြ တော်မူခဲ့သည်။ ယင်းဖြစ်စဉ်သည် ဤနိဿရည်း၏သဘော ဖြစ်လေသည်။

ယင်းနိဿရည်းကို အသုံးပြုထားပုံနည်းလမ်းကို ထောက်ရှုလျှင် ဗုဒ္ဓသည် အစမထင် သံသရာမှ ဘဝအဖန်ဖန် ကျင်လည်နေရသည့် လူ့ဘဝကို မြင်တော်မူပြီးလျှင် အပြီးသတ်၌ လူ့ဘဝ၏ အဆုံးသတ်ဖြစ်သော နိဗ္ဗာန်ကို တွေ့ရှိကြောင်းမှာ ထင်ရှားသိသာလှပေသည်။ သို့ရာတွင် ယင်း ကျင်လည် ပျော်ပါးနေရသည့် လူ့ဘဝအား ပထမဦးစွာ ဒုက္ခတုံးအဖြစ် ခြယ်မပြဘဲနှင့် ယင်း ဘဝစက်ရဟတ်မှ ခွာရှောင်ရန် မည်သူ့ကိုမျှ ဆွဲဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓဝါဒအား ကမ္ဘာလောကကို အဆိုးဘက်က ကြည့် သည့်ဝါဒ (Pessimism) ဟူ၍ မကြာခဏ သမုတ်ကြလေသည်။

ဘဝစက်ရဟတ်မှ လွတ်မြောက်နိုင်သည့် နည်းလမ်း၌ပင် ဘဝစက် ရဟတ်လည်မှုကို ဖြစ်စေတတ်သည့် အကြောင်းတရားများအား ပျက်စီးစေ

တတ်သည့်အချက်များ ပါဝင်ပေသည်။ သို့ရာတွင် ဤနည်းလမ်းသည် အမှန်စင်စစ်အားဖြင့် အကြောင်းတရား ပျက်စီးရေးနည်းလမ်း ဖြစ်လေသည်။

ထို့ပြင် ဤနည်းလမ်းသည် တိကျသော အကျိုးတရားကို ဖြစ်ပေါ်စေတတ်သည် ဆိုလျှင် အံ့သြကောင်း အံ့သြပေလိမ့်မည်။ ထို့ကြောင့် သုညဝါဒဟု စွပ်စွဲ ပြောဆိုကြခြင်း ဖြစ်လေသည်။

ယင်းကဲ့သို့သော အခြေအနေ၌ ဤနိဿရည်းသည်ပင်လျှင် ကမ္ဘာ့နိယာမဖြစ်သည့် ပြောင်းလဲခြင်း၊ သို့မဟုတ် အနိစ္စတရား၏နယ်မှ မကင်းလွတ်ကြောင်းကို ထာဝစဉ် နှလုံးသွင်းလျက် ဤနိဿရည်းကို ကျွန်ုပ်တို့ အမှန်သဘောပေါက်ကြသလောဟု မိမိတို့ကိုယ်ကိုယ် မေးကြည့်သင့်ကြပေသည်။

မဇ္ဈိမနိကာယ်၊ ဝေဒလ္လသုတ် နိဂုံးချုပ်အပိုင်း၌ ယင်းနိဿရည်း၏ ဝေါဟာရစကားလုံးများနှင့် ပတ်သက်ပြီး စိတ်ဝင်စားဖွယ် ဆွေးနွေးသုံးသပ်ချက်များ ပါရှိပေသည်။ ယင်းအချက်များသည် နိဿရည်းတစ်ခုလုံး၏ သော့ချက်ကို ကျွန်ုပ်တို့အနေဖြင့် မျက်ခြည်ပြတ်သွားလောက်အောင်ပင် ဖြစ်စေခဲ့လေသည်။ ယင်းသုတ်၌ ဝိဇ္ဇာ (သိခြင်း) သည် အဝိဇ္ဇာ (မသိခြင်း)ကို ဖြစ်စေတတ်ပြီး တစ်ခါတစ်ရံ၌ ဝိမုတ္တိကို ဖြစ်စေတတ်၏ဟု ဖော်ပြထားပေသည်။ ယင်းသုတ်၏အဖွင့် အဋ္ဌကထာကျမ်း၌ ဖော်ပြထားသည်မှာကား ပစ္စနိက (ဆန့်ကျင်ဘက်) ဝေါဟာရများ၏ ပထမအစုံ၌ ဝိသဘာဂ၊ ပဋ္ဌိဘာဂ (သဘောမတူသော ပြိုင်ဘက်၊ သို့မဟုတ် ဆန့်ကျင်ဘက်) အစုံဖြစ်ပြီး ဒုတိယအစုံ၌မူ သဘာဝပဋ္ဌိဘာဂအစုံ ဖြစ်လေသည်။ ထင်ရှားသိသာသည်မှာ ဝိသဘာဂ၊ ပဋ္ဌိဘာဂသည် အောက်သို့ တိမ်းညွှတ်ပြီး သဘာဂ၊ ပဋ္ဌိဘာဂက အထက်သို့ တိမ်းညွှတ်လေသည်။ ထို့ပြင် ဝိသဘာဂ၌ ဝေါဟာရများသည် အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ပြီး သဘာဂ၌မူ ဝေါဟာရများသည် အချင်းချင်း သဘောတူညီကြလေသည်။

ယင်းအချက်ကို ထောက်ရှုခြင်းအားဖြင့် ရှေးကျသော ဗုဒ္ဓအဘိဓမ္မာသည် သဘာဂနှင့် ဝိသဘာဂ ပုံစံနှစ်မျိုးအရပြောင်းလဲမှု ဖြစ်ပေါ်ခြင်းအား အသိအမှတ်ပြုကြောင်း ကျွန်ုပ်တို့ သိမြင်ရပေ၏။ ဤသို့အားဖြင့် ဝိဇ္ဇာရှိသည့်

နေရာ၌ အဝိဇ္ဇာလည်း ရှိလာလိမ့်မည်ဖြစ်ပြီး ယင်းနှစ်ခု၏ အချင်းချင်း ဆန့်ကျင်မှုသည် ၄င်းတို့နှင့် လုံးဝ ခြားနားသည့် တစ်စုံတစ်ခုသောအရာ (သင်္ခါရ) ကို အချိန်ကာလအားလျော်စွာ ဖြစ်ပေါ်စေပေလိမ့်မည်။

အခြားတစ်ဖက်၌ ကျွန်ုပ်တို့ သိရသည်မှာ အနည်းငယ်မျှသော ဝိဇ္ဇာသည် ဝိမုတ္တိကို မဖြစ်စေနိုင်ပေ။ ကြီးမားသော ဝိဇ္ဇာကမူ ဝိမုတ္တိကို ဖြစ်စေနိုင်ပေသည်။

ကျွန်ုပ်တို့ တွေ့မြင်သိရှိရသည်မှာ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် နှစ်များ မကြာခင် ဟေရာကလိတု (Heraclitus - ဂရိ အဘိဓမ္မာဆရာကြီး) သည် ဆန့်ကျင်ဘက်နှစ်ခု၏ ပေါင်းဆုံခြင်း အကြောင်းကို ရည်ညွှန်းဖော်ပြခဲ့ပေသည်။

အေပျူလီယပ်၏ ပြောပြချက်အရ သိရှိရသည်မှာ ပိုက်သာဂိုရပ်စ် (Pythagoras) သည် အိန္ဒိယပြည်သို့ အလည်ရောက်ရှိပြီး အိန္ဒိယမှ အပြန်တွင် သူ၏ တော်လှန်ရေး အယူအဆအချို့ဖြင့် အနောက်ဘက် ကမ္ဘာအား တဒုံတည ဖြစ်စေခဲ့လေသည်။

ယင်းအယူအဆသစ်များအနက် တစ်ခုမှာ ယူကလစ်တွင် ပါရှိသည့် စိန္ဒိတကထာ (Theorem)အပိုဒ် ၄၇ ပင် ဖြစ်လေသည်။ ယင်းစိန္ဒိတကထာကို ဗောဓယနု၏ စူဠဝဂသုတ်တွင် တွေ့မြင်နိုင်ပေ သည်။

ဆိုကရက် (Socrates) သည် ဆန့်ကျင်ဘက်အမြင် နှစ်ခုအား အဆုံးအဖြတ်ပေးခြင်းအားဖြင့် အမှန်တရား သတ်မှတ်သည့်နည်းကို အသုံးပြုခဲ့လေသည်။ အိန္ဒိယပြည်၌ပင်လျှင် မဟာယာနဂိုဏ်းဝင် နာဂဇုနမထေရ်သည်လည်း အရာဝတ္ထုဟူသမျှ၌ ဆန့်ကျင်ဘက်များရှိပြီး နေရာနှင့် အချိန်ကာလတို့၏ စိုးမိုးမှုရှိပုံကို အလေးအနက် ထုတ်ဖော်မိန့်ကြားခဲ့လေသည်။ ယင်းအယူအဆနှစ်မျိုးမှပင်လျှင် ကန့်(Kant) ၏ အဘိဓမ္မာကို အလွယ်တကူ ကောက်ယူနိုင်ပေသည်။ ၁၈ ရာစုနှစ် ကုန်ခါနီးလောက်တွင် ဂျာမန်အဘိဓမ္မာဆရာကြီးများ အိန္ဒိယ၏ ပညာရပ်များအပေါ်တွင် စိတ်ပါဝင်စားကြပုံကို စဉ်းစားကြည့်လိုက်သည့်အခါ ဘာမျှ အံ့ဩစရာ မရှိပေ။

၁۹۶۲ ခုနှစ်တွင် နူရင်ဘတ်မြို့ (ဂျာမနီ)၌ ‘ဖုံးကွယ်၍ နေရသော

ရှပ်တုကိုးကွယ်သည့်ဝါဒသို့ သွားရာ တံခါးပေါက် (Open Door to the Hidden Paganism) ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ပေါ်ဖူးလေသည်။ ယင်းစာအုပ်ကို ပလီယာကတ်တား (မဒရပ်ပြည်နယ်မြောက်ပိုင်း)၌ နေထိုင်သွားသော အောဘရာဟင်ရောဂျာဆိုသူ ဒတ်ချ်လူမျိုး ခရစ်ယာန်သာသနာပြု ပုဂ္ဂိုလ်တစ်ဦးက ပုံနှိပ်ထုတ်ဝေလေသည်။ ကာလ်အောဂတ်စ် ရှယ်လ်ဂဲလ် (Karl August Schlegel) သည်လည်း မဒရပ်၌ပင် ကွယ်လွန်သည်အထိ နေထိုင်သွားခဲ့လေသည်။ ဟာဒါ: (Herder) သည် သူ၏ "လူသမိုင်း၏ အဘိဓမ္မာ" (Philosophy of the history of mankind) အမည်ရှိ စာအုပ်တွင် သိမ်မွေ့နူးညံ့သော အိန္ဒိယအဘိဓမ္မာက လူသားများအား ဂုဏ်အသရေတက်စေခဲ့သည် ဆိုသည့်အကြောင်းကို ရည်ညွှန်းရေးသားခဲ့ပေသည်။ ဟာဒါ:၏ မိတ်ဆွေ ဂိုသီ (Goethe) သည်လည်း "သကုန္တလာ" အကြောင်းကို ကဗျာဖွဲ့ဆို ရေးသားထားလေသည်။ ဒေဝနာဂရီ အက္ခရာစာလုံးဖြင့် ရေးသားထားသော ဂိုသီ၏ ကြိုးပမ်းချက်ကိုပင် တွေ့မြင်နိုင်ပေသည်။

အိန္ဒိယပြည်အကြောင်းကို လေ့လာလိုက်စားကြသည့် ဂျာမန်ပညာရှင်များအနက် အောက်ပါပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းသင့်ပေသည်။ ၄င်းတို့မှာ အေ-ဒဗလျူ ရှယ်လ်ဂဲ (A.W Schlegel)၊ ဖရန့်ဇ်ဘောပ် (Franz Bopp)၊ လက်ဆင်ဝေဆာ(Lassen Weber)၊ ရော့သ်(Roth)၊ ဘိုတလင့်ဂ် (Boetingk)၊ မက်စ်မူလာ (Max muller)၊ ဘူလာ(Buehler)၊ ကီဟွန် (Keilhorn) စသည်တို့ ဖြစ်ကြလေသည်။ ထိုမှတစ်ပါး ၁၈ ရာစုနှစ်မကုန်မီလောက်တွင် ပြင်သစ်ပညာရှိများသည် မဟာယာနကျမ်းစာများကို ဘာသာပြန်ဆိုကြလေသည်။

ယင်းကဲ့သို့ လေ့လာလိုက်စားကြသည်ဖြစ်၍ ဂျာမန်အဘိဓမ္မာဆရာများသည် အိန္ဒိယ အဘိဓမ္မာကို မရိုးသားသောနည်းဖြင့် ခိုးယူကြသည်ဟူ၍ ကား မဆိုလိုပေ။ သို့ရာတွင် မငြင်းနိုင်သောအချက်တစ်ခုမှာ ၁၈ ရာစုနှစ်မကုန်မီလောက်၌ ဂျာမန်အဘိဓမ္မာဆရာများသည် အိန္ဒိယအဘိဓမ္မာ၏ အခိုကအယူအဆများ ပြည့်လျှံနေသည့် ပတ်ဝန်းကျင်၌ မိမိတို့၏ ကျမ်းဂန်များကို

ရေးသားကြခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့် ယင်းအယူအဆများကို ကန့်၏ စာအုပ်များတွင် လည်းကောင်း၊ ဖစ်ချ် (Fichte) ၏ စာအုပ်များတွင် လည်းကောင်း ဟေးဂေလိ၏ စာအုပ်များတွင်လည်းကောင်း၊ အလွယ်တကူ တွေ့ရှိနိုင်ခြင်း ဖြစ်လေသည်။ ဒွန္ဒပုံစံသဘော (Dialectical pattern) သည် ထိုပုဂ္ဂိုလ်ကြီးများ၏လက်ဖြင့် အပြီးသတ် အချောကိုင်မှုကို ခံယူခဲ့ရပေသည်။

ထို့နောက်တွင် ရှိုပင်ဟောယား (Schopen houer) သည် စိတ်တန်ခိုးအဖြစ်ဖြင့် လည်းကောင်း၊ အယူအဆအဖြစ်ဖြင့် လည်းကောင်း တည်နေသော ကမ္ဘာလောကကြီး (The world as will and Idea) ဟူသောစာအုပ်ဖြင့် ကမ္ဘာကြီးအား တအံ့တသြ ဖြစ်စေခဲ့လေသည်။ ယင်း စာအုပ်အား ဂျော့ဂျ်ဂရင်း (George grimm) က ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အကောင်းဆုံးသော အဖွင့်ဋီကာကျမ်းအဖြစ် ထင်မှတ်ယူဆလေသည်။

ရှိုပင်ဟောယားသည် သူ၏ အယူအဆနှင့် ဗုဒ္ဓဝါဒ တူညီကြောင်း ဝန်ခံထားသော်လည်း သူ့အနေဖြင့် ဗုဒ္ဓဝါဒအား ကျေးဇူးတင်ရှိကြောင်း၊ ဗုဒ္ဓဝါဒမှ နည်းမှီရကြောင်းကိုမူ ငြင်းဆိုထားလေသည်။ သို့ရာတွင် သူ ကွယ်လွန်သွားပြီးသည့် နောက်၌မူ အိန္ဒိယဆိုင်ရာ ကျမ်းစာပေါင်းများစွာကို သူ့စာကြည့်တိုက်၌ တွေ့ရှိရပေသည်။

၁၉ ရာစုနှစ် အလယ်ပိုင်းလောက် ကျသောအခါ ကားလ်မာ့က်စ်သည် လူမှုဆိုင်ရာ သဘောတရားတစ်ခုကို တီထွင်ပြီးလျှင် ယင်း သဘောတရား၏ အခြေခံအုတ်မြစ်အဖြစ် ပြုလုပ်ရန်အတွက် သင့်လျော်လျောက်ပတ်သော အာဘီဓမ္မာအခြေခံတစ်ခုကို ရှာဖွေခဲ့လေသည်။

ကားလ်မာ့က်စ်အား ကျေးဇူးအထူးတင်ထိုက်ပေသည်။ အာဘယ်ကြောင့်ဆိုလျှင် သူသည် လူနှင့်ပတ်ဝန်းကျင်လောကအား အညမည အကျိုးပြုသည့်ဖြစ်စဉ်ဟု ဗုဒ္ဓ သတ်မှတ်တော်မူသည့်နည်းအတိုင်း လူမှုရေးဆိုင်ရာ ပြောင်းလဲခြင်းများ၏ အရေးပါသော သဘောတရားကို ရှေးဦးစွာ တွေ့မြင်သိရှိသူ တစ်ဦး ဖြစ်နေသောကြောင့် ဖြစ်ပေသည်။ သို့ဖြစ်၍ ဆန့်ကျင်ဘက်များ၏ ပဋိပက္ခအားဖြင့် ပြောင်းလဲမှုဖြစ်သည်ဟူသော ဒွန္ဒပုံစံအဖြစ် ဟေဂေလ်

ပြောင်းလဲထားသော ဝိသဘာဂ၊ ပဋိဘာဂ သဘောကို ကားလ်မာ့စ်က ရွေးချယ်အသုံးပြုခြင်းမှာ အံ့သြဖွယ်ရာ မရှိပေ။

ဥပမာအားဖြင့်ပြောရလျှင် အက်စစ် (Acid)သည် အယ်လ်ကာလီ (Alkali) နှင့် ဆန့်ကျင်ဘက်ဓာတ် ဖြစ်သည်။ သို့ရာတွင် ၄င်းတို့နှစ်မျိုး အတူရောလိုက်သည့်အခါ ၄င်းနှစ်မျိုးနှင့် လုံးဝခြားနားသည့် ကြားဓာတ် သဘောတစ်ခုဖြစ်သော ဆားဓာတ်ဟူ၍ ဖြစ်ပေါ်လာလေသည်။ ယင်းသဘော အရ ကားလ်မာ့က်စ်က ဤသို့ ပြောပြခြင်း ဖြစ်လေသည်။

'အရင်းရှင်စနစ်ရှိသည့်နေရာ၌ အလုပ်သမားဟူ၍လည်း ရှိရမည် ဖြစ်ပြီး ၄င်းတို့နှစ်ဦး၏အကြား၌ရှိသော ပဋိပက္ခသည် ကွန်မြူနစ်ဝါဒကို ဖြစ်ပေါ်စေလိမ့်မည်။ သို့ဖြစ်၍ အကယ်၍ သင်သည် ကွန်မြူနစ်ဝါဒ မြန်မြန်ထက်ထက် ထွန်းကားပြန့်ပွားလာစေလိုလျှင် ပဋိပက္ခဟူသမျှကို ပြင်းထန်အောင် လုပ်ပေးရပေလိမ့်မည်။ ဤကား မည်သူမျှ မတွန်းလှန်နိုင်သော ပြောင်းလဲမှု သံမဏိစည်းမျဉ်းဥပဒေများ ဖြစ်လေသည်။'

တိုင်းပြည်တိုင်းမှ ပညာတတ်လူငယ်များ ယင်းအယူအဆကို နှစ်သက် သဘောကျကြသည်မှာ အံ့သြဖွယ်ရာပင် ဖြစ်လေသည်။ မာ့က်စ်၏ ကြီးမားသောအမှားမှာ ပြောင်းလဲခြင်းများသည် ယင်း ပုံစံအတိုင်းသာလျှင် ဖြစ်သည်ဟု ထင်မှတ်ယူဆခြင်း ဖြစ်လေသည်။ ဟေဂယ်ကလည်း သဘာဝ၊ ပဋိဘာဂသဘောကို သဘောမပေါက်ခဲ့ပေ။ ဟေဂယ်သည် ယင်း သဘာဝ၊ ပဋိဘာဂသဘောကို အရေအတွက် ပြောင်းလဲခြင်းက အရည်အချင်းပြောင်းလဲခြင်းကို ဖြစ်စေသည့် ကြောင်လိမ်လှေကားပုံစံ (spiral pattern) ဟု ခေါ်ဆိုလေသည်။

ဥပမာအားဖြင့်ပြောရလျှင် အောက်ဆီဂျင်၊ အဏုမြူ နှစ်ခုပေါင်းစပ်သည့်အခါ အောက်ဆီဂျင် (oxygen)ဓာတ်ငွေ့ဖြစ်လာပြီး ၄င်း၌ နောက်ထပ် အဏုမြူတစ်ခု ရောနှောပေါင်းစပ်လိုက်ပါက အောက်ဆီဂျင်ဓာတ်ငွေ့နှင့် လုံးဝ ကွဲပြားခြားနားသော အိုဇုန်း (ozone)ဓာတ်ငွေ့ ဖြစ်လာပေသည်။

ယင်းပုံစံသည် ကြောင်လိမ်လှေကားနှင့်တူပြီး အဆင့်တစ်ခုမှတစ်ခု

သို့ တက်သွားပြီး ထိပ်ဆုံးသို့အထိ ရောက်ရှိသွားလေသည်။ မာ့ဂ်စ်သည် ဤပုံစံကို ဥပေက္ခာပြုထားလေသည်။ အကြောင်းမူကား ထိုပုံစံသည် သူ၏ ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့် ဖြစ်လေသည်။ အကယ်၍ မာ့ဂ်စ်၏ အယူအဆသဘောတရားသည် တိုးတက်သော အယူအဆ သဘောတရား ဖြစ်ခဲ့လျှင် သဘာဝပဋိဘာဂအပေါ်၌ အခြေခံခဲ့ဖို့ သင့်လေသည်။

ဗုဒ္ဓသည် သံသရာစက်ဝန်းအား ဝိသဘာဂ၊ ပဋိဘာဂနည်းကို အသုံးပြုလျက် ဟောကြားတော်မူသည်။ ယင်း သံသရာစက်ဝန်းမှာ အစနှင့်အဆုံး မရှိဘဲ လည်ပတ်ရွေ့လျားမှု နေပေသည်။ ယင်းစက်ဝန်းမှ ခုန်ထွက်ခြင်းဖြင့် သာလျှင် မရပ်မနား ရွေ့လျားလည်ပတ်နေသော ရဟတ်ထဲမှ ကျွန်ုပ်တို့ လွတ်မြောက်နိုင်ပေသည်။ သို့ရာတွင် မာ့ဂ်စ်သည် ကမ္ဘာအနှံ့ပျံ့နှံ့သွားသော ကွန်မြူနစ်ဝါဒ၏ နောက်ဆုံးပိတ်အဆင့်သည် ထာဝစဉ်တည်မြဲနေလိမ့်မည်ဟု မှားယွင်းစွာ ယူဆပြီး သံသရာစက်ရဟတ်၏ ရွေ့လျားနေမှုကို တန့်ရပ်သွားသည့်အခြေသို့ ပို့ဆောင်လိုက်လေသည်။

သို့ရာတွင် ပြောင်းလဲခြင်း နိယာမ သဘောတရားသည် (Laws of Change) ပြောင်းလဲလို့ ရသည့်အရာ မဟုတ်ပေ။ တစ်ကမ္ဘာလုံး ကွန်မြူနစ်ဝါဒ လွှမ်းမိုးသွားသည့်အခါ၌လည်း ပြိုင်ဘက် ပဋိပက္ခသဘောများ ရှိနေမည် ဖြစ်၍ ယင်းပြိုင်ဘက်ပဋိပက္ခသဘောများသည် ကွန်မြူနစ်ဝါဒမှ တစ်ပါးသော အခြား အရာတစ်ခုကို ဖြစ်ပေါ်စေလိမ့်မည်။ ထို့ကြောင့် တစ်ကမ္ဘာလုံး ပျံ့နှံ့သည့် ကမ္ဘာ့ကွန်မြူနစ်ဝါဒသည်ပင်လျှင် ရွေ့လျားနေဆဲ ကဏ္ဍတစ်ခုသာ ဖြစ်နိုင်သဖြင့် ယင်းဝါဒအတွက် စွန့်စားမှုများသည် တန်ဖိုး မရှိလှဟုသာ ယူဆရပေမည်။

ဒုနှုပုံစံအတွင်း၌ရှိသော တိုးတက်မှုအတွက် မှားယွင်းနေသော အချက်မှာ တိုးပွားကြီးမားလာသော ဘဝ၏အရှိန်ဖြင့် ထင်ရှားလာအောင် ပြထားသည့် ယင်းတိုးတက်မှု၏ တိုးပွားကြီးမားလာသောအရှိန် ဖြစ်လေသည်။ ကွန်မြူနစ်ဝါဒ အာဘိဓမ္မာ၌ ဖော်ပြထားသည့်အတိုင်း တစ်နေ့တွင် ဒုံရင်းသို့ ပြန်မရောက်ဘဲ မနေနိုင်ပေ။

ဥပမာအားဖြင့် ပြောရလျှင် ကမ္ဘာဦးကွန်မြူနစ် လူ့အဖွဲ့အစည်းခွဲ ကုန်ထုတ်ပစ္စည်းကိရိယာများကို လူအားလုံး ပိုင်ဆိုင်သည်ဟု အဆိုရှိလေသည်။ ထိုကမ္ဘာဦးကွန်မြူနစ် လူ့အဖွဲ့အစည်းခေတ်နောက်ပိုင်းခွဲမှ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်များ ဖြတ်ကျော်လာခဲ့ပြီးလျှင် ယခု ဆိုရှယ်လစ်အဆင့်သို့ ရောက်ရှိနေပေသည်။ ယင်းဆိုရှယ်လစ်အဆင့်ခွဲ ကုန်ထုတ်ပစ္စည်းကိရိယာများသည် ရုရှားပြည်ခွဲကဲ့သို့ တစ်ဖန် လူ့လောကပိုင် ဘုံဆိုင်ပစ္စည်း ဖြစ်လာလေသည်။ ယင်းသို့အားဖြင့် ရွှေလျားမှသည် စက်ဝန်းအပတ်အပြည့် လည်သွားပြီး မူလ တာထွက်ရာသို့ ပြန်လည် ရောက်ရှိလာသည်ဟု အဆိုရှိလေသည်။

ယင်းအချက်ကို ထောက်လျှင် ဒွန္ဒဖြစ်စဉ် (Dialectical process) ၏ စိုးမိုးမှုခံရသော မည်သည့်ဖြစ်စဉ်ခွဲမဆို တိုးတက်မှုဟူ၍ မဖြစ်နိုင် သိရှိရပေသည်။ တိုးတက်သော ဖြစ်စဉ်တစ်ရပ်သည် သဘာဝ ပဋိဘာဂ၊ သို့မဟုတ် ကြောင်လိမ်လှေကားပုံစံအပေါ်ခွဲ အခြေခံရမည် ဖြစ်ပေသည်။

အထက်ပါ စကားရပ်များမှ သိရှိရသည့်အချက်မှာ ဘဝအဖန်ဖန် ကျင်လည်ရသော ဘဝသံသရာ စက်ဝန်းခွဲ အသုံးချရမည့်အရာမှာ ဒွန္ဒပုံစံ ဖြစ်ပြီး ၄င်း၏ အဓိကလက္ခဏာတစ်ရပ်မှာ အရာဝတ္ထုတိုင်းခွဲ ရှိသည့် ဆန့်ကျင်သော ပြိုင်ဘက်များ၏ ပဋိပက္ခအားဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။ ယင်းသဘောတရား အားလျော်စွာ ထိုနိသရည်းကို အောက်ပါအတိုင်း ပြန်လည် ဖော်ပြသင့်ပေသည်။

၁။ အဝိဇ္ဇာရှိလျှင် ဝိဇ္ဇာလည်း ရှိလိမ့်မည်ဖြစ်သည်။ ၄င်းတို့ နှစ်ဦး၏ ပဋိပက္ခသည် သင်္ခါရကို ဖြစ်ပေါ်စေလိမ့်မည်။

၂။ သင်္ခါရတရားများခွဲရှိသော ပုညာဘိသင်္ခါရနှင့် အပုညာဘိ သင်္ခါရတို့သည် ဆန့်ကျင်သော ပြိုင်ဘက်များ ဖြစ်ကြသည်။ ၄င်းတို့၏ ပဋိပက္ခသည် ဝိညာဏ်ကို ဖြစ်ပေါ်စေလိမ့်မည်။

၃။ ဝိညာဏ်သည် နာမ်နှင့်ရုပ်ကို ဖြစ်ပေါ်စေလိမ့်မည်။ နာမ်နှင့်

ရုပ်တို့၏ ပဋိပက္ခသည် ဣန္ဒြေ (သဠာယတန - အာယတန ခြောက်ပါး) တို့ကို ဖြစ်ပေါ်စေလိမ့်မည်။

၄။ ဣန္ဒြေ (သဠာယတန) တို့ရှိသည့်နေရာ၌ အာရုံများလည်း ရှိလေသည်။ ၄င်းတို့၏ ပဋိပက္ခသည် ဖဿကို ဖြစ်ပေါ်စေလိမ့်မည်။

၅။ ဖဿသည် ဝေဒနာကို အကျိုးတရားအဖြစ် ဖြစ်ပေါ်စေလိမ့်မည်။

၆။ ဝေဒနာ၌ သုခဝေဒနာနှင့် ဒုက္ခဝေဒနာဟူ၍ နှစ်မျိုးပြားသည်။ ၄င်းတို့၏ ပဋိပက္ခသည် တဏှာကို ဖြစ်ပေါ်စေလိမ့်မည်။

[------- (လ) -------]

၁၁။ တဏှာသည် ဥပါဒါန်၊ ဘဝ၊ ဇာတိသို့ ခေါ်ဆောင်သွားလိမ့်မည်။ ယင်းဇာတိသည် ဒုက္ခ၏အကြောင်း ဖြစ်သည်။

၁၂။ ဒုက္ခရှိသည့်နေရာ၌ သုခလည်း ရှိလိမ့်မည်။ ၄င်းတို့၏ ပဋိပက္ခသည် အာသဝတို့ကို ဖြစ်ပေါ်စေလိမ့်မည်။

၁၃။ အာသဝတို့ကလည်း လေးမျိုးပြားသည်။ ၄င်းတို့၏ ပဋိပက္ခသဘောသည် အဝိဇ္ဇာကို ဖြစ်ပေါ်စေလိမ့်မည်။ ဤသို့ စသည် ဖြစ်လေသည်။

သဘာဝ၊ ပဋိဘာဝ သဘောတရားသည် မူလအဆင့်၌ ထပ်မံပေါင်းထည့်ခြင်း၊ သို့မဟုတ် ထပ်မံအားဖြည့်ခြင်းအားဖြင့် ပြောင်းလဲမှုကို ထာဝစဉ် ဖြစ်ပေါ်စေလေသည်။ ယင်းဖြစ်စဉ်သည် ပဋိလောမဖြစ်စဉ် ဖြစ်လေသည်။ ဗုဒ္ဓသည် နိဒါနသံယုတ် ဒသဗလဝဂ်၌ ယင်းသဘောကို ဟောပြထားလေသည်။

ယင်းဖြစ်စဉ်၌ တစ်ခုပြီးတစ်ခုဖြစ်သော ဝေါဟာရများမှာ ဒုက္ခ (ဆင်းရဲခြင်း)၊ သဒ္ဓါ (ယုံကြည်ခြင်း)၊ ပါမောဇ္ဇ (ဝမ်းမြောက်ခြင်း)၊ ပီတိ (နှစ်သက်ခြင်း)၊ ပဿဒ္ဓိ (ငြိမ်းချမ်းခြင်း)၊ သုခ (ချမ်းသာခြင်း)၊ သမာဓိ

(တည်ကြည်ခြင်း)၊ ယထာဘူတဉာဏဒဿန (ဟုတ်တိုင်းမှန်ရာ သိခြင်း) နိဗ္ဗိန္ဒ (ငြီးငွေ့ခြင်း)၊ ဝိရာဂ (တပ်မက်မှုကင်းခြင်း၊ အရဟတ္တမဂ်)၊ ဝိမုတ္တိ (လွတ်မြောက်ခြင်း အရဟတ္တဖိုလ်)၊ ခယဉာဏ (အာသဝတို့၏ ကုန်ခြင်းကို သိသော ပစ္စဝေက္ခဏာဉာဏ်) တို့ ဖြစ်လေသည်။

ယင်း တစ်ခုပြီးတစ်ခုဖြစ်သော ဝေါဟာရတို့၏ အချင်းချင်း ဆက်သွယ်မှုမှာ ဥပနိဿယပစ္စည်း ဖြစ်လေသည်။ ဥပနိဿယပစ္စယ၏ အဓိပ္ပာယ်မှာ ထပ်မံပေါင်းထည့်ခြင်း၊ သို့မဟုတ် ထပ်မံအားဖြည့်ခြင်းဟု ဆိုလိုသည်။ ယင်းဖြစ်စဉ်၏ အလုပ်သဘောကို ဗုဒ္ဓက အောက်ပါအတိုင်း ဟောပြထားလေသည်။

"ရဟန်းတို့၊ ဥပမာသော်ကား တောင်ထိပ်၌ မိုးကြီး သည်းထန်စွာ ရွာသည်ရှိသော် ထိုရေသည် နိမ့်ရာသို့ စီးသွားပြီး တောင်ချောက်ကမ်းပါး၊ ပပ်ကြားအက်၊ မြောင်းငယ်မြောင်းကြီးတို့ကို ပြည့်စေသည်။ တောင်ချောက်ကမ်းပါး၊ ပပ်ကြားအက်၊ မြောင်းငယ်မြောင်းကြီးများ ပြည့်ပြန်သည့်အခါ အိုင်ငယ်တို့ကို ပြည့်စေပြန်သည်။ အိုင်ငယ်တို့ ပြည့်သည့်အခါ အိုင်ကြီးတို့ကို ပြည့်စေပြန်သည်။ အိုင်ကြီးတို့ ပြည့်သည့်အခါ မြစ်ငယ်တို့ ပြည့်စေပြန်သည်။ မြစ်ငယ်တို့ ပြည့်သည့်အခါ မြစ်ကြီးတို့ကို ပြည့်စေပြန်သည်။ မြစ်ကြီးတို့ ပြည့်သည့်အခါ ပင်လယ်သမုဒ္ဒရာကို ပြည့်စေပြန်သည်။ ထိုနည်းအတိုင်း ဖြစ်ပေသည်"

❑

ဗုဒ္ဓအဘိဓမ္မာ

ရာဟုလာသံကိစ္စည်း

(`မဟာမာနဝဗုဒ္ဓ` အမည်ရှိသော စာအုပ်နှင့် အခြားသော စာစောင်များတွင် ဟိန္ဒီဘာသာဖြင့် ရေးထားသော ရာဟုလာသံကိစ္စည်း၏ `ဟောက်ဒေရှုန်` ခေါ် ဆောင်းပါးကို မြန်မာပြန် ထားပါသည်။)

ဗုဒ္ဓသည် အဘိဓမ္မာကို ထင်ရှားပြတ်သားသွားအောင် ပြုလုပ်တော်မူသည်။ ယခုခေတ်တွင် များစွာသော လူအပေါင်းတို့သည် အဟိသာ၊ ပဋ္ဌသီလ ကျင့်ဝတ္တရားများအပေါ် ၌ ဗုဒ္ဓ၏ အလေးအနက် ပြုမူချက်များကို ထောက်ပြီး ဗုဒ္ဓအား ကျင့်ဝတ္တရားကို ညွှန်ကြားပြောပြသူ ဆရာရှင်အဖြစ် အသိအမှတ် ပြုကြသည်။ ဗုဒ္ဓ၏ တရားအဆုံးအမများ၌ ယင်းအချက်အလက်များလည်း ထင်ရှားရှိသည်မှာ ယုံမှားဖွယ် မရှိပေ။

သို့ရာတွင် ဗုဒ္ဓသည်လည်းကောင်း၊ ဗုဒ္ဓ၏တပည့် ဗုဒ္ဓဘာသာဝင်တို့သည် လည်းကောင်း အဘိဓမ္မာ (ပညာ) အပေါ် ၌ အများဆုံး အလေးအနက် ပြုလုပ်ကြလေ၏။ အဘိဓမ္မာရေးရာ အမြင်ဖြင့်ကြည့်လျှင် ဗုဒ္ဓနှင့် ဗုဒ္ဓတပည့်အနွယ်များ၏ နေရာသည် အလွန်တရာ မြင့်မားလျက် ရှိနေပေသည်။

လင်းလွန်းခင်စာပေ

ဗုဒ္ဓ၏ အာဘိဓမ္မာ၌ စကားကြီးသုံးခွန်း ရှိလေသည်။ ၄င်းတို့ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ ဖြစ်ကြလေ၏။ ဝေဒနာ အာဘိဓမ္မာ၌ 'ဆတ်-ကျိတ်-အာနန္ဒ' ဟူ၍ စကားကြီးသုံးခွန်း ရှိသကဲ့သို့ပင် ဖြစ်လေသည်။ ယင်းအာဘိဓမ္မာနှစ်ရပ် တစ်ဦးနှင့်တစ်ဦး အပြည့်အဝ ဆန့်ကျင်ကြကြောင်းမှာ ယင်းစကားကြီးသုံးခွန်းကို တစ်ခုနှင့် တစ်ခု နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် သိသာထင်ရှားပေသည်။ အနိစ္စဝါဒအပေါ်၌ ဗုဒ္ဓသည် မျှားစွာ အလေးအနက် ပြုတော်မူလေသည်။ ယင်းအနိစ္စဝါဒသည်သာလျှင် ဗုဒ္ဓအာဘိဓမ္မာ၏ အခြေခံ အုတ်မြစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ တစ်နည်းအားဖြင့် ပြောဆိုနိုင်ပေသည်။

ယင်းအနိစ္စဝါဒကို သေချာစွာ နားလည် သဘောပေါက်မှသာလျှင် ဗုဒ္ဓအာဘိဓမ္မာကို နားလည် သဘောပေါက်နိုင်သည့်အပြင် အိန္ဒိယမှ ကွယ်ပျောက်သွားသည့်အချိန် (၁၂ ရာစု) အထိ ဗုဒ္ဓအာဘိဓမ္မာသည် အဘယ်ကြောင့် အစဉ်မပြတ် ရှေ့သို့ တိုးတက်သွားသည် ဆိုသည်ကိုလည်း နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။

ဗုဒ္ဓမပေါ်ထွန်းမီကပင်လျှင် အတွေးအခေါ်သမားများ၏ အသွင်ဖြင့် ကျွန်ုပ်တို့၏ နိုင်ငံ၌ အာဘိဓမ္မာဆရာများ၏ ဂုဏ်သိက္ခာသည် မြင့်မားနေခဲ့ပြီး ဖြစ်လေသည်။ ဥပနိသျှဒ်သည် ဗဟိဒ္ဓလောကအား အနိစ္စဟု ယူဆရန် အတွက် အသင့်ဖြစ်လေသည်။ သို့ရာတွင် ဗဟိဒ္ဓလောက၏ အတွင်းသားထဲမှ နိစ္စဖြစ်သော မြဲသောတရားတစ်ခုကိုမူ ရှာဖွေထုတ်ယူရန်ဆန္ဒ ရှိလေသည်။ အဆုံးအပိုင်းအခြားမရှိ ပြောင်းလဲ၍နေသော ကမ္ဘာလောကသည် အမှန်စင်စစ်အားဖြင့် ငြိမ်းချမ်းသော ကမ္ဘာလောက မဖြစ်နိုင်ပေ။ သို့ဖြစ်၍ အမှန်တကယ်ပဲဖြစ်ဖြစ်၊ ကြံဆထားအပ်သည်ပဲဖြစ်ဖြစ် ပြောင်းလဲခြင်းမရှိသော၊ မြဲမြံသော တရားတစ်ခုကို ဝေဒခေတ်နောက်ပိုင်း အတွေးအခေါ်သမားများ၏ အစဉ်အဆက်သည် နေ့ညဉ့်မပြတ် စူးစမ်းရှာဖွေလာခဲ့ကြလေသည်။ ၄င်းတို့သည် အတ္တ (ဗြဟ္မ)အဖြစ်ဖြင့် ထိုတရားကို ရှာဖွေတွေ့ရှိကြလေ၏။ သို့ရာတွင် ယင်းအောင်မြင်မှုကြောင့် အသစ်အသစ်ဖြစ်သော စူးစမ်းမှုများ နောက်ထပ်ဖြစ်ပေါ်မလာဟူ၍ကား မဟုတ်ပေ။ ဗုဒ္ဓခေတ်၌ ဗုဒ္ဓမှစပြီး ကြီးကျယ်သော

ဆရာရှင်ကြီး ခုနစ်ဦးတို့သည် အဘိဓမ္မာအသီးသီးကို တီထွင်မှု၊ ဖြန့်ဖြူးမှုများ ပြုလုပ်ကြသည်ဖြစ်၍ ထင်ပေါ်ကျော်ကြားသူများ ဖြစ်ခဲ့ကြလေသည်။ ၄င်းတို့အားလုံးသည် ဥပနိဿျဒ်၊ သို့မဟုတ် ဝေဒလမ်းစဉ်နောက်သို့ လိုက်ကြသူများ မဟုတ်ရုံသာမကဘဲ ဗြာဟ္မဏတို့၏ ဓမ္မနှင့်ဆန့်ကျင်ပြီး ဓမ္မအသစ်၊ တရားအသစ်ကို ထူထောင်ကြသူများ ဖြစ်ကြလေသည်။ အားလုံး၌ ကိုယ်စီကိုယ်စီ ထူးခြားချက်များ ရှိလေသည်။ ၄င်းတို့သည် ဓမ္မတစ်ခုခုကို တည်ထောင်သူအဖြစ် အသိအမှတ်ပြုခြင်း ခံရသူများ ဖြစ်ကြလေသည်။ ၄င်းတို့၏ ဓမ္မ၌ ရုပ်ဝါဒနှင့် အနိသရဝါဒ (ထာဝရဘုရားကို အယုံအကြည် မရှိသော ဝါဒ) များသည်ပင်လျှင် ပါဝင်၍ နေပေသည်။

ဗုဒ္ဓသည် အဓိကအားဖြင့် ဥပနိဿျဒ် အဘိဓမ္မာကို ဆန့်ကျင်လေသည်။ ဥပနိဿျဒ်၏ အတ္တသဘောတရားအစား ဗုဒ္ဓက မိမိ၏ အဘိဓမ္မာ၌ အနတ္တသဘောတရားကို ညွှန်ကြား ဟောပြထားလေသည်။ အနတ္တ၏ အဓိပ္ပာယ်မှာ အတ္တ၏ မရှိမှုမျှသာလျှင် မဟုတ်ပေ။ အနတ္တဟူသော စကားလုံးဖြင့် ဗုဒ္ဓ ဆိုလိုသည်မှာ ဗဟိဒ္ဓလောကနှင့် အဗျွတ္တလောကကိုပဲ ကြည့်ကြည့်၊ ဗဟိဒ္ဓအရာဝတ္ထုနှင့် အဗျွတ္တအရာဝတ္ထုကိုပဲ ကြည့်ကြည့် မည်သည့်နေရာမျှ ဥပနိဿျဒ်တို့ ဖြန့်ဖြူး ညွှန်ကြားသည့် အတ္တကဲ့သို့သော မြဲသောတရား၏ တည်ရှိမှုကို မတွေ့ရပေ။ အားလုံးသော အရာဝတ္ထုတို့သည် ဗဟိဒ္ဓမှ အဗျွတ္တ အထိ အမြဲမပြတ် ပြောင်းလဲနေကြသည်။ ယင်းပြောင်းလဲမှုသည် အပြင်အပ ဗဟိဒ္ဓ ပြောင်းလဲမှုသာလျှင် မကဘဲ အမြစ်အရင်းမှနေပြီး တစ်စုံတစ်ခုသော အရာဝတ္ထုကို ဖြိုဖျက်လျက် တခြားအရာဝတ္ထုကို ဖြစ်ပေါ်စေလေသည်။ ယင်းသို့အားဖြင့် ဒေသနှင့်ကာလ၌ ယင်းပြောင်းလဲမှုသည် အစဉ်မပြတ် ဖြစ်ပေါ်လာခဲ့လေသည်။ အစဉ်မပြတ် ဖြစ်ပေါ်နေလိမ့်မည်။ 'အားလုံးအနိစ္စ ဖြစ်၏' (သဗ္ဗံ အနိစ္စံ)၊ 'အားလုံး အနတ္တဖြစ်၏' (သဗ္ဗေအနတ္တာ)၊ ယင်းစကားဝါကျများကို ဗုဒ္ဓသည် အနက်အဓိပ္ပာယ်အပြည့်အဝဖြင့် အသုံးပြုထားလေသည်။ ကမ္ဘာလောက၌ ယင်းစကားဝါကျများကို ဖောက်ပြန် ပြောင်းလဲခြင်း မရှိသော

သဘောတရားဟု ပြောပြထားလေသည်။ အနိစ္စသဘောတရား၌ ဘယ်လို ခြွင်းချက်မျှ မရှိပေ။

အနိစ္စဝါဒအား ထပ်ပြီးထင်ရှားစေရန် နောင်းဆရာရှင်များက အနိစ္စ ဝါဒကို ခဏိကဝါဒဟု ဒုတိယအမည်ပေးပြီးလျှင် 'အကြင်မှန်သော အရာ ဝတ္ထုသည် ရှိ၏။ ထိုအရာဝတ္ထုသည် ခဏိက ဖြစ်၏' ဟု ပြောပြကြလေသည်။ 'အကြင် အရာဝတ္ထုသည် ခဏိက၊ ထိုအရာဝတ္ထုသည် မှန်သော အရာဝတ္ထု မဟုတ်ပေ။ ကြံ့ဆတွေးတောအပ်သည့် အရာဝတ္ထုသာ ဖြစ်နိုင်သည်' ဟူ၍လည်း အခြား စကားလုံးဖြင့် ပြောပြကြလေသည်။ ခဏိကသဘောနှင့် အနိစ္စသဘောတည်း ဟူသော ကမ္ဘာအနှံ့ ပျံ့၍နေသည့် နိယာမသဘောတရား ကို လက်ခံလိုက်လျှင် အတ္တဝင်စရာ အကွက်လည်း မရှိတော့ပေ။ ဣသရ (ထာဝရဘုရား) ဝင်စရာအကွက်လည်း မရှိတော့ပေ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓအဘိဓမ္မာ အနိသရဝါဒီဖြစ်နေခြင်းမှာ လုံးဝ သဘာဝကျသည့်အရာ ဖြစ်လေသည်။ ဗုဒ္ဓ၏ လက်ထက်တော်၌ လည်း ကောင်း၊ ဗုဒ္ဓအရင်က လည်းကောင်း ယင်းကဲ့သို့သော အဘိဓမ္မာမျိုး မရှိခဲ့ဖူး ပေ။ ရုပ်ဝါဒီများသည်ပင်လျှင် အုတ်ကဲ့သို့စပ်ပြီး အရာဝတ္ထုများကို ပြုလုပ်သည့် သိမ်မွေ့သော ရုပ်တရားတို့၏ အခိုင်အမာသဘော၊ လှုပ်ရှားခြင်းမရှိသော သဘောကို ယုံကြည်ကြလေသည်။ ယင်းဝါဒသည် ပရမာဏုဝါဒနှင့် အတော် ပင် ဆင်တူလေသည်။

သို့ရာတွင် ပရမာဏုဝါဒကို ထိုစဉ်က အိန္ဒိယတွင် လက်မခံကြ သေးပေ။ ဂရိလူမျိုးများ အိန္ဒိယသို့ ရောက်လာမှသာလျှင် ယင်းပရမာဏု ဝါဒအား အိန္ဒိယပုံသွင်းလိုက်ခြင်း ဖြစ်လေသည်။ ဝိသေသများက ယင်းဝါဒ အား မိမိတို့၏ မူလအခြေခံဝါဒအဖြစ် လက်ခံလိုက်ကြလေသည်။ ရုပ်ဝါဒီများ သည်ပင်လျှင် ကမ္ဘာလောက၏ အတွင်းသားဌာနရှိသော ဖောက်ပြန်ပြောင်းလဲ ခြင်း မရှိသည့် မြဲမြံသော အုတ်များကို အယူရှိလျှင် အခြားသူများအတွက်မှာမူ ပြောဖွယ်ရာ မရှိပေ။

ခဏိကဝါဒသဘောတရားကို လက်ခံလိုက်သည့်အခါ၌ ပြဿနာ များစွာ ပေါ်ထွက်လာပေသည်။ ဣသရ၊ သို့မဟုတ် အတ္တကဲ့သို့သော အမှီ

သဟဲပြုရာ အစွမ်းသတ္တိမရှိလျှင် အားမဲ့သူ လူများ ဘယ်လိုလုပ်ပြီး မိမိတို့၏ ဘဝခရီးကို သွားကြရမည်နည်း။

ဗုဒ္ဓက ယင်း ပြဿနာအတွက် ဟောပြထားတော်မူသည်။

'သင်တို့သည် မိမိကိုယ်ကိုယ် အားကိုးကြလော့ (အတ္တာဒီပါဘဝထ အတ္တသရဏာ)။'

'သင်သည် မိမိကိုယ်တိုင်၏ အရှင်သခင် ပြုလုပ်လော့ (အတ္တာဟိ အတ္တနောနာထော)။'

နတ်၊သို့မဟုတ် လူတစ်ဦးဦးအား ကိုးကွယ်ဆည်းကပ်ခြင်း၊ သို့မဟုတ် အကူအညီတောင်းခံခြင်းသည် အချည်းနှီးပင် ဖြစ်လေသည်။ လိုလည်း မလိုပေ။ လူသည် ကိုယ့်အားအစွမ်းဖြင့်သာလျှင် ရှေ့သို့ တိုးသွားနိုင်ပေသည်။ မိမိ၏အမှားကြောင့် အကယ်၍ မြုပ်နစ်သွားလျှင်လည်း မိုက်မဲခြင်းသာဖြစ်ပြီး ကောင်းမြတ်သည့်အကြောင်း မဟုတ်ပေ။ ဗုဒ္ဓသည် ယင်းသို့အားဖြင့် မိမိကိုယ် ကိုယ် အားကိုးအားထားပြုရန် ညွှန်ကြား ဆုံးမလေသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုးလျှင် လူသည် လူပေါ်လူဖျင်း မဖြစ်နိုင်ပေ။ လူသည် မိမိ ပြုလုပ်သည့် အလုပ် (ကမ္မ) အရသာလျှင် သွားရမည် ဖြစ်လေသည်။ ယင်း ကမ္မဝါဒမှာ ဗုဒ္ဓဘာသာ၏ အဓိကဝါဒ ဖြစ်လေသည်။

ထိုကဲ့သို့ပင် အခြား အိန္ဒိယဘာသာများသည် 'ကံ(အလုပ်)သာလျှင် ကမ္ဘာလောကကို ပြုပြင်ဖန်တီးသည်။ မိမိပြုလုပ်သည့်အတိုင်းသာလျှင် အကျိုး ကို ခံစားရမည်' ဟူသော အယူအဆကို လက်ခံကြလေသည်။

သို့ရာတွင် ကံ (အလုပ်)ကို ကိုးစားနေခြင်းမှ လွတ်ကင်းရန် နည်း ဥပါယ်ကိုလည်း ပြောပြကြလေသည်။ မိမိ၏ ကံ (အလုပ်)ကို ကိုးစားခြင်းအား လုံးဝ စွန့်လွှတ်ပြီးလျှင် ဘုရားသခင်အား ကိုးစားပါလော့။ လွတ်မြောက်မှု (မုတ္တိ)သည် သင်၏လက်ထဲတွင် ရှိပေသည်။ ဝေရဏဝဘာသာ အယူအဆ သည်လည်း ယင်းသဘောတရားကို ဖြန့်ဖြူးလေသည်။ ခရစ်ယာန်ဘာသာမှာမူ ယင်းသဘောတရားကိုသာလျှင် အမြင့်ဆုံး သဘောတရားဟု ယူဆလေ သည်။ ဘုရားသခင် ယေရှုခရစ်၏သနားငဲ့ညှာမှုအရသာ ဖြစ်ပါစေ။ ငရဲဒုက္ခ

ကို ခံရလိမ့်မည် မဟုတ်တော့ပေ။ အစ္စလာမ်ဘာသာကလည်း အစ္စလာမ် ဓမ္မကို ယုံကြည်ရန်နှင့် ပရောဖက်၏ သနားငဲ့ညှာမှုအရ အားလုံးသော မကောင်းမှုများအား ဖျက်ဆီးပစ်ရန် ကြေညာလေသည်။

ဗုဒ္ဓအာဘိဓမ္မာက ရှင်းလင်းပြတ်သားစွာ ပြောပြထားသည်မှာ ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟူသမျှမှာ လက်ထဲမှ ထွက်သွားသော မြှားပင် ဖြစ်လေသည်။ လုပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကောင်းသော အလုပ်၊ မကောင်းသောအလုပ်သည် ဘဝကို မိမိ၏အသွင်အားဖြင့် ပြောင်းလဲပစ်လေသည်။ ဘဝတိုင်း ဘဝတိုင်းသည် မိမိ၏ အဆုံးမရှိသော အတိတ်ကာလက အလုပ်များ၏ အကျိုးအာနိသင် ဖြစ်လေသည်။ ယင်းအကျိုးအာနိသင်ကို ပြုလုပ်ရန်အတွက် အပြင်အပက နတ်၊ သို့မဟုတ် အကြောင်းတစ်ခုခု မလိုပေ။

ဇီဝ၊ အတ္တ၊ သို့မဟုတ် အခြားတစ်မျိုးသော စကားလုံးများသည် ဗုဒ္ဓအာဘိဓမ္မာအား သိရှိနားလည်ရေးဌ် မှားယွင်းမှုများကို ဖြစ်ပေါ်စေတတ်လေသည်။ အကြောင်းမူကား ယင်းစကားလုံးများသည် တစ်နည်းနည်းအားဖြင့် တည်မြဲသော သဘောတရားကို ညွှန်ပြနေကြသောကြောင့် ဖြစ်လေသည်။ ဗုဒ္ဓအာဘိဓမ္မာ၏ အလိုအရ ကိုယ်ကာယဌ် အတ္တ၊ သို့မဟုတ် ဇီဝကဲ့သို့သော မည်သည့် အရာဝတ္ထုမျှ မရှိပေ။ စင်စစ်မှာမူ ကိုယ်ကာယသည် ရုပ်သဘောတရားများ၏ ခဏမပြတ် ပြောင်းလဲနေသော အစဉ်ဖြစ်သကဲ့သို့ ကိုယ်ကာယ အတွင်းဌ် ရှိသော စိတ် (အသက်) သည်လည်း ခဏမပြတ် ပြောင်းလဲနေသော စိတ်အစဉ် ဖြစ်လေသည်။ ဒွေတ္တဝါဒီဗုဒ္ဓအာဘိဓမ္မာသည် ယင်းအစဉ်နှစ်ခုအား တစ်ခုသည် အခြားတစ်ခုပေါ်မှီပြီး အမြဲမပြတ် ပြောင်းလဲနေသည်ဟု အယူရှိလေသည်။ အဒွေတ္တဝါဒီတို့ကမူ ယင်းနှစ်မျိုးဌ် တစ်ခုကို ပဓာနအရာဌ်ထားပြီး ကျန်တစ်ခုကိုမူ ယင်းပဓာနဖြစ်သည့် အဓိက ဖြစ်သည့် သဘောတရား၏ အကျိုးတရားအဖြစ်မျှလောက်သာ ပြောဆိုကြလေသည်။ ရုပ်သဘောတရားများကို ဗုဒ္ဓဘာသာ ဝေါဟာရစကားလုံးဖြင့် ရူပ (ရုပ်)ဟုခေါ်ပြီး ရုပ်၏ အတွင်းဌ်ရှိသော ရုပ်မဟုတ်သည့် စိတ်အစဉ်ကိုမူ ဝိညာဏ (ဝိညာဏ်)ဟု ခေါ်လေသည်။

ဗုဒ္ဓဘာသာ၌ စိတ်နှင့်အသက်သည် ထူးခြားမှုမရှိပေ။ စိတ်ကိုပဲ အသက်၏ အမည်နာမပေးလျှင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကန့်ကွက်မည် မဟုတ်ပေ။ သို့ရာတွင် ယင်းနှစ်မျိုး၏ တသီးတခြားစီ တည်ရှိမှုကို ယုံကြည်လက်ခံလိုက်လျှင်မူ အတ္တဝါဒတည်းဟူသော အမှတ်မှားခြင်းမျိုး ပေါ်ပေါက်လာမှာ စိုးရိမ်ရပေသည်။ သို့ဖြစ်၍ ယင်းအချက်ကို ဗုဒ္ဓဘာသာဝင်များက မနှစ်သက်ပေ။ ယင်းအဆုံးအပိုင်းအခြား မရှိသော ပြောင်းလဲခြင်းသဘောကို မြင်တွေ့ရလျှင် ကမ္ဘာလောက၌ အမှန်စင်စစ်အားဖြင့် အရာဝတ္ထုအမည်ဖြင့် မည်ကဲ့သို့သော အရာမျိုးမျှ မရှိပေ။ စင်စစ်မှာ အဖြစ်အပျက်များသာလျှင် ဖြစ်နေကြခြင်း ဖြစ်လေသည်။ အဖြစ်အပျက်များသည် အချိန်ကာလအားဖြင့် ဘယ်လောက်သေးငယ်တိုတောင်းသည့် အကြားဖြင့် ခြားပြီး ဖြစ်ကြသနည်းဆိုလျှင် ယင်းအချိန်ကာလကို တွက်ဆကြည့်ဖို့ရန်ပင် ခဲယဉ်းလှပေသည်။ ၄င်းတို့၏ ထိုအပြောင်းအလဲများကို မတွေ့မြင်ရသည်ဖြစ်၍ အချိန်ကြာမြင့်စွာ တစ်မျိုးတည်းသောအသွင်ကို တွေ့ရပြီး တစ်ခုတည်းသောသဘော သို့မဟုတ် တည်မြဲသောသဘောတည်းဟူသော အထင်မှား အမြင်မှား အမှတ်မှားများ ဖြစ်ပေါ်လာခြင်း ဖြစ်ပေ၏။

ဗုဒ္ဓအဘိဓမ္မာသည် တည်မြဲမှုကို ယူဆသော အဘိဓမ္မာနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ ကမ္ဘာလောက၌ တည်မြဲသော ဘယ်အရာဝတ္ထုမှ မရှိရုံသာလျှင် မကဘဲ သဘာဝနိယာမသဘောတရားများကြောင့် အရာဝတ္ထုတိုင်း (အဖြစ်အပျက်တိုင်း) သည် အမြစ်အရင်းကနေပြီး မပြောင်းလဲဘဲ နေလို့ မဖြစ်ပေ။ ယင်းအခြေအနေမျိုး၌ ကမ္ဘာလောကတွင် ပြောင်းလဲမှုကို ပြုလုပ်သော၊ ရွှေ့လျားမှုကို ပြုလုပ်သော စွမ်းရည်ဟူ၍ မလိုအပ်တော့ပေ။ အရာဝတ္ထုများ၏ မိမိအသွင်သည်ပင်လျှင် ရွှေ့လျားမှုကို ဖြစ်စေရန် လုံလောက်နေပေသည်။

ရွှေ့လျားခြင်း (ဂတိ)၊ မမြဲခြင်း (အနိစ္စ)၊ သို့မဟုတ် ပျက်စီးခြင်းတည်းဟူသော ဤဖောက်ပြန် ပြောင်းလဲခြင်းမရှိသည့် ဝါဒကို လက်ခံလိုက်လျှင် ကမ္ဘာလောက၌ အရာဝတ္ထုများ၏ ပျက်စီးခြင်းအတွက် ဘယ်လို

အကြောင်းမျိုးမျှမလို ဟူသော အချက်မှာ ထင်ရှား သိသာသွားပေသည်။ အားလုံးသော အရာဝတ္ထုများသည် ဖြစ်ပေါ်ပြီးလျှင် အကြောင်းမရှိဘဲ နောက်တစ်ခဏခ္ဏ သူ့ လိုလိုပင် ပျက်စီးသွားလိမ့်မည်။ ဤကား ဗုဒ္ဓဘာသာဝင်များ၏ 'အဟေတုကဝိနာသ' (အကြောင်းမရှိဘဲ ပျက်စီးခြင်း) ဝါဒ ဖြစ်လေသည်။ ထိုအချက်ကြောင့် ယင်းဝါဒအား 'အဟေတုဝါဒီ' (အကြောင်းမရှိသည့် ဝါဒီ)ဟု မခေါ်ဆိုနိုင်ပေ။ ပျက်စီးခြင်းအတွက် တစ်စုံတစ်ခုသော အကြောင်း မလိုပေ။ အကြောင်းမူကား ပျက်စီးခြင်းသည် မရှိသည့်အသွင် ဖြစ်သောကြောင့်တည်း။ သို့ရာတွင် ဖြစ်ပေါ်မှုအတွက်မူ အကြောင်းလိုပေသည်။ အကြောင်းမှ တစ်ခုတည်း မဟုတ်၊ များစွာလိုသည်။ ဖြစ်ပေါ်ခြင်းသည် တစ်စုံတစ်ခုသော အရာဝတ္ထုဖြစ်ပေါ်မှုအတွက် တစ်ခုတည်းသော အကြောင်းကို ကမ္ဘာလောကၦ် ဘယ်မှာမျှ မတွေ့ရပေ။ အကြောင်းများစွာ စုပေါင်း၍သာလျှင် အကျိုးတစ်ခုကို ဖြစ်ပေါ်စေလေသည်။ ဗုဒ္ဓဘာသာဝင်များ၏ ယင်းဝါဒကို ဟေတုသာမဂ္ဂီဝါဒဟု ခေါ်လေသည်။

အနုမာန မျက်မှန်းဆပြီး ထာဝရဘုရားရှင်၏ စွမ်းရည်ကို ယုံကြည်လိုကြသူများအတွက် ဗုဒ္ဓဘာသာဝင်များ၏ ကန့်ကွက်ချက်မှာ ကမ္ဘာလောက၏ ကြီးကြီးငယ်ငယ် ဘယ်အရာဝတ္ထုမျိုးဖြစ်ဖြစ် ၄င်းတို့၏ ဖြစ်ပေါ်မှုၦ် အကြောင်းများစွာ ရှိလေသည်။

အိုးကို ဖြစ်စေရာၦ် (ပြုလုပ်ရာၦ်) အိုးထိန်းသည်၊ အိုးထိန်းသည်၏ တုတ်၊ အိုးထိန်းသည်၏ စက်ဘီး၊ မြေကြီး၊ ရေ၊ မြေကြီးတင်သည့်မြည်းစသည်ဖြင့် အကြောင်းများစွာ ရှိလေသည်။ အိုးထိန်းသည်၏ အတတ်ပညာ တိုးတက်လာရေးၦ် အကူအညီ အထောက်အပံ့ပေးသည့် ရာပေါင်းများစွာသော လူ့အဆက်ကလည်း ရှိနေသည်။ ယင်းအရာ အားလုံးသည် အိုးဖြစ်ပေါ်မှုၦ် အကြောင်းများ ဖြစ်ကြလေသည်။

အကယ်၍ အကျိုးဖြင့် အကြောင်းကို မှန်းဆကြည့်လျှင် အကျိုးတစ်ခုၦ် အကြောင်းများစွာ တွေ့ရပေလိမ့်မည်။ အကြောင်းများစွာ ရှိသည့် အနက် ဘယ်အကြောင်းကိုမျှ အရေးမကြီးဟု ပြောလို့မဖြစ်ပေ။ အကြောင်းမူ

ကား တစ်စုံတစ်ခုသော အရာဝတ္ထု(အကြောင်း)၏အဖိုးသည် မည်မျှလောက်ပင် နည်းနေစေကာမူ ယင်းအရာဝတ္ထု (အကြောင်း) မပါဘဲ အကျိုးဖြစ်ပေါ်မှုလုံးဝ မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ယင်းအရာဝတ္ထု (အကြောင်း)သည် အခြားသော အကြောင်းများကဲ့သို့ပင် အရေးပါ အရာရောက်သည်သာလျှင် ဖြစ်ပေသည်။

တည်မြဲမှု အယူရှိသောဝါဒ၌ မြေအစိုင်အခဲကို အိုး၏အကြောင်းအဖြစ် ယူဆသည်။ ထိုမြေအစိုင်အခဲနှင့်အိုး နှစ်ခုလုံး၌ မြေကြီးသည် ပြောင်းလဲမှုရှိသော်လည်း ထင်ရှားတည်ရှိနေပေသည်။ ယင်းကဲ့သို့သော အပေါ်ယံအကြမ်းဖျင်း ပြောပြချက်မျိုးကို ဗုဒ္ဓဘာသာဝင်များကလည်း သမုတိသစ္စာအနေဖြင့် လက်ခံကြလေသည်။ သို့ရာတွင် ၄င်းသည် ပရမတ္ထသစ္စာ မဟုတ်ပေ။ ပရမတ္ထအမြင်ဖြင့် ကြည့်လျှင်မူ မြေစိုင်ခဲ၏ အတွင်း၌ရှိသော သိမ်မွေ့သည့် အစိတ်အပိုင်းများ (ပရမာဏုမြူများ) နှင့် ၄င်းတို့၏ တစ်ခဏအတွင်း ပျက်စီးခြင်းသဘောတရားကို သတိပြုရပေလိမ့်မည်။ ထိုအစိတ်အပိုင်းများသည် နောင်တစ်ခဏ၌ လုံးဝ ပျက်စီးသွားပြီး တစ်ဖန် အခြားအရာဝတ္ထုက ထိုပထမ အရာဝတ္ထု၏နေရာ၌ ရောက်ရှိလာပေသည်။ အကျိုးနှင့်အကြောင်း၌ မည်သည့် အရာဝတ္ထုမျှ တစ်ခုမှ အခြားတစ်ခုသို့ တည်မြဲသောအသွင်ဖြင့် ကူးပြောင်းမသွားပေ။

စင်စစ်မှာ တစ်ခုသည် အမြစ်အရင်းနှင့်တကွ ပျောက်ပျက်သွားပြီး အခြားတစ်ခု ပေါ်လာရန်အတွက် နေရာဖယ်ပေးလေသည်။ အကြင်အချိန်၌ အကြောင်းရှိ၏။ ထိုအချိန်၌ အကျိုး မရှိပေ။ အကြင် အချိန်၌ အကြောင်းရှိ၏။ ထိုအချိန်၌ အကြောင်းသည် ပျက်စီးသွားပြီးလေပြီ။

သို့ဖြစ်၍ အမှန်သဘောအရ ပြောရလျှင် အကြောင်းနှင့်အကျိုးသည် တစ်ခုနှင့်တစ်ခု ဘယ်လို နီးစပ်မှုမျိုးမျှ မရှိပေ။ အကြောင်းအကျိုးနှင့်ပတ်သက်ပြီး ပြောနိုင်သည်မှာ အကြောင်းက ပထမ ရှိခဲ့သည်။ ထိုနောက်မှ အကျိုးရှိလာသည်။ 'အသ္မိ သတိ ဣဒံ ဘဝတိ' (ဤအရာရှိမှ ဤအရာဖြစ်သည်)၊ ယင်းသို့လျှင် ဗုဒ္ဓအဘိဓမ္မာ အယူအဆအားဖြင့် အကြောင်းအကျိုး သဘောတရားလည်း ဆန်းသစ်သွားကြောင်း ကျွန်ုပ်တို့ တွေ့မြင်သိရှိရလေသည်။

လင်းလွန်းခင်စာပေ

အတ္တဝါဒအပေါ်၌ အနိစ္စသဘောတရားကို တင်ကြည့်လိုက်လျှင် အနတ္တဝါဒ ဖြစ်လာပုံကိုလည်း အထက်ပါ ပြောပြချက်အရ အလွယ်တကူ သဘောပေါက်နိုင်ပေသည်။ 'အားလုံး ဒုက္ခဖြစ်၏' ဟု ပြောပြခြင်းအားဖြင့် ဗုဒ္ဓ၏ အဘိဓမ္မာသည် ဒုက္ခဝါဒ ဆန်နေသလိုလို ထင်ရသည်။ သို့ရာတွင် ဒုက္ခဝါဒ (ဝါ) အဆိုးဘက်ကသာ ကြည့်သည့်ဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၌ မရှိပေ။ အရာဝတ္ထုဟူသမျှသည် ခဏတိုင်း ခဏတိုင်းတွင် ပျက်စီးနေသည် ဖြစ်သောကြောင့် ဘယ်ဆုံစည်းမှုမျိုးမျှ အမြဲတည်တံ့မနေနိုင် (ဝါ) ဆုံစည်းမှု ဟူသမျှ၏ အောက်ခြေ၌ ကွဲကွာမှုသည် ထိုင်၍နေသည်ဟူသော အမှန်တရား ကိုသာလျှင် ဗုဒ္ဓအဘိဓမ္မာက ပြောပြလိုခြင်း ဖြစ်လေသည်။ ချစ်အပ်သည်နှင့် ကွဲကွာမှု (ချစ်အပ်သောအရာဝတ္ထု၊ သို့မဟုတ် သက်ရှိသတ္တဝါနှင့် ကွဲကွာမှု) ဖြစ်သည့်အခါ ဒုက္ခ ဖြစ်ရလေသည်။ ယင်းသို့အားဖြင့် ဘဝ၌ ဒုက္ခကို တွေ့ကြုံရခြင်းသည် သဘာဝ ဖြစ်လေသည်။

သို့ရာတွင် ဗုဒ္ဓသည် ဒုက္ခကို လက်ခံရန်အတွက် မဟုတ်ဘဲ ပယ်ဖျောက်ရန်အတွက် ဟောကြားခြင်း ဖြစ်လေသည်။ ဒုက္ခ ဟူသမျှ၌ အကြောင်း (သမุဒယ)ရှိလေသည်။ ထိုအကြောင်းကို ပယ်ဖျောက်ပစ်နိုင်ပေသည် (နိရောဓ)။ ထို့ပြင် ပယ်ဖျောက်ရန် နည်းလမ်း (မဂ္ဂ) လည်း ရှိလေသည်။ ယင်းသို့အားဖြင့် ကြည့်လျှင် ဗုဒ္ဓ၏ အဘိဓမ္မာသည် အဆိုး ဘက်ကသာ ကြည့်သည့် ဝါဒ မဟုတ်တော့ပေ။

ဗုဒ္ဓ၏ ယင်းကဲ့သို့သော တော်လှန်ရေး အဘိဓမ္မာသည် အကယ်၍ တော်လှန်ပြောင်းလဲပစ်မှု ဟူသမျှကို ကြိုဆိုရန်အတွက် အသင့်ရှိသည့် အယူ အဆမျိုးကို မွေးဖွားပေါ်ပေါက်စေသည်ဆိုလျှင် ဘာမျှ အံ့ဩစရာရှိမည် မဟုတ်ပေ။

ပါရဂူ

ရက်စွဲ ... ၉.၃.၁၆



ပါရဟ

ပရဟိတ

ဖြန့်ချိရေး- လင်းလွန်းဦးစာပေ
တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၄၂၀ ၁၄၅၂၃၁၊ ၀၉ ၄၂၁ ၇၁၉၇၁၂

ငေအာင်ရဲထွန်း(စာတူ)

ပြည်သူ့ဆန္ဒနဲ့ စီးချင်းထိုးသူများ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၄၂၀ ၁၄၅၂၃၁၊ ၀၉ ၄၂၁ ၇၁၉၇၁၂

စတုဋ္ဌမဘုရင်၏ အကျိုးပြုပုံများနှင့်

စတုဋ္ဌမဘုရင် ခြေလှမ်းမှားသော်

ဘယ်လိုလုပ်ကြမလဲ

ဒေါက်တာထွန်းဝင်း

ဖြန့်ဖြူးရေး လင်းလွန်းခင်စာပေ

တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၄၂၀ ၁၄၅၂၃၁၁၊ ၀၉ ၄၂၁ ၇၁၉၇၁၂

လင်းလွန်းခင် စာပေတိုက်
(၉)နှစ်ပြည့်အမှတ်တရ



ဗုဒ္ဓအာဘိဝမ္မာ နှင့် မာ့ဂ်စ်အာဘိဝမ္မာ

ဘိက္ခု အာနန္ဒာကောသလ္လာယန ၏ ဗုဒ္ဓဘာသာနှင့် မာ့ဂ်စ်ဝါဒ

ရာဟုလာသံကိစ္စည်း၏ ကွန်မြူနစ်ဝါဒသာလျှင် အဘယ်ကြောင့် ဗုဒ္ဓဝါဒ နှင့် ဆိုရှယ်လစ်ဝါဒ